www.burmeseclassic.com

ဗုဒ္ဓံ ဓမ္မံ သံဃံ
ဥမ္မဂ္ဂါမိုးဇော်

မိုးကောင်းကြယ်

မဂ္ဂဇင်း

၁၉ နှစ်ပြည့်

BURMESE CLASSIC

DESIGN
TUN AUNG KYAW MYINT

www.burmeseclassic.com

www.burmeseclassic.com

[redacted]

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့မိုင်မြဲရေး ဒို့အရေး

BURMESE CLASSIC .com

Kyaw Kyaw Swe 1965@ gmail,com

မဂ္ဂဇင်းတိုက်

တိုက်(၉)၊၃၀၁-ပိတောက်လမ်း၊ယုဇနပလာဇာ၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉၄၃၂၀၀၇၆၀၊ ၀၉၅၁၇၂၁၅၀၊ ၀၉၅၁၃၆၂၃၀၊ ၀၉၅၀၃၆၆၀၂
http:// www.facebook.com/Secret San Kyal

DEAR MARRY FASHION HOUSE
အမှတ်(၅၆)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓံ ဓမ္မံ သံဃံ
ဦးမဏိပါဒေဟုံ

၁၉ နှစ်ပြည်

မဂ္ဂဇင်း

ကျော်ကျော်ဆွေ

စုစည်းတင်ဆက်သည်။

စက်တင်ဘာလ ၂၀၁၆ ခုနှစ် (၁၉) နှစ်ပြည့်

၁၉၉၇ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ထုတ်ဝေသည်။ မိုးဆမ်းပန်းစာပေ၊ Dear Marry (Myanmar)

တိုက်(၉) ၃၀၁ ပိတောက်လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွှန့်မှ ပြည်လုံးကျွတ်ဖြန့်ချိပါသည်။ ဖုန်း-၀၉၄၃၂၀၀၇၆၀

အတိုင်ပင်ခံပညာရှင်များ

အမျိုးသားစာပေဆုရ စာရေးဆရာကြီးဌေးမောင်
အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဒေါက်တာချစ်စံဝင်း
အမျိုးသားစာပေဆုရ စာရေးဆရာကြီး သောင်းဝေဦး

စာတည်းအဖွဲ့

ကိုကိုဆွေဆွေ
ဦးသိမ့် BE (Electronic)
အိမြတ် BE (Civil)

ဝေါင်းစီးစာလုံး

ပန်းချီတင်ထွန်း

အမှတ်တံဆိပ်

ပန်းချီတင်ရွှေချို

မျက်နှာပုံးသရုပ်ဖော်

ဇေဖြိုး

ကွန်ပျူတာစာစီ

မွေးမွေး၊ အဖွဲ့(အနာဂတ်ကမ္ဘာ)

အုပ်ချုပ်ရေးမှူး

ငြိမ်း B.sc (Chem)

တမျက်နှာဖွဲ့စည်းပှု

မွေးမွေး၊ မျိုးဟန်(အနာဂတ်ကမ္ဘာ)

လျှို့ဝှက်ဆန်းကြယ်ပန်းချီ၊ဒီဇိုင်းအဖွဲ့

မောင်မောင်သိုက်၊ ကျော်ဦး၊ ဝိုးဒီလွန်၊ ဝိုးဝေ
ဝိုးအောင်၊ ထွန်းအောင်ကျော်မြင့်၊ စောနိုင်ထူး၊
ပန်းချီချစ်ဦး(ပုသိမ်)၊ ပန်းချီစက္ခု

ဖြန့်ချိရေး

ရန်ကုန်-ကျော်သိန်းစာပေ၊ ငြိမ်းစာပေ
စောဦးစာပေ၊ နေစေးစာပေ၊ ကိုလတ်စာပေ၊
ပန်းရွက်ဝေစာပေ၊ မြိတ်စာပေ၊ မြသော်တာစာပေ
အောင်ကျော်စာပေ၊ အမေအိမ်စာပေ၊
ဦးတင်ဝိုးစာပေ၊ သီတာနီလာစာပေ
မွန်နလေး-နဂါးစာပေ၊ မော်လမြိုင်-ကျော်ကျော်စာပေ၊
တောင်ကြီး-ဂဂီနဒီစာပေ၊ မီလျံနာစာပေ၊
ပဲခူး-သဇင်စာပေ၊
ခေတ္တရာစာပေ-သထုံ၊ သော်တာစန်းစာပေ-နေပြည်တော် ပျဉ်းမနား၊

ထုတ်ဝေသူ - ဦးချစ်ကျော်ကျော် (ခ) ဦးကျော်ကျော်ဆွေ (၀၁၁၅၆မြဲ) ၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့် အဖုံးပုံနိပ်သူ - ဒေါ်ခင်ဝင်းဆင့် (၀၀၄၂၄မြဲ) ရွှေနင်းအောဖ်ဆက် အမှတ်-၂၄၊ ရွှေဝါထွန်းလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

မျက်နှာပုံးနှင့်အတွင်း CTP- (Eagle)၊ စောင်ရေ - ၁၀၀၀။ တန်ဖိုး - ၂၁၀၀။ စာအုပ်ချုပ် - ရှကီး (တင်ထွန်း)၊ ၁၁၄ ရန်ကုန်မြို့။

ပန်းချီကျော်လှိုင်သင်း၊ ချစ်ဆန်း (၅၂၈)၊ ဖြိုးသူ(ဝဿန်) အထူးကူညီသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မာတိကာ



	အတုပ်အတုမရှိ	
ရွှေမှင်သန်း	ပညာရှိပုဏ္ဍိ	၉
	ဖုန်း ဖုန်း ဖုန်း	
ဟောင်ပိုး	ရွာထဲမှာနေပါလေ	၁၃
	ရွှေဝင်စားလေးမြို့	
စုပ္ပန်းနွေ(စတိစ)	ကျွန်ုပ်ကျောင်	၁၇
	မြင်အပ်မမြင်အပ်	
[illegible]	[illegible]	၂၂
	[illegible]	
[illegible]	[illegible]	
[illegible]		
	[illegible]	
[illegible]	[illegible]	၃၄
	[illegible]	
အောင်သုခ	အမိတူမေသောစားသောက်နည်း	၃၈
	ရောဂါဘေးကာကွယ်ဘားဆီးနိုင်သော	
အောင်သုန်းမြင့်(တချင်မြေ)	ဝိုလွှာ်သီး	၄၁
	ဘုရား၊ တရား၊ သံယာ	
တင်ထူး(ဒေယျတီ)	စတာကပ်နှ သစ္စာသုံးပါလာ	၄၆
	ဗုဒ္ဓဘာသာဝင်များသိထားသင့်သော	
အရင်ဥတ္တရသာရ	ဩကာသအစိပ္ပာယ်	၅၂
စာဆိုရှင်ဆရာတော်(ညောင်ဦး)		
	သင့်ကျန်းမာရေး	
ဒေါက်တာလွင်သန့်(ဆေး-၂)	ဆီးနှင့်ရောဂါများ	၆၀
	ဘယ်သူအတွက်လဲ	
သရူးသန်းအောင်	အောင်သွယ်သူ	၆၄
	နှစ်နှစ် နှစ်ခါ	
မြနန်းသီတာနွယ်	စစ်ပရူစိန်စိန်	၇၀
	တာဘယ်လုပ်ကြည့်ပါ	
သန်းသိန်းအောင်(ဧရာဝတီ)	စီးပွားပိုးတက် စင်ငွေကောင်းအောင်	၇၅
	၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း (၇)	
	ရက်သားသမီးများအတွက်	
ကျွန်ုပ်ပေးစာရှိနေ	ဘာကိုအောင်ပိုရှောင်ရမ်	၈၁
ဝေဒသုတေသီဆရာမိုး		
	ဘယ်လိုမေတ္တာလဲ	
ကျော်စွာမြင့်	အစမကောင်းတော့	၈၄
	သူလိုလူ	
တိုးတိုး	ဆန်းပုံ	၈၉
	သည်မောင်နှမ	
စိပ်စိပ်ဒေး	သံယုတ်ပြည်ထူ	၉၅
	ကြောင်ဝင်စားလောက	
အောင်ဆန်းလင်း(ဘီအေ)	နှစ်ကြိမ်ပြန်ရောက်လာသော အပိန်လေး	၁၀၃
	နက္ခတ်(၃)သွယ် ဧပြီလအတွက်	
နတ်မျက်စိသရာအောင်ပိုး	ဟောစာတင်း	၁၁၂
(B.Sc)		

www.burmeseclassic.com

www.burmeseclassic.com

ရှေက်ကူတြီဗလ(ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ဥဒါးရှင်)

ဆေးဘုရားဓေတီတော်ထီးတင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

www.burmeseclassic.com

www.burmeseclassic.com

ရွှေကံကုန်ကြီးပလ (ဆံတော်ရှင်၊ ခွယ်တော်ရှင်၊ ပြဒါးရှင်)

ဆေးဘုရားဇေတီတော်ထီးတင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

ရှေက်ကူကြီဗလ(ဆံတော်ရှင်၊ ခွယ်တော်ရှင်၊ ဂြဒါးရှင်)

ဆေးဘုရားဇေတီတော်ထီးတင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

အတုလံ အတုမရှိ

ပညာရှိဟုသည်

ရွှေမျှင်သန်း

www.burmeseclassic.com

www.burmeseclassic.com

ချက်ဆို... နားကွက်က မီး တောက်သည်။

အရိပ်ပြုရုံဖြင့် အကောင်ထင် သည်။

ပါးစပ်က ဟရုံဖြင့် အူမကျင့် မောင်ကွက်ဖွန်းတတ်လျက် မြင်သည်။

ထိုသို့ လူကဲခတ်ခြင်းများတွင် အကင်းပါးစွာ သိထားရိတ်စားသူ ရှေ့နောက် မြောမြင်တတ်သည့်သော အသိ ပညာရှင်များကို ပညာရှိသူ ခမိန်ဟူ၍ ခေါ်ဆိုကြလေ့ရှိသလို သိပ္ပံဗိဒ္ဓာနှင့် လက် မှုပညာ အတတ်မျိုးကို တတ်မြောက်သူ များသည်လည်း ပညာရှိ စာရင်းဝင်သူများ ပင် ဖြစ်ပါ၏။

ထိုစဉ် ပညာရှိ သုခမိန်ဆိုသူ တွေကတော့ နေရာဒေသတိုင်းမှာ မရှိ နိုင်ပေ၊ ရှိလျှင်လည်း သူတို့သည် လူ အများစုအတွက် လူအများ၏ အခက် အခဲ အကျပ်အတည်းတွေကို ဖြေရှင်း ပေးလေ့ရှိတာကြောင့် ပြည်သူများ၏ အားကိုးမှီခိုရာလည်း ဖြစ်ခဲ့ပါသည်။

ထိုစဉ်အခါမှာ ပညာရှိဟုတ်မှ အမျိုးယုတ်သူပင် ဆရာဟုဆိုသော မြန်မာတို့ ဆိုစကားတစ်ချက် ရှိနေသေး ၏။

ဒါကတော့ အတတ်ပညာသာ ရှိနေပါစေ။ ဆင်းရဲသည်၊ အမျိုးညံ့သည် ဟူ၍ မရှိပါ။ ပညာသည်သာ အဓိက ဖြစ်စေတာပို့ ဆရာခေါ်အပ်ပါသည်ဟု ဆိုရာကြပါ၏။

ထိုအခါ ...သုခမိန်ဟူသော အဆိုနှင့် ပတ်သက်၍ သုခမိန်ဟူသည် ပညာရှိဟု ဆိုရာကြပါသည်။ ဒါကြောင့် ရှေးတုန်းက မဟောသဓ သုခမိန်၊ ဝိဓု ရ သုခမိန်၊ သေနက သုခမိန်ရယ်ဟု ပညာရှိ သုခမိန်တွေ ရှိခဲ့ဖူးလေ၏။

ထိုစဉ်... ဗာရာဏသီပြည်၌ ဇနကမင်း စိုးစံစဉ် ဘုရားအလောင်း ပုဏ္ဏားသည် သေနက သုခမိန်ဖြစ်၏။ ပြည်သူများကို အကြောင်းအကျိုး အကောင်းအဆိုး ဆုံးမတတ်၏။ နူးညံ့ သော စကားကို ဆိုလေ့ရှိ၍ တရားဟော ကောင်း၏။ အလှူပေးခြင်း မွေ့လျော်တာ နှင့်အတူ သီလရှိသည်။ ဒါကြောင့်... ပြည်သူ၊ ပြည်သားများက ရှိသေကြ သလို အထင်ကြီး၏။ သူကလည်း ထ ပြည်၊ လက္ခယ်နေ့တိုင်း ရတနာ ပလ္လင် ပေါ်ကနေ တရားဟောလေ့ရှိပေ၏။

ဒီလိုနှင့် တစ်နေ့တွင် ဗာရာ ဏသီပြုအနီး ရွာငယ်တစ်ရွာမှ ပုဏ္ဏား အို တစ်ယောက်သည် အစေခံကျွန် တစ်ယောက်ဝယ်ရန်ဆိုပြီး ကျေးရွာတစ် ရွာကို အလှူခံထွက်ခဲ့ရာက ငွေအသပြာ ခုနစ်ရာ ရတဲ့အတွက် အစေခံတစ် ယောက် ဝယ်လို့ ရလောက်ပြီဆိုကာ သူ၏ ရွာငယ်မှ သူ့အိမ်သို့ ပြန်လာခဲ့ လေသည်။

ထိုစဉ် လမ်းခရီး တစ်နေရာကို ရောက်တဲ့အခါမှာ အာဟာရ ဆာလောင် တာမို့ ရိက္ခာအဖြစ် သူ၏ သရေခေတ်တွင် ထည့်ထားသော မုန့်ဆုပ်ကို သရေအိတ် တွင်းမှ ထုတ်ယူကာ သစ်ပင်တစ်ပင် အောက်မှာ ထိုင်၍ စားလိုက်လေသည်။ စားပြီးတဲ့ အခါမှာလည်း ပုဏ္ဏားအိုသည် ရေအိုင်ရှိရာသို့ သူ၏အိတ်ကို ထားခဲ့ပြီး ရေသွားသောက်လေသည်။ ဒါပေမဲ့ သူ၏

www.burmeseclassic.com

www.burmeseclassic.com

အိတ်ကို ပြန်မပိတ်ခဲ့မိပေ။

ယင်းကာလမှာပင် သစ်ခေါင်းတွင်းမှ မြွေဟောက်တစ်ကောင် ထွက်လာပြီး ပုဏ္ဏားအို၏ ဖွင့်ထားရစ်သော သရေအိတ်တွင်းကိုဝင်ကာ မုန့်ကိုစား၍ အိတ်တွင်းမှာပင် ခွေနေလိုက်လေသည်။ ထိုစဉ် ပုဏ္ဏားကြီးလည်း ရေသောက်ပြီးသည်နှင့် သူ့ရဲ့အိတ်ရှိရာ သစ်ပင်အောက်ကို ပြန်လာပြီး၊ အိတ်ကိုပြန်ပိတ်ကာ ဆက်လက်၍ ခရီးဆက်လျှောက်လှမ်းလေတော့သည်။ သူ၏ အိတ်ကိုထွယ်ကာ...

ထိုအခိုက် တစ်ခုသော လမ်းခုလတ် အရောက်မှာတော့ ရက္ခိုးနတ်သည် သစ်ပင်တစ်ပင်၏ ခွကြားမှထိုင်ကာ ပုဏ္ဏားကြီးကို လက်ညှိုးထိုး ပြောလိုက်တာက...

အသင်... ပုဏ္ဏားကြီး ယနေ့သင်... အိမ်ပြန်မရောက်လျှင် သင်သေမည်။ အိမ်ပြန်ရောက်လျှင် သင့်မယားသေမည်။

ယင်းသို့ပြောဆိုကာ ရက္ခိုးနတ်သည် ကွယ်ပျောက်သွား၏။ ထို့အတူ ပုဏ္ဏားကြီးကလည်း အသံလာရာ သစ်ပင်ပေါ်ကို လှမ်းကြည့်လိုက်တော့လည်း သစ်ပင်ပေါ်တွင် ဘာမှမတွေ့မမြင်ရတဲ့အတွက် ပုဏ္ဏားအိုသည် အလွန်ပင်ကြောက်ရွံ့ထိတ်လန့်သွားပြီး ဝိုင်ကြွေးရင်း ဆက်လက်ရှေ့သို့ပင် လျှောက်လှမ်းနေမိလေ၏။

ထိုနေ့သည် လပြည့်နေ့ ဖြစ်တာနှင့်အညီ သေနက သုခမိန် တရားဟောမည့်နေ့ဖြစ်၍ အရပ်သူ အရပ်သား များသည်လည်း တရားနာရန် သေနက သုခမိန် တရားဟောမည့်နေရာ ရတနာပလ္လင်သို့ သွားနေကြလေသည်။ ဒီတော့ ပုဏ္ဏားအိုသည်လည်း သူပါ ၎င်းတရားနာသွားသူတို့နှင့်အတူ တရားပွဲကို လိုက်သွားကာ တရားနာသော၏။

ဒါပေမဲ့ ပုဏ္ဏားအိုသည် သူကြားခဲ့ရသော သစ်ပင်ထက်မှ စကားနှစ်ခုအတွက်ကို တရားနာရင်း စိတ်မချမ်းသာ ဖြစ်နေမိတဲ့ အတွက်ကြောင့် သူ၏ မျက်ဝန်းများမှ မျက်ရည်များ စီးကျလာတာမို့ ၎င်းမျက်ရည်များကို သူ၏ ဘယ်လက်ညှိုးကလေးဖြင့် မျက်ရည်ကျတိုင်း သုတ်ပစ်နေလေသည်။

ထို အဖြစ်ကို သေနက သုခမိန် တရားဟောရင်း တရားပလ္လင်ထက်မှ တွေ့မြင်သွားခဲ့တာကြောင့် ပုဏ္ဏားကြီးကို မေးလေသည်။

အသင် ပုဏ္ဏားကြီး အဘယ်ကြောင့် တရားနာရင်း မျက်ရည်တွေကျနေရတာလည်း။ မျက်ရည်ကျရတဲ့ အကြောင်းကို ပြောစမ်းပါဦး။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့... ပုဏ္ဏားကြီးကလည်း သူ့ရင်တွင်းမှ ဖြစ်ပေါ်မှုများကို ပြော၏။

ဒီလိုပါအရှင်... လမ်းတစ်နေရာမှာ ကျွန်တော်မျိုးကို သစ်ပင်ထက်ကနေ ယနေ့ သင် အိမ်ပြန်မရောက်လျှင် သင်သေမည်၊ အိမ်ပြန်ရောက်လျှင် သင့်မယားသေမည်လို့ ပြောဆိုသံကို ကြားခဲ့ပါတယ်။ အဲဒီအတွက် ပူပန်မှုတွေဖြစ်ပြီး မျက်ရည်ကျခဲ့မိတာပါ အရှင်။

ထိုအခါ သေနက သုခမိန်သည် ပုဏ္ဏားကြီး၏ ပြောဆိုချက်ကို ကြားတာနှင့် အတူ ပုဏ္ဏားကြီးကိုပါ အသေအချာ စူးစမ်းကြည့်မိတဲ့ အခါမှာ သူ၏ရှေ့တွင် သရေအိတ်တစ်လုံးပါ တွေ့လိုက်ရတဲ့အတွက်ကြောင့်...

ပညာရှိတို့ တွေးတရေးရေးပေါ်ဆိုတာလို ချက်ခြင်းအတွေး ပေါ်ခဲ့မိတာမို့ ပုဏ္ဏားကြီးကို ပြန်လည်ကာပင်..

အသင် ပုဏ္ဏားကြီး အသင် လမ်းမှာ အနားယူရင်း အသင့် သရေအိတ်ဖွင့်ထားပြီး အသင် ဘယ်သွားမိသေး တာသလဲ။

ထိုသို့ သေနက သုခမိန်က ပလ္လင်ထက်ကနေ မေးလေရာ၊ ဒီတော့ ပုဏ္ဏားကြီးကလည်း သူ၏ ပြုမူလုပ်ဆောင်ချက်များ အမှတ်ရသွားတာမို့။

ဟုတ်ပါတယ်.. အရှင် လမ်းမှာ ကျွန်တော်မျိုး အာဟာရဆာတာနဲ့ သစ်ပင်အောက်မှာ ထိုင်နားရင်း အိတ်ဖွင့်ပြီး မုန့်စားမိပါတယ်။ ပြီးတော့... အိတ်ကို ပြန်မပိတ်ဘဲ ထားခဲ့ပြီး ရေအိုင်မှာ ရေသွားသောက်မိပါသေးတယ်။

ထိုသို့ ပုဏ္ဏားကြီးက ပြောပြလိုက်လေသည်။ ဒီတော့... သေနက သုခမိန်က ဆက်ခါပင်...။

အသင်... ပုဏ္ဏားရဲ့ အိတ်တွင်းမှာ မြွေဆိုးတစ်ကောင်ကောင် ဝင်ခွေနေတာအမှန်ပဲ။ ဒါကြောင့်... ရုက္ခစိုးနတ်ကနေ သင့်ပုဏ္ဏားကြီးကို အသိပေးစကား ပြောကြားလိုက်ခြင်းသာဖြစ်တယ်။ ဒီတော့... အသင် ပုဏ္ဏားကြီးရဲ့ အိတ်ကို တစ်နေရာရာမှာ သွားဖွင့်ပြီး အထဲက မြွေကို မောင်းထုတ်လိုက်ပေတော့။ အဲဒါဆို သင်ရော၊ သင့်မယားပါ အသက်ချမ်းသာရာ ရပြီသာ မှတ်ပေတော့။

ယင်းသို့... သုခမိန် ပညာရှိက ပြောလိုက်တာကြောင့် ပုဏ္ဏားကြီးသည် ချက်ခြင်းပင် သူ၏ ရှေ့မှောက်မှ အိတ်ကို ဆွဲယူကာ လူသူဝေးရာမှာ သရေအိတ်ကိုဖွင့်ပြီး ပုတ်ထုတ်ပေးလိုက်လေရာ မြွေဟောက်တစ်ကောင်သည် ပါးပျဉ်းထောင်ကာ ထွက်သွားပါလေတော့၏။ ဒီတော့ကမှ ပုဏ္ဏားကြီးလည်း စိတ်အေးချမ်းသာစွာ တရားဆက်နာ နိုင်ပေတော့သတည်း။

ဒါကတော့... ပညာရှိဟူသည် ပညာမဲ့သူတို့ထက် တွေးခေါ်စဉ်းစားချက်နှင့် ဥဏ်ပညာ အမြော်အမြင်ရှိမှု အပိုင်းတွေမှာ သာလွန်နေတာကြောင့် ပုဏ္ဏားကြီး၏ စိတ်မချမ်းသာမှု မျက်ရည်ကျမှုအဖြစ်များကို ဖော်ထုတ်ပေးလိုက်သော ဇာတ်ကြောင်းတစ်ပုဒ်သာ ဖြစ်ပါ၏။

ရွှေမျှင်သန့်

www.burmeseclassic.com

www.burmeseclassic.com



ပုန်းပုန်းပုန်း

ရွာထဲမှာနေပါစေ

မောင်မိုး

www.burmeseclassic.com

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

(၁)

"ခက်တော့ခက်နေပြီ ဘရာ" နေပူပူ၊ အရွက်စိပ်စိပ်၊ မန်ကျည်းပင်အောက်က ကွပ်ပျစ်ပေါ် ခွေးကလေး တစိုစိုနဲ့ ရေနွေးကြမ်းပူပူကို တဖူးဖူးမှုတ်သောက်နေတဲ့ ဘိုးလူဝ ပြောပြောဆိုဆို မျက်နှာချင်းဆိုင် ဝင်ထိုင်လာတဲ့ စံကွန့်ကိုကြည့်ပြီး...

"ဘာတွေ ခက်နေပြန်ပြီလည်း ဟ စံကွန့်ရ မင့်မလည်း"

စံကွန့်က ဘိုးလူဝ အမေးကို မဖြေသေးဘဲ ရေနွေးကြမ်းတစ်ခွက် ယူသောက်ပြီးမှ...

"ဘာခက်ရမှာလဲညီး အဘရဲ့ သာစိန်လေ...သာစိန်"

"ဟဲ့... သာစိန် ဘာဖြစ်ပြန်သတုံး"

"သာစိန်ကို အဘတို့ပဲ ရွာထဲမဝင်နဲ့ ဘုန်းကြီးကျောင်းက ဇရပ်မှာပဲနေဆို ခု... ဒီကောင် ရွာထဲရောက်နေလို့ ပြောဲတာ ဘရဲ့"

"အဲဒီတော့"

"မနက်က တစ်ဖက်ရွာက ဆိုင်းထမ်းနဲ့ ကွမ်းလာရောင်းတဲ့ လူကို လိုက်ဆွဲလို့ ပြေးရသတဲ့ နောက်ပြီး ဘုစီဘုစီနဲ့ ရောင်စုံပူပေါင်းရောင်းတဲ့ လူကိုလည်း လိုက်ဆွဲလို့ ပြေးရတယ်တဲ့ ဘရေ"

"အင်း... ခက်တော့ ခက်နေပါပကော ဒီအရွားနဲ့တော့ ဒီကောင်က သူမျက်စေ့ထဲ ကိုးလိုးကန့်လန့်မြင်ရင် လိုက်လိုက်ဆွဲတော့ ဒါပဲကွ။ ဒါကြောင့် မင်းရွာထဲမလာနဲ့ ဘုန်းကြီးကျောင်းက ဇရပ်မှာပဲနေလို့ ပြောထားတာ ဘယ်လိုကြောင့် ရွာထဲရောက်နေပြန်သလဲ မသိပါဘူးကွာ"

သာစိန်က သည်ရွာသား စိတ်မနံ့လို့ အားလုံးက ပစ်ထားရတာ စားရေး၊ နေရေးလည်း အဆင်ပြေအောင် ဘာအန္တရာယ်မှလည်း မရှိအောင် ဘုန်းကြီးကျောင်းက ဇရပ်မှာပဲနေဖို့ ပြောထားတာ။ တစ်ခါတလေ ရွာထဲရောက်လာရင် သူမျက်စေ့ထဲ ထူးထူးခြားခြား တွေ့တာနဲ့ လိုက်လိုက်ဆွဲလို့ ချော့မော့ပြီး ဇရပ်ကို ပြန်ပြန်ပို့တယ်။

"အင်း... ရွာထဲတော့ထားလို့ မဖြစ်ဘူးကွ။ ရေပ်ကိုပဲ ပြန်ပို့ရမှာပေါ့ကွာ"

(၂)

"ခက်တော့ ခက်နေပြန်ပြီ ဘရေ"

"ဟဲ့... သာစိန် ရွာထဲရောက်နေ ပြန်ပလားဟ"

"ဒီတစ်ခါ သာစိန်မဟုတ်ဘူး ဘရေ။ နောက်ဖေးတန်းက မိဖော့... မိဖော့"

"ဟဲ့... သူသမီးသုံးယောက် ရန်ကုန်မှာ အလုပ်သွားလုပ်နေတဲ့ မိဖော့ မဟုတ်လား အဲဒါဘာဖြစ်လို့တုံးဟ"

"ပြော့,မပြောချင်ပါဘူး ဘရာ" စံကွန့်က ရေနွေးကြမ်းတစ်ခွက် ယူပြီး တဖူးဖူးမှုသောက်ရင်း...

"ကျုပ်တော့ ကြံဘူးပေါင် ဂုဏ်ထူးဆောင်ဆိုတာလို ဖြစ်နေပြီဗျ။ ရွာထဲက လူတွေကလည်း ပြောကုန်ကြ

www.burmeseclassic.com

www.burmeseclassic.com

ပြီး သူဘယ်သွားသွား ခွေးတစီစီနဲ့တဲ့ ဘရဲ့"

"ဘာဖြစ်တယ်ဆိုတာ ငါပြောဦးမှပေါ့ဟာ စံကွန့်ရ"

"မိဖော့က... အရင်မိဖော့ မဟုတ်တော့ဘူး ဘရေ အခု ဂါဝန်ကြီးနဲ့တဲ့ဗျ"

"ဗုဒ္ဓါ... ဘယ်နှယ် မိဖော့က ဂါဝန်ကြီးနဲ့တုံးဟ စံကွန့်ရ"

"ကျုပ်လည်း မပြောတတ်တော့ ပါဘူးဗျာ။ တစ်သက်လုံး ထဘီတိုတိုနဲ့ ရိုးရိုးသားသား နေလာတဲ့ မဖော့ ရန်ကုန်မှာ အလုပ်လုပ်နေတဲ့ သူသမီးတွေဆီက ပြန်လာပြီးကတည်းက အဲဒီလို ဖြစ်သွားတာပဲတဲ့ သားရေ။ ဂါဝန် နဲ့ တင့် မဟုတ်သေးဘူးဗျ။ သူခေါင်းကလည်း ယောကျ်ားလေးတွေ ဘိုကေညှပ်သလို ညှပ်ထားသတဲ့ ဝတ်တဲ့အင်္ကျီမှာလည်း အပေါက်တွေနဲ့တဲ့ ဘရဲ့"

"ဟဲ့... ဇာတို့ ဘာတို့ နေမှာပေါ့ဟာ။ အရင်တုန်းကလည်း ဒီလိုပဲ ဝတ်နေကြတာပဲ မင့်နယ်"

"ဇာဆိုတာက အပေါက်သေးသေးလေး ဘရဲ့ အခုဟာက အပေါက်ကို တမင်ဖောက်ထားတာဗျ။ ဟို... ပခုံးတို့၊ နောက်ကျောတို့၊ ဗိုက်တို့မှာတဲ့ဗျ"

"ဟေ... တော်တော်ကြည့်ကောင်းမယ့် ပုံပဲကွာ ဟား...ဟား... ဟား" ဘိုးလူဝ မိဖော့ပုံကို မျက်စေ့ထဲမြင်ယောင်လိုက်သည်။

အသားမဲရတဲ့အထဲ ဒူးခေါင်းနဲ့ ခြေသလုံးမှာ ဒဏ်ရာအမာရွတ်တွေက ဒပ်သရောကြမ်းလို့ နောက်ပြီး... ခေါင်းကလည်း ဘိုဆံထောက်နဲ့တဲ့ သူအင်္ကျီမှာလည်း အပေါက်တွေ ဖောက်ထားသေး။

"အဲဒါထက်ဆိုးတာ ရှိသေးတယ် ဘရေ သူလက်ထဲမှာလည်း ဖုန်းတစ်လုံးနဲ့တဲ့ဗျ"

"ဟဲ့... အဲဒါ ဘာဖြစ်လဲဟ နိုင်ငံတော် အကြီးအကဲတွေက ဒို့တော သူ တောင်သားတွေ ဈေးသက်သက်သာသာနဲ့ သုံးနိုင်အောင်လို့ စေတနာနဲ့ ရွာတွေမှာတောင် လိုက်ရောင်းပေးနေတာပဲ ဥစ္စာ"

"အဲဒီဖုန်း ရပြီးကတည်းက နားရော နားလားမသိပါဘူး ဘရာ ဟလို ဟလို နဲ့ တစ်လိုထဲ လိုနေတာပဲ။ နောက်ပြီး ယဲ့,ယဲ့နဲ့လည်း လုပ်သေးသတဲ့"

"ဘာ... ဘယ်လို ယဲ့,ယဲ့ ဟုတ်လား။ အဲဒါက ဘာကိုပြောတာတဲ့တုံးဟ"

"ကျုပ်နားလည်သလောက်ကတော့ ဟုတ်တယ်...ဟုတ်တယ်လို့ ပြောတာနဲ့ တူတယ်ဗျ။ ကိုရီးယား ဇာတ်လမ်းတွဲတွေကြည့်ပြီး ကတည်းက အဲဒီလို ဖြစ်သွားတာပဲတဲ့ ဘရေ"

"ဟေ... ယဲ့,ယဲ့ဆိုတာက ဘုန်းကြီးကျောင်းမှာ သီလယူနေတုန်း သူဖုန်းဝင်လာပြီး တစ်ယဲ့,ယဲ့ လုပ်နေလို့ ဘုန်းကြီး နှင်ထုတ်ပြီးပြီ ဘရေ"

"ဟာ... အဲသလောက်တောင် မုလားဟ"

"ဟုတ်ပါသကောဆို ဘနယ် နောက်ပြီး ရှိသေးတယ် ဘရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟ... ကုန်ပဲ မကုန်နိုင်ပါ
လား စံကွန်ရာ ဘာများကျန်သေးသလည်း
ဟေ"

"အခု... သူနာမည် မိဖော့
မဟုတ်တော့ဘူးလို့ ပြောနေသတဲ့ ဘရဲ"

"ဟင်... မိဖော့က မိဖော့
မဟုတ်လို့သာတဲ့တုံးဟ"

"လီယောင်ဖော့ဆိုလား ကင်
ဖြန်ဖော့ဆိုလား မသိပါဘူးဗျာ"

"ခေါ်ရခက်အောင်ကွာ အင်းဒီ
ရောဂါတော့ တော်တော့်ကို ကူးစက်မြန်
နေပါပကောလားဟ စံကွန်ရ တော်တော်
ကြာ ရွာထဲက ခွေးတွေတောင် သတ်စား
နေမလား မသိတော့ပါဘူးကွာ"

"ခွေးသားစားတာတော့
မကြား မိပါဘူး ဘရဲ့ ဒါပေမဲ့ ဘာ
ဟင်းနဲ့စားတုန်းလို့မေးရင် ဂင်ချီနဲ့လို့ပြော
သတဲ့ ဘရေ"

"ဟဲ့... အဲဒီ ဂျင်ချီဆိုတာက
ဘယ်လိုဟာမျိုးတုန်းဟ လုံးလုံးလား
ပြားပြားလားဟ"

"ဟာ... ဘကလည်း ဘယ့်
နယ် ဂင်ချီက လုံးလုံး ပြားပြားရမလည်း
ကျွဲပတို့ နွားကိုင်းစားနေတဲ့ ချဉ်ဘတ်ပါပဲ
ဗျာ"

ဘိုးလူဝ စိတ်ရှုပ်ဟန်နဲ့ တစ်ခဏစဉ်းစား
ပြီး...

"ဟဲ့... စံကွန် ခုတစ်လော
သာစိန် ရွာထဲလာသေးလားဟ"

"ထာသံမကြားရပြန်ဘူး ဘရဲ့
ဘာဖြစ်လို့တုန်း"

"အင်း... ဒီတစ်ခါ သာစိန်
ရွာထဲလာရင် ဇရပ်ကို ပြန်မပို့နဲ့တော့ကွ
ရွာထဲမှာနေပစေ"

မောင်မိုး

Dear Marry Fashion House

No. 56, Aung Mingalar Street,
Tamwe Township, Yangon.

09 5136230, 09 5036602
09 5172150, 09 250504361

http://www.facebook.com/dearmarrymyanmar

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓိရလက်ဆောင်

လှထွန်းနွေ(စက်စ)

www.burmeseclassic.com

www.burmeseclassic.com

ကြာတော့လည်းကြာခဲ့ပြီ။ တိတိကျကျ ဆိုရလျှင်မူ ဆယ်စုနှစ်နှစ်စုပင်မကတော့ သို့သော် ကမ်းသာယာ ရွာသူ ရွာသားများသည် အကြောင်းတိုက်ဆိုင်မှု ရှိတိုင်း လူရွှတ်လူပေါလေး "စံပေါ"နှင့် သူ၏ခွေးကလေး "လက်တို" လေးအကြောင်းကိုတော့ ပြောမိကြသည်။ စံပေါနှင့်ခွေးကလေး လက်တိုတို့၏ ပတ္တာန်းဆက်ကလေးကား ဆန်းကြယ်လွန်းလှသည်။

×××

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကမ်းသာယာရွာကလေးတွင် ဦးဘိုးအောင် ဒေါ်အေးမြတို့ဆို တစ်ရွာလုံးက ရင်းနှီးချစ်ခင်ကြသည်။ ဥယျာဉ်ခြံလုပ်ငန်းဖြင့် အသက်မွေးပြီး နှစ်ရှည်သီးနှံဖြစ်သည့် အုန်း၊ ကွမ်းသီး၊ ကြက်မောက်၊ ကျွဲကောအပြင် ရာသီသီးနှံဖြစ်သည့် ဘူး၊ ဖရဲ၊ သခွား၊ ငရုပ်၊ ချဉ်ပေါင်၊ ရုံးပတီ စသည် ဟင်းသီး ဟင်းရွက်များလည်း စိုက်သည်။

ဦးဘိုးအောင်သည် လူမှုန်းသိတတ်စ အရွယ်ကတည်းက သူတစ်ပါး အသက် မသတ်ဖူးပေ။ သို့သော် ကိုယ်တိုင် မရည်ရွယ်ဘဲနှင့် မြေများတူးဆွရာတွင် ထိမိ၊ ခိုက်မိသည်များရှိသည်။ သို့သော် သေစေလိုသော ရည်ရွယ်ချက်တော့ မရှိပေ။ သို့သော်နှေးညာ မပျက် ငါးပါးသီလကို တော့ဆောက်တည် သည်။ တစ်ခါတစ်ရံ ဆယ်ငါးဝိနစ်ခန့် တရားထိုင်ဖူးသည်။ ရွာဦးဘုန်းတော် ကြီးကျောင်းသို့ တစ်ပတ်တစ်ခါ ဆွမ်းချက်ပို့သည်။

ဦးဘိုးအောင် ဒေါ်အေးမြ တို့တွင် သားသမီး (၁၃) ယောက်ထွန်းကားသည်။ ထူးခြားချက်မှာ အမှာ (၂) မွာမူ။ (၃) ကြိမ်မွေးဖွားခြင်း ဖြစ်သည်။ အမှာမွေးသည့် အခါတိုင်း သူတို့မိသားစု လာဘ်ရကိန်းနှင့် အမြဲကြုံသည်။ အမြဲတမ်း သားနှင့်သမီး အမှာသာမွေးသည်။ ပထမအမှာ မွေး စဉ်က မွေးပြီး (၂) လခန့်တွင် ရေတွင်း ဘောင်ပေါ်၌ ရှေမန်းကျည်း တောင့် (၃) ကျပ်သားခန့် တင်ထားပေးသည်။ ဒုတိယ အမှာ၌ (၅)ကျပ်သားခန့် ရွှေ လက်နှိပ်နာရီ တစ်လက် ရေတွင်းနဘေးရေခို ဂုံးပေါ်တွင် တင်ထားပေး သည်။ တတိယအမှာ မွေးပြီးနောက် ရွှေဇိုးတစ်လုံးစိုက်ခင်းထဲတွင် ခွေးဝင်စားလေး "ကောက်ရ"၏ ကောင်းမှုကြောင့်ရလိုက်ပြီး ဦးဘိုးအောင် ဒေါ်အေးမြတို့၏ ဘဝလည်း တမဟုတ်ချင်း ချမ်းသာသွားသည်။ နှစ်ထပ်တိုက်အိမ်နှင့် ကမ်းသာယာရွာတွင် လူချမ်းသာစာရင်း ဝင်သွားသည်။

×××

ခွေးကလေး "ကောက်ရ" ရောက်ရှိလာပုံမှာလည်း ဆန်းကြယ်သည်။ ညကဒေါ်အေးမြ ထူးထူးခြားခြား အိပ်မက်မက်သည်။ ခွေးကလေး တစ်ကောင်က အိပ်မက်ထဲတွင် ပေါ်လာပြီး နေခွင့်တောင်းသည်။ ခွေးကခွေးဖြူချစ်စရာလေး။ မျက်နှာက သနားကမ်းနှင့် ချစ်စဖွယ်ဖြစ်သည်။ ထိုအချိန်က ဦးဘိုးအောင် ဒေါ်အေးမြ မိသားစုသည် သားသမီးတစ်ဖြာနှင့် စားဝတ်နေရေး

www.burmeseclassic.com

www.burmeseclassic.com

အဆင်မပြေ ထမင်းရည်ပင် အပိုမရှိ။ ထမင်းရည် ငှဲ့ပြီးသည်နှင့် ဆားခတ်ကာ သားသမီးများအား အဆာပြေတိုက်ကျွေးသည်။ တစ်ခါတရံ ထမင်းကြမ်းတစ်ခဲ ကျန်ပါကရောပြီး ကျွေးလိုက်သည်နှင့် ကလေးများဝမ်း အေးသွားတော့သည်။

အိပ်မက်မက်ပြီး နံနက်တွင် အိပ်မက်အား ခင်ပွန်းဖြစ်သူ ဦးဘိုးအောင် အားပြောပြသည်။ ဦးဘိုးအောင်က စိတ်ရင်း ကောင်းရှိသူပီပီ တိုရစ္ဆာန်များကို ချစ်တတ်သည်။ အိမ်တွင်လည်းကြောင် (၅) ကောင် ရှိသည်။ နံနက် (၇) နာရီခန့်တွင် နှစ်လသား အရွယ်ခန့် ရှိသော ခွေးဖြူကလေးတစ်ကောင် ရောက်ရှိလာပြီး အိမ်ရှေ့ကွပ်ပျစ်အောက်တွင် လာအိပ်နေသည်။ လူတွေ့တိုင်း အပြီး ကလေး တန့်နဲ့ လုပ်နေသည်။ ထမင်းရည်တိုက်လည်း သောက်သည်။

ခွေးကလေး ရောက်ရှိပြီး တစ်ပတ်ခန့် အကြာတွင်အိမ်ရှိ ကြောင် (၅) ကောင်နှင့် ကစားဖော် ဖြစ်သွားသည်။ အမြဲတမ်းလို ခြံထဲသို့ဆင်းသည့် အခါတွင် ခွေးကလေး ကောက်ရလိုက်ပါသွားပြီး သစ်ပင်အောက်တွင် ဝပ်လျက် စောင့်နေတတ်သည်။

သည်လိုနှင့်နေ့တိုင်း ဦးဘိုးအောင် အိမ်နောက်ဘက်ရှိ ခြံထဲဆင်းသည့်အခါ ခွေးကလေး "ကောက်ရ" အမြဲတမ်း လိုက်ပါမြဲဖြစ်သည်။ ညဘက် ဆိုလျှင်လည်း အိမ်ရှေ့ကွပ်ပစ်တွင်အိပ်ရန် အိမ်လုံခြုံရေးကို အမြဲတမ်းစောင့်ရှောက်သည်။ ညဘက်အိပ်ချိန်မတော် အိမ်ရှေ့မှ လူဖြတ်သွားလျှင် ဟောင်ပြီး သခင်ကို အသိပေးလေ့ရှိသည်။ ခွေးကလေး "ကောက်ရ" ၏ ဟောင်သံမှာ ငယ်ပင်ငယ်သော်လည်း ခွေးကြီးတစ်ကောင်၏ ဟိန်းသံကဲ့သို့ ကျယ်လောင်လှသည်။

တစ်နေ့တွင် သခင်၏ စိုက်ပျိုးရေးခြံထဲသို့ ဝင်ရောက်ပြီး ဟိုပုံဒီဒိ မြောင်းဘောင်တစ်လျှောက် ပြေးနေသည်။ ဦးဘိုးအောင် မောင်းထုတ်သော်လည်း ဟင်းရွက်ခင်းထဲက မထွက်ချေ။ သို့သော်ဟင်းရွက်စိုက်ခင်း များများစားစား အောင်တော့ ဖျက်စီးခြင်း မပြုချေ။

မွန်းလွဲပိုင်းတွင် ရုံးပတီး အပင်များကို ဦးဘိုးအောင် ဝဲကျွေးပြုပြင်ခိုက် ကောက်ရမှာ စိုက်ခင်းမှာ ဟိုဟိုသည်သည် ပြေးလွှားရင်း စိုက်ခင်းထဲတွင် ပျောက်နေသည်။ အတန်ကြာ ငြိမ်သက်နေသဖြင့် ခွေးကလေးပျောက်နေမှန်း ဦးဘိုးအောင် သတိထားမိ၍ လိုက်လံကြည့်ရှုရာ ချဉ်ပေါင်ပင်စိုက်ခင်း တစ်နေရာတွင် ကောက်ရမှာ လက်နှစ်ဖက်ဖြင့်မြေကို ယက်နေသည်ကိုတွေ့ရသည်။ ချဉ်ပေါင်ပင် တစ်စုလည်း ယက်ထားသောကြောင့် လဲပြိုနေသည်ကို တွေ့ရသည်။

ဦးဘိုးအောင်လည်း စိတ်ဆိုးမာန်ဆိုးဖြင့် မြေကျစ်စာခဲဖြင့် သုံးလေးခါ ပစ်ပေါက်မှ ကောက်ရလည်း ထွက်ပြေးသွားတော့သည်။ ပြိုလဲသွားသော ချဉ်ပေါင်ပင်များကို ပြန်ထောင်ပြီး မြေများပြန်ဖို့လိုက်သည်။ ရေလည်း စိုစွဲ

www.burmeseclassic.com

www.burmeseclassic.com

အောင် လောင်းလိုက်သည်။

နောက်တစ်နေ့ ဟင်းရွက်ခြံထဲသွားသည့် အခါ ကောက်ရလည်း နောက်မှ လိုက်လာခဲ့သည်။ ဦးဘိုးအောင် ဟင်းရွက်ခင်းထဲတွင် ပေါင်းမြက်များ နှုတ်သင်နေခိုက် ကောက်ရ ပျောက်သွားပြန်သည်။ ဦးဘိုးအောင် ကောက်ရကို သတိမပြုလိုက်မိချေ။ မိုးချုပ်၍ လိုက်လံရှာဖွေရာ မနေ့က နေရာတွင် ကောက်ရလက်နှစ်ဖက်ဖြင့် မြေကိုယက်ထုတ်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

ဦးဘိုးအောင်လည်း ခြေသံကို အတတ်နိုင်ဆုံး လုံအောင်ထိန်းပြီး ကောက်ရ အနားသို့ ချဉ်းကပ်လာခဲ့သည်။ အနားသို့ရောက်သည့် အခါ ကောက်ရသည် မြေကြီးကို ယက်ထုတ်နေရာမှ ရပ်လိုက်ပြီး ဦးဘိုးအောင်ကို မော်ကြည့်ကာ အပြီးကိုတန့်နံ့ လူပ်ခတ်လျှက် မြေကြီးကို ဆက်လက်တူးဆွနေတော့သည်။

ကောက်ရ ယက်ထုတ်တူးဆွထားသည်မှာ မြေကြီးအနက်ပင် တစ်တောင်ကျော်ခန့်ရှိပြီး ခွေးတစ်ကောင် ဝင်သာရုံ တွင်းနက်ကြီး ဖြစ်၍နေတော့သည်။ ကောက်ရသည် အတန်ကြာယက်ထုတ်ပြီး တွင်းမထွက်ကာ သခင်နံဘေးတွင် ရပ်နေလိုက်သည်။ ဦးဘိုးအောင်မှာ ကောက်ရ ကြွက်သို့မဟုတ် မွေးသတ္တဝါ တွေ၍ မြေကို ယက်ထုတ်နေသည်ဟု ထင်သည်။ ထို့ကြောင့် တွင်းထဲသို့ လက်ဖြင့် စမ်းကြည့်ရာ အိုးနှုတ်ခမ်း တစ်ခုကိုစမ်းမိသည်။

ထို့နောက် ပေါက်ပြားယူပြီး ဂရုတစိုက်ဖြင့် မြေကိုတူးဆွလိုက်ရာ အဖုံးပါ မြေအိုးတစ်လုံးကို တွေ့ရသည်။ ထို့နောက် ဓားဖြင့်အိုး မထိအောင်မြေကို တူးပြီး အိုးကိုမထုတ်လိုက်ပြီး အဖုံးဖွင့်ကြည့်ရာ အတွင်းတွင် ပြူးပြူးပြက်ပြက် တောက်ပစွာဖြင့် ရွှေမန်ကျည်းတောင့်များအပြည့် တွေ့လိုက်ရသည်။

ဦးဘိုးအောင်လည်း မြေကြီးကို ပြန်မဖို့နိုင်အားဘဲ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရွှေအိုးကို ပိုက်လျှက်အိမ်ဆီသို့ ပြန်လာပြီး ဇနီးနှင့် သားသမီးများအား ပြောပြသရာ ခွေးကလေး "ကောက်ရ" အပေါ်ကျေးဇူးတင် အဆုံးဖြင့်ဒုနကြတော့သည်။ ထိုခေတ် ထိုအချိန်ကလည်း နယ်မြေအခြေအနေ မအေးသေးသဖြင့် သားသမီးများအား ထိုအကြောင်းကို မည်သူမျှ မပြောရန် ပိတ်ပင်ထားရသည်။ တချို့ရွာများတွင် လည်ပင်းကို ဆန်ကောဖောက်လုည့်ကာ ဓားပြတိုက်ညှင်းဆဲနှိပ်စက်သည့် သာဓကရှိသည်။

ညဉ့်နက်အချိန် ကလေးများ အိပ်ချိန်တွင် ဦးဘိုးအောင်နှင့်ဒေါ်အေးမြ ဇနီးမောင်နှံ နစ်ယောက်အိုးထဲမှ ရွှေမန်ကျည်းတောင့်များကို လုံချည်ခင်း၍ ရေတွက်ကြည့်ရာ စုစုပေါင်း (၅၃) တောင့်ရှိသည်ကို သိလိုက်ရသည်။ တစ်တောင့် (၃) ကျပ်သားနှင့် ပျမ်းမျှတွက်ကြည့်ပါက တစ်ပိဿာ ငါးဆယ်သားကျော်မည်ကို ခန့်မှန်းမိသည်။

တစ်ရွာလုံးက သူတို့မိသားစုသိုသိုသိပ်သိပ်ရှိ သဖြင့် မည်သူမျှမရိပ်မိကြ။ သူတို့နေသော အိမ်ခြံကွက်သည်

www.burmeseclassic.com

www.burmeseclassic.com

ရွာအရှေ့ပိုင်း အစွန်လယ်ကွင်းစပ်တွင် ရှိသဖြင့် လုံခြုံရေးအရ စိတ်မချရပေ။ ထိုကြောင့်လုံခြုံရေး ကောင်းသောရွာ၏ အလယ်တွင် ပေ ၆၀×၁၀၀ မြေကွက် တစ်ကွက်ဝယ်လိုက်သည်။ ထိုအချိန်ကလည်း မြေကွက်ဈေးက ကျပ်တစ်သောင်းသာ ရှိသဖြင့်မည်သူမျှ မရိပ်မိကြ၊ ခွေ့တာစုဆောင်းပြီး ခြံဝယ်နိုင်ကြ၍ တစ်ရွာလုံးက ချီးကျူးနေကြသည်။

တပေါင်းလ ရောက်သည့်အခါ တစ်မိသားစုလုံး ပြောင်းရွှေ့လာကြပြီး ယာယီတစ်ဖက်ရပ် တဲကြီးတစ်လုံး ဆောက်ကာ သားသမီး (၉) ဦးအား ရှင်ပြု နားသမင်္ဂလာကို ခြိမ့်ခြိမ့်သဲ ကျင်းပလေသည်။ ဦးဘိုးအောင်နှင့် ဒေါ်အေးမြ တို့လည်းခွေးကလေး ကောက်ရနှင့် မြင်အပ်၊ မမြင်အပ် စသောပုဂ္ဂိုလ်တို့အား အမျှအတမ်း ပေးဝေသည်။

နောက် (၅) နှစ်ခန့် ကြာသော အခါ ရွာလယ်ခြံထဲတွင် ပျဉ်ခင်း၊ ဝါးထရံကာ တစ်ထပ်အိမ်ကလေးမှ ခေတ်မီ နှစ်ထပ်တိုက်ကြီး တစ်လုံးကို ဆောက်ပြီး အိမ်တက်မင်္ဂလာ ပြုလုပ်ပြီးသည့် ညတွင်ပင်ခွေးကလေး ကောက်ရမှာ မနာမဖျားဘဲ ထူးဆန်းစွာသေဆုံး သွားလေတော့သည်။

ဦးဘိုးအောင်တို့ မိသားစုသည် ခွေးကလေး "ကောက်ရ" အားရွှေအိုးရရှိသည့် နေရာတွင် သေချာစွာမြှုပ်နံပေးပြီး ကောင်းရာမွန်ရာ ဘဝသို့ ရောက်ပါစေကြောင်း ညစဉ်ဘုရားရှိခိုးတိုင်း ဆုတောင်း အမျှဝေပေးသည်။ ထို့နောက် ထိုခေတ်က ရေပန်းစားသည့် မော်တော်ကားဖြစ်သော "CHEVERO-LED" ကားတစ်စီးအား "ကောက်ရ" ဟူသော အမည်ပေးလျှက် ကမ်းသာယာ၊ သံဖြူဇရပ် ယာဉ်လိုင်းတွင် ပြေးဆွဲရာ ခရီးသည့် အမြဲပြည့်လျှက် ကြီးပွားချမ်းသာလာခဲ့သည်။

×××

နောက်ဆယ်နှစ်ခန့် ကြာသော အခါ ဦးဘိုအောင်၊ ဒေါ်အေးမြတို့ မိသားစုမှာ ကမ်းသာယာရွာလေးတွင် အချမ်းသာဆုံး စာရင်းဝင်ဖြစ်လာခဲ့သည်။ တစ်ရွာလုံးရှိ ခင်မင်ကြသူများ မေးမြန်းတော့မှ ခွေးဝင်စားကလေး "ကောက်ရ" အကြောင်းနှင့် ဖြစ်ကြောင်းကုန်စင်ပြောပြတော့မှ တစ်ရွာလုံး အံ့ဩကုန်တော့သည်။ သို့သော် ဦးဘိုးအောင် နှင့် ဒေါ်အေးမြတို့ ဇနီးမောင်နှံကတော့ ခွေးဝင်စားကလေး "ကောက်ရ" ကို တစ်နေ့မှ မေ့မရပါချေ။

ခွေးဝအင်စားကလေးတစ်ကောင်၏ ဂမ္ဘီရလက်ဆောင်ကြောင့် မိသားစုတစ်စု၏ ထူးခြားဆန်း ကြယ်အောင် ဘဝပြောင်းလဲ သွားပုံလေးကို တော့ တိုက်ဆိုင်မှုရှိတိုင်း အမှတ်ရနေကြမှာ သေချာပါသည်။ ဂမ္ဘီရဆန်လှပြီး အလွန်ဆန်းကြယ် လွန်းလှသည်။

(လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်က ဂမ္ဘီရဆန်ဆန် တကယ့်အဖြစ်အပျက်ကို ဇာတ်အိမ်ဖွဲ့ရေး ဖွဲ့ထားပါသည်။ ကျေးရွာနှင့် လူနာမည်နာမများ ပြောင်းထားပါသည်။)

လှထွန်းနွေ(စက်စီ)

www.burmeseclassic.com

www.burmeseclassic.com

မြင်အပ် မမြင်အပ်

ဘိလူးတွေရှိတဲ့ဘိပ်

ကျော်အေးရွှေ

၂၂

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဘီလူးတွေရှိတဲ့အိမ်

ကျော်အေးရွှေ

"အိမ်ကို အကြီးကြီးဆောက်ထားတာဟာ...လူနေလို့သာ အိမ်လို့ပြောရတာ လူမရှိရင် ဘုန်းကြီးကျောင်းလို့ ထင်ရတယ်၊ နှစ်ထပ်အိမ်ကြီးပေါ့ ဆရာကျော်၊ ဆောက်ထားတဲ့ပုံစံက ဘုန်းကြီးကျောင်းအတိုင်းပဲ၊ နေကြတာက သားအဖလေးယောက်ထဲ၊ အဖေနဲ့သား များပေါ့၊ အဖေကဦးအောင်ကြည်၊ သား သုံးယောက်မှာ အကြီးဆုံးက အောင်မြင့်ထွဋ်၊ သူ့အောက်က အောင်သက်ထွန်း၊ အငယ်ဆုံးက အောင်ဇီပါထွန်းတဲ့ ဆရာကျော်... အလုပ်အကိုင်က အရောင်းအဝယ်ပေါ့၊ အဲဒီလို ဘုန်းကြီးကျောင်းနဲ့တူတဲ့ အိမ်ကြီးကို ဆောက်ပြီးလို့ သူတို့ သားအဖ လေးယောက်တက်နေတဲ့ အချိန်ကစပြီး စီးပွားစာက်လာတယ်, ဆရာကျော်"

ညနေစောင်းပေမယ့် အပူရှိန်က မလျော့...

ကျနေမို့လို့ ပိုပူသလား ထင်မိတယ်။ ယပ်တောင့် တစ်ချောင်းဖြင့် ယပ်ခတ်ရင်း တိုက်ရှေ့ဆစ်ပင်ရိပ်တွင် တူတော်မောင် ဖိုးလပြည့်နှင့်အတူ ပက်လက်ကုလားထိုင် ကိုယ်စီဖြင့် ထိုင်နေမိကြသည်။ တိုက်ရှေ့လမ်းမပေါ်မှာ ဖြတ်သန်းသွားလာနေသော တရုတ်နိုင်ငံလုပ် မော်တော်ဆိုင်ကယ်များကို

'မကြောက်ရင် တက်ကြည့်ပေါ့ကွာ၊ နေ့လယ် နေ့ခင်းမှာ တောင် အပေါ်ထပ်က ကြမ်းပြင်ကို ဖနောင့်နဲ့ ပေါက်တဲ့အသံတွေ ခြေသံတွေ ကြားရတယ်ကွ'လို့ ပြော...

ငေးမောကြည့်နေရာမှ...

"ဆရာကျော်အငွေက် ဇာတ်လမ်းတစ်ပုဒ်ပြောပြမယ်"

ဟုအစချီကာ တူတော်မောင် ဖိုးလပြည့်က အထက်ပါအတိုင်း ပြောလာခြင်း ဖြစ်လေသည်။ ကျွန်တော်၏ နှစ်မ သုံးယောက်မှ မွေးလာသောတူ၊ တူမအားလုံးက ကျွန်တော့်ကို ဆရာကျော် ဟုသာ ခေါ်ကြသည်။ တူ၊ တူမများက မွေးသော်မြေးများကလည်း "ဘဘ ဆရာကျော်.. ဟုခေါ်ကြလေ၏။

"ဦးအောင်ကြည်တို့ သားအဖ နေတဲ့ အိမ်ကြီးက နှစ်ထပ်အိမ်ကြီး၊ အဝေးကလှမ်းကြည့်ရင် ဘုန်းကြီးကျောင်းပဲ ဆရာကျော်...အဲဒီအိမ်ကြီးက ကောင်းကျိုးပေးသလို၊ ဆိုးကျိုးလည်း ပေးတယ်ဗျ"

"ဘယ်လိုဆိုးကျိုးနဲ့ ကောင်းကျိုးပေးတာလဲ"

ကျွန်တော် ဝင်မေးလိုက်သည်။

"ဘယ်လို ပေးတာလဲဆိုတော့ အိမ်ကြီးမှာ နေထိုင်တဲ့ နောက်ပိုင်းမီးဖွား

www.burmeseclassic.com

တအားတက်လာတယ်၊ ဆရာကျော်... အဲဒီလိုစီးပွား တက်လာနဲ့အမျှ ဆိုးကျိုးက နောက်က ကပ်ပါလာတယ်၊ ဆရာကျော်ရဲ့ အငယ်ဆုံးသား အောင်ဒီပါထွန်းဟာ အိမ်အပေါ်ထပ် တံခါးပေါက်ကနေ ပြုတ်ကျပြီး သေသွားတယ်... အိမ်ပေါ်ထပ်မှာ ပြတင်းပေါက်ကအပြင် တံခါးပေါက် တွေပါ ဖောက်ထားတယ်၊ တံခါးပေါက်ရှေ့မှာ ဝရံတာလို မျိုး ထုတ်ထားတာဟာ မရှိတော့ ဒိုးယိုး ပေါက်လိုဖြစ်နေတာ... အဲဒီတံခါးပေါက်က ပြုတ်ကျပြီး သေသွားတာ... အကြီးဆုံး သား ကိုအောင်မြင့် ထွန်းကတော့ သူ့ အလိုလို အရှိန်လွန်ပြီး ကျသွားတာ မဟုတ်ဘူး... ညီလေးကို ဘီလူးတစ် ကောင်က တွန်းချလိုက်တာ သူ ကိုယ်တိုင် အရက်သောက်နေရင်း မြင် လိုက်တာလို့ ပြောတယ်ဆရာကျော်၊ အရပ်ထဲက လူတွေကတော့ အရက် ကြောင်ကြောင်ပြီး ပြောတာပါလို့ ပြောကြတယ်"

ဘယ်အချိန်လောက်မှာ ပြုတ် ကျတာလဲ"

"ညနေစောင်း နှုးရိုင်းသွင်းချိန် ဆရာကျော်၊ ယောကျ်းလေးတွေပဲ နေတဲ့အိမ်ဆိုတော့ ဗရမ်းဗတာ ဖြစ်ချင် တိုင်းဖြစ်နေမှာပေါ့... ပြီးတော့အားလုံးက သောက်တတ်၊ စားတတ်ကြတယ်... ထိန်းသိမ်းမဲ့အမေ... ဇနီးမရှိတော့ လွတ်ချင်တိုင်း လွတ်နေကြတာပေါ့ဗျာ။ ဆရာကျော်လည်း ဒေါ်ကြီးရှိနေလို့ပေါ့၊ ဒေါ်ကြီးသာမရှိရင် ဆရာကျော်လည်း လွတ်နေမှာ သေချာတယ်"

"ဟေ့... ဟေ့ကောင် ဘယ်နဲ့ ငါ့ကို ဆွဲထည့်နေရတာလဲ"

ကျွန်တော်ဟာ ဖိုးလပြည့်ကို ဟန့်လိုက်ရသည်။ ဖိုးလပြည့်က တဟဲ ဟဲ... ရယ်ရင်း၊ သူ့ဇာတ်လမ်းကို ပြန်ဆက်လိုက်သည်။

"အငယ်ဆုံးသား အောင်ဒီပါထွန်းသေပြီး ဆယ်ရက်လောက်ရှိတော့ ည...ည..ရောက်ရင်သားအကြီး အောင်မြင့် ထွန်းက ကြောက်စရာအသံ နက်ကြီးနဲ့ "ဘီလူးတွေ...ဘီလူးတွေ ငါ့အနား မလာနဲ့...သွားကြ...သွားကြ" နဲ့အော် တော့တာပဲ၊ သုံးလေးရက်လောက် ဆက်တိုက်အော်နေတာ...မကြာပါဘူး ကိုအောင်မြင့်ထွန်းလည်း ဆုံးသွားတယ်၊ သူ့အလောင်းကို အိမ်အပေါ်တက်တဲ့ လှေကားရင်းမှာ သေနေတာကို မနက်မိုး လင်းတော့မှ တွေ့ကြတာတဲ့ဗျာ၊ အပေါ် ထပ်ကနေ ကြောက်အား လန့်အားနဲ့ ပြေးဆင်းတာမှာ ခြေချော်ကျပြီး သေ တာလို့ သူ့အဖေဦးအောင်ကြည်က ရပ်ကွက် လူကြီးတွေကို ပြောပြတယ် ဆရာကျော်"

"နေပါဦး၊ ဒီအိမ်ကြီးမှာ ဘယ် က ဘီလူးက ရောက်လာရတာလဲ"

ကျွန်တော်က သိချင်စိတ်ကို ထိန်းမထားနိုင်တော့။ ဖိုးလပြည့်က ကျွန်တော့်ကို ပြုံးကြည့်လိုက်သည်။

"ကျွန်တော်လည်း ဘီလူး ဘယ်က ရောက်လာတယ်ဆိုတာ ပါလာ ပါဗိမ့်မယ်"

စိတ်ဝင်စားစရာ ဇာတ်ဝင်းမို့ လားမသိ၊ အပူဒဏ်က သက်သာသွား

www.burmeseclassic.com

www.burmeseclassic.com

သလို ခံစားနေမိသည်။ လက်ထဲက ယပ် တောင်ကိုပင် မခတ်မိတော့...

"ဒါဆိုလည်း ဆက်ပြောလေကွာ"

"အရပ်ထဲကလူတွေကတော့ အရက်ကြောင်,ကြောင်ပြီး လျှောက်အော်နေတာလို့ ပြောကြတယ်၊ ဘီလူးရှိတယ် ဆိုတာကို မယုံကြဘူး..ဒါပေမဲ့ ဦးအောင်ကြည်နဲ့ သားအလတ် အောင်သက်ထွန်းတို့ကတော့ ဘီလူးတကယ် ရှိပါတယ်လို့ ပြောပေမယ့် ဘယ်သူမှ မယုံကြဘူး၊ သားအဖနှစ်ယောက်လုံးက အရက်သမားတွေဆိုတော့ သူတို့ စကားကို ဘယ်သူမှ အလေးအနက် မထားကြဘူးလေ"

"နေပါဦးကွာ...ဘီလူးရှိနေတယ်လို့ ပြောတဲ့ ဦးအောင်ကြည်က ဘုန်းကြီးပင့်ပြီး အနှစ်ရာယ်ကင်း ပရိတ် ရွတ်တာ အမျှအတန်းပေးဝေတာ၊ တတ်ကျွမ်းနာလည်တဲ့ ဆရာတွေပင့်ပြီး ဖယ်ရှားတာတွေ မလုပ်ဘူးလား"

"အဲဒါတော့ ကျွန်တော်လည်း

'အိမ်အပေါ်ထပ်၊ လေးဖက် လေးတန်မှာ ကာထားတဲ့ ပျဉ်တစ်ချပ်စီမှာ ဘီလူး ခေါင်းပုံတွေ ပေါ်နေတာကို တွေ့လိုက်ရတာပဲ'

မသိဘူးဗျ...အဲဒီအိမ်မှာ ဘုရားစင် မရှိတာတော့ တွေ့ရတယ်၊ ဦးအောင်ကြည်နဲ့ သားအလတ် အောင်သက်ထွန်းတို့လည်း ရှေ့ဆင့်နောက်ဆင့် သေသွားကြတယ်၊ လေးဆယ့်ငါးရက် အတွင်းမှာ မိသားစုလေးယောက်လုံး သေသွားခဲ့တယ်ဆရာကျော်၊ မထူးဆန်း ဘူးလားဗျာ၊ ဝိုင်ပြီးထူးဆန်းတာက၊ ဦးအောင်ကြည်က နောက်ဆုံးမှ သေသွားတာ၊ မသေခင် သူ့သားသုံးယောက်ကို သတ်တာ အိမ်အပေါ်ထပ်က ဘီးလူးတွေက သတ်သွားတယ်လို့ ပြောသွားတာပဲဗျ"

"ဒါဆို ဘီလူးရှိနေတာပေါ့"

"ဒီသဘောမျိုး ပြောသွားတာပဲ၊ ဦးအောင်ကြည်တို့ သားအဖသေသွားတော့ ဒီအိမ်ကြီးကို ဦးအောင်ကြည်နှမ ဒေါ်သီတာအောင်က ရလိုက်တယ်..အေးသီတာအောင် မိသားစုက အိမ်ကြီးကို အငှားချ ထားလိုက်တယ်၊ အိမ်ရှေ့မှာ အိမ်ငှား မည်ဆိုတဲ့ ဆိုင်းဘုတ်လေး ချိတ်ထားပြီး လေးလလောက်ရှိမှ လင်မယားနှစ်ယောက်အိမ်လာ ငှားနေကြတယ်၊ ဒီအိမ်ကြီးရဲ့ ထုံစံအတိုင်းပါပဲ၊ ငှားနေတဲ့ လင်မယားက ဒီအိမ်ကို ငှားမိတာ မှန်သွားပြီ၊ ဒီအိမ်ကြီးကို ပြောင်းလာပြီး နောက်ပိုင်း စီးပွားတက်လာတယ်လို့ ရပ်ကွက်ထဲက အိမ်နီးချင်းတွေကို ပြောသတဲ့"

www.burmeseclassic.com

www.burmeseclassic.com

"အိမ်ဝှားလင်မယားကရော၊ ဘီလူးတွေကို တွေ့တယ်လို့ မပြောဘူးလား"

ကျွန်တော်သိချင်စိတ်ကို မထိန်းနိုင်တော့...

"တွေ့တယ်လို့ ပြောကြတယ်၊ သူတို့ကတော့ အိမ်မက်ထဲမှာ တွေ့သလိုလို၊ ဇဝေဇဝါပြောတာပဲ၊ ရပ်ကွက်ထဲက လူတွေကလည်း အိမ်ထဲမှာ ဘီလူးရှိတဲ့ အကြောင်းပြောကြ ပေမယ့်၊ ဒါတွေကို အယုံအကြည် မရှိတော့ ဘီလူးကိစ္စကို အလေးအနက်ထားပုံ မရပါဘူး ဆရာကျော်ရယ်၊ တိုတိုပြောရရင် ဒီဘီလူးရှိတဲ့ အိမ်ကြီး ထဲမှာ လူဖယောက် သေသွားတယ်၊ စုစုပေါင်း အိမ်ကြီးနဲ့ ပတ်သတ်ပြီး သေတဲ့သူ ရှစ်ယောက်ရှိတယ်၊ နှစ်ယောက်က နောက်ဆုံးငှားနေတဲ့ လင်မယားဗျ၊ လူလတ်ပိုင်း အရွယ်တွေ၊ သူတို့လည်း ဒီအိမ်ကြီးပေါ် ရောက်လာပြီးမှ စီးပွားဖြစ်လာတယ်၊ ဒီအိမ်က သူတို့နဲ့ အကျိုးပေးတယ်၊ အိမ်ရောင်းရင် ဝယ်မယ်ဆိုတဲ့အထိ စီးပွား ဖြစ်လာ တယ်၊ ဒါပေမဲ့ အိမ်ဝယ်တဲ့အထိ မရောက်လိုက်ပါဘူး ဆရာကျော်ရယ်၊ လင်မယား နှစ်ယောက်လုံး ကောက်ခါ ငင်ခါ နေမကောင်း ဖြစ်လာပါလေရော၊ ရပ်ကွက်ထဲက လူတွေပြောထားတာ ရှိတယ် စီးပွားတက်၊ ချမ်းသာပြီးရင် အသက်ဆုံးရှုံးတတ်တဲ့၊ အကြောင်းပေါ့ဗျာ၊ လင်မယား နှစ်ယောက်လုံး ကြောက်လန့်ပြီး အိမ်ပြောင်းပြေးကြတယ်၊ မလွတ်ပါဘူး ဆရာကျော်ရယ်၊ နောက်ပြောင်းတဲ့ အိမ်ရောက်ပြီး တစ်ပတ်တောင် မပြည့်သေးဘူး၊ လင်မယား နှစ်ယောက်လုံး တစ်ပတ်ပဲခြားတယ်၊ ဆုံးသွားရာကြတယ်၊ ဒီအိမ်ကြီးမှာ ဂူးနေရင် စီးပွားဖြစ်ပြီးရင် သေတတ်တယ်ဆိုတာ တစ်ပြိုလုံးသိသွားတော့ အိမ်ဝှားမယ့်သူတောင် မရှိတော့ဘူး"

"မင်း...အဲဒီဘီလူးရှိတဲ့ အိမ်ကြီးထဲရောက်ဘူးလား"

ကျွန်တော်က ဖိုးလပြည့်ကို မေးလိုက်မိသည်။

"ရောက်ဖူးတာပေါ့"

"မကြောက်ဘူးလား"

"ဟာ...ဆရာကျော်ကလဲ၊ ဒီလောက်လူတွေ သေထားတဲ့ အိမ်ထဲကို တစ်ယောက်ထဲတော့ ဘယ်သွားပါ့မလဲ၊ သူငယ်ချင်းတွေနဲ့ သွားကြည့်တာပါ"

"ဘာထူးခြားတာ တွေ့တွေ့ရလဲ"

"တွေ့တယ်ဆရာကျော်၊ တွေ့တယ်"

ဖိုးလပြည့်က ပြာပြာသလဲ ပြောလိုက်သည်။

"ဒီဘီလူး ရှိတယ်လို့ နာမည်ကြီးနေတဲ့ အိမ်ပေါ်တွက်ကြည့်မိတာက ဒီလို ဆရာကျော်ရဲ့ အဲဒီအိမ်ကြီးမှာ ဘယ်သူမှလည်း မရှိဖြစ်နေတဲ့ အချိန်မှာ နှစ်လုံး၊ သုံးလုံးရောင်းပြီး စီးပွားရှာနေတဲ့ ဦးဘအောင်ဆိုတဲ့ လူကြီးက အိမ်လခ ဈေးသက်သက်သာသာနဲ့ ဂူးလိုက်တယ်၊ ပြီးတော့ အဲဒီအိမ်ကြီး အောက်ထပ်မှာ

www.burmeseclassic.com

www.burmeseclassic.com

နှစ်လုံး၊ သုံးလုံးရောင်းတဲ့ လုပ်ငန်းကို ဖွင့်တော့တာပဲ၊ နေ့မှာနှစ်လုံး ထီရောင်းတယ်၊ ညနေပိုင်း နှစ်လုံးဂဏန်း ထွက်ပြီးရင် ပြန်တော့တာပဲ၊ အိမ်ကြီးထဲမှာ မနေဘူး၊ အိမ်အကြောင်း သိနေတော့ ညလည်းမအိပ်ဘူး အိမ်ကြီးပေါ်ကိုလည်း တစ်ခါမှ တက်မကြည့်ဘူးဖူးတဲ့၊ ကြောက် လို့ တက်ဖူးကြည့် ဘူးတဲ့၊ ကြောက်လို့ တက်မကြည့်လို့ ပြောတာပဲ"

"နှစ်လုံး၊ သုံးလုံးဆိုတာ လောင်းကစားနည်း တစ်မျိုးပဲကွ၊ သက်ဆိုင်ရာ လူကြီးတွေ မသိဘူးလား"

"သိချင်လည်းသိမှာပေါ့၊ သူ့နည်းသူဟန်နဲ့ လုပ်စားနေတာဆိုတော့ အဆင်ကိုချောနေတာပဲ၊ ဆရာကျော်"

"ဒါတွေထားလိုက်ပါတော့ကွာ၊ ငါ့စ္စကာ ဘယ်လိုလုပ်ပြီး ဒီအိမ်ကြီးပေါ်ရောက်သွား တာလဲ"

"နှစ်လုံးရောင်းတဲ့ ဦးဘအောင်နဲ့က နဂိုထဲက ရင်းနှီးတယ် ဆရာကျော်ရဲ့ ကျွန်တော့်သူငယ်ချင်း တစ်ယောက်က ဘိုးတော်ပေးတဲ့ ဂဏန်းရလာလို့ ဦးဘအောင်ဆီမှာ သွားထိုးမယ်ဆိုပြီး အဖော်ခေါ်တာနဲ့ ရောက်သွားတာဗျ၊ ဘီလူးရှိတယ်လို့ နာမည်ကြီးနေတဲ့ အိမ်ကြီးကို နဂိုထဲက စိတ်ဝင်စားနေတာဆိုတော့ ဦးဘအောင်က အိမ်ကြီးပေါ်ကို တက်ကြည့်ချင်တဲ့ အကြောင်းပြောလိုက်မိတယ်၊ "မကြောက်ရင်တက်ကြည့်ပေါ့ကွာ၊ နေ့လယ်နေခင်းမှာတောင် အပေါ်ထပ်က ကြမ်းပြင်ကို ဖနောင့်နဲ့ပေါက်တဲ့အသံတွေ ခြေသံတွေ ကြားရတယ်ကွ" လို့ ပြောလိုက်သေးတယ်၊ "ငါတောင် ကြောက်လို့ တစ်ခါမှ တက်မကြည့်ဘူး" လို့ထပ် ပြောလိုက်သေးတယ်၊ ဦးဘအောင်က တက်ကြွသွင်ပြင် ပေးတာနဲ့ ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက်တက် ကြည့် ကြတယ်၊ အပေါ်ထပ်မှာရှိတဲ့ ပိတ်ထားတဲ့ တံခါးတွေကို အရင်ဆုံး ဖွင့်လိုက်တယ်၊ အလင်းရောင် ဝင်လာတာနဲ့ အပေါ်ထပ် တစ်ခုလုံးကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း တွေ့လိုက်ရတယ်၊ အိမ်ကြီးက ပျဉ်ကာ၊ ပျဉ်ခင်းထားတဲ့အိမ်၊ အပေါ်ထပ်တစ်ခုလုံး ဘာပစ္စည်းမှမရှိဘူး၊ ဘုရားစင်တောင်မရှိဘူးဗျာ၊ သူငယ်ချင်း နှစ်ယောက် စေ့စေ့စပ်စပ် လျှောက်ကြည့် လိုက်တော့မှ ဘီလူးရှိတဲ့ အကြောင်းရင်းကို သွားတွေ့တာ ဆရာကျော်ရဲ့"

"ဘယ်မှာတွေ့တာလဲ"

"အိမ်အပေါ်ထပ်၊ လေးဘက်လေးတန်မှာ ကာထားတဲ့ ပျဉ်တစ်ချပ်စီမှာ ဘီလူးခေါင်းပုံတွေ ပေါ်နေတာကို တွေ့ လိုက်ရတာပဲ"

"အေး···အေး၊ သိပြီ၊ သိပြီ သတင်းစာတွေ ဂျာနယ်တွေထဲမှာ ပါလာ ဖူးတယ်···သစ်သားပေါ်မှာ စေတီပုံပေါ်တာ ဘုရားပုံပေါ်တာတွေလေ"

"ဟုတ်တယ် ဆရာကျော်၊ အဲဒီဘီလူး ခေါင်းပုံတွေက ညဖက်မှာ အသက်ဝင်လာပြီး၊ ခြောက်လှန့်နောင့်ယှက်တာနေမှာဗျ၊ ပထမဆုံး သေသွားတဲ့ သားအငယ် အောင်ဒီပါထွန်းကို ဘီလူးတွေက တွန်းချလို့သေတာပါ၊ သူကိုယ်တိုင်မြင်ပါတယ်လို့ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com

အကြီးဆုံးကို အောင်မြင့်ထွန်းက ပြောခဲ့တယ် မဟုတ်လား။ ပျဉ်ချပ်မှာ ဘီလူးပုံပေါ်နေတာ တော်တော်တော့ ထူးဆန်းတယ်နော်၊ ရှားရှားပါးပါး မြင်ရခဲတဲ့ မြင်ကွင်းဗျို့"

လောကကြီးမှာ မြင်အပ်၊ မမြင်အပ်သော် ထူးခြားဆန်းပြားသည့် အဖြစ်များက ဖြစ်ခဲ့ဖူးလေသည်။ ကြမ်းခင်း ထားသော ပျဉ်ချပ်က တဒေါက် ဒေါက် အသံမြည်ပြီး ရွှေလျားခြောက်လုန်ခြင်းကို ခံခဲ့ရသော အဖြစ်နှင့်ကြုံခဲ့ဖူးသူမို့ ပျဉ်ချပ်ပေါ်တွင် ပေါ်နေသော ဘီလူးခေါင်း ပုံက သက်ဝင်လှုပ်ရှား ခြောက်လုန်ခြင်းမှာ မဖြစ်နိုင်ဟု မပြောဝံ့ခဲ့။

"အိမ်တွားပြီး နှစ်လုံးဒိုင်ကိုင်တဲ့ ဦးဘအောင်ဆိုတဲ့ လူကြီးကော ဘာဖြစ်သွားသေးလဲ"

"ဦးဘအောင်က ဘာမှမဖြစ်ဘူး ဆရာကျော်၊ သူကတစ်ပတ်မှာ ငါးရက်ပဲ၊ နေ့ပိုင်းမှာ နေတာလေ၊ ညအိပ်ညနေ နေတာမဟုတ်ဘူး၊ သူ့အလုပ်ခန်း သဘောမျိုး။ မနက်လာ ညနေငါးနာရီလောက်ဆို ပြန်တာလေ၊ အိမ်ကြီးပေါ်ကို တစ်ခါမှ တက်မကြည့်တူးဖူးတဲ့ ဆရာကျော်၊ နေ့ခင်းကြောင်တောင်မှာ အိမ်အပေါ်ထပ်က ဖနောင့်ပေါက်သံ မကြာမကြာ ကြားလာရတော့သူလည်း အိမ်ကိုဆက် မတွားတော့ပဲ ပြန်အပ်လိုက်တယ်၊ အဲဒီ နောက်ပိုင်း ဘယ်သူမှ မငှားတော့တာနဲ့ အိမ်ကြီးကိုဖျက်ပြီး ဘုန်းကြီးကျောင်းကို သွားပြီး လှူလိုက်ကြတယ်။ စေးလျော့ ရောင်းတာတောင် ဝယ်မဲ့သူ မရှိတော့ဘူး၊ ကျန်တဲ့မြေကွက်ကို ရောင်းတာလည်း ဝယ်မဲ့သူမရှိ မြေကမသန့်လို့ ဖြစ်တာလို့ ပြောလာပြန်ကြတယ်"

"အေး...မြေမသန့်တာလည်း ဖြစ်နိုင်တာပဲကွ၊ အိမ်တစ်လုံး ဆောက်တော့မယ်ဆိုရင် မြေသန့်မဂ်လာလုပ်ရတယ်၊ မြေလှန်ပစ်ရတယ်၊ တတ်ကျွမ်း နားလည်တဲ့ သူတွေနဲ့ တိုင်ပင်ပြီး အိမ် ဆောက်တာက အကောင်းဆုံးပဲကွ"

"လာပါ ဆရာကျော်ရယ်၊ နေလည်း အေးနေပါပြီ၊ အဲဒီအိမ်ကြီး ဆောက်ခဲ့တဲ့ မြေကွက်နေရာကို ကျွန်တော် လိုက်ပြပါ့မယ်"

တူတော်မောင် ဖိုးလပြည့်က ပြောပြောဆိုဆို တိုက်ရှေ့တွင် ရပ်ထားသော ကားလေးရှိရာသို့ ကျွန်တော်ကို ဆွဲခေါ်သွားပြီး ဝယ်သူမရှိတော့သည့် မြေကွက်ကို လိုက်ပြသဖြင့် သွားရောက်ကြည့်ရှုခဲ့ကြပါသည်။ အဆောက်အဦးမရှိ လူမနေတော့သည့် ခြံစည်းရိုးကာထားသည့် မြေကွက်ရှေ့တွင် ကားရပ်ပြီး ကားပေါ်မှ ဆင်းကာ ကြည့်ကြခြင်း ဖြစ်သည်။

"ဟိုအရင်က ဒီနေရာတွေက လယ်ကွက်တွေ ဆရာကျော်ရဲ့၊ ကျွန်တော် ဆယ်တန်းကျောင်းသား ဘဝလောက်ကပေါ့၊ မြို့ကလူဦးရေ တိုးတက်လာတော့ မြို့သစ်တွေ ထပ်ချဲ့လာကြတယ်၊ ငွေမည်းရှိတဲ့သူတွေကလည်း အိမ်၊ ခြံ၊ မြေစျေးကွက်ထဲ ဝင်လာပြီး ဒီနားတဝိုက်က လယ်မြေတွေကို စျေးကောင်းပေးဝယ်ပြီး ဝယ်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ငွေမည်းက ငွေဖြူ လုပ်လို့ လွယ်တဲ့ ဈေးကွက်ပေါ့ ဆရာကျော်ရယ်၊ အခု ကျွန်တော်တို့ လာကြည့်ကြတဲ့ မြေကွက်က ဟိုးအရင်ကတည်းက ဘာသီးနှံမှ စိုက်ပျိုးလို့မရတဲ့ လယ်ကွက်တဲ့ခင်ဗျ၊ ပြီးတော့ သိုက်မြေလို့လည်း ပြောကြပါတယ်၊ အဲဒီလို ဘာမှစိုက်ပျိုးလို့ မရတဲ့ သိုက်မြေပေါ်မှာ အိမ်လာဆောက်တော့ ဒုက္ခရောက်ကုန်တာပေါ့လေ"

ဖိုးလပြည့်က သူလေ့လာ သိရှိထားသမျှ ကျွန်တော်ကို ပြောပြနေသည်။

ခြံစည်းရိုးတွင် ချိတ်ထားသော တစ်ပေခန့်သုံးထပ်သားပေါ်တွင် "ရောင်းမည်"ဟု ရေးထားသော ဆိုင်းဘုတ်လေးကို ငေးကြည့်နေရာမှ....

"အိမ်ဝယ်...မြေဝယ်တယ် ဆိုတာလည်း၊ အဝယ်မတော်ရင် ဒုက္ခရောက် တတ်တာပါပဲလား ဖိုးလပြည့်ရယ်"

ဟုပြောလိုက်မိပါတော့သည် တကား...

ကျော်အေးရွှေ

စစ်တွေမြို့၊ ရခိုင်ပြည်နယ်ကိုယ်စားလှယ်

ဦးသိန်းရွှေမောင် (ရွှေညိုညိုမြန်မာ့ဆေးဆိုင်) ဈေးကြီးတွင်းတွင် ရနိုင်ပါသည်။

ဆရာမကြီး

ဒေါ်သိန်းယဉ်

စားတံဆိပ်

ငှက်ဗျားဆေး

အမှတ်–၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

တိုင်းရင်းဆေးဝါးယာယီမှတ်ပုံတင်အမှတ် – 0610Y008484

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ဤအဖြစ်အပျက်ကလေးကို စာရေးသူ မူလတန်းကျောင်းသား ဘဝက ကြုံကြိုက်ခဲ့ရတာပါ။ အချိန်ကာလ အားဖြင့် နှစ်ပေါင်း (၄၀)နီးပါး ကြာမြင့်ခဲ့ပါပြီ။ စာရေးသူ စတုတ္ထတန်းကျောင်းသား ဘဝမှာပါ။ စာရေးသူတို့ ငယ်စဉ်က မိုးညှင်းမြို့မှာရှိတဲ့ ဘုရားတွေကတော့ အရွေ့စု ရပ်ကွက်မှာရှိတဲ့ လျောင်းတော်မူဘုရား။ မိုးဒိန်းစု ရပ်ကွက်မှာရှိတဲ့ မြသိန်းတန်ဘုရားနှင့် ကျားဖြူဘုရားခေါ် ဒေါမွဲဘုရား။ သံလမ်းအနောက် ဝက်ကုန်း ရပ်ကွက်မှာရှိတဲ့ ထီးလင်းဘုရားတို့ ဖြစ်ပါတယ်။ ထိုအချိန်က ကျားဖြူဘုရားခေါ် ဒေါမွဲဘုရားမလွဲ၍ ကျန်တဲ့ ဘုရားအားလုံး ဘုရားပွဲ ဖြစ်ပါသည်။ ဘုရားအားလုံး တန်ခိုးကြီးပြီး ထူးခြားတဲ့ အဖြစ်အပျက်တွေ ရှိကြပါသည်။

မိုးဒိန်းစု ရပ်ကွက်မှာရှိတဲ့ မြသိန်းတန် ဘုရားကတော့ ဥစ္စာစောင့်ရှိသည်ဟု နာမည်ကြီးပါသည်။ မိဘများ၏ ပြောကြားချက်အရ သူတို့ ငယ်စဉ်က ဥစ္စာစောင့်ဇာတ်ကားများ ရုပ်ရှင်ရုံများ၌ ပြလေ့ရှိသည်။ တစ်ည ရုပ်ရှင်အပြီးမှာ တော့ ရုပ်ရှင်ထဲကထွက်လာတဲ့ အမျိုး သမီးသုံးယောက်ကို သူတို့ မမြင်ဖူး မတွေ့ဖူးကူလို့ ဆိုပါတယ်။ ရုပ်ရည်ချော မောလှပပြီး ဆံတောက်ကလေးတွေနဲ့ ဖြစ်ပါသည်။ အသက်ကတော့ နှစ်ဆယ်ကျော် ဝန်းကျင်လို့ ထင်ရတယ်။ ကာလ သားတွေကစော့ ဘယ်အရပ်မှန်း သိချင်လို့ နောက်ကနေ လိုက်ကြည့်ကြ သည်။ ဒီလို နဲ့ လိုက်ကြည့်တာ မြသိန်းတန် ဘုရားလမ်းကြားထဲလည်း ရောက်တော့ ရှေ့ကသွားနေတဲ့ အမျိုး သမီး သုံးဦးဟာ ပျောက်သွားလို့ ကာလသားတွေဟာ ကြောက်ကြောက်နဲ့ ပြန် ပြေးခဲ့ရသည်။ တစ်ခါ၌လည်း ကလေးတစ်သိုက်မှာ ဘုရားဝင်းထဲမှာ ဆော့ကြသည်။ နေဝင် အမှောင် မရောက် တရောက် အထိ ဆော့ကောင်းနေတုန်းပါ။ အဲဒီအချိန် ဘုရား အုတ်တံတိုင်းပေါ် တက်ဆော့နေ တဲ့ ကလေးကို နားရင်းရိုက်တာ၊ ရိုက်သူ မရှိလို့ အရိုက်ခံရတဲ့ကလေး ဖျားပြီး ဆေးတောင် ကုလိုက်ရပါသည်။ အများ အထင်ကတော့ မျောက်ရှုံးအောင် ဆော့နေတဲ့ ကလေးကို အမြင်မတော်လို့ ဥစ္စာစောင့် က ရိုက်တာလို့ ဆိုပါသည်။ ဘုရားဝင်းထဲ၌ ညောင်ပင်ကြီးများလည်း ရှိသဖြင့် အကိုင်းအရွက်များဖြင့် အုပ်ဆိုင်းရှိနေသည်။

စာရေးသူ ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကတော့ စာရေးသူ၏ အဖွားအိမ်မှာပါ။ စာရေးသူတို့၏ မိသားစုအိမ်ကတော့ အရွေ့စု ရပ်ကွက်ထဲမှာပါ။ ထိုအချိန်က အရွေ့စုရပ်ကွက်ကို သူပုန်များ ဝင်စီးခြင်း မြို့ရွာ မငြိမ်မသက် ဖြစ်နေတာကို စာရေးသူတို့ မိသားစုဟာ မြို့လယ်ဝိုက်ရှတဲ့ အဘွားအိမ်ကို ပြေးခဲ့ကြတာပါ။ မြို့က ချောက်ခြားသွား ပြီး တော်တော်နှင့် အသွားပြန် မကျပါ။ စာရေးသူ မိသားစုလည်း နှစ်ပတ်လည်အောင် အဖွားအိမ်မှာပဲ နေဖြစ်ပါတယ်။ စာရေးသူတို့ ကလေးတွေကတော့ လူများလေ ပျော်လေဖြစ်သည်။ ဆောင်းညဘက်တွေမှာတော့ မိသားစုကြီးဟာ ငိုးလုံး၊

www.burmeseclassic.com

ခေါပုတ်ကင်စားရင်းနဲ့ စကားပြောကြ
တာ ညတော်တော်နက်မှာ အိပ်ဖြစ်ကြပါ
သည်။ ညတိုင်း ခေါပုတ်မပြတ်ပါဘူး။
ခေါပုတ်ကင်ကိုလည်း စားရေးသူတို့က
ခရမ်းချဉ်သီးထောင်း၊ မုန့်ညှင်းချဉ်၊ ဆီ
တိုဟူးနှင့် တို့စားတာပါ။ ခေါပုတ်ကုန်
လျှင်လည်း ဆောင်းတွင်းကတော့
ခေါက် ပုတ်ပြတ်တယ်လို့ မရှိပါ။

တစ်ညတော့ စကားပြောကြ၊
ခေါပုတ်ကင်စားကြနဲ့ ညကိုးနာရီ
ကျော်ကျော်လောက်မှာ မတိုးမကျယ်နဲ့
အိုးစည်၊ ဗုံ၊ မောင်း၊ ကြေးစည်သံတွေ
ကြားရသည်။ ဝီးလုံးနေကြတဲ့ မိသားစု
အားလုံး ကြားရသည်။ ဝိုးဒါးစုထိပ်က
ဘုန်းကြီးပျံလွန်တော်မူလို့ တီးတာဖြစ်
တယ်ဆိုပြီး သွားမယ်လုပ်တော့ စာရေး
သူ၏ မိခင်ကတော့ ခေတ်ကာလမကောင်း
လို့ မနက်မှ သွားကြည့်ဖို့ တားပါသည်။
ဖခင်လည်း သွားမကြည့်ဖြစ်တော့ပါ။
စာရင်း။ စကားပြောရင်းဖြင့် ညနက်တော့
အိပ်ယာဝင်ကြပါသည်။ ဆောင်းတွင်းဆို
တော့ အိပ်ယာထ နောက်ကျပါသည်။
အိပ်ယာထ စားသောက်ကြပြီးတော့
လူကြီးတွေက မနေ့ည အိုးစည်၊ ဗုံ၊
မောင်း၊ ကြေးစည်သံတွေ ကြားရတဲ့
အကြောင်းနဲ့ ဘုန်းကြီးပျံလွန်တာ ရှိမရှိ
မေးကြသည်။

အဲ့သြစရာ ကောင်းသည်မှာ
ထိုအသံများကို အခြားအိမ်များမှ မကြား
ရသလို ဘုန်းကြီးပျံလည်း တစ်ပါးမှမရှိ
ပါ။ နေ့လည်လောက်မှာတော့ လူတစ်
ယောက် စက်ဘီးစီးရင်းဖြင့် "ဘုရားရှေ
ခိုးတဲ့ကောင်တွေ မြသိန်းတန် ဘုရားမှာ
မြေမျိုနေတယ်"ဟု ရပ်ကွက်ထဲမှာ ပြော
သွားသည်။ မြေမျိုတာကို ကြည့်ချင်သဖြင့်
စာရေးသူ အပါအဝင် ရပ်ကွက်ထဲကလူ
တွေ မြသိန်းတန်ဘုရားသို့ ပြေးသွားကြ
သည်။ ဘုရားရောက်တော့ လူအုပ်ကြီးကို
တွေ့ရသည်။ မြေမျိုသူကိုတော့ မတွေ့ရ
ပါ။ လူအုပ်ကြီးမှာ ရှေ့အခွာခံထားရ၍
မျက်နှာတော်မဲနေသည့် ဗုဒ္ဓရုပ်ပွားတော်
ကို ဝိုင်းကြည့်နေကြခြင်းဖြစ်သည်။ ရုပ်
ပွားတော်မှာ မန္တလေးမဟာမုနိ ရုပ်ပွား
တော်အတိုင်း ကြေးဖြင့် သွန်းလုပ်ထား
ခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာ ရွှေချ
ထားသဖြင့် ရွှေအဆင်းဖြင့် သပ္ပါယ်ပါ
သည်။ ယခုတော့... မသမာသူများ၏
လက်ချက်ဖြင့် ရွှေများ ခွာယူသွားသဖြင့်
မျက်နှာတော်မှာ မဲသလိုလို၊ မဲသလိုလို
ဖြစ်နေပါသည်။

ဖြစ်စဉ်မှာ ခေတ်ကာလ
မကောင်းသဖြင့် အခါကြီးရက်ကြီး သို့မ
ဟုတ် အဖိတ်ဥပုသ်များ၌သာ ဘုရားကို
ဖွင့်ပြီး ကျန်အချိန်များတွင် တံခါးနှစ်ထပ်
ကို သော့နှစ်ထပ်ခတ်ပါသည်။ ထိုခေတ်
ထိုအခါက အကောင်းဆုံးဆိုသည့် အာမ
ခံသော့ဖြင့် ခတ်ထားခြင်း ဖြစ်ပါသည်။
မသမာသူများက အာမခံသော့ဖျားကို
သံစိမ်းများဖြင့် ရိုက်ဖြတ်သွားခြင်းဖြစ်သည်။
မသမာသူ လူတစ်စုသည် ဇရဲမကြောက်
သူများသော်လည်းကောင်း သို့မဟုတ်
ဇရဲမှ လာသူများသာ ဖြစ်ရမည်။
အဘယ်ကြောင့်ဆိုသော် သော့ဖျက်ထား
သော နေရာ၌ သံတစ်ပြည်ခန့် ပုံထား
သည်ကို တွေ့ရသည်။ နားလည်သူမျ
အဆိုအရ သံတစ်ပြည်၌ ပါဝင်ကော သံ

www.burmeseclassic.com

ပွင့်နှင့်အမျှ ငရဲခံပါမည်ဟု အဓိဋ္ဌာန်ပြု၍ ဘုရားရွှေများကို ခိုးယူသွားခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

စာရေးသူမှာ ထိုစဉ်က မူလတန်းကျောင်းသား ဘဝကလေးသာသာ ဖြစ်သဖြင့် ဘာမှ ပြောဆိုနိုင်ခြင်း၊ ဆွေးနွေးနိုင်ခြင်း မရှိခဲ့ပါ။ ဒါပေမဲ့ စာရေးသူ ဆက်စပ်တွေးတောမိသည်မှာ မသမာသူများမှာ ရွှေခွာရန် ကြိုးစားစဉ် ဘုရားဝင်းထဲရှိ ဥစ္စာစောင့်များမှ အိုးစည်၊ ဗုံ၊ မောင်း ကြေးစည်များကိုတီး၍ အချက်ပေးခြင်း ဖြစ်နိုင်ပါသည်။ လူတိုင်း၊ အိမ်တိုင်း မကြားသော်လည်း စာရေးသူ မိသားစုကဲ့သို့ ကြားရသူလည်း ရှိပါသည်။ ထိုသူမှာ စာရေးသူတို့ထက်ပင် အိမ်မှာ ပိုဝေးပါသည်။ မြန်မာဆေးဆရာ သျှောင်ထုံးဖြင့် ဦးတင်အောင်ဆိုသူ ဖြစ်ပါသည်။ သူလည်းကြား၍ စာရေးသူတို့ မိသားစုကို မေးသဖြင့် သိရပါသည်။ အံ့သြစရာ ကောင်း၍ ဆန်းကြယ်လှသော အဖြစ်အပျက်မှာ ဘုရားနားမှ အိမ်များ အသံများကို လုံးဝမကြားခြင်း ဖြစ်သည်။

ယခုအခါ မိုးညှင်းမြို့သည် ခရိုင်မြို့ကြီး ဖြစ်နေပါပြီ။ ဝန်ထမ်းဘဝမို့ ကိုယ့်မြို့၊ ကိုယ့်ရွာ မနေရသော်လည်း လုပ်ငန်းကိစ္စများဖြင့် မိုးညှင်းမြို့ရောက်တိုင်း မြသိန်းတန်ဘုရားကို ဝင်ရောက်ဖူးမြော်မိပါသည်။ ထိုအချိန်မျိုး၌ မြသိန်းတန်ဘုရားရှိ ဥစ္စာစောင့်နှင့် ငရဲမကြောက်သည့် ရွှေသူခိုးများကို မှတ်မှတ်ထင်ထင် ရှိလှသည်။

မောင်ဇင်သူ(ကျောက်စိမ်းတွင်း)

Emily
Floral Service
Ei Myat Chit Kyaw
: 09-5036602, 09-5172150
: www.facebook.com/EmilyFloralServiceandgift
: No.301/9, Padauk Street, Yazana Plaza, Mingalar Taung Nyunt Tsp, Yangon.

www.burmeseclassic.com

www.burmeseclassic.com

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

အသောကအင်း



(၁)

ကျွန်ုပ် (စာရေးသူ)ရဲ့ နှစ်ဖက်မိဘနှစ်ပါးတို့၏ ဦးကြီး ဦးလေး တော်စပ်ကြသူ "ဦးမောင်ငယ်" (ဆရာငယ်)နှင့် "ဦးဖိုးခါ" (ဆရာခါ)တို့မှာ "တိုင်းရင်းမြန်မာ သမားတော်ကြီးများ" ဖြစ်ကြသလို၊ "အင်းအိုင်ခါးလုံ့လက်ဖွဲ့" အတတ်ပညာရပ်တို့ကိုပါ တတ်ကျွမ်းကြသူ နှစ်ဦးပေမို့လည်း အထူးနာမည်ကြီးခဲ့ပါသည်။ ထိုအခါက (စာရေးသူ)မှာ (၁၂) နှစ်ကျော် (၁၃) နှစ်သားကပါ။ "အညာဒေသ"မှ (ကျောက်ပန်းတောင်းမြို့နယ်၊ သစ်တိန်းကျေးရွာအုပ်စု သွန်တိန်းရွာကြီး)ပါ ခင်ဗျား။ ကျွန်ုပ်တို့ (စာရေးသူ)၏ ဦးကြီး "ဦးမောင်ငယ်" (ဒေသအခေါ် ဆရာငယ်)မှ . . . "ဟာ . . . မောင်ဖြူရဲ့ (စာရေးသူကိုခေါ်) "ဆေးတစ်ခွက် ကောင်းသယ် ဆိုသာ အင်းတစ်ကွက် စောင်းသလောက် ပဲရှိသယ်" ဂန္ဓီရ ပညာရပ်တွေဟာ ခေတ်တွေ ဘယ်လိုပြောင်းပေမယ့်

www.burmeseclassic.com

www.burmeseclassic.com

မဟောင်းဘူး ငါ့တူရ" ဟု "အညာလေသံ" နှင့် ပြောပြခဲ့ပါသည်။

ကျွန်ုပ် (စာရေးသူ)ကို ပြောပြခဲ့ဘူးတာ။ ယခုအချိန် အသက် ၆၀ ကျော် အရွယ်ထိ မှတ်မိနေပါသေး၏။ ကျွန်ုပ် (စာရေးသူ)၏ စာဖတ်ပရိသတ်တို့အထဲမှ ရှုမြင်သူတို့ငေး၍ "တကယ်လန်းတဲ့ အလယ်တန်းပြ ဆရာမ" မမေသန္တာလွင်" အပါအဝင် အပျိုမ မမြမြဝင်း" (တာခြားရပ်ကွက်)နှင့် "ချောက်မြို့" မှ "ဦးမောင်လတ်+ ဒေါ်ယုယုလှိုင်" အပျိုမ "မတင်ဇာလှိုင်"တို့ပါ ဖတ်ရှုဖြစ်နိုင်ကြသလို "ဘဝအမောပြေနိုင်ခြင်းအတွက် အသောက အင်းတစ်ကွက်" "အကြောင်းများ"ကို ဆောင်းပါး တစ်ပုဒ်ရေးဖွဲ့ရာ၌ အပျိုမ "ဖြိုးလေး"တို့ပါ ဖတ်ရှုဖြစ်နိုင်ကြပါစေ (စာရေးသူ)

(၂)

ပူးတွဲပါ "အင်း"ကို "ရွှေပြား" (သို့မဟုတ်) "ငွေပြား"တွင်ချ၍ "လက်ဖွဲ့" ထိုးပြီးလျှင် ဆောင်ထားရမည်ဖြစ်ရာ အကျိုးအာနိသင်မှာ "အနန္တ"ဟု "အင်းဆရာမှ" အမှာရှိပါသည်။ ၎င်း "အင်းပုံ"ကို "အသောက"= "စိုးရိမ်စရာ မရှိသော အင်း"ဟု အကျယ်အမှာ ထားတော်မူပါ၏။ ကောင်းမွန်သော အကြံအစည်တို့ကို သုံးပါ စိုးရိမ်စရာမရှိပါ "သိဒ္ဓိ လေးပါးပေါက်သည်"ဟု အမှာထားရှိပါ၏။

၎င်းအင်းသည် "(က)အလယ်ဝင်သော အင်း" စသည်ဖြင့် (၃၃)မျိုးရှိပါသည်။ သို့ဖြစ်ပါ၍ ယခု ဖော်ပြပါရှိသော "အင်း"ပုံမှာ (အ)အလယ်ဝင်သော "အင်း" ဖြစ်ပါသည် ခင်ဗျား။ အစွမ်းထက် မြက်ပုံမှာ...

၎င်း "အင်း"၏ "မှတ်ချက်"ကို အသေးစိတ် ဖော်ပြရပါသော် "ဘဝအမော ပြေနိုင်စေပြီး သကာလေး စိတ်ချမ်းသာမှုတွင် တစ်နေ့သ၌ မင်းချင်းတစ်ယောက်မှာ ကြီးစွာသော ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်၍ မင်းတရားကြီး ရွှေနားတော်ကြားလေလျှင် ကွပ်မျက်စေဟု အမိန့်တော် ရှိခဲ့ရာ၌ ဤ "အသောက လက်ဖွဲ့"ကို မိမိကိုယ်၌ ဆောင်လျက်ပါ ရှိခဲ့သဖြင့် "မြို့ဝန်မင်း"၏ အနောင်အဖွဲ့မှ လွတ်ပြီးလျှင် ကျေးတောရွာများ၌ (၃) လခန့် နေခဲ့ရာမှ ဘဝရှင် မင်းတရားကြီးမှာ "အမျက်တော်" ပြေသဖြင့် ပြန်ခေါ်တော်မူပြီးလျှင် ရှိရင်းရာထူးကို ပြန်၍ပေးခဲ့ဖူးကြောင့် အထောက်အထား ရပါသည်။

မိမိတို့ ရရှိထားသော စီးပွားဥစ္စာ ရတနာများကို ခိုးယူရန် မကြံဆောင်နိုင်ကြသကဲ့သို့ စိတ်သောက ကင်းဝေးစွာနှင့် လူ့ဘဝကို ဖြတ်သန်းကြရပါမည်။ စာရေးသူ (ကျွန်ုပ်)မှာ ငယ်စဉ်အခါ ကာလများမှာပင် "အင်းအိုင်ခါးလဲ့လက်ဖွဲ့" ပညာရပ်တွေအကြောင်း အနည်းငယ်မျှ ကြားသိခဲ့သူ ဖြစ်သကဲ့သို့ "လျှို့ဝှက်ဆန် ကမ္ဘိရနည်း" နိဿယျတွေ အပေါ် အလွန်ယုံကြည်ခဲ့သူပါ။ ရှေးခေတ် မြန်မာကြီးတို့ရဲ့ "လျှို့ဝှက်ဆန်းကြယ်ပညာရပ်တွေပါ"

ယခုထိတိုင်ပင်လျှင် ကျွန်ုပ် (စာရေးသူ)၏ အိမ်ခန်း တစ်နေရာ၌ အဆောင်အယောင်နှင့် "အင်းအိုင်ခါးလဲ့

www.burmeseclassic.com

www.burmeseclassic.com

လက်ဖွဲ့"များ ထားရှိပါ၏။

ယခု ဖော်ပြပါရှိသည့် "ဘဝ အမောပြေနိုင်ခြင်းအတွက် အသောက အင်းကွက်"ကို လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကာလမှ "ဗားမဲ့ဆရာတော် ဘုရားကြီး"၏ "ဗားမဲ့ဝိဇ္ဇာ" အမည်ရှိသော "မဟာသိဒ္ဓိ ကျမ်းရင်းကြီး" (ပထမတွဲ)မှ ကောက်နှုတ်ဖော်ပြရခြင်း အမှန်အကန် ပါ ခင်ဗျား။ နာမည်ကျော် "လျှို့ဝှက်ဆန်း ကြယ် မဂ္ဂဇင်းကြီး"၏ စာဖတ်ပရိသတ် တို့အတွက် ဗဟုသုတ ရရှိစေရန် အတွက် ကိုပါ ရည်ရွယ်၍ ရေးမိခြင်း တစ်မျိုးပါပဲ လား ခင်ဗျား။ စေတနာ အမှန်နှင့် ရေး သားရခြင်းပင် မဟုတ်ပါကလား။

ခေတ်စနစ်တွေ ပြောင်းလဲသွား ကြပေမယ့်လည်း "အင်းအိုင်ခါးလဲ့လက်ဖွဲ့" အတတ်ပညာရပ်တွေက ဒီကနေ့ အထိ တည်ရှိနေပါသေးသည်။

"အသောက"- "စိုးရိမ်ခြင်း ကင်းဝေးဖို့အတွက် အင်းတစ်ကွက်"ကို "ငြင်းချက်" မရှိအောင် ရေးသားလိုက်မိ သကဲ့သို့ မိမိတို့ ဖြစ်တည်နေသည့် လက် ရှိဘဝရဲ့ "ဘဝအမောများ ပြေပျောက်နိုင် ကြပါရန်"ကိုပါ "အတည်တကယ် ရည် ရွယ်"၍ ရေးသားလိုက်သည်များပေမို့၊ စာရေးသူ (ကျွန်ုပ်)၏ "ငယ်ပေါင်းများ" နှင့်အတူ "စက်မှုလယ်ယာ ဦးစီးဌာန" မှ "တာဝန်များ"နှင့် "ဝန်ထမ်းဟောင်း" (ငြိမ်း)တို့လည်း ဖတ်ရှုဖြစ်နိုင်ကြပါစေ တော့ရယ်လို့" ဆန္ဒပြုလိုက်ရပါတော့ သည် ခင်ဗျား။ သည် "ဆန္ဒ"နှင့် အတူ ပင်...

"လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်း" စာတည်းအဖွဲ့မှ "ဆရာဦးကိုကိုဆွေဆွေ" နှင့်အတူ "စာတည်းအဖွဲ့" ကျန်းမာချမ်း သာ ဝမ်းသာနိုင်ကြလျက် "လျှို့ဝှက်ဆန်း ကြယ် မဂ္ဂဇင်း ကမ္ဘာတည်တိုင် ကြာရှည် ခိုင်မြဲ အောင်မြင်နိုင်ပါစေ"လို့ ကျွန်ုပ် (စာရေးသူ)မှ "တောင်းဆု" ပြုလိုက်မိပါ တော့သည် "လောကအတွင်းမှ သောက ကင်း" ကြပါစေ။

"စိတ်လက်ကြည်သာ အိပ် စက်ပျော်နိုင်ကြပါစေ..."

မေမြတ်ဖြူး

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ယခုဖော်ပြမည့် ဗီတာမင်အား ဖြည့် ဖော်ရည်နှစ်မျိုးကို မနက်စာ စား သောက်နေချိန်တွင်ဖြစ်စေ၊ အခြားအချိန် များတွင်ဖြစ်စေ အဆင်ပြေသလို သောက် သုံးနိုင်ပါသည်။

ပထမဖော်ရည်တွင်

မုန်လာဥနီအရည် ၅၀%

လိမ္မော်ရည် ၃၀%

ခရမ်းချဉ်သီးရည် ၂၀%

အချိုးအစားဖြင့် သစ်သီးဖော်ရည်စက်ဖြင့် ဖော်နိုင်ပါသည်။ ၎င်းဖော်ရည်တွင်၊ Mitamin C,K ဘီတာကယ်လိုတင်း, Folate တို့ပါ ဝင်သဖြင့် ကိုယ်ခန္ဓာ ကြံခိုင်မှုနှင့် ခုခံအားစနစ် ကောင်းမွန်စေပါသည်။ ထိုကဲ့သို့ပင် ကောင်းကျိုး ရစေမည့်ဖော်ရည် နောက်တစ်မျိုးမှာ

ပန်းသီးအစိမ်း တစ်လုံး

ကီဝီသီး တစ်ဝက်

ဆလတ်ရွက် သုံးရွက်

ပူစီနံ သုံးရွက် စသည်တို့ကို ဖော်ရည်ဖော်စက်တွင် ရေအသင့်လင့် ထည့်၍ ကြိတ်ရမည်။ ယခု ဖော်ရည်ကို အလုပ်မှ ပြန်လာပြီး စိတ်ပင်ပန်း၊ လူပင် ပန်း ဖြစ်နေချိန်တွင် ဖော်သောက်ပါက အမောအပန်းပြေစေပြီး စိတ်ကြည်လင် လန်းဆန်းလာစေပါသည်။ ဆက်လက်ပြီး ဖော်ပြမည်မှာ ကျန်းမာပြီး ကိုယ်ခန္ဓာ ကျစ်လစ်စေလာသည့် စားသောက်နည်း နှစ်နည်းဖြစ်သည်။ ယင်း စားသောက် နည်းသည် အဆီများပြီး ဝနေသူများ အတွက် ကောင်းသည်။ ပုံမှန် ကိုယ် အလေးချိန် ရှိသူများလည်း အကျိုးရှိ သည်။ ထို့အတူ ကိုယ်ခန္ဓာ ပိန်သွယ်သူ များအဝတွက်လည်း အစားအသောက်ပြန် ပြီး ကိုယ်အလေးချိန် တက်လာစေသည်။

ယင်းတို့နှင့် ဆက်စပ်မှုရှိနေသော အဆီအကြောင်းကို ဦးစွာဖော်ပြပါ မည်။ အဆီသည် လုံးဝမလိုအပ်သော အရာမဟုတ်ဘဲ ကိုယ်ခန္ဓာအတွက်၊ ဟိုမုန်းအတွက်၊ DNA အတွက်၊ ဆဲလ် များ စသည်တို့အတွက် လိုအပ်ပါသည်။ အဆီကို အဓိကအားဖြင့် Low Density Lipoprotein LDL (ကောင်းကျိုးမပေး သော အဆီ)နှင့် High Density Lipoprotein HDL (ကောင်းကျိုးပေး သော အဆီ) နှစ်မျိုးရှိသည်။ HDL သည် LDL လျော့ကျရန် ကူညီသည်။ တတိယ Lipoprotein မှာ Very Low Density Lipoprotein VLDL ဖြစ် သည်။ ၎င်းတွင် trigly cerides ဓါတ် သည်းစွာ ပါဝင်သည်။ ယင်းသည် သွေး ကြောအတွင်း စီးဆင်းသည်။ လိုအပ်ပါ က အဆီမော်လီကျူးနှင့် အခြားအရာများ ကို ပြုလုပ်ပေးသည်။ ပုံမှန်အားဖြင့် လူအတော် များများတွင် trigly cerides လိုအပ် သည်ထက် လေးဆဝိုများနေတတ်သည် ကို တွေ့ရပါသည်။ ထိုထက် ပိုများ လာပါက နလုံးသွေးကြောနှင့် အခြား အစိတ်အပိုင်းများ ဆက်စပ်ပြဿနာများ ဖြစ်လာစေပြီး လေဖြတ်ခြင်းနှင့် အခြား ကျန်းမာရေးကို ထိခိုက်စေမည့် ပြဿနာ များ ဖြစ်စေပါသည်။ Lipoprotein ဟု ခေါ်ရခြင်းမှာ အဆီသည် သွေးအတွင်း သူဘာသာသူ စီးဆင်းနိုင်ခြင်း မရှိဘဲ အခြားအစိတ်အပိုင်းများနှင့် ရောနှောပြီး မှ စီးဆင်းလှည့် ပတ်သည်။ မတူညီသော

www.burmeseclassic.com

www.burmeseclassic.com

အစိတ်အပိုင်း အသေးများ။ အမှုန်များ တွင် အဆီပါဝင်သည်။ ယင်းကို Lipoprotein ဟု ခေါ်ပါသည်။ အပေါ်ယံ အလွှာကို protein နှင့် ပြုလုပ် ထားပြီး အတွင်းပိုင်းတွင် Lipid cholestrol နှင့် trigly cerides တို့ပါဝင်သည်။ ၎င်းသည် ကိုယ်ခန္ဓာရှိ အဆီများတွင် အများဆုံး ပါဝင်သည်။ လူတစ်ဦးတွင် ယေဘုယျ အားဖြင့် အဆီပမာဏ cholestrol Level မှာ 5.5 m mol/L ဖြစ်ပြီး နလုံး ကျန်းမာရေးအတွက် ဆိုလျှင် 5.0 mmol/L ဝန်းကျင်ဖြစ်သည်။

LDL 3.0 mmol/L

HDL 1mmol/L 1.7 m mol/L ထက်ပိုရမည်။

Trigly ceride Level 1.7 m mol/L ထက် လျော့ရမည်။

ယနေ့ကမ္ဘာတစ်ဝှမ်းတွင် တစ် နှစ်လျှင် ၁၇.၅ သန်း အသက်ဆုံးရှုံးနေရ သည်မှာ နလုံးနှင့် အသက်ရှူခြင်းဆိုင်ရာ ပြဿနာများကြောင့်ဖြစ်သည်။ ထိုကဲ့သို့ ဖြစ်ရသည့် တတိယ အဓိကအချက်မှာ အဆီကြောင့် ဖြစ်သည်ဟု တွေ့ရှိရသည်။ အသဲကို အထောက်အကူပေးပြီး LDL ပမာဏ လျော့ကျစေသော ဆေးများကို တတ်ကျွမ်းသည့် ဆရာဝန်များနှင့် တိုင် ပင်ပြီး လိုအပ်ပါက သုံးနိုင်ပါသည်။ ဥပမာ- PCSK 9 ပုံမှန်အားဖြင့် အသီး အရွက် စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားတစ်မျိုးမျိုး ပုံမှန်လေ့ကျင့်ခြင်း အိပ်ချိန်ပြည့်ဝ မှန်ကန်ခြင်းနှင့် အာဟာ ရ မျှတစွာစားပြီး အဆီအဆိမ့် လျော့စား ခြင်း စသည်တို့ အလေ့အကျင့် ဖြစ်နေ လျှင် ကျန်းမာဖျတ်လတ်နေပါမည်။ ထိုကဲ့သို့ဖြစ်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် စားသောက်နည်း နစ်မျိုးကို ဆက်လက်ဖော်ပြပါမည်။ ပထမနည်းမှာ . . .

ရှောကီဆီး(သို့) သံပုရာသီး (သို့) သံပုယိုဒီး သုံးလုံးအရည်၊ ချင်း ရည်လက်ဖက်ရည်ခွက် တစ်ဝက်

ကြက်သွန်နီပြုအရည် လက် ဖက်ရည်ခွက် တစ်ဝက်

ပန်းသီး ရှာလကာရည် သုံး ဇွန်း စသည်တို့ကို မီးအေးအေးဖြင့် သုံး ခွက်တစ်ခွက် တင်ကျိုရပါမည်။ ရလာ သော အရည်ကို ပျားရည်သုံးခွက်ရောပြီး မနက်စောစော အစားအစာများ မစား သောက်မီ စတီးဇွန်းတစ်ဇွန်း၊ ညအိပ်ယာ မဝင်မီ စတီးဇွန်းတစ်ဇွန်း သောက်နိုင်ပါ သည်။

နောက်တစ်နည်းမှာ သံပုရာ သီး တစ်စိပ်လျှင် ပျားရည်တစ်ဇွန်းနှင့် အခွံပါ စားနိုင်ပါသည်။ ည ၇ နာရီ နောက်ပိုင်း သုံးစိပ်မှ လေးစိပ် စားနိုင်ပါ သည်။ ယင်းတို့ စားသောက်လျှင် ရက် အနည်းငယ်အတွင်း ကျန်းမာ လန်း ဆန်းလာသည်ကိုတွေ့ရမည်။ ဝမ်းဗိုက်မှ အဆီများ၊ ခါးပတ်လည်မှ အဆီများ သိသာစွာ လျော့ကျလာသည်ကို ထိတွေ့ ခံစားရမည်။ အားကစား လေ့ကျင့်ခန်း စာစ်မျိုးမျိုး ပုံမှန်လေ့ကျင့် သူများ ပိုမို ထင်ရှားစွာ တွေ့မြင်ရပါမည်။

မြန်မာနိုင်ငံသူ/သားများ ကျန်းမာကြပါစေ။

အောင်သစ

www.burmeseclassic.com

www.burmeseclassic.com



ရောဂါဘယ ကာကွယ်တားဆီးနိုင်သော

လိပ္ပက်သီး

အောင်ဘုန်းမြင့်(ကချင်မြေ)

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

လိမ္မော်သီး - လူအများ

နစ်သက်သော လိမ္မော်သီးသည် အရောင်အနှံ့ အရသာ ကောင်းမွန်ပြီး ချိုချဉ်အရသာ ရှိလေ၏။ ကျန်းမာသူများအတွက် ကြိုက်နှစ်သက်စရာ အာဟာရဖြစ်သကဲ့သို့ နာလန်ထစ လူမမာများအတွက် လည်းကောင်းကောင်း ဖြစ်လေ၏။ လိမ္မော်သီးသည် တစ်ကမ္ဘာလုံးတွင် ပန်းသီးပြီးလျှင် ဒုတိယစားသုံးသူ အများဆုံးနှင့် ဈေးကွက်အကျယ်ဆုံး သစ်သီး ဖြစ်သည်။ လိမ္မော်သီးတွင် လူသားတို့ အတွက် အရေးပါသော သက်စောင့်ဓာတ် ဖြစ်သည့် ဗီတာမင် ဓာတ် ပြည့်ဝလုံ လောက်စွာပါဝင်၏။ ဗီတာမင်စီသည် ကင်ဆာနှင့် အချို့သော ရောဂါဆိုးများကို ကာကွယ်တားဆီး ပေးနိုင်ပြီး ဓာတ်တိုး ပြည့်ဝ လုံလောက်စွာပါဝင်၏။ ဆန့်ကျင်ပစ္စည်း ဖြစ်သည့် ANTIOXIDANT လည်း ဖြစ်ပါသည်။ ဓာတ်တိုးဆန့်ကျင် ပစ္စည်း၏ ထူးခြားသည့် စွမ်းပကားများမှာ (၁) ကူးစက်ရောဂါ အမျိုးမျိုးမှ ကာကွယ်ပေး မြောက်မြားစွာ တွေ့ရှိရသည် ဟုဆို သည်။ အစာစားပြီးတိုင်း သစ်သီးတစ် မျိုးမျိုး စားပေးခြင်းဖြင့် ဓာတ်လေးပါးကို မှန်စေ၍ နာပျိုကျန်းမာစေနိုင်သည်။ ရာဂါဘယများ ကင်းဝေးစေ၍ အသက် ကို ရှည်စေနိုင်ပါသည်။

သို့ဖြစ်၍ လတ်ဆတ်ကောင်း မွန်သော သစ်သီးဝလံများသည် လူသား များအတွက် ကျန်းမာ အသက်ရှည် စေ သောအသက်ကယ်ဆေး ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ ဝါသော၊ နီသော၊ စိမ်းသော၊ ဖြူသော၊ မည်းသော သစ်သီး ဝလံများတိုင်းတွင် သူ့အချို့နှင့်သူ လူ့ ကျန်းမာရေးကို အကျိုးဖြစ်ထွန်း စေနိုင် မည့် အာဟာရဓာတ် စုံလင်စွာ ပါဝင် သည်။ ချိုချဉ်ဖန်ခါး အရသာမျိုးစုံနှင့် အရောင်မျိုးစုံကို နေ့စဉ်မျှတ စားသုံးပေး လျှင် ကျန်းမာရောဂါကင်းပြီး အိုမင်း ရင့်ရော်ခြင်း နာခြင်းအပေါင်းကို လျော့ နည်းစေနိုင်ပါလိမ့်မည်။ သစ်သီးဝလံ စားသုံးခြင်းသည် ဘဝကို ကောင်းစွာ တည်ဆောက်နေခြင်း ဖြစ်ပါသည်။

သစ်သီးဝလံ

လူသားတို့ နေ့စဉ် စားသုံးနေ သော သစ်သီးဝလံများသည် ဗီတာမင် အာဟာရဓာတ်များ ကြွယ်ဝစွာ ပါဝင် သဖြင့် စားသုံးကြသူများကို ရုပ်ရောစိတ် ဓာတ်ကိုပါ ကျန်းမာရွှင်လန်း ခက်ရှည် စေနိုင်ပါသည်။

သစ်သီးဝလံများ၏ ကျန်းမာ ရေး ကောင်းကျိုးကြောင့် ကမ္ဘာနှင့် အဝှမ်းစားသုံးသူ များပြားပြီး ဈေးကွက် ကျယ်ဝန်း၍ အနှံတ်အသိမ်း လွန်စွာ ကြီးမားလေ၏။ သစ်သီးများတွင် ANT -IOXIDANTS များပါဝင်သဖြင့် ရောဂါ အမျိုးမျိုးကို ကာကွယ်တားဆီးပေး နိုင်သည်။ အာဟာရပညာရှင် သုတေသီ များ၏ လေ့လာစမ်းသပ်ချက် များအရ သစ်သီးဝလံတိုင်းတွင် ကျန်းမာရေး အတွက် လွန်စွာအရေးပါသော ဗီတာမင် သက်စောင့်ဓာတ်များ၊ အာဟာရဓာတ်များ နှင့် သတ္တုဓာတ်များ စုံလင်စွာပါဝင် သည့်ပြင် လူသားများကို ကျန်းမာရွှင် လန်းနိုင် စေသည့် အကျိုးအာနိသင်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com

ခြင်း (၂) အနာရောဂါများကို အမြန်သက် သာပျောက်စေနိုင်ခြင်း (၃) သွေးကြော များအတွင်းမှ မကောင်းသော LDL ကိုလက်စထရော အဆီဓာတ်များ ကို လျော့ကျစေပြီး သွေးကြောများကို ကောင်းမွန်စေခြင်း (၄) သွေးအတွင်း၌ ပါဝင်သော သံဓာတ်နှင့် ကယ်ဆီယမ် သတ္တုဓာတ်များကို ကိုယ်ခန္ဓာက စုပ်ယူ ခြင်းကို အထောက်အကူပြုခြင်း (၅) သွေးနီဥဆဲလ်များနှင့် ဟေမိုဂလိုဘင် ခေါ် သံဓာတ် ထုတ်လုပ်ပေးမှုကို အထောက်အကူပြုခြင်း (၆) ကိုယ်ခန္ဓာ ကို ဆိုးကျိုးဖြစ်စေတတ်သော FREE RA DICALS များကို ကာကွယ်တားဆီး ပေးခြင်း အစရှိသော ကောင်းကျိုးများဖြစ် သည်။

သို့ဖြစ်သောကြောင့် လိမ္မော် သီးစားသုံးခြင်း၏ အကျိုးအာနိသင်သည် ကျန်းမာသူများအတွက် ရောဂါကာကွယ် ပေးနိုင်စွမ်း၊ ကျန်းမာ ခွန်အားကြီးစေနိုင် စွမ်း၊ ရောဂါခံနိုင်ရည်စွမ်းများကို ဖြစ်စေ နိုင်ပြီး ကျန်းမာရေးညှံ့ဖျင်း သူများအ တွက်လည်း ကျန်းမာရေး ကောင်းလာ စေနိုင်ပါသည်။ လိမ္မော်သီးတွင် အထူး ပါဝင်သည့် LUTIN လူတင်းနှင့် ZEZXANTHIN ဇီဇန်သင်းဓာတ် နှစ် ပါးသည် အခြားသစ်သီးဝလံများတွင် ပါဝင်မှု ပမာဏနည်းပါးပြီး လိမ္မော်သီး တွင် ပါဝင်မှုပမာဏ မြင့်မားသည်။ ယင်းဓာတ် နှစ်ပါးသည် ရောဂါပိုးများကို ကာကွယ် တိုက်ထုတ်ပေးနိုင်သော အာနိသင်ရှိသည်။ ထို့ကြောင့် လိမ္မော်သီး ကို စားသုံး ပေးခြင်းဖြင့် ပြင်ပမှရောဂါပိုး များကိုကာ ကွယ်တားဆီးပေးနိုင်ပြီး ကိုယ်တွင်းမှ ရောဂါများကိုလည်း အမြစ်မတွယ်နိုင်အောင် ကာကွယ် တိုက်ထုတ်ပေးနိုင်သော စွမ်းအားကို ရရှိနိုင်မည်ဖြစ်ပါ သည်။

လိမ္မော်သီးတွင် ပါဝင်သော ဓာတ်မျိုး ပါဝင်သည့် အခြားသစ်သီးများ မှာ ကီဝီသီးခေါ် ပြည်ပမှ သစ်သီးတစ်မျိုး နှင့် စတော်ဘယ်ရီသီးများ ဖြစ်သော် လည်း လူတင်းနှင့် ဇီဇန်သင်းဓာတ်ပါဝင် မှု၌ လိမ္မော်သီးက ပိုမိုမြင့်မားသည်။

လိမ္မော်သီးနှင့် အနွယ်တူ လိမ္မော်သီး၊ ကဗွလာသီး၊ ရှောက်ချိုသီး ကျွဲကောသီး၊ သံပုရာနှင့် သံပုယိုသီး အစရှိသော ချိုချဉ်နှင့် အချဉ်ဓာတ်ပါဝင် သော သစ်သီးဝလံများကို နေ့စဉ် လက် လှမ်းမီသလောက် စားသုံးပေးလျှင် မျက် စိတိမ်စွဲခြင်း၊ လေဖြတ်ခြင်း၊ နာစေး နာမွန်ခြင်း၊ ရင်ကျပ်ပန်းနာထခြင်း ဓာတ် မတည့်၍ အဖုအပိန့်ထွက်ခြင်း၊ မူးမော် အော့အန်ခြင်း၊ ဝမ်းလျှောဝမ်းပျက်ခြင်း များနှင့် ကင်ဆာရောဂါများကို ကာကွယ် ပေးနိုင်သည်။

အစွမ်းထက်သော CARO -TEN သတ္တုဓာတ်သည် လိမ္မော်သီး တွင် များစွာပါဝင်ထားသဖြင့် အူမကြီး ကင်ဆာကို တားဆီးပေးနိုင်သည်။ လင် ဓိုနင်ဓာတ် ပါရှိသောကြောင့် ကင်ဆာအ မျိုးမျိုးကို ကာကွယ်ပေးနိုင်သည်။ နာရီ ဂျင်ဓာတ်ပါဝင်သောကြောင့် အဆုတ် ဝေဒနာမှ တားဆီးပေးနိုင်သည်။ စစ် ထရပ်စ် အချဉ်ဓာတ် ပါဝင်ခြင်းကြောင့် မကောင်းသော LDL ကိုလက်စထရော

www.burmeseclassic.com

www.burmeseclassic.com

အဆီများကို လျော့ကျစေပြီး ကောင်းသော HDL အဆီဓာတ်များကို တိုးပွားစေသည့် အခြေခံ သတ္တုဓာတ်များ ပါဝင်ထားသဖြင့် သွေးတိုးရောဂါကို သက်သာကောင်း စေနိုင်ပါသည်။

လိမ္မော်သီး၏ အာနိသင်များ

နေ့စဉ် လိမ္မော်သီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် နလုံးရောဂါ ဖြစ်နှုန်းကို အတိုင်းအတာတစ်ခုထိ လျော့ချပေးနိုင်သည်။ လိမ္မော်သီးအပါအဝင် ရောက်နွယ်ဝင် အချို့ အချဉ်သီးများကို လုံလောက်စွာ စားသုံးပေးခြင်းဖြင့် နလုံးရောဂါဖြစ်နိုင်ခြေကို ၅၀ ရာခိုင်နှုန်းအထိ ကျဆင်း စေနိုင်သည် ဟုဆိုသည်။

လိမ္မော်သီး တစ်လုံးသည် လူ့ခန္ဓာကိုယ် အတွက် တစ်နေ့တာလို အပ်သော ပိုတက်စီယမ်ဓာတ်၏ ၇ ရာခိုင်နှုန်းကို ထောက်ပံ့ပေးနိုင်စွမ်းရှိသည်။ ပိုတက်စီယမ်ဓာတ်၏ စွမ်းပကားသည် လူ့ခန္ဓာကိုယ် အရည် ဓာတ်များ အချိုးအစား ညီမျှစေရန် ကောင်းစွာ ထိန်းညှိပေးသည်။ လိမ္မော်သီးကို စားသုံး

ပေခြင်းကြောင့် ကိုယ်ခန္ဓာ အတွင်းရှိ မကောင်းသော ဓာတ်သတ္တုများ နှင့် အဆိပ်အတောက်များကို ပြေပျောက်စေနိုင်သည်။ လိမ္မော်သီး၏ အတွင်းသား အပြင်သားနှင့် အခွံများပါမကျန် ဓာတ်တိုးဆန့်ကျင် ပစ္စည်းဖြစ်သော ANTI-OXIDANTS များလုံလောက်စွာ ပါဝင်သည်။

ဓာတ်များသည် ကိုယ်ခန္ဓာအတွင်းရှိ အောက်စီဂျင်ဓာတ်များကို သယ်ဆောင်ပေးမှုများတွင် ထိရောက်စွာအထောက်အကူပြုပေးနိုင်သည်။ အသားအရေအိုမင်း ရင့်ရော်ခြင်းကိုလည်း ကာကွယ်ပေးနိုင်သည်။

လိမ္မော်သီးတွင်ပါဝင်သော သတ္တုဓာတ် ပစ္စည်းများသည် ကင်ဆာရောဂါများကို တားဆီးကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ အရေပြားကင်ဆာ၊ ပါးစပ်နှင့် ခံတွင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ သားအိမ်ကင်ဆာများကို ကာကွယ်ပေးနိုင်သည်ဟု ဆိုသည်။

လိမ္မော်သီးတွင် ပက်တင်းဓာတ်ပစ္စည်းများ ပါဝင်သည်။ ပက်တင်းဓာတ်ပစ္စည်း၏ ဆေးအာနိသင်သည် အဆာခံနိုင်မှုကို ဖြစ်စေသောကြောင့် ကိုယ်ခန္ဓာ အလေးချိန် လျော့သူများ အဝလွန်သူများ ဝလာမည်ကို ကြောက်

www.burmeseclassic.com

www.burmeseclassic.com

သောအလုပယ်များနှင့် အနပညာသ
ရုပ်ဆောင်သူများသည် နေ့စဉ် လိမ္မော်
သီးစားပေးခြင်းဖြင့် ကိုယ်ခန္ဓာ အလှကို
ထိန်းထားနိုင်သည်။ အစာအာဟာရ
လည်းဖြစ်၊ ဆေးလည်းဖြစ်သည့်ပြင် အဆီ
ပိုများကိုလည်း လျော့ကျစေနိုင်ပါသည်။

လိမ္မော်သီး တစ်လုံးတွင် လူ
တစ်ဦးတွက် တစ်နေ့တာ ဗီတာမင်လို
အပ်မှု၏ ၇၅ မှ ၈၀ ရာခိုင်နှုန်းကို
ဖြည့်ဆည်းပေးနိုင်စွမ်း ရှိသည်။ ဗီတာမင်
စီ၏ ဆေးစွမ်းသတ္တိသည် နှလုံးရောဂါ
ကင်ဆာရောဂါနှင့် အိုမင်းရင့်ရော်ခြင်း
များကို ကာကွယ် တားဆီးပေးသည်။
အနာများကို ကျက်မြန်စေပြီး ရောဂါ
ဘယများကို ကာကွယ်ပေးသော ANTI-
OXIDANT ဖြစ်သည်။ ကောင်းသော
သက်စောင့်ဆေးလည်း ဖြစ်သည်။
ထို့ပြင် အစားအစာများ ပါဝင်သော
သံဓာတ်များကို ကိုယ်ခန္ဓာမှ ပို့မို
စုပ်ယူနိုင်စေရန် အထောက်အကူ
ဖြစ်စေသည်။

VITAMIN-C ဗီတာမင်စီ
ချို့တဲ့လျှင် သွားမခိုင်ခြင်း၊ သွားဖုံးနာပြီး
သွေးယိုဆင်းခြင်း၊ သွေးကြောများကို
ပျက်စီးလွယ်စေပြီး အရိုးအဆစ်များ
နာကျင်ခြင်း၊ အရေပြားများ ခြောက်သွေ့
တတ်ခြင်း၊ အားအင်ချည့်နဲ့ ကုန်ခမ်းခြင်း၊
သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျလွယ်
စေခြင်း၊ ရောဂါဝိုးများ အလွယ်တကူ
ကူးစက်ဝင်ရောက်နိုင်ခြင်း၊ အဖျိုးသား
များ၌ သုတ်ပိုးများကို လျော့နည်းပျက်စီး
စေခြင်းနှင့် မြုံခြင်းများကို ဖြစ်စေတတ်
ပါသည်။

လိမ္မော်သီးတွင် ကျန်းမာရေး
အတွက် အလွန်အရေးပါသော ဖိုက်တို
ကယ်မီကယ် ဓာတ်ပစ္စည်းများ ပါဝင်
သည်။ ယင်း ဓာတ်ပစ္စည်းများသည်
သဘာဝအပင်များကို အခြေခံ၍ ထုတ်
လုပ်ပေးသော ပစ္စည်းဖြစ်ပြီး အသက်
အရွယ်လိုက် ဖြစ်တတ်သည့် ရောဂါများ
ကို ကာကွယ်ပေးနိုင်သည်။ လိမ္မော်သီး
တွင် လူ့ခန္ဓာကိုယ် ကျန်းမာရေးအတွက်
ကောင်းကျိုး ဖြစ်စေနိုင်သော ဓာတ်
သဘာဝများ မြောက်မြားစွာ ပါဝင်ထား
သည်ဖြစ်၍ မိမိတို့ နေ့စဉ် စားသုံးရမည့်
အစားအသောက်များတွင် လိမ္မော်သီး
(သို့) လိမ္မော်သီးမရသော အစား
အသောက်များကို နေ့စဉ်ပါအောင်
စားသုံးပေးခြင်းဖြင့် တန်ဖိုးမဖြတ်နိုင်သော
ကျန်းမာရေးအကျိုးကို ရရှိခံစားနိုင်မည်
ဖြစ်သည်။ လိမ္မော်သီး အပါအဝင် အဝါ
ရောင်နှင့် အနီရောင် သစ်သီးဝလံများဖြစ်
သည့် သရက်သီးမှည့်၊ နာနတ်သီး၊
မရမ်းသီးမှည့်၊ သဘော်သီး၊ ရောင်စုံဖရဲ
သီး၊ စတော်ဘယ်ရီသီး၊ စပျစ်သီးရောင်စုံ
များတွင် လူ့ကျန်းမာရေးအတွက် အရေး
ပါလှသည့် ဗီတာမင်စီ သက်စောင့်ဓာတ်
ANTI-OXIDANT ဓာတ်နှင့် အခြား
သတ္တုဓာတ်များ ပါဝင်နေသဖြင့် နေ့စဉ်
စားသုံးသူများအတွက် အကျိုးများစေနိုင်
သည်။

ပန်းလို စမ်းလို လမင်းလို
သာယာချမ်းမြေ့ကြပါစေ

အောင်ဘုန်းမြင့် (ကရင်မြေ)

www.burmeseclassic.com

www.burmeseclassic.com

ဘုရား၊ တရား၊ သံဃာ

မဟာကပ္ပိန သစ္စာသုံးဂါထာ

တင့်ထူး(ဇေယျဝတီ)



စက်တင်ဘာလ ၊ ၂၀၁၄ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

လူတို့သည် တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့ တစ်ဒေသမှ အခြားတစ်ဒေသ တစ်ခုခုသို့ ကိစ္စကြီးငယ်ရှိ၍ သွားလာကြသည်။ တချို့က ရပ်ဝေးရှိ မိဘဆွေးမျိုးများထံ အလည်အပတ် သွားကြသည်။ တချို့က ဒေသအနှံ့ရှိ ဘုရားများသို့ ဘုရားဖူးခရီးသွား လာနေကြသည်။ ထိုသို့ ခရီးသွားလာကြသော အခါကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်စသည့် စီးစရာယာဉ်များကို စီးကာသွားလာ နိုင်ကြလေသည်။

ထိုကဲ့သို့ သွားလာကြသော အခါ မိမိတို့သွားရောက်ရာ ဒေသသို့ ကားလမ်း၊ ရထားလမ်း၊ ရေလမ်း၊ လေလမ်းများနှင့် စီးနင်းကြရကာ လမ်းခရီးတစ်လျှောက် မြစ်များ၊ ချောင်းများ၊ တောင်ကုန်း တောင်တန်းများ၊ သစ်တောများအား မြစ်ကူး၊ ချောင်းကူး တံတားကြီးများမှ ဖြတ်သန်း သွားလာကြရသည်။

ခေတ်က တဖြည်းဖြည်း ပြောင်းလာသည်နှင့်အမျှ လူတို့တွေး တော ကြံဆမှုကိုမှာလည်း ခေတ်မီတိုးတက်လာခဲ့၏ ။ ယခင်က ရန်ကုန်၊ မန္တလေးခရီးကို နှစ်ရက်ခန့်စီး၍ သွားလာခဲ့ရသော ခရီးကို ယခုအခါ နေ့ချင်းပြန် သွားနိုင်လာ၏ ။ ပဲခူးရိုးမ တောင်ခြေတစ်လျှောက်တွင် တောတောင်များကို ဖြတ်ကာအဝေးပြေး လမ်းမကြီး ဖောက်လုပ် ခဲ့သဖြင့် ထိုလမ်းမပေါ်တွင် အသွား တစ်လမ်း၊ အပြန်တစ်လမ်း ဖောက်ပေးထားရာ ယာဉ်များမှာ ရှေ့တူရှမှလာသော ကားများကို ရှောင်စရာ မလိုပဲ မိမိ လမ်းကြောတစ်လျှောက် မိုင်နှုန်းမြင့်၍ မောင်းနိုင်ကြသဖြင့် လိုရာခရီးသို့ အချိန်တို အတွင်း ရောက်နိုင်ခြင်းဖြစ်သည်။ ထိုသို့သော ခရီးလမ်းတစ်လျှောက်၌ ချောင်းကူးတံတားများ၊ အကွေ့ အကောက်များ၊ ကုန်းတက်၊ ကုန်းဆင်းကို ဖြတ်သန်းကြရ၏။ ထိုခရီးလမ်းတွင် အရှိန်မြင့်မောင်းကြ၍ မိမိမောင်းသော ကားအရှိန်ကို မထိန်းနိုင်သဖြင့် တံတားကို တိုက်ခြင်း၊ ယာဉ်တိမ်းမှောက်ခြင်း၊ ကားချောက်ထဲ ထိုးကျခြင်း၊ ရှေ့ကားကို ကျော်တက်ရာမှ တိုက်မိခြင်းများ ဖြစ်ကြသော မကြာခဏဆိုသလို ကားမှောက်သည့် သတင်းများ ကြားသိ ဖတ်ရှုကြရပြီး၊ လူများလည်း သေသူ၊ ဒဏ်ရာရသူများ ရှိခဲ့လေသည်။

မည်သည့် ယာဉ်ကိုပဲစီးစီး၊ မည်သည့်လမ်းကြောကပဲ သွားသွား ယာဉ်အန္တရာယ်ကတော့ တစ်နေ့မဟုတ်တစ်နေ့ တွေ့ကြုံကြရပေသည်။ တချို့က ခရီးတစ်ခုသွားမည်ဆိုလျှင် အိမ်မှမထွက်မီ ဘုရားဝတ်ပြု၊ မေတ္တာပို့၊ အန္တရာယ်ကင်း ဓာရဏပရိတ်၊ သမ္ဗုဒ္ဓေဂါထာတို့ကို ရွတ်ဖတ်ပူဇော် သွားကြသည်။ တချို့က မိမိတို့စီးနေသော ယာဉ်ပေါ်လိုက်ပါရင်းဖြင့် တစ်လမ်းလုံး ရွတ်ပွားလာကြသဖြင့် အန္တရာယ်ကင်းရှင်းစွဝဘေးမသီ၊ ရန်မခပဲ လိုရာခရီး ရောက်ခဲ့ကြလေသည်။

သို့ရာတွင် ရှေးခေတ်အခါက လမ်းပန်းဆက်သွယ်ရေးက မတိုးတက်သေးပေ၊ စီးသွားစရာ ယာဉ်ဆိုရှိလည်း

www.burmeseclassic.com

www.burmeseclassic.com

မြင်း၊ လှည်း၊ လှေ၊ သမ္မာန်များကိုသာ စီး၍ သွားလာကြရသည်။ လှေ၊ သမ္မာန် မရှိပါက မြစ်၊ ချောင်းတို့အား ကူးသွားရန် မလွယ်ကူပါ။ မသွားမဖြစ် ကူးဖြတ်ကြရမည်ဆိုလျှင် အန္တရာယ် တစ်စုံတစ်ရာ မကြုံကြရန် ဘုရားကိုသာ အာရုံပြု၍ သွားလာကြသဖြင့် ဘေးကင်းရှင်းနိုင်ကြလေသည်။

ထိုကဲ့သို့ ဘုရားဂုဏ်တော်များကို အာရုံပြုရွတ်ဆိုပြီး မြစ်ကိုလှေ၊ ဖောင်များနှင့် မဟုတ်ဘဲ မြင်းများဖြင့် ဖြတ်ကူးခဲ့ရာ မြေပြင်ပေါ်၌ကဲ့သို့ ပြေးလွှား ကူးသွားနိုင်ကာ မြင်းများ၏ ခွာများကိုပင် ရေကြည်တစ်ပေါက်မျှ မစွတ်စိုခဲ့ပေ။

ရတနာသုံးပါးကို ရည်စူး၍ ဘုရားဂုဏ်ကို အာရုံပြုကာ နှုတ်မှ ရွတ်ဆိုပြီး မြင်းများဖြင့် ကူးခဲ့သူမှာ မဟာကပ္ပိန မင်းကြီးပင်ဖြစ်သည်။ ထို မင်းကြီးသည် သုံးဂါထာ ရွတ်ဆိုပြီး မြစ်ကြီးသုံးမြစ်ကို မြင်းများဖြင့် ဖြတ်ကူးခဲ့ ခြင်းဖြစ်သည်။ ထိုမျှမက ကပ္ပပိန သစ္စာ သုံးဂါထာ ကိုဖော်ပြပေးလိုပါသည်။

ရှေးကကုက္ကုဋ္ဌဝတီပြည့်ရှင် မဟာကပ္ပိန မင်းကြီးသည် မြင်းသည်ကျော် လေးဦးတို့ကို စေလွှတ်၍ နေပြည်တော် ပတ်ဝန်းကျင်၌ ရတနာသုံးပါး သတင်းကို နေ့စဉ် စုံစမ်း စေခဲ့၏။ သို့သော် သတင်း ကောင်းမရပဲ ဖြစ်နေခဲ့၏ ။ တစ်နေ့၌ မင်းကြီးသည် အမတ်တစ်ထောင် ခြံရံလျက် မြင်းကိုယ်စီဖြင့် ဥယျာဉ်တော်သို့ ထွက်ခွာလာခဲ့လေသည်။ ထိုအခါ မင်းကြီးသည် နေပြည်တော်မှ ယူဇနာ (၁၂၀) ဝေးကွာသော သာဝတ္တိပြည်မှ လာကြသည့် ကုန်သည် ငါးရာကို တွေ့၍ သတင်းစကား မေးမြန်းရာ သာဝတ္တိပြည်တွင် ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ ပွင့်ထွန်းနေကြောင်း သတင်းကောင်းကို ကြားလိုက်ရသည်။ ထိုသတင်းကောင်း အတွက် မင်းကြီးသည် ရတနာတစ်ပါး အသပြာ တစ်သိန်းဖြင့် ဆုတော်ငွေ အသပြာ သုံးသိန်းကို ကုန်သည်ငါးရာအား ပေးသနား ပူဇော်လိုက်သည်။

"ကဲ···အမတ်ကြီးတို့ ရတနာသုံးပါး ပွင့်ထွန်းရာ မြတ်စွာဘုရားထံ ဆက်လက်သွားကြပြီး ရဟန်းပြုကြမယ်လေ"

ထိုဆုံးဖြတ်ချက်နှင့် သိန္ဓော မြင်း ကိုယ်စီစီး၍ သာဝတ္တိပြည်သို့ ထွက်ခဲ့ကြရာ လမ်းတွင် တစ်ဂါဝုတ်နက်၍ နှစ်ဂါ-ဝုတ်ကျယ်သော အပရစ္ဆာရ မြစ်ကြီးရှေ့က ဆီးနေသည်ကို တွေ့ကြလေသည်။

"မြစ်ကြီးဆီးနေလို့ တစ်ဘက်ကမ်းကို ကူးနိုင်ရန် လှေဖောင်မရှိဘဲ အခက်တွေ့နေလေတော့ ရတနာသုံးပါး ရည်စူးပြီး ဘုရားဂုဏ်ကိုသာ အာရုံပြုပြီး ကူးကြရတော့မှာပဲ"

မင်းကြီးလည်း ဘုရားဂုဏ်ကို အာရုံပြုကာ "ဘဝသောတံ ဟဝေ ဗုဒ္ဓေါ။

တိဏ္ဏော လောကန္တဂူ ပိဒူ။

ဧတေန သစ္စဝဇ္ဇေန၊

www.burmeseclassic.com

www.burmeseclassic.com

ဂမနံမေ

သမိဇ္ဇျတု ။ "

မူသော ပထမဂါထာကို ရွတ်ဆိုကာ ရတနာသုံးပါး၏ အာနုဘော်ကြောင့် "ဤရေသည် ရေကဲ့သို့ မဖြစ်ပါစေသတည်း"ဟု ရွတ်ဆိုကာ အခြံအရံ အမတ်တစ်ထောင်တို့ မြင်းများနှင့် ကူးကြ ရာ မြေပြင်ပေါ်၌ ကဲ့သို့ပြေးလွှားကြရသည်။ ခွာများကိုပင် ရေမစွတ်စိုခဲ့ပေ။

ထိုဂါထာအနက်မှာ-

"ဗုဒ္ဓေါ- ဗုဒ္ဓ အမည်ရ လောက ထွက်ထား မြတ်စွာဘုရားသည်၊ ဟဝေ၊ စင်စစ်၊ ဘဝသောတံ ဘဝ သုံးသွယ် ရေပြင်ကျယ်ကို။ တိဏ္ဏော- နိဗ္ဗာန် ထုတ်လျှောက် တူးမြောက်တော်မူပြီးလေပြီ။ လောကတန္တဂျ-လောက၏ အဆုံးသို့ ရောက်တော်မူလေပြီ။ ဝိဒူ- ခပ်သိမ်းသော တရားကိုပိုင်းခြား ထင်ထင်သိမြင်တော်မူလေပြီ။ တေနသစ္စ ဝဇ္ဇေ- ဝစီမင်္ဂလာ ဤသစ္စာ စကား ကြောင့် မေ-အကျွန်ုပ်၏ ဂမနံ-

မြတ်စွာဘုရားထံ မှောက်သွား ရောက်ခြင်းသည် သမိဇ္ဇိတု-ထမြောက် ကုလုံ ပြည့်စုံပါစေသတည်း။

မဟာကပ္ပိနမင်းကြီးနှင့် အမတ် တစ်ထောင်တို့သည် ထိုအပရစ္ဆာမြစ်ကို ကူး၍ ရှေ့သို့ခရီး ဆက်ခဲ့ကြရာ ယူဇနာ တစ်ဝက်နက်ပြီး ယူဇနာတစ်ဝက်ခန့် ကျယ်သော နီလဝါ ဟိနီ မြစ်ကြီးဆီနေ ပြန်၏ ။ ကူးရန်လေ၊ ဖောင်မရှိသဖြင့် တရားဂုဏ်ကို အာရုံ ပြု၍ ဒုတိယဂါထာ ရွတ်ဆိုပြန်သည်။

ထိုဂါထာမှာ

"ယဒိ သန္တိဂမော မဂ္ဂေါ။ မောက္ခော စစ္စန္တိ ကံသုခံ။ ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဇျတု။"

ထိုဂါထာအနက်မှာ-

"မဂ္ဂေါ-အရိယ မဂ်လေး ပါးသည်။ ယဒိ-စင်စစ်။ သန္တိဂမော-နိဗ္ဗာန် တုတ်လျှောက် ရောက်စေနိုင်၏။ မာက္ခောစံ-အရိယာ မဂ်ဖြင့်ရောက် အပ်သော နိဗ္ဗာန်တရား မြတ်သည်လည်း။ အစ္စန္တိကံ သုခံ-ချမ်းသာဝင်စစ် ဧကန်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ ဧတေနသစ္စဝဇ္ဇေန-ဝစီ မင်္ဂလာ ဣဿစ္စာ စကားကြောင့်။ မေ-အက္ခန်ပ်၏။ ဂမန်-မြတ်ဘုရားထံမှောက် သွားရောက်ခြင်း သည်။ သမိဇ္ဈတု-ထမြောက် ကုံလုံပြည့်စုံ ပါစေသတည်း။

မဟာကပ္ပိယန မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် နိလဝါဟိနီ မြစ်ကိုဖြတ်ကူး၍ ရှေ့သို့ခရီး ဆက်ခဲ့ကြပြန်ရာ တစ်ယူဇနာနက်ပြီး၊ တစ်ယူဇနာ ကျယ်သော စန္ဒဘာဂါ မြစ်ကြီးဆီးနေ ပြန်သည်ကို တွေ့ကြရပြန်ပါသည်။ မင်းကြီးလည်း မြစ်ကိုဖြတ်ကူးနိုင်ရန် လှေ၊ ဖောင်၊ မရှိခြင်းကြောင့် ရှေးနည်းတူ သံယုတ်ကို အောက်မေ့ကာ တတိယဂါထာကို ရွတ်ဆိုပြန်လေသည်။ ထိုတတိ ယဂါထာမှာ-

"သံယော ဝေတိက္ကာ ကန္တာရော၊ ပုညခေတ္တာ အနုတ္တရော။ ဧတေန သစ္စ ဝဇ္ဇေန၊ ဂမန် မေ သမိဇ္ဈတု။"

ထိုဂါထာအနက်မှာ-

"သံယော-အရိယာသံယာတော်မြတ်သည်။ ဝေ-စင်စစ်။ တိတ္ထာ ကန္တာရော သံသရာခရီးခဲကို ကူးမြောက်ပြီး ဖြစ်တော်မူပေ၏။ အနုတ္တရာ-အတုမရှိ လွန်မြတ်သီသော။ ပုညခေတ္တော-ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေစစ် ပုညခေတ်လည်း ဖြစ်ပါပေ၏။ ဧတေန၊ သစ္စဝဇ္ဇေန-ဝစီမင်္ဂလာ ဣဿစ္စာ စကား ကြောင့်။ မေ-အက္ခန်ပ်၏။ ဂမန်-မြတ် ဘုရားထံမှောက် သွားရောက်ခြင်းသည် သမိဇ္ဈတု-ထမြောက် ကုံလုံပြည့်စုံပါ စေသတည်း။

မဟာကပ္ပိန မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် စန္ဒဘာဂါ မြစ်ကို ဖြတ်ကူးကြပြီးနောက် မြတ်စွာဘုရားထံမှောက် ရောက်ရှိကြ၍ တရားနာကြသဖြင့် အားလုံးသောတာပတ္တိဖိုလ်၌ တည်ကြပြီး ဟေဘိက္ခု ရဟန်း ဖြစ်လာကြသည်။ ထို့နောက် ထိုရဟန်းတော် အားလုံးသည် ပဋိသမ္ဘိဒါပတ္တ ရဟန်း ချည်း ဖြစ်တော်မူကြလေသည်။

မဟာကပ္ပိန မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် မြတ်စွာဘုရားထံ သွားရောက်ကြကြောင်း ကုန်သည်ငါးရာ၏ ပြောကြားချက်အရ သိရှိရသော အနောဇာဒေဝီနှင့် အမတ်ကတော် တစ်ထောင်တို့သည် ယခုမဟာ ကပ္ပိနမင်းနှင့် အမတ်တစ်ထောင်တို့နည်းတူ မြတ်စွာဘုရားထံ လိုက်သွားကြရာ မြစ်သုံးမြစ်ကို ဖော်ပြခဲ့ပြီးသော ဂါထာသုံးဂါထာရွတ်၍ ကူးနိုင်ကြလေသည်။ မြတ်စွာဘုရားထံ ရောက်သော အခါ တရားတော်ကို အတူတကွ နာကြားရပြီး အားလုံးသောတပန် ဖြစ်ကြကာ ဥပ္ပလ ဝဏ္ဏထေရီမ၏ ဆောင်ရွက်ပေးမှုကြောင့် အားလုံး ဘိက္ခုနီမများ ဖြစ်လာကြလေသည်။

မြစ်များကို ဖြတ်ကူးကြရန် လှေမရှိ၊ ဖောင်မရှိသဖြင့် ဖြတ်ကူးရန် အခက်တွေ့ကြစဉ် ပထမဂါထာ ဖြစ်သော ဘုရားဂုဏ်ကို ရည်စူးကာ ရွတ်ဆိုခဲ့သဖြင့် ပရစ္ဆာမြစ်ကြီး၏ ရေပြင်တွင် မြေပြင်မှာကဲ့သို့ပင် မြင်းများဖြင့် ဖြတ်ကူးနိုင်ကြပြီး၊ မြင်းခွာများတွင် ရေတစ်ပေါက်မျှ မစိုခဲ့ပေ။

ဒုတိယ မြစ်ဖြစ်သော နိလဝါ

www.burmeseclassic.com

www.burmeseclassic.com

ဟိနီ မြစ်ကြီးသို့ ရောက်ကြပြန်လျှင် တရားဂုဏ်ကို အာရုံပြု၍ ဒုတိယ ဂါထာကို ရွတ်ဆိုပြန်သဖြင့် ရှေးနည်းတူ ပင် မြင်းများလည်း မြေပေါ်တွင် ကူးဖြတ် ရသကဲ့သို့ ခွာများကို ရေမစိုပဲ ကူးနိုင်ခဲ့ ကြပြန်သည်။

တတိယမြစ်ဖြစ်သော စန္ဒ ဘာဂါမြစ်သို့ ရောက်ကြပြန်၍ ဖြတ်ကူး ကြစဉ်တွင် သံယာ့ဂုဏ်ကို အောက် မေ့ကာ ဖြတ်ကူးကြသဖြင့် ရေပြင်မှာ မြေပြင်တွင် ကူးဖြတ် ရသကဲ့သို့ မြင်းခွာ များ ရေမစိုစွတ်ဘဲ ကူးမြောက်နိုင်ခဲ့ ကြလေသည်။

ထို့ကြောင့် မိမိတို့ ခရီး သွားလာကြရာတွင်လည်းကောင်း၊ စစ် ထွက်ရာတွင်လည်းကောင်း၊ အထက်ဖော် ပြပါ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံယာဂုဏ်တော်တို့ကို ရည်မှန်းလျက် မြစ်ကူးဂါထာ သုံးဂါထာကို ရွတ်ဆို သွားကြလျှင် လမ်းခရီး၌ အဆီးအတား အန္တရာယ်များ မုချကင်းရှင်း မည်သာ ဖြစ်သည်။ ရတနာသုံးပါး ဂုဏ်ကို အာရုံပြုကာ ယုံကြည်စွာ ရွတ်ဆိုသွား လာ ကြရန်ဖြစ်ပေသည်။ အဆီးအတား၊ အခက်အခဲ ဟူသမျှ ပြီးမြောက်စွာ ကျော်လွှားနိုင်ကြမည်ပင် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

တင့်ထူး (ဇေယျဝတီ)

ကျမ်းကိုး

ဗုဒ္ဓဘာသာကောင်း တစ် ယောက် (သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပျံ့ပွားရေး ဦးစီးဌာန)

Dear Marry
Online Shopping Myanmar
No (301/9) Padauk Street. Near Yuzana Plazar Mingalar Taung Nyunt
http://www.facebook.com/Dear Marry Myanmar
Contact-09 5136230/ 09 5036602/ 09 5172150

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်များသိထားသင့်သော
ဩကာသအဓိပ္ပာယ်
အရှင်ဥတ္တရသာရစာဆိုရှင်ဆရာတော်(ညောင်ဦး)

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

အနန္တငါးအင်-ကျေးဇူးရှင်တို့အား ဦးတင်ဂါရဝ-နှိမ်ချရှိကျိုး၊ သဒ္ဓါဖြိုးလျှက်-လက်စုံမိုးကာ၊ ရှိခိုးပါ၏။

ထိုသူသည် စားရေးသူနှင့်အလွန်ရင်းနှီးသူဖြစ်ပြီး၊ ကျောင်းသို့မကြာခဏဆိုသလိုရောက်ရှိလာတတ်ပေသည်။ ရောက်ရှိလာတိုင်းလည်းဘာသာရေးနှင့် ပတ်သက်သည့်အကြောင်းအရာများကို ဆွေးနွေးမေးမြန်းလေ့ရှိပါသည်။

ဒီနေ့ . . . . . ဗုဒ္ဓဘာသာဝင်တွေရဲ့ အခြေခံအကြောင်းရင်းဖြစ်တဲ့ "သြကာသ"နဲ့ပတ်သက်သမျှ အဓိပ္ပာယ်လေးတွေကို မေးလျှောက်ချင်ပါတယ်ဘုရား။

ကောင်းတာပေါ့ဒကာရာ . . . သြကာသကို ဗုဒ္ဓဘာသာဝင်တိုင်းရကြပါတယ်။ ဒါပေမဲ့ အဓိပ္ပာယ်ကြတော့ မသိသူတွေများတယ်ဒကာရဲ့။

မှန်ပါတယ်ဘုရား . . . "သူများယောင်လို့ယောင်၊ အမောင်တောင်မှန်းမြောက်မှန်းမသိ" ဆိုသလိုပါပဲ၊ ဘုရားရဲ့ရှေ့ သံယာတော်တွေရှေ့မှာ သူများဆိုလို့ ဆိုလိုက်တာပဲရှိတယ်။ အဓိပ္ပာယ်ကြတော့၊ တပည့်တော်ကစမသိခဲ့ပါဘူး။

အဲဒါကြောင့် . . . ဒီနေ့တော့ သြကာသနဲ့ပတ်သက်တဲ့အဓိပ္ပာယ်ကို အရှင်ဘုရားကအမိန့်ရှိပေးပါလို့ လျှောက် ထားပါရစေဘုရား။

× × ×

သြကာသအဓိပ္ပာယ်သိမှတ်ဖွယ် နိဒါန်းစကား

"ဒကာထွန်းကျောင်းကိုမပေါ်လာတာ အတော်ကြာပြီနော်" စာရေးသူသည် ကျောင်းထဲသို့ ဝင်လာသော ဒကာထွန်းအား ထိုကဲ့သို့ နှုတ်ခွန်းဆက်စကားဆိုလိုက်သည်။

"အိမ်ယာတည်ထောင်၊ လူတို့ဘောင်ဆိုတာ၊ ကိစ္စကြီးငယ်၊ အသွယ်သွယ်နှင့်၊ ရှုပ်ထွေးပွေလီလှပါတယ်ဘုရား"၊ အဲဒါကြောင့်ကျောင်းကို မလာဖြစ်တာပါ။

ဟ . . . ဒကာ့စကားက၊ အလာကြီးပါလား။

ဩော် . . . ဆရာတော်ရဲ့တပည့်ပဲ၊ ဒီလောက်တော့ရှိမှာပေါ့။ ဟိုတစ်နေ့ကပဲ "ကိစ္စများမြောင် . . . လူတို့ဘောင်" လို့အရှင်ဘုရားပဲ မိန့်လိုက်သေးတယ်လေ . . .။

အင်း . . . ဟုတ်ပေသားပဲ . . . လက်စသတ်တော့၊ ဒကာက ဆရာ့အာဘော်နဲ့ ပြန်ဆော်လိုက်တဲ့ သဘောပေါ့လေ။

ဒီလိုလည်းမဟုတ်ပါဘူး၊ မှန်တာကိုလျှောက်ထားတာပါ။ အိမ်မှာကတပည့်တော် မရှိရင်မဖြစ်ဘူးလေဘုရား။

ဟုတ်ပါပြီဗျာ . . . ဟုတ်ပါပြီ။ ဒီနေ့ကောဘာတွေများ၊ ဆွေးနွေးမေးမြန်းမယ်လို့၊ စိတ်ကူးလာခဲ့သလဲ။

ဒကာထွန်းဆိုသည်မှာ . . ပုဂံမြို့ G-1 ခန်းလောင်းရပ်တွင်နေထိုင်ပြီး "ခွန်းချိုသာ-ဂက်(စ်)ရောင်းဝယ်ရေး" ဖြင့် အသက်မွေးဝမ်းကြောင်းပြုလျှက် ဘာသာရေး၊ သာသနာရေးတိစ္စ

www.burmeseclassic.com

www.burmeseclassic.com

သားပဲနော်။

ကဲပါဗျာ ဒါတွေထားပါတော့ လို့ရင်းမရောက်ဘဲနေရော့မယ် . . သြကာသဆိုတာ အမှန်တော့ပါဠိစကား ပါ မြန်မာလိုကြတော့ "အခွင့်" လို့ပြန်ဆို တယ် . . . တပည့်တော် ကန်တော့ပါရစေ ခွင့်ပေးတော်မူပါလို့ ခွင့်တောင်းခြင်းအဓိပ္ပာယ်ပါပဲ ဒါကိုလေးစားရာကြအောင် သြကာသ၊ သြကာသလို့ နှစ်ကြိမ်ရွတ်ဆိုခြင်းပါပဲ။

တချို့အရပ်ဒေသတွေမှာ သုံးကြိမ်ဆိုတာတပည့်တော် တွေ့ဘူးတယ်။ ဒကာဆိုသလို သုံးကြိမ်ဆိုလည်းမမှားပါဘူး ပိုပြီးလေးစားရာကြတာပေါ့။

မှန်ပါဘုရား။

ကဲသုံးပါးအကြောင်း သိကောင်းစရာ

. . . ကဲသုံးပါးဆိုတာကိုတော့ ဒကာသိပြီးဖြစ်မှာပါ။

ကဲသုံးပါးဆိုတာ . . . (၁)၊ကာယက် (၂)ဝစီက် (၃) မနောက်တွေ ကို လက်အုပ်မိုး၍ ရိုရိုးပူတော်၊ ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအား ကြောင့်၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ပြိမ်းသည်ဖြစ်၍ မင်္ဂလာတရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို လျင်မြန်စွာရပါလိုခြင်း အရှင်ဘုရား။

× × ×

"ဒကာက သြကာသကို တိကျပြတ်သားစွာ ဆိုချလိုက်တာ တော်တော် ဂုဏ်သားပဲ"

ဟာ . . . အရှင်ဘုရားက မြှောက်နေပြန်ပြီ။

မမြှောက်ပါဘူးဒကာရာ . . . အမှန်ပြောတာပါ၊ အမှန်ပြောရင် သံယောဇဉ်လို့ ဆိုကြလေမလား မသိဘူးနော်။

ဟဲ . . . ဟဲ . . . အရှင်ဘုရား ကလည်း ဒီလိုစာသားလေးတွေလဲ ရ

များကို တစ်ဖက်တစ်လမ်းက၊ တတ်စွမ်းသမျှ ဆောင်ရွက်နေသူ၊ ဦးနှိုင်ထွန်း ဆိုသူပင်ဖြစ်သည်။

× × ×

သြကာသ အဓိပ္ပာယ်

ကဲ . . . ဒါဆိုသြကာသတော့ ငါ့ဒကာ ရတယ် မဟုတ်လား။ ဟာ အရှင်ဘုရားက၊ လုပ်ချလိုက်ပြန်ပြီ၊ သြကာသတော့ရပါသေးတယ်ဘုရား။

စတာပါ၊ ဒကာရာ၊ ကဲ . . . သြကာသကန်တော့ချီးလေးကို ဆိုကြည့်လိုက်စမ်းပါဦး။

ဒါဆိုအရှင်ဘုရားနားထောင်၊ တပည့်တော်ဆိုပြမယ်

သြကာသ . . . သြကာသ . . . ကာယက်၊ ဝစီက်၊ မနောက်၊ သမ္မဒေါ သခပ်သိမ်းသော - အပြစ်တို့ကို-ပျောက်ပါစေခြင်းအကျိုးတို့၊ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မြောက်အောင်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ် သုံးပါးတို့ကို အရိုအသေ အလေးအမြတ်

www.burmeseclassic.com

www.burmeseclassic.com

ပြောတာလား။

ဟုတ်ပါတယ် ကံသုံးပါးရဲ့ အဓိပ္ပာယ်ကို ရှင်းပြပမယ် . . . မှန်ပါဘုရား . . .

၁။ ကာယကံဆို=ကိုယ့်ဖြင့် လွန်ပြုလုပ်ခြင်း။

၂။ ဝစီကံဆိုတာ=နှုတ်ဖြင့် ပြစ်မှားပြောဆိုခြင်း။

၃။ မနောကံဆိုတာ=စိတ်ဖြင့် ပြစ်မှားခြင်းကိုဆိုလိုတာပါ ဒီနေရာမှာ ကာယကံက သုံးပါးကွဲပြားပြန်တယ်။

ကာယကံသုံးပါးကကောဘာတွေလဲဘုရား

ကာယကံသုံးပါးက=

၁။ ပါဏာတိပါတ= သူ့အသက်ကို သတ်ဖြင်း။

၂။ အဒိန္ဒဒါန= သူတပါးဥစ္စာကိုခိုးယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရ= သူတပါးသားမယားကိုပြစ်မှားကျူးလွန်ခြင်းတို့ပါပဲ= နောက်ပြီး ဝစီကံကလည်းလေးပါးရှိသေးသဗျ။

. . . ဆက်ပြီးမိန့်ပါဘုရား . . .

၁။ မုသာဝါဒ = မဟုတ်မမှန်တဲ့စကားကိုပြောဆိုခြင်း။

၂။ ပိသုဏဝါစာ = ချစ်သူနှစ်ဦးတို့ရဲ့ အချစ်ကိုပျက်ပြားအောင် ချောပြစ်ကုန်းတိုက်ခြင်း။

၃။ ဖရုသဝါစာ= ရုန်းရင်းကြမ်းတမ်းတဲ့စကားကို ပြောဆိုခြင်း။

၄။ သမ္ဖပ္ပလာပဝါစာ= ချမ်းသာစီးပွားကိုဖျက်ဆီးတတ်တဲ့ပြိန်ဖျင်းတဲ့ စကားကိုပြောဆိုခြင်းတို့ပါပဲ ပြိန်ဖျင်းတဲ့စကားဆိုလို့= တပည့်တော်လျှောက်ထားပရစေ။

ဒကာကဘာကိုများလျှောက်ထားခြင်းလို့လဲ

ဟို ရုပ်ရှင်ဇာတ်ပွဲ၊ ဘောလုံးပွဲအကြောင်းတွေကို ပြောတာလည်း ပြိန်ဖျင်းတဲ့စကားတွေ မဖြစ်ဘူးလားဘုရား

ဖြစ်တာပေါ့ ဒကာရော . . . ဘာမှအရည်မရအဖတ်မရ အချိန်ကုန်ခံပြီး တချို့လူတွေကဘာပြုလို့များ ဒီစကားတွေကို ပြောနေကြလလဲမသိဘူးနော်။

. . . ဒါတော့လည်း တပည့်တော်မသိပါဘုရား . . .

အဲဒီစကားတွေပြောနေမဲ့အစား . . . ဟို . . . အကြောင်းပြောတာကမှ ကိုယ့်အတွက်အကျိုးရှိလိမ့်မယ်ထင်တယ်ဒကာရဲ့ . . .။

ဘာအကြောင်းလည်းဘုရား အရှင်ဘုရားကလည်း ရှင်းရှင်းလေးမိန့်တော်မူမှပေါ့။

ဟိုလေဗျာ . . . စောစောက ပြောခဲ့တဲ့ "အမှန်ပြောရင်သံယောဇဉ်" ဆိုတဲ့အကြောင်းလေးကိုပေါ့ဗျာ။

ဟာ . . . အရှင်ဘုရားကတော့ လုပ်ရော့မယ် . . . သံယောဇဉ်ဆိုမှတော့ ဘယ်မှာကောင်းကျိုးပေးနိုင်တဲ့စကားဖြစ်ပါတော့မလဲဘုရာ။

ဒကာကကောင်းကျိုးပေးတဲ့ သံယောဇဉ်ဇာတ်လမ်းလေးတွေကို မတွေ့ဘူး မဖတ်ဖူးဘူးနဲ့တူတယ်။

www.burmeseclassic.com

www.burmeseclassic.com

. . . မတွေ့ဘူး-မဖတ်ဖူးပါဘူး ဘုရား။

ဒါဆို ကျွန်ုပ်ပြောပြမယ် နားထောင် ဇာတ်လမ်းအစမှာ စာရေးဆရာက ခုလိုရေးထားတာကိုတွေ့ရတယ်ဗျ။

တကယ် တော့ တဲ့ . . . သံယောဇဉ်ဆို တာအေးမြတဲ့ အရာအဟုတ်လို့ အစကမချစ်ခဲ့ကြရင် ကောင်းသားတဲ့ဗျ . . . နောက်ပြီး . . . သံယောဇဉ်တို့မည်သည် ငြိတွယ်ကပ်တတ်တဲ့အရာဖြစ်သလို ဖြတ်တောက်ရန်လည်း လွန်စွာခက်ခဲသော အရာဖြစ်ပါ၏ လို့ရေးထားတယ် ဒကာရေ။

. . . စာသားကအရမ်းကောင်းတာပဲနော် . . . တပည့်တော်တောင် စိတ်ဝင်စားလာပြီး ဆက်ပြီးဖိန့်ပါဦး။

ဟဲ . . . ဟဲ . . . ဖိန့်ပါမယ် ဒကာရယ် အဲဒီဇာတ်လမ်းကဒီလိုဗျ ဘုရားရှင် လက် ထက် အခါကပေါ့ မယားဟောင်းရဲ့လှည့်ပတ်ဖြားယောင်းခြင်းကို ခံခဲ့ရရှာတဲ့ ရဟန်းတစ်ပါးရှိခဲ့ဘူးတယ်။ အဲဒီရဟန်းဟာ သာသနာ့ဘောင်မှာ ပျော်မွေ့နေစဉ်မှာပဲ၊ မယားဟောင်းက ယခုလိုအကြံဖြစ်သတဲ့။

ဘယ်လိုအကြံမျိုးလဲဘုရား . . .

မောင်တော်ဟာအရင်ကလို ငါ့အပေါ်မှာထားခဲ့တဲ့ သံယောဇဉ်တွေ ယခုအချိန်မှာတကယ်ပဲပြတ်နိုင်သလား မပြတ်နိုင်ဘူးလားဆိုတာသိရအောင် စုံစမ်းဦးမှသင့်မည်ဟု အကြံဖြစ်ပါသတဲ့ ဒကာရေ အဲဒီလို အကြံဖြစ်တဲ့အဝိုင်း မိမိအိမ်မှာ ဆွမ်းခံကြွလာခိုက်မှာပဲ ယခုလိုလျှောက်ထားလိုက်ပါတယ်။

"အရှင်ဘုရားကတော့ ရဟန်းဘဝနဲ့ ရဟန်းတရားကို အားထုတ်ပြီး ဟောဒီ သာဝတ္ထိပြည်မှာပဲ နေခဲ့ပါတော့ တပည့်တော်မမှာက မိန်းမသားကြီးပဲ ဆိုတော့ အားကိုးစရာမရှိဘူး အဲဒါကြောင့် တပည့်တော်မ အိမ်ထောင်ပြုပြီး တခြား ရွာဂါလိုက်သွားမလို့ပါဘုရား" လို့ လျှောက်ထားလိုက်သတဲ့ဒကာရဲ့။

ဒီလိုလျှောက်ထားလိုက်တော့ ရဟန်းရင်ထဲမှာ သောကမီးတောက်တွေ တဟုန်းဟုန်းတောက်လောင်ပေါ့ နော်ဘုရား။

ဩော် . . . ဒကာရယ် ဒီရဟန်းက ပုထုဇဉ်ရဟန်းအဆင့်ပဲရှိသေးတာဆိုတော့၊ သောက ကတော့ပြောမပြတတ်အောင်ခံစားရပြီပေါ့ဗျာ . . . ။

. . . ရဟန်းကကော ဘယ်လိုပြန်ပြောလိုက်သေးလဲ . . .

ရဟန်းကတော့ဝမ်းနည်းကြေကွဲသံလေးနဲ့ ခုလိုပြောလိုက်ပါတယ် "ရှင်မရယ် . . . ရှင်မထံကဒီစကားသံကိုကြားရတော့၊ ရင်ထဲမှာမချိအောင် ခံစားရပါတယ်၊ ငါလည်းရှင်မနဲ့မခွဲနိုင်ပါဘူး။ အဲဒါကြောင့် နောက်ထပ်လည်း အိမ်ထောင်မပြုရန် တောင်းပန်ပါတယ်။ ငါလည်း ခုပဲသီကွာချလူထွက်ပြီး အိမ်ကိုပြန်လာခဲ့ပမယ်ကွာ၊ ငါ့တွက် ပုဆိုးနဲ့အင်္ကျီသာပေးလိုက်ပါ" လို့ပြောပြီး ကျောင်းကို ပြန်ကြွသွားပါတယ်၊ ကျောင်းရောက်တယ်ဆိုရင်ပဲ ဘုရားထသွားပြီးအကြောင်းစုံကို လျှောက်ထားလိုက်ပါသတဲ့။ ဒီအခါကျမှ ဘုရားရှင်က ဟောဒီရဟန်းဟာ အဲဒီမိန်းမရဲ့လှည့်

www.burmeseclassic.com

ပတ်ခြင်းကိုခံခဲ့ရသည်မှာ ယခုဘဝတွင် မဟုတ်သေးရှေးအတိတ်ဘဝကလည်း အသက်တောင်အသေခံခဲ့ရဘူးပေသည် ဟုမိန့်တော်မူပြီး ဘုရားရှင်ကအတိတ် အကြောင်းကို ပြန်လည်ဟောပြကာ တရားရေအေားအမြိုက်ဆေးကို တိုက်ကြွေးလိုက်သဖြင့် သောတာပတ္တိမဂ်သို့ တည်စေခဲ့ပါသည်။ နောက်ဆုံးလူမ ထွက်ဖြစ်တော့ပဲ သာသနာဘောင်မှာ ထာဝရ ပျော်ပိုက်သွားတယ်ဆိုပါတော့ ဒကာရယ်။

ဟင် . . . ဒါဆိုအရှင်ဘုရား ပြောတဲ့သံယောဇဉ်ဆိုတဲ့အကြောင်း နဲ့ ဘာဆိုင်လို့တုန်းဘုရား . . .

ဆိုင်တာပေါ့ဗျာ . . . ဆိုင်တာပေါ့ ဒီဇာတ်လမ်းကိုကြည့်မယ်ဆိုရင် ရဟန်းက မယားဟောင်းအပေါ်မှာ ကြီးမားတဲ့သံယောဇဉ်သာမရှိခဲ့ဘူးဆိုရင် လူပြန်ထွက်လိုတဲ့စိတ် ဖြစ်ပေါ်လာနိုင်ပါ့မလား။

. . . မဖြစ်ပေါ်နိုင်ပါဘူးဘုရား။ ရဟန်းက မယားဟောင်းရဲ့ အပေါ်မှာ ကြီးမားတဲ့သံယောဇဉ်တရား ထားရှိခဲ့တဲ့အကြောင်းတရားကြောင့် တရားထူးတရားမြတ်ကိုရရှိပြီး လူပြန်မ ထွက်ခြင်းဆိုတဲ့ အကျိုးထူးတရားကို ရရှိသွားတာ သံယောဇဉ်ကြောင့်ပဲ မဟုတ်ဘူးလား။

ဟုတ်ပါတယ်ဘုရား။

အဲဒါကြောင့် ဘုရားရှင်ဟောကြားခဲ့တဲ့ ဇာတ်နိပါတ်တွေနဲ့ ပတ်သက်တဲ့ တရားနဲ့ရှင်းပြီးဖြစ်ပေါ်လာတဲ့ သံယောဇဉ် အကြောင်းတွေကို ပြောကြမယ်ဆိုရင် ပြိန်ဖျင်းတဲ့စကား မဖြစ်တော့ဘူးပေါ့ဗျာ . . .

ဟုတ်ပြီ . . . ဟုတ်ပြီ . . . အရှင်ဘုရားယခုလို လိပ်ပတ်လည်အောင်ရှင်းပြမှပဲ တပည့်တော် သဘောပေါက်တော့တယ် ဒါဆိုဘုရားနဲ့ယှဉ်ပြီး ပြောဆိုတဲ့ သံယောဇဉ်စကားတွေဟာ ပြိန်ဖျင်းတဲ့စကားတွေ မဖြစ်တော့ဘူး ဆိုတာ သေချာတာပေါ့နော်

သေချာတာပေါ့ ဒကာရယ်။ ကဲ . . . မနောက် အကြောင်းကိုဆက် လိုက်ကြဦးစို့ . . .

မနောက်ဆိုတာလည်း သုံးပါး ပဲပြားတယ်။

၁။ အဘိဇ္ဈာ - သူတပါးရဲ့စည်းစိမ်ဥစ္စာ ကို မိမိ၏စည်းစိမ်ဥစ္စာဖြစ်အောင် ရှေ့ ရှုကြံစည်ခြင်း။

၂။ ဗျာပါဒ - သူတစ်ပါးပျက်စီး ကြောင်းရေရွတ်ကြံစည်ခြင်း။

၃။ မစ္ဆာဒိဋ္ဌိ - မှားသောအယူကို ယူခြင်း . . . တို့ပါပဲ . . .

သဗ္ဗဒေါသဆိုတာကကော ဘာကိုဆိုလိုတာလည်းဘုရား။

သဗ္ဗဒေါသဆိုတာ ကာယကံ ဝစီကံ မနောကံ အပြစ်တွေကိုပင် (သဗ္ဗဒေါသ) ခပ်သိမ်းသော အပြစ်လို့ ဆိုလိုတာပါ အဲဒီအပြစ်တွေပပျောက်စေခြင်း အကျိုးတရာ ဗထမ-ဒုတိယ-တတိယ -တစ်ကြိမ်-နှစ်ကြိမ်-သုံးကြိမ် မြောက်အောင်-ဘုရားရတနာ-တရားရတနာ-သံဃာရတနာ-ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ်လက်အုပ်မိုးချီ ရှိခိုးပူဇော်

www.burmeseclassic.com

www.burmeseclassic.com

ပြောပြမယ်...။

...အဓိန္ဒရိယဘုရား-

မိဘ၊ စေတီ၊ ဗောဓိပင်၊ ရဟန်းသံဃာ၊ အစရှိတဲ့ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့အပေါ်မှာ၊ တစ်ခုခုနဲ့ပြစ်မှားမိရင် ပြုမိတဲ့အပြစ်ကို ဝန်ချ တောင်းပန်ပါ။ ကန်တော့်ပါတဲ့၊ အဲဒီလို ဝန်ချတောင်းပန်ကန်တော့လိုက်တာနဲ့တပြိုင်နက်၊ မိမိပြုမိတဲ့ မကောင်းမှုဟာနဂိုအတိုင်းကျေပျောက်သွားမယ်တဲ့၊ ဝန်ချတောင်းပန်ကန်တော့လိုက်ခြင်းဟာ ရလတ္တံ့ ဖြစ်တဲ့မကောင်းကျိုးကို တားမြစ်လိုက်တဲ့အတွက် အဟောသိကံဖြစ်ပြီး၊ မကောင်းကျိုးကိုမပေးနိုင်တော့ဘူးတဲ့၊ ဒါတင်မကပါဘူးတဲ့ ရောက်သင့်ရောက်ထိုက်တဲ့၊ နတ်ပြည်၊ သုဂတိကိုလည်း ရောက်နိုင်တယ်၊ ရသင့်ရထိုက်တဲ့ ဈာန်မဂ်ဖိုလ်ကိုလည်းရနိုင်တယ်လို့ ပြဆိုထားတယ်ဗျ...။

ဒါဆိုပြုမိတဲ့အပြစ်ကို တောင်းပန်ကန်တော့ရင်ကျေပျောက်နိုင်တယ်လို့ဆိုရမှာပေါ့နော်ဘုရား။

ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရားလို့ ဆိုရတာပါ။

"ကန်တော့မိ၏ဆိုတဲ့ အဓိပ္ပာယ်ကကောဘယ်လိုလဲ"

ဟာ...ဒီဒကာကလည်း ဒီလောက် အဓိပ္ပာယ်လေးတောင် မသိတော့ဘူးလား"

ဩော်...အရှင်ဘုရားက လည်း မသိလို့မေးတာပေါ့ဘုရား အရှင်ဘုရားပဲ "မသိမေး မစင်ဆေး" ဆိုဟိုတနေ့ပဲ မိန့်လိုက်သေးတယ်လေ။

ဟုတ်ပါပြီဗျာ...ဟုတ်ပါပြီ ကန်တော့တယ်ဆိုတာ ရှိခိုးခြင်း -ပူဇော်ခြင်း - ဝန်ချတောင်းပန်ခြင်းလို့ အဓိပ္ပာယ် ဖွင့်ပါတယ်။

ကန်တော့တယ်ဆို တာ၊ ဘယ်လိုပုဂ္ဂိုလ်ဖြစ်သင့်သလဲ...နောက်ပြီး ကန်တော့ရတဲ့ အကျိုးတရားတွေ ဘယ်လိုအကျိုးတရားတွေရရှိမှာလဲ ဘုရား။

ဒါကိုအတိုချုပ်ရှင်းပြမယ်... .... ဘုရား...တရား...သံဃာ၊ မိဘဆရာသမား၊ အတိုးအဘွား၊ အသက်ကြီးတဲ့လူကြီးသူမများ စတဲ့ပုဂ္ဂိုလ်တွေဟာ ကန်တော့ခံထိုက်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြပါတယ်။

ကန်တော့ရတဲ့အကျိုးတရား ကတော့ - အဲဒီဘုရား၊ တရား၊ သံဃာအစရှိတဲ့ ကန်တော့ခံပုဂ္ဂိုလ်တွေရဲ့အပေါ်မှာ ကာယကံ-ဝစီကံ-မနောကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် အပြုမှား၊ အပြောမှား၊ အကြံစည်မှားတွေ ဖြစ်ခဲ့ရင် လက်အုပ်ချီပိုးရှိခိုးကန်တော့လိုက်မည်ဆိုပါက အဲဒီပြစ်မှားကျူးလွန်မိသည့် အပြစ်တွေကင်းစင်ပျောက်နိုင်တဲ့ အကျိုးတရားတွေရရှိနိုင်တာပေါ့ ဒကာရာ။

ဒီလိုဆို...ပြစ်မှားကျူးလွန်မိတဲ့အပြစ်တွေကို ဝန်ချတောင်းပန်ရင် ကျေပျောက်နိုင်ပါသလားဘုရား။

အဲဒီအမေးနဲ့ပတ်သက်ပြီး ရဝေနွယ်(အင်းမ)ရဲ့ ဘဝတိုင်းဆုံတွေ့ချင်ပါသလားနှင့် ဘာသာရေးလမ်းညွှန်မှုစာစုများ-စာအုပ်မှာတွေ့ရှိခဲ့တာကို

www.burmeseclassic.com

www.burmeseclassic.com

ဆိုရမှာပေါ့ဒကာရယ် . . . ဒါပေမဲ့ . . . တစ်ခုတော့ရှိသေးသဗျ . . . တောင်းပန်ကန်တော့လို့ရတိုင်း အပြစ်တွေကျေမယ်ဆိုရင်၊ အပြစ်ကိုကျူးလွန်လိုက်၊ တောင်းပန်ကန်တော့လိုက်၊ အပြစ်တွေကျူးလွန်လိုက် တောင်းပန်ကန်တော့လိုက်၊ အဲဒီလိုမျိုးတော့ မဖြစ်သင့်ဘူးပေါ့ဗျာ တောင်းပန်ကန်တော့ပြီဆိုကတည်းက "အာယတီသံဝရ" စိတ်တော့ရှိရမှာပေါ့။

ဒါဆို "အာယတီသံဝရ" စိတ်ဆိုတာ ဘယ်လိုစိတ်မျိုးကိုပြောတာလဲဘုရား။

အာယတီသံဝရစိတ်ဆိုတာ နောင်အခါ ဒီလိုမကောင်းမှုမျိုးကို ဘယ်သောအခါမှ မပြုလုပ်တော့ပါဘူး အသက်ထက်ဆုံးစောင့်ထိန်းပါ့မယ်ဆိုတဲ့ ဝန်ခံကတိပြုတဲ့စိတ်ပေါ့ဗျာ

တော်သေးတာပေါ့ဘုရား ဒီလိုမှမလုပ်ရင် မကောင်းမှုပြုချင်သူအတွက် အခွင့်ကောင်းတစ်ခုလိုဖြစ်နေမှာပေါ့နော်။

ဟုတ်တာပေါ့ဒကာရာ . . .

ဒီကနေ့ အရှင်ဘုရားအမိန့်ရှိလို့သိလိုက်ရတဲ့၊ အသိပညာတွေကတပည့်တော်အတွက်၊ အဖိုးမဖြတ်နိုင်တဲ့ရတန်ဂုပ်ကြီးကို ရလိုက်သလိုပါပဲဘုရား။

ဩော် . . . ရတနာထုပ်ဆိုလို့၊ ရတနာနဲ့ပတ်သက်ပြီး၊ ခုမှသတိရမိတယ်၊ ရတနာသုံးပါးထဲက၊ ရတနာအကြောင်းကို မပြောဖြစ်ခဲ့ဘူး၊ အဲဒီရတနာအကြောင်းကို ပြောရဦးမယ်။

ကောင်းတာပေါ့ဘုရား။

အရှင်ဥတ္တရသာရ

စာဆိုရှင်ဆရာတော်(ညောင်ဦး)

ရှေ့လဆက်ရန်

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း
ရန်ကုန်ဖြန့်ချိရေးနှင့် အထူးကိုယ်စားလှယ်

တောဦး တပေ

၃၁-လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



သင့်ကျန်းမာရေး

ဒေါက်တာလွင်သန့်(ဆေး-၂)

ဆီးနှင့်ဆေးကြိမ်းများ

၆၀

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကပ်နှစ်လုံးဟာ သွေးထဲမှ မလိုတဲ့ ပစ္စည်းများကို ဆီးအဖြစ် စစ်ထုတ်ပြီး၊ ခန္ဓာကိုယ်ပြင်ပသို့ စွန့်ပစ်ခြင်း မပြုမီ "ဆီးအိတ်"က သိုလှောင်ထားကြသည်။ ရောဂါအမျိုးမျိုးဖြစ်နိုင်တယ်။

ယောကျ်ား၊ မိန်းမ၊ လိင်အင်္ဂါများ၊ ဆီးစွန့်ဖို့ ဆီးနှင့်ကျောက်ကပ်တို့ တိုက်ရိုက်စွန့်ပစ်ခြင်း မပြုမီ၊ ဆီးအိတ်မှာ သိုလှောင်ထားတယ်။ ဆီးများကို ဆီးအိမ်မှ ဆီးလမ်းကြောင်းအတိုင်း စွန့်ပစ်ခြင်း မပြုမီ ဆီးအိမ်အတွင်း ဆီး လက်ကျန်များ လာခြင်း၊ ပိုးဝင်ရောက်ခြင်း ဖြစ်တတ်တယ်။

ဆီးအိမ်နှင့် တည်နေရာ ဆီးအိမ်အတွင်း၌ ဆီးရည်မရှိတဲ့အခါ ဆီးအိမ်က တင်ပဆုံထဲတည်ရှိတယ်။ အပြောင်းအလဲ သိပ်မရှိပဲ။ ကိုယ်ထည်အပေါ်ပိုင်းဟာ အထက်ဘက်သို့ ပူဖောင်းပူဖောင်းပါက ပူဖောင်းတတ်က ဆီးလျော့သွားရင် ပူဖောင်းတာ လျော့သွားတယ်။ ဆီးအိမ်ကို ကြွက်သားနဲ့ တည်ဆောက်ထားတယ်။ ဆီးအိမ်ဟာ မျက်နှာ (၃) ခု ပါတဲ့ ပိရမစ်နဲ့တူတယ်။ ဆီးအိတ်ကို အကာ (၅) လွှာနဲ့ တည်ဆောက်ထားတယ်။

ဆီးအိတ်ထဲ ဆီးများများ စုဆောင်းထားနိုင်ပြီး အနည်းဆုံး (၆) အောင်စမှ (၂၄) အောင်စထိ လက်ခံသိုလှောင်နိုင်တယ်။ ကျောက်ကပ်နှစ်ခုက သွေးထဲမှ အညစ်အကြေးကို ဆီးရည်အဖြစ်၊ ဆီးအိတ်စီ စွန့်ပစ်လျက်ရှိတယ်။ ဆီးပြွန် (ကျောက်ကပ်)မှ ဆီးအိတ်သို့ သွယ်တန်းကာ (၁၂) လက်မခန့်ရှည်တယ်။ ဆီးအိတ်အတွင်း ဆီးရည်များ ပြည့်တင်းခြင်း ဖြစ်သောအခါ ဆီးရည်စွန့်ပြွန်ဖြစ်စေပြီး အပြင်သို့ စွန့်ထုတ်တယ်။ ဆီးပမာဏ အနည်းအများအလိုက် ဆုံးရှုံးသွားတဲ့ ရေပမာဏကို သောက်သုံးပေးရပါမယ်။ ခုအခါ ဆီးစက်အနာယူခြင်းနှင့် ဆီးလမ်းကြောင်းအနာပေးတတ်တယ်။

ကိုယ်ဝန်ဆောင်မိခင်ဟာ လရင့်လာတာနှင့်အမျှ ဆီးခဏခဏသွားတတ်တယ်။ ဘာလို့လဲဆိုတော့ သန္ဓေဆားဟာ ဆီးအိတ်ပေါ်တက်ပြီး ထိုင်နေသလိုဖြစ်ရင် သူရဲ့အလေးချိန်ကြောင့် ဆီးမကြာခဏထွက်ခြင်း ဖြစ်တယ်။ အချို့ ဟင်းခတ်အမွှေးအကြိုင်များက ဆီးအိတ်အား နှိုးဆော်ကလိတတ်တယ်။ မုန်ညင်းမှုန့်၊ ငရုတ်ကောင်း။ ကျင်းတို့ဟာ ဆီးအိတ်ကို သက်ရောက်မှုရှိတယ်။ ဆီးအိတ်က စွန့်ထုတ်တဲ့ ဆီးရည်ဟာ ဓာတ်ခွဲကြည့်လျှင် လူခန္ဓာကိုယ်အတွင်း ဖောက်ပြန်မှုများဖြစ်နေကြောင်း ဖော်ထုတ်သိနေတယ်။ သွေးစစ်ခြင်း။ ဝမ်းစစ်ခြင်း။ သလိပ်စစ်ခြင်း။ အာရုံကြောဆိုင်ရာ စစ်ဆေးခြင်း ဆောင်ရွက်နိုင်တယ်။

အရောင်

ဆီးဟာ နီညိုရောင်၊ ပယင်းရောင်ရှိပါက ကျောက်ကပ်က သွေးထဲမှ မလိုလားအပ်တဲ့ ပစ္စည်းများ အကောင်းဆုံးစစ်ထုတ်ပေးကြောင်း သိနိုင်တယ်။ ဆီးနောက်ကျိနေခြင်းဟာ ကျောက်ကပ် နေထိုင်မကောင်းကြောင်း ဆိုတယ်။ ကိုယ်လက်လှုပ်ရှားမှု ပြင်းထန်စွာပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com

ပြီး ဆီးရည်နောက်ကျိခြင်းဖြစ်တယ်။ ဆီးရည်မှာ သွေးစအနည်းငယ်တွေ့ရင် ဆရာဝန်နှင့် ပြသဖို့ ဆောရဲ၊ ဆေးခန်း အပြန်ဆုံးပို့ဖို့ လိုတယ်။ ယခုအခါ ဆီးစပ်သပ်ချက်မှ ဆီးသိပ်သည်းဆ (Special grcevity guine) ဟာ ပုံမှန်အတိုင်းစစ်ထုတ်ကြောင်း ဆိုတယ်။ ဆီးမှာ သိပ်သည်းဆ တက်သွားရင်း ခန္ဓာကိုယ်ထဲ အရည်များစုံပုံနေတတ်တယ်။

ဆီးအိတ်အတွင်း ယူရစ်အက်ဆစ်များခြင်း

ဆီးအတွင်း ယူရင်အက်ဆစ်များနေရင် ဆီးအိတ်အတွင်း ကျောက်ခဲ့စည်းမှု ရှိနိုင်တယ် (သို့) ကျောက်ကပ်ရောဂါဖြစ်ကြောင်း ဖော်ညွှန်းနေတယ်။ နလုံး၊ ကျောက်ကပ်၊ အရေပြားရောဂါ အင်ဖိုခရိုင်း ချွတ်ယွင်းမှု ဖြစ်နိုင်တယ်။ ဆီးကို ဓာတ်ခွဲစမ်းသပ်နိုင်တယ်။ ဆီးမထိန်းနိုင်ခြင်း။ ဆီးသွားခြင်းဟာ အိတ်တစ်ခုအတွင်း အရည်များလောင်းချသကဲ့သို့ အလွန်လွယ်ကူသော လုပ်ငန်းရပ်တစ်ရပ်။ သူ့ဆန္ဒအရ အခိုက်အတန့်ထိ ထိန်းထားချင်တယ်။

အိပ်ရာထဲက ကလေးမလွဲရင် ဆီးမပါတတ်ပါ။ ဆီးအိတ်ရဲ့ အရွယ်အရ ခဏခဏဆီးသွားခြင်းမျိုး မဖြစ်အောင် တောင့်ခံထားနိုင်ရတယ်။ ကလေးငယ်တစ်ဦး နေရာသစ်ပြောင်းရင် ဆီးပါတတ်တယ်။ ယင်းနေရာသစ်၌ ကြာလျှင် ဆီးမထိန်းနိုင် ဖြစ်နိုင်တယ်။

ဆီးအိတ်၌ ဆီးကျောက်တည်ခြင်း

ခန္ဓာကိုယ်ထဲ ဖြစ်ပေါ်နေတဲ့ ရောဂါများ ဆီးအိတ်ရှိ ဆီးမှတစ်ဆင့် လေ့လာနိုင်သလို၊ ဆီးအိတ်အတွင်း ကျောက်တည်ခြင်း ဖြစ်လေ့ဖြစ်ထရှိ၏။ ချွတ်ယွင်းမှုဖြစ်တယ်။ ဆီးအိတ်မှ အပြင်မထုတ်နိုင်ရင်၊ နောက်ပြန်တက်တတ်တယ်။ ဆီးစဆိပ်သင့်ပြီး သေဆုံးနိုင်တယ်။

ဆီးကျောက်တည်ခြင်း

ဆီးကျောက်တည်ခြင်းဟာ ဆီးမှာ နှစ်တတ်သည်။ အမှုန်များ၊ အနည်ထိုင် စုစည်းလျက် သိပ်သည်းမှုများလာတဲ့အခါ ကျောက်တုံးအဖြစ် ပြောင်းလဲလာခြင်းကို ခေါ်ဆိုတယ်။ အလွန်ဆိုးရွားတဲ့ ကျောက်တည်ခြင်းမှာ ပေါင်အထိ တွေရှိနိုင်တယ်။

ဆီးကျောက်ရှိနေသော်လည်း နှစ်ပေါင်းများစွာ ရောဂါလက္ခဏာ မပြပဲ နေတတ်တယ်။ ဆီးအိတ်ကြွေ့ ကိရိယာဖြင့် ဆီးအတွင်းကျောက်ရှိမရှိ သိနိုင်သလို၊ လေဆာဖြင့် ကျောက်ချေခြင်း ဖြစ်နိုင်သလို၊ ခွဲစိတ်ကုသနိုင်တယ်။ ဆီးကျောက်များ အလိုလိုကျဆင်းတာမျိုး တွေ့ရတယ်။

အမျိုးသမီးများ

အမျိုးသမီးများဟာ ဆီးလမ်းကြောင်းတိုသဖြင့် ဆီးလမ်းကြောင်းတစ်လျောက် ရောဂါများဖြစ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရန်ရှောင်ရန်

(၁) ဆီးရည်စွန့်ပြွန် ဆီးလမ်းကြောင်းမှ ရောဂါဝင်ရောက်ခြင်း မရှိစေရန် တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုရတယ်။ (၂) ဆီးသွားရင် အခက်အခဲတွေခြင်း (သို့) ဆီးသွားတိုင်း နာကျင်သောဝေဒနာကို ခံစားရပါက ဆရာဝန်နှင့် အမြန်ပြကာ ကုသညွှန်ကြားချက် ခံယူရပါမယ်။ (၃) ဆီးခဏခဏသွားခြင်း (သို့) ဆီးမထိန်းနိုင်ခြင်း၊ ဆီးပူခြင်းဖြစ်ရင်း ဆီးအိမ်နှင့် ပက်သက်ပြီး ချွတ်ယွင်းကြောင်းသတိပြုရမယ်။ (၄) ဆီးကျောက်တည်ခြင်း မဖြစ်စေဖို့ ရေများများသောက်၍ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခြင်း ပြုလုပ်ပေးရမယ်။ (၅) ကိုယ်ဝန်ဆောင်သက်ရင့်တဲ့အခါ ဆီးခဏခဏသွားတက် တာ စိုးရိမ်စရာမလို။ (၆) ဆီးသွားလိုသော အချိန်မှာ အလုပ်ကိစ္စကြောင့် မကြာခဏ "အောင့်" ထားခြင်း၊ "ထိန်း" ထားခြင်းကို အကျင့်မပြုသင့်ပါ။ (၇) ဆီးအိမ်၊ ဆီးလမ်းကြောင်းနှင့် ပက်သက်ပြီး သံသယရှိရင် ဆရာဝန်နှင့် တိုင်ပင်ပြီး ဆီးစစ်ဆေးခြင်း စ၍ လုပ်သင့်တယ်။ (၈) ဆီးလမ်းကြောင်း ကျောက်တည်ခြင်းဟာ ခွဲစိတ်ဖယ်ရှားခြင်းမဟုတ်ဘဲ၊ လေဆာ စနစ်ဖြင့် အပြင်မြင်ကွင်းအတိုင်း ချကာက်ချေခြင်း၊ ကျောက်ဖယ်ခြင်း လုပ်နိုင်တယ်။ (၉) ကျောက်ကပ်ရောဂါ ရှိသူများ ဆီးထွက်ရှိမှု ပမာဏ သွေးအတွင်း ယူရီယာနှင့် ခရစ်တင်နင်းရှိမှု ပမာဏကြည့်ခြင်းဖြင့် ကျောက်ကပ်ကောင်း၊ မကောင်းသိနိုင်တယ်။ (၁၀) ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းတစ် လျောက် ရောဂါများရှိ/မရှိ စစ်ဆေးခြင်းဖြင့် ကျန်းမာရေး အခြေအနေ သိရှိနိုင်ပါတယ်။

ဒေါက်တာလွင်သန့်

သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မှုလပထမ"

ကွန်ပျူပေးသုခမ

အပ်နှံမှ စိတ်ချရမယ်။ ဇုန်းတစ်ချက်သာ ဆက်လိုက်ပါ။

သင့်ရင်သွေးအတွက် အကောင်းဆုံးနာမည်များ၊ ဟောစာတမ်းများ၊ ဤစက္ကဇာတာများကို ကွန်ပျူတာဖြင့် ရွေးချယ်ပေးပြီး အိမ်အရောက် ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။ ၁၉၉၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီးယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

ဒေါက်တာတင်ဗိုလ်ဗိုလ် (နာမကွရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရှိမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

၀၁-၂၂၈ ၆၆၅ ၊ ၀၉-၇၃၁ ၅၅ ၇၃၁

၀၉-၇၃၁ ၇၇ ၇၃၁ ၊ ၀၉-၅၁ ၇၄ ၂၂၆

web site : www.baydathukhuma.com

အမှတ်-၄၆၊အခန်း-၆၊ နံ့သာလမ်း၊အလုံမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



၆၄

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ အောင်သွယ်သူဆိုသော အောင်သွယ်လူများကို တစ်နည်းပွဲစား တစ်ဖန် ခြားခံလူများဟု ခေါ်လျှင်လည်း ရသေး၏။

သူတို့သည် နေရာတကာမှာ အပြဲတမ်း ရှိကြလေသည်။ ထိုအခါ လူမှုဆက်ဆံရေးနှင့် ရောင်းဝယ်ဖောက်ကား သော နေရာတွေမှာ ပါဝင်တတ်ကြသလို မိန်းကလေး ယောကျ်ားကလေး မိန်းမကြီး ယောကျ်ားကြီးများ၏ ချစ်ရေးချစ်ရာတွေနှင့် ပါသက်သော နေရာတွေမှာ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နဲ့တစ်ယောက် မနီးစပ် နီးစပ်အောင် မကြိုက်ကြိုက်အောင် ကြံဆောင်ပေးတဲ့ နေရာတွေမှာလည်း သူတို့တွေ ရှိနေသေးတာပဲ ဖြစ်၏။

ထိုအခါ ငှင်းအရေးကို ဆောင်ရွက်ပေးသူကိုပင်လျှင် မျှားနတ်မောင်လို့ ပင် တင်စားခေါ်ဆိုကြသေး၏။ အမှန်တော့ သူတို့တွေ မရှိလို့လဲ မဖြစ်ပြန် သလိုပါ သူတို့ရှိနေမှ။ သူတို့ကို အကြောင်း ပြုကာ တစ်ဦးနဲ့တစ်ဦး ချစ်ခင်စုံမက် ပေါင်းဖက်လိုသူတွေ အတွက် အဆင်ပြေ ချောမွေ့စေမှာလည်း ဖြစ်ပြန်၏။

တစ်ဖန် ထိုသူတို့၏ ရှာကျွန် ဆက်သွယ်ပေးမှုတွေကြောင့်လည်း မိန်းကလေး ယောကျ်ားလေးတွေ သူတစ်မင်းပင် ဖြစ်စေဦးတော့ နှစ်ဦးနှစ်ဖက် အဆင်ပြေ၍ ချောမွေ့သွားသူများပင်လျှင် ရှိတတ်ကြသေး၏။ ဒါကြောင့်... မျှားနတ်မောင်လေးအောင် အောင်သွယ်ပေးလို့ ချစ်ရေးတွေ ပြေလည်ဆိုသော သီချင်းစာသား ကလေးပင် ရှိခဲ့ပါသေးသည်။

ဒါပေမဲ့ ငှင်းအောင်သွယ်များသည် တချို့က လွတ်လပ်သူ နှစ်ဦးကို ပေါင်းဆုံရပါစေသားဆိုသော သဘောဖြင့် စိတ်ရင်းစေတနာ အမှန်နဲ့ အကျိုးတော်ဆောင် ပေးကြပေမယ့် တချို့ကတော့ (အကျိုးမျှော်ရှုကာ)(ပွဲစား) လုပ်သလိုမျိုး လာဒ်လာဘ ယူငင်တတ်ကြလေသည်။ သို့သော် တချို့ကကြတော့ ယင်းလာဒ် လာဘနှင့်ပင် မတင်းတိမ်မိုင် လာဒ်အပြင် လူကိုပင် ပိုင်ချင်ကြ၏။ ဒါကြောင့်... ထိုအချက်နှင့် ပတ်သက်လို့ စာရေးသူ ဖြစ်ရပ်ကလေးနှစ်ခုကို တင်ပြလိုက်ပါသည်။

×××

အရှေ့ပြင် ရွာမှာနေသော အေးသောင် သရက်တပင် ရွာသူမ လုံးတင်ကပော့ ဆံထုံးနောက်ကို သျှောင်ပါဆိုတာလိုသာ မိန်းမနောက်ကိုလိုက်ကာ နေလေသည်။ ထိုစဉ် မိန်းမဖြစ်သူ မလုံးအိမ်မှာကလည်း မလုံးနှင့် အတူနေသော မြမြဆိုသူ အပျိုပေါက် တူမကလေးတစ်ယောက် ပါရှိနေလေသည်။ ဒီတော့ အေးသောင်ကလည်း မယားတူမကိုယ့် တူမလေးလိုပင် သဘောထားကာ ဆက်ဆံနေလေ၏။

ထိုအခါ နောက်တော့ အေးသောင် သူငယ်ချင်း တစ်ရွာတည်းနေ သောက်ဖော်၊ စားဖက်ဖြစ်သူ ချစ်ခင်ဆိုသူက အေးသောင်ထံ အလည်လာရင်း နှင့် လာဖန်များတော့ ထိုမိန်းကလေး မြမြကို တစ်ဖက်သတ် ကြိုက်နေမိလေ

www.burmeseclassic.com

သည်။ ထိုအခါ အကြိုက်ခံနေရသူက လည်း သိနေ၏။ ဒါပေမဲ့ အဒေါ်ဖြစ်သူရဲ့ ကွတ်ကဲမှုအောက်တွင် နေရတော့ သူမှာ မလွှဲပ်ရှားရဲဘူး ဆိုတာကို ချစ်ခင်သိနေ၏။ ပြီးတော့... ယုံကမတိုးပဲ ပိုက်ကတိုးမှာ မဟုတ်ဘူးဆိုတာပါ သိထားသေး၏။ မိန်းကလေးတို့ အိန္ဒြေရှေ့ပေးမရဆိုသော စကားကလည်း ရှိနေ၏။

ထိုစဉ် ယုံဖြစ်သူ ချစ်ခင်ကို ယ်ခ်ကလည်း ပိုက်တွေ့လို့ ဆက်လက် တိုးချဲ့ပေမယ့် အဒေါ်ဖြစ်သူ မလုံး၏ ပြောဘောက်ဆိုဘောက်ကို ကြောက်နေမိလို့ မတိုးရဲသေးပေ။ မလုံးက ယောကျ်ားဖြစ်သူကိုပင် သူမ ထင်လျှင် မထင်သလို ပိုးစိုးပက်စက် ပြောတဲ့ မိန်းမမျိုးဖြစ်သည်။ သူပြောလျှင် အေးသောင်ပင် အရက်မူး နေကာမှ ငြိမ်ကုတ်ပြီး ငှားလေ့ရှိသည်။ ဒါကြောင့် ချစ်ခင် အပျံနိုအခါကို စောင့်နေရသေးသည်။

ဒါပေမဲ့ နောက်တော့ ကြိုက်မရက်ဆိုသော စကားတစ်ချက်က ရှိနေတဲ့အတွက် ချစ်ခင်၊ အေးသောင်ကို သူကြိုက်တတ်တဲ့ အသောက်အစားကလေးများကို အရက်ဆိုင်တွင် တိုက်ကြွေးရင်း ကြားခံလူ အောင်သွယ်သူ အဖြစ် ပြုလုပ်ပေးဖို့ ပြောဆိုရလေတော့ ခဲသည်။ ချစ်ခင်၊ အေးသောင်ကို အားကိုးမှုပြုရလေတော့သည်။ သူပြောတာက—

"အေးသောင် မင်းဒီဆိုင်မှာ နောက်လည်း သောက်ချင်ရာသောက်၊ စားချင်တာစားပါကွာ။ ငါ့ကို မင်းတူမ မြမြနဲ့သာ အဆောက်အသွယ် လုပ်ပေးပါကွာ။ ငါကြိုက်မှန်းလည်း သူသိနေပါတယ်။ ငါ့... ဒီစာကို ပေးပေးကွာ။ မင်းလည်း နှတ်က ပြောပြပေးပါနော် မင်းကိုငါ အားကိုးပရဲ့စေကွာ"

ဒီတော့လည်း အေးသောင် အရက်ကလေး မှိုးမှုးနဲ့ သူကလည်း...

"အေးပါကွာ။ မင်းတို့နှစ် ယောက် အခြေအနေကို ငါသိနေပါတယ်။ မင်း ငါ့ဆီလာလာနေတာ။ ဒီအတွက် ကြောင့် ဆိုတာ ငါသဘောပေါက်ပါတယ်။ ငါမင်း ပေးဟဲ့စာကို ပေးပေးပါ့မယ်။ ပါးစပ်ကလည်း ပြောပါဦးမယ်။ ငါ့ကိုသာ မင်းခုလို မကြာခဏ ပြုစု ပေးပေတော့။ ငါမင်းကို ရအောင်လုပ်ပေး မယ် စိတ်သာချနေ။ ဒါပေမဲ့ ငါ့ထံကို တော့ မင်းခဏာခဏာ မလာနဲ့ ငါ့မိန်းမ ရိပ်မိသွားလိမ့်မယ်။ သူသိရင် မလွယ်ဘူးကွ"

ထိုသို့ပင် အေးသောင် ချစ်ခင်ကို ပြောလိုက်လေသည်။

ထိုစဉ် တကယ်လည်း အေးသောင်စိတ်ထဲက လိုက်လဲစွာ ပြောလိုက်တာပင်ဖြစ်၏။ အိမ်မလာနဲ့ ဆိုတာက မိန်းမရိပ်မိမှာ စိုးလို့ဖြစ်သလို။ ပြီးတော့ တစ်ရာတည်းနေကာ သွေးဖော်၊ သွားဖက် သောက်ဖော်၊ စားဖက် သူငယ်ချင်း ဖြစ်နေသလို။ တစ်ဖန် သောက်လို့ရာသောက် စားလို့ရာစား နေရမှာကတစ်ကြောင်း။ နောက်... မယားတူမ၊ ကိုယ့်တူမ မဟုတ်တာက တစ်ချက်တို့ကြောင့် လေလား။ ထိုသို့ ကြည်ဖြူစွာ လက်ခံလိုက်ခြင်း ဖြစ်လေသည် ထင်၏။ ဒီတော့ ချစ်ခင်

www.burmeseclassic.com

www.burmeseclassic.com

အလွန်ပင် ဝမ်းသာသွားလေ၏။

"အေးပါကွာ မင်းပြောသလိုပဲ ငါမင်းအိမ်ကို မကြာခဏ မလာပါဘူး။ မင်း... မင်းသာ ပိပြင်အောင် လုပ်ပေးပါ။ မင်းအတွက် သောက်ရေး စားရေးလည်း ငါတာဝန်ယူပါမယ်။ ဒီဆိုင်မှာ မင်း အချိန်မရွေး လာသာစားသောက်ပေတော့ သူငယ်ချင်း"

ထိုသို့ပင် ချစ်ခင်ကလည်း သူ့တက်က တာဝန်ယူပေးလိုက်လေ၏။ ထိုအခါ အေးသောင်ကလည်း သူကတိ၊ ကိုယ့်ကတိ ဆိုတာလို တကယ်ပင် ဆောင်ကြဉ်းပေးလိုက်တဲ့ အတွက် ချစ်ခင်နှင့် မြမြတို့နှစ်ဦးမှာ တကယ်ပင် ချစ်သူတွေ ဖြစ်သွား၏။

ထိုအခါ အေးသောင်၏ အချိန်အချက် လုပ်ပေးမှုကြောင့် ချစ်ခင်၊ မြမြနှင့် တစ်ပတ်တစ်ခါ နှစ်ခါတွေလောက် တွေ့ခွင့်ရနေခဲ့၏။ သူတို့နှစ်ယောက် တွေ့ခွင့်ရနေသလို တဖန် အေးသောင်ကလည်း ကရင်ထန်းလျက်အိုး တွေ့တယ်လို ဆိုရလေမလား မုတ်ဆိတ်ပျား စွဲတယ်လို့ ခေါ်ရလေမလား။ သောက်ရေးစားရေးမှာ အဆင်ပြေစွာ သောက်စားနေရလေ၏။ ထိုစဉ်... တစ်ရံတစ်ခါတွေ့မှာ အတူနေ။ တူမထံမှပင် ငွေတောင်းတာတို့ ငွေချေးတာတို့ ပြုလုပ်သေး၏။ ဒီတော့လည်း တူမဖြစ်သူက အလိုက်သိစွာပင် အခေါ်မသိအောင်လို့ မကောင်းမှန်းလည်းသိ၏။ မပေါင်းလို့လည်း မဖြစ်သူ့ို့ လာဒ်ထိုးသလိုမျိုး ပေးနေရသေး၏။

ဒီလိုနှင့် ချစ်ခင်နှင့် မြမြတို့၏ ချစ်သက်တမ်းကလေး ခြောက်လလောက် ဖြစ်ခဲ့ကြ၏။ ထိုအခါမှာ ချစ်ခင်က မြမြကို နှစ်ဦးသား ညားကြအောင်

အတူနေကြရအောင် ပြောလာမှုကြောင့် မြမြကပါ လက်ခံလိုက်လေသည်။ ထို အခါမှာလည်း အေးသောင်မပါလို့ မဖြစ်ပြန် (ဗမဓ့်လေးမောင်က ခိုးပါလို့ လူဆိုးတွေနဲ့ မောင်တိုင်ပင် မြင်းကိုယ်စီပြင်) ဆိုတဲ့ စကားကလေးက ရှိနေသောကြောင့် မြင်းကိုယ်စီ ပြင်စရာမရှိပေမယ့် လူဆိုး ဖြစ်သူ အေးသောင်ကိုတော့ ချစ်ခင်တိုင် ပင် ရပြန်သည်ဖြစ်၏။ ဒီတော့လည်း အရက်ဆိုင်မှာ အရက်သောက် အပြီးစားရင်းနှင့်ပင် ချစ်ခင်၊ ချစ်ခင်က...

"အေးသောင် ဒီတစ်ခါတော့ ငါ့ကို နောက်ဆုံး ကူညီပေးတော့ကွ။ ငါမြမြကို ခုရက် လာခိုးယူမယ်လို့ ဟိုတစ်ညက ပြောထားခဲ့တယ်။ အဲဒါ... ဒီည ငါလာခိုးမယ်လို့ မင်းပြောထားလိုက်ကွာ လူချောတိတ်လောက်ပေါ့ အဲဒါ မင်းပြောပေးထားပါနော်"

ဒီတော့လည်း အေးသောင် အရက်သောက်ရင်းနှင့်ပင်။

"အေး... ခိုးမယ်ဆိုလည်း

www.burmeseclassic.com

www.burmeseclassic.com

လာခဲ့လေကွာ။ ငါနိုးထုတ်ပေးမှာပေါ့။ နိုးတာ ဘာခဲယဉ်းတာမှတ်လို့ သူလိုက်ဖို့ အရေးကြီးတာပဲ။ မင်းအတွက် ငါအစအဆုံး အကူအညီပေးပါမယ်။ မင်း ညကြရင် လူခြေတိတ်ဆို လာသာ လာပြီး တို့အိမ် နောက်ဖေးကစောင့်နေ။ မင်းကို ဖန်တီး ပေးလိုက်ပါမယ်ကွာ။ ငါဖန်တီးပေးလိုက်ပါမယ်"

ထိုသို့ပင် အေးသောင် အရက်ကလေး မူးမူနှင့် အလွယ်ပင် ချစ်ခင်ကို ကတိပေးလိုက်ပေသည်။ ထိုစဉ် . . . ငင်းအရက်ဆိုင်မှလည်း သူတို့နှစ်ယောက် မိုးချုပ်စမှ လမ်းခွဲပြီး ကိုယ့်အိမ်ကိုယ် ပြန်လိုက်ကြတာဖြစ်သည်။ ဒီလိုနှင့် ညလူခြေတိတ်တော့ ချစ်ခင် အဖော်နှစ်ယောက်နှင့်အတူ အေးသောင်ပြော စကားအရ သူ၏ အိမ်နောက်ဖေးကို သွားကာ သစ်ပင်တစ်ပင်အောက်ကနေ စောင့်ကြလေသည်။ ထိုအခါ လူခြေတိတ်လို့လည်း အိမ်ပေါ်မှ ဆင်းလာတာ မတွေ့ရသလို သန်းခေါင်ကျော်တဲ့အထိပင် အေးသောင် မြမြကို ခေါ်ထုတ်လာတာ မတွေ့ရသေးပေ။ ဒီလိုနှင့် အာရုံတက်တဲ့အထိ ဆက်လက်စောင့်နေတဲ့အခါ လူတော့ထွက်မလာ အသံတစ်ချက်တော့ ထွက်လာလေသည်။

"အရီးလေး . . . အရီးလေး အိမ်ပေါ်မှာ အေးသောင်လည်း မတွေ့ဘူး မြမြလည်း မတွေ့တော့ဘူး။ ဒီသေနာကောင်နဲ့ သေနာမ ဘယ်ကို ထွက်သွားလည်း မသိဘူး"

အိမ်ပေါ်မှ မလုံး သူ၏ အရီးလေးဖြစ်သူကို နှိုးပြော,ပြောလိုက်တဲ့အသံဖြစ်ပေသည်။ ဒီတော့မှ ချစ်ခင်တို့လည်း အိမ်နောက်ဖေးမှ သုတ်ခြေတင်ကာ ပြန်လာကြလေ၏။ ဒါပေမဲ့ ချစ်ခင်

သံယောဇဉ် မကုန်စွာဖြင့် သူငယ်ချင်းဖြစ်သူများကို လမ်းလျှောက်လာရင်း ပြောလိုက်သေး၏။

"ငါတို့ စောင့်နေတဲ့ နေရာက သူတို့ ထွက်သွားတာနဲ့ လွဲနေလို့ တို့မတွေ့တာ ဖြစ်မှာပါကွာ သူတို့ တစ်နေရာရာမှာတော့ ရှိနေမယ်။ တို့ကို စောင့်နေကြမှာပါ။ သူတို့ ထွက်သွားတာတော့ အသေအချာပဲကွ။ ငါ့အတွက် ဖန်တီးပေးမယ်လို့ အေးသောင်က အသေအချာ ပြောထားတာပါကွ"

ဒီတော့ . . . သူငယ်ချင်းတစ်ယောက်ကလည်း လမ်းလျှောက်ရင်းပင်

"အေး . . . တစ်နေရာရာမှာ ရှိနေတာတော့ အမှန်ပဲ။ တို့ကိုစောင့်တာ မစောင့်တာ မသိရသလို သူဖန်တီးတာကလည်း ဘယ်သူအတွက်ဆိုတာ ကျိန်းသေမသိရသေးဘူး။ မိုးလင်းမှ အဖြေပေါ်မှာပါကွာ"

ချစ်ခင်စကားကို သူငယ်ချင်းတစ်ယောက်က သူအမြင်ကို ပြောလိုက်ခြင်း ဖြစ်ပေသည်။ ထိုအခါ မိုးလင်းလာ

www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုရွာကလေးမှာ အဖြေအတိ အကျ ပေါ်ထွက်လာပါသည်။ အေး သောင်၏ ဖန်တီးချက်သည် ချစ်ခင် အတွက် မဟုတ်ဘဲ မြမြကို တစ်ဖက် လှည့်ဖြင့် တစ်နေရာသို့ ခေါ်သွားကာ သူ့အတွက် သူဖန်တီးလိုက်ခြင်း ဖြစ် တယ်ဆိုတာကို ချစ်ခင်နှင့်အတူ လူ အများ သိလိုက်ကြလေ၏။

အဲဒါကတော့ အောင်သွယ်သူ တစ်ဦး၏ ပြုမှုချက်ပင် ဖြစ်ပါသည်။ ထို အခါ နောက်တစ်ဦးကြတော့ (အပျိုကြီး တစ်ယောက်ကို လူပျိုကြီးတစ်ယောက် နှင့်) မှဆိုးမ ကလေးသုံးယောက်အမေ (မိန်းမတစ်ဦးက) အောင်သွယ်လုပ်ပေး ခြင်းဖြစ်သည်။ အစမှာ နှစ်ဖက်ခွစားပြီး နောက်တော့ အဆုံးတွင် လူပျိုကြီးကို သူက အပိုင်စီးလိုက်ခြင်း အပိုင်ယူလိုက် ခြင်း ဖြစ်ပါသည်။

အမှန်တော့ ထိုအဖြစ်မျိုးသည် တချို့က ဒီယုံမြင်လို့ ဒီချုံထွင်တာဖြစ်၏။ တချို့ကတော့ ချုံထွင်ရင်း ယုံမြင်လို့ မက်မောမှုဖြစ်ကာ ဖိတ်ခြင်းဖိတ် ကိုယ့် အိတ်ထဲ ပြန်အဖိတ်ခံမည်ဆိုပြီး ရမ္မက် လုံးထကာ ရာဂပွားလိုက်ကြခြင်းသာ ဖြစ်ပါ၏။ ဒါကြောင့်··· ယနေ့ (လူငယ် လူရွယ်များ) အသိတရားဖြင့် သတိထား ကြပါ (ငါးစာသာမြင် ကျော့ကွင်းမမြင် မဖြစ်ကြစေနှင့်) (ညောင်သီးလည်းစား လေသံလည်း နားထောင်ကြပါ) အောင် သွယ်ဆိုသော (အောင်သွယ်သူ)တို့ကို သတိပြုကြဟု အသိပေးလိုက်ပါ၏။

သရဖူသန်းအောင်

ဆရာမကြီး

ဒေါ်သိန်းယဉ်

စားတံဆိပ်

ငှက်ဖျားဆေး

အမှတ်–၁၉/၂၁၊ကျောင်းလမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

တိုင်းရင်းဆေးပါးယာယီမှတ်ပုံတင်အမှတ် – 0610Y008484

www.burmeseclassic.com

www.burmeseclassic.com

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော (၁၅) နှစ်ခန့်က အထက်အညာဒေသ မြို့ကြီးတစ်မြို့တွင် စော်ကြည်ဘဲ တစ်နည်းဆိုသော် SKB တစ်ယောက်အကြောင်းပါ။ သူက အရပ်မြင့်မြင့်၊ အပြောကောင်းကောင်း ယောက်ျားပီသသော ရုပ်ရည်ရှိပြီး မိန်းကလေးများ (သို့) ခေတ်စကားအရ စော်အရမ်းကြည်လေသည်။ ဇနီးဖြစ်သူမှာ ဆွေကြီးမျိုးကြီး၊ အခြေကြီးအနေကြီး အလွန်မာနကြီးသော အသိုင်းအဝိုင်းမှ ဆင်းသက်လာပြီး စကာပြောလျှင် အခြေကြီးအနေကြီး အပေါ်စီးက ပြောတတ်သဖြင့် ၎င်းအား ကွယ်ရာတွင် ခင်ပွန်းဖြစ်သူ၏ တပည့်လက်အောက်ငယ်သားများမှ "ဒေါ်ဆွေကြီးမျိုးကြီး" ဟု နာမည်ပေးထားလေတော့သည်။ SKB တောသား တစ်ယောက်၏ဘဝအား ယခုကဲ့သို့ ရာထူးကြီးနေရာကြီးရအောင် အသိုင်းအဝိုင်း အရှိန်အဝါဖြင့် မြှင့်တင်ပေးထားသောသူ ဖြစ်ရသောကြောင့် ဦးSKBကြီးမှာ ဇနီးဖြစ်သူ "ဒေါ်ဆွေကြီးမျိုးကြီး" အား အင်မတန်မှ ကြောက်ရပြီး ငယ်နိုင်သဘောဖြစ်နေသဖြင့် ရှေ့တွင်မူ "ဟုတ်ကဲ့မမ" မှလွဲ၍ မပြောတတ်သော်လည်း အမြင်အပေါင်းအသင်းနှင့် လက်အောက်ငယ်သားများနှင့် တွေ့လျှင်မူ ၎င်းအိမ်ကမိန်းမကြီးကို အင်မတန်မှ စိတ်ကုန်နေပြီ ဟု မကြာခဏပြောတတ်သည့် အကျင့်ကလည်း ရှိနေပါသေးသည်။ တစ်ခုပြောရပါဦးမည်။ ဦးSKBကြီးမှာ လုပ်ငန်းကြီး တစ်ခုမှ လူကြီးတစ်ဦးဖြစ်ပြီး နောက်ဆုံးပေါ်ကားဖြင့်လည်း ရုံးတက်တက်နေပြီး မိန်းကလေးများအပေါ် အမြဲတမ်း ကိုယ်ရောစိတ်ပါ ကူညီတတ်သော အင်မတန်မှ သဘောမနောကောင်းသော SKBဖြစ်ပါသည်။ တစ်နေ့သ၌ ဦးSKBတို့ ရုံးသို့ ရုပ်ရည်သင့်တင့် ငယ်ရွယ်နုပျိုသော အချဲ့လည်းပို၊ အကဲလည်းပိုတတ်သော ကိုကိုဟုလည်း ခေါ်တတ်သော "စပ်ပလူးစိန်စိန်" တစ်ယောက် ပြောင်းရွှေ့ရောက်ရှိလာပါသည်။ စိန်စိန်သည် စကားပြောလျှင် မျက်စောင်းလေးလည်း ထိုးတတ်သည်။ မပွင့်တပွင့် ပြုံးတတ်သည်။ စိတ်ကောက်လျှင် နှုတ်ခမ်းလေးစူမှုတူတူလည်း လုပ်တတ်ပါသေးသည်။ လမ်းလျှောက်လျှင်ရင်လေးမောက်ဖင်လေး နောက်ပစ်ပြီး သကာလကြည့်လျှင် မျက်စိလေးလည်း ဆွေကြည့်တတ်သော ပုရိသယောက်ျားတို့၏ အထာကိုလည်း အလွန်နပ်သော စိန်စိန်နှင့် မိန်းကလေးဆိုလျှင် နဂိုကမှ ကိုယ်ရောစိတ်ပါ အားတက်သရော ကူညီတတ်သော ဇနီးအား အင်မတန်မှ ကြောက်အားပိုရသော ဦးSKBခန့်ချောကြီးနှင့် များမကြာမီ နီးစပ်သွားပါလေတော့သည်။ နောက်ပိုင်းတွင် ဦးSKBကြီးနှင့် စိန်စိန်တို့၏ သာယာနာပျော်ဖွယ် ခိုးခိုးခစ်ခစ် ရယ်မောသံများ မထိခလုတ် ထိခလုတ်ပြောသည့် ပတ်ချဲ့နှပ်ချဲ့သံလေးများဖြင့် ဘေးလူများပင်မရှိတော့ သယောင်ယောင် မသိတော့ သယောင်ယောင်၊ သွားလေရာ စိန်စိန်မှာ ကားနောက်ခန်းကတပါပါ။ အောက်လက်က ဝန်ထမ်းများမှာ စိန်စိန့်အားပင် အရှိအသေပေးရမတော့ ယောင်ယောင်၊ ကြောင်တောင်တောင်တွေ ဖြစ်လို့ပင် နေရပါတော့သည်။ SKB ချင်လို့ ၎င်း၏ အသက်မှာ (၅၀)ပင်ကျော်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ကယောင်ကတမ်းနှင့် ထပ်ထည့်တော့ ဗိုက်ကတင်း။ ဒီလိုနဲ့ ရုံးကို ဟန်မပျက် ဆက်တက် ရုံးရောက်တော့ စိန်စိန်နဲ့ ထပ်ထွက် ဆိုင်ရောက်တော့ စိန်စိန်က "ကိုကိုဘာစားမလဲဟင်" တော်ပါပြီ။ ကော်ဖီတစ်ခွက်၊ ဒီမှာတင် စိန်စိန်စိတ် ကောက်ပါလေပြီ။ ဒီလိုနဲ့ စိန်စိန်ကျေနပ် အောင် တစ်ခါထပ်စား။ နေ့လည်ကျတော့ ဇနီးဖြစ်သူ ဒေါ်ဆွေကြီးမျိုးကြီးမှ "မောင်" "မောင်ကြိုက်တတ်တဲ့ ဝက်ပန်းညှပ်ချက် ချက်ထားတယ် ဖုန်းလှမ်းဆက်တော့ နေ့လည်စာ အိမ်အပြေးအလွှား သွားစား တုန်း တစ်ခါစိန်စိန်က မက်ဆေ့လှမ်းပို့ "ကိုကို" ဒီနေ့ကိုကိုကြိုက်တတ်တဲ့ ပုဇွန် ထုတ်ဆီပြန် စိန်စိန်ကိုယ်တိုင် ချက်ပြီး ထမင်းချိုင့်ထည့်လာတာ ကိုကိုပြန်လာ စားပါ။ "ကိုကိုနဲ့အတူတူမစားရရင် စိန် စိန်လည်း မစားဘဲ ရုံးရှေ့က အမှိုက်ပုံးထဲ သွန်ပစ်မှာနော်" ဆိုပြန်တော့ ဦးSKBကြီး လည်းမနေသာ အိမ်မှာကမ်းကတင်းစား ရုံးကို ကပျာကယာ ပြန်ပြေးတော့ ဟော် ထားတဲ့ စတိုင်လ်ဘောင်းဘီက ခါးယောင်မ

ဇနီးကြီးနှင့် စိန်စိန်ကြား ဗျာများ ...

နံနက်စာ နှစ်နပ်၊ နေ့လယ် စာ နှစ်နပ်၊ ညစာ နှစ်နပ် အရာရာ နှစ်နပ်၊ နှစ်ခါနှစ်ခါစား ရလွန်း သောကြောင့် ဒူးတွေ လည်း ခွေယိုင် ...

သို့သော် ရာထူးငွေကြေးအရှိန်အဝါအပြင် မိန်းကလေးများဆိုလျှင် အပေးအကမ်း ကလည်း ရက်ရောကူညီတတ်သည့် လူမျိုးဆိုတော့မူကား ကြည်မည်ဆိုလျှင် လည်း ကြည်လောက်ပါပေသည်။ ကျေးဇူးရှင်ဇနီးကြီးက ဦးSKBအား မောင် ဟုခေါ်လေသည်။ နံနက်ခင်း အလုပ် မသွားမီ အများအခေါ် "ဒေါ်ဆွေကြီးမျိုး ကြီး"မှ "မောင် နံနက်ခင်းစာ စားပြီးမှ ရုံးသွား၊ ထမင်းပူပူကျက်ပြီ မောင်ကြိုက် တတ်တဲ့ ငါးရံခြောက်လေးလည်း ဖုတ် ထားပါတယ်"ဆိုသောအခါ ဦးSKBကြီးမှ စိန်စိန်နှင့် ရုံးရောက်မှ အလုပ်အကြောင်း ပြ ကားနှင့်အပြင်ထွက်စားမည်ဟု စိတ် ကူးထားသော်လည်း ယခင်ကတည်းက အတူစားနေကြဖြစ်သောကြောင့် မစား ချင်သော်လည်း ထုံးစံအတိုင်း "ဟုတ်ကဲ့ ပါ မမ" စိတ်ထဲတွင်တော့ လျှော့စားမှ စိန်စိန်နဲ့အတူတူသွားပြီးမှ မစားရင် စိန်စိန်စိတ်မကောင်း ဖြစ်ရာရောမယ် တွေးနေခိုက်။ တစ်ခါဇနီးဖြစ်သူမှ "ရှင် အစားနည်းလုပါလား"ဟုဆိုသောအခါ

www.burmeseclassic.com

www.burmeseclassic.com

ပါ လေကားပေါ် ကသမ်းကရမ်းတက်တော့
ချော်လဲခွေးပြဲလေသောအခါ အောက်ထပ်
က တပည့်တွေက မပြုံးရဲသော်လည်း
ကွယ်ရာတွင် ဝါးလုံးကွဲရယ်ကြလေပါ
တော့သည်။ ဇနီးကြီးချက်သော ဝက်ပုန်း
ရည်နှင့် ရုံးကချစ်စဖွယ် စိန်စိန်ယူလာ
သော ပဒွန်ထုတ်ဆီပြန်ပာင်းတို့ ဗိုက်ထဲ
တွင် ရောမွှေ ရုတ်တရက်သွေးများ တက်
ကာ ငင်းနေက ရုတ်တရက် မကျန်းမာ
အစည်းအဝေး ပျက်ပါလေတော့သည်။
ဒီလိုနဲ့ ဦးSKBကြီးခဗျာ စော်ကြည်လွန်း၍
ဇနီးကြီးနှင့် စိန်စိန်ကြား ဗျာများ နံနက်စာ
နှစ်နပ်၊ နေ့လယ်စာ နှစ်နပ်၊ ညစာ နှစ်နပ်
အရာရာ နှစ်နပ်၊ နှစ်ခါနှစ်ခါစားရလွန်း
သောကြောင့် ဒူးတွေလည်း ခွေယိုင်၊
အစာအိမ်လည်းမနိုင် တောင်ပြေးမြောက်
ပြေး ဟိုပြေး၊ ဒီပြေး ပတ်ပတ်ပြေးရလွန်း
၍ ရူပါတွေကျ၊ ခပ်တောင့်တောင့် ခန္ဓာ
ကိုယ်ကြီးကလည်း ဟိုယိုင်၊ ဒီယိုင် ခြေ
လုမ်းတွေလည်း မခိုင်။ စိန်စိန်ကလည်း
ခွာမရသောကြောင့် သူခဗျာ အတွေးပေါင်း
များစွာ ဘယ်လိုလုပ်ရပ်ပါ့။ ဒီလောက်များ
များနေသည့်ကြားကပင် ဦးSKBကြီးမှာ
ရယ်စရာပြောနိုင်ပါသေးသည်။ ဇနီးနှင့်
စိန်စိန်ကြား တစ်ခုတင်တည်း အတူအိပ်
မယ်။ ဇနီးဘက် လှည့်အိပ်ရင် စိန်စိန်က
စိတ်ကောက်မှာမို့ အလယ်ကနေ ပက်
လက်အိပ်မယ်။ လက်နှစ်ဖက် ဟိုဘက်
ဒီဘက် တစ်ဖက်စီတင်၊ ဘယ်သူပိုချစ်လဲ
မေးရင် မင်းပိုချစ်တယ် မင်းပိုချစ်တယ်
ပြောပြီး လက်နှစ်ဖက်ကို ပြိုင်တူပုတ်မယ်
တဲ့ သူအပြောနဲ့သူတော့ ဟုတ်တုတ်တုတ်
ပါပဲ။ ပြောပြောပြီး ရယ်လိုက်ရတော့ တစ်
ဟားဟား သူအစား ဘေးကမြင်နေရတဲ့
သူတွေက ရင်တွေမော၊ နောက်မဆုတ်
ဘူး။ စပ်ပလူးစိန်စိန်နှင့် မာန်မာနကြီး
သော ဇနီးကြီးတို့ကြား ဦးSKBတစ်ယောက်
မည်သို့မည်ပုံ ဆက်လက်စခန်းသွားမည်
နည်း။ တစ်ခါတစ်ခါ အလုပ်ကိစ္စအကြောင်း
ပြ သူနဲ့ စပ်ပလူးစိန်စိန် ရုံးကကားကို
အသုံးပြု ရုံးမှအတူတူထွက် ကားပေါ်
တက်တော့ ရုံးကလူတွေက ဘယ်သူ
အရှိအသေပေးလို့ ပေးရမှန်းမသိ။ စိန်စိန်
ရဲ့ မျက်နှာပေးက ပိုင်ချက်ဆိုင်ချက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ချက် ပိုင်နိုင်ချက်တစ်ခါတစ်ခါ ဦးSKBက စိန်စိန့်ကို ပွဲထုတ် "မင်းတို့နော် ငါကစာနဲ့ ရေးမတင်ချင်လို့ ဆဲဆဲပြီးပြောနေတာ" ခုနောက်ပိုင်း "ငါသိပ်မဆဲတော့ဘူးတာ ဘာပြုလို့လဲ သိလား၊ စိန်စိန်က မဆဲရဘူး ပြောထားလို့ကွ" တဲ့ သူ့လက်အောက်က လူတွေအဲ့လိုပြောတော့ ဦးSKB လုပ်ပေါက်ကတော့ စိန်စိန်ပဲ ထိုင်ကန်တော့ ရတော့ မယောင်ယောင်၊ "နောက်မဆုတ်ဘူး စပ်ပလူးစိန်စိန်" နှင့် ဇနီးဖြစ်သူ "ဒေါ်ဆွေကြီးမျိုးကြီး" နှစ်ဖက်ကြား ဗျာများနေသော ဦးSKB၊ သူတို့ရဲ့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ဘယ်နေ့ဘယ်အချိန် မီးကုန်ယမ်းကုန် ပွဲကြမ်းလေမလဲ ပရိသတ်ကြီး ရင်သတ်ရှုမော တီးတိုးတီးတိုး သဖန်းပိုးလုပ်နေစဉ်အတွင်း မည်သို့မည်ပုံ ညာညိလိုက်သည်မသိ "သပ်ရပ်လှသော ခမ်းနားတင့်တည်သော မင်္ဂလာဆောင်ဖိတ်စာ" တစ်စောင် ကိုယ်စီကိုယ်ငှ ဖိတ်ကြားခံရသည်မှုတွင်ကား ဦးSKBနှင့် ဒေါ်ဆွေကြီးမျိုးကြီးတို့၏ သားတပည့် "ရုပ်ဆိုးဆိုး အသားမည်းမည်း သွား

ကျဲကျဲ မျက်မှန်ပါဝါထူ ပုလင်းဖင် အာရုံစားတဲ့ရုပ်နဲ့ နာမည်က မောင်ငန္ဓား ကျော်ကြားနှင့် ၎င်းတို့၏ သမီး ၁ပည့် မစပ်ပလူးစိန်စိန်" အား ဦးSKBမှ ကမကထ ဦးစီးဦးဆောင်ပြု လက်ထပ်ထိမ်းမြားပေးသော ဖိတ်စာပါတကား။ ဦးSKBကြီးရဲ့ သမီးတပည့်ဆိုတော့မှု ထိုက်တန်သော လက်ဖွဲ့ရပေတော့မပေါ့ ကောင်းလေစွပါတကား။ ရာထူးကြီး အပြောကောင်း သဘောမနောကောင်း ပြီး မိန်းကလေးများနှင့် ကျွမ်းဝင်အောင် နေတတ်သော ဦးSKBကဲ့သို့ လူကြီးမင်းများသည် ဖြတ်ထိုးဉာဏ်လည်း အင်မတန်မှ ကောင်းကြသောကြောင့် လေးစား အတုယူချင်စဖွယ် ပါတကား။

မြနန်းသီတာနွယ်

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၃ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ရေလိုက်လာပြီဆိုလျှင် ငါးက အလိုလိုပါလာပါမည်။ ရေနဲ့ ငါးလိုပဲ ဘဝမှာ ကုသိုလ်နဲ့ ကောင်းမှုကို အစဉ်ပြုလျှင် အစဉ်လုပ်လျှင်။ ရေလိုက်ငါးလိုက် ဘဝ ရောက်ရမည်မှာ အမှန်ပါ။

ကျွန်တော့်ကိုယ်တွေ့ စီးပွားတိုးတက် ဝင်ငွေကောင်းအောင် အဓိဋ္ဌာန်ကျင့်စဉ်အား လျှို့ဝှက်ဆန်းကြယ် စာဖတ်ပရိသတ်ကြီးအား ရေးသားတင်ဆက်လိုက်ရပါသည်။

ကျွန်တော်သည် မင်္ဂလာတောင်ညွန့်ဈေး (ယခင်အခေါ် အမဲဈေး)တွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူးနှင့် အခြားကုန်ခြောက်မျိုးစုံ ရောင်းချသော ဆိုင်ပိုင်ရှင်တစ်ယောက်ပါ။ မည်သူမဆို ဘာအလုပ်လုပ် ဘဝအတွက် စားမှုနေမှု၊ စားဝတ်နေရေးအတွက် မရှိမဖြစ် လိုအပ်နေသည်မှာ ငွေဝိုက်ဆံပင် ဖြစ်သည်။ ဝင်ငွေပုံမှန်နှင့် တိုးတက်ကောင်းမွန်စေရန်အဓိက ဖြစ်ပါသည်။ သမာအာဇီဝကျသော ဝင်ငွေတိုးတက်ရန်အတွက်သာ ဖြစ်ပါသည်။ မမှန်သော နည်းလမ်းဖြင့် ငွေဝင်နေသည်ကို မဆိုလိုပါ။ မှန်ကန်စွာ ဝင်လာသော ငွေကြေးပိုက်ဆံကို မှန်ကန်စွာ အသုံးပြုပါမှ မင်္ဂလာတစ်ပါး ဖြစ်လာလိမ့်မည်။ မှန်ကန်သောဝင်ငွေများ တိုးတက်ရန် လိုပါသည်။ ထို့ကြောင့် ဝင်ငွေကောင်းဆင်စေရန်အတွက် ကျွန်တော်တွေ့ကြုံရသော အဖြစ်တစ်ခုကို အများသူငှာသိစေရန် ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် လွန်ခဲ့သော ၅) နှစ်ခန့်က စီးပွားရေး ပုံမှန်အဆင့်တွင်သာ ရှိပါသည်။ ကျွန်တော့်ဆိုင်မှာလည်း ဈေးအတွင်းဘက် ကျောင်ကျသော နေရာတွင်ပင် ဖြစ်ပါသည်။ ရောင်းရေးဝယ်တာလဲ သိပ်ပြီး အဆင်ပြေလှသည်တော့ မရှိပါ။ လုပ်မြဲအလုပ်ဖြစ်သဖြင့် ကြိုးစားရှာရောင်းချနေခဲ့ပါသည်။ အချိန်မတန်သေးသောကြောင့်ဟု ထင်ပါသည်။ အချိန်ကြလာလျှင်တော့ ရေလိုက်ငါးလိုက် ဖြစ်လာခဲ့သည်မှာ ကျွန်တော့်ကိုယ်တွေ့ပင် ဖြစ်ပါသည်။ လူတစ်ယောက်ဘဝတွင် ရေလိုက်ငါးလိုက် ဖြစ်လာဖို့ အလွန်အရေး

×××

www.burmeseclassic.com

www.burmeseclassic.com

ထိုအဘိုးဘိုအဘမှ "လောကမှာ အမြတ်ဆုံးရတနာဟာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာ မြတ်သုံးပါးပါ။ ကောင်းမှုနဲ့ ကုသိုလ်၊ ဒါန၊ သီလတို့ ရအောင် ဆောင်ကြပါ"

ကြီးပါသည်။ ရေလိုက်လာပြီဆိုလျှင် ငါးက အလိုလိုပါလာပါမည်။ ရေနဲ့ငါးလိုပဲ ဘဝမှာ ကုသိုလ်နဲ့ ကောင်းမှုကို အစဉ်ပြုလျှင် အစဉ်လုပ်လျှင်၊ ရေလိုက်ငါးလိုက် ဘဝ ရောက်ရမည်မှာ အမှန်ပါ။

ကျွန်တော်ဟာ နေ့စဉ်ကောင်းမှု ကုသိုလ်ကိုတော့ တတ်နိုင်သလောက် ပြုပါသည်။ နေ့စဉ်ဆိုင်ရှေ့ဆွမ်းခံကြသော ရဟန်းသံဃာနှင့် ကိုရင်များကို ဆွမ်း ဆွမ်းဟင်းလောင်းလှူပါသည်။ အိမ်သူ အမျိုးသမီးအကြောင်း အမျိုးမျိုးကြောင့် မချက်နိုင်လျှင် ဆိုင်မှာ ရှိသော မုန့်ထုပ်၊ ကော်ဖီထုပ်များ အဆင်ပြေသလို လောင်းလှူပါသည်။ ဥပုသ်နေ့ မရောက်ခင် (၂) ရက် တောပိတ်၊ မြို့ပိတ်ရက် များတွင်လည်း သီလရှင်ဆရာကြီး၊ ဆရာလေးများကို ပိုက်ဆံနှင့် ဆန်များကို အဆင်ပြေသလို အမြဲလှူပါသည်။

နေ့စဉ်ကတော့ ဆိုင်မရောက်မီ အိမ်တွင် နံနက်စောစော ဘုရားရှိခိုး၊ ဆွမ်းတော်၊ သောက်တော်ရေ၊ ဆီးမီး၊ ပူဇော်ဆက်ကပ် လှူဒါန်းပါသည်။ မေတ္တာသုတ်တော်ကိုလည်း မနက် (၃) ကြိမ် ပူဇော်ပါသည်။ ဂုဏ် တော် (၉) ပါး (၃) ခေါက်၊ သမ္မာဒွေ (၃) ခေါက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို လည်း ကော်ရော်မြတ်နိုး ရှိသေပူဇော်ပါသည်။ နေမကောင်းသည့်ရက်မှ အပပေါ်၊ ထိ ဂုဏ်တော်ကျေးဇူးတော်ကြောင့်ပင်။

×××

တစ်နေ့ နေ့လယ်ခင်း ကျွန်တော့်ဈေးဆိုင်၌ ရှိနေစဉ် ထူးခြားသော အလှူခံလူပုဂ္ဂိုလ်တစ်ဦး လာရောက်အလှူခံပါသည်။ အသက်လည်း အတော်ကြီးနေပါသည်။ ခရီးရပ်ဝေးမှ တစ်နယ်တစ်ကျေးမှ လာရောက်အလှူခံပုံရပါသည်။ အသက်အရွယ်မှာ (၈၀) ကျော်လောက်ပြီ ထင်ရပါသည်။ ဝတ်ပြုစင်ကြယ်ကို ဖြူဖွေးသေသပ်စွာ ဝတ်ဆင်ထားပါသည်။ ကျွန်တော်သည် မြင်မြင်တွေ့တွေ့ချင်း စိတ်ထဲတွင် တစ်မျိုးခံစားမိပါသည်။ လေးစားရိုသေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအဘိုးဘိုအဘမှ "လောကမှာ အမြတ်ဆုံးရတနာဟာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးပါ။ ကောင်းမှုနဲ့ ကုသိုလ်၊ ဒါန၊ သီလတို့ ရအောင်ဆောင်ကြပါ"

ပြီးတော့...ကျွန်တော့်အား "လူလေးရေ...အစစအရာရာ ရောင်းရေးဝယ်တာ အဆင်ပြေရဲ့လား။ ရောင်းကောင်းရဲ့ လား"

"လူလေးကတော့ မြင်ကတည်းက အဘကသိတယ်၊ ဘာသာတရား ကိုင်းရှိုင်းသူဆိုတာ မနောကပေါ်လာလို့နော်" ဟု ကျွန်တော့်အား စကားဆိုလေသည်။

ကျွန်တော်လည်း "အဘရယ် အဆင်ပြေပါတယ်။ သို့သော်လည်း ရောင်းလိုက်ဝယ်လိုက်၊ စားလိုက်သောက်လိုက်နဲ့ အကြွေးတော့မရှိ၊ အပိုငွေမရှိတဲ့ အခြေအနေပါဗျာ"

"အခု သားတို့မိသားစု၊ အဆင်ပြေဖို့ အချိန်ကျရောက်လာပြီလေ"

ကျွန်တော်ချက်ချင်း ထိုအဘအား နေရာပေး၍ လက်ဖက်ရည်၊ အချိုရည်မှန့်များဖြင့် ဧည့်ခံလိုက်လေသည်။

"သောက်ပါ။ စားပါအဘရေ။ လက်ဖက်ရည်နဲ့ မုန့်ကိုပေါ့"

"အဘက ရေနွေးကြမ်းကိုပဲ သောက်ပါ့မယ်ကွယ်။ ကျန်တာတော့ မွန်းလွဲချိန်မှာ မသုံးဆောင်တော့ဘူး သားရယ်"

"အခု မင်းတို့မိသားစုက ကုန်စုံဆိုင်ဆိုတော့ အဘပေးမယ်။ ငွေဝင်အဓိဋ္ဌာန် အစီအမံလေးကို ယုံယုံကြည်ကြည်နဲ့ (၉) ရက်၊ (၉) လတိတိ ဆောင်ရွက်ကြည့်ပါ။ အဘပေးမယ့် အစီအမံက ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်တဲ့ ဂါထာတော်များဖြစ်ပါတယ်" သားရေ။

အခု အဘပေးမယ့် ဇယားလေးကို လိုက်ကူးလိုက်နော်။

ဒီဇယားလေးအတိုင်း သားကြည့်ပြီး အဓိဋ္ဌာန်ပြု ဆောင်ရွက်လို့ ရပါတယ်။ တနင်္ဂနွေသားတစ်ယောက် အဓိဋ္ဌာန်ဝင်မယ်ဆိုရင် နေ့အလိုက် အချိန်တွေ ပေးထားတယ်နော်။ တနင်္ဂနွေစတင်ဝင်မယ်ဆိုရင် နေ့လယ် ၁၂း၀၀ နာရီကနေ ၁း၃၀ အချိန်တွင်းမှာ ဝင်ရမယ်။ တနလာသား တနလာနေ့မှာ အဓိဋ္ဌာန်ဝင်မယ်ဆိုရင် နံနက် ၇း၃၀ နာရီမှ ၉း၀၀ အချိန်အတွင်းမှာ အဓိဋ္ဌာန်ဝင်ရမယ် ဒါ့သားရေ...။

ပြောတဲ့အတိုင်း (၉) ရက်၊ (၉) ပတ်၊ (၉) လတိတိ မပျက်မကွက် ဆောင်ရွက်ကြည့်ပါ။ ထူးထူးခြားခြား စီးပွားရေး တိုးတက်လာပါလိမ့်မယ်။ ငွေတွေလဲ အရမ်းပေါကြွယ်စွာ ဝင်ပါလိမ့်မယ်။ အခုအခြေအနေထက် မြောက်များစွာ တိုးတက်တဲ့ဘဝကို ရောက်ရှိသွားပါမယ်၊ ဒါ့သား"

အဓိဋ္ဌာန်ဝင်ဖို့ကတော့ ကိုယ့်ရဲ့ မွေးနေ့က စတင်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဇယားပါ ဂါထာကို တစ်နေ့ (၃၆) ခေါက်၊ (၉) ရက်တိတိ စတင်ပြီး ပူဇော်ရွတ်ပွားပါ။ ပထမ ထူးခြားလာပါ့မယ်။ နောက်ထပ် (၉) ပတ်တိတိပေါ့။

နေအိမ်မှာဖြစ်ဖြစ် သားရဲ့ဝိုင်မှာဖြစ်ဖြစ် ဂါထာအား ပူဇော်ပြီး ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ဖိုင်ဇယားတွင်ပါရှိသည့် ဒြပ်ပေါင်းတည်ဆောက်ပုံများ ဘယ်အုပ်စုတွင်ပါဝင်သည်ကို ဆက်စပ်ဖော်ပြထားပါသည်။

နံပါတ်	ဖိုင်အမည်	ဖိုင်အမျိုးအစား	ဖိုင်အရွယ်အစား	ဖိုင်ဖန်တီးသည့်ရက်စွဲ	ဖိုင်ပြင်ဆင်သည့်ရက်စွဲ	ဖိုင်ဝင်ရောက်သည့်ရက်စွဲ	ဖိုင်ကိုယ်စားပြုသည့်အရာ
၁	ဓာတ်ငွေ့	စာသားဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဓာတ်ငွေ့
၂	ဆီ	စာသားဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီ
၃	ဆားငန်ရေ	စာသားဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆားငန်ရေ
၄	ဆီစက်ရုံ	စာသားဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၅	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၆	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၇	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၈	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၉	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၁၀	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၁၁	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၁၂	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၁၃	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၁၄	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၁၅	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၁၆	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၁၇	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၁၈	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၁၉	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ
၂၀	ဆီစက်ရုံ ဓာတ်ပုံ	ပုံရိပ်ဖိုင်	၁၀၀ ကီလိုဘိုက်	၁၂/၁၀/၂၀၁၄	၀၁/၀၂/၂၀၁၅	၀၁/၀၂/၂၀၁၅	ဆီစက်ရုံ

www.burmeseclassic.com

ရှင် ကိုယ်တော်မြတ်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ပါ။ ပြီးမှ ဇယားပါ ဂါထာတော်ကို (၃၆) ခေါက် ပူဇော်ပေတော့ ငါ့သားရေ" အဘကို သွားခွင့်ပြုပါ။ အဘ အချိန်နီးနေလို့နော်"

ရုတ်တရက် ထိုအဘမှာ လုစ်ခနဲ မြင်ကွင်းက ထွက်ခွာသွားလေတော့သည်။

ကျွန်တော် ရေးသားမှတ်သားထား၍ ထိုအဘပေးခဲ့သော ဂါထာတော်ကြီးကို ဇယားအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

ပူဇော်ခဲ့ပါသည်။ ယုံယုံကြည်ကြည် ရိုရိုသေသေ ပူဇော်မှကြောင့်ပင် ထူးထူးခြားခြား ပထမ (သပတ်အတွင်း ကျွန်တော့်ကုန်စုံဆိုင်ကလေး သိသိသာသာ စေးအတွင်း အရောင်းအဝယ်တိုး တက်ခဲ့ပါသည်။ (၁၁ နှစ်ကျော်ကျော် အတွင်းမှာပင် စေးအတွင်းဘက်မှ စေးလယ်ဆိုင်ခန်းသို့ ပြောင်းရွှေ့ပင် ပွင့်လာနိုင်ခဲ့ပါသည်။ ကျွန်တော့်မိသားစု ဝင်ငွေတိုး တက်လာပြီး ဆွမ်းပိုလောင်းနိုင်ခဲ့ပါပြီ။

သီလရှင်ဘုရားကြီး၊ ဆရာလေးများကိုလည်း ငွေနှင့်ဆွမ်းဆန်များ ပို၍ လှူဒါန်းနိုင်ခဲ့ပါသည်။ ဆိုင်တွင်လည်း ပို၍ ပစ္စည်းစုံ၊ အလုပ်သမားပိုမိုခန့်၍ လက်မလည်အောင် မနက်ပိုင်း၊ မနက်ခင်းတစ်ခုလုံး စေးရောင်းကောင်း လာခဲ့ပါသည်။ ငွေဝင် တိုးတက်ခဲ့ပါသည်။ စီးပွားသိသိသာသာ တက်လာခဲ့ပါသည်။

ဤစာမူအား သူငယ်ချင်းဖြစ်သူ ကျောင်းနေဖက် ကိုကျော်ကျော်ဆွေ လှိုဝှက်ဆန်းကြယ် မဂ္ဂဇင်းသို့ ပို့ဖြစ်အောင် အချိန်ယူ ကြိုးစားရေးနေရပါသည်။

လှိုဝှက်ဆန်းကြယ် စာဖတ်ပရိသတ်ကြီး လာဘ်ဝင်ငွေရွှေ၊ စီးပွားဥစ္စာကို အစီအမံအား ကျွန်တော့်လို ဆောင်ရွက်ပြီး အောင်မြင်စေချင်လို့ ကျွန်တော့်ကိုယ်တွေ့အား တင်ပြရလိုက်ရခြင်း ဖြစ်ပါသည်။

သန်းသိန်းအောင်(ရောဝတီ)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း (၇)ရက်သားသမီးများအတွက်

အကိုဆောင်လို့ရှောင်မလဲ



ကျစ္ဆာသယမဟိန္ဒီစေ

ဗေဒသုတေသီ ဆရာမျိုး

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများအတွက်

- ပညာရှိအမျက် အပြင်မထွက်ပါစေနှင့်။
- အချစ်ရေး အိမ်ထောင်ရေးတို့သည် ခါးသီးသောခံစားမှုများဖြစ်သည်။
- ပညာရေးကောင်းပါသည်။
- ဘာသာရေးအပြင် မှုန်ကန်မှုသည် သင်၏ထွက်ပေါက်ဖြစ်သည်။
- မတော်မဆ ထိခိုက်ဒဏ်ရာသတိပြုပါ။
- ငါး သက်စေ့လွှတ်ပါ။

တနလာသားသမီးများအတွက်

- အိမ်ထောင်ရေးလမ်းကြောင်း အဆင်မပြေမှုများရှိသည်။
- စီးပွားရေးတွင် အတိုက်အခံများမည်။
- လူပ်ရှားသွားလာမှုများဖြင့် အကျိုးပြုမည်။
- အကျိုးပေးဂဏန်း (၅၊ ၁၊ ဂ)
- ကျန်းမာရေးသင့်ပါသည်။
- ကြောင်ကြော်ဆွမ်းကပ်ပါ။

အင်္ဂါသားသမီးများအတွက်

- ဆယ်သွယ်ရေးကောင်းလျှင် ကောင်းသလောက် ခရီးရောက်ပါမည်။
- အကျိုးပေးဂဏန်း (၁၊ ၄၊ ဂ)
- ကျန်းမာရေးကောင်းပါသည်။
- အဖေ၏ကျန်းမာရေး ဂရုစိုက်ပါ။
- စက်ပစ္စည်းအကျိုးပေးပါမည်။
- သံဃာတော်.တစ်ပါးအား သပိတ်လှူပေးပါ။

ဗုဒ္ဓဟူးသားသမီးများအတွက်

- လုပ်ငန်းများ အဆင်ပြေချောမွေ့နေမည်။
- အတိုက်အခံ အပြိုင်အဆိုင်တို့ကို ကျော်လွှားအောင်မြင်မည်။
- အကျိုးပေးဂဏန်း (၂)
- မတော်တဆ ထိခိုက်ဒဏ်ရာဂရုစိုက်ပါ။
- ဖန်ပုလင်းတွင် ယင် (၅) ချောင်းစိုက်၍ မွေးနံ့ထောင့်တွင် လှူပါ။

ကြာသပတေးသမီးများအတွက်

- လုပ်ငန်းများ သင့်တင့်မျှတစွာ လည်ပါတ်လာ နိုင်လိမ့်မည်။
- အချစ်ရေး၊ အိမ်ထောင်ရေး ကံမကောင်းနိုင်သေးပါ။
- အကျိုးပေးဂဏန်း (၃၊ ၉)
- ကျန်းမာရေး အနည်းငယ် ချွတ်ယွင်းမည်။
- အိုးအိမ်ပြုပြင် ပြောင်းလဲခြင်း မလုပ်ဆောင်သင့်ပါ။
- စာကြည့်တိုက်သို့ စာအုပ် လှူဒါန်းပေးပါ။

သောကြာသားသမီးများအတွက်

- ဤလ ကံမကောင်းနိုင်သေးပါ။
- ကျန်းမာရေးကောင်းပါမည်။

www.burmeseclassic.com

www.burmeseclassic.com

- မိတ်ဆွေကောင်းတို့၏ အကူ အညီရရှိမည်။
- အောက်လက်ငယ်သား တော်လှန်မည်။
- ပညာရေးကောင်းပါသည်။
- ဝက်သားဟင်းကို ခွေးစာကျွေးပေးပါ။

စနေသားသမီးများအတွက်

- လုပ်ငန်းများ မလည်ပါတ်နိုင်သေးပါ။
- နာတာရှည်ရောဂါသည်များ ဆေးလိုက်ပါမည်။
- စက်ပစ္စည်း ဝင်သော်ကောင်း၏။
- အိမ်ထောင်သည်များ ကြားလူသွေးတိုးမည်။
- ရေလမ်းခရီး မသွားကောင်းပါ။
- စာကလေး (၁၀) ကောင်ဘေးမဲ့ပေးပါ။

ဣစ္ဆာသယမဟိဒ္ဓိစေ ဗေဒသုတေသီဆရာမျိုး

ဆရာမကြီး

ဒေါ်သိန်းယဉ်

အမှတ် တံဆိပ် မှတ်ပုံတင်ပြီး

ဓားတံဆိပ်

ငှက်ဗျားဆေး

အမှတ်–၁၉/၂၁၊ကျောင်းလမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

တိုင်းရင်းဆေးဝါးယာယီမှတ်ပုံတင်အမှတ် – 0610Y008484

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုမေတ္တာလဲ
ကျော်စွာမြင့်
ဦးစမကောင်းတော့

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

လူဘဝတွင် ဆန်းပြားသော ဖြစ်ရပ်များစွာရှိမည်။ ငယ်စဉ်က ကြားဖူးသော ကဗျာလေးတစ်ပုဒ်ရှိ၏။ ထိုကဗျာလေးမှာ လူဘဝအတွက် အဓိပ္ပာယ်များစွာ ရှိလုသည်ဟု အသက်ကြီးလာလေ တွေးမိလေဖြစ်လေသည်။ ထိုကဗျာလေးမှာ···

တက္ကသိုလ် ဆရာတစ်ဦး ဆိုဖူးသည်နှုတ်ရည်···

အိမ်ထောင်ပြု၊ ဘုရားတည် ဆေးမင်ရည်စုတ်ထိုး။

ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်နိုင် ခက်လိမ့်အမျိုး"ဟူ၍ ဖြစ်သည်။

"အိမ်ထောင်ပြုခြင်း၊ ဘုရားတည်ခြင်းနှင့် ဆေးမင်ကြောင်"ထိုးခြင်းတို့မှာ လုပ်ပြီးလျှင် ပြင်၍မရ၊ ပြင်ဖို့ခက်သည်ဟု ဆိုခြင်းဖြစ်၏။

အိမ်ထောင်ပြုခြင်း အလုပ်ကို ငယ်စဉ်ကတော့ တစ်ဦးနှင့်တစ်ဦး ချစ်ခင်၍ မိဘများက သဘောတူလျှင် ပျူ၍ ဖြစ်သည်။ လင်မယားအရာမြောက်၍ နေလို့ရသည်ဟု ကျွန်တော်ထင်သည်။ ယခု ဖော်ပြမည့် မူခင်းဖြစ်ရပ်လေးမှာကား အစမကောင်း၍ အနှောင်းမသေချာခြင်းကြောင့် ဖြစ်ရသည့်အမှုဟု ဆိုလျှင်လည်း မမှားပေ။

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၁၉၃၄ ခုနှစ်ခန့်က စခဲ့သည့် ဇာတ်လမ်းဟုဆိုရမည်။ အလွန်ချောမော ပြေပြစ်၍ အပြစ်ဆိုစရာ မရှိအောင် လုပသည့် အသက်နှစ်ဆယ်ကျော်အရွယ် မာဂရက်ဆိုသူ မိန်းမပျိုလေးသည် စက်မှုစီးပွားရေးဘဏ်ထဲသို့ ဝင်လာသည်။

သူမ၏ ကိုယ်ဟန်ကြွေးရှင်းလုပခြင်းမှာ မြင်တွေ့ရသော ယောကျ်ားတို့က အနည်းဆုံး နှစ်ကြိမ်လောက် လှည့်ကြည့်ရသော အလှမျိုးဖြစ်သည်။ မျက်နှာသွင်ပြင်မှာ တောက်ပသော မျက်လုံး၊ လေးကိုင်းသဖွယ် တင့်တယ်သော မျက်ခုံးပေါ်လွင်သော နှာတံနှင့် နှင်းဆီဖူးပမာ နီထွေးသော နှုတ်ခမ်းတို့ အနီးကပ်ကြည့်လေ ပို၍ ချစ်စရာကောင်းလေဆိုသည့် အမျိုးအစားဖြစ်သည်။

ဘဏ်စာရင်းလေးသည် မိမိ၏ ရှေ့ကောင်တာပေါက်မှ ဆိုးသွင်းပေးသော ချက်လက်မှတ်ကို ယူပြီးနောက် အလွန်ရှားပါးစွာ လုပသည့် မိန်းမပျိုး၏ မျက်နှာကို မခွာတမ်း စိုက်ကြည့်မိသည်။ မာဂရက်၏ ရုပ်ဆင်းသဏ္ဌာန်က မည်မျှပင် ဆွဲဆောင်မှု ရှိလုသည်မသိ။ ဘဏ်စာရေးမှာ ချက်လက်မှတ်ကို မကြည့်နိုင်သေးဘဲ ရီဝေသော မျက်လုံးများဖြင့် မာဂရက်ကိုသာ ကြည့်နေမိသည်။

ထူးခြားသည်ကား မာဂရက်သည်လည်း အခြားသော ယောကျ်ားများ၏ ကြည့်ရှုခြင်း၊ အနီးကပ် မတော်တဆ ဖြင့် တိုးမိသလိုဖြင့် အသိဖွဲ့ စကားပြောခြင်း၊ သမင်လည်ပြန် ကြည့်ခြင်းတို့ကို ခံရဖူးသော်လည်း မတုန်လှုပ်ခဲ့။ သို့သော် ယခု ဘဏ်စာရေး၏ မျက်လုံးအစုံဖြင့် ကြည့်ခြင်းခံရသောအခါ ရင်ထဲတွင် လှိုက်ဖိုလွှားကာ သူမသည်လည်း စကား မပြောနိုင်ဘဲ ပြန်၍ ငေးကြည့်နေမိလေသည်။

"ချစ်ခြင်းအစဆိုတာ မျက်စိ

www.burmeseclassic.com

www.burmeseclassic.com

ယသာဒမို့ သန္ဓိကုန် အာရုံကာမဂုဏ်တွေ ရယ်"ဟု ဆိုသည့် သီချင်းကဲ့သို့ တစ်ဦးနှင့်တစ်ဦး ငြိတွယ်မိကြသည်။ အတန်ကြာမှ မာဂရက်က...

"ကျွန်မမျက်နှာ ဘာများများနေလို့လဲ ရှင်"ဟု ပြောမိ၏။

"ဩော်... ဟုတ်ပါရဲ့ နေ့စွဲပြောင်းပေးပါ"ဟု နေ့စွဲရေးသည်ကို လွဲနေခြင်းကို ယခုမှပင် ဘဏ်စာရေးလေးက ပြောနိုင်တော့သည်။ ယခုမှ တွေ့ဖူးသော်လည်း ယခင်ကကဲ့သို့ ရင်းနှီးကာ "ကျွန်တော် ရိုင်းစိုင်းမှုကို ခွင့်လွှတ်ပါ" ဘဏ်စာရေးက တောင်းပန်သည်။

မာဂရက်က...

"ကျွန်မက ရိုင်းတယ်မထင်လို့ ခွင့်လွှတ်ပြီးသားပါ"ဟု ဆိုလိုက်လေ၏။ စာရေးလေး အံ့သြသွားသည်။ ထိုစကားကြောင့် ဘဏ်စာရေးက "ကျွန်တော့် တစ်သက်မှာ ခင်ဗျားလိုလှတဲ့ မျက်နှာမျိုး တစ်ခါမှ မတွေ့ဖူးလို့ ကြည့်မိတာပါ" ဟု ဆိုလာပြန်၏။

"ရှင်ဟာလည်း တော်တော် ကြည့်ကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါပဲ"

ဘဏ်စာရေးလေး၏ နာမည်မှာ "ရီနီ"ဟူ၍ ဖြစ်၏။ ရင်းနှီးလို၍ မာဂရက်က နောက်တစ်နေ့ လက်ဖက်ရည်သောက် လာဖိုဖိတ်သည်။ သူတို့ ဇာတ်လမ်းက ထိုနေရာကစ၏။

×××

သို့ဖြင့် နောက်တစ်နေ့တွင် ရီနီသည် မာဂရက်၏အိမ်သို့ သပ်ရပ်ကောင်းမွန်သော အဝတ်အစားဖြင့် ရောက်လာသည်။ မာဂရက်က လှပပါးလွှာသော အဝတ်အစားဖြင့် သီးသန့် ဧည့်ခန်းတွင် ဧည့်ခံသည်။

မာဂရက်ကပင်စ၍ "ရှင်မနေ့က ကျွန်မကို ဘာရွေ့ စိတ်ဝင်စားရတာလည်း"ဟု မေး၏။ ရီနီက...

"မလို...မင်းရဲ့အိမ်မှာ ဖိတ်ကြားတာဟာ ကိုယ့်အတွက် ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးလို့ ထင်မိပါတယ်။ ကိုယ်က... မင်းကို တော်တော်... စကားမဆော်နိုင်ဘဲ စိတ်လှုပ်ရှားမှုကြောင့် ရီနီ၏ လက်ချောင်းလေးများပင် တုန်ခါနေသည်ကို တွေ့ရသော အခါ မာဂရက်မှာ မကြည့်ရက်တော့

"ရှင်ပြောချင်တဲ့ စကားကိုပြောပါ။ ကျွန်မကို အားမနာပါနဲ့"ဟု မာဂရက်က တားလိုက်ရာ ရီနီထံမှ...

"ကိုယ်မင်းကို လက်ထပ်ချင်တယ်။ လက်ထပ်ခွင့်ပေးပါ"ဟု တောင်းဆိုလေတော့၏။

မာဂရက်က "ရှင်... ကျွန်မကို ချစ်ခွင့်ရှိပါတယ်။ ဒါပေမဲ့ ဒီလိုချစ်နိုင်ရင် ရသားနဲ့ ဘာလို့ လက်ထပ်ချင်ရတာလည်း"

ရီနီက သူ့သဘောကို လိုက်လျောမှန်းသိ၍ မာဂရက်၏လက်ကို ဆွဲလိုက်ရာ မာဂရက်က အလိုက်သင့်ပါသွားပြီး ရီနီ၏ ရင်ခွင်ထဲ ကိုယ်တစ်ပိုင်းရောက်သွား၏။

"မင်းကိုယ့်ကို ဘာလို့ လက်မထပ်နိုင်တာလဲ။ မိဘကြောင့်လား"

"မဟုတ်ဘူးရှင့်... မိဘက

www.burmeseclassic.com

www.burmeseclassic.com

သိသည်။ မိန်းမနှစ်ဦး လက်ထပ်ခွင့်မရှိသို့သော် တစ်ဦးကို လက်ထပ်၍ တစ်ဦးပါလာက အတူနေလျှင်တော့ ရနိုင်၏။ သို့သော် နောင်တွင် ပြဿနာ ရှိနိုင်သည်။ မာဂရက် မနှစ်သက်သော ကိစ္စမျိုး ဖြစ်လာနိုင်သည်ဟုလည်း အကြောင်းပြ၏။

သို့သော်... မရပေ။ "မာဂရက်"သည် "ဂျာရီဒင်း"မှာလည်း မာဂရက် ပြောသလိုပင် ပြဿနာမရှိ နေနိုင်သည်ဟုပြော၍ ရီနီသည် မာဂရက်ကို လက်ထပ်ပြီး ဂျာရီဒင်းကိုပါ ခေါ်ထား၍ မိန်းမနှစ်ယောက် တစ်ပြိုင်တည်း ကဲကောင်းထောက်မစွာရ၍ ဘဏ်မှထွက်ကာ ချမ်းသာသော မာဂရပ်တို့ အိမ်ကြီး သို့ပြောင်း၍ နေခဲ့လေသည်။ သို့သော်

×××

၁၉၃၄ မှ ၁၉၃၈ ခုအထိ သူတို့သုံးဦး သာယာပျော်ရွှင်စွာ နေခဲ့၍ ၁၉၃၈ ခု၊ ဩဂုတ်လတွင် ပြင်သစ်ရုံးတော်၌ ရီနီသည် မိမိဇနီး မာဂရက်ကို

"ကိုယ်... သိပ်မောလာတယ် စေးကပြန်လာတာ၊ သွားဦးမယ်နော်" ဟု ဆိုကာ ပြန်ထွက်သွားလေသည်။

"ဂျာရီဒင်း" ထွက်သွားမှ ရီနီကိုလှည့်ကာ "ကဲ... သူကို ရှင်... အာယ့်နယ်သဘောရလဲ" ဟု မေးသည်။ ရီနီက...

"တော်တော်လှတဲ့ မိန်းကလေးပါပဲ" ဟု ပြောလေသည်။ ထိုအခါ မာဂရက်က သူနှင့် အလွန်ချစ်၍ အတူနေသော သူငယ်ချင်းဖြစ်ကြောင်း၊ လက်မထပ်နိုင်ရခြင်း အကြောင်းမှာ "ဂျာရီဒင်း"နှင့် ခွဲမနေနိုင်သောကြောင့် ဖြစ်ကြောင်းပြောသည်။

ထို့နောက် "မာဂရက်"သည် "ဂျာရီဒင်း"ကို လင်နှင့်မယားကဲ့သို့ပင် တစ်ဦးနှင့်တစ်ဦး အလွန်ချစ်၍ နှစ်ဦးလုံးပင် ယောကျ်ားမယူစတမ်းဟု သစ္စာပြုထားကြောင်းပြောပြီး "ရှင်... ကျွန်မကို တကယ်ချစ်ရင် ကျွန်မတို့နှစ်ယောက်လုံးကို လက်ထပ်မလား" ဟု မေးသည်။

ရီနီက ပြင်သစ်ပြည် ဥပဒေကို ကျွန်မကို ဘာမှ မပြောပါဘူး။ ကျွန်မ ၂၄ နှစ် ရှိပြီပဲ။ ကိုယ့်ဘဝကို ကိုယ်ဖန်တီးခွင့်ရှိတယ်"

ဤသို့ တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ကာ စကားပြောနေစဉ် တံခါးခေါက်သံ ပေါ်လာ၏။

"ဟော"

"ဒေါက်..ဒေါက်..ဒေါက်"

မာဂရက်က လူချင်းမခွာဘဲ ပွေ့ဖက်ခံထားသည့် နေရာမှာပင် "ဝင်ခဲ့ပါ" ဟု ပြောလိုက်ရာ မိန်းမချောလေးတစ်ဦး ဝင်လာသည်။

သူမမှာ မာဂရက်နှင့် ရွယ်တူဖြစ်၍ ကိုယ်လုံးရော မျက်နှာပါ သာမန် မိန်းမများထက် ပို၍လှသည်ဟု ပြောရသော မိန်းကလေးမျိုးပင် ဖြစ်သည်။ သည်တော့မှ... မာဂရက်သည် ရီနီ၏ အေားတွင်ထိုင်ကာ သူငယ်ချင်း မိန်းကလေး "ဂျာရီဒင်း"နှင့် "ရီနီ"ကို မိတ်ဆက်ပေးလိုက်၏။

မာဂရက်က မိတ်ဆက်ပေးပြီး ဂျာရီဒင်းသည်...

www.burmeseclassic.com

www.burmeseclassic.com

ကွာရှင်းပြတ်စဲလိုကြောင်း အမှုလျှောက်ထား၍ တရားသူကြီးက ခေါ်ယူစစ်ဆေးမေးလေသည်။

ရိန်ိက "မာဂရက်"ကို ကွာရှင်း၍ "ဂျာရီဒင်း"နှင့် လက်ထပ်လိုကြောင်း အကြောင်းမှာ ဂျာရီဒင်း ရင်ခွင်ထဲ၌ သူနှင့်ရထားသော ကလေးကိုပြ၍ပြောသည်။ တရားသူကြီးမှာ ထိုအမှုမျိုး မကြုံဘူး၍ "မာဂရက်"ကို တရားသူကြီးက···

"မင်းရဲ့··· အချစ်ဆုံးသူငယ်ချင်းက မင်းအပေါ်မှာ သစ္စာဖောက်တယ်လို့တွက်ပြီး မင်းမကွာချင်ဘူးလား"ဟုမေးသည်။

"မကွာချင်ပါဘူး။ ကျွန်မယောကျ်ားကိုလည်း ကျွန်မချစ်တယ်။ သူငယ်ချင်းလည်းချစ်တယ်။ ဒီလိုဖြစ်အောင်လည်း ကျွန်မက ခွင့်ပြုထားတာပါ။ ကျွန်မ ယောကျ်ားကလည်း ကျွန်မစိတ်ဆင်းရဲအောင် ဘာမှမလုပ်တဲ့ယောကျ်ားကောင်းပို့ မကွာချင်တာပါ။ ကျွန်မတို့သုံးယောက် ဒီတိုင်းပဲ ပျော်ရွှင်စွာ နေချင်ပါတယ်"

နောက်ဆုံး··· တရားသူကြီးက···

"ယခုကိစ္စကို ဆုံးဖြတ်ချက် မချနိုင်ကြောင်း။ ရိန်၏ အိမ်ထောင်ရေးဘဝကို စုံစမ်းပြီးမှ ဆုံးဖြတ်ချက် ချနိုင်မည်ဖြစ်ကြောင်း။ သို့မဟုတ်ပါက ရိန်ိကို သာ အိမ်ထောင်ရေးတွင် အပြစ်ရှိသူအဖြစ် အိမ်ထောင်ရေးဘဝကို ပယ်ဖျက်ပစ်ရမည့်အကြောင်း ပြောပြပြန်လေသည်။ ရိန်ိက ကလေးမရဖီကသာ သုံးယောက်ပျော်ရွှင်ခဲ့သော်လည်း ယခုကလေးရ၍ "ဂျာရီဒင်း"နှင့် လက်ထပ်မှာသာ ဖြစ်ပါမည်ဟု ထွက်ဆိုပြန်၏။

နောက်ဆုံး··· တရားသူကြီးသည် ရိန်ိတောင်းဆိုသည့်အတိုင်း ကွာရှင်းခွင့်ပြုလိုက်သည်။ တရားရုံးမှ ပရိသတ်များ ထွက်ခွာစဉ် တရားသူကြီးက

"'ဒီအမှုမျိုးက ထူးခြားတဲ့အမြဲနဲ့ ဆုံးတတ်တယ်။ နောက်···ဘာဆက်ကြားရမလဲ"ဟုပင် ပြောသေးသည်။

သိပ်မကြာလိုက်၊ တရားရုံးအပြင်ဘက်မှ သေနတ်သံတစ်သံ ကြားလိုက်ရသည်။

"ဒိုင်း"

လူများ ပြေးကြည့်စဉ် ကလေးချီထားသော ဂျာရီဒင်း၏ နဖူးတွင် သေနတ်ဒဏ်ရာဖြင့် လဲကျသေနေသည်။ သေနတ်ကိုင်ထားသော မာဂရက်သည် သူခေါင်းကို သေနတ်ဖြင့် ပစ်ရန်ချိန်စဉ် လူများဝိုင်းဆွဲ၍ မပစ်ဖြစ်တော့ပေ။ ဂျာရီဒင်း ရင်ခွင်ထဲမှ ကလေးငယ်မှာ မည်သို့မှမဖြစ်၊ အကောင်းပကတိ။ သို့သော် ဩဂုတ်လ ၁၇ ရက်တွင် ရဲဆေးခန်း၌ မာဂရက်သည် မိမိကိုယ်ကို ကြိုးဆွဲချ၍ သတ်သေသွားရှာလေသည်။ အစမ၊ကောင်း၍ အနောင်းမသေချာခြင်းပါတကား။

ကျော်စွာမြင့်

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကာတွန်းဆရာ နာမည်က "ဆန်းပုံ"တဲ့၊ အစကတော့ မဂ္ဂဇင်းတွေမှာ ပုံလေးတွေနဲ့ ရယ်ရွှင်ဖွယ် စာလေးတွေ ရေးရတာပေါ့။ နောက်တော့ ရုပ်ပြထုတ်မယ့်လူနဲ့ တွေ့တယ်။ အခုလစဉ် ထုတ်မယ့်လူက ကမ်းလှမ်းလာပြီ။ ဒါကြောင့် ကျွန်တော် ရန်ကုန်မြို့ကြီးကို အားကိုးတာပေါ့။

ကျွန်တော်က မော်ဘီသား။ ဝါးနက်ချောင်းသူနဲ့ အိမ်ထောင်ကျတာ။ ကျွန်တော် ကာတွန်းဆွဲတာ ဝါသနာပါတော့ ကာတွန်းဆွဲရင် ရန်ကုန်မှာ ကြီးပွားမယ်ဆိုပြီး ရန်ကုန်ကို ကျွန်တော့် ဇနီးနဲ့ အိမ်ပုံးနေကြတော့တယ်။

ကျွန်တော့်ဇနီးက စက်ချုပ်လုပ်ငန်းမှာ အလုပ်ဝင်၊ ကျွန်တော်က အိမ်ထမင်းချက်ရင်း ကာတွန်းဆွဲတာပေါ့။ အခုလစဉ် ထုတ်မယ့်လူနဲ့ တွေ့ရပြီ။ ကျွန်တော့်ပန်းလည်း သားလေးတစ်ယောက်မွေးတာ၊ အခါလည်သားနဲ့ ကလေးကသေတယ်။ ဒီတော့ ကျွန်တော့် ဇနီးကို ကျွန်တော်သနားပြီး

"မင်း . . . အိမ်မှာနားပါကွာ။ ငါ့ကာတွန်း စာအုပ်ကလည်း လစဉ် ထုတ်မယ့်လူနဲ့ တွေ့တာ မင်းက ထမင်းချက်။ ငါလဲစာကို ဂရုစိုက်ပြီး ရေးရတော့မယ်ဆိုတော့ ငါ့ညီနှစ်ဝမ်းကွဲ မောင်နီ ကို ခေါ်ရမယ်။ မောင်နီလဲ အလုပ်မရှိတော့ ဟန်ကျတာပေါ့" ဒီလိုပြောပြီး ကျွန်တော်နဲ့ ညီအစ်ကို နှစ်ဝမ်းကွဲတော်သူ မောင်နီကို ခေါ်ရတယ်။

"ဟော့ . . . . မောင်နီ၊ မင်းအလုပ်မရှိဘူး။ ငါ့အလုပ်မှာ မင်း . . . လာကူ ငါ့ . . . ညီ။ ငါဝိုက်ဆံပေးမယ်" ဒီလို ခေါ်တော့ အိမ်ကိုအိမ်ထောင်သည်နဲ့ နေရတဲ့ မောင်နီ ကျွန်တော့်အိမ်ရောက်လာတယ်။

ကျွန်တော်က ကာတွန်းရေးတယ်။ မောင်နီကို "ဒီနေမှာ ဒီလိုထည့်။ ဟိုနေရာမှာ ဟိုလိုထည့်" ဆိုပြီး ဝတ္ထု၊ ဇာတ်လမ်း စာတွေရေးတယ်။ ကျွန်တော့် အသက်က သုံးဆယ့်ငါးနှစ်။ ကျွန်တော့် ဇနီးက သုံးဆယ်။ မောင်နီက နှစ်ဆယ့် ရှစ်နှစ်။ ကျွန်တော်တို့ မောင်နှမ အရင်း တွေလိုပဲ နေကြတာ။

ကျွန်တော့်ဇနီးက ထမင်းချက်၊ ဈေးဝယ်၊ ဆန်ဆီ၊ ငရုတ်၊ ကြက်သွန်၊ တစ်လစာဝယ်စေတယ်။ ဟင်းစားတို့ နေ့တိုင်းပေးတယ်။ တစ်လစာဝယ်တဲ့ နေ့ဆို မောင်နီပါ ကျွန်တော့်ဇနီးနဲ့ ကူပြုဝယ်တယ်။ စားလဲအတူတူ။

ဒဂုံမြို့သစ်က လုံးချင်းအိမ်လေးတစ်လုံး ငှားနေကြတာ။ တိတ်တိတ်ဆိတ်ဆိတ်နဲ့ စာရေးလို့ ကောင်းတာပေါ့။ မောင်နီအိပ်ဖို့တော့ ဘုရားစင်ရေ့မှာ ခြင်ထောင်ပေးရတယ်။ နေ့လည်နေ့ခင်း ကျွန် တော်က စာအုပ် တိုက်သွားတဲ့အခါ သွားရ တော့ ညည်မှာမှ စာအုပ်အလုပ်တွေ လုပ်ကြရတယ်။ ညဉ့်နက်သန်းခေါင် လုပ်ရတယ်။

ဝိုက်ဆံလေးရလာတော့ . . . ကျွန်တော့်ဇနီးကို ရွှေတစ်ကျပ်သားဝယ်ပြီး ဆွဲကြိုးလေးနဲ့ လက်ကောက်ကလေးလုပ်ပြီး ကျွန်တော် ဆင်နိုင်နေပြီ။ အဝတ် အဆန်းအပြားလေးတွေလည်း

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ အိပ်ခန်းထဲလည်း အပြင်က မီးချောင်းနဲ့ ဇာပိတ်အပွင့် ခြင်ထောင်နဲ့ ဆိုတော့ ခြင်ထောင်ထဲမှာ မောင်နီနဲ့ ကျွန်တော့် မိန်းမ . . .

ဘာလေး စုတော့လေ။ မင်း . . . အဆက်ကောင် မလေးရော ဘယ့်နယ့်လည်း။ တို့ကိုဝယ် မကန်တော့ပါနဲ့" ကျွန်တော်က ဒီလိုပြော ရတယ်။ မောင်နီကတော့ ပြုံးစိစိနဲ့ပဲ။ ဟုတ် တယ်လေ ကျွန်တော့်မှာ ရွှေနှစ်ကျပ်သား ဝယ်ပြီး မိန်းမကိုလည်း ဆွဲကြိုးကြိုးကြီး၊ လက်ကောက်များများ လုပ်ပေးဖို့ စီစဉ်ထားတာ မိန်းမတောင် မသိသေးဘူး။

မိန်းမကလည်း ကျွန်တော်တို့ကို ဟင်းကောင်းကောင်း ချက်ကျွေးလာတယ်။ တစ်ခါတစ်ရံ ဟင်းသုံးမျိုးလောက် ချက်ရလို့ မောင်နီပါ ဝိုင်းဝန်းချက်ပြုတ်ရတယ်။ ဒီနေ့လိုမျိုးဆို ကျွန်တော်တို့ ထမင်းပြန်တာပေါ့။ ကျွန်တော်ကလည်း ဇာတ်လမ်းအသစ်တွေ လစဉ်ထွက်ဖို့ တွေးနေရတာ။ ညည ဆယ့်တစ်နာရီ လောက်ဆိုရင် မိန်းမက ကော်ဖီနှစ်ခွက် ဖျော်ဖျော်ပြီး စာရေးတဲ့နေရာကို လာချတယ်။

ကော်ဖီဖျော်ဖျော် လာချတာ လေးငါးလလောက် ရှိပါပြီ။ အဲ . . . အဲဒီ မိန်းမဝတ်ချင်ဝတ်ပို့ ကျွန်တော် ပိုက်ဆံပေးတာပဲ။

မောင်နီကိုလည်း ထမင်းလဲကျွေး ပိုက်ဆံလည်း ကျွန်တော်ပေးတယ်။ တစ်ခါတစ်ရံလည်း မြို့ထဲ ရုပ်ရှင်ကြည့်ဖို့ အဆန်းအပြားဝယ်ဖို့ မိန်းမနဲ့ မောင်နီကို လွှတ်ရတယ်။ ဒါမှ သူတို့ပျော်မှာလေ။ မောင်နီကလည်း သူမှာ ပိုက်ဆံကုန်စရာ လမ်းမရှိတော့ဘူးလေ။ ကျွန်တော်တို့ အိမ်မှာ တစ်နှစ်ကျော်ကျော် နေလာတော့ မနက်လည်း ထမင်းကြော်ကျွေး၊ နေ့လယ်၊ ညနေလည်း ထမင်းစားချင်တိုင်း စားရတော့ သူမှာ ပိုက်ဆံတွေ ပေါနေတာ။ ကျွန်တော့် ကိုလည်း ပုဆိုးဝယ် ကန်တော့တယ်။ သူ့အစ်မကိုထည်း ထဘီဝယ် ကန်တော့တယ်။ ကျွန်တော့်မိန်းမကိုလည်း သူက အစ်မပဲလေ။ ဒါကို ကျွန်တော်က ပြောရတယ်။ မောင်နီလည်း သုံးဆယ်နီးနေပြီ . . .

"ဟေ့ . . . မောင်နီ တို့လင်မယားမှာ ပိုက်ဆံရှိပါတယ်ကွ။ မင်းလည်း အိမ်ထောင်ပြုဖို့ ပိုက်ဆံလေး

www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . ကျွန်တော် အသက်လောက် ချစ်ကြိုက်ပြီးမှ ယူခဲ့တဲ့ မယား။ မောင်နိုကိုလည်း ညီလေ အရင်းလို ချစ်တာပါ။ ကျွန်တော့်ညီတွေ၊ ညီမတွေမရှိဘဲ အစ်မကြီးနှစ်ယောက် ရှိတဲ့ မိသားစုမှာ ကျွန်တော်အငယ်ဆုံး။

ကျွန်တော်လည်း ခုတလော ကော်ဖီသောက်ပြီးရင် အိပ်ချင်တာပဲ။ မောင်နိုကတော့ ညည အလုပ်တွေ တော်တော်လုပ်လို့ ကျွန်တော်အားကိုး နေရတာ။ ညတိုင်း သူလာနှိုးပြီး သူခြင်ထောင်သူဝင်မှ ကျွန်တော်လည်း ကိုယ့် အိပ်ခန်းဝင်။

ဒီညတော့ သူ့ကို ကော်ဖီခပ်များများ သောက်စေချင်လို့ ကော်ဖီပန်းကန်ခြင်း လဲသောက်မိလို့ ကျွန်တော် နိုးပြီး မောင်နို အိပ်ပျော်နေပြီ။

ကျွန်တော့်အသားတွေ . . တဆတ်ဆတ်တုန်တယ်။ "သတ်မယ်၊ သတ်မယ်။ နှစ်ယောက်လုံးကို အရှင်မထားဘူး . . . သတ်မယ်။ ဒီစိတ်နဲ့ မီးဖိုထဲ ဝင်ခဲ့တယ်။ တွေ့ပါပြီ။ ကျွန်တော့်

ဒီလိုလာလာနှိုးတာ။ ဒီတော့မှ ကျွန်တော် လည်း ထပြီးအိပ်ရာကို သွားအိပ်တာ။ ခုတော့ မနက်သုံးနာရီ ထိုးခါးနီး ကျွန် တော့်ဘာသာ နိုးတော့ မောင်နိုလည်း စားရေးခုံမှာ မရှိဘူး။ ဘုရားစင်ရှေ့မှာတော့ သူခြင်ထောင်ထားပြီး လေတိုက်နေတော့ သူခြင်ထောင် နည်းနည်းလွင့်နေပြီး လူမရှိတာကို သိရတယ်။

မီးချောင်းကြီးကလည်း ထွန်း ထားတော့ "ဒီကောင် အိမ်သာများ ဝင် သလားလို့ စဉ်းစားစောင့်သေးတယ်။ နောက်ဖေးကို လှည့်ကြည့်တော့ လူရှိပုံ မပြဘူး။ ဒါနဲ့ ကျွန်တော်အိမ်သာ အပေါ် အပါးသွားပြီး ကျွန်တော်တို့ အိပ်ခန်းကို ဝင်တာ၊ အိပ်ခန်းရယ်လို့ မဟုတ်ဘဲ ဗီရို ကြမ်းကို ကုတင်ခြေရင်းက ကာထားပြီး လူတစ်ယောက် ဝင်ရုံသာ အပေါက်က လေး လုပ်ထားတာကို။

ဒီတော့ အိပ်ခန်းထဲလည်း အပြင်ကမီးချောင်းနဲ့ ဇာပိတ်အပွင့် ခြင် ထောင်နဲ့ဆိုတော့ ခြင်ထောင်ထဲမှာ မောင်နိုနဲ့ ကျွန်တော့်မိန်းမ . .

တစ်ည တော့ ကော်ဖီ လာချပြီး မိန်းမလည်း အိပ်ရာဝင်သွားရော မောင်နိုလည်း နောက် ဖေးအိမ်သာ ဝင်နေတုန်း ကျွန်တော် ကြည့်လိုက်တော့ ကျွန်တော့် ကော်ဖီ ခွက်က များနေတယ်။ မောင်နို့ ကော်ဖီ ခွက်က နည်းနေလို့ ကျွန်တော်က မောင်နို ကော်ဖီများများ ပို သောက်ပါစေဆိုတဲ့ စေတနာနဲ့ မောင်နို့ကော်ဖီခွက်ကို ယူ သောက်လိုက် တယ်။ ကျွန်တော့် ကော်ဖီခွက်ကိုတော့ မောင်နို့ရှေ့မှာ ပြန်ထားလိုက်တယ်။ မောင်နိုက ပြန်ရောက်မေမယ့် ကော်ဖီ မသောက်သေးဘူး။

ကျွန်တော်လည်း အနားက ပက်လက် ကုလားထိုင်မှာ ဆင်းထိုင်ပြီး ဇာတ်လမ်းဝတ္ထု အသစ်တစ်ခု တွေး တောနေရင်းက ကျွန်တော်အိပ်ပျော် သွားပါရော။ ခါတိုင်း ညတိုင်းဆိုရင် ကျွန်တော် အိပ်ပျော်သွားရင် မောင်နိုက အတော်ကြာမှ

"အစ်ကို . . . အစ်ကို . . အိမ်ရာထဲ သွားအိပ်တော့ ထ . . . ထ"

www.burmeseclassic.com

www.burmeseclassic.com

သူငယ် ချင်း ဂျပန်က ပြန်လာတုန်းက လက်ဆောင်ပေးတဲ့ ဓား။ ကျွန်တော်က တော့ အသားတွေငါးတွေ လီးခုတ်တာ။ ဒီဓားကို ဆွဲယူခဲ့ပြီး ခြင်ထောင်နား ပြန်လာတာလည်း သူတို့မနိုးသေးဘူး။

"ဒီ...မိန်းမပေါ့။ ကော်ဖီထဲ အိပ်ဆေးထည့်ပြီး ငါ့လာလာပေးတာ။ ပုထုဇနော၊ ဥမ္မတကောတဲ့။ ဩော် ပုထုစဉ်တွေလို သေဆေးထည့်မသတ်တာပဲ တော်လုပြီ။ အင်း ၊ သေဆေးမထည့်ဘဲ ဒီလိုနဲ့ ငါ့ကို ခိုင်းစားကြမယ့် ဟာတွေ . . . သွားကြဟ" ကျွန်တော့် ခြင်ထောင်စကို ဆွဲလုန်၊ ဓားနဲ့ရွယ်ထားပြီးမှ လက်ကိုရုတ်လိုက်တယ်။

"ခုပဲ သူတို့ သေကြတော့မယ်။ ကျွန်တော်လည်း လွတ်ပါမည်လား။ မပြေးနိုင်ရင် သွားပြီး အဖမ်းခံ၊ ရာဇဝတ်သားဖြစ်၊ နှစ်လောင်းပြိုင်သတ်ရင်ထောင် အကြီးကျယ်ကျမှာ။ ကျွန်တော့် အဖေ၊ အမေ၊ အစ်မကြီးတွေလည်း ငွေကုန်လူပမ်းကြတော့မယ်။

ကျွန်တော့်လက်က ဓားကြီး

ကျွန်တော် . . .
ကာတွန်းဆရာ နာမည်
က "ဆန်းပုံ" တဲ့
ဟုတ်ပါရဲ့။
ကျွန်တော်က ကိုယ့်ဇနီးနဲ့
လင်ငယ် အိပ်နေတာကို
မြင်ရက်နဲ့ မသတ်ဘဲ
ထွက်ပြေးလာတော့
ဆန်းပုံပဲ ဆန်းပုံ
"ဆန်းပုံ"

ကုတင်ခြေရင်းမှာ လွတ်ကျသွားတော့တယ်။ ကျွန်တော်အိမ်ရှေ့ ပြန်ထွက်ခဲ့တယ်။ ဗီရိသော့ဖွင့်တယ်။ အဝတ်ငါးစုံရှိတာ။ အိပ်တစ်လုံးနဲ့ ထည့်တယ်။ အိမ်ငှားစာချုပ်နဲ့ ထည့်တယ်။ အိမ်ငှားစာချုပ် တစ်နှစ်ပြည့်ဖို့ သုံးလပဲလိုတာကြောင့် ငွေတစ်သိန်း စုထားတဲ့ အထုတ်ထည့်တယ်။

အဲ...မိန်းမအကွက် ဝယ်ထားတဲ့ ရွှေထုတ်ထည့်တယ်။ တခြားရှိတဲ့ ငွေတွေလည်း အကုန်ထည့်တယ်။ ကျွန်တော်ဆွဲလက်စ ကာတွန်း စာရွက်တွေလည်း အကုန်ထည့်တယ်။

"နင်တို့ ပေါင်းကြတော့" လို့ ဗီရိကိုစေ့ထားခဲ့တယ်၊ မီးချောင်းကြီးလည်း ဒီတိုင်းဖွင့်ရက်နဲ့ အိမ်တံခါးလည်း ပြန်စေ့ခဲ့ပြီး ကားလမ်းရှိရာကို ထွက်ခဲ့တယ်။ လမ်းထိပ်ကျတော့ တက်စီတစ်စီးကို လူနှစ်ယောက်က ငှားနေကြတယ်။ "မှော်ဘီကားဂိတ်ကို သွားမှာ" တဲ့။ ဟုတ်သားပဲ၊ မှော်ဘီမှာ ကျွန်တော့်အဖေနဲ့ အမေ အသက်

www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ဆယ်တွေ၊ အစ်မကြီး နှစ်ယောက် အပျိုကြီး၊ လေးဆယ်ကျော်တွေက ရုံးဝန်ထမ်းတွေ။ အမေက ကျွန်တော်အိမ်ထောင်ကျစက ပြောသေးတာပဲ။

သားလေး . . . မောဘီမှာ အမေ့ခြံ မြေသုံးကေလောက်ရှိတာ၊ စားပင်သီးပင်တွေ စိုက်ပျိုးပြီး ရောင်းစား . . . စားလောက်ပါတယ် သားရယ်" တဲ့။ ကျွန်တော်က ကာတွန်းဆွဲချင်လို့ ရန်ကုန်ကိုလာတာ။ ခုတော့ . . . ခုတော့ ကျွန်တော် မော်ဘီကိုပဲ ပြန်တော့မယ်။ အဖေ့အိုး၊ အမေ့အိုး ဆီလည်း မရောက်တာ တစ်နှစ်လောက် ရှိပြီ။ အိမ်မှ နှစ်ထပ်အိမ်ကြီး။

ကျွန်တော် ဟိုလူနှစ်ယောက်နဲ့ စပ်ပြီး တက်စီကားငှားစီးခဲ့တယ်။ မနက် လေးနာရီကျော်ပြီ။ မော်ဘီကား ဂိတ် ရောက်တော့ ကားထဲမှာ လူလေး ငါး ယောက်ပဲ ရှိသေးတယ်။ ဟော . . ပုလိပ် သုံးယောက်ပါလား။ ကျွန်တော် လန့်သွား တယ်။ ပြီးတော့မှ

အဲ . . . အဲ . . . ဟို နှစ်ယောက် ကိုသာ ဂျပန်ဓားနဲ့ ထိုးသတ်ခဲ့ရင် ပုလိပ်မြင်တာနဲ့ ကျွန်တော်ပုန်ရှတော့ မယ်။ ပြေးရတော့မယ်။ မပြေးနိုင်လို့ သွားပြီး အဖမ်းခံရင်လည်း ကျွန်တော် ရာဇဝတ်သားဖြစ်ပြီ။ ညဲ့တဲ့နေရာမှာ အိပ်ရတော့မယ်။ ညဲ့တဲ့ အစားတွေလည်း စားရတော့မယ်။ ကိုယ်ရှာတဲ့ ရွှေ၊ ငွေပစ္စည်းလည်း ကိုယ်မစား၊

ခုတော့ ကျွန်တော့်မှာ ရွှေနဲ့ ငွေနဲ့ မော်ဘီမှာ ကောင်းကောင်းအိပ်၊ ကောင်းကောင်းစားတော့မယ်။ "ကား ထွက်မယ်" ကားစပယ်ရာက အော်တယ်။ ကျွန်တော် ကားပေါ်တက်ထိုင် လိုက်တယ်။

"ဟော . . . ဟော . . . ပုလိပ် သုံးယောက်လည်း သူတို့ချည်း မဟုတ်ဘူး။ သူတို့နောက်မှာ လက်ထိပ်နဲ့ ယောကျ်ားတစ်ယောက်"

"ဟိုမှာလေ . . . သူ့မိန်းမ လင်ငယ်နေလို့ လင်ငယ်ကို ရောမိန်းမကိုရော ခုတ်သတ်ခဲ့တဲ့ တရားခံကို ဖမ်းလာတာ" ကားထွက်ခါနီး ကားထဲက လူတစ်ယောက်ကပြောတယ်။

ကျွန်တော် . . . ကာတွန်းဆရာ နာမည်က "ဆန်းပုံ" တဲ့ ဟုတ်ပါရဲ့။ ကျွန်တော်က ကိုယ့်ဇနီးနဲ့ လင်ငယ် အိပ်နေတာကို မြင်ရက်နဲ့ မသတ်ဘဲ ထွက်ပြေးလာတော့ ဆန်းပုံပဲ ဆန်းပုံ "ဆန်းပုံ"။

တိုးတိုး

www.burmeseclassic.com

www.burmeseclassic.com



သည်မောင်နှမ

စိမ့်စိမ့်အေး

ဆံသရာဝဲ ညွှယ

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

(၁)

မိုးနောင်းရာသီ ရောက်လေပြီ။ မိုးတိမ်များ ကင်းစင်လာသောကြောင့် ကောင်းကင်ကြီးသည် ပြာလဲ့လဲ့ လင်းလက်နေ၏။ သစ်ပင်၊ ပန်းမာလ်များသည်လည်း မိုးရာသီ တစ်ရာသီလုံး မိုးရေ၏ ပက်ဖျန်းမှုကြောင့် စိမ်းစိုလန်းဆန်းနေလေသည်။ "မေ"တို့၏ မကျဉ်းမကျယ် ခြံဝင်းထဲတွင် စံပယ်ရံ၊ ဒွန်ပန်းရံများသည် ဖွေးဖွေးလှုပ်အောင် ပွင့်နေကြလေသည်။

နံနက်မိုးသောက်၍ အိပ်ခန်းပြူတင်းတံခါးကိုဖွင့်ပြီး ခြံထဲသို့ လှမ်းကြည့်လိုက်သော "မေ"သည် စံပယ်ပန်း၊ ဒွန်ပန်းတို့ အပြိုင်ပွင့်နေပုံကိုကြည့်ပြီး ပျော်မြူးသွားကာ ဇကာကုံးလေးယူ၍ ခြံထဲသို့ ဆင်းလာလေသည်။

"သူကိုခူးပါ ငါ့ကိုခူးပါ"ဟု ကြိုလင့်နေသော ပန်းကလေးများကို တစ်ပွင့်ချင်း တယုတယ ခူးယူလိုက်၏။ ထိုအချိန်တွင် ခြံဝင်းတံခါးမှ ခေါင်းလောင်းသံကြား၍ ကြည့်လိုက်ရာ ကလေးနှစ်ယောက် တံခါးကိုဖွင့်ပြီး ဝင်လာကြလေသည်။

ကလေးနှစ်ယောက်မှာ ယောကျ်ားလေးနှင့် မိန်းကလေးဖြစ်ပြီး လက်တွဲထားကြ၏။ ယောကျ်ားလေးမှာ အကြီးဖြစ်ပြီး လေးနှစ်သားခန့်ရှိကာ စပို့ရုပ်အပြာလေးနှင့် ဘောင်းဘီတို နက်ပြာလေး ဝတ်ထား၏။ မိန်းကလေးမှာ ငါးဝန်ပန်းရောင်လေးဝတ်ကာ ရွှေအိုရောင် ဆံပင်လေးများကို ဘီးကုတ်လေးဖြင့် ပင့်တင်ထား၏။ နှစ်ယောက်စလုံးသည် "ဘို" ကလေးများဖြစ်ပြီး မေဆီသို့ ဦးတည်လာကြရာ အနှားအရောက်တွင် လက်ကလေးများ ဆန့်တန်းလိုက်ကြသည်။ မေသည် ကလေးနှစ်ယောက်ကို ကြည့်ပြီး ဇကာကုံးလေးကိုချကာ လက်နှစ်ဖက်ကို ဆန့်ဖွဲ့၍ ကြိုလိုက်ရာ ကလေးနှစ်ယောက်သည် မေ၏ ရင်ခွင်ထဲသို့ ပြေးဝင်လာပြီး ကျစ်ကျစ်ပါအောင် ဖက်ကာ မျက်ရည်ဗုံးနေသော ပြာလဲ့လဲ့ မျက်လုံးလေးများနှင့် မေ့ကို မော့ကြည့်နေကြလေသည်။ မေသည် ကလေးနှစ်ယောက်ကို ချစ်ခြင်း၊ သနားခြင်းတို့ဖြင့် ထွေးပွေ့ထားလိုက်လေသည်။

မေသည် အိပ်ပျော်နေရာမှ ဖျတ်ခနဲနိုးလာပြီး...

"အို... အိမ်မက် မက်နေတာပါလား"ဟုပြောရင်း အိမ်မက်ထဲမှ ဘို ကလေးနှစ်ယောက်ကို မြင်ယောင်ရင်း ပြုံးမိလေသည်။

(၂)

မေ... မျက်နှာသစ်ပြီး ထွက်လာသောအခါ တူမလေး ခူးထားသော စံပယ်ပန်းများ၊ ဒွန်ပန်းများကို ဇကာကုံးနှစ်ကုံး အပြည့်အမောက် တွေ့ရသဖြင့် ဘုရားလှူပြီး အချို့ကို ညှော့ခန်းစားပွဲပေါ်တွင် ဇကာကုံးလေးအတိုင်း တင်ထားလိုက်လေသည်။ တစ်အိမ်လုံး ပန်းရနံ့များ တကြိုင်ကြိုင် သင်းပျံ့နေလေသည်။

အုပ်ချုပ်ရေးပိုင်းတွင် တာဝန်ယူထားရသော မေ၏ခင်ပွန်း ကျော်စွာသည် မနေ့ညက အလုပ်များနေ၍ အိပ်

www.burmeseclassic.com

www.burmeseclassic.com

မပြန်နိုင်ခဲ့ချေ။ ကျော်စွာနှင့် မေသည် ရန်ကုန်တတိုင်းဖြစ်ပြီး ကျော်စွာ တာဝန်ကျရာ မြို့ကလေးသို့ ရောက်နေကြခြင်းဖြစ်၏။

ကားစက်ရပ်သံ ကြားရပြီး ကျော်စွာသည် နွမ်းလျစွာ အိမ်ပေါ်တက်လာလေသည်။ မေသည် ပြေးကြိုလိုက်ပြီး...

"မောင်... အလုပ်များနေလား၊ တစ်ညလုံး ပြန်မလာဘူး။ လာ ကော်ဖီပူပူလေး သောက်လိုက်"

"တစ်ညလုံး မအိပ်ရပါဘူးကွာ ကိုတို့မြို့နှားမှာ နိုင်ငြားသား မိသားစုလေး ကားအက်စီးဒင့်ဖြစ်လို့"

"အို... ဖြစ်မှဖြစ်ရလေ၊ ကဲ ထာ...လာ"

"အသေအပျောက် ရိုသေးလားတင်"

မေ၏ အမေးစကားကို ကျော်စွာသည် စိတ်ဆင်းရဲနေသော မျက်နှာဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။ နိုင်ငြားသားတွေဖြစ်၍ "ကျော်စွာတို့ အလုပ်များ ဦးမှာပဲ"ဟု မေ... တွေးနေမိသည်။

ကျော်စွာသည် ရေချိုးရင်း ဆေးရုံအရေးပေါ် ကုတင်ထက်မှာ လဲလျောင်းနေသော နိုင်ငြားသား မောင်နမလေးနှစ်ယောက်ကို မြင်ယောင်နေလေသည်။ ပူဆွေးသောကရောက်၍ ပဋ္ဌာမြေလူးဖြစ်နေသော ကလေးနှစ်ယောက်၏ မိဘနှစ်ပါးကိုလည်း သနားမဆုံး ဖြစ်နေမိသည်။ မေ... စိတ်မကောင်းဖြစ်မှာစိုး၍ ဖြစ်ပျက်ပုံ အလုံးစုံကို ပြောပြမနေတော့ပါ။

မကြာမီအတွင်း မေသည် ကိုယ်ဝန်ရှိလာလေသည်။ နှစ်ဖက်မိဘများသည် မြေးဦးဖြစ်၍ မေ့ကိုယ်ဝန်ကို လှိုက်လှိုက်လဲလဲ ကြိုဆိုကြလေသည်။

(၃)

မေသည် ကိုယ်ဝန်လရင့်သော အခါ ရန်ကုန်ရှိ မိဘအိမ်သို့ ပြန်ခဲ့ပြီး ကိုယ်ဝန်ကို ကောင်းစွာ စောင့်ရောက်လေသည်။ ကိုယ်ဝန်ကြောင့် ပြည့်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဖြိုးဖြိုး စိုစိုပြေပြေဖြင့် မေသည် ကျက်သရေဖြင့် လှပနေလေသည်။

သီတင်းကျွတ် လပြည့်ညတွင် ကလေးအမွာလေးကို ဝိတိုရိယ ဆေးရုံကြီးတွင် မွေးဖွားခဲ့၏။ သာယာနေသော မိုးကောင်းကင်ကြီးသည် ဝိုင်းဝိုင်းစက်စက် ထွန်းပနေသော လရောင်ကြောင့် လင်း လက်နေရာမှ မထင်မှတ်ဘဲ မိုးသည်းထန် စွာ ရွာသွန်းလိုက်လေသည်။ မိုးနှင့် အတူ ကလေးနှစ်ယောက် လောကကြီးသို့ ရောက်ရှိလာခဲ့သည်။

အမွှေလေးမှာ ယောကျ်ားလေး နှင့် မိန်းကလေးဖြစ်ပြီး ပန်းသွေးရောင် ပြေးနေသော အသားအရေ ရွှေဝါရောင် ဆံပင် ကောက်လေးများဖြင့် ချစ်စဖွယ် ကောင်းလှသည်။ အဖို့ အဖွားများနှင့် ကျော်စွာ၊ မေတို့သည် ကလေးနှစ်ယောက်ကို ကြည့်မဝ၊ ရှုမဝဆုံး ဖြစ်နေလေသည်။ ကျော်စွာသည် သားလေးနှင့် သမီးလေးကိုကြည့်ပြီး မြို့ဆေးရုံ ကုတင်ပေါ်မှ နိုင်ငံခြားသားလေး နှစ်ယောက်ကိုမြင်ယောင်ကာ သားနှင့်သမီးကို သနားကြင်နာမိလေသည်။

ကျော်စွာနှင့်မေ နှစ်ယောက်စလုံး အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရှင်းရှင်းသန့်သန့်၊ ကြည့်ကောင်းဖြစ်သော်လည်း အမွှေလေးများမှာ မိဘများနှင့် မတူ ကော်ပတ်ရုပ်ကလေးများလို လှပချောမွေ့ နေကြ၏။

"မောင်ရေ... ကလေးနှစ်ယောက်က "ဘို" ရုပ်လေးတွေနော် မောင် နဲ့လည်းမတူဘူး၊ မေနဲ့လည်း မတူဘူး"

"ကိုယ်ဝန်နဲ့တုန်းက မေ... ဘိုကလေးတွေပဲ ကြည့်နေလို့ဖြစ်မှာပါ မေရဲ့ သားနဲ့သမီးက ဘယ်လောက်ချစ်စရာကောင်းလည်း" ဟု ကျော်စွာက ကြည်နူးခြင်းဖြင့် ပြောလေသည်။

ဆေးရုံမှ... မေ၏... မိဘများအိမ်သို့ ပြန်ရောက်သောအခါ ကလေးနှစ်ယောက်၏ ထူးခြားပုံများကို သတိထားမိကြလေသည်။ ကလေးနှစ်ယောက်သည် အတူယှဉ်ထားပါက ငြိမ်သက်နေသော်လည်း တစ်ယောက်စီ ခွဲထားလိုက်ပါက အော်ဟစ်ငိုကြတော့၏။ ပုခက်တစ်လုံးစီမှာ သိပ်မရောဘဲ ပုခက်ကြီးကြီးထဲတွင် နှစ်ယောက်သိပ်မှ အိပ်ကြ၏။ တစ်ယောက်လက်ကိုတစ်ယောင် ဆုပ်ကိုင်ထားကြလေသည်။ ကျန်းမာဖွံ့ထွားသော၊ ကလေးမျှားဖြစ်၍ မေသည် ကလေးနှစ်ယောက်ကို တစ်ပြိုင်တည်း မချီနိုင်ပါ။ တစ်ယောက်ကို ချီထားပါက တစ်ယောက်က အော်ငို၏။ ထို့ကြောင့် လူကြီးနှစ်ယောက်က ယှဉ်တွဲထိုင်ပြီး ကလေးများကို ချီထားရ၏။

တဖြည်းဖြည်း ကြီးပြင်းလာသော ကလေးနှစ်ယောက်သည် ခွဲထား၍ မရတော့ချေ။ တစ်ဦးနှင့်တစ်ဦး မမြင်ရလျှင် အော်ငိုကြ၏။ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ဂူး...ဂူး...ဂဲဂဲဖြင့် ရယ်ရယ်မောမော စကားတွေပြောကြပြီး အိပ်မှိန်တွင် လက်တွဲဆုပ်ကိုင်ထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၄)

အမြွှာလေး နစ်နစ်ကျော်လာ သောအခါ ထမင်းစားရန် ငြင်းဆန်ကြ၏။ ပေါင်မုန့်နှင့် နွားနို့၊ လိမ္မောရည်တို့ကို မက်မက်စက်စက် စားကြသည်။ ဖိုးဖိုး၊ ဖွားဖွားကို မပီကလာ၊ ပီကလာခေါ်တတ်ကာပြီး ဖေ၊ မေဟု ခေါ်ကြသည်။ သမီးလေးသည် အစ်ကိုဖြစ်သူကို "ဂိုဂို"ဟု ခေါ်ပြီး သားလေးက သမီးလေးကို "ညလေး" ဟုခေါ်သည်။ တစ်ချိန်လုံး "ညလေးရေ" "ဂိုဂိုရေ"နှင့် သောသောညံ နေလေသည်။ သားလေးကို "မလိခ" သမီးလေးကို "မေခ"ဟု နာမည်ပေးထားလေသည်။

ကလေးနှစ်ယောက်သည် ထူးထူးခြားခြား ကစားလေ့ရှိ၏။ အမြဲတမ်း လေယာဉ်စီးတမ်း ကစားပြီး တီဗွီမှနိုင်ငံခြား ဇာတ်လမ်းများကို သဘောကျလေသည်။ ကလေးများနှင့် မေသည် မြို့လေးသို့ မပြန်တော့ဘဲ မိဘများနှင့်သာနေ၏။ ကျော်စွာသည် မြို့နှင့်ရန်ကုန်ကို ကူးချီ သန်းချီ လုပ်နေလေသည်။

တစ်နေ့တွင် ကျော်စွာနာမည်ဖြင့် ရုံးသို့ထူးခြားသော စာတစ်စောင်ရောက်လာ၏။ အမေရိကန်နိုင်ငံ (လော့အိန်ဂျလီးစ်) ကယ်လိုဖိုးနီးယားမှ မစ္စတာနှင့် မစ္စစ်လောရင့်စ်တို့မှ ရေးလိုက်သော့စာဖြစ်၏။ စာပါ အကြောင်းအရာမှာ လွန်ခဲ့သောသုံးနှစ်က မြို့အနီးတွင် ကားအက်စီးဒင့်ဖြစ်စဉ် စိတ်ရောကိုယ်ပါ ကူညီပေးခဲ့သော ကျော်စွာကို အမြဲတမ်း ကျေးဇူးတင် သတိရနေပါကြောင်း မြို့လေးတွင် တွယ်လွန်သွားခဲ့သော သားလေးနှင့် သမီးလေးကို လွမ်းဆွတ်သတိရကြောင်းဖြစ်၏။

ကျော်စွာသည် စာဖတ်ပြီး သားနှင့်သမီးလေးကို သတိရပြီး စာတစ်စောင်ရေးကာ သားနှင့် သမီးလေး၏ ဓာတ်ပုံကို မစ္စတာလောရင့်စ်တို့ထံ ပေးလိုက်လေသည်။ မစ္စတာလောရင့်စ်တို့ လင်မယားသည် ဆွေ့ဆွေ့ခုန် ဝမ်းသာကြပြီး ကျော်စွာနှင့် အမြဲတမ်း ဆက်သွယ်ကြတော့၏။

သားနှင့်သမီး၏ ထူးခြားမှုများကို အကြောင်းပြုပြီး "လူဝင်စားများဖြစ်ကြောင်း မကြာမီ ကလေးများ၏ မိဘနှစ်ပါးက လာရောက်တွေ့ဆုံ ကြမည်ဖြစ်ကြောင်း မေနှင့် မိသားစုကို ပြောပြလိုက်၏။ မေနှင့် အဖိုးအဖွားများသည် ကလေး နှစ်ဦးအား ကြင်နာသနားခြင်ဖြင့် ပိုမို ချစ်ခင်ကြလေသည်။

(၅)

ကလေးနှစ်ယောက်အား အမေရိကားမှ မိဘဟောင်းများ လာရောက်တွေ့ဆုံပုံကို ကျော်စွာနှင့် မေသည် ဘဝတစ်သက်တာလုံး မေ့ပျောက်နိုင်တော့မည် မဟုတ်ပါ။

ကျော်စွာသည် မစ္စတာလောရင့်စ်တို့ ဇနီးမောင်နှံကို လေဆိပ်မှအိမ်သို့ ကြိုခဲ့လေသည်။ အိမ်ထဲသို့ ဝင်လာသော ဇနီးမောင်နှံကို မေက လိုက်လိုက်လုံလုံ ကြိုဆိုလိုက်၏။ မစ္စစ်လောရင့်သည် မေ့အား နှုတ်ဆက်ပြီး ကစားနေကြသော ကလေးနှစ်ယောက်အား...

"အဲလက်စ်၊ မာရီယား" ဟု

www.burmeseclassic.com

www.burmeseclassic.com

ဆိုနှင့်ကြောက်သဲ့ဖြင့် လှမ်းခေါ်လိုက်ရာ ကလေးနှစ်ယောက်သည် ဖျပ်ကနဲ လှည့်ကြည့်ပြီး "မာမီ"ဟုအော်ကာ ပြေးသွားကြ၏။ မစ္ဆစ်လောရင့်စ်သည် ဒူးထောက်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်ရာ ကလေးနှစ်ယောက်သည် ပြေးပြီး ဖက်ထားလိုက်ကြသည်။ မစ္ဆစ်လောရင့်စ်သည် ကလေးနှစ်ယောက်ကို ပွေ့ဖက်နမ်းရှိက်ပြီး တရှိုက်မက်မက် ငိုကြွေးလေသည်။ မိခင်နှင့် ကလေးနှစ်ယောက်အဖြစ်ကို ရပ်ကြည့်နေကြသော မစ္ဆတာလောရင့်စ် ကျော်စွာနှင့် မေ အိမ်သား အားလုံး မျက်ရည်ဖြိုင်ဖြိုင် ကျနေကြလေသည်။

ကလေးနှစ်ယောက်သည် မျက်ရည်ထွေထွေ ကျနေသော်လည်း အသံလေးများ ထွက်အောင်ရယ်မောရင်း မစ္ဆစ်လောရင့်စ်ကို ဖက်ပြီးနမ်းကြ၏။ အချိန်အတန်ကြာမှ မစ္ဆစ်လောရင့်စ်သည် စိတ်ကိုထိမ်းလိုက်နိုင်ပြီး စကားပြောနိုင်ကာ မေတို့မိသားစုနှင့် ကလေးနှစ်ယောက်အတွက် လက်ဆောင်ပစ္စည်းများကို ထုတ်ပေးလေသည်။ ကလေးနှစ်ယောက် ပျော်ရွှင်စွာရယ်မောရွှင်ပြပြီး မေနှင့် မစ္ဆတာလော့ခ်စ်ကို တစ်လှည့်စီဖက်လိုက်၊ နမ်းလိုက်လုပ်ကြ၏။

ကျော်စွာ၊ မေနှင့် မစ္ဆစ်လောရင့်စ်တို့ ဝန်းမောင်နှံသည် နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီး ခဲ့ကြသကဲ့သို့ ချစ်ခင်ရင်းနှီးသွားကြသည်။ မေ၏ ဖခင်ကြီးသည် ခေါင်းတညိတ်ညိတ်ဖြင့်...

"ပဋ္ဌာန်းဆက်တွေပဲကွယ်"

ဟု ပြောလေသည်။

မစ္ဆစ်တာလောရင့်စ်တို့ နှစ်ဦးသည် အိပ်ချိန်မှသာ တည်းခိုရာဟိုတယ်သို့ပြန်ပြီး နံနက်မိုးလင်းမှမိုးချုပ် မေနှင့်အတူ ကလေးငိုင်းထိန်းပြီး နေရာအနှံ့လိုက် လည်ပတ်ကြလေသည်။ အချိန်တန့်၍ မစ္ဆစ်လောရင့်စ်တို့ ပြန်ရတော့မည်။ ကလေးနှစ်ယောက်အား အမေရိကားသို့ ထည့်လိုက်ပါရန် တောင်းဆိုကြသောအခါ ကျော်စွာနှင့် မေသည် ယဉ်ကျေးစွာ ငြင်းဆိုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၇)

အမြဲကလေးတို့ လေးနှစ်ပြည့်တော့မည် မွေးနေ့ပွဲအဖိ လာကြမည့် မစ္စစ်လောရင့်တို့ ဇနီးမောင်နှံ ယနေ့ရောက်မည်ဖြစ်၍ မေတို့ကြိုဆိုရန် ပြင်ဆင်နေကြသည်။ ကလေးနှစ်ယောက်သည် ငေးမောငြိမ်သက် နေကြလေသည်။ စမတောင်ပေါ်တွင် ဘုရားဖူးပြီး သက်သတ်လွတ် ထမင်းကျွေးရာ ကလေးနှစ်ယောက်မှာ အနည်းငယ်သာ စားနိုင်လေသည်။ ပြန်ခါနီး ဆရာတော်ကြီးကို ဝင်ရောက်ဖူးမြော်ကြသောအခါ မေ၏နဘေးတွင် ကပ်၍ထိုင်နေသော ကလေးနှစ်ယောက်ကို ဆရာတော်သည် စိမ်းစိမ်းကြည့်ပြီး မျက်လွှာချကာ တိုးဖွဖွာပြောလေသည်။

"ဒကာမကြီးရဲ့ ကလေးတွေလား ဘုရား... ဘုရား သံသရာ ဝဲဩဃ လွတ်မြောက်နိုင်ကြပါစေ"

ကျော်စွာနှင့် မေသည် ဆရာတော်၏ စကားကို နားမလည်ကြချေ။

(၈)

သုံးလခန့် ကြာသောအခါ ကျော်စွာသည် ရာထူးအဆင့်တိုး၍ နေပြည်တော်သို့ ပြောင်းရွှေ့တာဝန်ကျလေသည်။ မေနှင့် ကလေးနှစ်ယောက်လည်း လိုက်သွားကြပြီး နေပြည်တော်အိမ်တွင် မိသားစု နေထိုင်ကြ၏။ ကလေးနှစ်ယောက်ကို အင်္ဂလိပ်မူကြိုကျောင်းသို့ ပို့လိုက်သောအခါ ကလေးနှစ်ယောက်သည် ပိုမိုပျော်ရွှင် လန်းဆန်းလာကြကာ အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာ ပြောဆို လာကြလေသည်။

အိမ်နီးနားချင်း အားလုံးက ကလေးနှစ်ယောက်ကို ချစ်ခင်ကြကာ "ဂိုဂိုးနဲ့ ညလေး" အမြဲမောင်နှမဟု ခေါ်ကြ၏။ အမေရိကားမှ မစ္စစ်လောရင့်ပေးပို့သော အဝတ်အထည် ကစားစရာများမှာ အမွှာနှစ်ယောက်တွက် ပိုလျှံနေ၍ သူငယ်ချင်းများကို ဝေငှပေးရ၏။

ကလေးနှစ်ဦးသည် ဖျားနာခြင်း၊ ဝိုခြင်းမရှိဘဲ အမြဲတမ်းနှစ်ဦးသား ရယ်မောပျော်ရွှင်နေကြ၏။ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး "ဂိုဂိုးရေ" "ညလေးရေ" နှင့် ခေါ်မဆုံးရှိနေ၏။ အစာစားချိန်၊ ကစားချိန်မှအပ မောင်နှမနှစ်ယောက် လက်တွဲထားကြလေသည်။

ရုံးအားရက် တစ်ရက်တွင် ကျော်စွာတို့ရုံးမှ ဝန်ထမ်းအနည်းငယ်နှင့် စမတောင်သို့သွားကြရာ မေနှင့် ကလေးနှစ်ယောက် လိုက်ပါသွားကြ၏။ တောတောင်၏ အလှအပကြောင့် ကလေးနှစ်

www.burmeseclassic.com

မေသည် မစ္စစ်လောရင့်စ်၏ လက်လေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး...

"ကလေးများကို မခွဲနိုင်ပါကြောင်း အချိန်မရွေး လာရောက်တွေ့ဆုံနိုင်ကြောင်း ကလေးများ အရွယ်ရောက်လာပါက အမေရိကားတွင် ပညာသင်ကြားရန် စီစဉ်မည်ဖြစ်ကြောင်း" ဖောင်ဖျ နှစ်သိမ့်လေသည်။

မစ္စတာနှင့် မစ္စစ်လောရင့်သည် ခွဲခွာခြင်း ဝေဒနာကို ပြင်းပြစွာ ခံစားရင်း ကလေးနှစ်ယောက်နှင့် ခွဲခွာပြီး ပြန်သွားကြလေသည်။

www.burmeseclassic.com

သည် ခုန်ပေါက်အော်ဟစ်ပြီး ပျော်နေကြ၏။ အဝတ်အစား လဲကြသောအခါ ကလေးနှစ်ယောက်က တောင်းဆိုကြ၏။

"မီး... ဂါဝန်ပန်းရောင်လေး ဝတ်ချင်တယ် မေမေ ဝတ်မယ်နော်"

"သားက... အင်္ကျီအပြာလေး နော်"

"အေးပါ... အေးပါ။ သားနဲ့ သမီး ကြိုက်တာဝတ်ကြပါ"

"ဟေး... မေမေကိုချစ်တယ် နမ်းကြမယ်" ကလေးနှစ်ယောက် မေ့ကို ဖက်ပြီး တရွတ်ရွတ် နမ်းကြလေသည်။ လေယာဉ်ကွင်း ဆင်းခါနီးမှာ အရေးကြီးသော အစည်းအဝေး တစ်ခုကြောင့် ကျော်စွာမလိုက်နိုင်တော့တဲ့ ယာဉ်မောင်းနှင့် ကားကို လွှတ်လိုက်၏။ မေတို့ သားအမိသုံးယောက် သည်ကားနောက်ခန်းတွင် မေကအလယ်က ကလေးနှစ်ယောက်က မေ၏ တစ်ဖက်တစ်ချက်တွင် ထိုင်လာကြ၏။

လေယာဉ်ကွင်းသွားရာ လမ်းတစ်လျှောက်လုံး ကလေးနှစ်ယောက် ပျော်ရွှင်စွာ သီချင်းဆိုလာကြ၏။ သီချင်းဆိုပြီးသောအခါ သမီလေးသည် ရုတ်တရက် အစ်ကိုဖြစ်သူကို လှမ်းပြောလိုက်၏။

"ဂိုဂိုး နာမှာလားဟင်"

"မနာပါဘူး ညလေး ခဏလေးပဲ... ခဏလေး"

သားနှင့် သမီးစကားကို နားမလည်နိုင်ဘဲ မေသည်...

"ဘာပြောတာလဲ သားနဲ့သမီး လေး မေမေ့ကို ပြောပြပါဦး"

ကလေးနှစ်ယောက်သည် တခစ်ခစ်ရယ်ပြီး မေ့ကိုဖက်ပြီး နမ်းလိုက်ကြသည်။ ထိုအချိန်တွင် မေတို့ကားရှေ့သို့ လူတစ်ယောက် ဖျတ်ခနဲ ရောက်လာပြီး ဖြတ်ပြေးလေသည်။ ယာဉ်မောင်းသည် လူကို မတိုက်မိအောင် ရှောင်လိုက်ရာ လမ်းလယ်မှ တုံးကို တိုက်မိပြီး တစ်ပတ်လည်ကာ တိမ်းမှောက်သွားလေတော့သည်။ ကားရှေ့မှ ဖြတ်ပြေးသူကိုလည်း မတွေ့ရတော့ပါ။ ကူညီမည့်သူများ ရောက်လာသောအခါ ဒဏ်ရာအနည်းငယ် ရထားသော မေနှင့် ယာဉ်မောင်းကို ဆွဲထုတ်ကြပြီး ပျော့ခွေခွေ အသက်ကင်းမဲ့နေသော ကလေးနှစ်ယောက်ကို လမ်းပေါ်တွင် ယှဉ်၍ ချထားလိုက်လေသည်။

"လာ... ညလေး သွားကြမယ်" ဟုခေါ်၍ အမြွာလေးနှစ်ယောက်သည် လက်တွဲပြီး လမ်းမကြီးအတိုင်း အားလုံးကို ကျောခိုင်း၍ တဖြည်းဖြည်း လျှောက်သွားကြလေတော့သည်။

စာကြွင်း

စာဖတ်သူ မိတ်ဆွေများ၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် မိဘများနှင့် အသွင်မတူသော အမြွာမောင်နမလေး မွေးဖွားခဲ့ပါက လျှို့ဝှက်ဆန်းကြယ်မဂ္ဂင်းသို့ ဆက်သွယ်ပေးစေလိုပါသည်။ သံသရာဝဲသြဃတွင် ကူးခတ်နေရသော အမြွာလေးနှစ်ယောက်အား လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကူညီပေးရန် ဖြစ်ပါသည်။

စိမ့်စိမ့်ဇော

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ဝင်စားလောက

နှစ်ကြိမ်ပြန်ကျောက်လာသော အပိန်လေး

ဒေဂင်ဆန်းလင်း(ဘီအေ)

စက်တင်ဘာလ ၂၀၁၆ ခုနှစ် ၁၀ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မောင်ဖိုးအောင်ရဲ့ အိမ်မှာ ကြောင်မကြီးတစ်ကောင်ကနေ ကြောင်ကလေးလေးကောင် ပေါက်လာတယ်။ ကြောင်ကလေးတွေထဲက အမနှစ်ကောင်ကိုတော့ ဖြူလုံးနဲ့ မဲလုံးလို့ နာမည်မှည့်ပေးလိုက်တယ်။ အထီးလေးနှစ်ကောင်ကျတော့ ငပိန်နဲ့ ငအော်လို့ မှည့်တယ်။ သူတို့လေးကောင်ထဲက ငပိန်ဆိုတဲ့ ကြောင်ကလေးရဲ့ ဘဝက အတော်စိတ်ဝင်စားဖို့ကောင်းတယ်။

အမေကြောင်မကြီးရဲ့ နို့ကို အပြိုင်လုစို့ကြတဲ့ နေရာမှာ ငပိန်ကတော့ နာမည်နဲ့လိုက်အောင် ဗလအသေးဆုံးဆိုတော့ နို့ဝအောင်စို့လိုက်ရတယ် မရှိဘူး။ နို့မဝလို့ပိန်၊ ပိန်နေလို့ ခွန်အားမရှိတာကြောင့် နို့ကောင်းကောင်း မစို့ရနဲ့ နောက်ဆုံး အာဟာရပြတ်ပြီး ငပိန်တုံးလုံး လဲတော့တာပါပဲ။ လမ်းမလျှောက်နိုင်တော့ဘူး။ အိမ်အလယ်ခေါင်မှာလဲနေတဲ့ ငပိန်ကို တွေ့ရတော့ ဖိုးအောင်ရဲ့ မိန်းမ ဒေါ်အေးက···

"ဟယ်··· အပိန်လေး နို့မဝလို့ လမ်းမလျှောက်နိုင်တော့ဘူး။ ငါနို့မှုန့်ဖျော်မတိုက်ရင်တော့ ခုက္ခရောက်တော့မယ်ထင်တယ်"

ဒီလိုနဲ့ နို့မှုန့်ဖျော်တိုက်လိုက်တော့မှ အသားချော အားအင်ပြည့်ဝလာပြီး လမ်းပြန်လျှောက်နိုင်တော့တယ်။ အဲဒီနောက် ငပိန်ကို ပုံမှန်နို့မှုန့်ဖျော်ပြီး တိုက်လာခဲ့ရတာ အမြဲတမ်းပါပဲ။ တဖြည်းဖြည်းနဲ့ အခွင့်ထူးခံ ငပိန်ဟာ သူ့ကို နို့တိုက်ပေးသူ သခင်မမေမကြီးနဲ့ တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်က ကြီးသည်ထက် ကြီးလာခဲ့တော့တယ်။ (ငပိန် နဲ့ ငအော်လို့ အားလုံးက ခေါ်ပေမယ့် အပိန်လေး အော်အော်လေးလို့သာ ခေါ်လေ့ရှိသည်။ ဌာနကားစကားချပ်)

သခင်မမေမကြီးရဲ့ နံဘေးမှာ အခြားကြောင်တွေထဲမှ ပွတ်သီးပွတ်သပ် လုပ်နေရရဲ့နှင့် ငပိန်တို့က မကျေနပ်နိုင်ဘူး။ ထိုင်ပြီ. အလုပ်လုပ်နေတဲ့ သခင်မမေမကြီးရဲ့ ကျောကုန်းပေါ်ကတစ်ဆင့် ပုခုံးပေါ်ရောက်အောင် တက်ထိုင်တယ်။ အဲဒီနောက် သခင်မမေမကြီးရဲ့ မျက်နှာကို ကြိုသိပြီးသားမို့ မလိုက်ရဲကြပါဘူး။

ကိုကြည့်ပြီး "ညောင်"လို့ အသံပြုလေ့ရှိတယ်။ ငပိန်ဆိုတာက အဲဒီလို အကောင်။

ဖိုးအောင်တို့ နေအိမ်ကနေ အပြင်ထွက်လိုက်တယ်ဆိုရင် လမ်းနံဘေး ကျူးကျော်စွေးကလေး တစ်ခုရှိတယ်။ ဒီစွေးမှာ အတော်စုံအောင် မီးဖိုချောင်သုံး ပစ္စည်းတွေကို ဝယ်လို့ရနိုင်တယ်။ ဖိုးအောင်ရဲ့မိန်းမ ဒေါ်အေးကလို ချင်တဲ့ ပစ္စည်းရှိမှ ထွက်ဝယ်ကတ်တာကြောင့် တစ်နှစ်နှက်မှာ ဆယ်ကြိမ်လောက် ထွက်လိုက်၊ ဝင်လိုက် လုပ်ရလေ့ရှိတယ်။

ဒေါ်အေး အိမ်ပြင်ကို တစ်ခါထွက်ရင် ကြောင်ပေါက်တွေအားလုံး နောက်ကလိုက်သွားကြတယ်။ တံခါးပေါက်ရောက်ရင်တော့ သူတို့အားလုံး ကျန်နေရစ်ခဲ့ရပြီ။ လမ်းပေါ်မှာ ကြောင်တွေရဲ့ ရန်သူဖြစ်တဲ့ ခွေးတွေကလည်း ရှိတတ်တော့ ဆက်လိုက်ဖို့ ဆိုတာက အဆင်မပြေဘူး။ သူတို့လည်း အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် . . . တံခါးပေါက်ဝကနေပြီး သခင်မမေမေကြီး ပြန်ရောက်လာသည် အထိ ထိုင်စောင့်ကြရတာ ထုံးစံပါပဲ။

တော်တော်နဲ့ သူတို့ သခင်မမေမေကြီး ပြန်မလာဘူးဆိုရင် တခြား ကြောင်ကလေးတွေမှာ ပြဿနာ မရှိပေမယ့် ငပိန်ကတော့ တညောင်ညောင်နဲ့ နာကြီးအောင် အော်နေတာပါပဲ။ အဲဒါ သူတို့ သခင်မမေမေကြီး ပြန်လာတာ မြင်တွေ့ရတော့မှ အော်သံလည်း စဲသွားတော့တယ်။ တခြား ကြောင်တွေလို သာမန်အစာ ကျွေးရုံ သာမကဘူး။ ငပိန်ကိုတော့ အမြဲတမ်း နို့ဖျော်ပြီး တိုက်ကျွေး မွေးမြူပေးခဲ့ရတာကြောင့် သူသခင်မမေမေကြီးအပေါ် သာမန်ထက် သံယောဇဉ် ပိုမိုခဲ့တာ ထင်ပါတယ်။

ငပိန်က သူသခင်မမေမေကြီးကို သာ အချစ်သည်းတတ်တာ အိမ်မှာရှိတဲ့ တခြား သခင်တွေ အပေါ်ကျတော့ မုန်ဒုန်းလေးပဲ နေလေ့ရှိတယ်။ တခြား ထူးတွေကို သိပ်ဂရု မစိုက်ဘူးလို့ ပြောရင်တောင်ရတယ်။ ဒါပေမဲ့ အားလုံးထဲမှာ အထီးလေးပေမယ့် ခန္ဓာကိုယ် အနဲ့ဆုံး သူကို အိမ်သားအားလုံးက အချစ်ပိုခဲ့ကြတာပါပဲ။

သခင်မမေမေကြီးက တီဗွီမှာ ကိုရီးယားကား ကြည့်နေပြီဆိုရင်တော့ သူသခင် ရင်ခွင်ထဲမှာ ငပိန်တို့ကဝင်ပြီး အိပ်ပျော်လို့။ တစ်နေ့တခြား သူတို့ ခန္ဓာကိုယ်က ကြီးထွားလာခဲ့တာမို့ တခြား ကြောင်ကလေးတွေ ထပ်ပြီးတက်ရင် မခံနိုင်တာကြောင့် မေမေကြီးပေါ် တက်

ခွင့်မရတော့ဘူးလေ။ ဒါကြောင့် . . . ငပိန်ကသာ အလိုလို အခွင့်ထူးခံ ဖြစ်သွားတယ်။

ငပိန်တို့လေးဖော်ကို အမေကြောင်မကြီးရဲ့ နို့မပြတ်သေးဘဲ အချိန်မှာပဲ အမေကြောင်မကြီးက ဖျားလို့ သူမွေးထားတဲ့ ကြောင်ကလေးတွေကို နို့မတိုက်နိုင်အောင် ဖြစ်သွားရတယ်။ အိမ်လယ်ခေါင် ကြမ်းပြင်မှာ ဝပ်နေတဲ့ ကြောင်မကြီးကို ကောက်ယူပွေ့ချီလိုက်ရင်း . . .

"ဟယ် . . . ကြောင်မကြီးက တစ်ကိုယ်လုံး ပူလောင်ပြီး ဖျားနေတာကိုး။ ငါဆေးထိုးပေးမှ ဖြစ်တော့မယ်" တဲ့။

ဖိုးအောင်ရဲ့သား ဆရာဝန်က ဆေးကုသပေးလိုက်တာမို့ ကြောင်မကြီး နေကောင်းသွားပြီး သူ့ကလေးတွေကို နို့ပြန်တိုက်သွားနိုင်ခဲ့တယ်။ နောက်တစ်ခါ ငပိန် နေမကောင်းဖြစ်ပြန်လို့ ဆေးကုရာ၊ ငအော် အီးပန်းတာကြောင့် ဆေးကုရန် တစ်ကောင်ပြီးတစ်ကောင် ဆက်နေတာ

www.burmeseclassic.com

ချူချာလှတဲ့ ကြောင်သားအမိ တစ်သိုက်ဟာ အခြား အိမ်တစ်အိမ်မှာသာ သွားပြီး နေထိုင်ခဲ့ကြ ရမယ်ဆိုရင်တော့ ကြောင်သားအမိ တစ်သိုက်လုံး သေကျေလို့ မြေသြဇာတွေ ဖြစ်ကုန်ရတာ ကြာပြီပေါ့။

တဖြည်းဖြည်းနဲ့ ငပိန်တို့လေးဖော်ဟာ ကြောင်မြီးကောင်ပေါက်အရွယ်လောက် ရောက်လာချိန်မှာတော့ ကိုယ့်အိမ်မှာကိုယ် အချိန်ပြည့် မနေချင်ကြတော့ဘူး။ အိမ်နီးချင်း ဟိုအိမ်၊ ဒီအိမ်တွေကို ကူးသန်းသွားလာတတ်ပြီ။ ဒီအချိန်မှာ မဲလုံးက အိမ်လည်ရာမှ ပြန်ရောက်အလာ ရောဂါပါလာတော့တယ်။ ထုံးစံအတိုင်း ဖိုးအောင်ရဲ့သား ဆရာဝန်က မဲလုံးကို သင့်တော်ရာဆေးနဲ့ ကုသပေးရပြန်တယ်။

ဒါပေမဲ့ မဲလုံးဆီက စလိုက်တဲ့ ရောဂါက ကူးစက်ရောဂါ ဖြစ်နေလို့ သူတို့မောင်နှမ လေးဖော်လုံးဆီ ပျံ့နှံ့သွားခဲ့ရတယ်။ တခြား ကြောင်တွေက တဖြည်းဖြည်း ဆေးကုပေးလို့ အဆင်ပြေနေကောင်းလာခဲ့ပေမယ့် ကံအကြောင်းမသင့်တဲ့ ငပိန်ကတော့ အသက်သေဆုံးသွားခဲ့ရတယ်။

ရုတ်တရက် အပြီးတိုင် ခွဲခွာသွားခဲ့တဲ့ ငပိန်ကြောင့် ဖိုးအောင်ရဲ့ဇနီး ဒေါ်အေးဟာ သူ့စိတ်ကို ဖြေမဆည်နိုင်အောင် ဖြစ်သွားရတယ်။

"သား... အပိန်လေး မေမေကြီးနဲ့သား နောက်တစ်ကြိမ် ပြန်ပြီးတွေ့ဆုံကြရအောင်နော် မေမေကြီးကို ချစ်

တယ်ဆိုရင် ပြန်လာခဲ့။ နောက်တစ်ကြိမ်မှာ လူသားတစ်ယောက် ဘဝနဲ့ မေမေကြီးဆီကို လာခဲ့။ သားရောက်လာမယ့် အချိန်ကို မေမေကြီး ကုသိုလ်ဒါနတွေပြုရင်း စောင့်မျှော်နေမယ်။ သားအတွက် မေမေကြီး ကုသိုလ်ပြုတိုင်း အမျှပေးဝေနေမယ်။ သာဓု...သာဓု...သာဓုလို့ သုံးကြိမ်ပြည့်အောင် သာဓုခေါ်ပေးနော်သား" လို့ဆိုရင်း ဝမ်းနည်းပက်လက်နဲ့ ငိုကြွေးတယ်။ နံဘေးမှာ ရှိနေတဲ့ ဖိုးအောင်တို့ သားအဖတောင် အဲဒီမြင်ကွင်းကြောင့် မျက်ရည်ကျလုလု အခြေအနေ ရောက်သွားခဲ့ရတယ်။ ဖိုးအောင်ရဲ့သားကလည်း...

"ငါက... တိရစ္ဆာန်ကုသတဲ့ ဆရာဝန်မဟုတ်ဘဲ သူတို့ရဲ့ ရောဂါကိုဝင်ပြီး ဆေးကုနေခဲ့မိတာကြောင့် ငပိန်မသေသင့်ပဲ သေသွားခဲ့ရတာ။ နောက်နောင်ကို ငါဘယ်တော့မှ ဝင်မကုတော့ဘူး" လို့ဆိုတယ်။

လုံးဝမျှော်လင့်မထားဘဲ ငပိန်လေးက သေကွဲခွဲသွားခဲ့တာကြောင့်

www.burmeseclassic.com

www.burmeseclassic.com

တစ်အိမ်သားလုံး စိတ်ထိခိုက် ကြေကွဲခဲ့ကြရတာ အမှန်ပါ။

"သားအပိန်လေးကို တိရစ္ဆာန်ကုတဲ့ ဆရာဝန်ဆီကို အချိန်မီပို့ပြီး ဆေးကုခဲ့ရင် သားခုလို အသက်သေမှာ မဟုတ်ဘူး။ သားကို တိရစ္ဆာန်ကု ဆရာဝန်ဆီကို ဆေးကု မပို့ခဲ့လိုက်ရတာ မေမေကြီး နောင်တရလို့ မဆုံးဘူး။ သားအတွက် ငွေကုန်မခံချင်လို့ ဆရာဝန်ဆီကို မပို့ခဲ့တာ မဟုတ်ဘူးလို့ မေမေကြီး သစ္စာဆိုနိုင်တယ်"

ဖိုးအောင်ရဲ့ဇနီး ဒေါ်အေးဟာ ငပိန်သေဆုံးခဲ့ပြီး နောက်တစ်ရက်နေ့ ခင်းမှာ ရေမချိုးမီ အဝတ်လျှော်ရင်း တစ်ယောက်တည်း စကားပြောနေခြင်း ဖြစ်တယ်။ အလွန်ချစ်စရာကောင်းတဲ့ ငပိန်လေးဟာ သေဆုံးချိန်မှာ အသက် ငါးလသာ ရှိသေးတယ်။

ဒီလိုနဲ့ တစ်နေ့နံနက် အိပ်ယာ ထချိန်မှာ ဒေါ်အေးထံမှ "မယုံရအောက် ဆုံရခက်" ဖြစ်တဲ့ထူးခြားတဲ့ စကားကို ဖိုးအောင်ကြားရတယ်။

"မေမေကြီး... မေမေကြီးလို့ နံနက်စောစော အိမ်ရှေ့က အော်ခေါ်နေသံ ကြားရလို့ တံခါးဖွင့်ကြည့်လိုက်တော့ အပိန်လေး ဖြစ်နေတယ်။ "သားပြန်လာခဲ့ရင် မေမေကြီး လက်ခံဦးမှာလား" လို့ မေးတယ်။ "သားအပိန်လေးကို အမြဲလက်ခံတယ်၊ မြန်မြန်သာလာခဲ့" လို့ ကျုပ်က ပြန်ပြောလိုက်တယ်။ "အဲဒါဆို မကြာခင် သားပြန်လာခဲ့မယ်၊ မေမေကြီး စောင့်နေပါ" တဲ့"

"အဲဒီလို အိပ်မက်ထဲမှာ ထင်ထင်ရှားရှားကြီး မြင်တွေ့ပြီး စကားတွေ ပြောလိုက်ရတယ်။ ထူးခြားတာက အိပ်မက်ထဲမှာ အပိန်လေးက လူတွေလို စကားပြောတတ်နေတယ်။ အိပ်မက်နဲ့ တင်ပဲ ရင်ထဲမှာ ဝမ်းသာလိုက်တာ"

ဖိုးအောင်ကတော့ ဒေါ်အေး စကားကြောင့် မသင်္ကြားရသေးတဲ့ သခ်ၤာတစ်ပုဒ်ကို တွက်နေရတဲ့ ကျောင်းသားတစ်ယောက်လိုပဲ ဘယ်လို အဖြေထုတ်ရမှန်း မသိဘူး။

ဒါနဲ့ ဖိုးအောင် စဉ်းစားလိုက်တော့ ကြောင်ကလေး ငပိန်က ဘယ်ပုံဘယ်နည်းနဲ့ ပြန်လာလို့ ရနိုင်မှာလည်း။ လူသားတစ်ယောက်အဖြစ် မွေးဖွားပြီး ပြန်ရောက်လာဖို့ဆိုတာက ဒေါ်အေးကိုယ်တိုင် ကိုယ်ဝန်လွယ် ကလေးမွေးလို့ ရနိုင်တော့တဲ့ အရွယ်မဟုတ်တော့ဘူး။ အသက်ပဲ ၆၀ ကျော်နေပြီ။ အိမ်မှာ သားနှစ်ယောက် အသက် ၃၀ ကျော်ရှိတဲ့ လူပျိုကြီးတွေကလည်း ဇနီးမယားနေနေသာသာ ရည်းစားတောင်မှ မရှိ

www.burmeseclassic.com

www.burmeseclassic.com

တတ်သေးဘူး။ အဲဒါကြောင့်.. ဒေါ်အေးကို...

"သေသွားတာ ကြာပေမယ့် မင်းစိတ်ထဲမှာ စွဲနေလို့ ဖြစ်ပါလိမ့်မယ်။ လူသားတစ်ယောက် အဖြစ်နဲ့ ဒီအိမ်ကို ဘယ်လိုလုပ်ပြီး ငပိန်ဝင်လာလို့ ရနိုင်မှာလည်း စဉ်းစားကြည့်လေ။ အိပ်မက်ဟာ အိပ်မက်ပါပဲ တကယ်ဖြစ်မလာနိုင်ပါဘူး"

ဖိုးအောင် ပြောစကားကို ဒေါ်အေးက အလျော့မပေးပါဘူး။

"အပိန်လေး သေသွားပြီး ကတည်းက တစ်ပတ်ကိုတစ်ကြိမ် နံနက်လေးနာရီမှာ အိမ်ကဘုရားမှာ ဓာတ်ကြီးလေးပါးဆွမ်းကပ်ပြီး ဘုရားရှိခိုး ကုသိုလ်အမျှဝေပြီးတိုင်း သားအပိန်လေးနဲ့ ပြန်လည်ဆုံတွေ့ရပါလိမ့်၏ ဆုတောင်းနေခဲ့တာ ခုဆိုရင် အိပ်မက်နဲ့ နိမိတ်ပြနေပြီ။ တော်... မယုံချင်နေ ကျုပ်ကတော့ လုံးဝယုံတယ်"

ကိုယ့်မိန်းမမို့ပြောတာ မဟုတ်ဘူး။ ဒေါ်အေးဟာ ဘာသာရေးကို အတော်အားစိုက်ပြီး လုပ်နေခဲ့တာကြာပြီ။ အလှူဒါနဆိုရင်လည်း လက်မနေးဘူး။ ငါးပါးသီလမြဲတယ်။ ခြင်ထောင်ထဲဝင်လာတဲ့ ခြင်ကိုတောင် ပါဏာတိပါတာကံထိုက်မှာစိုးလို့ မသတ်ဘူး။ ယပ်တောင်နဲ့ ခတ်ထုတ်တယ်။ တစ်နေ့ကို ဘုရား သုံးကြိမ်ရှိခိုးတာ ဘုရားရှိခိုးခွိန်ကို ပေါင်းကြည့်ရင် ငါးနာရီလောက် ရှိလိမ့်မယ်ထင်တယ်။ ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးလုံး ဟန်ချက်ညီညီ

အားထုတ်နေတာကို မျက်မြင်ကိုယ်တွေ့မို့ လျှော့တွက်လို့တော့ မရဘူး။ စဉ်းစားရဦးနောက်ခြောက်လိုက်တာ၊ ဘာတွေဖြစ်လာဦးမှာလည်း။

×××

ဒေါ်အေး၏ အိပ်မက်ထဲတွင် ငပိန်နှင့် တွေ့ကြုံစကားပြောခဲ့ရပြီး တစ်ပတ်ခန့်အကြာ။ (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ၊ ခရစ်စမတ် အချိန်ကာလ ညရှစ်နာရီခန့်အချိန် အိပ်မက်ထဲမှာ လာတွေ့သွားခဲ့တဲ့ ငပိန်ကိုလည်း မေ့မေ့ပျောက်ပျောက် ပြန်ဖြစ်သွားခဲ့ပြီး ဖိုးအောင်တို့ အိမ်မှာက ကြောင်ငါးကောင် ရှိနေသေးတယ်။ ငပိန်နဲ့ မွေးချင်းပေါက်ဖော် ငအော်နဲ့ ဖြူလုံး၊ မဲလုံး ကြောင်မနှစ်ကောင် ဖြူလုံးကမွေးတဲ့ ကြောင်ပေါက်နှစ်ကောင် အားလုံးပေါင်းငါးကောင်။

ညဉ့်နက်ပိုင်းရောက်ရင် အပြင်က ကြောင်ကြီးတွေ ရောက်လာပြီး အိမ်က ကြောင်တွေကို ဝင်ကိုက်တာ

www.burmeseclassic.com

www.burmeseclassic.com

မကြာ၊ မကြာ ကြုံရတတ်လို့ တစ်အိမ်သားလုံး အိပ်ပျော်နေတာကနေ နိုးပြီး အိပ်ပျက်ရလေ့ရှိတယ်။ အကိုက်ခံရတာကတော့ ကြောင်လူပျိုဖြစ်တဲ့ ငအော်ပဲ ဝင်လာပြီး ကိုက်တဲ့ကြောင်ကြီးတွေရဲ့ ခန္ဓာကိုယ်က ငအော်ထက် နှစ်ဆလောက်ကြီးတော့ ငအော်တစ်ဖက်သတ် အကိုက်ခံရတဲ့ ပွဲတွေချည်းပါပဲ။ အိမ်သား တွေလည်း ဒါကြောင့် သတိနဲ့ အိပ်ကြ ရတယ်။

ညရှစ်နာရီ အချိန်လောက်ဆိုရင် အစာခြောက် (ဆိုင်မှာရောင်းတဲ့ ကြောင်စာ) ကျွေးတတ်တာမို့ကြောင့် ငါးကောင်လုံးဟာ သခင်မမေမေကြီး ဘုရားရှိခိုးတာကို စောင့်နေကြပြီ "အားလုံးအမျ...အမျလို့" အမျဝေသံကြားတာနဲ့ စားပွဲပေါ်က ကြောင်က "ဘုတ်" ကနဲ ခုန်ချလာပြီ။ အတော်နားလည်ကြတယ်။ အဲဒီအစာခြောက်ဆိုတာ ကြောင်တွေ သိပ်ကြိုက်ကြတာကိုး။

ကြောင်တွေ သိပ်ကြိုက်ပေမယ့် ဖိုးအောင်တို့လို ကြောင်မွေးထားသူတွေက သိပ်မကွေးရဲကြဘူး။ ကြောင်တွေ ကြိုက်လို့ များများကွေးမိရင် ကြောင်တွေ ကျောက်ကပ်ရောဂါဖြစ်တတ်တယ်တဲ့။ ဒါ့ကြောင့် . . . တစ်ရက်ကိုတစ်ခါ နည်းနည်းပဲ ကွေးဝံ့ပါတယ်။ (ကြောင်စာထုတ် လုပ်ရောင်းချတဲ့ စီးပွားရေးသမားက ရောင်းကုန်အမြင်လှအောင် ဆေးဆိုးသေး တာကိုး။ ဒီဆိုးဆေးရဲ့ အကျိုးဆက်ပေါ့)

ဖိုးအောင်တို့အိမ်က ကြောင် ငါးကောင်ဟာ အစာခြောက်စားနဲ့ ကျွေးတာလေးကို အလုအယက် ပြိုင်စားနေလိုက်တာ ခေါင်းမော်ဘူး။ အဲဒီအချိန်မှာ အိမ်အပြင်ဘက်က ကြောင်အော်သံကို အဆက်မပြတ် ကြားနေရတယ်။ ကိုယ့်ကြောင်တွေ အားလုံး အစာစားနေကြတာဆိုတော့ အပြင်ကကြောင် ကိုယ့်ကြောင် မဟုတ်မှန်း အတတ်သိတာကြောင့် ဖိုးအောင်က ဓာတ်မီးကိုကိုင်၊ ဖိုးအောင်ရဲ့ သားကလေး ငွေကိုင်ပြီး အိမ်အောက်ကို ဆင်းခဲ့လိုက်ကြတယ်။

ကိုယ့်အိမ် မဟုတ်ဘဲ ကျူးကျော်ဝင်ရောက်လာပြီး အော်နေတဲ့ ကြောင်ကို ဓာတ်မီးရောင်အောက်ယုနေ ပင်ကြားမှာ တွေ့ပါပြီ။ ကြောင်က ထွက် မပြေးဘူး။ သေချာကြည့်လိုက်တော့ ငအော်ကို ထိုးကိုက်တဲ့ ကြောင်ကြီးလည်း မဟုတ်ဘူး။ ကြောင်မြီးကောင်ပေါက် တစ်ကောင်ဖြစ်နေပြီး ဖိုးအောင်ရဲ့သားက ဖမ်းလိုက်တော့ အလွယ်တကူ အဖမ်းခံတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်... အဲဒီကြောင်ကို ဖမ်းယူလာခဲ့ပြီး မီးရောင်အောက်ရောက်မှ သေချာကြည့်လိုက်တော့ ဖိုးအောင်တို့ အိမ်က ဆုံးသွားခဲ့တဲ့ ကြောင်ကလေး ငပိန်နဲ့ ခွဲခြားမရလောက်အောင် အသွေးအရောင်ချင်း ဆင်တူတဲ့ ကြောင်ထီးကလေးတစ်ကောင် ဖြစ်နေတယ်။ သေသွားခဲ့တဲ့ ငပိန်ထက် ခြေဆန့်၊ လက်ဆန့်နဲ့ အုံးပိုရှည်တယ်။ ဖိုးအောင်တို့ တစ်အိမ်သားလုံး မထင်မှတ်ဘဲ ရောက်ရှိလာတဲ့ ဒုတိယ ငပိန်ကိုကြည့်ပြီး ဝမ်းသာအံ့သြ မဆုံးဘူး။

တစ်ကိုယ်လုံး ပိန်ခုံးအာဟာရ ပြတ်နေတဲ့ ငပိန်ကို ဒေါ်အေးလက်ထဲမှာ အသင့်ရှိနေတဲ့ အစာခြောက် ကျွေးကြည့်လိုက်တော့ အားရပါးရစားတာတွေ့ရတယ်။

အိမ်တစ်အိမ်က သူတို့ မွေးထားတဲ့ကြောင်ကို မကျွေးမွေးနိုင်တော့လို့ ကြောင်ချစ်တတ်တဲ့ ဖိုးအောင်တို့ အိမ်ထဲကို ဝင်းထရဲ ကျော်ပြီး ပစ်ထည့်ခဲ့တာလို့ ယူဆရတာပါပဲ။

ဖိုးအောင်တို့အိမ်က သွပ်ပြားဝင်းထရံမို့ ကြောင်က သူ့အလိုလို ဝင်လာတာလို့ မထင်ဘူး။ ဖိုးအောင်ရဲ့ အိမ်အနီးအနားက မဟုတ်တာလည်း သေချာတယ်။

ငပိန်ရဲ့ ဘဝကို မှန်းဆကြည့်ရတာတော့ ပထမငပိန်အဖြစ် အသက်ကိုးလသား အရွယ်မှာ ရောဂါကြောင့် သေဆုံးသွားခဲ့ရပြီး အခြား အိမ်တစ်အိမ်က ကြောင်မတစ်ကောင်ရဲ့ဝမ်းမှာ ကြောင်

ဘဝပဲ ပြန်ရောက်သွားခဲ့ရတယ် ထင်ပါတယ်။ ဖိုးအောင်တို့ မိသားစုနဲ့က ရေစက်မကုန်သေးတော့ ဒုတိယ ငပိန် အဖြစ် ယခုလို ပြန်လည်ရောက်ရှိလာခြင်းမှာ သူ့အသက် ရှစ်လ ကျော်လောက် ရှိမယ်လို့ မှန်းဆရတယ်။

အိပ်မက်ထဲကအတိုင်း အမှန်တကယ် ပြန်ရောက်လာတဲ့ ငပိန်ကြောင် တစ်အိမ်သားလုံး အထူးဝမ်းမြောက်ဝမ်းသာဖြစ်နေကြပေမယ့် ငပိန်ရဲ့ မွေးချင်းပေါက်ဖော်ဖြစ်တဲ့ ဖြူလုံးနဲ့ မဲလုံးတို့က အမြင်စိမ်းနေပြီး နောက်မှ ပေါ်လာတဲ့ ရွှေကြာပင်ကို သဲသဲလှုပ် အရေးပေးနေတာကိုလည်း သိပ်ဘဝင်ကျပုံ မရဘူး။ ဘုတို့နဲ့ အရွယ်ချင်း ယှဉ်ကြည့်တော့လည်း ငပိန်နဲ့က သားအမိအရွယ်တွေ ဖြစ်နေပြီ။ ဖြူလုံးရဲ့ သားသမီးတွေထက်နည်းနည်းလောက်ပဲ ကြီးလိမ့်မယ်။

ညဦးပိုင်းအချိန် သူတို့ သိပ်ကြိုက်နှစ်သက်တဲ့ အစာခြောက်ကို ကျွေးတော့မယ်ဆိုရင် မီးရောင်အောက် အိမ်ရှေ့ကြမ်းပြင်မှာ ကြောင်တွေအားလုံး

www.burmeseclassic.com

www.burmeseclassic.com

စုဝေးမိကြတယ်။

မဲလုံးရဲ့ အစာခြောက်ပုံနှားကို ငပိန်ကပ်သွားရင် ပါးကိုဖျန်းခနဲနေအောင် မဲလုံးက ရိုက်လွှတ်တယ်။ ဖြူလုံးစားနေတာ နှားကိုကပ်သွားမိရင် ငပိန်ရဲ့ခေါင်းကို ဖျတ်ခနဲ ရိုက်လွှတ်တာ ခံရပေမယ့် ငပိန်ပုံစံက အေးအေးဆေးဆေးပဲလေ၊ သိပ်မမှုဘူး။

တော်တော်ထုသား ပေသားကျနေတဲ့ ငပိန်ကိုကြည့်ပြီး မွေးကတည်းက သူရှင်သန် ဖြတ်သန်းခဲ့ရတာ ဘဝဘယ်လောက် ခက်ခဲကြမ်းတမ်းခဲ့မယ်ဆိုတာ ခန့်မှန်းမိလို့ သခင်တွေက သနားကရုဏာ ပိုခဲ့ကြရတယ်။ သူက နောက်မရောက် လာတာမို့ အားလုံးကို အရုံးပေးပြီး သင့်မြတ်အောင် အလိုက်သင့် မောင်ဘဦး လုပ်နေတာလေးကကို ချစ်စရာကောင်း နေပြန်တယ်။

ပြန်ရောက်လာမှ ငပိန်ဟာ ပုံမှန် တစ်နေ့လေးကြိမ် ကျွေးတဲ့အိမ်က အစားအစာကို နှားလိုက်၊ စားလိုက်နဲ့ သူ့ပုံစံဟာ အတော်ဝဖြိုး လုပလာနေပြီ။ ကြောင်တွေဟာ နံနက်လင်းစ တစ်ချိန်သာ အစာမကျွေးမိမှာ အစာကျွေးတဲ့ သခင်သွားတဲ့နောက်ကို လိုက်လေ့ရှိတယ်။ ခနာက်ထပ်တစ်နေကုန် လိုက်လေ့မရှိတတ်ကြပါဘူး။

ပထမ ငပိန်တုန်းကလည်း နံနက်ခင်း တစ်ချိန်သာမက သခင်မမေကြီး အိမ်ပေါ်က ဆင်းလာတိုင်း နောက်ကလိုက်သလို ဒုတိယ ငပိန်ဘဝမှာလည်း နောက်ကလိုက်ကာ လာတူနေတာ တွေ့ရတယ်။ သခင်မမေကြီးနောက် သူတစ်ကောင်တည်းလိုက်ရင်း အိမ်ရှေ့က လူသွားလမ်း ကျောက်ပြားပေါ်ရောက်တော့ သူခန္ဓာကိုယ်ကို လဲ့လိုက်ပြီး လူးလိမ့်နေလိုက်တာ ဒီအိမ်မှာ သိပ်ပျော်နေတယ်

ဆိုတဲ့ အပြုအမူပါပဲ။

ပထမငပိန် ဘဝတုန်းက သခင်မမေကြီးကိုသာ အချစ်ပိုခဲ့ပေမယ့် ဒုတိယငပိန် ဘဝမှာတော့ ဖိုးအောင်ကိုလည်း ချစ်ခင်လာတာ ထူးထူးခြားခြား တွေ့လာရတယ်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ အနေနဲ့ သတ္တဝါတွေအားလုံးဟာ သေလွန်ကြပြီးနောက် သံသရာမှာ တစ်ဘဝပြီး တစ်ဘဝ ကြင်လည်နေကြရတယ်ဆိုတာ အားလုံးသိထားပြီးသားပါ။ တစ်ဦးနှင့်တစ်ဦး ပဋ္ဌာန်းရေစက် ရှိထားကြရင် ဘဝတစ်ခုမှ တွေ့ဆုံခင်မင် သံယောဇဉ်နှင့် ချစ်ခင်ကြတယ် ဆိုတာကလည်း မထူးဆန်းလှပါဘူး။ သို့သော် ငပိန်ကတော့ ဖိုးအောင်တို့ မိသားစုနဲ့ တစ်ဘဝတည်းမှာ နှစ်ကြိမ် လာတွေ့ခဲ့ရအောင် သံယောဇဉ်မေတ္တာ ကြီးမားတာက အလွန်ထူးဆန်း အံ့သြစရာ ကောင်းလှပါတယ်ခင်ဗျာ။

သဗ္ဗေ သတ္တာ ကမ္မသကာ။

အောင်ဆန်းလင်း(ဘီ-၄၁)

www.burmeseclassic.com

www.burmeseclassic.com

နက္ခ[၃]သွယ် စက်တင်ဘာလ အတွက်

ဟောစာတမ်း

နတ်မျက်စိ ဆရာအောင်စိုး(B.Sc)



စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီး နတ်နက္ခတ်ဖွား

အလုပ်ရှုပ်၊ စိတ်ရှုပ်၍ ငွေမရ ချိန်။ သို့သော် မိဘ၊ မောင်နှမကို ထောက်ပံ့ခွင့်ရချိန်။ ရုံးမှာ၊ အလုပ်မှာ နောက်လူ ကျော်တက်နေရန် အရိပ် အရောင်ပြချိန်။ ဗိုက်၊ ခြေ၊ လက် နာ ကိန်းရှိမည်။ အိမ်ထောင်စုတွင် အခြေ အတင် ကိစ္စပေါ်မည်။ အချစ်ရေးမှာ သံယောဇဉ်နွယ် တစ်ရစ်ပြီးတစ်ရစ် တွယ်မိနေချိန်။ ပညာရေး ကံကောင်းချိန်။ ယခုလတွင် စကားလွန်၊ နှုတ်ကျွန်ခြင်း သတိပြုရာ၏။

ယတြာ- ကျောင်း၊ ကန်၊ ဇရပ် တည် ဆောက်ရေး ကုသိုလ်ပါဝင် ဆင်နွဲပါ စေ။

တနင်္ဂနွေသား လူနက္ခတ်ဖွား

ပျော်ရွှင်မှုများ တန်းစီနေချိန်။ မိမိကိုယ်စွမ်း၊ ကိုယ်စ အရောင်တက်ချိန်။ လူကြီး၊ အကြီးအကဲများ မစချိန်၊ အဝတ်အစားသစ်များ လက်ဆောင် ရမည်။ အရောင်းအဝယ်တော့ အေး သယောင်ယောင်ရှိမည်။ အိမ်ထောင်ရေး မှာ ငယ်ပေါင်းများ အချစ်စံနမူ ထားကြချိန်။ လူရွယ်များ စန်းထ၍ တဏှာကမ်းပါးမှ ကျလုနီးဖြစ်ချိန်။ ပညာရေးမှာ သင့်နေပါသည်။

ယတြာ- လူကြီး၊ မိဘများကို နို့မုန့် ကန်တော့ပါ။

တနင်္ဂနွေသား ဘီးလူးနက္ခတ်ဖွား

အမှုကြား၊ ပြဿနာကြား ညှပ်မယ်။ ငွေလက်လွန်မည်။ ငွေမမြဲချိန်။ နေရာရွှေ့ပြောင်းရချိန်။ စက်မှုလုပ်ငန်းများ အောင်မြင်မှုရချိန်။ အိမ်တွင်းရေးတွင် သားသမီးတွက် သောကပွားရမည်။ မိမိ ကိုယ်တိုင် သွေးရောဂါ ဖြစ်တတ်၏။ အချစ်ရေးမှာ လိုအပ်တဲ့ ဘဝပုံဖော်ကိန်း မပြည့်မိလို့ လက်တွဲလက်တွေ အေးသွား ချိန်။ ပညာရေးကောင်း၏။

ယတြာ- ပဋ္ဌာန်းသက်စေ့ နေ့စဉ်ရွတ် ပေးပါ။

တနင်္လာသားသမီး နတ်နက္ခတ်ဖွားများ

ခရီးသွားလာများမည်။ ရန်လိုသူရှိမည်။ ပြဿနာ စတင်သူမှာ မိမိ ဖြစ်နေတတ်သည်။ စက်ပစ္စည်းဝင်မည်။ အိမ်ယာ မွမ်းမံကိန်းရှိတယ်။ ငွေကံ ကောင်းနေပါမည်။ အိမ်တွင်းရေးမှာ မိမိ တို့ရဲ့ မာန်မာနတွေ ရုပ်လုံးကြွ၊ ဆေးစိမ်း များ ခြယ်သချိန်၊ အချစ်ရေးမှာ အရည် အချင်းရှိသူ၊ စင်မြင့်ပေါ်တက်ကိန်း ဖြစ် နေသဖြင့် မိမိအရည်အချင်းသည် မိမိ သမိုင်းသာဖြစ်ချိန်။ ပညာရေး ပိုမို တောက်ပလာချိန်။

ယတြာ- ရဟန်းတော်များကို ဆွမ်း ခြောက်(မုန့်ခြောက်)များ လှူပါ။

တနင်္လာသားသမီး လူနက္ခတ်ဖွား

အိုးအိမ်ကိစ္စကြုံမည်။ အောက် လူမတည်မငြိမ်၊ မမှန်မကန်ဖြစ်မည်။ ရပ်ဝေးခရီးရှိ၏။ အလှူကြီးရောက်မည်။ အစိုးရရုံး တစ်ခုမှ ဆင့်စာရောက်မည်။ ရာထူးတိုးရှိမည်။ ရေချိုးဆင်ခြင်ပါ။ အမျိုးသမီးက လေးဘက်နာ၊ အကြိတ်

www.burmeseclassic.com

www.burmeseclassic.com

အဖု၊ အနာတို့ ဖြစ်တတ်၏။ အိမ်တွင်းရေး သာယာမည်။ အချစ်ရေးမှာ ဒုတိယလူ ပေါ်ပေါက်၍ အချစ်သံစဉ်များ ကွဲရက္ခသံ ဖြစ်ပေါ်နေမည်။ ပညာရေးသင့်၏။

ယတြာ- ရဟန်းတစ်ပါးအား သင်တုန်းစား (ခေါင်းရိတ်စား)လှူပေးရင်း လိုရာဆုတောင်းပါ။

တနင်္လာသားသမီး ဘိလူးနက္ခတ်ဖွား

လူမျိုးခြားတို့ အကျိုးပြု၏။ လက်ဝတ်ရတနာဝင်မည်။ စက်၊ ယာဉ်ကြောင့် ဒဏ်ရာရမည်။ လာဘ်ပွင့်နေမည်။ မိဘအတွက် မိဘပေါ်ခြစ်ရင် ချစ်သလောက် ရတက်မအေး ဖြစ်နေမည်။ မိသားစုတွင် ညီညွတ်ချိန် အချစ်ရေးမှာ ရွှေလက်ဖြင့်ခေါ်၍ ချစ်ဥယျာဉ်သို့ စတင်ဝင်ရချိန်။ ပညာရေးမှာ တည်ငြိမ်ဖို့လို၏။

ယတြာ- ရဟန်းတစ်ပါးအား စာအုပ်၊ စာရေးကိရိယာများ လှူပါ။

အင်္ဂါသား နတ်နက္ခတ်ဖွား

ပစ္စည်းကောင်းဝင်မယ်။ ညှဉ်းသည်ရောက်မယ်။ သက်ကြီး မိဘတွေ တွက် ဆေးကုသရမည်။ နာမည်ဂုဏ် သတင်းကြီးမည်။ အနုပညာရှင်များ ပိုမို ထွန်းကားမည်။ အိမ်ထောင်ရေး လျှို့ဝှက်ကိစ္စပေါ်မည်။ ချစ်သူတို့မှာ စွယ်တော်ရွက်ပမာ ကဗျာရေးဖွဲ့ချိန်။ ငွေစုဆောင်းမရသော်လည်း လုပ်ငန်းကောင်းနေမည်။ ပညာရေးမှာ အမှတ်များတိုးလာချိန်။

ယတြာ- ခင်ပွန်းကြီးဆယ်ပါး ဂါထာတော်ကို နေ့စဉ် သက်စေ့ပူဇော်ပါလေ။

အင်္ဂါသား လူနက္ခတ်ဖွား

ခရီးကောင်းရှိ၏။ အိမ်တွင်းအိုးတန် ပစ္စည်းဝင်မည်။ အပျောက်အရှာတွေ့ရှိမည်။ မိမိအလှအပ၊ ဂုဏ်များပွင့်လန်းချိန်။ ငွေဝင်သလောက် ပြန်ထောက်ပံ့ရမယ့် ကိစ္စပေါ်မည်။ အိမ်ထောင်ရေးမှာ သာယာမှုဖြင့် အေးချမ်းချိန်။ အချစ်ရေးမှာ ကတိမတည်တာ၊ ယုံကြည်ခြင်းကို အခွင့်အရေးယူမိလို့ လမ်းခွဲစကား ဆိုချိန်။ ပညာရေးမှာ အောင်မြင်မှုရှိလာချိန်။

ယတြာ- သူရာဿတီဂါထာကို နေ့စဉ် ၃၇ ခေါက်ရွတ်ပေးပါ။

အင်္ဂါသား ဘီးလူးနက္ခတ်

နာမည်ကောင်းရချိန်။ ကြိုးစားမှုကြောင့်၊ တည်ကြည်မှုကြောင့် ရာထူးနေရာကောင်းရချိန်။ ရန်သူကို မေတ္တာဖြင့် အောင်နိုင်ချိန်။ အိမ်သားထဲမှာ စန္ဒ၊ အင်္ဂါ၊ သောကြာသား သက်ကြီးကျန်းမာရေး စိုးရိမ်စရာ ဖြစ်ပေါ်မည်။ ငွေထက် တန်ဖိုးရှိသောအရာများ မိမိရင်ခွင်မှ ရှောင်တိမ်းထွက်သွားချိန်။ ချစ်သူပေါ် ငွေစကား မပြောမိစေရန် လိုအပ်ချိန်။ ပညာရေးမှာ သရဖူဆောင်းရချိန်ပါ။

ယတြာ- ဒီဝါတပတိ ဂါထာတော်ကို တစ်နေ့ ၂၇ ခေါက်ပူဇော်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးသားသမီး နတ်နက္ခတ်ဖွား

ငွေဝင်ကိန်းရှိ၏။ မနာလိုဝိုင်းနေမယ်။ ရုံးမှာ လူကြီးများ ချစ်ခင်မည်။ မေတ္တာတရား၊ ဥပေက္ခာတရားရဲ့ အကျိုး ခံစားရခြိန်။ သင်တန်းတက်ရခြင်း၊ ပရဟိတကစ္စများ ပါဝင်ဆောင်ရွက်ခြင်းကြုံမယ်။ တစ်ဦးပေါ်တစ်ဦး အနိုင်ယူ အားနည်းချက်ကိုဖော်ထုတ် ပြဿနာရှာခြိန် ဖြစ်၍ အိမ်တွင်းရေး ပူနေမည်။ အချစ်ရေးမှာ တုန့်လွယ်မေတ္တာ ခံစားရခြိန်၊ ထညာရေး အောင်လံထူခြိန်။

ယကြာ- မေတ္တာသုတ်ကို ၇ ခေါက်ရအောင် နေ့စဉ်ပူဇော်ပါ။

ဗုဒ္ဓဟူးသား လူနက္ခတ်ဖွား

စိတ်သစ်၊ လူသစ်ဖြင့် လုပ်ငန်းစတင်မည်။ သြဇာညောင်းမည်၊ ခြေလက် နာခြင်း၊ အာရုံကြော အားနည်းခြင်းတို့ ဖြစ်တတ်၏။ အိပ်မက်ကောင်းမည်။ လူနာတစ်ဦးကို ပြုစုရမည်။ အိမ်ရှင်းလင်း ရမည်။ အိမ်ရှိသည့်သည် အနေကြာတစ်ဦးကြောင့် တစ်ဦးနှင့် တစ်ဦး အစာမကြေ ဖြစ်ခဲ့။ အချစ်ရေးမှာ မမျှော်လင့်သော အချိန်။ မျှော်လင့်နေသော ချစ်အဖြေ ပျားရည်သံများ ကြားရခြိန်။ ပညာရေးသင့်၏။

ယကြာ- ဗုဒ္ဓဟူး ၂၇ ပတ်စိပ်ပါ။

ဗုဒ္ဓဟူးသား ဘီးလူးနက္ခတ်ဖွား

စက်ဝင်မည်။ အကျဉ်းအကြပ် ထဲရောက်မည်။ နေရာရွှေ့ နေရာပြောင်း ကြုံမည်။ မိမိပေါ် ဂရုဏာထားသော ပုဂ္ဂိုလ်ပေါ်ပေါက်မည်။ လောကခံတရားများ သက်သာခွင့်ရမည်။ ငွေဝင်ဖြစ်နေမည်။ စိတ်နှင့်လူ မကပ်ခြိန်။ အိမ်မှာ မပျော်၊ အပြင်ထွက်လည်း စိတ်မလန်းခြိန်။ လူရွယ်များ အချစ်ရေခြိန် မြင့်တက်ခြိန်။ ပညာရေး ကောင်းလာပါပြီ။

ယကြာ- "လောကဝိဒူ" ၂၇ ပတ်စိပ် နံနက်-ည ပုတီးစိပ်ပါလေ။

ကြာသပတေးသားသမီး နတ်နက္ခတ်ဖွား

မမျှော်မှန်းသော အောင်မြင်မှုများ ရရှိခြိန်။ မိသားစုတွင် အဖိုးတန်ပစ္စည်း သူများအိမ်မှာရှိပြီး ကိုယ့်အိမ်မရှိသေးသော ပစ္စည်းဆန်းများတွက် မိမိပေါ် ဂုဏ်ယူ၊ ချစ်ခင်မဆုံးဖြစ်ခြိန်။ ခရီးကောင်း လည်းရှိ၏။ လုပ်ငန်းတွင်းမှာ ဂုဏ်ပြုခြင်း ခံရမည်။ ထိုက်၊ ငွေကံကောင်းဖြစ်၍ ၇၁ အတွဲ၊ ၄၁ အတွဲ၊ ၅၁ အတွဲများကို ယခုလတွင် ကံစမ်းသင့်ပါသည်။ အမောရောဂါ၊ ဇက်ကျောထိုး၊ ခေါင်းဝေဒနာ ခံစားရမည်။ ချစ်သူရှိသူတို့ ပျော်နေဆဲခြိန်။ ပညာရေးမှာ အောင်မြင်မှု ခြေလှမ်းများ စတင်နေပြီဖြစ်၏။

ယကြာ- "အနန္တော အနန္တဂါးပါး" ရှိခိုးဂါထာကို နံနက်တိုင်း သက်စေ့ပူဇော်ပါလေ။

ကြာသပတေး လူနက္ခတ်ဖွား

အနိုင်ကျင့်ခံရတာ၊ လူလိမ်ခံရတာကြုံမယ်။ ချောက်တွန်းခံရမယ်။ အဆင်းဘီးတပ် တပ်မည့်သူများတွင် စနေ၊ သောကြာသားသမီးများ ပါဝင်နေ၏။ ဘုရား၊ တရား အကျိုးကြောင့်၊ ကံ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းခြင်း လက်ဆောင်ရမည်။ မိသားစုတွင်း ပြေလည်မှုကြား ငွေပြတ်နေမည်။ ချစ်သူတို့ကြား ရောဂါတစ်ခု အကြောင်းပြု၍ ရင်မောနေကြမည်။ ပညာရေး ကောင်း၏။

ယတြာ- "အနန္တေ အနန္တငါးပါး" သက်စေ့ ရွတ်ဆိုပါ။

ကြာသပတေး ဘီလူးနက္ခတ်

ခရီးရှိ၏။ ငွေကံကောင်း၏။ ရန်ဘေးမလွတ်မည်။ စိတ်ကို ပျော်အောင်၊ အေးချမ်းအောင် ထိန်းသိမ်းနိုင်မည်။ အလှူလုပ်နိုင်မည်။ အလုပ်ခွင်မှာ မျက်နှာပွင့်မည်။ အိမ်တွင်းရေးမှာ တစိမ်းတစ်ဦးကြောင့် စိတ်ရှုပ်မည်။ အချစ်ရေး ညံ့မည်။ ပညာရေးကောင်းချိန်။

ယတြာ- ဖော်ပြပါ။ အထက်ပါ ပုတီးစိပ် အတိုင်းဖြစ်၏။

သောကြာ နတ်နက္ခတ်ဖွား

ငွေဝင်ကိန်းရှိ၏။ အလှူလုပ်ရမည်။ လာဘ်ရွှင်မည်။ မိမိလျှောက်လှာတင်ထားသော ကိစ္စမှန်သမျှအောင်မည်။ ရင်းနှီးသူနှင့် စကားများမည်။ လူနာပေါ်မည်။ မိမိကိုယ်တိုင် ချောင်းဆိုးတာ၊ အစာမကြေတာမျိုးဖြစ်မည်။ ရည်မှန်းချက် များ ပြည့်မိမည်။ ငယ်မိတ်ဆွေတွေနှင့် တွေ့မည်။ ခရီးကောင်းရှိ၏။ ဘာသာရေး အားကောင်းနေမည်။ အိမ်တွင်းရေး ပြန်လည်ဆန်းသစ်သော မေတ္တာရနံ့များ မွှေးပျံ့နေမည်။ အချစ်ရေးမှာ ကြားလူ မိန်းကလေးရှုပ်အံ့။ ပညာထူးများရမည်။

ယတြာ- အရဟံသိဒ္ဓိကို ၃၆ ပတ်စိပ်ပါ။

သောကြာ လူနက္ခတ်ဖွား

စက်ဝန်းမည်။ ခရီးထွက်ရမည်။ သူများမလုပ်ချင်သော အလုပ်မျိုးကို လုပ်နေရတတ်၏သည်။ သို့သော် နတ်,မကိန်ရှိ၏။ လုပ်ငန်းမှာ အပျက်အဆီးနည်းမည်။ မိတ်ကောင်းနှင့်တွေ့မည်။ မိသားစုတွင် စည်းရုံးမှု ရှိနေမည်။ စားဝတ်နေရေး မပြေလည်သော ဆွေမျိုးရောက်လာမည်။ ကူညီပေးလိုက်၍ နတ်လူသာခု ခေါ်ကြချိန်။ အိမ်မှာ သန့်ရှင်းရေး လုပ်ပေးပါ။ ပညာကောင်းများ ဆည်းပူးရချိန်။

ယတြာ- "အရဟံသိဒ္ဓိ"ကို နေ့၇ ၃၆ ပတ်စိပ်ပါ။

သောကြာ ဘီလူးနက္ခတ်ဖွား

အမှုကြားညှပ်မယ်။ ဘာသာရေး ပုဂ္ဂိုလ်ထူးနှင့်ကြုံမည်။ မရောက်ဖူး ခရီးရောက်မည်။ အဖျားအနာ မကင်းဖြစ်မည်။ ငွေစိုက်ရတာ ကြုံမယ်။ စက်ဝင်မည်။ ဆုံးရှုံးရမည့်ဆဲဆဲ ငွေပြန်ရမည်။ အိမ်တွင်းရေးညံ့မယ်။ ပညာထက်မြက်နေမည်။

ယတြာ- "အရဟံသိဒ္ဓိ" ပုတီး ၃၆ ပတ် နေ့စဉ်စိပ်ပါ။

စနေသားသမီး နတ်နက္ခတ်ဖွား

စိတ်ထားကောင်းသော သူမှာ ကောင်းသော အနာဂတ်ရှိသည့် စကား အတိုင်း မိမိစေတနာ မိမိကို အကျိုးပေးချိန်။ ရုံးကိစ္စ အောင်မြင်ချိန်။ ရပ်ရေး သတင်းကောင်း ကြားရချိန်။ အစာအိမ်

www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာ၊ ခံစေဒနာ ကြုံရရှိခြင်း။ ငွေဝင်ငွေထွက် မျှတခြင်း။ ဆွေမျိုးမောင်နမများအကူအညီကို ကြည်ဖြူစွာ ပေးရရှိခြင်း။ မိသားစုတွင် နားလည်မှုရရှိခြင်း။ မြေ၊ စက်၊ အိမ် ရောင်းမှာ၊ ဝယ်မှာဖြစ်ခြင်း။ အချစ်ရေးမှာ ကံထူးသူဖြစ်၏။ ပညာရေးမှာ စိတ်ကို ငြိမ်ငြိမ်ထားသင့်ခြင်း။

ယတြာ- "အရဟံ ဗုဒ္ဓေါ"ကို ကိုးပတ်စီပ်ပါလေ။

စနေ လူနက္ခတ်ဖွား

ပညာမြင့်မည်။ အတွေးခေါ်ထက်မြက်ခြင်း။ စကားချွန်ထွေးသူကြောင့် လူကြီး အမြင်လွဲမည်။ ဘေးဖယ်ခံရခြင်း။ သို့သော် မိသားစုမှာ အားပေးထောက်ပံ့မှုရမည်။ အောင်မြင်မှုကို သည်းခံကြိတ်မိုတ်၊ ခွင့်လွှတ်ရသော အသိုးအပွင့်ကို ဆွတ်ခူးခွင့်ရခြင်း။ စွန့်စားရသော စီးပွားရေး မလုပ်မိရန်လိုခြင်း။ ချစ်သူတို့ နီးရက်နှင့် စကားအချွတ် အချော်ကြောင့် ဝေးရကိန်းရှိ၏။

ယတြာ- "အောင်အရဟံ သိဒ္ဓိဘဂဝါ" ကို ကိုးပတ်စီပ်ပါလေ၏။

စနေ ဘီလူးနက္ခတ်ဖွား

ရန်မကင်းသော လူမှုရေး ဘဝမှာ ရှိနေမည်။ အလုပ်မှာ ဂုဏ်တင့်နေမည်။ စန်းပွင့်နေမည်။ ကံငါးပါးလုံရန် အရေးကြီးခြင်း။ မိသားစု သမိုင်းသည် မိမိလုပ်ရပ်ပေါ် မော်ကွန်းတင်မည့်ကို သတိပြုပါ။ ငွေလွယ်လွယ်ဝင်၍ လွယ်လွယ်မသုံးမိရန်ဖြစ်၏။ ပညာရေး တိုးတက်မည်။

ယတြာ- "သရဏံဂုံသုံးပါး" ပုတီး ၇ ပတ်စီပ်ပါ။

နတ်မျက်စိဆရာအောင်စိုး

(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

သင့်ကားနံပါတ်ရဲ ဘဝကများ

တကယ်လေလာကြည့်ပါ

နယ်မျက်စီ ဆရာအောင်စိုး



စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

သင့်ကားနံပါတ်များရဲ့ နောက်ဆုံးနှစ်လုံး ... 16 ဖြစ်သော ဥပမာ- 4916, 8716, 3316 ... စသည်ဖြင့်

High way ကားကို, အကျိုးပေး၏။ အပြာရောင်၊ အစိမ်းရင့်ရောင် အကျိုးမပြုပေ။ အနီရောင်၊ မိုးပြာရောင်၊ အဝါရောင်တို့ကို အကျိုးပြုပါ၏။ ကားငယ်များကိုမူကား ဆွဲစား။ ခိုင်းစားလို့ကောင်းသည့် ယာဉ်အမျိုးအစားပေတည်း။ Taxi ဆရာတို့မှာ အိမ်ထောင်ရေးမရှုပ်ထွေးဖို့ လိုအပ်ပါသည်။ ကျွန်ုပ်တ်ပါမည်သည့်ကား အမျိုးအစားမဆို အဘအောင်မင်းခေါင် ပုံတော်ကို ဇီးသားဖြင့် ထုလုပ်ပူဇော်ထားပါ။ အန္တရာယ်ကင်းပါမည်။ လာဘ်ဝင်စေရန် ရေသန့်တွင် သရဏဲဂုံ (သုံးပါး)ကို ၃၇ ခေါက်ရွတ်ပြီး ကားပတ်လည် ပက်ဖြန်းပေးပါ။ ကား Owner များအနေဖြင့် မိမိကားတွက် ပေးသွင်းရသော ဘီးခွန်ဖြတ်ပိုင်းကို မိတ္ထူကူး၍ ကြွေပန်းကန်ပြားအောက်တွင် ကပ်ပြီး ပန်းကန်ပြားပေါ်တွင် ရောက်သီး ဆောက်ယို တစ်မျိုးမျိုး လှူဒါန်းပေးပါ။

ယာဉ်မောင်းအနေဖြင့် ကားစထွက်ကတည်းက "သီရသို့" ဂါထာတော်ကို ရွတ်ပွားနေပါ။ လာဘ်ရွှင်ပါမည်။ ကားလေးတို့မှာ စက်ပိုင်ဆိုင်ရာ ချို့ယွင်းလွယ်၍ ကားတွင် "စံပယ်ပန်းသုံးကုံး" ချိတ်ဆွဲထားပါလေ။

Express ကားကြီးများအနေနှင့် မိုးတွင်းအချိန်၊ နှင်းထုကျချိန်တွင် ဂရစိုက်မောင်းရန် လိုအပ်ပြီး "အောင်သပြေ" ငါးညွှန့်ကို အနန္တငါးပါးကို ရည်မှန်း၍ ကားရှေ့တွင် ထိုးထားပါ။ ယာဉ်ပိုင်ရှင်ရော၊ ယာဉ်မောင်း၊ ယာဉ်လိုက်၊ ယာဉ်ပါ ဝန်ထမ်းအားလုံး နေ့စဉ် သမ္မုဒ္ဓေ သက်စေ့ပူဇော်ရင်း ကျေးဇူးရှင် ခရီးသွားများကို မေတ္တာပေးဝေပါလေ။

17 ဖြင့် အဆုံးသတ်သော

လာဘ်ရွှင်စေမည်။ မိတ်တိုးစေမည်။ စည်းကမ်းရှိလျှင် တစ်ကားမှ နှစ်ကားသို့ တိုးပွားကိန်းရှိသည်။ ရှမ်းပြည်နယ်ဘက်၊ ရခိုင်ပြည်နယ်ဘက်၊ မြဝတီအသွားသို့သွားသော Express ကားများတွက် အကျိုးဖြစ်ထွန်းစေ၏။ သို့သော် ကားနံပါတ် ပေါင်းလဒ်သည် စုစုပေါင်း 2 ဖြစ်သော်လည်းကောင်း 6 ဖြစ်လျှင်လည်းကောင်း၊ အကျိုးပေးနည်းတတ်၏။ မည်သည့်ပေါင်းလဒ်ရရ၊ မိမိကားပေါ်တွင် ရှင်သီဝလိကိုယ်တော်၊ ရှင်ဥပဂုတ္တကိုယ်တော်၊ ရဟန္တမြတ်ပုံတော်ကို ယာဉ်ပိုင်ရှင်၏ နေ့နံသားနှင့် ထုလုပ်ကိုးကွယ်ထားပါ။ ရရှိသော ငွေကြေး အမြတ်အစွန်းထဲမှ မိမိယာဉ်ကြောတစ်လျှောက် နွမ်းပါးသော ဘုန်းတော်ကြီးသို့ ရေအလှူ၊ လျှပ်စစ်အလှူများ ပါဝင်ပေးပါ။ Taxi ဆရာများနှင့် နိုင်ငံခြားသား ည့ဉ်သည်နှင့် ထိတွေ့ရခြင်း၊ လောကကို မကျေနပ်သူနှင့် ဆုံဆည်းရခြင်း၊ မိမိအဖက်မတန် ဆက်ဆံခြင်း ကြုံရပါသည်။ သည်းခံခြင်းနောက်မှ အကောင်းဆုံး ချို့မြိန်သော သစ်သီးကို စားရကိန်းရှိပါ၏။ မူးယစ်တတ်သူ ဆုံဆည်းတတ်သဖြင့် မိမိကိုယ်တိုင် အရက်ကို သောက်သုံးထား

www.burmeseclassic.com

မပြုရန် လိုအပ်ပေ၏။ ဤနံပါတ်ကား မျိုးကို ညီ မောင်းအဖြစ် တခြားသူအား ပေးမောင်း ခြင်းမပြုရန် လိုအပ်သလို ဦးဦး ၁၁ နာရီနောက် မြို့ပြင်သို့ ခရီးမျိုးကို မပြုလုပ်သင့်ပါ။ အိမ်သားများရဲ့ ချစ်ခင်အားကိုးမှု ရရှိစေခြင်း၊ သားသမီးများ ချစ်အားပိုခြင်းကို ခံယူရမည်။ ယာဉ်မောင်းတစ်ဦး ဖြစ်လာမည်။ ကားစတင် မောင်းထွက်တည်းမှ ကားတွင် မဟာသမယသုတ်တော်ကို မပြတ်တမ်း ပူဇော်ထားပါ။ ကားမှန်တွင် ကြေးစလွယ် ချိတ်ဆွဲနိုင်ပြီး မိမိစိတ်နှင့် အပ်စပ်သည့် မည်သည့်ပန်းမျိုးမဆို လှူဒါန်းနိုင်ပြီး ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်မောင်းဇနီးတို့မှာ ဂုဏ်တော်ကိုးပါး ၂၇ ပတ် စိပ်ပေးပါလေ။

18...ဖြစ်ထေ

ပျော်ရွှင်မှု ဖြစ်စေသော ညီညွတ်မှု၊ သစ္စာရှိခြင်းကို ဖြစ်စေသော ကားနံပါတ် ဖြစ်ပါ၏။ Taxi ဆရာများနှင့် အခြားကားငယ်၊ ကားလတ်များ အနေဖြင့် မိသားစုဖြင့် အဆင်ပြေရာ နေ့တွေတွင် အပျော်ခရီး၊ ဘုရားဖူးခရီး ထွက်သင့်၏။ ဤနံပါတ် မောင်းသူတို့မှာ စန်းပွင့်ခြင်း၊ လူချစ်၊ လူခင်များခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးက မိမိကားတစ်စီးကိုသာ အမြဲရွေးချယ် ပုံမှန်စီးလေ့ ရှိသည်ကို အကြောင်းပြု၍ မိမိစောင်းမြောင်း ငြူစူခြင်းမျိုး ခံရတတ်၏။ မိမိမှလည်း မေတ္တာတရား၊ သစ္စာတရား၊ ကိုယ်ကျင့်တရား ထိန်းသိမ်းရန် လိုအပ်ပေမည်။ ဤကားမျိုးတွင် ငွေပန်းလှူပေးပါက အဆင်ပြေပါသည်။ သို့သော် လမ်းသွယ်မှ၊ လမ်းမကြီးအထွက်ကို ဂရုစိုက်မောင်းသင့်၏။ မင်္ဂလာဆောင်တွင် ဖွင့်လေ့ရှိသော သီချင်းမျိုးဖြင့် အပန်းဖြေသင့်၏။ မိမိယာဉ်ပေါ်တွင် ဗုဒ္ဓဂါယာ ဘုရားပုံတော်ဖြင့် ကျက်သရေဆင်ပါ။ မှန်လုံကား ၃ား အဝေးပြေးကား၊ ကုန်တင်ကားကြီးများအနေဖြင့် ညဉ့်အချိန် တံတားအဖြတ်ကို ဂရုစိုက်စေလိုပါသည်။ အင်္ဂါ ကြာသပတေး ယာဉ်မောင်းများ အိပ်ငိုက်မိ၍ ပြဿနာများကို ရင်ဆိုင်ရတတ်သည်။ ဤနံပါတ်မျိုးရှိကားကြီးမျိုးတွင် "အောင်သပြေ"ကို သရဏဲဂုံ သုံးပါးကို ကိုးခေါက်ရွတ်ဆိုပြီး ရှိသေချိတ်ဆွဲပါ။ 18 ဖြင့် အဆုံးသတ် Express ကားမျိုးတွင် ယာဉ်မောင်း၊ ယာဉ်လိုက်တို့သည် ခြေလေးချောင်း ရှောင်လေကောင်းလေ ဖြစ်ပြီး မိမိကားပေါ် တရုတ်အမဲကို စားသုံးခြင်း မပြုရန် လိုပေဦးမည်။ ယာဉ်ပိုင်ရှင်များ အနေဖြင့် ကားဘီးဖိုးကို မသမြာစေဘဲ ဘီးတို့ကို အပတ်စဉ်၊ လစဉ် စစ်ဆေးသင့်ပေ၏။ မိမိအနေဖြင့် "နမောတဿ" ပုတီးစိပ်ကို ကိုးပတ်စိပ်ရင်း ကျေးငှက်များကို ဘေးမဲ့လွတ် အလှူမျိုး လုပ်ပေးပါသည်။

19...ဖြစ်ထေ

ကုန်တင်အကျီးပေး၏။ ယာဉ်မောင်းတို့အား စိတ်ချမ်းသာစေ၏။ သက်လတ်၊ သက်ကြီး ယာဉ်မောင်းတို့နှင့်သင့်၏။ ဖြည်းဖြည်းနှင့် မှန်ကန်မှု လိုရာခရီး ချောမွေ့နေမည်။

www.burmeseclassic.com

www.burmeseclassic.com

Express ကားတို့မှာ ကား လမ်းတွင် ဖြတ်တက်သော ခရီးသည်တို့ ကို ဂရုစိုက်ရမည်။ သူတို့ရဲ့ အနေအထား တစ်ခုကြောင့် ကားတွင်းရှိ ခရီးသည်များ အနောင့်အယှက်ရှိ၏။ မှန်လုံကားအနေ နှင့် ကားတစ်စီးကို ကျော်တက်ရာတွင် အထူးသတိပြု မောင်းနှင်ပါ။ ခရီးသည် တင်ကားဖြစ်၍ ခရီးသည်တို့၏ ကျန်းမာ ရေး လိုအပ်ချက်အရ ကားရပ်ဖို့လိုလျှင် ရေချောင်း၊ ရေမြောင်း အနီးတို့တွင် မရပ်မနားမိရန် လိုပေမည်။ ကားရှေ့တွင် အောင်သပြေ တစ်စည်းကို စုစည်းတင် ထား၍ ယာဉ်မောင်းနေစဉ် "သိရသို့" ဂါထာကို မပြတ်ရွတ်နေပါ။

Taxi ကားများအနေဖြင့် မိမိ မိုင်နှုံး မြင့်မောင်းကျင့်ကိုလျော့ပါ။ မြွေ လိမ်မြွေကောက်ကဲ့သို့ တစ်ကားပြီး ကျော်တက် မောင်းနှင်တတ်ရင် အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်မည်။ ကားလက်ကိုင်ကို ဖဲကြိုးအဝါတစ်ခုဖြင့် ချည်နှောင်ထားပြီး ထိုဖဲကြိုးတွင် ဘောပင်ဖြင့် "စီ ·ပိဏ် ·သေ ·ဂီ" ဂါထာကိုရေး၍ ပူဇော် ထားပါ။ မိမိကား မီးလုံးများ၊ မှန်များ ကွဲအက်နေမှု မရှိရန် ဂရုစိုက်ပါ။ မီးလုံးကွဲများရှိက အမြန် လဲလှယ် စေလိုပါသည်။

19... အဆုံးသတ်သည် မည် သည့်ကားမျိုးမဆို ဂျပန်ဘုရားဟု ဆိုကြ သော "ကမာကူရာ" ဘုရားပုံတော်ဖြစ် ဖြစ်၊ ဓာတ်ပုံတော်ဖြစ်ဖြစ်၊ ကိုးကွယ်ထား ပါ။ ကားစထွက်ကတည်းက ပရိတ်ကြီး ၁၁ သုတ်ကို ဖွင့်ထားပါ။ စနေနေ့တိုင်း ယာဉ်ရဲ့ခေါင်းပိုင်းကို ကိုင်ရင်း "ဖုဋ္ဌသ" ဂါထာတော်ကို ယာဉ်ပိုင်ရှင်က ကိုး ခေါက် ရွတ်ပေးပါက လာဘ်ရွှင် အန္တရာယ်ကင်း စက်ခဏခဏ ပျက်ခြင်း မှ လွတ်မြောက်ပါမည်။

20... **အဆုံးသတ်သော်**

အကျိုးပြုသော ကားအမျိုး အစားဖြစ်၏။

နယ်တွင်ဆုံစားသော ကားကို အကျိုးပြု၏။ ခရီးဝေးကောင်း၏။

- တနင်္ဂနွေသားတွက် အကျိုးပြု ၏။
- တနင်္လာပိုင်ရှင်တွက် ငွေတိုး ပွားစေ၏။
- အင်္ဂါယာဉ်မောင်းများ မတည် ငြိမ် ဖြစ်တတ်၏။
- ဗုဒ္ဓဟူးသား ယာဉ်ပိုင်ရှင်တွက် ယာဉ်စီးရေ တိုးပွားစေ၏။
- ကြာသပတေးသား ယာဉ် မောင်းများ စိတ်မြန်တာ၊ စိတ်တိုတာ လျော့ရမည့် ကားနံပါတ်မျိုးပါ။
- သောကြာသား ယာဉ်မောင်း များ စီးပွားဖြစ်စေ၏။ ဖောက်သည်ကောင်း ရရှိစေ၏။
- စနေ ယာဉ်ပိုင်ရှင်များတွက် ယာဉ်မှရရှိသော ဝင်ငွေထဲမှ သံဃာတော်များအား ဆွမ်း ဟင်းလောင်းလှူ အလေ့ ရှိပါစေ။

ကားဘီးကို မကြာခဏ ဂရု စိုက်ပေးပါ။ Express ကားများကို ကား

www.burmeseclassic.com

www.burmeseclassic.com

မထွက်မီ ကားအတွင်း နံ့သာရည်ကို ပက်ဖျန်းပါ။ "သုဂတောငါးချက်" ဂါထာကို ၁၀ ခေါက်ရွတ်ဆိုပြီး ဖျန်းပေးပါ။ ကားတွင် ငွေပန်းချီတ် လှုနိုင်ပါက အဆင်ပြေပါ မည်။ ဘုရားရှင်ကို ရေသန့်တစ်ပူး အမြဲ လှူထားပါ။ ခရီးဆုံးရောက်တိုင်း ယင်း ရေသန့်ပူးမှ ရေဖြင့် ကားပတ်လည် Taxi ယာဉ်များ အငှားထွက် ရန် ယာဉ်ရှေ့ခန်းတွင် ထိုင်း(ယိုးဒယား) မြဘုရား ရုပ်ထုတော်ကို ကိုးကွယ်ပါ။ ခရီးမထွက်မီ ဂုဏ်တော်ကိုးပါးကို အပြန်အလှန် ရွတ်ပွားနေပါ။ ကား နောက်ခန်းတွင် ကလေးကစား စရာ ဘောလုံးတစ်လုံးထားပါ။ ယာဉ်ပိုင်ရှင် အနေဖြင့် Owner ကြေးမုံရသော ငွေစက္ကူတစ်ရွက် ကို ဘောက်ခ်ာရေ ခွက်နှင့် ဖိထားပြီး "သုဂတော" ဂါထာ သုံးပတ်စီပ်ပါလေ။

နတ်မျက်စိဆရာအောင်စိုး

(B.Sc)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဗမာပြည်ကွန်မြူနစ်ပါတီအနေနှင့် တပ်ပေါင်းစု ရရှိပြီးမှ စစ်ရေးအရ မတိုက်ခိုက်ခဲ့ရသော်လည်း အမြဲလိုဆက်ဆံမှု အဆင်မပြေခဲ့သည်မှာ SSPP (ခ) ရှမ်းပြည်တိုးတက်ရေးပါတီ ဖြစ်သည်။ ဖြစ်ပွားခဲ့သော အတွင်းရေးအဆင်မပြေမှုတို့ကို စာရှုသူများသုံးသပ်နိုင်ရန် အခိုင်အမာ ဆွေးနွေးပွဲမှတ်တမ်းများမှ ကောက်နုတ်ချက်များကို အောက်တွင် ကူးယူဖော်ပြလိုက်ပါသည်။

❖ ❖ ❖

ယခုစာတမ်းအား တင်ပြသူမှာ ဗကပဗဟိုကော်မတီဝင် စိုင်းအောင်ဝင်း ဖြစ်ပါသည်။ ၄င်းမှ အောက်ပါအတိုင်း တင်ပြပါသည်။

"ဒီနေ့ ကျွန်တော် ရှင်းလင်းတင်ပြလိုတဲ့ကိစ္စကတော့ ၃ ခုရှိပါတယ်။

(၁) ပထမ ဥက္ကဋ္ဌ၊ စိုင်းပန် (ခ) စောက်ပင်တိုင်းကိစ္စ၊

(၂) ဇိုလ်မှူးနော်မိုင်းကိစ္စ၊

(၃) လောဖန် (ခ) ပန်းအောင်ကိစ္စ

လူပုဂ္ဂိုလ်ကိစ္စကို ဦးတည်ပြီး ပြောဆိုတာ မဟုတ်ပါဘူး။ သူတို့ရဲ့ ပြောဆိုပြုမူလုပ်ကိုင်ဆောင်ရွက်တဲ့ မှားယွင်းဖောက်ပြန်တဲ့ လုပ်ရပ်တချို့ကို အဓိကထား ပြောဆိုလိုပါတယ်။

သူတို့လုပ်ရပ်ဟာ မိတ်ဆွေတွေမှာ ရှိသင့်ရှိအပ်တဲ့ လုပ်ဟန်ကျင့်စဉ်နဲ့ မကိုက်ညီရုံသာမက မူဆိုင်ရာနဲ့လည်း ပတ်သက်ဆက်နွယ်နေပါတယ်။ ဘယ်သူမဆို မိမိပြောမှု၊ ဆိုမှု၊ လုပ်မှု၊ ကိုင်မှုမှန်သမျှဟာ ပင်ကိုယ်အယူအဆရဲ့ စေစားမှုတွေသာ ဖြစ်တယ်။ အဲဒီသူတစ်ဦးတစ်ယောက်ရဲ့ ပြောဆိုမှု၊ လုပ်ကိုင်မှုမှန်သမျှဟာ သူ့ရဲ့အတွေးအခေါ်ကို ထင်ဟပ်ပြနေတာ ဖြစ်ပါတယ်။

သာမန်လူအဖို့ ပြဿနာ သိပ်မကြီးပေမယ့် တာဝန်ခံခေါင်းဆောင်အဖို့ဆိုရင် သာမန်ပြဿနာ မဟုတ်တော့ပါဘူး။ မူဆိုင်ရာ ပြဿနာဖြစ်စေပါတယ်။ အခု ကျွန်တော် တင်ပြမယ့် ပုဂ္ဂိုလ် ၃ ယောက်ဟာ ရှမ်းပြည်တိုးတက်ရေးပါတီရဲ့ ဗဟိုကော်မတီဝင်တွေ ဖြစ်ပါတယ်။ ခေါင်းဆောင်တွေ ဖြစ်ပါတယ်။ အဲဒီတော့ မိမိရဲ့အဖွဲ့အစည်းနဲ့ မိမိရဲ့ ဗဟိုမူနှစ်ကို တာဝန်ခံရပါမယ်။ တာဝန်ယူရတာတွေ မုချပဲ လုပ်ရပါမယ်။

၁။ SSPP ရဲ့ပထမဒုဥက္ကဋ္ဌ စောက်ပင်းတိုင်းကိစ္စ

သူနဲ့ကျွန်တော် တက္ကသိုလ်ကျောင်းကတည်းက သိကျွမ်းခင်မင်ပါတယ်။ ၁၉၄၇ ခုနှစ် ဈက်တင်ဘာလ ရန်ကုန်မြို့တော်ခန်းမမှာ ပြုလုပ်တဲ့ ဗမာပြည်လူမျိုးပေါင်းစုံ ဆွေးနွေးပွဲမှာ တက်တဲ့ ရှမ်းအမျိုးသားကိုယ်စားလှယ် ၃ ယောက်အနက် ကျွန်တော်နဲ့သူ ၂ ယောက်ပါဝင်ခဲ့တယ်။ ကျွန်တော်က အဲဒီဆွေးနွေးပွဲမှာ 'ရှမ်းပြည်နယ် နှစ်နာချက်များ' ဆိုတဲ့ တင်ပြချက်ကို

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ခံတင်ပြသွားခဲ့ပါသည်။

သူဟာ နောက်တော့ တောခိုသွားခဲ့ပါတယ်။

ကျွန်တော်ဟာ ဥက္ကဋ္ဌ သခင်သန်းထွန်းက ရှမ်းပြည် စစ်ကောင်စီ ဥက္ကဋ္ဌ မဟာဒေဝီ နန်းဟိန်းခမ်းဆီ ရေးပေးလိုက်တဲ့စာ ပေးပို့ရန်နဲ့ ဆွေးနွေးရန် ၁၉၆၆ ခုနှစ်အလယ်မှာ ရှမ်းပြည်အလယ်ပိုင်းခရိုင်ပါတီနယ်မြေသို့ ရောက်လာခဲ့ပါသည်။

အဲဒီကနေတစ်ဆင့် ကျွန်တော်က ရှမ်းပြည်တပ်မတော်နဲ့ဆက်သွယ်ပြီး မဟာဒေဝီကိုပေးရန် ဥက္ကဋ္ဌရဲ့စာပါလာကြောင်း၊ စောက်ဆေးဝိုင်နဲ့တွေ့ပြီး သူလက်ထဲ စာအပ်လိုက်ကြောင်း၊ ဆွေးနွေးစရာလည်းရှိကြောင်း စာရေးလိုက်ပါတယ်။

နောက် ကျွန်တော့်ဆီ SSA က ဆက်သားလွှတ်ပြီး သူတို့နဲ့ အရေးတွေ့နိုင်ကြောင်း၊ ပေးစရာရှိတဲ့စာကိုသာ ဆက်သားထံ စိတ်ချလက်ချ အပ်လိုက်ဖို့၊ ဆက်သားက လက်ခံရရှိလက်မှတ်ထိုးယူဖို့၊ ၄င်းတို့ရဲ့တာဝန်ခံတစ်ဦးက မဟာဒေဝီထံရောက်အောင် ပို့ပေးမည်ဆိုပြီး စာပြန်ကြားလာတယ်။

ဒါနဲ့ ကျွန်တော်လည်း ဥက္ကဋ္ဌရဲ့စာနဲ့အတူ ဆေးဝိုင်ခွန်ကြာနဲ့တို့ဆီ စာရေးပေးပြီး ဆက်သားလက်ထဲ စာကိုအပ်လိုက်ပါတယ်။

နောက် ကျွန်တော် လွယ်ခေးရောက်တဲ့အခါ စာနဲ့ပတ်သက်ပြီး မေးကြည့်တော့ စောက်ပင်တိုင်းနဲ့ ပေးလိုက်ကြောင်း သိရပါတယ်။

ကျွန်တော် ဆေးဝိုင်နဲ့ တွေ့တဲ့အခါ သူ့အမေဆီ ကျွန်တော်တို့ပါတီရဲ့ ဥက္ကဋ္ဌရေးလိုက်တဲ့စာ ရသလားလို့ မေးကြည့်တော့ စာမရကြောင်း၊ ပင်တိုင်းယူသွားတဲ့စာဟာ ထိုင်းမရောက်ခင် လမ်းမှာပျောက်သွားလို့ မရတာဖြစ်ကြောင်း ပြန်ပြောပြလို့ သိရသည်။

ဒီလိုဖြစ်တာ အတော်ကိုမကောင်းဘူးဟုဆိုပြီး ကျွန်တော်က ဆေးဝိုင်ကို အဲဒီတုန်းက ပြောလိုက်တယ်။

စောက်ပင်တိုင်းဟာ ဒီစာကို သက်ဆိုင်ရာသို့ရောက်အောင် ပို့မပေးဘဲ ဘာဖြစ်လို့ပျောက်သွားရသလဲ။

မေးခွန်းမေးစရာတွေ အများကြီးပေါ်လာတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လမ်းစဉ်ပေါ်လစီတွေကို ကျယ်ကျယ်ပြန့်ပြန့် မသိရအောင် လုပ်တာလား။

ကွန်မြူနစ်ပါတီရဲ့ ရှမ်းပြည်လက်နက်ကိုင်အဖွဲ့အစည်းများ သွေးစည်းညီညွတ်လာမှာကို မလိုလားလို့လား၊ နှစ်ပါတီနှစ်ဖွဲ့ရဲ့ ခေါင်းဆောင်များ ဆက်သွယ်မှုရသွားမှာ မလိုလားလို့လား။

ပါတီတစ်ခုရဲ့ အမြင့်ဆုံးခေါင်းဆောင်တစ်ယောက်က မိမိအဖွဲ့အစည်းရဲ့ အမြင့်ဆုံးခေါင်းဆောင်ဆီပေးတဲ့ စာကို အလေးထား ဂရုမပြုဘဲ ပေါ့ပေါ့ဆဆ လုပ်ပစ်တာလား။

ဒီစာကို ကောင်းကောင်းမွန်မွန် ထိန်းသိမ်းဖို့တာဝန်၊ သက်ဆိုင်ရာလက်ထဲရောက်အောင် ပို့ပေးရမယ့်တာဝန်ရှိတယ်ဆိုတာမပြောဘဲနဲ့တောင်ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com

တော့ အသိရှိသင့်တယ်။

နောက်ပြီးတော့ မဖြစ်နိုင်ရင် တာဝန်ရှိရှိပြန်ပို့သင့်တယ်။

ပျောက်သွားလို့ပါဆိုပြီး ပေါ့ပေါ့ပြောလို့ မဖြစ်ဘူး။ ဒါဟာ သဘောထားနဲ့ဆိုင်ပါတယ်။ တာဝန်ယူထားတဲ့ သဘောထား လေးလေးနက်နက် မရှိဘူးဆိုတာ ဖော်ပြနေတယ်။

မရိုးသားတဲ့သဘောထားနဲ့ လုပ်နည်းလုပ်ဟန်လည်း ဖြစ်တယ်။

ဒီလို ပျောက်သွားကြောင်းကို တောင်မှ ကျွန်တော့်ကို တရားဝင်ပြောမပြဘူး။ မေးမှ ပျောက်ကြောင်းသိရတဲ့ အခြေအနေပါ။

ဆေးဝိုင်တို့၊ ကြာနုတို့ ကွန်မြူနစ်ပါတီတို့ ဆန့်ကျင်တဲ့ ကြေညာချက်ထုတ်ဖို့ လုပ်ကြတုန်းကဆိုရင် စောက်ပင်တိုင်းက မကန့်ကွက်ရုံမက ထောက်ခံသူထဲမှာ ပါဝင်တယ်။

အဲဒီတုန်းက မထောက်ခံဘဲ ဆန့်ကျင်ပြီး လက်မှတ်မထိုးနိုင်ကြောင်း အတိအလင်း ငြင်းဆိုသူကတော့ ဗိုလ်မှူးကြီးဆေးလင်းပဲ ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးဆေးလင်းက လက်မှတ်မထိုးလို့ အခု အဘိုးကြီး စောက်ထောက်လက်မှတ်မထိုးဘူးလို့ သိရတယ်။ ဒါဟာ ကောင်းတဲ့ကိစ္စ၊ မှန်ကန်တဲ့ကိစ္စ၊ မှတ်တမ်းတင်ထိုက်တဲ့ကိစ္စကြီး ဖြစ်ပါတယ်။

အဲဒီလို ဆန့်ကျင်ကန့်ကွက်လို့ နောက်ဆုံးမှာ ကွန်မြူနစ်ပါတီဆန့်ကျင်ရေး ကြေညာချက်လည်း မထုတ်ဖြစ်ကြောင်း သိရပါတယ်။

၁၉၇၃ ခုနှစ် မေလ ၁၆ ရက်နေ့ ဝမ်နောင်ရွာကြီးမှာ ပြုလုပ်ခဲ့တဲ့ ရှမ်းပြည်တိုးတက်ရေးပါတီနဲ့ ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့တို့ရဲ့ ကိုယ်စားလှယ်ဆွေးနွေးပွဲမှာဆိုရင်လည်း ပင်တိုင်းဟာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အနေနဲ့သာမက SSPP ပထမဒုဥက္ကဋ္ဌ အဖြစ်နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီအပေါ် ရန်လိုတဲ့သဘောထားနဲ့ ပြောဆိုဆွေးနွေးခဲ့တယ်။ နိဂုံးရေးအရ ဗမာပြည်ကွန်မြူနစ်ပါတီအပေါ် ရန်သူလို သဘောထားမယ်။ စစ်ရေးအရ တိုက်သင့်ရင် တိုက်ပစ်မယ်လို့ ပြောခဲ့တာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဆီမှာ အခိုင်အမာ အချက်အလက် ရှိပါတယ်။

အဲဒီတုန်းက ဆွေးနွေးပွဲမှတ်တမ်းကိုင်သူဟာ ခွန်ညီ (ခ) ရွှက်ဆစ်ပဲ ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီ တော်လှန်ရေးလမ်းစဉ်နဲ့ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးလမ်းစဉ်နှစ်ရပ် တိုက်ပွဲမှာ စောက်ပင်တိုင်းဟာ ဘယ်လမ်းစဉ်ဘက်က ရပ်တည်ခဲ့သလဲ။ အဖြစ်မှန်က ဒီလိုပါ။

၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့ လွယ်ခေး၊ ပန်ဟုန်း ပလောင်ရွာမှာ ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုကော်မတီစုံညီအစည်းအဝေး လုပ်ခဲ့တယ်။

အဲဒီအစည်းအဝေးမှာ အနည်းစုဖြစ်တဲ့ ကြာနုအုပ်စုက အမျိုးသားဒီမိုကရေစီ တော်လှန်ရေးလမ်းစဉ်ဘက်က ရပ်ခဲ့ပြီး ဒုဥက္ကဋ္ဌ ခွန်အုန်းပေါင် အမှုး

www.burmeseclassic.com

www.burmeseclassic.com

ပြုတဲ့ စောက်ဆေးလင်း၊ ဗိုလ်မှူးစံမိန်း၊ ဗိုလ်မှူးဆေးထင်စောက်ထောက် စတဲ့ အများစုဟာ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးလမ်းစဉ်ဘက်က ရပ်တည်၍ ထောက်ခံခဲ့ကြတယ်။

အဲဒီတုန်းက စောက်ပင်တိုင်းဟာ အနည်းစုဖြစ်တဲ့ ကြာနဘက်ကနေပြီး အမျိုးသားဒီမိုကရေစီ တော်လှန်ရေး လမ်းစဉ်ဘက်က ရပ်တည်ထောက်ခံခဲ့ပါ တယ်။

ဆေးနဲ့ကတောင် စောက်ပင်တိုင်းကို ခင်ဗျားဟာ မပြတ်မသားတဲ့လူပဲ ဆိုပြီး ပြောခဲ့သေးတယ်။

ပန်ဟုန်းဆွေးနွေးပွဲမှာ ဘယ်သူက ဘယ်လိုပြောဆိုဆွေးနွေးရပ်တည်ခဲ့ ကြတယ်ဆိုတာ ကျွန်တော်တို့ဆီမှာ အသံသွင်းထားတဲ့ အသံသွင်းကြိုးခွေ ရှိပါတယ်။ လိုအပ်ရင် ပြန်လည်ဖွင့်ပြ နိုင်ပါတယ်။

၁၉၇၅ ခုနှစ် ပါတီဆွေးနွေးပွဲမှာ မိတ်ဆွေတို့ပါတီကို ထိုင်းနဲ့ အဆက် အသွယ်ရှိ ကျွန်တော်တို့ပါတီဘက်က တောင်းဆိုခဲ့တယ်။

မိတ်ဆွေတို့ပါတီရဲ့ ခေါင်း ဆောင်နဲ့ ၄င်းတို့ရဲ့ဇနီး သားမယားများ ကို ကျွန်တော်တို့ရဲ့ လွတ်မြောက်တဲ့ အခြေခံဒေသမှာ လာနေဖို့နဲ့ နေထိုင်စား သောက်ရေးလည်း တာဝန်ယူပါမယ်လို့ ပြောခဲ့တယ်။

ဒါကြောင့်လည်း ရှမ်းပြည်တိုး တက်ရေးပါတီရဲ့ ခေါင်းဆောင်အတော် များများနဲ့ ၄င်းတို့ရဲ့ ဇနီးမယားများ ဟာ ဒီအရှေ့မြောက်ဒေသမှာ လာနေကြ ပါတယ်။ ပါတီကိုလည်း ယုံကြည်ကြပါ တယ်။

ထိပ်ပိုင်းခေါင်းဆောင် တစ်ဦး ဖြစ်တဲ့ စောက်ပင်တိုင်းကတော့ ဒီကို တစ်ခါမှမလာဘူး။ လာဖို့လည်း ဆန္ဒ မရှိဘူး။ သူဦးတည်မှုဟာ မြောက်ဘက် မဟုတ်၊ တောင်ဘက်ဖြစ်တယ်။ သူ့ဇနီး သားသမီးတွေကို ထိုင်းမှာပဲထားတယ်။ ဟိုမှာပဲ ကျောင်းထားတယ်။ မကျန်း မမာလို့ ထိုင်းသို့ ဆေးသွားကုတယ်ဆို တာ တကယ်ပဲ မကျန်းမာလို့ဆိုတာ တောင်မှ မသွားသင့်ပါဘူး။

ဒါဟာ သာမန်ကိစ္စမဟုတ်ပါ ဘူး။ "ငါတို့ပါတီ အုပ်ပါ မိတ်ဆွေ ကွန်မြူနစ်ပါတီက အထင်အမြင်လွဲစေ နိုင်တယ်။ နှစ်ပါတီကြား သံသယဖြစ် စေနိုင်တယ်" ဆိုတာ သူ့အနေနဲ့ ချင့် ချင့်ချိန်ချိန် စဉ်းစဉ်းစားစား လုပ်သင့် ပါတယ်။

SSPP ဟာ ကစ်ဖက်က ကျွန်တော်တို့ပါတီနဲ့ တပ်ပေါင်းစုလုပ် ထားပြီး မိတ်ဆွေတွေဖြစ်နေကြတယ်။ ဒါကိုလည်း မေ့ပစ်လို့မဖြစ်ဘူး ထင်ပါ တယ်။ ဒီလိုအခြေအနေမှာ SSPP ရဲ့ ပထမဒုဥက္ကဋ္ဌက ထိုင်းနဲ့ အဆက်မဖြတ် ဘူး။ ထိုင်းနဲ့ဆက်သွယ်မှု ပြုနေတယ်။ ဒါကိုက ထိုင်းကို မှီခိုဆားထားလိုသေး တယ်ဆိုတာ ပြနေတယ်။ ရိုးရိုးလေး ကြည့်လို့မရပါဘူး။

ဒီဘက်လည်း ဆက်သွယ်၊ ဟို ဘက်လည်း အဆက်အသွယ်မပြတ်ဘဲ မပြတ်မသား လုပ်မယ်ဆိုရင်တော့ မကောင်းပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေများခင်ဗျား ...

တွေ့ဝေတဲ့ မပြတ်သားတဲ့ ခေါင်းဆောင်မှုနောက်မှာ ပြတ်သားတဲ့ နောက်လိုက် မရှိနိုင်ပါဘူး။

ပြတ်သားတဲ့ ခေါင်းဆောင်မှု နောက်မှာသာလျှင် ပြတ်သားတဲ့နောက်လိုက် ရှိနိုင်မယ်။

မိတ်ဆွေတို့ကို ကောင်းစေချင်လို့၊ မှန်ကန်စေချင်လို့၊ ပြတ်သားမှုရှိစေချင်လို့ စေတနာကောင်းနဲ့ ရှင်းလင်းတင်ပြတာပါ။

စောက်ပင်တိုင်းနဲ့ ပတ်သက်ပြီး နောက်ဆုံးတင်ပြလိုတဲ့ အချက်ကတော့ သူမှာ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးအမြင်ရှိရဲ့သာမက ရှမ်းလူမျိုးကြီးအမြင်လည်းရှိတာ တွေ့ရတယ်။

သူဟာ ဗမာလူမျိုးနဲ့ပတ်သက်ရင် အကုန်ဆိုး၊ အကုန်မကောင်း၊ အကုန်ဆန့်ကျင်တဲ့ တစ်ဖက်သတ် အမြင်ရှိတယ်။ ဒီတစ်ဖက်သတ်အမြင်ဟာ အနုပဋ္ဌိလောမရှုပ်ဝါဒ အမြင်နည်းနာနဲ့ မကိုက်ညီပါဘူး။

လူတန်းစားအမြင်နဲ့ ကြည့်သင့်၊ မြင့်သင့်၊ ခွဲခြား သုံးသပ်သင့်ပါတယ်။ ဒါမှ မှန်ကန်မယ်။

သူဟာ ရှမ်းမဟုတ်တဲ့ အခြားအမျိုးသားတွေအပေါ်မှာ ရှမ်းလူမျိုးကြီး ဝါဒ ပြုမူကျင့်ကြံတဲ့ အကျင့်အကြံရှိတယ်။ သူနဲ့ဗိုလ်မှူးကြီးဆေးလင်းနဲ့ ဘယ်လို ပဋိပက္ခတွေ ပြဿနာတွေ ရှိတယ်ဆိုတာ အခိုင်အမာ မသိရပါ။ သူဟာ စပ်ဆေးလင်းအပေါ် အတော့်ကို အထင်အမြင်သေးတယ်။ သိက္ခာချတဲ့ သွားပုပ်လေလွင့် စကားတွေပြောတာ ကျွန်တော်ကိုယ်တိုင် ၂ ကြိမ်လောက် ကြားရတယ်။

ဆေးလင်းဟာ ဘာမှ အရည်အချင်းရှိတဲ့ကောင် မဟုတ်ဘူး။ စံမိန်း အရှိန်အဝါနဲ့ လုပ်နေတာ။ စံမိန်းသာ မရှိရင် ဒီပေါ့ဟင် ဘာမှ မလုပ်တတ်တော့ဘူး။ သူ့ပလောင်တပ်တောင် သူ့ကို မနာခံဘူး။ ခေါင်းဆောင်နိုင်စွမ်း မရှိပါဘူးဆိုတာတွေလည်း ပြောတယ်။

ဒါဟာ စပ်ဆေးလင်းအပေါ် တိုက်ဖော်တိုက်ဖက်လို့တောင် သဘောမထားဘူး။ ရှမ်းလူမျိုးကြီးအမြင်နဲ့ ပလောင်လူမျိုးအပေါ် ထိခိုက်စော်ကားတဲ့ စကားမျိုးပြောရင်း သူများရဲ့ဂုဏ်သိက္ခာကို ချတာဖြစ်တယ်။ ပါတီရဲ့ ထိပ်ပိုင်းခေါင်းဆောင်တစ်ယောက်ဟာ ဒီအမြင်၊ ဒီသဘောထား မရှိသင့်ပါဘူး။ သူပြောဖူးတဲ့ ဗမာမာနလို့ဆိုတာဟာ လက်တွေ့မှာ သူကသာ အတော်မာန ရှိတဲ့သူလို့ ဘေးကကြည့်ရင် ဒီအတိုင်း ခံစားရပါတယ်။

(ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့နဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုကိုယ်စားလှယ်အဖွဲ့တို့ ၁၈/၆/၁၉၇၉ နေ့ ဆွေးနွေးပွဲတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ် ရဲဘော်စိုင်းအောင်ဝင်းရဲ့ ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ဖော်ပြပါသည်။)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ရဲ့ တင်ပြချက်တွေနဲ့ပတ်သက်ရင် ကျွန်တော်တို့ဘက်က တင်ပြချက်တွေထဲက ပထမပိုင်းတွေမှာ အများကတော့ အများစုကြီးကို သဘောထားပေးထားပြီးနေပါပြီ။ အရေးကြီးတဲ့အချက်တချို့ကို အောက်ပါအတိုင်း ချုပ်ပြီး ထပ်မံဖော်ပြလိုက်ပါတယ်။

(၁) ၇၃ စိတ်ဓာတ်

"၇၅ စိတ်ဓာတ်" နဲ့ တပ်ပေါင်းစဆက်လက်တည်ဆောက်သွားရေးကို ကျွန်တော်တို့ လုံးဝသဘောတူကြပါတယ်။ ၇၅ စိတ်ဓာတ်ပေါ်မှာ မယိမ်းမယိုင် နှစ်ဖက်လုံးက ရပ်တည်သွားကြဖို့ဖြစ်ပါတယ်။ ဒီစိတ်ဓာတ်လျော့မသွားစေဘဲ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာစေရေးသာ ဖြစ်ပါတယ်။

(၂) အကြွင်းမဲ့ ခေါင်းဆောင်မှုပြဿနာ

အကြွင်းမဲ့ တိုက်ရိုက် ခေါင်းဆောင်မှုပြဿနာ ရှမ်းပြည်တိုးတက်ရေးပါတီနဲ့ မပတ်သက်ကြောင်း၊ ရှမ်းပြည်အဖွဲ့ရဲ့ တင်ပြချက်တွေအပေါ် ကျွန်တော်တို့ရဲ့သဘောထား။

၁၉၇၉ ခုနှစ် ဇွန်လ ရှမ်းပြည်တိုးတက်ရေးပါတီဗဟိုကိုယ်စား ဒီအဖွဲ့ရောက်လာတဲ့အတွက် ကျွန်တော်တို့ ဝမ်းမြောက်ကြပါတယ်။ ဒီလိုရောက်လာကြမှုဟာ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ကို ဖြည့်စွမ်းလိုက်ခြင်း ဖြစ်ပါတယ်။ ဒီလို ဗဟိုကိုယ်စားလှယ်အဖွဲ့ လွတ်နိုင်ရေးအတွက် အရေးတယူ ဂရုစိုက်ပြီး မိမိစစ်ဒေသပါတီကော်မတီကို တင်ပြတဲ့ ရှမ်းပြည်တိုးတက်ရေးပါတီအထွေထွေအတွင်းရေးမှူးချုပ်လည်းဖြစ်၊ စစ်ဒေသ နိုင်ငံရေးမှူးလည်းဖြစ်တဲ့ ဗိုလ်မှူးကြီးဆေးလင်းကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။[၄] ဗိုလ်မှူးကြီးဆေးလင်းရဲ့ တင်ပြချက်ကို လက်ခံပြီး လက်တွေ့ဆောင်ရွက်ကြတဲ့ မိတ်ဆွေတို့ စစ်ဒေသပါတီ ကော်မတီကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။

မိတ်ဆွေတို့ ကိုယ်စားလှယ်အဖွဲ့ရဲ့ တင်ပြချက်များအပေါ် ကျွန်တော်တို့ရဲ့သဘောထား။

ရှမ်းလူမျိုးများအား စည်းရုံးနိုင်ရေးအတွက် သခင်ဗသိန်းတင်မှ ဗဟိုကော်မတီဝင် ပေးထားသော ဝိုင်းအောင်ဝင်း၏ အထက်ပါတင်ပြချက်များအရ SSPP နှင့် ဗကပတို့ အဆင်မပြေမှုသည် မူလကပင် ကိန်းအောင်းတည်ရှိနေသည်မှာ သိသာထင်ရှားပေသည်။ အထက်ပါတင်ပြချက်များသည် ငယ်ကိုးငယ်နာများ ဖော်ခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့် ဤသို့အနာဟောင်းများကို ပြန်လည်ဖော် ထုတ်ရပါသနည်းဆိုလျှင် တစ်ချိန်က SSPP သည် ဗကပ၏ ဝါးမျိုရန်ကြိုးပမ်းမှုများကို ကလန်ကဆန် လုပ်ခဲ့၍ဖြစ်သည်။ ဤပြဿနာများဖြစ်ပွားနေမှုကို အောက်ပါကောက်နုတ်ချက်တွင် တွေ့ရှိရမည် ဖြစ်ပါသည်။

၁၉၇၉ ခုနှစ် ဇွန်လ SSPP ရှမ်းပြည်တိုးတက်ရေးပါတီ ကိုယ်စားလှယ်အဖွဲ့ ရောက်လာခြင်းအပေါ် ကျွန်တော်တို့ရဲ့ သဘောထား ထပ်မံဖော်ပြချက်။

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်အပေါ်သာ မျှော်မှန်းချက်ဖြစ်ကြောင်း ကျွန်တော်တို့ ရှင်းပြပြီးဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ ပြောမပြဘဲထားခဲ့လို့ မဖြစ်တဲ့ အချက်ကတော့ အကြွင်းမဲ့နဲ့ တိုက်ရိုက်ခေါင်းဆောင်မှုကို လက်ခံရေး၊ လက်မခံရေးဟာ ကာယကံရှင်တွေကသာ ဆုံးဖြတ်ရမယ့်ကိစ္စ ဖြစ်ကြောင်း၊ ဒီပြဿနာတင်ပြတဲ့အချိန်ကစပြီး ဆက်တိုက် ကျွန်တော်တို့ဘက်က မိတ်ဆွေတို့ဘက်ကို တင်ပြခဲ့ကြောင်းဆိုတဲ့ အချက်ပါပဲ။ မိတ်ဆွေတို့ရဲ့ တပ်မှူးကြီးတစ်ဦးရဲ့ ပေးစာမှာ ပါတဲ့အချက်ကို ကြုံကြိုက်တုန်း ထပ်မံဖော်ပြခွင့်ပြုစေလိုပါတယ်။ အောက်ပါအတိုင်း ဖြစ်ပါတယ်။

"တပ်မတော်တည်ဆောက်ရေးတွင် ရှမ်းပြည်တပ်မတော်သည် ယခင်ပါတီလမ်းစဉ်အမှားဖြင့် တည်ဆောက်ခဲ့သော ဓနရှင် တပ်မတော်အဖြစ် ယခု မိမိတို့ ကျင့်သုံးနေသော ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးလမ်းစဉ် ကိုက် ညီအောင် ပြည်သူ့တပ်မတော်အဖြစ်သို့ တစ်စတစ်စ ပြောင်းလဲတည်ဆောက်သွားရမှာ ဖြစ်ပါတယ်" (၁၉၇၆ ခုနှစ် ဖေဖော်ဝါရီပေးစာမှ ကောက်နုတ်ချက်)

ဒီအချက်ကို အလျဉ်းသင့်လို့ ကျွန်တော်တို့ ဖော်ပြရခြင်းပါ။ ၁၉၇၇ ခုနှစ် သြဂုတ်လဆွေးနွေးပွဲ ဖြစ်ပေါ်လာမှုနဲ့နောက်ပိုင်း အခြေအနေတွေကို အသင့်အတင့် ခွက်လက်ပြီး တင်ပြလိုပါသေးတယ်။

၁၉၇၇ ခုနှစ် သြဂုတ်လဆွေးနွေးပွဲ ဖြစ်လာရတာအကြောင်းကတော့ မိတ်ဆွေတို့ဘက်က နှစ်ပါတီ ဗဟိုကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးလိုကြောင်း ရှေ့တစ်ဆင့်တက်ရေးပြဿနာတွေကို ဆွေးနွေးလိုကြောင်း တင်ပြလာကြလို့ပါ။

ရှမ်းပြည်တိုးတက်ရေးပါတီရဲ့ ရှေ့တစ်ဆင့်တက်ရေး တင်ပြလာချက်တွေဟာ ပူးတွဲတပ် ပူးတွဲနယ်မြေ စတဲ့ တင်ပြချက်တွေပဲ ဖြစ်ပါတယ်။ ၇၅ စိတ်ဓာတ်လျော့သွားတယ်လို့ ကျွန်တော်တို့ မြင်ကြတယ်။ ပူးတွဲတပ် ပူးတွဲနယ်မြေ စတဲ့ဟာတွေဟာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပူးတွဲခေါင်းဆောင်အကောင်အထည်ဖော်မယ်ဆိုတဲ့ လုပ်ငန်းတာဝန်တွေ ဖြစ်ပါတယ်။

၇၅ စိတ်ဓာတ်ဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက ဗဟာပြည်အလုပ်သမားလူတန်စားရဲ့ တစ်ခုတည်းသော တပ်ဦးပါတီဆိုတဲ့အချက် ထုတ်ပြန်ခြင်း မပြုပေမယ့် ရည်ရွယ်ချက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ရှမ်းပြည်နယ်တိုးတက်ရေးပါတီဘက်က အဆိုပြုလာချက်တွေအရ လျှော့ကျူးပျက်ပြယ်ရေးကို ရှေးရှုပါတယ်။

ရှမ်းပြည်တိုးတက်ရေးပါတီက မိမိတို့အမြင်ကို တင်ပြနိုင်ခွင့်ရှိပါတယ်။ လက်တွေ့လည်း တင်ပြခဲ့ပါတယ်။ ထိုနည်းလည်းကောင်း ဗမာပြည် ကွန်မြူနစ်ပါတီအားလည်း မိမိတို့အမြင်ကို တင်ပြခွင့်ရှိပါတယ်။ လက်တွေ့လည်း တင်ပြခဲ့ပါတယ်။ ရှမ်းပြည်တပ်မတော်ကို ပြည်သူ့တပ်မတော်အဖြစ် အကောင့်ရှိရှိ

www.burmeseclassic.com

www.burmeseclassic.com

ခြေလှမ်းရှိရှိ ကူးပြောင်းရေးအတွက် ရှုမ်းပြည်တပ်မတော်နဲ့ အကြွင်းမဲ့ တိုက်ရိုက် ခေါင်းဆောင်မှုပြဿနာကို ကျွန်တော်တို့ဘက်က တင်ပြခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ တင်ပြမှုကြောင့် ရှုမ်းပြည်တိုးတက်ရေးပါတီ၊ ရှုမ်းပြည်တပ်မတော်တို့ရဲ့ တော်လှန်တဲ့ စိတ်ဓာတ်နဲ့ တိုးတက်ရာတိုးတက်ကြောင်းကို နှောင့်နှေးစေတဲ့ တွန်းအားတစ်ခုသာ ဖြစ်တယ်လို့ ခံစားမိကြောင်း ဆိုလာချက်ကို ကျွန်တော်တို့ တအံ့တသြ ကြားကြရပါသည်။ ဒီလိုဆိုလာချက်ကို ကျွန်တော်တို့ လုံးဝသဘောမတူနိုင်ကြပါ။ ၇၅ စိတ်ဓာတ်ကို အခြေခံထားမှုသာ ခိုင်မြဲရင် ၇၅ စိတ်ဓာတ်အရ မိတ်ဆွေတို့ ဆက်လက်ချီတက်ကြဖို့သာ ရှိပါတယ်။

၇၇ ဩဂုတ်လ ဆွေးနွေးပွဲဟာ ပြဿနာတင်ပြမှုအဆင့် သာ ရှိခဲ့ပါတယ်။ အပြန်အလှန်ညှိနှိုင်းမှုတောင် လုပ်ခဲ့ကြရပါ။ လက်တွေ့လုပ်ငန်းနဲ့တော်သက်ရင် စကားတစ်ခွန်းတောင်

မဟခဲ့ကြရသေးပါ။

သဘောတူရင် လက်ခံ၊ မတူရင် လက်မခံကြဖို့ အတိအလင်း ကျွန်တော်တို့ဘက်က တင်ပြခဲ့ကြပါတယ်။ နောက်လည်း ဆက်တိုက် တင်ပြခဲ့ကြပါတယ်။ ၇၇ ဩဂုတ်လ ဆွေးနွေးပွဲမှ ပါဝင်ကြတဲ့ ရှုမ်းပြည်တိုးတက်ရေးပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တွေ၊ ဗဟို ကော်မတီတွေနဲ့ တပ်မှူးတွေက ကျွန်တော်တို့ရဲ့ တင်ပြချက်ကို လက်ခံကြောင်း ဝင်ပြောဆိုခဲ့ကြပါသေးတယ်။ ထောက်ခံပွဲကိုတောင်လုပ်ဖို့ အစီအစဉ်းခဲ့ကြပါတယ်။ ဒီအပတ် မိတ်ဆွေတို့ဘက်က ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ကိုယ်တိုင် မိတ်ဆွေတို့ပါတီရဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တစ်ဦးအဖြစ်နဲ့ ထိုစဉ်က တက်ရောက်ခဲ့ပါတယ်။ ဒီလို ဖြစ်စဉ်တွေ၊ ဒီလို အခြေအနေတွေ ရှိပါလျက်နဲ့ အကြွင်းမဲ့နဲ့ တိုက်ရိုက် ခေါင်းဆောင်မှုပြဿနာ တက်လာလို့ မိတ်ဆွေတို့ဘက်မှာ တော်လှန်တဲ့စိတ်ဓာတ်နဲ့ တိုးတက်ရာတိုးတက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ကို နှောင့်နှေးစေတဲ့ တွန်းအားတစ်ခု သာ ဖြစ်တယ်လို့ ခံစားမိကြောင်းဆိုတဲ့ ကောက်ချက်ဟာ လုံးဝမှားယွင်းတယ်လို့ ကျွန်တော်တို့ မြင်ကြပါတယ်။ တခြား တခြား ဘယ်လိုအကြောင်းတွေကြောင့် မိတ်ဆွေတို့ တော်လှန်တဲ့စိတ်ဓာတ်နဲ့ တိုးတက်ရာတိုးတက်ကြောင်း နှောင့်နှေးကြရသလဲဆိုတာကို မိတ်ဆွေတို့ ထပ်မံရှာဖွေကြရင် ပိုမိုအကျိုးရှိလိမ့်မယ်လို့ ကျွန်တော်တို့မြင်ကြပါ၏ယ်။

(၃) တပ်ပေါင်းစုပြဿနာ

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပြဒါးရှင်သုံးလုံးအနက် တစ်လုံးဖြစ်တဲ့ တပ်ပေါင်းစု ပြဒါးရှင်တစ်လုံးကို အကောင်အထည်ဖော်ရာမှာ တာဝန်ရှိတယ်ဆိုတဲ့အချက်ကို ဆွေးနွေးလိုပါတယ်။ အလုပ်သမားလူတန်းစားခေါင်းဆောင်တဲ့ အလုပ်သမား၊ လယ်သမား၊ တပ်ပေါင်းစုကြီးဟာ ကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီးရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ 'လယ်လုပ်သူတိုင်း လယ်ပိုင်ရေး ကြွေးကြော်သံ' ကို စွဲမြဲစွာ စွဲကိုင်ပြီး မြေယာတော်လှန်ရေးကို ဆင်နွှဲနေတဲ့ ပါတီ ဖြစ်ပါတယ်။ တစ်ချိန်တည်း အလုပ်သမား လူတန်းစားခေါင်းဆောင်တဲ့ လယ်သမားစစ်ပွဲ ဆင်နွှဲနေတဲ့ပါတီ ဖြစ်ပါတယ်။ ဒီလမ်းစဉ် လုပ်ငန်းတွေနဲ့ရော ကျွန်လမ်းစဉ်အသီးသီးအရပါ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အလုပ်သမား၊ လယ်သမား တပ်ပေါင်းစု အခြေခံအုတ်မြစ်ကို တည်ဆောက်နေတာပါ။ ကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီးနဲ့ ပတ်သက်၍လည်း **KNU** မှ အစရှိခဲ့ ခွဲထွက်ရေးပါတီအချို့မှအပ စောမော်ရယ် ဦးစီးတဲ့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှအပ ကျွန် ပါတီအဖွဲ့အသီးသီးနှင့် ကျွန်တော်တို့ တပ်ပေါင်းစု တည်ဆောက်ထားနိုင်ပါတယ်။ တပ်ပေါင်းစု ဖြစ်စဉ်တွေနဲ့ပတ်သက်လို့ကတော့ ခမ္မာအာအတိုင်း တစ်ပြေးညီစွာ မရှိနိုင်ပါဘူး။ ရေရှည်တော်လှန်ရေးအတွင်းမှာ တပ်ပေါင်းစုခံရီးစဉ်တွေက ထွေပြားလှပါတယ်။

(၄) တပ်ပေါင်းစုနဲ့ အာဏာသိမ်းရေးပြဿနာ

မိတ်ဆွေတို့က တပ်ပေါင်းစုနဲ့ အာဏာသိမ်းရေးကို ရပ်ခံကြတယ်။ ကျွန်တော်တို့က ဒါကို ဆန့်ကျင်ကြတယ်။

မတူတဲ့အမြင်ရှိနိုင်ခွင့် ရှိပါတယ်။

တစ်ထိုင်တည်းနဲ့ အချိန်တိုအတွင်း ဒီလို ပြဿနာမျိုးကို ဖြေရှင်းလို့မရနိုင်ပါဘူး။ ဘုံရန်သူကို ဆက်တိုက်ကြရင်း သင့်တော်တဲ့အချိန်မှာ ဆွေးနွေးလိုက်၊ မဆွေးနွေးလိုသေးရင် နေလိုက်၊ ဆွေးနွေးဖို့ သဘောတူရင် ဆွေးနွေးလိုက်၊ အမြင်မတူသေးရင်လည်း ရန်သူကို ဆက်တိုက်လိုက်တိုက်ရင်း ဆွေးနွေးလိုက်ကြတာပေါ့။ အမြင်မတူသေးသမျှ မတူတဲ့အမြင်ကို စွဲကိုင်ထားနိုင်ဖို့ကို ဘယ်သူမှ ဖျက်လို့ မရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

အမြင်မတူလို့ တပ်ပေါင်းမစုရေးဆိုတာ မရှိပါဘူး။

အမြင်မတူလို့ ဘုံရန်သူ ဦးတည်တိုက်ခိုက်ရေးကို လက်လွှတ်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ကလည်း လုံးဝမရှိပါဘူး။ ဒီအတိုင်း ကျွန်တော်တို့နှစ်ဖက်လုံးက ခံယူကြတယ်လို့ ကျွန်တော်တို့နားလည်ကြပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ရပ်တည်မှုကို မိတ်ဆွေတို့ ပိုမို ရှင်းလင်းအောင် တင်ပြလိုပါသေးတယ်။ ပါတီ၊ တပ်မတော်၊ တပ်ပေါင်းစုနဲ့ ရန်သူကို အနိုင်တိုက်ရေးဆိုတဲ့ ပြဒါးရှင်လုံး သဘောတရားခံယူမှုနဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်ပါတယ်။ ပါတီဆိုခြင်းမှာ ဗမာပြည်မှာဆိုရင် ဗမာပြည်အလုပ်သမားလူတန်းစားရဲ့ တစ်ခုတည်းသော တပ်ဦးပါတီဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဖြစ်ပါတယ်။

တပ်မတော်ဆိုခြင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အကြွင်းမဲ့နဲ့ တိုက်ရိုက်ခေါင်းဆောင်မှုကိုခံယူတဲ့ တစ်ခုတည်းသောတပ်မတော်၊ ပြည်သူ့တပ်မတော်ဖြစ်ပါတယ်။ တပ်ပေါင်းစုလို့ဆိုရာမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို ခံယူတဲ့ ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစုဖြစ်ပါတယ်။ ဒီပြဒါးရှင်သုံးလုံးနဲ့သာ ရန်သူကို အနိုင်တိုက်နိုင်မှာပါ။ ဗမာပြည်ကွန်မြူနစ်ပါတီနေရာမှာ တခြားမတူတဲ့ လူတန်းစားပါတီတွေကို အစားထိုးမှု၊ တစ်ခုတည်းသော တပ်မတော်၊ ပြည်သူ့တပ်မတော်နေရာမှာ တခြားမတူတဲ့ လူတန်းစားတွေရဲ့ ခေါင်းဆောင်မှုကို ခံယူတဲ့ လက်နက်ကိုင်တပ်တွေကို အစားထိုးမှု၊ တပ်ပေါင်းစုဆိုရာမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှု မခံယူတဲ့၊ ဒါမှမဟုတ် မခံနိုင်သေးတဲ့ တခြားတခြား တပ်ပေါင်းစုအဖွဲ့တွေနဲ့ အစားထိုးမှု၊ ဒီလိုအစားထိုးထားတဲ့ အင်အားသုံးရပ်ဟာ ရန်သူကို အနိုင်တိုက်နိုင်တဲ့ ပြဒါးရှင်သုံးလုံး မဟုတ်ပါဘူး။

တစ်ခုတည်းသော တပ်မတော်-ပြည်သူ့တပ်မတော်အဖြစ် မပြောင်းနိုင်သေးလို့ သီးခြားတပ်အဖြစ် ဆက်နေလို့ မဟာ ကာယကံရှင်တွေရဲ့ ဆုံးဖြတ်မှုနဲ့သာ ဆိုင်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို မိတ်ဆွေလိုတဲ့ မခံယူနိုင်သေးတဲ့ပါတီ၊ အဖွဲ့တွေရှိရင်လည်း ဒီလို ကျင့်သုံးရပ်ခံမှုဟာ ကာယကံရှင်တွေရဲ့ အဆုံးအဖြတ်နဲ့သာ ဆိုင်ပါတယ်။ ဒီအင်အားတွေကို ကျွန်တော်တို့ မပယ်ပါဘူး။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဗမာပြည်ကွန်မြူနစ်ပါတီ-မဆန့်ကျင်ရေး၊ ဘုံရန်သူ နေဝင်း၊ စန်းယု စစ်အစိုးရကို ဦးတည်တိုက်ရင်းသူတို့နဲ့လည်း ကျွန်တော်တို့ မဟာမိတ်ဖွဲ့နိုင်ကြပါတယ်။

ပြဒါးရှင်သုံးလုံးရဲ့ ဆက်သွယ်ဆက်ဆံမှုဟာ ဒီအတိုင်းပါ။ ပြဒါးရှင် ၃ လုံးသည်ပင် အပြောကျယ်လှတဲ့ ပြည်သူလူထုကြီးအပေါ် အခြေခံရမှာပါ။ အခြေခံအားဖြင့် လူထုဆောင်မှအောင်မှာပါ။ သမိုင်းကိုဖန်တီးတဲ့ တွန်းအားဟာ ပြည်သူတွေသာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

(၅) တံဆိပ်ကပ် ဦးထုပ်ဆောင်းတဲ့ ပြဿနာ

အမြင်မတူလူတွေအပေါ် လွယ်လင့်တကူ စိတ်ထင်တိုင်း တံဆိပ်မကပ်ဖို့၊ ဦးထုပ်မဆောင်းဖို့ ဗမာပြည်ကွန်မြူနစ်ပါတီအတွင်း မပြတ်ပညာပေးနေပါတယ်။ ၁၉၇၈-၇၉ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေးကလည်း ဒီအချက်ကို အထူးတလည် သတိပြုပါတယ်။ မိတ်ဆွေတို့အပေါ် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကဖြစ်စေ၊ အရှေ့မြောက်ဝိုင်းစစ်ဒေသ ပါတီကော်မတီကဖြစ်စေ တံဆိပ်ကပ်၊ ဦးထုပ်ဆောင်းမှုများရှိရင် ကျေးဇူးပြုပြီး ကျွန်တော်တို့ကို ပြောပြကြစေလိုပါတယ်။ ဗဟို ဒါမှမဟုတ် အရှေ့မြောက်ဝိုင်းစစ်ဒေသ ပါတီကော်မတီဝင်မဟုတ်တဲ့ ရဲဘော် တစ်ဦးတလေ ဒါမှမဟုတ် အချို့တော့ ဒီလိုလုပ်ရပုံမျိုး လုပ်တာရှိပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ပညာပေးမှုနဲ့ တားမြစ်မှုအောက်မှာ ရှေ့မှာဆိုရင် ဒီလိုဖြစ်ပျက်မှုတွေ အလွန်အလွန် နည်းသွားနိုင်ပါတယ်။ ပေါ်မလာအောင်လည်း ကျွန်တော်တို့ဘက်က ကြိုးစားသွားပါမယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကိုတော့ ပါတီတစ်ခုလုံးအလိုက် ဦးထုပ်ဆောင်း၊ တံဆိပ် ကပ်ထားခံရကြောင်း မိတ်ဆွေတို့ကို တိုင်တည်ပါရစေ။

- ဗမာပြည်အလုပ်သမားလူတန်းစားရဲ့ တပ်ဦး ပါတီဆိုင်းဘုတ်ကို တင်ထားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ၊
- ဗမာပါတီ
- ရုပ်ကြမ်းဝါဒပါတီ
- ထရော့စကီးဂိုဏ်းသားပါတီ
- ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးနဲ့ ဆိုရှယ်လစ်တော်လှန်ရေးကို မခွဲခြားနိုင်တဲ့ပါတီ
- မိုင်ဆေမပီသတဲ့ ပါတီ
- မနေဝင်း၊ စန်းယု သူလျှို့ဗိုလ်ချုပ်ကျော်ဇောကို လက်ခံထားတဲ့ ပါတီ၊ ရန်သူကိုပူးပေါင်းမယ့် ပါတီ

စတဲ့ ဦးထုပ်တွေ၊ တံဆိပ်တွေ ဗမာပြည်ကွန်မြူနစ်ပါတီကို ဆောင်းပေး၊ တပ်ပေးထားကြပါတယ်။

ဒီဦးထုပ်၊ ဒီတံဆိပ်တွေရဲ့ပိုင်ရှင်တွေက ဒီပစ္စည်းတွေ သူတို့ကိုယ်တိုင် အသုံးပြုဖို့ ကျွန်တော်ကို ပြန်ပေးလိုကြပါတယ်။

(၆) ၇၅ စိတ်ဓာတ်၏ နောက်ဆက်တွဲပြဿနာ

၁၉၊ ၅၊ ၁၉၇၉ နေ့ ရှမ်းပြည်တိုးတက်ရေးပါတီမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ရဲ့ တင်ပြချက်မှာ ပါတဲ့ အနာဂတ် ဗမာပြည်သစ်တစ်ရပ်ကို တည်ဆောက်သွားရန်၊ ငြိမ်းချမ်းသာယာတဲ့ တပ်ပေါင်းစုရှိတဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး အပြည့်ရှိတဲ့၊ အမှီအခိုကင်းပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ရှိတဲ့၊ အဖိနှိပ်ခံအမျိုးသားပေါင်းစုံ ပြည်သူများ လုံးဝလွတ်မြောက်တဲ့၊ ထွန်းလင်းတောက်ပြောင်တဲ့၊ ဒီမိုကရေစီရှိတဲ့ နိုင်ငံတော်သစ်တဲ့ ဗမာပြည်သစ်တစ်ရပ်ကို ပေါ်ထွန်းလာ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်" ဆိုတဲ့အချက်ဟာ '၇၅ စိတ်ဆောင်' နဲ့ ဆန့်ကျင်နေတာ ကျွန်တော်တို့ သဘောပေါက်ရပါတယ်။ '၇၅ စိတ်ဓာတ်' ဟာရှိတဲ့ ဒီပြဿနာနဲ့ ပတ်သက်ပြီး မိတ်ဆွေတို့ဘက်က ဆုံးဖြတ်ချက် တစ်ရပ်အနေနဲ့ ဖော်ပြခဲ့ပါတယ်။ '၇၅' စိတ်ဓာတ်ရဲ့ အစိတ် အပိုင်းကြီးတစ်ခု အဖြစ် ဖော်ပြခြင်းပါ။

အဲဒီ '၇၅ စိတ်ဓာတ်' ကတော့ အခြေခံအမျိုးသားပေါ်လစီ၌ တိုင်းရင်းသားလူမျိုးအသီးသီးသည် မိမိတို့ဆန္ဒ အလျောက် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်များကို ထူထောင်လိုက ထူထောင်ခွင့်ရှိစေရမည်ဟု ပါရှိရာ ၄င်းလူမျိုးကိုယ်တိုင် တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်အစား လူမျိုးတိုင်း တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးအဖြစ် ခံယူသည်ဟု အားလုံး သဘောတူသည်။

(အဓိပ္ပာယ်ရှင်းလင်းချက်)

ရှမ်းပြည်သည် ဗမာပြည်နှင့် ခွဲမရသော ပြည်နယ်ဖြစ်သည့်အလျောက် သီးခြားရှမ်းပြည်သမ္မတနိုင်ငံထူထောင်ရေး၊ ရှမ်းပြည်ခွဲထွက်ရေး စသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အချိန်ကြာမြင့်စွာ စွဲကိုင်ခဲ့ရာမှ ၁၉၇၅ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် လူမျိုးတိုင်း တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး အဖြစ် ခံယူခြင်းဖြစ်သည်လို့ မိတ်ဆွေတို့ဘက်က ဆုံးဖြတ်ဖော်ပြပါတယ်။

ဒါက '၇၅ စိတ်ဓာတ်' ပါ။

ဒီနေ့ မိတ်ဆွေတို့အဖွဲ့ခေါင်းဆောင်ရဲ့ တင်ပြချက်မှာပါတဲ့ "ကိုယ်ပိုင်အုပ်ချုပ်ရေးအပြည့်ရှိတဲ့ အမှီအခိုကင်းပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့ 'ဆိုချက်' ဟာ အထက်ပါ '၇၅ စိတ်ဓာတ်' ကို ဆန့်ကျင်နေပါတယ်။

(ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရဲဘော်ဖေတင့်ရဲ့ ရှမ်းပြည် တိုးတက်ရေးပါတီ ဗဟိုကိုယ်စားလှယ်အဖွဲ့သို့ တင်ပြချက် ၂၇-၅-၇၉ ပန်ဆန်းမှ ကောက်နုတ်ချက် ဖော်ပြသည်)

ထိုအချိန်က SSPP မှ ဘေးပန်းတွင် မကျေမနပ် ပြောဆိုမှုများက ဗကပဗဟိုအား အလွန်အခံရခက်စေခဲ့သည်။ SSPP ဗဟိုကိုယ်စားလှယ်အဖွဲ့သို့ အောက်ပါအတိုင်း တိုင်တန်းခဲ့လေသည်။

(၁) ရှမ်းပြည်တိုးတက်ရေးပါတီမှ တပ်သားအချို့ရဲ့ ပြောဆိုချက်အရို့။

ဥက္ကဋ္ဌ တာကလယ်ဟာ ကွန်မြူနစ်ပါတီခေါင်းဆောင်မှုကို ခံယူပြီး နောက်မှာ အာဏာ မရှိတော့သူ၊ အခုစကားလည်းသိပ်ပြောတော့သူ၊ လူလည်း အတော်ပိန်သွားပြီး တောင်ဝေးနဲ့ လမ်းလျှောက်နေရတယ်လို့ ဗိုလ်မှူးနော်မိန်းအဖွဲ့ထဲက တပ်သားအောင်မြင့်က ရလလဖ ဆေးကျောင်းသူ ရှမ်းအမျိုးသမီး မစိန်ဉာန်ကို ပြောခဲ့ပါတယ်။

ယခင် ဗိုလ်မှူးနော်မိန်းအဖွဲ့ကလို့ သိရတဲ့ တပ်သားကျော်အောင်ကလည်း ၇၈ ခုနှစ် အောက်တိုဘာလလောက်က ကယန်းအဖွဲ့က တပ်သားတစ်ဦးကို "ဟေ့ကောင် ... မင်းတို့တစ်ကွေ

www.burmeseclassic.com

www.burmeseclassic.com

ကွန်မြူနစ်ခေါင်းဆောင်မှုကို ခံယူရင်
မင်းတို့ ကယန်းတွေ အမျိုးပြုတ်သွား
မယ်" လို့ ပြောကြောင်း သိရတယ်။

ကယန်းအဖွဲ့ ကေဒါကျောင်းမှာ
လေ့လာခဲ့စဉ်က ရှမ်းပြည်တိုးတက်ရေး
ပါတီမှ အမည်မသိ အသားမည်းမည်း
တပ်သားတစ်ဦးက ကယန်းအဖွဲ့က
တပ်သားတစ်ဦးကို ပြောတာက ...

"မင်းတို့ကို ရောက်စမို့ ကွန်မြူ
နစ်ပါတီက သိပ်ဂရုစိုက်တာ။ တို့တုန်း
ကလည်း ဒီလိုပဲ။ နောက် ကြာသွားတော့
ကိုယ့်ဟာကိုယ် ရှာစားရတယ်။ တို့
လူမျိုးတွေ စည်းလုံးဖို့လိုတယ်။ တို့
အားလုံး စုစည်းလိုက်ရင် ကွန်မြူနစ်
ပါတီထက် အင်အားကြီးတယ်။ ကွန်မြူ
နစ်ပါတီနဲ့ တို့ပေါင်းနေတာဟာ အဓိက
လက်နက်ရဖို့ပဲ"

နောက်ပိုင်းမှာ ပြန်သိရတာက
အဲဒီလိုပြောတဲ့သူဟာ ဗိုလ်မှူးနော်မိန်း
အဖွဲ့က တပ်သားကျော်အေး ဖြစ်တယ်။

ဆရာဝန် ခမ်းဆိုင်ရဲ့ ပြုမူလုပ်
ကိုင် ပြောဆိုပုံတွေကိုလည်း ဒီနေရာမှာ
ထပ်မံတင်ပြဖို့ လိုပါလိမ့်မယ်။
ကျွန်တော်တို့ပါတီက ရဲဘော်တွေ
တရုတ်ပြည်တွင်း သွားရေးလာရေးနဲ့
ပတ်သက်လို့ လိုအပ်မှုအရ ဘရုတ်
ပြည်တပ်နဲ့ ကျွန်တော်တို့တပ် ဆွေးနွေး
ထားတဲ့ သတ်မှတ်စည်းကမ်းတွေ ရှိပါ
တယ်။ အလားတူ ကျွန်တော်တို့ပါတီနဲ့
တပ်ပေါင်းစုရနေတဲ့ မဟာမိတ်အဖွဲ့
အစည်းများ တရုတ်ပြည်ထဲ သွားရေး
လာရေး၊ ပစ္စည်းများ ဝယ်ယူရေးများ
ပြုလုပ်လိုပါက ကွန်မြူနစ်ပါတီကမှ
တစ်ဆင့် ဆောင်ရွက်ကြရန် ပန်ဆန်းမှာ
အစဉ်အဆက် ခေါင်းဆောင်ခဲ့ကြတဲ့
တာဝန်ခံများကို ကျွန်တော်တို့အနေနဲ့
အကြိမ်ကြိမ် ပြောပြထားဖူးပါတယ်။

ဆရာဝန် ခမ်းဆိုင်အနေနဲ့
ဒါတွေကို ဂရုမစိုက်ဘဲ တရုတ်ပြည်ထဲ
မိမိသဘောအလိုင်း ဝင်ထွက်သွားလာ
နေပြီး အရောင်းအဝယ်လုပ်နေတာဟာ
မုန်းအာကိုသာမက တရုတ်ပြည်အတွင်း
ပိုင်းအထိဝင်ထွက်လုပ်နေတာ တစ်ကြိမ်
မက ရှိခဲ့ပါတယ်။ ဆရာဝန်ခမ်းဆိုင်
အနေနဲ့ နှစ်နိုင်ငံ လိုအပ်တဲ့ သတ်မှတ်
ချက်ကို ဖောက်ဖျက်နေရုံသာမက ဗမာ
ပြည်ကွန်မြူနစ်ပါတီရဲ့ အကြောင်းတွေ
ကို အစီအစဉ်ရှိရှာ လုပ်ဇာတ်ခင်းပြီး
မုန်းအာ ဆက်သွယ်ရေးတာဝန်ခံကိုပင်
သွားပြောတာတွေကို လုပ်လာခဲ့တယ်။
သူပြောဆိုနေတဲ့ စကားတွေဟာ သာမန်
စကားတွေ မဟုတ်ပါဘူး။ သူ ဘာတွေ
ပြောသလဲဆိုရင် ...

"ဗမာပြည်ကွန်မြူနစ်ပါတီဟာ
လူမျိုးကြီးဝါဒရှိတယ်။ သူတစ်ပါးကို
ဖိနှိပ်စာယ်။ ပစ္စည်းတွေလည်း ဖြတ်
တောက်တယ်။ ခဲယမ်းများ ခြောက်
သောင်းလောက်ပေးဖို့ တင်ပြရင် နှစ်
သောင်းလောက်ပဲ ပေးတယ်။ နှစ်ဖက်
သဘောတူညီချက်အရ အဝတ်အစား
လုံလောက်အောင် မပေးဘူး။ ဖဝှ
တပ်မှာက ရှမ်းပြည်တိုးတက်ရေးပါတီ
ရဲ့ နယ်မြေထဲ နေရာယူထားရလို့ သူတို့
မှာ အခက်အခဲတွေ့နေရတယ်။
ရှမ်းပြည်တိုးတက်ရေးပါတီ မာဂ်ခ်
ဝါဒ၊ လီနင်ဝါဒ မော်စီတုန်း အတွေး

www.burmeseclassic.com

www.burmeseclassic.com

[illegible]ရဲ့ တည်ဆောက်ထားတဲ့ ပါတီဖြစ်တယ်။ ဘယ်အမျိုးသားရဲ့ ခေါင်းဆောင်မှုကို အရင်ကလည်း မခံယူ၊ အခုလည်း မခံယူ၊ နောင်လည်း ခံယူမယ် မဟုတ်ပါ။ ပါတီကြီး သုံးခုဟာ ဘယ်သူကမှ ခေါင်းဆောင် မဟုတ်ဘူး။

အဲဒီလိုပြောခဲ့တယ်။

ဆရာဝန်ခမ်းဆိုင်ဟာ ဤမျှကြီးစေးတဲ့ ပြဿနာတွေကို မိမိပြည်တွင်းမှာ သာမက ပြည်ပကိုပါထွက်ပြီး ပြောတာ ဒေါ်ဟာ ကျွန်တော်တို့အနေနဲ့ သာမန် ပြဿနာလို့ ကြည့်လို့မဖြစ်ပါ။ သာမန် ဆေးတပ်သားတစ်ဦးအနေနဲ့ နှစ်ဦးနှစ်ဖက် ဆက်ဆံရေးအတွင်းရှိ ဤမျှကြီးစေးတဲ့ ပြဿနာတွေကို လျှောက်ပြောနေခြင်းဟာ သူ့ခေါင်းဆောင်အဖွဲ့က ခေသီဘဲပြောနေတာ ဟုတ်,မဟုတ်၊ ခေါင်းဆောင်မှုရဲ့ အာဘော် ဟုတ်, မဟုတ်ဆိုတာ မစဉ်းစားဘဲ မနေနိုင်ပါ။

ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ ခရီသည်ဖြစ်စေ ကျွန်တော်တို့ပါတီနဲ့ တရုတ်ကွန်မြူနစ်ပါတီအကြား သွေးစည်းညီညွတ်မှုဖျက်ပြားအောင် သွားပြီး လုပ်ကိုင်နေသလို ဖြစ်နေပါတယ်။

ဒါမျှသာမကပါ ဆရာဝန်ခမ်းဆိုင်ဟာ ကျွန်တော်တို့ပါတီ ဝင်မြောက်ခရိုင် လုံခြုံရေးဌာနက ကိုးကန့်သစ်ကေဒါတစ်ဦးကို ဒီလိုပြောပါတယ်။

"အရှေ့မြောက်တိုင်းစစ်ဒေသမှာ ဗမာ[illegible] ခေါင်းဆောင်၊ တရုတ်က တပ်မှူး၊ ဂျင်းဖောက မြို့နယ်မှူး၊ ဝက တပ်သား" တဲ့။

ဒီလိုပြောပုံပြောနည်းများကို ကျွန်တော်တို့ရဲ့မဟာမိတ်ဖြစ်တဲ့ ရှမ်းပြည်တိုးတက်ရေး ပါတီထဲက ဆရာဝန်ခမ်းဆိုင်နဲ့ မိတ်ဆွေတို့ပါတီထဲက ခေါင်းဆောင်အနည်းစုကပါ ပါဝင်ပြောဆိုနေတာ ကြားရတာများလာလို့ အထူးအဆန်းတော့ မဟုတ်တော့ပါ။

(ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟို ကိုယ်စား လှယ်အဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟို ကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးရာတွင် ရဲဘော်တိုက်အောင်ရဲ့ တင်ပြချက် ၂၈.၅.၁၉၇၉

www.burmeseclassic.com

www.burmeseclassic.com

မှ ကောက်နုတ်ဖော်ပြသည်)

အထက်ပါရဲဘော်တိုက်အောင်၏ တင်ပြချက်ထဲတွင် SSPP မှ ဗိုလ်မှူးနော်မိန်း၏ ပြောကြားချက်များကိုလည်း မှတ်သားတိုင်တန်းခဲ့လေသည်။

(၂) ၁၁.၅.၁၉၇၉ ရက်နေ့မှာ ဗိုလ်ရွှေဝါ၊ ဗိုလ်ဉာဏ်မောင်မဲတို့အား ဗိုလ်မှူးနော်မိန်းရဲ့ပြောပြချက်။

ကနေ့ ကျွန်တော်တို့ လက်နက်ကိုင်အမျိုးသားအသီးသီး ပေါ်ပေါက်လာတာဟာ ဘာလဲဆိုတာ ရှင်းပါတယ်။ သူတို့က ကျဉ်းမြောင်းတဲ့အမျိုးသားရေးလို့ ဆိုထားတယ်။ ဒါသာမက လူမျိုးကြီးဝါဒကို ဗမာလူမျိုးတွေ မကျင့်သုံးဘူးဆိုရင် ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒလည်း ပေါ်မလာနိုင်ဘူး။ ယနေ့ ကျွန်တော်တို့ ပါတီအနေနဲ့ကတော့ ဗမာပြည်ကွန်မြူနစ်ပါတီ အပေါ်မှာ ဦနောင်ပါတီလိုပဲ သဘောထားတယ်။ နိုင်ငံရေးအရ ဦးဆောင်မှုကို ခံယူပါတယ်။ ခေါင်းဆောင်မှုကိုတော့ မခံယူနိုင်ဘူး။ ကျွန်တော်တို့ အမျိုးသားတွေက လက်မခံနိုင်သေးတဲ့အတွက်ကြောင့် အမျိုးသားတော်လှန်ရေးကိုပဲ ဆင်နွှဲသွားမှာဖြစ်တယ်။

အကယ်၍ ကျွန်တော်တို့က ပြည်သူ့ဒီမိုကရေစီအာဏာရှင်စနစ်ကို ဆင်နွှဲသွားမယ်ဆိုရင် ပျမ်းပြန်ကျသွားမှာပဲ။ ကျွန်တော်တို့ပါတီကတော့ အမျိုးသားအသီးသီးပေါ်မှာ ဒီမိုကရေစီအပြည့်အဝ ပေးပါတယ်။ အကယ်၍ သူတို့က ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို ခံယူချင်တယ်ဆိုရင် ကျွန်တော်တို့ မတားပါဘူး။

မခံယူချင်ဘူးဆိုရင်လည်း နင်းကန်မခိုင်းပါဘူး။ ဒါကတော့ကျွန်တော်တို့ လက်တွေ့မှာပဲ ကြုံခဲ့ပြီးပြီ။ ဥက္ကဋ္ဌတာကလယ်တုန်းကလည်း ကျွန်တော်တို့ဆီ လာဆွေးနွေးပါတယ်။ ကျွန်တော်တို့နှစ်ပါတီဟာ တစ်ပါတီတည်း ပြန်တည်ဆောက်မယ်ဆိုပြီး လက်မှတ်ရေးထိုးခဲ့ပါတယ်။ နောက်ဆုံး ဗမာပြည်ကွန်မြူနစ်ပါတီနဲ့တွေ့တော့ ဗမာပြည်ကွန်မြူနစ်ပါတီက ဥက္ကဋ္ဌ တာကလယ်ကို ဖဲ့ထုတ်ပြီး စည်းရုံးလိုက်တဲ့အတွက် တာကလယ်လည်း ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုကို ခံယူလိုက်ပြီး ကျွန်တော်တို့နဲ့ရေးခဲ့ထားတဲ့ စာချုပ်ကို ဖျက်သိမ်းလိုက်တာ ဖြစ်တယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ လူမျိုးအသီးသီးပေါ်မှာ ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးနိုင်တယ်လို့ ဆိုထားတယ်။ လိနင်ရေးထားတဲ့ စာစောင်ထဲမှာဆိုရင် အမျိုးသားအသီးသီးပေါ်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝပေးထားပါတယ်။ အကယ်၍ သူတို့ဟာ မှစ်ဝါဒီပါတီအစစ်ဖြစ်မယ်ဆိုရင် ဗမာပြည်မှာရှိနေတဲ့ လူမျိုးအသီးသီးကိုလည်း ပေးနိုင်ရမှာပေါ့။ ဒါတွေကြည့်ခြင်းအားဖြင့် စဉ်းစားစရာဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ကတော့ သူတို့ချမှတ်ထားတဲ့ ပေါ်လစီအတိုင်း မှန်ကန်စွာ ဖြစ်သွားနိုင်ဖို့တော့ မျှော်လင့်ပါတယ်။ ဒီလိုမဖြစ်ဘဲ ဦးနှဲ့ ဗိုလ်နေဝင်းတို့ လုပ်တဲ့အတိုင်း ဖြစ်မယ်ဆိုရင် ကျွန်တော်တို့အမျိုးသားများဟာ နောက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ် ချောက်ထဲကျသွားမှာပဲ။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ခင်ဗျားတို့ ဝိုင်းဝန်းစဉ်းစားကြည့်ဦးပေါ့။

၇၅ သဘောတူညီချက်ကို အကောင်အထည်မဖော်တာ ဗမာပြည်ကွန်မြူနစ်ပါတီ ဖြစ်တယ်။ လက်နက်၊ ခဲယမ်းမီးကျောက်တွေ အပြည့်အစုံ မပေးတာ၊ ဒီမိုကရေစီအခွင့်အရေး မပေးတာ၊ အမျိုးသား လူနည်းစုရေးရာ ပေါ်လစီကို ပို့ချခဲ့စဉ်က အသံဖမ်းဖို့ ပါဘိုက ခွင့်မပြုခဲ့ဘူး။ ဒါဟာ သူတို့ မရိုးသားတာကို ဖော်ပြတာဖြစ်တယ်။

ပါတီက ဘာမဆို ပါးစပ်က ချည်းပြောတယ်။ သူတို့ကိုယ်တိုင် ဘာမှမလုပ်ဘူး။ နိုင်ငံရေးသင်တန်းတွေ ပို့ချတယ်။ သူများကို လက်တွေ့လုပ်ခိုင်းတယ်။ တစ်ချိန်က ရလဒ်ဖန်တီးတဲ့ ဗဟိုတစ်ခုတည်းဖြစ်ရေး သဘောတူခဲ့ပါတယ်။ ဒါပေမဲ့ ပါတီက ဖဲ့ထုတ်စည်းရုံးတယ်။ ရှမ်းနီအဖွဲ့ကိုလည်း ဒီလိုပဲ လုပ်တယ်။ ရလဒ်ဖဟာ ပါတီခေါင်းဆောင်မှုကို ခံယူထားတယ်။ တစ်နေ့ကျရင် ဗမာပြည်ကွန်မြူနစ်ပါတီအကြောင်းကို သိရမှာပေါ့။ ဒီအတိုင်းပဲ တခြားအဖွဲ့အစည်းတွေဟာလည်း ရှမ်းပြည်တိုးတက်ရေးပါတီနဲ့ ပထမ လာဆွေးနွေးဖို့လုပ်တာပဲ။ နောက်ကျတော့ ပါတီက ဒါကို ဖဲ့ထုတ်စည်းရုံးတာပဲ။

❖ ❖ ❖

အထက်ပါပြဿနာကို ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၉ ရက်နေ့အထိ ပန်ဆန်းတွင် ပြုလုပ်ခဲ့သည့် SSPP ဗဟိုကိုယ်စားလှယ်အဖွဲ့နှင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးပွဲတွင်လည်း ထပ်မံဆွေးနွေးကြသေးသည်။ ထိုအချိန်၌ SSPP ဘက်မှ ပြန်လည်၍ အလျှော့ပေးဆက်ဆံခဲ့သည်။ ထို့ကြောင့်လည်း ၁၉၈၂ ခုနှစ် အောက်တိုဘာလ အတွင်း ၄င်းပါတီ ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO၊ ကယန်းပြည်သစ်တော်လှန်ရေးကောင်စီ၊ ကရင်နီပြည်ရှိ လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး (ကလလတ) နှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ ၁၉၈၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့က တိုင်းပြည်ကို ထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်ကို SSPP

www.burmeseclassic.com

www.burmeseclassic.com

မှ ထောက်ခံခဲ့သည်။ ထို့ကြောင့်လည်း SSPP သည် ဗကပထံမှ လက်နက်ခဲယမ်းအချို့ တောင်းခံရခဲ့သည်။ တတ်နိုင်သလောက် ဆက်လက်ကူညီသွားပါမည်ဟုလည်း ဗကပမှ အာမခံလိုက်ရလေသည်။

ထိုအချိန်က SSPP ဗဟိုကိုယ်စားလှယ်အဖွဲ့တွင် ရဲဘော်စိုင်းလိတ် ခေါင်းဆောင်ပြီး ရဲဘော်လိန်မောင်း၊ နော်မိန်း၊ လိုင်ဖ၊ ဖိုးလုံ၊ ကောင်းအိုင်၊ ကော်မိန်းတို့ ပါဝင်၏။ ဗကပမှ ပေါလစ်ဗျူရို ရဲဘော်ကျော်မြ ခေါင်းဆောင်ပြီး ရဲဘော်တိုက်အောင်၊ ကြည်ပြိုင်၊ ရဲထွန်း၊ စိုးနိုင်၊ လွန်းအောင်၊ ချစ်ညွှန့်တို့ပါဝင်သော ဗဟိုကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီသည် သူ ကိုယ်တိုင်ပင် ပြည်ပအကူအညီများ စတင်ကန့်သတ်ခြင်းကို ခံနေရပြီဖြစ်ရာ SSPP အား လက်နက်ခဲယမ်း မက်လုံးပေးဆွဲဆောင်ထားရန် မလွယ်ကူတော့ပေ။ ထို့ကြောင့် ဆွေးနွေးပွဲတွင် ပေါလစ်ဗျူရိုရဲဘော်ကျော်မြက 'ကိုယ့်ဒူး ကိုယ်ချွန်' အကြောင်း ဖိတ်ပြောခဲ့သည်။ ပြည်ပမှ တောင်းရမ်း၍ မရတော့သည်ကိုလည်း မိမိတို့ကပင် မလိုချင်တော့၍ မယူတော့သဖြင့် လိမ်ညာခဲ့သည်။ ၂၈.၉.၈၂ ဆွေးနွေးပွဲတွင် စိုင်းလိတ်၏ အမေးကိုပြောကြားရင်း ဗကပ ပေါလစ်ဗျူရို ရဲဘော်မြက အောက်ပါအတိုင်း လိမ်ညာကာကွယ်ခဲ့သည်။

ရဲဘော်စိုင်းလိတ်။ ။ ရှမ်းပြည်တိုးတက်ရေးပါတီ တစ်ခုလုံးအနေနဲ့ ဆိုရင် အလယ်ပိုင်းဗျူရို၊ ဗဟိုခွဲနဲ့ ဆက်သွယ်တာဟာ ကောင်းပါတယ်။ နောက် ရုပ်ဝတ္ထုပစ္စည်းကိစ္စနဲ့ ပတ်သက်ပြီး ထပ်ပြီးဖြည့်စွက် တင်ပြလိုပါတယ်။ သုံးမျိုးသုံး ကျည်တစ်သိန်း၊ ကာဘိုင်ကျည် ၂ သောင်းဆိုတာရရင် အထူးဝမ်းသာပါတယ်။ နောက်ထပ် လော်လောဆယ် လိုအပ်နေတာတွေကို တောင်းဆိုချင်ပါတယ်။ ၅၇ ကျည်၊ ၆၀ မမတုံးသီး၊ ဘဇူကာကျည်၊ လက်ပစ်တုံး၊ နင်းမိုင်း၊ အမ် ၂၀ ကျည်တွေလည်း လိုအပ်နေပါတယ်။ ဒီတစ်ပတ်ပါတီက ကူညီပေးလိုက်တဲ့ ခဲယမ်းမီးကျောက်ဟာ တစ်နှစ်အတွက်လို့ ဆိုလိုပါသလား။ အကန့်အသတ်ကို ရှင်းရှင်းလင်းသိလိုပါတယ်။

ရဲဘော်ကျော်မြ။ ။ ရုပ်ဝတ္ထုပစ္စည်း ထောက်ပံ့မှုနဲ့ပတ်သက်လို့ ကိုယ်စားလှယ်စုံတဲ့အခါမှာ ပြောလိုပါတယ်။ ဘုံရန်သူကိုတိုက်ခိုက်ဖို့ မဟာမိတ်တွေကို တတ်နိုင်သမျှ ကူညီမယ်ဆိုတဲ့ သဘောထားရှိပါတယ်။ ပါတီအနေနဲ့ တတ်နိုင်တဲ့အနေအထားမှာ အလုံးအရင်းနဲ့ ကူညီခဲ့ဖူးတာလည်း ရှိပါတယ်။ အရင်က လက်နက်ငယ်နှစ်ထောင်လည်း ပေးခဲ့ပြီးတာလည်း ရှိပါတယ်။ ဒီနေ့ လက်ရှိအခြေအနေမှာဆိုရင် ကျွန်တော်တို့မှာ အခက်အခဲတွေ ရှိပါတယ်။ အရင်က ကျွန်တော်တို့ပါတီအနေနဲ့ နိုင်ငံတကာ အကူအညီကို တစ်ဖက်သတ်အားကိုးပြီး ကိုယ့်ဒူး ကိုယ်ချွန်ကိစ္စမှာ အားနည်းချက်ရှိခဲ့ပါတယ်။ နိုင်ငံတကာအကူအညီကိုပဲ

www.burmeseclassic.com

www.burmeseclassic.com

အားကိုးနေတော့ ကျွန်တော်တို့မှာ ပြည်သူလူထုကို အားကိုးတဲ့အပိုင်းမှာ အားနည်းနေတယ်။ ဒါကြောင့် ကျွန်တော်တို့ တရုတ်ပြည်အကူအညီကို လုံးဝမယူတော့ဘူးဆိုတာ ၈၀ ခုနှစ် တုန်းက ဆုံးဖြတ်ခဲ့တာ ရှိပါတယ်။ ကိုယ့်အားကိုယ်ကိုးမူကို ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။

ဤသို့ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီသည် လျှော့နည်းသွားသော သူတစ်ပါးပေးစာကမ်းစာ လက်နက်ခဲယမ်းမီးကျောက်များကို ဖဲ့ပေးခြင်းနည်းဖြင့် ရုပ်ဝတ္ထုအရ တည်ဆောက်ထားသော တပ်ပေါင်းစုများကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ညီညွတ်ရေးတပ်ပေါင်းစု အဖွဲ့အစည်းဖွဲ့စည်းခြင်းကို လိမ္မာပါးနပ်စွာ ရှောင်တိမ်းရင်း သြဇာခံမဟာမိတ်များကို ခေါင်းဆောင်နေရာမှ ၄င်း၏ မဟာမိတ် အဖွဲ့အစည်းများသည် သူတို့ဘာသာ အဖွဲ့အစည်းဖွဲ့ခြင်းများကို ပြုလုပ်လာခဲ့ကြသည်။

၁၉၈၄ ခုနှစ် ဒုဥက္ကဋ္ဌ ရဲဘော်ခင်မောင်ကြီးသည် အလယ်ပိုင်းဗျူရိုကို ဦးစီးရင်း SSA(ရှမ်းပြည်တပ်မတော်၊ ရှမ်းပြည်တိုးတက်ရေးပါတီတပ်)ဌာနချုပ်နှင့်ပူးတွဲ၍ လွယ်ခေးကြော၌နေထိုင်နေခဲ့သည်။ ထိုအချိန်တွင် SSPP ခေါင်းဆောင်တစ်ဦးဖြစ်သော ဆေးထင်မှ ဆွေးနွေးခဲ့သည်။ တောင်ပိုင်း(မြန်မာပြည်တောင်ပိုင်း၊ ယိုးဒယား၊ မြန်မာနယ်စပ်ကိုဆိုလိုသည်)မှာ မဒတ(အမျိုးသားဒီမိုကရေစီတပ်ဦး)ဖွဲ့စည်း၍ ကွန်ဂရက်ကျင်းပခဲ့ပြီး ၄င်းမဒတအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသတင်းထောက်များနှင့်အတူ ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုနှင့် တွေ့ဆုံဆွေးနွေးလိုသည်။ ဖည်သို့သဘောရပါသလဲဟု မေးခဲ့သည်။ ရဲဘော်ခင်မောင်ကြီးသည် ကြေးနန်းစက်မှ ဗဟိုနှင့် ညှိနှိုင်းကာ သဘောတူခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ကွယ်ဝှက်ထားစရာ မည်သည့်ကိစ္စမှ မရှိသဖြင့် ကြိုက်ရာ နိုင်ငံခြားသတင်းထောက်ကို ခေါ်လာခဲ့ပါရန် အကြောင်းပြန်ခဲ့သည်။ တကယ်လည်း ဗကပဗဟိုခေါင်းဆောင်များသည် ဝမ်းသာနေခဲ့ကြရသည်။

မိမိတို့အကြောင်းကို ကမ္ဘာကို ကြော်ငြာလိုလှသည်။ အခွင့်အရေး မရခဲ့ကြ။ ယခုကဲ့သို့ နိုင်ငံခြားသတင်းထောက်များလာလျှင် ဖုံးသင့်တာတွေ ဖုံးဖိထားပြီး မြန်မာပြည်တွင် ဗကပ တည်ရှိကြောင်း ကမ္ဘာကို ကြေညာရမည်။ ထို့ကြောင့်လည်း နောက်ပိုင်းတွင် ဘာတီးလ်လင့်တနာကို အထူးဧည့်ခံကြိုဆိုခဲ့ကြခြင်း ဖြစ်သည်။

၁၉၈၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် မဒတအဖွဲ့သည် တောင်ပိုင်းမှ တက်လာခဲ့ပေသည်။ ရလလဖဒေသ တောင်တန်းတွင် သံလွင်မြစ် ဖြတ်ကူးချိန် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခဲ့၍ မဒတကွန်ဂရက် ဓာတ်ပုံများကိုပင် တပ်မတော်မှ သိမ်းဆည်းရရှိသွားခဲ့သည်။ ၄င်းမှ ဆက်လက်ထွက်ခွာခဲ့ရာ SSA နယ်မြေ လွယ်ဆေးကြောမှာ

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်နှင့် ထပ်မံထိတွေ့မှု ဖြစ်သည်။ ထိုမှတစ်ဆင့် KIA နယ်မြေကို အရောက်သွားကာ နောက်ဆုံး KIA ဗဟိုဌာနချုပ်အခြေပြုရာ ပါဂျိုသို့ ရောက်ရှိခဲ့ကြသည်။ ၄င်းတွင် မဒတအစည်းအဝေးထိုင်ပြီး KIO ဥက္ကဋ္ဌ ဘရန်ဆိုင်းအား ဥက္ကဋ္ဌ တင်ခဲ့ကြသည်။ မဒတအားလည်း မြောက်ခြမ်းဦးစီးအဖွဲ့နှင့် တောင်ခြမ်းဦးစီးအဖွဲ့ဟူ၍ နှစ်ပိုင်းခွဲခဲ့သည်။ တောင်ခြမ်းဦးစီးအဖွဲ့တွင် ကရင်နီမှ စောမော်ရယ် ဥက္ကဋ္ဌဖြစ်ပြီး၊ မြောက်ပိုင်းဦးစီးအဖွဲ့တွင် KIO မှ ဘရန်ဆိုင်း ဥက္ကဋ္ဌ လုပ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် KIO, SSPP, PSLO(ပလောင်ပြည်သူ့လွတ်မြောက်ရေးအဖွဲ့)၊ WNO (ဝအမျိုးသားအဖွဲ့ချုပ်)၊ မွန်ပြည်သစ်ပါတီ၊ ပအိုဖြူအဖွဲ့၊ ကရင်နီအဖွဲ့၊ KNU၊ ရခိုင်အဖွဲ့စသဖြင့် အဖွဲ့အစားလုံး ၉ ခုမှ ကိုယ်စားလှယ်များပါဝင်သော မဒတအဖွဲ့သည် ဗဟပဗဟိုသို့ ချီတက်ခဲ့ကြသည်။

မဒတဥက္ကဋ္ဌ ဘရန်ဆိုင်းနှင့် ဇနီးသည် ပန်ဆန်းဗဟိုသို့ တစ်ဖက် နိုင်ငံလမ်းကြောင်းမှ လာခဲ့ကြသည်။ ကျန်ကိုယ်စားလှယ်အဖွဲ့ကမူ တစ်ဖက် နိုင်ငံလမ်းကြောင်းမှနေ၍ ဗဟပခမြာက်ပိုင်းဗျူရိုသို့ အရင်ဝင်ခဲ့ကြသည်။ မြောက်ပိုင်းဗျူရို ဌာနချုပ်မှ ကြိုဆိုစည်ခံပွဲများ ပြုလုပ်ကြိုဆိုခဲ့ကြသည်။ ၄င်းကမှတစ်ဆင့် နယ်စပ်ကြောအတိုင်း မြန်မာပြည်လမ်းမှ ပန်ဆန်းဗဟိုသို့ ခြေလျင်ခရီးဖြင့် ချီတက်ခဲ့ကြလေသည်။ ထို့ကြောင့် မဒတကိုယ်စားလှယ်အဖွဲ့သည် ပန်ဆန်းသို့ ၁၉၈၆ ခုနှစ် ဇွန်လ နောက်ပိုင်း ရောက်ရှိသွားကြလေသည်။ မဒတအဖွဲ့သည် ယိုးဒယား-မြန်မာ နယ်စပ်မှ လာခဲ့စဉ်ပင် အရှေ့ဖျားစီးပွားရေးဂျာနယ်မှ သတင်းထောက် ဘာတီးလင်္ဂတနာနှင့် KIO ဗဟိုဌာနချုပ်၌ ဆုံစည်းကြရန် ချိန်းဆိုခဲ့ကြသည်။ သို့ရာတွင် ဘာတီးလင်္ဂတနာသည် အချိန်မီမရောက်သဖြင့် မဒတအဖွဲ့လည်း စောင့်မနေကြတော့ပေ။ ဘာတီးလင်္ဂတနာသည် နောက်ပိုင်းမှ ၄င်းလမ်းကြောင်းအတိုင်း ပန်ဆန်းဗဟိုသို့ လိုက်ခဲ့ရသည်။

မဒတနှင့် ဗဟပဗဟို ဆွေးနွေးပွဲကို မမီတော့သော်လည်း လင်္ဂတနာသည် မြောက်ပိုင်းဗျူရိုတွင် စီစီဝမ်တာပန်တိုက်ပွဲကြီးကို ကြည့်လိုက်ရသည်။ ကိုးကန့် ဝဒေသများကို ဖြတ်သန်းသွားရှုးလိုက်သည်။ ပန်ဆန်းဗဟိုတွင် သခင်ဗသိန်းတင်နှင့် တွေ့ဆုံဆွေးနွေးလိုက်ရသည်။ သူအတွက်ကား အတွေ့အကြုံများကိုသတင်းရေးခြင်း၊ ဆောင်းပါးရေးခြင်း၊ စာအုပ်ထုတ်ဝေခြင်းများ ပြုလုပ်မည်ဖြစ်၍ စီးပွားရေးအရ အလွန်တွက်ခြေကိုက်သွားလေသည်။ သခင်ဗသိန်းတင်အဖို့လည်း သူ့ကိုယ်သူ မော်စီတုန်း၊ ဘာတီးလ်လင်္ဂတနာကို အဂ္ဂါစနိုးအလား အထင်ရောက်သွားသည်။

မဒတအဖွဲ့သည် ပန်ဆန်းသို့ ရောက်လာသောအခါ ပြည်သူ့အသံ အသံလွှင့်ဌာန အဆောက်အအုံများတွင် ဖြန့်ခွဲနေထိုင်ခဲ့ကြသည်။ ပြည်သူ့အသံ၊

www.burmeseclassic.com

www.burmeseclassic.com

အသံလွှင့်ဌာန၊ အသံလွှင့်ထုတ်ဆေရာ ညောင်ညှိပင်စခန်းတွင် SSAနှင့်အတူ မဒတ လုံခြုံရေးကင်းတပ်ဖွဲ့အဖြစ် လိုက်ပါလာသော KIA တပ်ဖွဲ့တစ်ဖွဲ့ စခန်းချသည်။ ပြည်သူ့အသံ၊ အသံလွှင့်ဌာန၊ အသံသွင်းရာဆေရာ ညောင်ညှိပင်စခန်းအဆောက်အအုံ (နောင်အခါ ဗကပဗဟို စစ်ဦးစီးဌာနနှင့် ဝါဒဖြန့်ချိရေးဌာန ပူးပေါင်းရုံးဖွဲ့ခဲ့ရာဆေရာ) တွင် မဒတခေါင်းဆောင် ကိုယ်စားလှယ်များအား ဆေရာချထားခဲ့လေသည်။ မဒတခေါင်းဆောင်များ နေထိုင်စားသောက်ရေးအတွက် ဗကပမှ လိုလေသေးမရှိ တာဝန်ယူပြုစုခဲ့ကြသည်။ မနက်၊ ဆေ့၊ ည ထမင်းအပြင် အရက်၊ ဆေးလိပ်၊ အချိုရည် စသည်တို့ဖြစ်၏။

တစ်ချိန်တည်းတွင် တစ်ဖက်နိုင်ငံမှ အရှေ့တောင်အာရှ နိုင်ငံခြားဆက်ဆံရေးဌာန၊ ဒုဌာနကြီးမှူး ကိုမောင်မောင် (ခ) လင်ရှင့် ဦးစီးသော ဗီဒီယိုမှတ်တမ်းတင်အဖွဲ့သည် မဒတအဖွဲ့ မရောက်မီ ၃၊ ၄ ရက်ခန့်အလိုတွင် ပန်ဆန်းဗဟိုသို့ ကြိုတင်ရောက်ရှိခဲ့လေသည်။ သူသည် ဘာတီးလ်လင့်တနာထက် ပို၍လက်ဦးသွားခဲ့သည်။ မဒတနှင့် ဗကပဆွေးနွေးပွဲအား တက်ရောက်နားထောင်ပြီး မှတ်တမ်းတင်ဗီဒီယိုကိုလည်း ရိုက်ကူးသွားနိုင်ခဲ့သည်။ ဆွေးနွေးပွဲမစမီတစ်ရက်က သခင်ဗသိန်းတင်မှနေ၍ ဘရန်ဆိုင်း ဦးစီး မဒတအဖွဲ့အား ထမင်းစားပွဲ ပြုလုပ်စည်းခဲ့သည်။ ဆွေးနွေးပွဲထိုင်သည့်အခါ နိုင်ငံရေးနှင့် စစ်ရေး နှစ်ပိုင်းခွဲ၍ ဆွေးနွေးကြသည်။

နိုင်ငံရေးဆွေးနွေးပွဲတွင် ဗကပမှ အတွင်းရေးမှူးများနှင့်အဖွဲ့ အတွင်းရေးမှူး ရဲဘော်ခင်မောင်ကြီးနှင့် မဒတဥက္ကဋ္ဌ ဘရန်ဆိုင်းတို့ ဦးစီးကာ အခြားအဖွဲ့များမှ ဗဟိုကော်မတီများ ပါဝင်ကြသည်။ စစ်ရေးဆွေးနွေးပွဲတွင် ဗကပဘက်မှ ဗဟိုစစ်ကော်မရှင် အတွင်းရေးမှူး ရဲဘော် တင်ရီ၊ အရှေ့မြောက်ပိုင်းစစ်ဒေသတပ်မှူး ရဲဘော်ဇော်မိုင်၊ ဗဟို

www.burmeseclassic.com

စစ်ဦးစီးဌာနမှ ဗိုလ်ကျော်ဇောတို့ ပါဝင်ကာ မဒတဘက်မှ **KIA** တူးဂျိုင်၊ **SSA** ဆေးထင်တို့ ဦးစီးသော အခြားအဖွဲ့များမှ စစ်ရေးကေဒါများ ပါဝင်ကြသည်။ နိုင်ငံရေး ဆွေးနွေးပွဲများတွင် မဒတဘက်မှ မေးသော မေးခွန်းများကို ဗကပ ပေါ်လစ်ဗျူရို အဖွဲ့များက သူ့ကဏ္ဍနှင့်အတူ တာဝန်ယူပြီး ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံရေးဆွေးနွေးပွဲတွင် ပအို့ဖြူ၊ ပအိုနီ ကွဲခဲ့ရခြင်း ပြဿနာတက်ခဲ့ရသည်။ ပအို့ဖြူအဖွဲ့က ဤသို့ကွဲရခြင်းမှာ ဗကပကြောင့်ဖြစ်သည်ဟု စွပ်စွဲဆွေးနွေးသွားလေသည်။ ပအို့နယ်မြေ သတ်မှတ်ခြင်း ပြဿနာများကိုလည်း ဆွေးနွေးခဲ့သည်။

ပလောင်အဖွဲ့မှလည်း နယ်မြေပြဿနာများကို ဆွေးနွေးခဲ့သည်။ သူ့နယ်မြေသည် **KIA** နှင့် ဗကပကြားညှပ်နေ၍ ဖြေရှင်းရန် ခက်ခဲနေခဲ့သည်။ ဤသို့ဖြင့် မဝိုင်းသေးသောမြေနေရာများကို စားပွဲပေါ်တင်၍ ခွဲစိတ်ယူငင်ရေး ဆွေးနွေးပွဲကြီး ဖြစ်သွားခဲ့သည်။ နိုင်ငံရေးဆွေးနွေးပွဲတွင် အဓိကအကျဆုံး ပြဿနာကား ဗကပမှ အကြွင်းမဲ့နှင့် တိုက်ရိုက်ခေါင်းဆောင်မှုကို ယူလိုခြင်းကို ဝိုင်းဝန်းတိုက်ခိုက်ကြခြင်း ဖြစ်သည်။ နောက်ဆုံး၌ ဗကပခေါင်းဆောင်များသည် ဤတပ်ပေါင်းစုပေါ်လစီအား အလျှော့ပေးလိုက်ရတော့သည်။ တန်းတူရေး၊ သွေးစည်းရေး၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ပေါ်လစီမှနေ၍ မဟာမိတ်အဖွဲ့အစည်းများနှင့် တန်းတူရည်တူ ဆက်ဆံပါမည်ဟု ဖွင့်ဟပြောကြားလိုက်သည်။ မလိမ့်တပတ်နှင့် ခေါင်းဆောင်မှုနေရာကို ယူထား၍မရခဲ့ပေ။ ထို့ကြောင့် သခင်ဗသိန်းတင်ပင်လျှင် တခြားမဟာမိတ်အဖွဲ့များမှ မည်သည့် ဥက္ကဋ္ဌနှင့်မဆို မည်မျှသေးငယ်သော အဖွဲ့အစည်းဥက္ကဋ္ဌဖြစ်ပါစေ တန်းတူရည်တူ ဆက်ဆံ၍ရပါကြောင်း သိမ်ငယ်စွာ ပြောကြားခဲ့ရတော့သည်။

ဗကပ ကိုယ်ပိုင်အုပ်ချုပ်ရေးဟူသော ပေါ်လစီကို တိုက်ခိုက်လိုသဖြင့် မဒတအဖွဲ့သည် နိုင်ငံတော်အာဏာကို သိမ်းပိုက်ပြီးပါက မြန်မာနိုင်ငံအား မည်ကဲ့သို့သော ဖွဲ့စည်းပုံနှင့် တိုင်းပြည်အုပ်ချုပ်ပါမည်နည်းဟု မေးမြန်းခဲ့ကြသည်။ ပြည်ထောင်စု ပုံစံနှင့်လော ကိုယ်ပိုင်အုပ်ချုပ်ရေးပုံစံနှင့်လော ရှင်းလင်းစွာ သိလိုသည်ဆို၏။ ဗကပ ပေါ်လစ်ဗျူရိုခေါင်းဆောင်များအဖို့ လူပါး ပုလင်းထိခြင်း ဖြစ်တော့သည်။ ပြည်ထောင်စုပုံစံနှင့်ပါဟု ဖြေဆိုလျှင်လည်း မည်ကဲ့သို့သော ပြည်ထောင်စုပါနည်းဟူသော မေးခွန်းထပ်တက်လာမည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုလျှင်လည်း **SSPP**လို သီးခြားရှင်းပြခဲ့သလို လွယ်လင့်တကူ ရှင်းပြရမည်မဟုတ်။ ယခု မဒတမှာ လက်ျာအင်အားစုများ နောက်ခံနှင့် တည်ဆောက်ထားသည် ဖြစ်ရာ အကော်အကတ်များနှင့် ကြုံတွေ့ရတော့မည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ဗဟိုအစိုးရ ဆက်ဆံပုံများကို မီးခိုးမဆုံး မိုးမဆုံး ရှင်းပြရတော့မည်။ ထိုမေးခွန်းကို ဝေ့လည်ကြောင်ပတ်ဖြေ

www.burmeseclassic.com

www.burmeseclassic.com

ဆိုရန် ဗကပ ပေါလစ်ဗျူရို ရဲဘော်ထွန်းက တာဝန်ကျခဲ့သည်။

ရဲဘော်ထွန်းက "အိမ်ဟောင်းကြီးမဖျက်ခင် အိမ်သစ်ပုံစံဆွဲဖို့ မငြင်းကြပါနဲ့ဦး။ အိမ်ဟောင်းကြီးကိုသာ အရင်ဝိုင်းဖျက်ရအောင်" ဟု အာဏာမရသေးသော ကိုယ့်ဘဝကို သတိရကြရန် သတိပေးသည့်နည်းဖြင့် ဖြေကြားခဲ့သည်။ သို့ရာတွင် ဤသို့ဖြေကြားလိုက်ခြင်းဖြင့် ဗကပသည် နိုင်ငံတော်အာဏာကိုသိမ်းပိုက်ပြီးပါက မည်ကဲ့သို့သော ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် အုပ်ချုပ်မည်ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ပင် ရေရေရာရာ တိတိကျကျ မရေးဆွဲတင်နိုင်ကြောင်း ထင်ရှားပေါ်လွင်သွားတော့သည်။ အကူအညီ ကင်းမဲ့သွားသော ဗကပသည် နိုင်ငံတော်အာဏာကို သိမ်းပိုက်၍ မျော်လင့်ချက်ကင်းမဲ့နေရာမှ မတော်တဆ သိမ်းပိုက်နိုင်ပါကလည်း နိုင်ငံတော်ကို အုပ်ချုပ်ရန် စီမံကိန်း မရှိ၊ စဉ်းစားထားချက် မရှိ၊ အဆင်သင့်အချင်း မရှိဟူသော အဓိပ္ပာယ်သက်ရောက်သွားခဲ့သည်။

တို့ကြောင့် ဤဖြေကြားချက်သည် မဒတ ကိုယ်စားလှယ်များအတွင်း သာမက ဗကပပါတီအတွင်း တပ်တွင်း ၌ပါ ဂယက်ရိုက်ခတ်သွားပြီး ဗကပ ဗဟိုအား မျော်လင့်အားထားမှုများ လျော့ပါးသွားခဲ့ရလေသည်။

နိုင်ငံရေးဆွေးနွေးပွဲ ပြီးသောအခါ စစ်ရေးကို ဆွေးနွေးခဲ့ကြလေသည်။ နှစ်ဖက်စလုံးမှ စစ်ရေးသုံးသပ်ချက်များကို အပြန်အလှန် တင်ပြဆွေးနွေးခဲ့ကြသည်။

တို့နောက် စစ်ရေးဆွေးနွေးပွဲတွင် သဘောတူညီချက် ၉ ချက်ကို အတည်ပြုခဲ့ကြသည်။ ၄င်းတို့မှာ ဒေသဆိုင်ရာ ပူးတွဲစစ်ဆင်ရေးများလုပ်ရန် (ဤနေရာတွင် မဒတဘက်မှ အမြင့်ဆုံးစစ်ဆင်ရေးအာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ဖြစ်သည့် ပူးတွဲစစ်ကော်မရှင်၊ ပူးတွဲစစ်ဦးစီးမှူးဖွဲ့၍ တင်ပြခဲ့သော်လည်း ဗကပမှ သဘောမတူခဲ့။ ဤမှုကြီးကျယ်ခမ်းနားရန် အခြေအနေ ဖြစ်ပေါ်တိုးတက်မှုမရှိကြောင်း သဘောပေါက်ရန် ဖြစ်သည်။)

ဂဝ်ဦးဒေသကို တစ်ဦးက နယ်မြေဖြတ်သန်းသွားလာခွင့်ပြုရန်၊ တစ်ဦးကို တပ်မတော်က ထိုးစစ်ဆင်လာပါက ကျန်တစ်ဦးက ဟန်ချက်ညီစွာ လှုပ်ရှားပေးရန်၊ တစ်ဦးဒေသမှာ ထိုးစစ်ဝင်လာပါက တစ်ဦးဒေသထဲ ဝင်ရောက်ရှောင်တိမ်းခွင့်ပြုရန်၊ တစ်ဦးနှင့်တစ်ဦး ကြေးနန်းဆက်သွယ်မှုထားရှိရန် စသဖြင့် ညှိနှိုင်းသဘောတူညီခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့နောက် သခင်ဗသိန်းတင်က မဒတဂိုယ်စားလှယ်များအား နှုတ်ဆက်ညစာ တည်ခင်းဧည့်ခံပြီး ခွက်မှောက် အရက်သောက်ကြခြင်းဖြင့် ဗကပနှင့် မဒတ ဆွေးနွေးပွဲကြီး ပြီးဆုံးသွားလေသည်။

ဆွေးနွေးပွဲကျင်းပနေစဉ်ကာလ တစ်လျှောက်လုံး ပန်ဆန်းရှိ အရှေ့မြောက်ပိုင်းစစ်ဒေသ ဌာနချုပ်မှလည်းကောင်း၊ အလယ်ပိုင်းဗျူရို နောက်တန်း ဌာနချုပ်မှလည်းကောင်း မဒတ ကိုယ်စားလှယ်အဖွဲ့ကြီးအား အလှည့်ကျ ဖိတ်ခေါ်ကာ ထမင်းစားပွဲများ ကျင်းပပေးခဲ့ကြသည်။ မဒတအဖွဲ့ ရောက်ရှိလာကာစကလည်း အရှေ့မြောက်ပိုင်းစစ်ဒေသဦးစီးဌာနက ဦးစီးကာ အမြောက်တပ်ရင်းမှ အမြောက်များ ပစ်ပြခြင်း၊ စစ်သင်တန်းကျောင်းမှ စစ်ရေးပြအခမ်းအနားများကို ပြသခြင်းဖြင့် အထင်ကြီးလာစေရန် ကြွေးဝေခဲ့ကြသည်။ မဒတအဖွဲ့ရောက်ရှိလာချိန်နှင့် အရှေ့မြောက်ပိုင်းစစ်ဒေသ စစ်ဦးစီးဌာနမှ တပ်စု၊ တပ်ခွဲအဆင့် စစ်ရေးသင်တန်းကျောင်း ဖွင့်လှစ်ချိန် ကြုံကြိုက်နေ၍ ဖြစ်သည်။

ဤသည်မှာလည်း ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလတွင် အရှေ့မြောက်စစ်ဒေသ တပ်မှူးများ ညီလာခံကျင်းပကာ ၁၉၈၉ ခုနှစ် ကွန်ဂရက်စိတ်ဓာတ်အရ စစ်ကျောင်းများဖွင့်မည်ဟု ဆုံးဖြတ်ခဲ့၍ ဖြစ်သည်။ အကယ်၍ မဒတအဖွဲ့သည် သည်ထက်စောလျှင် ရောက်ရှိလာပါက မည်သည့် စစ်ကျောင်းမှ မြင်ရမည်မဟုတ်ပေ။ ဗကပ၏ သူခိုးပြေးမှ ထိုးကွင်းထနေသောအချိန်ကို မီလိုက်၍ မြင်တွေ့ခြင်း ဖြစ်သည်။

ဤသို့ဖြင့် မဒတနှင့် ဗကပ တွေ့ဆုံဆွေးနွေးပွဲ ပြီးဆုံးသောအခါ ကိုယ်စားလှယ်အသီးသီးလည်း မိမိတို့ သက်ဆိုင်ရာဒေသများကို လမ်းကြောင်းအသီးသီးမှ ပြန်ခဲ့ကြတော့သည်။ မည်သို့ပင်ဖြစ်စေ ဗကပတို့သည် ဤမဒတနှင့် ဆွေးနွေးပွဲအပေါ် မျှော်လင့်ကြီးစွာ ထားခဲ့သည်။ မဒတတွင် ပါဝင်နေသော KNU နှင့် ဆက်ဆံမှုကောင်းလာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ယခင်က "အစိုးရနဲ့ ဗကပ၊ ဗမာမည်းနှင့် ဗမာနီ အတူတူပဲ။ ရန်သူတွေချည်းပဲ" ဟု ကြွေးကြော်နေသော KNU အား KIO ဥက္ကဋ္ဌ ဘရန်ဆိုင်းမှတစ်ဆင့် အောင်သွယ်ပေးနိုင်လိမ့်မည်ဟု အထင်ရှိခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီအဖို့ အခြေအနေ ယိုင်နဲ့နေစဉ် ရေနှစ်သူကဲ့သို့ မြင်မြင်ရာကို အားကိုးတကြီး ဆွဲဖက်တွယ်လိုစိတ်သာ ပြင်းပြနေခဲ့သည်။ ကောက်ရိုးတစ်မျှင်ဖြစ်စေ လှမ်းဆွဲရန် ပြင်နေသည်။

၁၉၈၇ ခုနှစ်တွင်လည်း မဒတအဖွဲ့မှတစ်ဆင့် ပေးပို့ပေးသော ပြည်ပြေး တင်မောင်ဝင်းတို့၏ အစိုးရထံ ကမ်းလှမ်းတောင်းဆိုချက် ကက်ဆက်ခွေ၌လည်းကောင်း စိတ်ဝင်စားမှု ရှိခဲ့သည်။ ၄င်းတောင်းဆိုချက်တွင်ပါသော တွေ့ဆုံဆွေးနွေးပွဲကိစ္စ၊ ကြားဖြတ် အစိုးရဖွဲ့စည်းရေး ကိစ္စတို့အပေါ် သွားရည်ကျခဲ့ သည်။ ထို့ကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com

ဇာတပဇဟိုသည် နောက်ဝိုင်းတွင် ထာဃီအစိုးရ ဖွဲ့စည်းရေးကို ကျယ်ကျယ်လောင်လောင် ကြွေးကြော်လာခဲ့ခြင်း ဖြစ်သည်။

"အခုဟာက လက်ျာအုပ်စုတွေကတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုရင် ဇာတပကို ဘေးဖယ်ထားလို့မရဘူးလို့ ပြောထားပြီးပြီဗျ"

ဟု ပေါလစ်ဗျူရိုရဲဘော်တင်ရီက စမ်းခေါင်းသံကြီးနှင့် ပြောလာသည်။

"အရ စောမော်ရယ်တို့က တွန်တော်တို့ တင့်စေချင်တဲ့ လိုင်းတင် နေပြီ"

ဟု စောမော်ရယ်ကိုပင် သူမွေး ထားသည့် လူအလား ဆက်ပြောခဲ့သေးသည်။ တပ်ပေါင်းစု မဟာမိတ်များနှင့် ဆက်ဆံရာတွင် အမြဲတမ်း ထိုင်းကို အဆက်ဖြတ်ပါဟု ပြောလေ့ရှိသော ဇကပသည် သူကိုယ်တိုင် တွယ်ရာမဲ့လာသောအခါ ထိုင်း-မြန်မာ နယ်စပ်ကို လှမ်း၍ မျော်လင့်အားကိုးသော မျက်လုံးကြီးများဖြင့် ကြည့်ရှု နေခဲ့သည်။ လက်ယာအုပ်စုများ၏ ဆွေးနွေးပွဲများတွင် မိမိတို့ ကုလား ထိုင်တစ်နေရာ ပေးလိုစိတ် ရှိ၊ မရှိ လှမ်း၍အကဲခတ်နေခဲ့သည်။

ဇကပသည် မဒတကိုလည်း ကောင်း၊ မဒတမှတစ်ဆင့် အောင်သွယ် လုပ်၍ ရကောင်းရမည့် ထိုင်း-မြန်မာ နယ်စပ်မှ လက်ျာအုပ်စုများကိုလည်း ကောင်း အားကိုးလိုခဲ့သည်။ သို့ရာတွင် မဒတသည် သူကိုယ်တိုင် ဖွဲ့စည်း တည်ဆောက်ထားသော မဟာမိတ်အဖွဲ့ အစည်းမဟုတ်သဖြင့် ဇကပအား သံယောဇဉ်စိတ်ကလေးပင် မရှိခဲ့ချေ။

တစ်လျှောက်လုံး လက်နက် ခဲယမ်း ပေးကမ်းစွန့်ကြဲပြီး စည်းရုံးထား သော KIO ဥက္ကဋ္ဌ ဘရန်ဆိုင်းသည် ပင်လျှင် ၁၉၈၇ ခုနှစ်မှ နိုင်ငံခြားခရီး လှည့်လည်စဉ် နိုင်ငံခြားသတင်းထောက် များအား ဇကပသည် အခြားအဖွဲ့အစည်း များနှင့်သာ ပူးတွဲခဲ့ခြင်းဖြစ်ကြောင်း မိမိတို့နှင့် ဘာမှမသက်ဆိုင်ကြောင်း ရှင်းပြပြီး ငြင်းဆန်ခဲ့လေသည်။

မြို့ပြမှ တောခိုလာသူများနှင့် တောခိုကျောင်းသားများက "ပါတီရဲ့ တပ်ပေါင်းစုဆိုတာတွေဟာ ဆီပေးမှ ဆေးရတာပါ။ ရုပ်ဝတ္ထုနဲ့ တည်ဆောက် ထားတာပါ" ဟု ပြောလျှင် ဇဟို ခေါင်းဆောင်များက မခံမရပ်နိုင်ဖြစ် ကြသည်။ အမှန်မှာ တပ်ပေါင်းစုသာမက ဇမာပြည်သူ့နှင့်မြူနစ်ပါတီသည်လည်း ကောင်း၊ တပ်များသည်လည်းကောင်း နိုင်ငံခြားလုပ် ရုပ်ဝတ္ထုများဖြင့်သာ ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း လက်တွေ့ဖြစ်ရပ်များက ဖော်ထုတ်ပြသ ခဲ့ပြီး ဖြစ်လေသည်။

အထက်ဖော်ပြပါ အကြောင်း အရာများမှာ တောခိုကျောင်းသား ဟောင်းများ ရေးသားခဲ့သည့် "ထို့ကြောင့် ဤသို့" စာအုပ်မှ ကောက်နုတ် ဖော်ပြခြင်း ဖြစ်ပါသည်ခင်ဗျား။

သောင်းဝေဦး

ရှေ့လဆက်ဖတ်ပါ

www.burmeseclassic.com

www.burmeseclassic.com

လေးစားစွာဖိတ်ခေါ်အပ်ပါသည်

မြန်မာနိုင်ငံ ဒေသအသီးသီးမှ စာပေရေးသားခြင်း ပါသနာပါသူများခင်ဗျာ . . .။

ဗိဓိတို့ ဒေသအသီးသီးရှိ ဗုဒ္ဓဂုဏ်တော်မြတ်၏ သာသနာ့အမွေ သာသနိကအဆောက်အအုံများ၊ တန်ခိုးကြီးဘုရားများ၊ တန်ခိုးကြီးဆရာတော်ဘုရားကြီးများ၏ အကြောင်းအရာအစုံအလင်တို့အား စာတပုံနှင့်တကွ ရေးသား၍ လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်သို့ စာမူများ ပေးပို့နိုင်ကြပါသည်။

မြန်မာနိုင်ငံ ဒေသအသီးသီးမှ လျှို့ဝှက်ဆန်းကြယ်သော၊ ဝဋ်ဆိုးဆန်သော အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ ရုပ်ဝတ္ထုပြစ္စည်းများ၏ အကြောင်းကို စာပေရေးဖွဲ့ပြီး ပေးပို့နိုင်ပါသည်။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းမှ စာမျက်နှာပေါ်တွင် အမြန်ဆုံး ဖော်ပြပေးပါမည်။ စာချစ်သူ စာရေးဆရာများ စာမူများပေးပို့နိုင်ပါသည်။

Kyaw Kyaw Swe 1965 @ gmail.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပြုံးသက်ဝေစာပေ၏ အမှတ်စဉ် (၂)

ဘဝကန္တာရထဲမှ ဟာသပျားရည်စက်များ

(၂)

ခွန်သက်တင်ဆန်း



ပြုံးသက်ဝေစာပေမှထုတ်ဝေ၍ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်မှ ဖြန့်ချိပါသည်။

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ဖူလုံစာပေမှ ဖြန့်ချိနေပါသည်။

ထူးခြားဆန်းကြယ်သော အကြောင်းအရာတို့အား
ဆန်းသစ်သော တင်ပြပုံတို့ဖြင့် ရေးဖွဲ့ထားပါ၍
ဖတ်မိသူအားလုံးကို နှစ်ခြိုက်စွဲမက်စေခဲ့သော ...

ဘိုဘို (ရွှေကံကူ) ၏ ထုတ်ဝေပြီးခဲ့သော

၁။ ရွှေကံလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏
ဖြစ်တော်စဉ် သမိုင်းမှတ်တမ်း
၂။ မြိုင်သာယာမှ ဘယ်ဆီဘယ်ဝယ်နှင့်
ဂမ္ဘီရ ရသဝတ္ထုတိုများ
၃။ မြိုင်သာယာမှ မဲဆွယ်ပွဲနှင့်
ဂမ္ဘီရ ရသဝတ္ထုတိုများ
၄။ ယောသူတို့ရွာ ... အပါအဝင်
ဂမ္ဘီရ ရသဝတ္ထုတိုများ ...

အထက်ပါစာအုပ်များကို

၀၉-၉၁၀၅၇၂၉၆
၀၉-၉၇၄၄၈၇၃၉၆
၀၆၆-၄၀၂၇၈ ... တို့တွင် မှာယူရရှိနိုင်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဥ၂ အရဟံ မေတ္တာ လာဘ်

နတ်မျက်စိ

ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဝိုက်ထဲမှာ ပုတ္ထားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သော တောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅) နှစ်တိုင်တိုင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

ဟောခန်းတည်နေရာ ➡ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

လမ်းညွှန် ➡ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေး နှတ်တိုင်တွင် ဆင်းပါ။

ဟောပြောချိန် ➡ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ။

ဆက်သွယ်ရန် ဖုန်း ➡ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆။ အိမ် - ၀၉-၇၃၂၂၄၄၈၇။

ဓာတ်ချက် ➡ **ဖုန်းဖြင့် ကြိုတင်တိုက်ယူပါ။** ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြုံးပန်းတစ်ရာစာပေမှ ဖြန့်ချိနေပါသည်။

ဆရာဝင်း (သာကီနွယ်)

ကမ္ဘီရထိုင်ရာ

ဆောင်းပါးများ

အမှတ်စဉ် (၁)

အမှတ်စဉ် (၂)



ပန်းချီ မင်းထက်နိုင်

စာအုပ်မှာကြားရန် - ဒေါ်မြတ်မြတ်ဝင်း၊ တိုက် (၃၁၃)၊ အခန်း (၉)၊
ရန်အောင်လမ်းသွယ် (၃)၊ ရန်ကင်းမြို့နယ်။ ဖုန်း - ၀၁ - ၅၅၉၆၃၇၅

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ဘု နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေး၊ သုတ၊ ရသ၊ လစဉ်ထုတ်

မဂ္ဂဇင်း၊ အပတ်စဉ်ထုတ်ဂျာနယ်၊

နေ့စဉ်ထုတ်သတင်းစာ၊ ဝတ္ထု၊ ကာတွန်း၊

ရုပ်ပြ၊ ကျောင်းသုံး၊ စာရေးကိရိယာ ဆိုင်းစုံကို

ဈေးနှုန်းမှန်ကန်စွာ နှင့်

ရောင်းချပေးနေပါသည်။

ခေတ္တရာစာပေ

သထုံမြို့၊ မွန်ပြည်နယ်။

ဖုန်း - ၀၉၅၁၈၇၀၆၂။

www.burmeseclassic.com

www.burmeseclassic.com

အနှိုင်းမဲ့

အိုအေစစ်

ကြည်ကြည်ကျော်(ရင်တွင်းပုံရိပ်)

ပျဉ်းမနား

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင် သားကြီးက ရန်ကုန်သို့ ခေါ်သွားပြီး အထူးကုဆေးခန်းမှာ ပြပေးသည့်အခါ သည်းခြေအိတ်မှာ ကျောက်တည်သည် အဖြေရပြီး ပေးသည့်စားဆေးနှင့် ကုသသလို ပန်းသီးစားခြင်းဖြင့် တဖြည်းဖြည်း သက်သာဆိုရှိလည်း စားရပါတယ်။ အတန်ကြာသောအခါ ချက်ရဲ့ဘယ်ဘက်လေးက ပဲ တစစ်စစ်နဲ့အောင့်တာမို့ ကျောင်းပြီး ထဲက မိဘနှစ်ပါး မိသားစုတွေကို တာဝန်ယူခဲ့တဲ့ ကျေးဇူးသိ သားလတ်ဆရာထွေးက အထူးကုဆေးခန်းမှာ ပြသပေးတဲ့အခါ ခွဲစိတ်အထူးကု ဆရာဝန်ကြီးက ရောဂါလက္ခဏာတွေ အသေးစိတ် မေးမြန်းစစ်ဆေးပြီး သည်းခြေအိတ် ကျောက်တည်ဆိုလျှင် ချက်ရဲ့ ညာဘက်ဘေးက အောင့်ပါတယ်။ အခုက ဘယ်ဘက်က ဆိုတော့ အစာအိမ်နဲ့ ပတ်သက်သည့် ဝေဒနာဖြစ်နိုင်၍ အစာအိမ်နှင့် အူလမ်းကြောင်း ဆရာဝန်ကြီးနှင့် ပြပါဟု အကြံပေး၍ ပြသောအခါ ရက်ခြိုန်းပေး၍ ည(၁၂း၀၀) နာရီကျော်လျှင် ဘုမ

သားသမီးတွေအားလုံး ပညာ ပြည့်စုံကြလို့ သက်ဆိုင်ရာ လုပ်ငန်းကိုယ် စီနဲ့ မိဘနှစ်ပါးကို ကောင်းကောင်းစောင့် ရှောက်ပေးလို့ နှစ်ပေါင်းများစွာ ရုန်းကန် ခဲ့ရတဲ့ ဘဝအမောတွေပြေပြီး အလှူဒါန ပြုရာ၊ နှစ်စဉ်ပြည့်တွင်း ဘုရားဖူးသာမက အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ပါ ဘုရားဖူးသွား ရပါတယ်။ မကြာခဏ ကျန်းမာရေး မကောင်းသူက "မေ"ပါ။ အင်မတန်မှ ကျန်းမာရေးကောင်းပြီး နှစ်ပေါင်းများစွာ ဝန်းသားသမီးတို့ကို ပင်ပင်ပန်းပန်း ရှာဖွေကျွေးမွေး ပညာသင်ကြားပေးခဲ့ သည်က ကျေးဇူးရှင် ခင်ပွန်းသည်ပါ။

မေ့အတွက် ခင်ပွန်းကောင်း သားသမီးတို့အတွက် ဖခင်ကောင်း တစ် ယောက်ဖြစ်တဲ့ ခင်ပွန်းသည်က၊ ဗိုက်ကြီး တင်းတန်းနေတာ သတိထား မိပြီး အသက်ရလာလို့ အစာမကြေတာပဲ လို့ ယူဆပြီး သင့်လျော်တဲ့ ဆေးဝါး သုံးဆောင်ပြီး ညနေစာမစားဘဲ နေပါ တယ်။ တစ်နှစ်ခန့်ကြာသော် ချက်၏ ဘယ်ဘက်မှ တစစ်စစ်အောင့်လာလို့

နှစ်ကိုယ်တူ ကြည်ဖြူစွာ ရိုးသားစွာ တည်ဆောက်ခဲ့ရသော မပြည့်စုံသည့် အချစ်အိမ်လေးရဲ့ ဘဝ ခရီးလမ်းက ကြမ်းတမ်းလှပါတယ်။ မေတို့ဘဝတွေ မည်မျှပင် ခက်ခဲပင်ပန်း သော်လည်း ချစ်သားသမီးတွေဘဝ ပညာတတ်တွေဖြစ်ပြီး မေတို့ဘဝထက် သာယာလှပစေရန် တွေလက်ခိုင်ခိုင် ကြိုးစားရုန်းကန်ရပါတယ်။ ငယ်စဉ်ထဲက ပညာရေးကို အခြေခံကစ၍ အလေးထား သင်ကြားပေးခဲ့သလို ပညာလိုချင်သော သားသမီးများကလည်း လိမ္မာသိတတ်စွာ ကြိုးစားကြလို့ မိတာန့်သားသမီး လက်တွဲ ညီခဲ့ပြီး သားသမီးခြောက်ယောက်လုံးကို အခက်အခဲကြားက တက္ကသိုလ်သို့ ပို့နိုင်ပြီး ဘွဲ့ကိုယ်စီ ရရှိခဲ့ပါတယ်။ သားသမီးအားလုံး ဘွဲ့ရပညာရှင်တွေ ဖြစ်ရန် ကျောင်းပြီးနှင့်တဲ့သားကြီး သားလတ်တို့က ဆင့်ထက် ကဲ လက်တွဲ ကူညီသလို သားငယ်၊ သားငယ်လေးတို့ ကလည်း တစ်တပ်တစ်အား ပါဝင်လို့ ကျေးဇူးရှိသားတွေပါ။

www.burmeseclassic.com

www.burmeseclassic.com

မစားပါနှင့်နဲ့ မှာကြားပြီး နောက်နေ့နံနက် (၇း၀၀)မှာ အစာအိမ်မှန်ပြောင်းကြည့်ရန် သားငယ်လေး။ သမီးငယ်တို့က ဖခင်ကြီးကို စောင့်ရောက်ပြီး ဆေးရုံသို့ ပို့ပေးပါတယ်။ မှန်ပြောင်းကြည့်သောအခါ အစာအိမ်မှာ အသားပိုလေးတွေ့၍ အသားစကို ယူထား၍ စမ်းသပ်စစ်ဆေးပြီးမှသာ အဖြေ ရမှာပါ။ ထုံဆေးအရှိန်နဲ့ မိုန်းနေတဲ့ ကျေးဇူးရှင်ကိုကြည့်ပြီး စိတ်မကောင်းခြင်းများစွာနဲ့ မြတ်ဘုရား ဂုဏ်တော်၊ ကျေးဇူးတော်တွေနှင့် သူတော်ကောင်းကြီးမို့ သာမန်ဝေဒနာသာ ဖြစ်ပါစေဘုရား၊ ဆေးဝါးကုသမှုနှင့် အမြန်ဆုံးကျန်းမာပြီး သက်ရှည်ပါစေ ဘုရား ဆုတောင်းပါသည်။

နစ်ပေါင်းများစွာ ပင်ပန်းဆင်းရဲခဲ့တဲ့ ဘဝတွေက လွတ်မြောက်လို့ သားသမီးတွေရဲ့ အရိပ်အာဝါသမှာ ခိုလှုံရင်း ငြိမ်းအေးရတဲ့ ဘဝမှာ အေးအေးချမ်းချမ်း သက်ရှည်စွာ နေစေချင်ပါတယ်။ ကျေးဇူး ရှင်၏ ဝေဒနာသည် စိတ်ပူစရာ မရှိပါစေ နှင့် ဆုတွေအခါခါတောင်းရင်း ရင်ထဲမှာ ပူလှပါတယ်။ မေ့အတွက်ရော မိသားစု အားလုံးအတွက် "အန္တိုင်းမဲ့ ကျေးဇူးရှင်ပါ"။ မေ့ကို ညီမလေးလို တစ်မျိုး၊ သမီးလေးလို တစ်သွယ် လက်တွဲဖော်ရယ်လို့ သစ္စာရှိရှိ ချစ်မြတ်နိုးခဲ့ သံယောဇဉ်ကြီးခဲ့ပြီး အစစအရာရာ နစ်ပေါင်းများစွာ သည်းခံခွင့်လွှတ်၊ ချစ်ခဲ့တဲ့ ကျေးဇူးရှင်ရယ်၊ မေ့ကို လက်တွဲဖြတ်ခဲ့တော့မှာလား။ ခွဲထားခဲ့တော့မှာလား ဘုရား...ဘုရား... ဘုရား အတွေးမျှင်မျှင်လေးနဲ့ ကိုရင်ထဲမှာ တစစ်စစ် နာကျင်မခံစားနိုင်၊ မအိပ်နိုင် တုန်လှုပ်မိပြီး မြတ်ဘုရား ဂုဏ်ကျေးဇူးတော်နှင့် ရလဒ်ကောင်း ဖြစ်ပါစေဘုရား။ ဘုရားတပည့်တော်မတို့ ကျန်းမာသက်ရှည်စွာ အတူတကွ လက်တွဲနိုင်ပါစေ ဘုရားနှင့် ရွှေမိဖန်များစွာ အခါခါဆုတောင်းမိ၀ါတယ်။

ခင်ပွန်းသည်နှင့် နစ်ယောက်တစ်ဘဝ တွဲလက်ခိုင်ခိုင် အချစ်အိမ်လေး တည်ဆောက်ပါဦးဆိုထဲက မေ့အပေါ် အစစအရာရာ သည်းခံပြီး ချစ်ခဲ့၊ ကြင်နာခဲ့၊ ခိုင်မြဲခဲ့ သစ္စာနဲ့ စောင့်ရောက်ခဲ့သူပါ။ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလို တိ/မွေးကု ဆရာဝန်ဘဝနှင့် ရိုးသားစွာ ရှာဖွေ ကျွေးမွေးခဲ့တာမို့ အဖေလိုတစ်ယို့ အစ်ကိုလို တစ်ဖုံနဲ့ ဆိုးခဲ့၊ နွဲ့ခဲ့ရတဲ့ ခင်ပွန်းကောင်းမို့ ချစ်ခင်တွယ်တာခဲ့ရတဲ့ ဘဝလက်တွဲဖော်ကောင်းပါ။ မိသားစု ဘဝတွေမှာလည်း မေနဲ့ရင်သွေးလေးတို့ကို ယုယချစ်ခင်ကာ၊ နစ်ပေါင်းရှည်စွာ ပင်ပင်ပန်းပန်း ရှာဖွေကျွေးမွေး စောင့်ရောက်ခဲ့ပါတယ်။ သားသမီးတွေကို ဖခင်ကောင်းပီသစွာ ပြုစုစောင့်ရောက်ပေးရံသာမက မေ့ကိုလည်း သူသားသမီးတွေနည်းတူ ချစ်ခင်ကြင်နာ စောင့်ရောက်ခဲ့တာပါ။ အရွယ်ရဲ့ သဘာဝဆံပင်တွေဖြူပြီး ရင့်ရော်ပါဆို ကျန်းမာရေးမကောင်းတော့ ညီးငယ်နေပုံကို မြင်ရတော့ ရင်ထဲတော်တော်မကောင်းပါ။ သနားကရုဏာတွေ ဖြစ်ပါတယ်။ ဘာရယ်မဟုတ် တစ်ခါတလေ တစ်ယောက်နဲ့တစ်ယောက် စကားပြော အဆင်မပြေသည့် အခါ ပြောမိ၊ ဆိုမိတာတွေကို နောင်တ

www.burmeseclassic.com

www.burmeseclassic.com

ခင်ပွန်းဦးညီ စိတ်အားငယ်သွားမှာစိုးလို့ စိတ်တင်းထားသည့်ကြားက အားငယ်မှုရဲ့ အဖော်ဖြစ်တဲ့ မျက်ရည်တွေက တားမရဆည်းမနိုင်ပါ။ စိတ်သက်သာရာ ရပေမယ့် ပူပန်မှုက လျော့မသွားပါ။

ပြောရမည်ဆိုလျှင် တစ်မိသားစုလုံး၏ မှီခိုအားထားရာ ဖြစ်သောပင်စည်ကြီး ဖြစ်ပါသည်။ ယခင်ကလည်း ဆုတောင်းခဲ့ ပါသည်။ ယခုလည်း ဆုတောင်းနေဆဲဖြစ်၍ နောင်လည်း ဆုတောင်းဦးပါမည်။ တပည့်တော်မ၏ ကျေးဇူးရှင် ခင်ပွန်းသည် ကျန်းမာရေး အမြဲကောင်းပါစေ၊ ဘုန်းကြီး၌ အသက်ရှည်ပါစေ၊ နေစဉ်နှင့်အမျှ နေလေရာ၊ သွားလေရာ၊ စားလေရာတိုင်းမှာ အန္တရာယ်ခပ်သိမ်း အမြဲကင်းဝေးပါစေ၊ ကူညီစောင့်ရှောက်မည့် သူတော်ကောင်းတွေနှင့် အမြဲတွေ့ဆုံပါစေ၊ လူချစ်လူခင်ပေါပါစေ၊ ကုသသော သတ္တဝါအားလုံး၏ အသက်ကို ကယ်တင်နိုင်၍ သတ္တဝါများ၏ ဘေးရန်မှလည်း အမြဲကင်းဝေးပါစေ (တိ/မွေးကု ဆရာဝန်ဖြစ်၍ မကျန်းမာ

အထူးကု ဆရာဝန်ကြီးများကိုလည်း ကျေးဇူးအထူးတင်ပါသည်။ သားကြီးတစ်ယောက်ပဲ ရန်ကုန်စက်မှု တက္ကသိုလ်က (R.I.T) ကျောင်းပြီးလို့ အငယ်တွေ ပညာသင်ကြားဆဲ ကာလလေးတစ်ခုမှာ အမှတ်မထင် ကြုံတွေ့ခဲ့ရတဲ့ ခင်ပွန်းသည်ရဲ့ ကျန်းမာရေး တဒင်္ဂလေးကို မမေ့နိုင်ဘဲ ပြောပြချင်ပါတယ်။ (၂၅-၅-၁၉၉၅)နေ့က ရာသီဥတုက တစ်နေ့လုံး နေလုံးဝမပွင့်ဘဲ လေအေးတွေ တဖြူးဖြူးတိုက်လို့ အလွန်အေးစက်လှပါတယ်။ ခင်ပွန်းသည်က နေ့စဉ်ညနေတိုင်း ဘုရားဝတ်ပြု တရားမှတ်နေကျပါ။ ၎င်းနေ့ညနေမှာ ဒုန်းခနဲအသံကြားလို့ ဘာပါလိမ့်ဆိုပြီး အပေါ်ထပ်သို့ တက်ကြည့်တဲ့အခါမှာ မူးလဲနေတာ တွေ့ရတော့ ဘုရားဘုရား မထင်မှတ်တဲ့အဖြစ်မို့ စိုးရိမ်ပူပန်မှုတွေနဲ့ ပွေ့ထူ၊ နွေးထွေးအောင် ပြုစုတော့ မြတ်ဘုရား ဂုဏ်ကျေးဇူးတော်နဲ့ ခဏလေးနဲ့ သတိရလာပါတယ်။ စိုးရိမ်ပူပန် စိတ်အားငယ်မှုတွေ ရောထွေးလျက် ရင်နဲ့မဆန့် ခံစားရပါသော်လည်း

ရမိပါတယ်။ နောင်ဘယ်အရာမဆို သူ့ကို အနိုင်မယူတော့ပါ။ အတတ်နိုင်ဆုံး သည်းခံပါမည်။ ကျန်းမာသက်ရှည်ရန် ဂရုစိုက် စောင့်ရှောက်ပါမည်။ ဘဝခရီး တစ်လျှောက် မေ့အပိုင်း၊ မေ့ကဏ္ဍာလည်း စေတနာအမြဲထား မေ့တာဝန်တွေ ကျေခဲ့ပါတယ်။ စေတနာ၊ မေတ္တာတွေနှင့် ပြုစုလုပ်ကိုင်ပေးပါတယ်။ အခန့်မသင့်တဲ့အခါ ပြောမိ၊ ဆိုမိတာတွေ ရှိခဲ့တာကြောင့် နေ့စဉ် ဘုရားဝတ်ပြုပြီးတိုင်း မေတ္တာတွေ ပို့ပြီး ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် ပြောမှား၊ ဆိုမှားများရှိခဲ့တာတွေကို ခွင့်လွှတ်ပေးပါဟု တောင်းပန်ကန်တော့ခဲ့တာပါ။

ဘုရားဂုဏ်တော်၊ ကျေးဇူးတော်၊ အနန္တဂါးပါး ဂုဏ်ကျေးဇူးတွေ၊ မေနဲ့ သားသမီးတွေရဲ့ စေတနာ မေတ္တာတွေနဲ့ ဆုတောင်းပြည့်ခဲ့ပါတယ်။ ခင်ပွန်းသည်ရဲ့ ဝေဒနာအတွက် ဆေးသုံးလစားသုံးကုသပြီး တဖြည်းဖြည်း ကျန်းမာထလို့ မိသားစုတွေအားလုံး စိတ်ဒေးခွမ်းသာ ရပါတယ်။ ဆေးကုသပေးသည့်

www.burmeseclassic.com

သော ကွဲ၊ နွားများကို ဆေးထိုးကုသပေး ရာမှာ တိရစ္ဆာန်များဖြစ်၍ အခန့်မသင့် လျှင် အန္တရာယ်ပေးပါသည်)။ ဘေးရန် ကြောင့်ကြ ဆင်းရဲခြင်းကင်း၍ ကောင်း ကျိုးလိုအင် ဆန္ဒတွေနှင့် ထာဝရပြည့်စုံ ပါစေ၊ မိသားစုနဲ့အတူ ဥမင်္ဂသိုက်မပျက် အသက်ရှည်စွာ နေနိုင်ပါစေ၊ ဘာသာ သာသနာ့အကျိုး သယ်ပိုးနိုင်ပါစေ၊ ငြိမ်း ငြိမ်းအေးအေးနှင့် တရားဘာဝနာများ ပွားများအားထုတ်နိုင်မည့် အချိန်ကို အမြန်ဆုံး ရရှိပါစေ၊ ပေးချင်သော အလှူ ကြီးများလည်း ပေးနိုင်ပါစေ ဆုများဖြစ် ပါတယ်။

မိဘအတွက် သားကောင်းတစ် ယောက်၊ သားသမီးအတွက် ဖခင် ကောင်း တစ်ယောက်၊ ဇနီးအတွက် ခင်ပွန်းကောင်းတစ်ယောက်ဖြစ်သည့် သူလို့လူ ကောင်းတစ်ယောက် ကျန်းမာ သက်ရှည် စေချင်ပါသည်။ သားသမီး တို့ကို နှစ်ပေါင်းများစွာ ရန်းကန်ရှာဖွေ ကျွေးမွေးစောင့်ရှောက် ပညာသင်ပေးခဲ့ သော ဖခင် ကောင်းတစ်ယောက်ပါ။ ဤမှုန်ကန်သော သစ္စာတရားများကြောင့် တောင်းသော ဆုများနှင့် ထာဝရ ပြည့်စုံ ပါစေ ဘုရား။ မြတ်ဘုရား ဂုဏ်ကျေးဇူး တော်၊ မှုန်ကန်သော သစ္စာတရားတို့နှင့် ခင်ပွန်းသည် သည်သာမန် ခေတ္တ ခဏတာ မူးသွားတာ ဖြစ်ပြီး ကျန်းမာရေး မထိခိုက်လို့ စိတ်အေးချမ်းသာရပါတယ်။ ဘယ်လောက်ပင်၊ ပင်ပင်ပန်းပန်း၊ သားသမီးတို့ကို အမြဲစိတ်ရှည် ချစ်ခင် ကြင်နာတတ်သူပါ။ ချွေတာရေး ကာလတွေမှာ မေနဲ့သား။ သမီးများ ကြိုက်နှစ်သက်သည့် မုန့်ပဲ သားရေစာ များဆိုလျှင်လည်း၊ ငဲ့ညှာ၍ ဦးစားပေး ကျွေးမွေးပြီး သူကတော့ နောက်ဆုတ်သူ ပါ။ သူသားသမီးတွေကို ငယ်စဉ်ထဲက ဘာသာရေး သက်ဝင်ယုံ ကြည်စေရန် အချိန်မှန် ဘုရားရှိခိုး၊ မိဘ ဆရာသမား တို့ကို ကန်တော့၊ ကြီးစဉ် ငယ်လိုက် ကန်တော့ဖစပါတယ်။ ကလေးတွေ စာကြည့်ချိန်ပြီးလျှင်တော့ သင်ခန်းစာ ပေးနိုင်မည့်၊ အတုယူဖွယ် ကောင်းသည့် အိပ်ရာဝင် ပုံပြင်လေးတွေကို နား ထောင်ကောင်းအောင် ပြောပြရင်း သိပ်ပေးခဲ့ပါတဲ့ ဖခင်ကောင်းတစ်ဦးပါ။ ရှိတော့ရှိမယ်၊ ရှားပါးမည့် အဖိုးတန် ဖခင်ကြီးပါ။

သူလို... ဖခင်ကောင်းတစ် ယောက်မို့ သားသမီးတို့၏ လုပလာမည် ဖြစ်သော ရွှေရောင်အနာဂတ် ကာလကို ခံစားစေချင်ပါသည်။ ခင်ပွန်းသည် အတွက် ရင်ဝယ်ခံစား ဝေဒနာတို့ ဖြစ် တည်ခဲ့ရသည့် မမေ့နိုင်သော နေ့လေး တစ်နေ့ရဲ့ ပုံရိပ်လေးတစ်ခု အမှတ်တရ စာစုလေးပါ။ မကြာခင် ရောက်တော့ မည့် မေတို့ရဲ့ အန္ဓိုင်းမဲ့ အိုအေစစ် (၁၅ ၇-၂၀၁၆) ကျေးဇူးရှင် ခင်ပွန်းသည်၏ (၇၅)နှစ်ပြည့် စိန်ရတု မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် မွေးနေ့ရက်မြတ်များ နှစ်တစ်ရာကျော်တိုင် ကျန်းမာသက်ရှည် ပါစေ၊ ချစ်ဇနီး ချစ်သားသမီး ချစ်မြေးများ နှင့် ပျော်ရွှင်ချမ်းမြေ့၍ ကောင်းကျိုးလို အင်ဆန္ဒ ဆုတွေနဲ့ ထာဝရ ပြည့်စုံပါစေ။

ဆွမ်နန်ကောင်းတောင်းပါသည်။

ကြည်ကြည်ကျော်(ရန်ကုန်တိုင်းသူ)

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသာသနံ စိရံတံ တိဋ္ဌတု

ရွှေကံကူတိုဗလ (ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ဖြဒါးရှင်) ဆေးဘုရားစေတီတော်ထိုးတင်ပွဲ

ရွှေကံကူမယ်တော်ကြီးရေးသားပူဇော်သည်

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့၏ဆရာဘုန်းကြီး မိန့်တော်မူခဲ့သော ဆုံးမစကားကို အမြဲသတိရလိုက်နာခဲ့ပါသည်။ ထိုဆုံးမစကားမှာ "မှတ်တမ်းရေး၊ မှတ်စုထုတ်၊ မှတ်တိုင်ထူ" ဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်သည် မှတ်တမ်းရေးသော အလေ့အကျင့်ကို ခပ်ငယ်ငယ်ကတည်းက ရှိခဲ့ပါသည်။ မှတ်တမ်းများထဲမှ မှတ်စုများထုတ်ပြီး မှတ်တိုင်ထူဖြစ်ခဲ့သည်မှာလည်း မှတ်မှတ်သားသား မှတ်တိုင်တော်တော်ရခဲ့ပါပြီ။

ပထမမှတ်တိုင်မှာ ကျေးဇူးရှင် မိခင်ကြီးကို စိတ်ရောကိုယ်ပါနှစ်ပြီး စေတနာ မေတ္တာအပြည့်ဖြင့် ပြုစုစောင့်ရှောက် ကျေးဇူးဆပ်နိုင်ခဲ့ခြင်း မှတ်တိုင်ဖြစ်ပါသည်။ မိခင်ကြီးကို မိမိ၏ ရင်သွေးကလေးငယ်ကို ပြုစုစောင့်ရှောက်သလို ရင်ခွင်ထဲထားပြီး ရိုသေစွာ စေတနာရိုရိုနှင့် ပြုစုခဲ့ပြီးနောက်ဆုံးအချိန်အထိ အပါယ်လေးပါး တံခါးပိတ်အောင် တရားဓမ္မများနှင့် ခန္ဓာဝန်ချသွားလေသဖြင့် မိဘကျေးဇူး အထူးဆပ်နိုင်ခြင်းဆိုသော

www.burmeseclassic.com

www.burmeseclassic.com

မှတ်တိုင်တစ်တိုင် စိုက်လိုက်နိုင်ခဲ့ပါသည်။

ဒုတိယမှတ်တိုင်မှာ ရွှေကံကူရွှေကျောင်းတော်ကြီးဆောက်လုပ် လှူဒါန်းပူဇော်နိုင်ခြင်း မှတ်တိုင်ဖြစ်ပါသည်။ ဘုရားရှင်ကြီး ကျွန်ုပ်တို့အိမ်တွင် ပွင့်ထွန်းပေါ်ပေါက် သီတင်းသုံးတော်မူနေသောအခါ တန်ခိုးတော်များကလည်း အံ့မခန်းထူးခြားစွာနေသောအခါ တန်ခိုးတော်များကလည်း အံ့မခန်း ထူးခြားစွာ သိသာစွာ ချီးမြှင့်တော်မူသောကြောင့် ဟိုမှ သည်မှ ပင့်ဆောင်ပူဇော်ကြလေသည်။ ဘုရားရှင်ကြီးကို ပင့်ဆောင်ကြသော အိမ်များထဲတွင် ခန့်ထြားထည်ဝါသော တိုက်တာအဆောက်အဦကြီးများကို ကြွရောက်လျှင် ကျွန်ုပ်၏ စိတ်ထဲတွင် ဘုရားရှင်ကြီးကို ဤကဲ့သို့ ခန့်ထြားထည်ဝါခမ်းနားလှသော ကျောင်းတော်ကြီးမျိုး ဆောက်လုပ်လှူဒါန်းနိုင်ပါလို၏ ဟု အမြဲဆုတောင်းမိပါသည်။ အနှစ်တိုအေးကြီး ဆောက်လုပ်ခဲ့သော သာမန်တိုက်ခံ အိမ်ကလေးတွင် အပူတော်ခံနေရသော ဘုရားရှင်ကြီးကိုလည်း စိတ်ထဲတွင် အားနာသလိုပင် ဖြစ်ပေါ်နေမိပါသည်။ ထို့ကြောင့် အဓိဋ္ဌာန်ကျင့်စဉ်များ မပြတ်ဝင်ရောက်ကာ ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းနိုင်ရပါလိုို၏ ဟု အမြဲဆုတောင်းမိပါသည်။

ဆယ်နှစ်တာကာလအတွင်း (၇) ရက် သားသမီးများ လှူဒါန်းကြသော ဝတ္ထုငွေများကို စုဆောင်းပြီး ၂၀၁၃ ခု အောက်တိုဘာလတွင် ကျောင်းတော်ကြီးကို ပန်ကန်တင် မင်္ဂလာကျောင်းပနိုင်ခဲ့ပြီး ၉ ·၉ ·၂၀၁၄ ဘုရားပွဲကြီးအမီ ဆောက်လုပ်ပြီးစီးခဲ့ပေတော့သည်။ ကျွန်ုပ်၏ ရည်မှန်းချက်ကြီး အောင်မြင်ခဲ့သော နေ့တစ်နေ့ အထူးသဖြင့် ရွှေကံကူလေပျံသစ်တော် နေ့တစ်နေ့ အထူးသဖြင့် ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကြီး၊ တွင်း ခန့်ထြား

www.burmeseclassic.com

www.burmeseclassic.com

ထည်ဝါကြီးကျယ် ခမ်းနားလှသော ကျောင်းတော်ကြီး ဆောက်လုပ်အောင်မြင်ခြင်း မှတ်တိုင်ကြီးတစ်တိုင် စိုက်ထူနိုင်ခြင်းပင် ဖြစ်ပေတော့သည်။

အဓိဋ္ဌာန်ကျင့်စဉ်တော်များ အောင်မြင်ခြင်း မှတ်တိုင်များလည်း များစွာရှိခဲ့ပါသည်။ နှစ်စဉ် နှစ်တိုင်း ၉ ရက် ၉ လ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ကျင်းပပြုလုပ် ကုသိုလ်ယူနိုင်ခြင်းများ ကလည်း အောင်မြင်ရေးမှတ်တိုင်များပင် ဖြစ်ပေသည်။

မွေးရပ်မြေမြို့သာတွင် ရှင် ၁၀၈ ပါး အလှူမှတ်တိုင်တစ်ခုလည်း စိုက်ခဲ့ပြီးပြီ ဖြစ်ပါသည်။ လစဉ် မြို့ပေါ်ရှိ ဆွမ်းလောင်းအသင်းများကို ဆွမ်းဆန်လောင်းလှူခြင်း ပိဏ္ဍပတ်ဆွမ်းအလှူ မှတ်တိုင်လည်း အမြဲစိုက်ထူထားပါသည်။

လောလောဆယ် စိုက်ထူထားခဲ့သော မှတ်တိုင်တစ်ခုကတော့ သမိုင်းဝင် ရွှေကြက်ယက်တောင်ပေါ်တွင် ရွှေကံကူသာသနာပြု မိသားစုနှင့် သာဝကအများ ပေါင်းစုကာ တည်ထားကိုးကွယ် အောင်မြင်စွာ လှူဒါန်းခဲ့သော ရွှေကံကူတြိဖလ ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် ဆေးဘုရား စေတီတော်ကြီး အလှူပင် ဖြစ်ပါသည်။ ဆရာဘိုဘို၏ အိပ်မက်များ ဘဝဆက်များအရ ရွှေကံကူဘုရားရှင်ကြီး၏ တန်ခိုးတော်၊ (၇) ရက် သားသမီးအလှူရှင် အလှူအမများ၏ စုပေါင်းအင်အားဖြင့် ၁၃၇၈ ခု နယုန်လဆန်း (၃) ရက်နေ့တွင် ရွှေတိဂုံတော်တင် မင်္ဂလာအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါပြီ။ ဖူးရခဲ့သော ဆံတော်ရှင်စွယ်တော်ရှင် ပြဒါးရှင် ဟူ၍ ရှင် (၃) ရှင်နှင့်

www.burmeseclassic.com

www.burmeseclassic.com

အခြားသော ရုပ်ပွားတော်များ၊ စာတိတော်များ၊ ရတနာပေါင်းစုံအပြင် ပုဂံခေတ် နရပတိစည်သူမင်း၏ အဆက်ဖြစ်သော ကြောင့် မင်းမြောက်တန်ဆာ ငါးပါးကို ပါ ထည့်သွင်း၍ ဌာပနာကာ တည်ထားခဲ့ပါသည်။ (၆)လ နှင့် (၅) ရက်တိတိ သာ ကြာမြင့်ပြီး တန်ဖိုးကြီးမားလှသော အဖိုးတန် ပစ္စည်းများဖြင့် တင့်တယ် ခမ်းနားစွာ ပူဇော်တည်ထားသော ဘုရား တစ်ဆူဖြစ်ပါသည်။ ဆဲတော်ရှင်မှာ အရိန္ဒမာကျောင်းတိုက် ဆရာတော်မှ နေပြည်တော်မှ မချောချောကို ပူဇော်စေ ရန် ခိုးမြှင့်ထားသော ဆဲတော်ဖြစ်ပြီး စွယ်တော်မှာ ဗန်းမော်ဆရာတော်ကြီးမှ ကျွန်ုပ်အား ခိုးမြှင့်ထားသော သီရိလင်္ကာ စွယ်တော်ပွားဖြစ်ပါသည်။ ပြဒါးရှင်မှာ ရွှေကြက်ယက်တုရား ဆင်းတုတော်ကြီး၏ အနောက်ဘက် လေပေါက်မှ အလို အလျောက်ထွက်ကျလာသည်ကို ရွှေ ကြက်ယက်ရှာမှ မောင်မင်းအောင်က ရရှိထားပြီး တစ်ဆင့်ပြန်လည် လှူဒါန်း ထားခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ ရခဲလှသော ရတနာ အစစ်များကို ဌာပနာသွင်းကာ တည် ထားပူဇော်သော ရွှေကဲကူ တိဖလ ဆဲတော်ရှင် စွယ်တော်ရှင် ပြဒါးရှင် ဆေးဘုရားကြီး ထီးတော်တင်ပွဲတွင် လည်း ကျွန်ုပ်ဆေးဘုရားကြီး ထီးတော် တင်ပွဲတွင်လည်း ကျွန်ုပ်၏ ရည်မှန်းချက် အတိုင်း ရွှေဝိုးငွေဝိုး ကြဲချစေခဲ့ပါသည်။ ကျွန်ုပ်က စဉ့်ကိုင်ပြီမှ ရွှေကဲကူကျောင်း တော်ကြီး ဆောက်လုပ်ပြီးစီးသော နှစ် ကတည်းက ကျောင်းတော်ကြီးဖွင့်ပွဲ ၉ ရက် ၉ လ ဘုရားပွဲကြီးတွင် ရွှေဒင်္ဂါးပြား များကို ကြဲချရန် စီစဉ်ထားသော်လည်း အချိန်မရလိုက်သောကြောင့် မကြဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရပါ။ ထို့ကြောင့် ရွှေက်ကူတြိဖလ ဆေးဘုရားထီးတင်ပွဲတွင်တော့ ဝတ္ထုဒွေများအပြင် ရွှေဒင်္ဂါးပြားများပါ ကြဲချရန် ကြိုတင်ပြီး စီစဉ်ထားပါသည်။

မူလက ကျွန်ုပ်တို့ မိသားစုက (၁၁) ပြားသာ ကြဲရန် ကြံစည်ထားသော်နေပြည်တော်မှ မချောချောကလည်း (၇) ပြား လှူလိုသဖြင့် လှူပေးရပြန်ပါသည်။ ရန်ကုန်မြို့ ရွှေတောင်ကြားမှ ကိုထိုက်ဝင်း + မခင်ပိုပိုဌေး သမီးလေး သိဂ်္ဂါရွှန်းသန်းတို့မှလည်း (၅) ပြားလှူလိုပြန်သဖြင့် ရွှေဒင်္ဂါးပြား စုစုပေါင်း (၂၃) ပြား ဖြစ်သွားပါသည်။ ဝတ္ထုဒွေက (၁၂) သိန်းခန့် ဖြစ်၍ ဆရာဘိုဘိုမှာ ထီးတင်အပြီး အားပါးတရ ကြဲချလှူခါနီးနေသည်မှာ အားရစဖွယ် ဖြစ်ပါသည်။ ရွှေဒင်္ဂါးပြားအတိုင်း ကြဲချလျှင် အကြိုအကြားထဲ ညပ်မိတာနှင့် ပျောက်တာရှုတာများ ဖြစ်မည် စိုး၍ လိုကိုစာရွက်ကို အမှတ်အသားပြု၍ ကြဲချပါသည်။ လက်မှတ်ရသူက ကျွန်ုပ်ထံတွင် လာ၍ ထုတ်ယူရပါသည်။ ရွှေသုံးပဲသားနှင့် လုပ်ထားသော ဆွဲ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဒဂိီးများမှာ ခန့်ငြားထည်ဝါလှပါသည်။

တြိဖလဆိုသည်မှာ အကျိုး သုံးပါး ဟူ၍ အဓိပ္ပာယ်ရပါသည်။ ဘုရား တရား၊ သံဃာ ရတနာမြတ် သုံးပါးကို ကိုးကွယ်ဆည်းကပ်ကြရပါမည်။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားသုံးပါးကို အမြဲမပြတ်ဆောင်ရွက်ကြရပါမည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါး ကို အမြဲမပြတ် ဆင်ခြင်နလုံးသွင်းနေ ကြရမည် ဖြစ်ပြီး လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာမြတ်ကို ရရှိစေ ကြဖို့ ရည်ရွယ်ပါသည်။ ရွှေမိုးငွေမိုး ကြဲရာ၌ ရရှိသွားကြသူများကို ကြည့်ပြီး ဝမ်းမြောက်ဝီတိဖြစ်ရပါသည်။

သာသနာ့မှတ်တိုင်တစ်ခု ခိုင် ခိုင်မာမာ စိုက်ထူလိုက်နိုင်ပြန်ပြီ ဖြစ်ပေ တော့သည်။ လာသမျှ ပရိသတ်ကြီးကို နှမ်းမနဲများ ဝှေ့ တင်းခွဲ ထိုး၍ ကျွေးပါ သည်။ မြင်းပြေပြည်ကျော်ပဲကျော် မိသားစု နှင့် ဦးညီညီ ဒေါ်ခင်ညို၊ခွန့်မိသားစုမှ လက်ဖက်အကြော်စုံများ ဒါနပြုပါသည်။ ရန်ကုန်မန္တလေးနှင့် နယ်စုံမှ အလှူရှင် များက ဆေးသိန်းခွဲများ အလှူပါယ်လှူဒါန်း ကြပါသည်။ ထိုနေ့တွင် ဆရာတော်များ ကို ဆွမ်းကပ်အလှူဒါနပြုကြပါသည်။

နောက်တစ်နေ့တွင် ထီးတင် ပြီးသော ရွှေကုံးကူတြိဖလ ဆေးဘုရား စေတီတော်ကြီးကို ဘုရားအနေကဇာ တင်ပါသည်။ မန္တလေးမြို့ တောင်စလင်း တိုက်သစ်မှ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်ကြီး ဦးတိက္ခ၊ မန္တလေးတိုင်းဒေသကြီး သံဃာနာယက ဥက္ကဋ္ဌဆရာတော်ကြီး ဦးဝိစိတ္တသာရာ ဘိဝံသ၊ ရွှေကြက်ယက်ရွာမှ ကျေးရွာ သံဃနာယက ဥက္ကဋ္ဌဆရာတော် ဦးရေဝ တ၊ ရှမ်းကျောင်းဆရာတော် ဦးအဝ တို့ကို သိက္ခာထပ်မင်္ဂလာပြုလုပ်ခဲ့ ဆေး ဘုရားတည်ရာ၌ ဝေယျာဝစ္စ ကုသိုလ်ယူ သည့် ရွှေကြက်ယက်ရွာမှ ကိုမြင့်ဦးကို ရဟန်းခံပေးပါသည်။

ရွှေကုံးကူမိသားစုနှင့် သာဝက အများ၏ သာသနာ့မှတ်တိုင်တစ်ခု ဖြစ် ပေတော့သည်။

ဘုရားစေတီတော်ကြီးနှင့် မုခ် လေးမုခ်မှ ဘုရားဆင်းတုတော်ကြီးများ ကို ပုဒ္ဓအဘိသေက မင်္ဂလာအနေကဇာ

ဓါတ်ပုံတော်ကျောက်ပြား ပို့ဆောင်ပူဇော် ဦးသန်းအောင် ၊ သား - ကိုမင်းဇေအောင် + မဟိမ မိသားစု ပြန်ဒါးရှင်လှူဒါန်းပို့

www.burmeseclassic.com

www.burmeseclassic.com

တင် ပူပော်ပြီး ဆရာတော်ကြီးများကို သီကျွာထပ် မင်္ဂလာနှင့် ကိုရင်ကြီးမြင့်ဦးကို ရဟန်းခံ မင်္ဂလာကို တစ်ဆက်တည်း ကျင်းပပြုလုပ်လိုက်ရပေတော့သည်။

အတိုင်းမသိ ဝမ်းသာမိပါသည်။ ထပ်ကာထပ်ကာ လှူဒါန်းလို သော ကုသိုလ်စိတ်၊ သဒ္ဓါစိတ်များလည်း တဖွားဖွား ပေါ်ပေါက်လျက်ရှိပေတော့သည်။ ကျွန်ုပ်တို့၏ အသက်နှင့်ခန္ဓာတည်မြဲနေသရွေ့ သာသနာတော်ကြီးကို တစ်ထောင့်တစ်နေရာမှ မိမိနိုင်သလောက် စွမ်းသလောက် ကြိုးစားကာ ထောက်ပံ့လှူဒါန်းသွားကြမည်ဟု ရည်ရွယ်ချက်ခိုင်မာစွာ ချထားပါသည်။

လှူရုံတန်းရုံနှင့် တင်းတိမ်ကျေနပ်မနေဘဲ သာသနာတော်ကြီး စည်ပင်ပျံပွားရေးအတွက် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အားလုံး စုံလင်စွာ ဆောင်ရွက်ပြီး သံသရာမှ လွတ်ဖို့အရေးကိုလည်း ကြိုးစားအားထုတ်ပါမည်။ စွမ်းသလောက်လည်း အားထုတ်နေပါသည်။ ကျွန်ုပ်တို့ စားရသော ဆွမ်းသည် အင်မတန်အဖိုးတန်လှပါသည်။ (၇) ရက်သားသမီးများ သဒ္ဓါကြည်ဖြူစွာဖြင့် ကြည်ညိုလေးစားစွာ တန်ဖိုးထား လှူဒါန်းထားသော ဆွမ်း ဖြစ်ပါသည်။

မိမိလုပ်စာနှင့် မိမိစားလျှင်တော့ ပျင်းလျှင် အိပ်နေနားနေလို့ရပါသည်။ သူတစ်ပါး လှူသောဆွမ်းဖြစ်နေ၍ ပျင်းလျှင် အိပ်နေ၍ မရပါ။ အလှူရှင်များ အကျိုးများစေဖို့ တရားဓမ္မအလုပ်များကို အားထုတ်ရပေမည်။ ဆွမ်းတစ်ဆုပ်လျှင် ဆွမ်းစေ့များစွာပါ ပါသည်။ ကျွန်ုပ်တို့ ကောင်းကောင်းနေ ကောင်းကောင်း အလုပ်လုပ်ပေးလျှင် အလှူရှင်များက ဆွမ်းစေ့များ ပမာဏအတိုင်း ကုသိုလ်တရားများ ရကြမည်။ အကျိုးများကြမည် ဖြစ်သော်လည်း သူတစ်ပါးလှူသော ဆွမ်းကို အလကားစားပြီး ဘာမှမလုပ်၊ မကြိုးစားဘဲနေလျှင် ကျွန်ုပ်တို့မှာ ဆွမ်းစေ့များ အရေအတွက်ထက် မနည်းသော ဘဝအတိုင်း ငရဲခံကြရမည်ဖြစ်ပေသည်။

ထို့ကြောင့် မကောင်းမှု ရှောင်၊ ကောင်းမှုဆောင် ဖြူအောင် စိတ်ကိုထား ဆိုသည့် မြတ်ဘုရား၏ သြဝါဒပါတိမောက္ခတွင် လာရှိသည့်အတိုင်း နေ့စဉ် နေ့စဉ် မကောင်းမှု အကုသိုလ်များကို အစဉ် ရှောင်ရှား၊ ကောင်းမှုကုသိုလ်များကို အစဉ်ဆောင်ထားကာ စိတ်ထားများကို ဖြူစင်ကြည်လင်အောင် ကြိုးစားနေထိုင်ပြီး ကောင်းမြတ်သော သာသနာမှတ်တိုင်ကသစ်များ ထပ်မံ ထပ်မံ စိုက်နိုင်ဖို့ ကြိုးစားပါမည်ဟု ကတိသစ္စာပြုကာ ရွှေက်ကူတြိဖလဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် ဆေးဘုရား ထီးတင်ပွဲ ဆောင်းပါးကို အဆုံးသတ်လိုက်ပါကြောင်း။

ဖြူစင်မေတ္တာ ဖြန့်ဝေပါသည်။

ရွှေက်ကူသာသနာပြု မယ်တော်ကြီး

၂၀၊၆၊၂၀၁၆ ခေတ္တသီရိဘားအံ

ဟော်တယ်

www.burmeseclassic.com

www.burmeseclassic.com

အထူးဆောင်းပါး

ဟန်နှင့်ပန်နှင့် သာသနာအလိုလူ

ဒေဝိုးပြေ

ခွန်သက်တင်ဆန်းရေးသားပူဇော်သည်။

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဝဲကြီး/ယာကြီးကိုင်ခြင်း

ဂျီးဖြူအဘိုးဆရာတော်သည် ရန်ကုန်တက္ကသိုလ်သို့ မကြာခဏ ကြွရောက်လေ့ရှိသည်။ တစ်နေ့တွင် အဘိုးဆရာတော်ကြီးအား ဖူးတွေ့ရန် အဖေကြီးဦးအေးဖေ၊ ဇနီးဒေါ်ခင်မြသိန်းတို့သည် တက္ကသိုလ်ကျောင်းမှ အဖွဲ့များနှင့်အတူ ဂျီးဖြူဓာတ်နန်းသို့ ရောက်လာကြသည်။

ရောက်လျှင်ရောက်ချင်းပင် အဘိုးဆရာတော်က အဖေကြီးအား ဓာတ်နန်းရှေ့တွင် ရပ်ခိုင်းပြီး ၁၀ ကိုက်ခန့် ဝေးမည့် နေရာတစ်ခုသို့ ဘယ်ခြေထောက်တစ်ချောင်းတည်းနှင့် ခြေတစ်ချောင်းထောက် သွားခိုင်းပြီး ကြာမြင့်ချိန်ကို ဒေါ်ခင်မြသိန်းအား နာရီနှင့်မှတ်ခိုင်းသည်။ တစ်ဖန် ထိုအကွာအဝေးကိုပင် ညာဘက်ခြေထောက် တစ်ချောင်းတည်းနှင့် သွားခိုင်းပြန်သည်။ ပြီးမှ ဘယ်ညာခြေလှမ်းမှန်မှန်ဖြင့် သွားခိုင်းပြန်၏။

"ကဲ... ဦးအေးဖေ ခုလို သုံးမျိုးသွားတာ ဘယ်ဟာက ပိုမြန်သလဲ သမီး"

"ဘယ်ညာခြေလှမ်းနဲ့ ဟန်ချက်ညီညီ လှမ်းတာက အချိန်တိုအတွင်း ခရီးပေါက်ပါတယ် ဘုရား"

"အေး... သာသနာပြုခရီးမှာ လည်း ဝဲကြီး ယာကြီးနဲ့သွားမှ ခရီးပေါက်အောင်မြင်လိမ့်မယ်။ ဝဲကြီးဆိုတာ ဓာတ်၊ နတ်၊ သိုက်ဆိုင်ရာဖြစ်ပြီး ယာကြီးဆိုတာ အရိယာ၊ ဝိဇ္ဇာ၊ ရဟန္တာကြီးတွေ ဖြစ်တယ်ကွယ့်"

ထို့နောက် အဘိုးဆရာတော်ကြီးသည် အဖေကြီး ဦးအေးဖေအား ယာကြီးကို ကိုင်စေပြီး အမေကြီး ဒေါ်ခင်မြသိန်းအား ဝဲကြီးကိုကိုင်ရန် တာဝန်ယူစေခဲ့သည်။ ၎င်းအပြင် ထိုနေ့၌ ဓာတ်နန်းသို့ နဂါးဖန်ချက်စက်ရုံမှ လူစုထားသော ဓာတ်ဆင်ထားသည့် သဲနှင့် ဖန်ပန်းကိုးခုအား ရန်ကုန်အပြန်တွင် ထည့်ပေးလိုက်သည်။ ထို့ပြင် အိတ်ဖြင့်ထည့်ထားသော ဆေးတော်များကို ပေးအပ်ရင်း

"ဆေးတော်တွေကို မင်းထိန်းထား။ ငါ အလိုရှိတဲ့အခါ မင်းက ထုတ်ပေး၊ ဒီဓာတ်နန်းက သတ္တဝါတွေ ကယ်မယ့်နန်းကွ" ဟု ဆိုကာ သတ္တဝါများကယ်တင်ရန် လွှဲအပ်သွားခဲ့သည်။

တူဖြစ်သူ အဘိုးလေးဆရာတော် ဦးနန္ဒဓေနှင့် အဘိုးဆရာတော် ဘုရားကြီးတို့သည် အချို့ကိစ္စများတွင် အမြင် မတူညီဖြစ်တတ်သည်။ အဘိုးလေး ဆရာတော်က ကျောင်းဝင်းအတွင်း ပရိယတ္တိစာသင်တိုက် ဆောက်လိုကြောင်း လျှောက်ထားသောအခါ အဘိုးဆရာတော်ကြီးက...

"ဒီတောင်က ဂန္ဓာရီလမ်းပါတဲ့တောင် ဖြစ်တယ်။ ပရိယတ္တိသက်သက် လုပ်လို့မရဘူး" ဟု တားမြစ်ခဲ့ဖူး၏။

ဓာတ်နန်းအရှေ့တွင် ဇော်ဂျီအရုပ်နှင့် နဂါးမအရုပ်ထုလုပ်စဉ်အခါကလည်း "ဓာတ်နန်းရှေ့မှာ ဇော်ဂျီအရုပ်နဲ့ မိန်းမအရုပ်ထားတာ မကောင်းပါဘူး တပည့်တော် စိတ်ညစ်တယ် ဘုရား"

"ဟဲ့ နန္ဒ... နင် ဘာမှမသိဘဲ မတောက်တခေါက်လောက် တတ်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဘာမှ လျှောက်မပြောနဲ့။ မင်းတို့ဥဏ်တစ်မိုက် တစ်ထွာလောက်နဲ့ ငြင်းဖို့ သန်ရင် မိုက်ရာကျမှာပေါ့။ မင်းမနေချင်ရင် နန်းတော်ကျွန်းကို ပြန်၊ ဝိဇ္ဇာ ဂန္ဓာရီလမ်းနှင့် အောင်မြင်မှာ။ ငါ ပြောတာနားထောင်"

နှစ်ရက်ခန့်အကြာ အဘိုးလေးသွေးအန်လေသည်။ အဘိုးက···

"နောက်ဆို ဆင်ခြင်ပါ။ မပြစ်မှားမိစေနဲ့။ ဒီဒေသမှာ ရွှေဂျိုးဖြူ မူလခဲသိုက်ရှိပြီး ကျိုက်ထီးရိုးစေတီသမိုင်းနဲ့လည်း ဆက်သွယ်မှု ရှိတယ်။ နဂါးတွေနဲ့လည်း ပတ်သက်မှုရှိတယ်"

အဘိုးလေးလည်း အငြင်းပွားမှုကို ထပ်မံမပြောကြားဝံ့တော့ပါ။

ဟန်နဲ့ပန်နဲ့

အဘိုးဆရာတော်သည် ဟန်နဲ့ ပန်နဲ့ ဆိုသောစကားလုံးကို အမြဲသုံးစွဲခဲ့သည်။ အဖေကြီးဦးအေးဖေကလည်း ထိုစကားစုကို ဆက်လက် သုံးစွဲ၏။ ထိုစကားအဓိပ္ပာယ်မှာ···

"ဟန်ဆိုတာ သောကြာနံ၊ အရဟံဂုဏ်တော်ကို အတိုကောက် ပြောတာ၊ သောကြာနံ ၆ ဂဏန်းက အဘိညာဉ် ၆ ပါးကို ရည်ညွှန်းခြင်းဖြစ်တယ်။ အဘိညာဉ်ဆိုတာ စျာန်ပုဂ္ဂိုလ်တို့ရဲ့ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော အသိဉာဏ်ထူးဖြစ်တယ်"

"ပန်ဆိုတာကတော့ ကြာသပတေးနံ ၅ ဂဏန်း၊ ဗိုလ်ငါးပါးကို ရည်ညွှန်းတယ်။ သဒ္ဓါဗိုလ်၊ ဝီရိယ ဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် တို့ ဖြစ်တယ်။ ဆုကြီးပန်ပုဂ္ဂိုလ်လို့လည်း ဆို

အဘိုးဆရာတော်၏ဂူနန်းဗိဟန်တော်

www.burmeseclassic.com

www.burmeseclassic.com

လိုတယ်"

"ဟန်နဲ့ပန်နဲ့ ရည်ညွှန်းကဏန်း နှစ်ခုကို ပေါင်းရင် ၁၁ ရလို့ ၁၁ မီးငြိမ်းမယ့် အဓိပ္ပာယ်ပေါ့။ ဒီတိုင်းပြည်ဟာ ဇမ္ဗူဒီပါလက်ယာစောင်ကျွန်း နိမိတ်ထွန်းတဲ့ကျွန်း။ အောင်အတိတ် အောင်နိမိတ်နဲ့ ကောင်းတာပြောရင် ကောင်းတာဖြစ်မယ်။ ဒါကြောင့် ခုနစ်ရက်သား သမီး ဒကာ၊ ဒကာမအပေါင်းတို့က ဟန်နဲ့ပန်နဲ့ဆိုတဲ့ စကားအသုံးအနှုန်းကို အမြဲပြောကြပါ" ဟု အဘိုးဆရာတော်က မှာကြားခဲ့သည်။

နောက်ဆုံးတွင် ထိုစကားကို ကိုယ့်အိမ်မှာလည်း ပြောပါ။ ရုံးမှာလည်း ပြောပါ။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ပြောပါ။

"တို့တိုင်းပြည် ဟန်နဲ့ပန်နဲ့ ဖြစ်ရမယ်"

"ဟန်နဲ့ပန်နဲ့ ပြောရန် ဟန်နဲ့ပန်နဲ့ ဖြစ်မယ်"

"တို့တိုင်းပြည် ဟန်နဲ့ပန်နဲ့ ဖြစ်အောင် အားလုံးက ဟန်နဲ့ပန်နဲ့ပြော"

အဖေ ဘယ်ကပြန်လာသလဲ။

အမေ ဘယ်က ပြန်လာသလဲလို့မေးရင်

"ငါ ဟန်နဲ့ပန်နဲ့ ဂူးပြုကျောင်းက ပြန်လာတာ" လို့ ပြောပါ။ ထမင်းခူးခိုင်းတာတောင်...

"သားတို့ သမီးတို့ ထမင်းခူးပေး။ ဖေဖေတို့ ထမင်းဆာပြီ။ ဟန်နဲ့ပန်နဲ့ စားလိုက်ကြစို့" ဈေးသွားမယ်ဆိုရင်တောင်...

"ဖေဖေတို့ ရူပါမားကက်ကို ဟန်နဲ့ပန်နဲ့ သွားမယ်" လို့ ပြောပါ။ အဲဒါဟာ ဓာတ်ဆင်လိုက်ခြင်းပါပဲ" ဟု အဖေ



www.burmeseclassic.com

www.burmeseclassic.com

ကြီး ဦးအေးဖေ (ဘဒ္ဒန္တအဂ္ဂသာရ)က တစ်ဆင့် ပြောပြပါသည်။

×××

အဘိုးဆရာတော်ကြီးသည် မော်လမြိုင်၊ ဘီလူးကျွန်းသို့ ကြွရောက်ပြီး စေတီတည်ခဲ့သည်။ နဂါးဖန်ချက် စက်ရုံပိုင်ရှင်များအား ဖန်စက်တော်ရာ ရှစ်ဆူ ပြုလုပ်စေ၍ ပြည်တွင်း၌ လှူဒါန်းခဲ့သည်။ သထုံမြို့ မြသပိတ်တောင်သို့ ကြွ၍ ဖန်စက်တော်ရာလှူသည်။ မြသပိတ်တောင်စေတီတွင် အဘိုးဆရာတော်၏ ဓာတ်စခန်းတစ်ခုလည်း ရှိ၏။ ဂျိုးပြူသာသနာ့နယ်မြေရှိ သမီးတော်များ ရှေ၌လည်း မြစက်တော်ရာ တစ်ဆူ ရှိသည်။ ထို့ပြင် အမေရိကန်ရှိ ဦးသန့်ထံသို့လည်းကောင်း၊ တြိဂံနယ်မြေရှိ မိုင်းဖုန်းဆရာတော်ထံသို့လည်းကောင်း ဖန်စက်တော်ရာ တစ်ဆူစီ ပေးပို့ခဲ့သည်။ ကျပန်နိုင်ငံ မိုဂျီတောင်ရှိ ကမ္ဘာအေးစေတီတွင်လည်း တစ်ဆူပေးပို့ လှူဒါန်းထားသည်။

ကျပန်နိုင်ငံရှိ ဗုဒ္ဓဘာသာမှာ မဟာယနဖြစ်၍ ထေရဝါဒ ဗုဒ္ဓသာသနာ ဖြစ်စေရန် "ကျပန်ကို ဗုဒ္ဓခြေတော်ရာ နှင်းရမည်" ဟူ၍ အဘိုးက မိန့်ကြားဖူးသည်။ မိုဂျီကိတကျူရူးကျွန်းတွင် စစ်လေ့ကျင့်ကြေးအဖြစ် ကျပန်တို့က ပေးထားသော "ကမ္ဘာအေးစေတီ" တစ်ဆူ ရှိသည်။ မြန်မာသင်္ဘောသားများ ကျပန်သို့ သွားလျှင် ထိုဘုရားကို ဦးစွာဖူးရလေ့ ရှိသည်။ ယင်းဘုရား၏ ထီးတော်မှာ သံဖြင့် ပြုလုပ်ထားသဖြင့် ပင်လယ်ရေငန် ရိုက်



ငွေထည်ပန္စည်းများ

www.burmeseclassic.com

www.burmeseclassic.com

ခတ်မှုကြောင့် ယိုယွင်းလာပြီး ထီးတော်အသစ်တင်လှူရန် ဝိုင်အမ်ဘီအေ (YMBA) အသင်းဥက္ကဋ္ဌ ဦးအုန်းခိုင်ထံ ဂျပန်မြန်မာအသင်းက အကူအညီတောင်းခံခဲ့သည်။ အဘိုးဆရာတော်ထံလည်း ဖိတ်စာရောက်လာသည်။ ထိုစဉ်က ဦးနုအစိုးရလက်ထက် ဖြစ်သည်။ အဘိုးဆရာတော်က ဦးအုန်းခိုင်နှင့် အဖေကြီး ဦးအေးဖေတို့ကို ခေါ်ပြီး...

"မင်းတို့ ငါနဲ့ ဂျပန်ကိုလိုက်ခဲ့ကြ။ နာမည်စာရင်းပေးထားပြီးပြီ"

"တပည့်တော်တို့က အစိုးရဝန်ထမ်း ဖြစ်နေတယ်။ အရှင်ဘုရား ခွင့်ပြုရဲ့သက်သက်နဲ့ ရနိုင်ပါ့မလား ဘုရား" အဖေကြီး ဦးအေးဖေ ပြောကြားသည်ကို...

"မပူနဲ့၊ ငါ အကျိုးအကြောင်း ပြောထားမယ်"

ထို့နောက် ဘက်ဆိုင်ရာက ဂျပန်သွားခွင့် ခွင့်ပြုချက်ကျလာသည်။ ဂျပန်ကမ္ဘာအေးစေတီအတွက် တင်လှူမည့် ထီးတော်အသစ်ကို စီမံပြီးသော အခါ ရန်ကုန်မြို့တွင် တစ်ပတ်တိတိ လှည့်လည် အပူဇော်ခံခဲ့သည်။ ဂျပန်နိုင်ငံတွင်လည်း အလှူရှင်တို့က စေတနာသဒ္ဓါထက်သန်စွာနှင့် လှူဒါန်းကြရာ ဂျပန်ယန်းငွေ သန်း ၄၀ ရပြီး ရန်ကုန်မြို့မှ အလှူရှင်များကလည်း လှူဒါန်းမှုငွေ မြန်မာကျပ်ငွေ သန်း ၄၀ ရလေသည်။

မူလစီစဉ်ထားသည်မှာ ဂျီးမြို့ အဘိုးဆရာတော်ကိုယ်တိုင် ဦးအုန်းခိုင် ဦးအေးဖေ တို့နှင့်အတူ ဂျပန်သို့ လိုက်ရန် ဖြစ်သော်လည်း မသွားဖီရက်အနည်း



www.burmeseclassic.com

www.burmeseclassic.com

ငယ်အလိုတွင်...

"ငါ အစည်းအဝေးသွားစရာ ရှိတယ်။ ဂျပန် မကြွနိုင်တော့ဘူး။ အဲဒီတော့ ငါ့ကိုယ်စား ဦးအုန်းခိုင်နဲ့ ဦးအေးဖေတို့က သွားပေးရမယ်" ဟု မှာကြားပါသည်။

YMBA ဥက္ကဋ္ဌဦးအုန်းခိုင်နှင့် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးဖေတို့သည် အဘိုးဆရာတော်မပါဘဲ ဂျပန်သို့ သွားရမည့် အရေး စိတ်ပူပင်လျက်ရှိသည်။ သို့ရာတွင် ခရီးစဉ်အစဖြစ်သော ထိုင်းနိုင်ငံသို့ လေယာဉ်ရောက်ရှိစဉ် လေဆိပ်တွင် ထိုင်းဘုရင့်သမီးတော် သီရိခုဉီးဝီးသော ပရိတ်အဖွဲ့က ခမ်းနားစွာ ခရီးဦးကြိုပြုကြသည်။ ထိုင်းနိုင်ငံ "ဒုဆစ်ဒန်ဂီ" ဟိုတယ်တွင် တည်းခိုရ၏။

ထိုင်းတွင် ထီးတော်အား သုံးရက်အပူတော်ခံပြီး တရုတ်နိုင်ငံမှ ဘုန်းတော်ကြီးများ ကြွရောက်ကာ ဖိတ်ခေါ်သဖြင့် တရုတ်နိုင်ငံသို့ ဆက်လက် ထွက်ခွာရသည်။ အဘိုးဆရာတော်ကြီးက အားလုံးစီစဉ်မှာကြားထားခြင်း ဖြစ်သည်။ တရုတ်နိုင်ငံ ပီကင်းမြို့ရှိ King ဟိုတယ်တွင် တည်းခိုရ၏။ တရုတ်တွင် အပူတော်ခံပြီးမှ ဂျပန်သို့ ဆက်လက် ထွက်ခွာရာ ဖူကူးကား သို့ ဦးစွာရောက်ရှိသည်။ ထိုမှတစ်ဆင့် မိုဂို၊ ကီတကျူရှူးကျွန်း၊ မိဂရီပါခ်၊ ပန်းဥယျာဉ်အနီးမှ ကမ္ဘာအေးစေတီသို့ ရောက်ရှိသည်။ ထီးတော်၊ စိန်ဖူးတော် တင်လျှူပူတော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ အစီအစဉ်အတိုင်း အောင်မြင်စွာ ကျင်းပခဲ့သည်။

အဘိုးဆရာတော်အိပ်ရာ

www.burmeseclassic.com

www.burmeseclassic.com

ရွှေဟောင်းရုပ်ပွားတော် သိုက်ဘုရားများ

ရှေးနှစ်ပေါင်းများစွာကပင် မင်းစဉ်မင်းဆက်၊ ဆရာတော်အစဉ်အဆက် ကိုးကွယ်ခဲ့သော ရှေးဟောင်းရုပ်ပွားတော်များ၊ ဘုန်ဖိုယဆိုင်ရာ သိုက်ဘုရားကိုးဆူကို အဘိုးဆရာတော်က အဖေကြီး ဦးအေးဖေထံ လွှဲပြောင်းပေးခဲ့ပါသည်။ လက်ရှိအခြေအနေတွင် မြန်မာမြည်အနှံ့ အပူတော်ခံကြွလျက် ရှိပါသည်။

စိန်ပြောင်ထိန်လင်း သိုက်ဘုရား၊ လာဘမုန်ရုပ်ရှင်တော်မြတ်

မြတ်စွာဘုရား၏ ဓာတ်တော်များ၊ ဂမုန်းပေါင်းများစွာနှင့် ဌာပနာထားသည်။ သီတင်းသုံးသည့်နေရာမှာ ပဲခူးရိုးမအလယ် သိုက်ပေါင်း ၁၉၉ သိုက်၊ တံခါးပေါင်း ၁၉၉ တံခါး၊ စေးပေါင်း ၁၉၉ စေးတို့ စုပေါင်းဝန်းရံတည်ရှိသော စိန်ပြောင် ထိန်လင်းသိုက်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူသည်။ ဂျီးပြူအဘိုးဆရာတော်ကြီး မိန့်ကြားခဲ့သည့်အတိုင်း ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် ကြာသပတေးနေ့ နံနက် ၉ နာရီတွင် ပဲခူးရိုးမရှိ ရသေ့ကြီး ဦးဂဏ္ဍန္ဓာဝံသထံမှ အဖေကြီး ဦးအေးဖေ၏ နေအိမ်ဓာတ်နန်းသို့ ပင့်ဆောင်ပြီး လှူဒါန်းပေးအပ်ခဲ့သည်။

ရွှေတောင်ငွေဗတာင် မဟာဓနသိဒ္ဓိ ပတ္တမြားမှော်ရှင် မဟာမုနိ ရုပ်ရှင်တော်မြတ်

၁၉၉၁-၉၂ ခုနှစ်က ရတနာမာန်အောင် ရွှေဗျိုင်းနား ဆရာတော်၏

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာဓာတ်ဖြင့် ရွှေတောင်မြို့ ရှမ်းလမ်းဒကာ ဦးထွန်းအောင်အိမ်တွင် ခေတ္တပူဇော်ထားခဲ့သော ဗုဒ္ဓရုပ်ပွားတော်မြတ်ဖြစ်သည်။ ဗုဒ္ဓ၏ဓာတ်တော်များ၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်တို့၏ ဓာတ်တော်များ၊ ဂမုန်းပေါင်းတစ်ထောင် ဓာတ်တော်များ ဌာပနာထားသည်။ ယင်းရုပ်ပွားတော်အား ပတ္တမြားသင်္ကန်းသာလျှင် လှူထားကြောင်း သိရသည်။

ကန်တော်မင်သိုက်ဘုရား၊ ဝိဇယာမဟာမြတ်မုနီဘုရား

၁၉၆၉-၇၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်နေ့ (၁၃၃၁ ခုနှစ် အတွင်း) တွင် ဂျိုးဖြူအဘိုးဆရာတော်ကြီးသည် အမှတ် (၉၃) အင်းလျားလမ်းရှိ အဖေကြီး ဦးအေးဖေ၏ မဟိဒ္ဓိဓာတ်နန်းသို့ ကြွလာစဉ် အမျိုးသမီးနှစ်ဦး လှူဒါန်းခဲ့သော ကြေးဆင်းတုရုပ်ပွားတော်မြတ်ဖြစ်သည်။ ယင်းညီအစ်မနှစ်ဖော်သည် ရွှေတိဂုံစေတီအနီး ကန်တော်မင်သိုက်မှ ဖြစ်ပြီး မမင်းစိန် မမင်းသိမ်းတို့ ဖြစ်ကြောင်း အဘိုးဆရာတော်က မိန့်ကြားခဲ့သည်။

ရွှေဂျိုးဖြူမူလခဲသိုက်ဘုရား

၁၉၇၅ ခုနှစ်ခန့်က ဂျိုးဖြူအဘိုးဆရာတော်ကြီးက အဖေကြီး ဦးအေးဖေ၏ အင်းလျားလမ်းနေအိမ်သို့ ကြွရောက်စဉ် ရွှေဂျိုးဖြူ မူလခဲသိုက်အတွင်း၌ အမြဲ

မြဲကန်သာရေကန်တော်ကြီးနှင့် ရှင်ဥပဂုတ္တ ရဟန္တာကြီးများ
သိတင်းသုံးရာဝံကျောင်းပြာသာဒ်တော်

www.burmeseclassic.com

www.burmeseclassic.com

သီတင်းသုံးခဲ့သော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား အများဖူးမြော်ကြည်ညိုစေရန် ချီးမြှင့်သွားခဲ့သည်။ ပါရမီရှင်အပေါင်းတို့သည် ငါးပါးသီလခံယူ၍ ဆီမီး၊ ရေချမ်း၊ ပန်းတို့ လှူဒါန်းပူဇော်ကာ ဆုတောင်းပါက အကြံအစည်ကောင်းများ အောင်မြင်ပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုး ပြည့်စုံနိုင်ကြောင်း မိန့်ကြားခဲ့သည်။

ရာဇဘိသေက၊ ဘေသဇ္ဇဂုရမုဒြဆေးသိဒ္ဓိ လာဘမုနီ

ရခိုင်ဘုရားတစ်ဆူဖြစ်ပြီ ရှေးကျသော မုဒြာမျိုးဖြစ်၏။ လက်ဝဲ လက်တော်တွင် ဆေးအိုးကိုကိုင်၍ ညာဘက် လက်တော်၌ ဆေးသိဒ္ဓိပြည့်ဝသော ဇဂြူသီးကိုင်ထားဟန်ဖြစ်သည်။ ရေဘေး၊ မီးဘေး၊ လေဘေး ကပ်ဘေး အမျိုးမျိုး လွတ်ကင်းနိုင်ကြောင်း သောက်တော်ရေ၊ သစ်သီး၊ ဆီမီးတို့ အဓိဋ္ဌာန်လှူဒါန်းပြီး သောက်တော်ရေစင်ကို သောက်သုံးပါက ဝေဒနာများ ပျောက်ကင်းစေနိုင်ကြောင်း အဘိုးဆရာတော်ကြီးက မှာကြားခဲ့သည်။

ရှင်စောပုဘုရင်မကြီး၏ ကျိုက်မရော အလိုတော်ပြည့် ရုပ်ရှင်တော်မြတ်

ဓမ္မစေတီ၊ ဓမ္မပါလလက်ထက် ဘုရင်မကြီးရှင်စောပု၏ ဘုမ္မိယသိုက်ဘုရားဖြစ်သည်။ ကျိုက်မရော သိုက်နှင့် ပတ်သက်ပြီး ဘုရင်မကြီး နန်းစဉ်ကိုးကွယ်ခဲ့ပြီး ဆယ်တောင်ပြည့်ဘုရား ဒကာကြီး

နဂါးနှီရေကန်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဦးလှညွန့်၊ ဒေါ်ခင်စောတို့မှတစ်ဆင့် ၁၃၅၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်တွင် အဖေကြီး ဦးအေဖေး၏ နေအိမ် ဓာတ်နန်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အာဟာရသိဒ္ဓိရပ်ပွားဆင်းတုတော်

တန်ခိုးကြီးသော ရပ်ပွားတော်ဖြစ်သည်။ ကုန်းဘောင်ခေတ် သာယာဝတီမင်းလက်ထက် အနောက်နန်းမတော် မိဖုရားမမြလေးနှင့် သမီးတော် လှိုင်ထိပ်ခေါင်တင် မင်းသမီးတို့မှစ၍ အစဉ်အဆက် ကိုးကွယ်ခဲ့ကြသည်။ နန်းမတော်မမြလေး၏ အဆက်အနွယ်ဖြစ်သော အမေကြီး ဒေါ်ခင်မြသိန်း၏ အဘိုးအဘွားလက်ဝယ်သို့ အစဉ်အဆက် ရောက်ရှိကိုးကွယ်ခဲ့သည်။ အဘိုးဆရာတော်ကြီးအား လှူဒါန်းခဲ့ပြီးနောက် အနေကဇာအထပ်ထပ်တင်ခဲ့သည်။ ဤရပ်ပွားတော်ကို ကိုးကွယ်သောအိမ်တိုင်း၌ ဆန်၊ ဆီ၊ ဆားပေါများနိုင်ကြောင်း အဘိုးက မိန့်ကြားခဲ့သည်။

ဂျပန်ရှေ့ပုံကြီး ငွေပုံကြီးဆုတောင်းပြည့်

ဘုရား

ယင်းဆင်းတုတော်သည် ဂျပန်နိုင်ငံ၊ နာရာခရိုင်နှင့် အိုဆာကာ ခရိုင်နယ်စပ်တွင်ရှိသော Miroku Bosatsu ဘုရားလောင်းရပ်ပွားတော်၏ ဆင်းတုပွားတစ်ဆူဖြစ်၏။ မူလရပ်ပွားတော်ကို ရှေးမေဂျီခေတ်မှစ၍ မင်းအဆက်ဆက်ကိုးကွယ်ခဲ့ကြသည်။ ဆင်းတုပွားမှာ မူလရပ်ပွားတော်နှင့်အတူ နှစ်ပေါင်းများစွာ ကိန်းဝပ်စံပယ် ခဲ့သည်။ အဖေကြီး ဦးအေးဖေ အိုဆာကာရှိ နိုင်ငံခြားဘာသာသင်တက္ကသိုလ်တွင် ဧည့်ပါမောက္ခတာဝန် ထမ်းဆောင်စဉ် ဂျပန်ဘုန်းတော်ကြီးတစ်ပါးက လှူဒါန်းခဲ့သော

ရာဇယတန စင်းလွန်းပင် စေတီတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပွားဆင်းတုတော် ဖြစ်သည်။

နဂါးရုံပြဒါးဘုရား

ဂျိုးဖြူအဘိုးဆရာတော်ကြီး နှစ်ပေါင်းများစွာ ကိုးကွယ်ခဲ့သော ဆင်းတုတော်ဖြစ်၏။ ဗုဒ္ဓဓာတ်တော်များ ဌာပနာပြီး ပြဒါးဝိဇ္ဇာများက အထူး အဓိဋ္ဌာန်ဖြင့် သွန်းလောင်းပူဇော်ခဲ့ကြခြင်း ဖြစ်သည်။ ဘောဂဝတီနဂါးသိုက်များအတွက် အထူးအဓိဋ္ဌာန်ဖြင့် ပူဇော်ဆုတောင်းလျှင် ရွှေငွေရတနာများ တိုးပွားလာစေနိုင်သော လောကီသိဒ္ဓိများ ရရှိစေနိုင်သော ရုပ်ပွားတော်ဖြစ်ကြောင်း အဘိုးဆရာတော်ကြီးက မိန့်ကြားခဲ့သည်။

ဂျိုးဖြူအဘိုးဆရာတော် အရှင်အာဒိစ္စဝံသ ထွက်တော်မူခြင်း

အဘိုးဆရာတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၃၄၁ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် ကြာသပတေးနေ့ ည ၁၀ နာရီခန့်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ မဟာသီဝသုမင်္ဂလ ဓာတ်နန်းကျောင်း အဆောင်အပေါ်ထပ် အိပ်ခန်းထဲတွင် တံခါးပိတ်၍နေထိုင်ပြီး နှစ်ထပ်ဆောင် အောက်ဘက်တံခါးမကြီး ကိုပါ ပိတ်ထားသည်။ နှစ်ရက်တိုင်တိုင် ဆွမ်းစားမကြွသဖြင့် အပြင်မှ အော်ခေါ်သော်လည်း မထူးခြားသောကြောင့် ဝါးလှေကားဖြင့် ဆရာတော်ကြီး၏ အခန်းဘေးသို့ ထောင်တက်ကာ သံဇကာများ တရုတ်ကပ်မှန်များကို ဖျက်ပြီး အခန်းတွင်းသို့ ဝင်ရသည်။

အတုမရှိသားတော်များ ဆုတောင်းပြည့်စေတိတော်
(ရွှေတိဂုံပုံတူစေတိတော်)

www.burmeseclassic.com

www.burmeseclassic.com

ဘဲ ယခင်အတိုင်းခင်းကျင်းထားသည်။ အဘိုးဆရာတော်ကြီး၏ အိပ်ခန်းတွင် သော့နှစ်လုံးတပ် ရှေးခေတ်သုံး မီးခံ သေတ္တာကြီး တစ်လုံး ရှိသည်။ သေတ္တာ အတွင်း၌ ရှေးခေတ်သုံး ကျွဲဘုရင်ခေါင်း ပါ ငွေအကြွေစေ့များ၊ ကျပ်ပြားဝိုင်းများ၊ ငွေထည်အသုံးအဆောင်များ သိမ်းဆည်း ထားသည်။ ငွေထည်ပစ္စည်းအချို့ ဖြစ် သော ငွေခေါင်းလောင်း၊ ငွေခွက်မျိုးစုံ၊ ဓ ပေ အရည်ငွေကြိုး ဘုရောင်း၊ ငွေထုံးခွက် စသည်တို့နှင့် အောက်လမ်းဆရာများထံ

အဘအောင်မင်းခေါင် ထွက် ရပ်မြန်းခဲ့သောရက်နှင့် ဆင်တူသော အချက်များရှိ၏။ အဘအောင်မင်းခေါင် သည် တော်သလင်းလပြည့်ကျော် ၂ ရက်တွင် ထွက်ရပ်မြန်းခဲ့ပြီး အဘိုး ဆရာ တော်မှာလည်း တော်သလင်းလဆန်း ၂ ရက်တွင်ပင် ထွက်ရပ်မြန်းသွားသည်။

ကျွန်ုပ်အဘိုးဆရာတော် အသုံး ပြုခဲ့သည့် ခုတင်၊ အိပ်ရာ၊ ခြင်ထောင် စသည့် အသုံးအဆောင်တို့ကို ဖုန်ခါ သန့်ရှင်းရေးပြုလုပ်ရုံမှအပ မလျော်မဖွတ်

ဆရာတော်ကြီးသည် ခုတင် ခြေရင်းတွင် ထိုင်လျက် ခုတင်ကို မီကာ တင်ပျဉ်ခွေအနေအထား (ဘယ်ဒူးထောင်၊ ဘယ်လက်ဒူးပေါ်တင်၊ ညာဒူးလဲ့၊ ညာ လက်ဒူးပေါ်တင်လျက် လက်နှစ်ဖက်ထဲ ၌ စိတ်ပုတီး ကိုင်ကာ တင်ပျဉ်ခွေထိုင် လျက်သား)ဖြင့် ဦးခေါင်းညာဘက်စောင်း လျက် အရိယပတ္တပုံတော်ဆန်းဖြင့် ဘဝ နှတ်ထံ ပျံလွန်တော်မူသည်။ ပျံလွန်တော် မူချိန်တွင် သက်တော် ၈၅ နှစ်ရှိပြီ ဖြစ် ၏။

ပုဒ္ဓဖြစ်တော်ပေါင်း ၁၆ ဆူ စေတီတော်များ

www.burmeseclassic.com

www.burmeseclassic.com

မှ ဆေးကုပြီး အလှူခံထားသော ကဝေ
ဒုပ်များကို မှန်ဗီရိုအတွင်း သိမ်းဆည်း
ထား၏။ ၎င်းကဝေရုပ်များကို အောက်
လမ်း ပညာသည်တို့က အောက်လမ်း
နည်းဖြင့် လူများကို ဒုက္ခပေးစဉ် အဘိုး
ဆရာတော်က...

"မင်းတို့ အဝီစိချီးကျမယ်။
ထုပ်မစားရဘူး။ ငါ့ကို အကုန်အပ်"ဟု
ဆိုကာ သိမ်းဆည်းထားသော အရုပ်များ
ဖြစ်သည်။

အိပ်ခန်းတွင်း အခြားမှန်ဗီရိ
ထဲတွင် ဖိုထိုးရှိရခဲ့သော ဆေးအစီအရင်
များ၊ သိုက်နန်းကပေးသော ဆေးများ၊
အဘိုးဆရာတော်ကိုယ်တိုင် ဖော်စပ်ထား
သော ဆေးများရှိသည်။ အဘိုးသည်
ကွမ်းလည်းစား ဆေးလိပ်လည်း သောက်
သကဲ့သို့ ဆေးဖော်ခြင်း၊ ဖိုထိုးခြင်းတို့ကို
လည်း လုပ်ဆောင်၏။ အဘိုးအသုံးပြုခဲ့
သော ပိန္နဲခေါက်ရောင် သက်နန်းနှင့်
သက်နန်းထည့်သော ခရီးဆောင်သေတ္တာ
ငယ်လည်း ရှိသည်။

ဂူနန်းဗီမာန်

မြန်မာသက္ကရာဇ် ၁၃၄၁ ခုနှစ်
တော်သလင်းလဆန်း ၂ ရက်၊ ခရစ်နှစ်
၁၉၇၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့
တွင် ဘဝနတ်ထံ ပျံလွန်တော်မူသော
ဂိုးပြေအဘိုးဆရာတော် အရှင်အာဒိစ္စဝံသ
၏ ရုပ်ကလာပ်တော်အား ဓာတ်နန်း -
ကျောင်း၏ ခေါင်းရင်းဘက်၌ ဂူနန်းဗီမာန်
ဆောက်၍ ပူဇော်ခံထားရှိသည်။ အဘိုး
၏ ရုပ်ကလာပ်ကို ကျွန်းမှန်အခေါင်းဖြင့်
ထည့်ပြီး အုတ်တိုင်ကလာပ်ပေါ်တင်ထား

သိကြားမင်းကောင်းမူတော် ရတနာမာန်အောင်
နှီးဘုရားရုပ်မွားတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

၍ အုတ်တိုက်အတွင်း အလုံပိတ်ထားသည်။ အခေါင်း၏ ခေါင်းရင်းဘက်နှင့် ခြေရင်းဘက်တို့တွင် အုတ်ပြားတစ်လွှာစာ အပေါက်သုံးခု ဖွင့်ထားသဖြင့် ဖူးမြော်ကြည့်ရှုနိုင်သည်။ အုတ်တိုက်အတွင်း အခေါင်း၏ခေါင်းရင်းနှင့် ခြေရင်းတို့တွင် ၄၀ ဝပ်မီးလုံးတစ်လုံးစီကို ချိတ်ဆွဲထားသည်။ အဘိုးဆရာတော်၏ ခြေဖဝါးတော်နှစ်ဖက်သည် အသားမကြွေသေးဘဲ ခြောက်ကပ်နေသည်။

ဆရာတော်ဘဒ္ဒန္တအဂ္ဂသာရ၏ အတ္ထုပ္ပတ္တိ အကျဉ်း

ကျိုက်ဖြူတောင်သာသနာ့ပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဆရာတော်ဘဒ္ဒန္တအဂ္ဂသာရ (အဖေကြီး ဦးအေးဖေ) သည် ကျိုက်ဖြူအဘိုးဆရာတော်ကြီး အရှင်အာဒိစ္စဝံသ၏ သားတုပည့်တစ်ဦးဖြစ်ပြီး အဘိုးဆရာတော်ကြီး ချမှတ်ခဲ့သော သာသနာပြုလုပ်ငန်းများကို ဆက်လက်ဖော်ဆောင်နေသူ ဖြစ်ပါသည်။

အဖေကြီး ဦးအေးဖေကို ပြည်ခရိုင်၊ ရွှေတောင်မြို့တွင် အဖ ဦးလူငယ် အမိ ဒေါ်ထယ်တို့က မြန်မာသက္ကရာဇ် ၁၂၉၂ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက် (ခရစ်နှစ် ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်) တနင်္ဂနွေနေ့ ည ၆ နာရီ၌ မွေးဖွားခဲ့သည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာများကို ရွှေတောင်မြို့တွင် သင်ယူ၍ ၁၉၄၉ ခုနှစ်တွင် စမ်းချောင်းမြို့ မအူပင်လမ်းရှိ ဒေါ်မကြီး အလွတ်ပညာသင်ကျောင်းမှ မြန်မာစာ

အောင်မြေ

www.burmeseclassic.com

www.burmeseclassic.com

နှင့် အင်္ဂလိပ်စာဂုဏ်ထူးဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၅၃-၅၄ ခုနှစ်တွင် ဥပစာတန်းအောင်၍ ၁၉၅၆ ခုနှစ်တွင် ဝိဇ္ဇာတွဲ (BA) ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန

တွင် အချိန်ပြည့်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ရင်း ဥပဒေပညာကို လေ့လာကာ ၁၉၆၀ ပြည့်နှစ်တွင် ဥပဒေတွဲ (B.L) ရရှိသည်။ ၁၉၆၂ ခုနှစ်တွင် မန္တလေးသူ၊ အမေကြီး ဒေါ်ခင်မြသိန်းနှင့်

လက်ထပ်ပြီး မောင်ထိန်လင်းအမည်ရှိ သားတစ်ဦးထွန်းကားခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ရင်း မဟာဝိဇ္ဇာတန်းကို ဆက်လက်သင်ယူကာ ၁၉၆၅-၆၆ ခုနှစ်တွင် လက်ထောက်ကထိကအဖြစ် လုပ်ကိုင်သည်။ ၁၉၆၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်ပြောင်းရွှေ့၍ နိုင်ငံခြားသားများကို မြန်မာစာသင်ကြားရသည်။ ၁၉၇၃ ခုနှစ်တွင် မဟာဝိဇ္ဇာတန်းအောင်၍ M.A ဘွဲ့ရရှိသည်။ ၁၉၈၃ ခုနှစ်တွင် ပညာရေးဌာန၏ တာဝန်ပေးမှုအရ ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ နိုင်ငံခြားဘာသာတက္ကသိုလ် (Osaka University of Foreign Study Japan) တွင် မြန်မာစာသင်ကြားပေးရန် ဦးပါမောက္ခအဖြစ် ၁၉၈၉ ခုနှစ်အထိ ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ဂျပန်နိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်အတွင်း မဟာဝိဇ္ဇာ(မြန်မာစာ) သင်တန်းများအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ အဘိဓာန်ပြုစုခြင်း၊ မြန်မာ

ရှင်အရဟံနှင့် အနော်ရထာမင်းကြီးရပ်ထု

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြည့်

www.burmeseclassic.com

www.burmeseclassic.com

အဖေကြီးသည် သက္ကဝတီ ကျိုးဖြူတောင်ရှိ ရေသိမ်တော်ကြီးတွင် ဆရာတော်ဘဒ္ဒန္တစက္ကိန္ဒမဟာထေရ (အား ဥပဇ္ဈာယ်ပြုကာ ၁၃၆၅ ခုနှစ်၊ တန်ခူး လဆန်း ၆ ရက် (၇-၄-၂၀၀၃) တနင်္ဂ နေ့ နံနက် ၈ နာရီ ၁၅ မိနစ်၌ ရဟန်း ကျော် ၁၀ ရက် (၂၂-၃-၁၉၉၈) တနင်္ဂ နေ့နေ့တွင် မကွေးတိုင်းဒေသကြီး၊ ကံ မြို့၊ ထုံးကြီးကျောင်းတိုက်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ ကောဝိဒက အဖေကြီး ဦးအေးဖေအား ပြဟ္မဏသူတော်စင်ဘွဲ့ ချီးမြှင့်ခဲ့သည်။


သိဒ္ဓိတ္ထမင်းသား ဖွားဖြိုးတော်မူခန်း

စာပေသမိုင်း ဘာသာပြန်ခြင်းတို့ကိုပါ ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန် လည်ရောက်ရှိသောခါ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရင်း ၁၉၉၅ ခုနှစ်၌ အငြိမ်းစားယူခဲ့သည်။

အငြိမ်းစားယူပြီးနောက် အဖေ ကြီး ဦးအေးဖေသည် အမှတ် (၄၇/ခ)၊ ပြည်ထောင်စုလမ်း၊ ဗဟန်းမြို့နယ်နေ အိမ်တွင် ဓာတ်နန်းဖွင့်ပြီး ခုနစ်ရက် သားသမီးများကို အယုတ်အလတ် အမြတ် မရွေး ကယ်ဆယ်ကူညီပေးကာ အေးချမ်းစွာ သာသနာပြုလျက်ရှိသည်။

ထို့ပြင် ရှေးမင်းအဆက်ဆက်၊ ဆရာတော်အစဉ်အဆက် ကိုးကွယ်ခဲ့ သော ရှေ့ပောင်းသမိုင်းဝင် ရုပ်ပွားတော် များ၊ ဘုရှိယဆိုင်ရာသိုက်ဘုရားများအား ခုနစ်ရက်သားသမီးတို့၏ နေအိမ်သို့ ကြွ ချီ အပူတော်ခံကာ အန္တရာယ်ကင်း ဘေး ရှင်း၊ စီးပွားလာဘ်လာဘများ တိုးပွား စည်ပင်စေရန် ဆောင်ရွက်ခဲ့သည်။

၁၃၅၉ ခုနှစ်၊ တပေါင်းလပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဘဏ္ဍိုရောက်ရှိသည်။ ဘွဲ့အမည်မှာ ရှင်အဂ္ဂသာရဖြစ်သည်။

ဆရာတော်ဘဒ္ဒန္တအဂ္ဂသာရ (အဖေကြီး ဦးအေးဖေ)၏ သာသနာပြုလုပ်ငန်းများ

ဆရာတော် ဘဒ္ဒန္တသာဂရ (အဖေကြီး ဦးအေးဖေ)၏ သာသနာပြုလုပ်ငန်းများတွင် ဆောင်ရွက်ပြီးဖြစ်သော သာသနိက အဆောက်အအုံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) မြကန်သာရေကန်တော်ကြီး

(ခ) နဂါးနီရေကန်တော်ကြီးနှင့် သမီးတော်များ ဆုတောင်းပြည့် စေတီတော်။ (သမီးတော်များ ဘုရားရှိ နဂါးခေါင်းကို ခန္ဓာကိုယ်ပိုင်းဆက်ကာ ရေကန်ကို တူးဖော်ခြင်းဖြစ်၏)

(ဂ) ၂၀၀၃ ခုနှစ်တွင် မဒ္ဓလိန္ဒာ နဂါးရံရပ်ပွားတော်ကြီးနှင့် နှင့် ရှင်ဥပဂုတ္တရဟန္တာကြီးများ သီတင်းသုံးရာစံကျောင်း ပြာသာဒ်တော်။

(ဃ) ၁၇-၁၀-၂၀၀၂ တွင် ရာယောတန လင်းလွန်းပင် စေတီတော်ကြီး။

(င) ၂၀၁၁ ခုနှစ်တွင် အတုမရှိသားတော်များ ဆုတောင်းပြည့် စေတီတော် (ရွှေတိဂုံတူ စေတီတော်)။

(စ) ၁၀-၁၂-၂၀၀၄ တွင် ဗုဒ္ဓဖြစ်တော်ပေါင်း ၁၆ ဆူ စေတီတော်များ။


ခမ္မစကြာတရားဦးဟောတော်မူခန်း

www.burmeseclassic.com

www.burmeseclassic.com

(ဆ) သိကြားမင်းကောင်းမှုတော် ရတနာမာန်အောင် နီးဘုရား ရှစ်ပွားတော်ကြီး။

(ဇ) ၂၀-၃-၂၀၀၆ တွင် ရှင်အရဟံ နှင့် အနော်ရထာ မင်းကြီး ရုပ်တု။

(ဈ) သီဒွတ္ထမင်းသား ဖွားမြင်တော်မူခန်း။

(ည) ဓမ္မစကြာတရားဦး ဟောတော်မူခန်း။

(ဋ) နိမိတ်ကြီးလေးပါး မြင်တော်မူခန်း။

(ဌ) ပရိနိဗ္ဗာန်စံဝင်တော်မူခန်း။

(ဍ) အောင်ခြင်းရှစ်ပါး အောင်မြင်တော်မူခန်း (၁၂-၁-၁၉၉၃)

(ဎ) ၂၀၁၃ ခုနှစ်တွင် ရာဇမဏ္ဍိ ဒုဋ္ဌဂါကောင်းမှုတော် ပုံတူ အကျွတ်အလွတ်နှင့် ဝင့်ကြွားတော်ပြေစေတီ။

(ဏ) သစ္စာရေကန်တော်။

(တ) မေတ္တာရေကန်တော်။

(ထ) လေးမျက်နှာ ရှစ်ပွားတော်နှင့် စက်ဘီးတော်။

(ဒ) ဗောဓိပင်နှင့်အောင်မြေ။

(ဓ) ဂျပန် မြန်မာချစ်ကြည်ရေး အသင်း ညွှန်ကြားရေးမှူးချုပ် မစ္စတာနိုဘူကာဇာဖူဂျိဆာဒါ လှူဒါန်းသော သံစုံနာရီဖြင့် ၃-၁၁-၁၉၉၀ ၌ နာရီစင်ကြီး တည်ဆောက်သည်။

(န) ၂၅-၁၁-၁၉၉၆ တွင် အောင်နန်းရိပ်သာ ဥက္ကလာပမှာရုံကြီး။

(ပ) ၁၀-၇-၁၉၉၈ တွင် မြန်နန်းဘုံစံ


သံစုံနာရီစင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

နှစ်ထပ်ကျောင်းနှင့် ရတနာပုံဇရပ်။

(ဖ) ၂၀၀၃ ခုနှစ်တွင် မဟာသန္ဓမွဇောတိက နှစ်ထပ်စံကျောင်းတော်ကြီး။

(ဗ) ယောဂီများ တည်းခိုရာ ကျောင်းတော်။

(ဘ) ခွဲစိမ်းစားကျောင်းတော်။

(မ) ကျိုးဖြူတောရ သာသနာ့ရိပ်သာ။

(ယ) ၁-၁၂-၁၉၉၀ တွင် မစန္ဒာမသွန်တာ မသီတာတို့၏ ရုပ်တုနှင့် သိုက်နန်း။

(ရ) ၁-၁၂-၁၉၉၀ တွင် သိုက်နန်း ဗိမာန်သူဇာကန်နှင့် ရွှေကျိုးဖြူမူလခဲ၊ ဦးသာလာရ၊ ကရင်ငပု ရုပ်တုများ။

(ဝ) ၁၉၉၀ တွင် မုခဒ္ဒိုးရွှေဥ ကိုးမြို့ရှင် ရေငန့်ဝိုင်နန်းနှင့် ရုပ်တု။

(ဒ) ခင်ပွန်းကြီး ဆယ်ပါးဘုရား။

(ဓ) အမျိုးခေါ် အိုးပေါ်စေတီ။

(ဟ) မြစေတီတော်။

သာသနာ့အာဇာနည်ကြီးများ၏ ကိုယ်ကျိုးမဖက် စွမ်းဆောင်ချက်များကြောင့် သက္ကဝတီပြုဟောင်း ကျိုးဖြူတောင် သာသနာ့ရနယ်မြေတွင် စေတီများ၏ ဆည်းလည်းသံများ၊ တရားဓမ္မသံစဉ်များ ဖုံးလွှမ်းလျက်ရှိနေပါပြီ။ ရင်ကိုလည်း အေးမြစေပါသည်။

ထိုသာသနာပြုမှတ်တမ်းအား ရေးသားပူဇော်ခွင့် ရချိလည်း ကြည်နူးမိပါသည်။ မှတ်တမ်းမှတ်ရာများ၊ ဆရာတော်ကြီးများ၏ နှုတ်ပြောစကားများကို ဖတ်ရှုကြားနာကာ ဆီလျော်အောင် ရေးသားရသော်လည်း လိုအပ်ချက်များ ရှိနေဦးမည် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ ဗုဒ္ဓသာသနာ တည်တံ့ပြန့်ပွားစေရန် ကိုယ်ကျိုးမဖက် စွမ်းဆောင်ခဲ့ကြသော သာသနာ့အာဇာနည် ဆရာတော်ကြီးများကို ပူဇော်ရေးသားခြင်းဖြင့် သက္ကဝတီကျိုးဖြူတောင် သာသနာ့မြေတွင် ဟန်နဲ့ပန်နဲ့ သာသနာ့အလံတော်များ စိုက်ထူနေဦးမည် ဖြစ်ပါတော့သည်။

နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ခွန်သက်တင်ဆန်း

၈-၂-၂၀၁၆

ကိုးကားစာရင်း

၁။ ကျိုးဖြူအဘိုးဆရာတော်၏ သာသနာ့ပြုမှတ်တမ်း [အဘိုးလေး ဆရာတော် အရှင်နန္ဒဓဇ ပြုစုသည်]

၂။ ဆရာတော်ဘဒ္ဒန္တအင္ဂသာရ ထေရပ္ပတ္တိ [အရှင်ခေမာစာရ (ကျိုးဖြူတောရ) ရေးသားသည်]

၃။ အရိယာအန္ဓယ်ဝင် ဆရာတော်ကြီးများ [မြတ်ပွင့်ဖြူ ရေးသားသည်]

၄။ ဆရာတော် ဘဒ္ဒန္တအင္ဂသာရ (အဖေကြီးဦးအေးဖေ)၏ နှုတ်ပြော မှတ်တမ်း (အသံဖိုင်စီဒီ)

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးဆောင်းပါး

အပယ်မကျလေးဌာန မြေမြတ်မဟာမဂျိမာတည့် (၂)

ချစ်ဆန်

၁၉၂

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဂါယာဘုရားဖူး ပထမနေ့ ညနေပိုင်း အစီအစဉ်ကို နေကျချိန်ညနေ ၄ နာရီကျော်မှ ပြန်စသည်။ ယင်းအချိန်၌ပင်လျှင် အပူစုပ်ထားသော သံမံသလင်း၊ မြေသားတို့အား အပူဒါဏ်ပိုင်းမှာ သတ္တသတ္တာဟ (၇) နေရာနှင့် နေ ဝင်သွားတော့သည်။ (အဋ္ဌမိသစေတီ) ရှိရာ ကုန်းမြင့်ကို မဟာဗောဓိပင်နေရာမှ လှမ်း၍ ဖူးခဲ့ကြသည်။ တတိယစက်မသတ္တာဟစကြံ့နှင့်တော် အထိမ်းအမှတ် နှစ်နေရာ တွေ့ရတယ်။ ဗောဓိပင်၊ ရွှေပလ္လင်ကြီးနှင့် ကပ်လျက် အမြင့်(၃)ပေ အုတ်ခုံ (၁၉) ခုကို အသောကမင်းကြီးက မဟာ(၁၉)ဖွင့်ပြုလုပ်ထားပါသည်။ ထိုအုတ်ခုံများ အောက်ခြေရှိသည်။ ဦးဆောင်လမ်းပြ ဆရာတော်မှ ယင်း အောက်ခြေကြာပွင့်တို့မှာ ယုံမှားသံသယ ကို ပါယ်၍ နတ်တို့ဖန်ဆင်းသည့် ရုပ်နာစကြံ့နှင့်တော်ဟု မှတ်ယူကြည်ညို ဖူးမြော်ကြရန် မိန့်ကြားပါသည်။

ထိုမှ ရာတနာဃရ ရွှေအိမ် ဆော် (စတုတ္ထသတ္တာဃ) ကိုဆက်သည်။ စေတီတော်မြတ်ကြီး၏ အနောက်မြောက် ယွန်းယွန်းတွင်ရှိ၍ နတ်ပြဟ္မာတို့ ဖန် ဆင်းသော ရွှေအိမ်အမှတ်အသား အုတ် တိုက်ငယ်ရှိသည်။ ထူးခြားချက်မှာ ဤ နေရာ၌ ဘုရားရှင်သည် (၇)ရက်ထက် ဝယ် ဖွဲ့ခွေစံနေကာ အဘိဓမ္မာပိဋကတ် ကို ဆင်ခြင်ကွန့်မြူးခဲ့ရာ၊ ထိုရောင်ခြည် တော်များ စကြဝဠာအနှံ့ ယခုတိုင် ပျံ့နှံ့ နေသည်ဟု ယုံကြည်ချက်ရှိကြသည်။ ယင်းထူးခြားချက်ကြောင့် ရတနာဃရ စံအိမ်အနီး ပေ(၁၀၀)ဝန်းကျင်တွင် စေတီ၊ ဆင်းတုများအကြား မြေကွက်လပ်တိုင်းလိုလိုပင် တိဗက်၊ နီပေါ၊ အိန္ဒိယ (တိန္ဒူဘာသာဝင်) ထိုင်း စသည့် လူမျိုး အသီးသီးတို့ ဘုရားဝတ်ပြု၊ တရားထိုင်၊ ပရိတ်ဂါထာမန္တန်များ ရွတ်ဖတ်နေကြသည်။ အချို့တိဗက် လူမျိုးတို့သည် လူတစ်ကိုယ်စာ အမှီးပါ အိပ်ရာများချကာ တစ်နေကုန် မတ်တတ်မှ အလျားမှောက် အနေအထားထိ ဘုရားကန်တော့ပုံ၊ မရပ်မနားဝတ်ပြု နေပုံ မြင်ရခြင်းဖြင့် ၎င်းတို့၏ ဘာသာ ရေး သက်ဝင်ယုံကြည်မှု သစ္စာတရား ကြီးမားပြင်းထန်မှုမှာ လေးစားအားကျ လောက်ပါသည်။ ထို့တူ ဆရာတော်ကြီး၏ တရားပွဲတစ်ခုခု၌ တိဗက်များ ဘုရား ကြည်ညိုပုံ တစ်နေ့အကြိမ် ၁၀၀၀၀/ ၁၅၀၀၀ မတ်တပ်က အလျားမှောက် ဒိုက်ထိုး ကန်တော့ကြတာဟု (အလွန်း ဖောက်) ဟောကြားခဲ့သည်ကို ယခု မျက်မြင်တွေ့နေရသည်။ အစာဆာလျှင် အနီးတွင် အသင့်ထားသော အသီးအနှံ (သက်သက်လွတ်)ကို ခေတ္တနားစား သောက်။ ပြီးလျှင် ပြန်ခိုင်ပင်ထိုးကန် တော့ ကြပြန်သည်။

အဇပါလနိဂြောဓ (ပဉ္စမ သတ္တာဟ) ဆိတ်ကျောင်းညောင်ပင် နေရာသည် စေတီတော်ကြီး၏ အရှေ့ မှခဲတည့်တည့်၌ ရှိ၏။ ညောင်ပင်ကြီး ကား မရှိနိုင်တော့ပါ။ အသောကမင်းကြီး က ကျောက်တိုင် (ကျီးပဲ့ - ၁၂ပေခန့်)

www.burmeseclassic.com

www.burmeseclassic.com

အမှတ်အသား စိုက်ခဲ့သည်။ ဆင္ဌမ သတ္တာဟမှာ မဟာဗောဓိ အရှေ့တောင် ဘက် ခပ်လှမ်းလှမ်းရှိ မုစလိန္ဒာအိုင် (ကျည်းပင်ရှိသော အိုင်) နေရာဖြစ်သည်။ ထိုနေရာ ကျည်းပင်ရင်း၌ ဘုရားရှင် ဖလသမာပတ်ဝင်စားစဉ် အခါမဟုတ် လေကြီးမိုးကြီး ကျခဲ့၏။ အခါမဟုတ် ယင်းမိုးကြီးမှာ သာမန်မိုးမဟုတ်ပါ။ စကြာဝဠာတွင် ဘုရားရှင်တစ်ဆူပွင့် လျှင်သော်လည်းကောင်း၊ စက်ြာဝတေးမင်းတစ်ပါး ပေါ်ထွန်းလျှင်သော်လည်းကောင်း၊ ရွာမြဲမိုးဖြစ်သည်။ ဘုရားရှင်အား မိုးဒဏ်၊ အအေးဒဏ်မှ ကာကွယ်ရန် မုစလိန္ဒာနဂါးမင်းကြီးက မိမိကိုယ်တစ်ဝိုက်အား ဒေသခံများက "မုစရိန်" ဟု ခေါ်ကြသဖြင့် သမိုင်းပြင်မှု၊ နဂါးရုံ ဘုရားတို့မှာ မြန်မာပြည်မှ ကုသိုလ်ဟု သိရသည်။

ရာဇာယတန ခေါ် (လင်းလွန်းပင်) ရှိရာ သတ္တမသတ္တာဟ ဒိဘုရားရှင် အရဟတ္တ ဖိုလ်ချမ်းသာကို (၇) ရက် ခံစားပြီး လင်းလွန်ပင်ရိပ်၌ ဖလသမာပတ်မှထသည်။ နေ့တွင် (၄၉) ရက် လုံးလုံး မည်သည့် အစားအစာမှ မိုဝဲသုံးဆောင်မှုမရှိ၊ ကိုယ်လက်သန့်စင်မှုအလျဉ်းမရှိခဲ့သည့်အတွက် သိကြားမင်းက မျက်နှာသစ်တော်ရေ၊ တံပူ(သွားတိုက်ရန် ပြုလုပ်ထားသော သစ်ကိုင်းစ)များ ဆက်ကပ်ခြင်း၊ ဥက္ကလာပသား မြန်မာ ကုန်သည်ညီနောင် ဆက်ကပ်သည့်



[illegible]

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ပေါက်ဆုပ်နှင့် အလုံးအဆုပ် မပြု ရသေးသော၊ အနုဆုပ် (ပျားရည်နို့ဆမ်း ပေါက်ပေါက်)တို့ကို လက်ခံတော်မူသည်။

ဤသို့ဖြင့် မြန်မာ ကုန်သည်ညီနောင်သည် ဦးဆုံး (ဘုရားရှင် မြဟ္မာကြီးလေးဦး ဆက်ကပ်သော သပိတ်(၄)လုံးကို ထပ်ကာ လက်တော်ဖြင့် ဖိနှိပ်လိုက်၍ ဖြစ်ပေါ်လာသော လည်ရစ် ၄ ရစ်ပါ တစ်ခုတည်းသော သပိတ်ဖြင့် ဆွမ်းကို ခံယူတော်မူသည်။

မူလ လင်းလွန်းပင်ဆိုင်ရာ မှတ်တမ်း အထောက်အထားမသိရ သော်လည်း မြန်မာနိုင်ငံ ခြေလျင်တောင် တက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး (ငြိမ်း) လုအောင်က ထိုသတ္တမသတ္တာဟ နေရာ၌ လင်းလွန်းပင်တစ်ပင် စိုက်ပျိုး လှူဒါန်းခဲ့ကြောင်း သိရသည်။

×××

ဘုရားဖူးအဖွဲ့ ဒုတိယနေ့အစီ အစဉ်မှာ နံနက်ပိုင်း ကားငယ်လေးစီးဖြင့် ဒုက္ကရစရိယတောင်၊ နေရွှေစာပြစ် တစ်ဖက်ကမ်းရှိ ထင်ရှားသောနေရာများ မဟန့်နန်းတော်ဝင်းအတွင်းရှိ မင်းဆုန်မင်းကျောက်တိုက်တို့ သွားရန်ဖြစ်သည်။ ဘုရားဖူးကားတန်းသည် နံနက်စောစော နေမမြင်မီ ဂါယာမြို့ဆီ ဦးတည်ထွက်ခဲ့ကြသည်။ ဂါယာမြို့ရောက်သည့်အခါ ညာဘက်ဘို့ ချိုးသည့်လမ်းမကြီးအတိုင်း လာ၊ ဈေးလမ်းကိုဖြတ်ပြီး နာရီဝက်ခန့် အကြာ ဒုက္ကရစရိယတောင်ခြေသို့



အလှူခံမိန်းဝိုစတာ

www.burmeseclassic.com

www.burmeseclassic.com

ရောက်သည်။ ဧပြီလသည် အိန္ဒိယ သလဲသီး၊ စပျစ်သီး၊ ဖရဲသီးလိုင်သည့် လဖြစ်၍ ဖရဲ၊ စပျစ်တို့ လတ်ဆတ်မျိုး ကောင်းသည်။ စပျစ်မှာအစိမ်းတောင် ကွမ်းသီးခန့် အလုံးကြီးများဖြစ်ကာ အစေ့မပါချိုလှသည်။ ၁ ကီလို (၆၀ သားခန့်) ရှုပီ ၁၅၀ (ကျပ် ၃၀၀၀ ခန့်) ဈေးသင့်သည်။ သလဲသီးမှာလည်း အထူးကောင်းသည် ခွဲလိုက်လျှင် နီတာ ရဲနေသည့် အလုံးလေးများ အရည်ရွှမ်းပြီး အစေ့အဆံကတော့ နူးညံ့ကာ စားလျှင် ပါးစပ်ထဲအားလုံး အရည် ပျော်သွားသည်။ ဈေးလမ်းဘေးဝဲယာ သစ်သီးဆိုင်များရှိ ကားရပ်၊ အားလုံး ဆင်းဝယ်၊ တစ်လမ်း လုံး စားလာကြသည်။

ဒုက္ကရစရိယတောင်၊ (ဒုက္ကရ၊ ဆင်းရဲပင်ပန်းစွာ၊ စရိယာကျင့်ခြင်း) ဘုရားအလောင်း ဤနေရာတွင် ၆နှစ် တိုင် အတ္တကိလမထ ခန္ဓာကိုယ်ညွှန်း၍ အစွန်းတရားဖြင့် မလျှော့တမ်းကျင့်ခဲ့ သည်။ အရိုးပြိုင်းပြိုင်း အာဟာရချို၍ အားအင်ပြတ်လပ် အသိဉာဏ်၊ တရား



လိုဏ်အတက်လှေကားရှိရာ အပန်းဖြေနေရာ

www.burmeseclassic.com

www.burmeseclassic.com

ထူးမရနိုင် ဖြစ်ခဲ့သည်။ ပြန်လည်သုံးသပ်စဉ်းစားရာမှ (၇) နှစ်သားအရွယ် ခမည်းတော်နှင့် လယ်ထွန်မင်္ဂလာသွားစဉ်၊ တစ်ဦးတည်း သစ်ပင်ရင်း၌ အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းခဲ့သည်ကို သတိဝင်လာသည်။ ဤသတိဖြင့် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ကာ သဗ္ဗညုတရွှေဉာဏ်တော်ရခိုက် ဘုရားစင်စစ်ဖြစ်ခဲ့ရသည်။ အတူလိုက်ပါလာသော ဆရာတော်က ဤနေရာထူးတွင် ၅ မိနစ်ခန့် စုပေါင်းတရားထိုင်ကြရန် မိန့်ကြားသဖြင့် ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြုတရားထိုင်၊ ကူသိုလ်အစုစု အဖို့ဘာဂကို အမျှဝေ၊ သာဓုခေါ် ဆုတောင်းပြုကြသည်။ ဒုက္ကရစရိယာတောင် အမှတ်တရတစ်ခုမှာ စာရေးသူ၏ ဇနီးသည် ဒူးမကောင်း၍ လမ်းဖြောင့်ဖြောင့်မလျှောက်နိုင်သူဖြစ်သည်။ ပေ ၁၀၀၀ ခန့်အမြင့်နှင့် အလယ်နားတွင် မတ်စောက်စောက်ရှိသော ဤတောင်ကို အထမ်းပုခက်မငှားဘဲ အားခဲ၍ တက်မည်ဟု မူလကပင် စိတ်ပိုင်းဖြတ်ထားသည်။ အထမ်းပုခက်သမားများကြေးက ရှုပီး ၂၀၀/ ၃၀၀ (မြန်မာကျပ် ၄၀၀၀/ ၆၀၀၀) စာရေးသူက စီးပါလားပြောရာ ခေါင်းခါပြသည်။ "ဟုတ်ပါ့မလား၊ မယ်ကာဌုရဲ့" ဟု စိတ်ထဲက ကြိတ်ပြုံးမိသည်။ (ရွှေမန်းတင်မောင် ဗုဒ္ဓဝင်ဇာတ်ထဲက ကာဌုဒါရီအား ပြောသလိုမို့)

ကိုက် ၁၀၀ လောက်တက်မိ

ဃဏ[illegible]ကိုသုဏတာ ရွှေခွက်ဖြင့် အလောင်းတော်မြတ်အား ကပ်လှူဟန်

www.burmeseclassic.com

www.burmeseclassic.com

တော့ နဲနဲမြေမတ်လာသည် ကုလား တစ်ယောက် တောင်ဝေးတစ်ချောင်း ဝှားမည် ရွာပီး ၅၀ ပြော၊ ၃၀ နဲ့ဆစ်၊ ဇနီးသည် တောင်ဝေးအကူနဲ့ တောင်ပေါ် ရောက်သည်။ အဓိဌာန်နှင့် စိတ်စွမ်းအား မှာ အံ့ဖွယ်ဖြစ်၏။ တောင်ပေါ်ရောက်တာ နဲ့ ကုလားက သူဝါးလုံးလာတောင်းသည်။ ဇနီးကမပေး "ငါ အသွားအပြန်ဝှားတာ အောက်ရောက်မှ ပေးမယ်"ဟု တတ် သမျှ အင်္ဂလိပ်စာလုံးနှင့်ပြော၊ ကုလားက တစ်ကောက်ကောက်လိုက်၊ သမီးဖြစ်သူ က "အမေတို့က အဆင့်မြင့်တယ်၊ အသွားအပြန် ဘော်ဒီဂတ်နဲ့"တဲ့ မှတ် ချက်ပေးလို့ မောရာက ရီရသေးသည်။

နောက်အမှတ်တရတစ်ခုမှာ တောင်အတက် ခါးကုန်းအားစိုက်တက် ရ၍ မောသော်လည်း တောင်ပေါ်ရောက် သည့်အခါ လေသန့်တစ်ဝရှူ၊ ဝန်းကျင် ရှုခင်းခံစားလိုက်ရ၍ အမောပြေဆည်။ ခဏ တရားထိုင်လိုက်သည်ကလည်း စိတ်ကြည်လင် ပေါ့ပါးသွားစေသည်။ တစ်ဖန် ဘုရားအလောင်း ဣတောရ၊



ဘုရားအလောင်းအား မြက်ရိတ်သမား မြဟ္မဏပုဏ္ဏားအိုကြီး ဖြတ်ထုံးများကပ်နေပုံ

www.burmeseclassic.com

www.burmeseclassic.com

ဤတောင်၌ ခုက္ကရစရိယအကျင့်ကြီးကျင့်စဉ် အနီးတစ်ဝိုက် သစ်သီး၊ သစ်ညွှန့်၊ သစ်ရွက်ရရာ ရှိပဲသုံးဆောင်ရသဖြင့် ဘုန်းတော်ကြောင့် အနားအနီးပေါက်သော အပင်များ ဆေးဖက်ဝင်နေသည်တဲ့ အဲဒီအပင်၊ အညွှန့်၊ အရွက်များ ခူးခြ (လက်ဖက်ခြောက်ကဲ့သို့) ခပ်ထားသော ရေနွေးကြမ်းပူပူကို ဒေသခံဥပသကာတို့ ခွက်များနှင့် အသင့်ထည့် ဒါနပြု ကုသိုလ်ယူကြသည်။ သောက်ကြည့်ရာ ဥသျှစ်၊ မာလကာစသည့် အညွှန့်တို့ကဲ့သို့ အညွှန့်၏ အနံ့များသင်းကာ ရင်ထဲ၌ နွေးနွေးထွေးထွေးနှင့် တစ်ကယ်ပင် အာမောပြေလှသည်။ ဖန်ခါးဆိမ့်အရသာ လျှာမှာ စွဲကျန်၍ ၂ ခွက်ဆင့် သောက်မိသည်။

ခုက္ကရစရိယတောင်မှ အပြန် ဂါယာမြို့ရိယာ လွန်တော့ လမ်းတစ်ဝက်ကျော်ကျော်မှာ နေရောရာမြစ်ဖြတ်တံတားရဲ့ တစ်ဖက်ရှိ ကားလမ်းကို ရောက်တယ်။ ထိုမှ ၁၀ မိနစ်ခန့်သွားတော့ သုဇာတာဃနာ ဦးဆွမ်းကပ်ရာ ညောင်ကြပ်ပင်ရှိတဲ့ ကုန်းကလေးကို ရောက်တယ်။ (လက်ရှိအပင်က ညောင်ကြပ်ပင်ဟုတ်၊ မဟုတ် မသိရပါ)။ ကုန်းအတက် အဝမှာ ဟိန္ဒူမိတမဲ့ကလေး စောင့်ရောက်ရေးအဖွဲ့ ရုံးခန်းနဲ့ အလှူကောက်ခံတဲ့နေရာ တွေ့ရပြီး ဒီကုန်းလေးကိုလည်း သူတို့စောင့်ရောက်ထားလို့ ဧစတာနာအလျောက် အလှူခံပါတယ်။

ဥတုဝေလတောမှ ဆေးဖက်ဝင်အရွက်အညွှန့်များ ခပ်ထားသော ရေနွေးကြမ်း

www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးအဖွဲ့ဝင်များလည်း ကောင်းသော မနသီကာယဖြင့် အလှူထည့်ကြပါတယ်။

သုဇာတာအကြောင်းက စိတ်ဝင်စားစရာ၊ သေနာနီဂုံး (ရွာ)သူ၊ မြို့တက် မြို့သားနဲ့ အိမ်ထောင်ကျ။ သားလိုချင်တော့ ညောင်ကြပ်ပင်ကြီးဆီလာဆုပန် (အချို့က ဥနဲ့ပင်ဆိုကြ) ယသသတို့ သားလေးမွေးတော့ ဝမ်းသာ၊ ကန်တော့ဘို့အလာ ဗုဒ္ဓအလောင်းအလျာက ဖလသမာပတ် ဝင်စားနေစဉ် ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပနေတာ တွေ့၊ ကြည်ညိုစိတ်တွေပို "ထူးထူးခြားခြား စီစဉ်တဲ့ ယနာနို့ဆွမ်း"ကို သိန်းတန် ရွှေခွက်နဲ့ သူမစိတ်ထဲက ကျေးဇူးရှင် ရက္ခိုးကြီးအမှတ်နဲ့ ဆက်ကပ်ရင်း ထပ်ဆုတောင်းတယ်။ "အကျွန်မ ဆန္ဒပြည့်ဝသလို အရှင့်ဆန္ဒလည်း ပြည့်ပါစေ"တဲ့ ကျေးဇူးသိတတ်လိုက်တာ။ ဘုရားအလောင်းကလည်း ဒီရွှေခွက်နှင့်ပင် နေရွှေရာမြစ်ရေစီးမှာ ဘုရားဖြစ်၊ မဖြစ် အဓိဋ္ဌာန်ခဲ့တာ။ ဒီနေရာမှာ ကလေးတွေ မှတ်ဖို့ ယင်းရွှေခွက်က နယ်နယ်ရရ မဟုတ် ရေကိုဆန်၊ မြစ်အောက်မြုပ်၊ မြင်းမိုရ်တောင်ခြေက ကာလနဂါးခေါင်းရင်းမှာရှိတဲ့ အရင်ဘုရားသုံးဆူရဲ့ အလားတူ အဓိဋ္ဌာန် ရွှေခွက်အောက်ကို သွားထပ်တယ်တဲ့။

ဒီအခါ ရွှေခွက်ချင်းထိတဲ့ အသံခေါင်းရင်းဘက်က ကြားလို့ ကာလနဂါးကြီး နိုးလာပြီး ငြိုပုံက "လူပြည်မှာ ဘုရားကလည်း ခဏခဏပွင့်နိုင်ရန် ကောက္ကာ"တဲ့။ ဗုဒ္ဓဝင်ကား စာရေးသူနေခဲ့ဖူးတဲ့ ပုဂံက ပုဂံရာဇဝင်ထက် မှတ်ချင် စရာတွေများလှသည်။

အစဉ်အလာကြီးလှတဲ့ နေရာဒေသဖြစ်အကြောင်းလေး ပြောချင်ပါသေးတယ်။ စာရေးသူတို့မှာ အဖော်ပါတဲ့ ရာဂျစ်၊ နာဂျစ်ဆိုတဲ့ ကုလားလေး နှစ်ယောက်။ ငါတို့ ဗမာစကားတတ်လား မေး No။ အင်္ဂလိပ်စကားပြောတတ်လား မေးတော့ Yes တဲ့။ ဒါနဲ့ မြစ်ကြီးလက်ညှိုးထိုး။ ဒါဘာမြစ်လဲ မေးတော့ "ဖလဂူရေဖား" လို့ ပြောတယ်။ နေရွှေရာ မဟုတ်လားမေးတော့၊ Myanmar Know Like You Said (မြန်မာတွေက ခင်ဗျားပြောသလို သိကြတယ်တဲ့) မြစ်သာဆို၊ တွေ့ရတာ သဲချောင်းအကြီး ကြီးလိုပဲ။ မိုးကျမှ အောက်ခံသဲပေါ်စီးတဲ့ ရေဟာ ပြာလဲ့ကြည်နေလို့ (နေရွှေရာ- နီလ- ပြာသော၊ ဇရ- ဇလ- ရေ)"ပြာလဲ့လဲ့ရွှေမြစ်" အမည်တွင်တာ ဗုဒ္ဓခေတ်ကပင် ဖြစ်တယ်တဲ့။ ဂါယာမြို့နား ရောက်တော့ ဗိဟာနီ ခေါ် မြစ်နဲ့ပေါင်းဆုံပြီး ဂင်္ဂါမြစ်ကို စီးဝင်သွားတယ်။

တောင်ကုန်းလေးပေါ်မှာ သုဇာတာ ရွှေခွက်နဲ့ နို့ဆွမ်းကပ်လှူပုံရုပ်တု၊ အလှူရှင်က ရန်ကုန်မြို့ ဗမာန်းဆရာစံလမ်းနေ ဦးသစ်ရွှေ၊ ဒေါ်ခင်ဝင်း မိသားစုကောင်းမှုကို ကမ္ဘည်းထိုးထားတယ်။ ၂၁-၄-၂၄ (လွန်ခဲ့သော ၂၃ နှစ် ဒီအချိန် (ဧပြီလ)မှာ လှူခဲ့တာ။ ဗိသုကာတွေကလည်း ရန်ကုန်ဦးမြဝင်း၊ ဦးအောင်ထွန်းတို့လို့ ပါရှိတယ်။ လက်ရာက သုဇာတာ ကုလားမလေးဆာရီလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ကောင်းသလို အလောင်းတော်နဲ့ သက်နှံးတော်၊ မျက်လွှာချထားဟန်တို့ ကြည့်ညို့ပွားဖြစ်ပါတယ်။ ရှင်းပြတဲ့ ဆရာတော်ဘုရားက ရွှေခွက်မှောက်တဲ့ နေရာကိုတော့ ကုန်းပေါ်ကပဲ ညွှန်ပြခဲ့တယ်။

အပြန်လမ်းမှာ မြက်ထမ်းသမား မြက်ရှစ်ဆုပ်လှူတဲ့ နေရာ(အထိမ်းအမှတ်) ကျောင်းဆောင်လေး၊ ကားလမ်းဘေးမှာရှိလို့ ကားရပ်ခဏဝင်ကြတယ်။ အဆောက်အဦ ထိန်းသိမ်းတဲ့အဖွဲ့ (Trustee)က အလောင်းတော်အား မြက်ရိတ်သမားမြက်ထုံး ကပ်နေပုံ (Life Sige)ရပ်တုနဲ့အတူ အလှူခံစာတမ်းဗီနိုင်းကို နံရံမှာ ကပ်ထားတယ်။ BUDDHA KUSA GRASS TEMPLE ဆိုတဲ့ ခေါင်းစည်းတပ်ပြီး အထည်နေရာကို သုဇာတာ (ဘတ်ကရော၊ ဘင်္ဂလားဂတ်(လ်)) ဗုဒ္ဓဂါယာဟု ဗုဒ္ဓဘုရားမှ သုဇာတာခေါ် ရေဆိပ်ဆင်းလှေထားရှိတဲ့ ရွာလို့ ဖော်ပြထားတယ်။ Sujata (Bakrour Banglea Ghat) Bodhgaya ဆိုတာမှာ Ghatဆိုတာ ရေဆိပ်ဆင်းလှေခါး အဓိပ္ပာယ်ရတယ်။ ခေါင်းစည်းစာတမ်းဝဲထိပ်မှာ ဗုဒ္ဓလောင်းလျာကို မြက်လှူနေပုံပါ ထည့်ထားသေးတယ်။ အင်္ဂလိပ်လို စာတမ်းအဓိပ္ပာယ်အကျဉ်းက-

ဤရှေးဟောင်း သမိုင်းဝင် နေရာသည်ကား သိဒ္ဓတ္ထ၊ သုဇာတာမှ ရောက်လာသည့်အခါ ခဏတာဝင်ခိုနားတဲ့ နေရာဖြစ်တယ်။

မြက်ရိတ်သမား ဆင်းရဲသားလို အသွင်ဆောင်ထားသော နတ်ဒေဝါပေါ်လာပြီး ဗုဒ္ဓလောင်းလျာအလို့ငှာ ထူးခြားသော ကုသခေါ် မြက်ရှစ်ဆုပ် Eight Bundles of Kusa (a type of secred of grass) ကပ်ခဲ့ကြောင်း၊ ဘုရားအလောင်းသည် ထိုမြဟ္မာပုဏ္ဏားကြီးပေးသော မြက်ထုပ်များအား ဗောဓိပင်အောက်သို့ ယူဆောင်ဖြန့်ခင်းပြီး ဂုပါတ် (အမှန်မှာ ၇ ရက်တစ်ပတ်) တရားထိုင်ကာ သမ္မာသမ္ဗောဓိဉာဏ်ရရှိ၊ ဘုရားဖြစ်ခဲ့ကြောင်း။

ဤကျောင်းဆောင် (Temple) ပြုပြင် ထိန်းသိမ်းမှုအဖြစ် ဘုရားဖူးလာသူများ လှူဒါန်းငွေဖြင့် ဆောင်ရွက်နေကြောင်း ပါရှိပါတယ်။ အလှူငွေများ ဘယ်လောထိန်းအဖွဲ့ထံ ရောက်မှာသိပေမယ့် သူတို့ရှိလို့ ဒီနေရာလေး အမှတ်တရမြဲတတ်လို့ မှတ်ပြီး၊ ဗုဒ္ဓဘာသာဝင်များ၊ ဘုန်းတော်ကြီးကျောင်းစသည် လက်အောက်မှာဆိုရင် ပိုကောင်းလေစွလို့ စဉ်းစားမိပါတယ်။

ကားတမ်းက ရွာတွင်းလမ်းများ ကွေ့ပတ်ပြီး သုဇာတာအိမ်ရာဆိုတာ ရောက်တယ်။ အသောကမင်းကြီးက သုဇာတာအိမ်ရာကို ပုံပြီးတည်ထားတဲ့ စေတီပျက်ကြီးလို့ ဆိုတယ်။ စေတီအောက်ခြေဖိနပ်တော်က ပစ္စယံအဆင့်ဆင့်တက်၊ ခေါင်းလောင်းပုံအဖျားခန့်မှာ တုံးတိကြီးဖြစ်နေတယ်။ နေပြင်းလွန်းလို့ အုတ်သျှစ်ပင်အရိပ်တွေ အောက်ကဝင်ပြကြတယ်။ ဆရာတော်ဦးကလျာဏ (လမ်းပြဆရာတော်)က သုဇာတာနို့ဆွမ်းအဆင့်ဆင့်ပြင်ဆင်ပုံ၊ နတ်ဒေဝါများက

www.burmeseclassic.com

www.burmeseclassic.com

ဘုရားအလောင်းအား ပါရမီဖြည့်ရန် နတ်သြဇာများထည့်ပုံ၊ ဣန္ဒိုဆွမ်းသြဇာ ဓာတ်ကို သာမာန်လူပုဂ္ဂိုလ်/ ရဟန်း စသည် အသုံးဆောင်နိုင်၊ အလွယ်ပြောရင် အစာမကြေနိုင်၊ အန္တရာယ်ဖြစ်နိုင်ပြီး အလောင်းတော်တစ်ဦးတည်းသာ ဘုဉ်းပေးနိုင်ပြီး ထိုဆွမ်းနှင့် ၄၉ ရက်တိုင် အစာရေစာ မသုံးဆောင်ပဲ၊ ဖလသမ္မာပတ် ဝင်စားနိုင်ပုံ၊ အကျယ်တဝင့်ရှင်းပြပါတယ်။ ဘုရားဖြစ်ရန် ပါရမီဖြည့် ဆွမ်းဖြစ်သည်။

ကားတန်း နောက်ကြောင်းပြန်၊ အချိန်နှစ်နာက် (၁၀) နာရီကျော်၊ မဟန့်နန်းတော်ဝင်းကို ရွာအိမ်ကြီး၊ အိမ်ကြီးမှ ကားတွေဝင်၊ နန်းတော်ဟောင်းကြီး ရှေ့ကားတွေရပ်၊ နန်းတော် အဆောက်အဦးအဝင် မုခ်ခုံးက ဟိန္ဒူနှတ်ဘုရား ဗိသုကာရုပ်ကြွပုံတွေ ဓာတ်ပုံရိုက်ကြပြီး မင်းတုန်းမင်းနှင့် ဘကြီးတော်မင်းတို့ ကျောက်စာတိုက်တွင်ဆီ လမ်းလျှောက် သွားကြရတယ်။ အဆောက်အအုံငယ်တွေ ထိန်းသိမ်းသူမဲ့နေဟန်ရှိလို့ ကြာရင် ပျက်ဆီးတော့မှာ စိုးရိမ်ရပါတယ်။ အဝင်းထဲရှိ မင်းတုန်းမင်းရေပြေတောင် မဟန့်က သူ့စိတ်ကြိုက် ဖျက်ပြင်ထိုးပြီး ဖြစ်တယ်။

ထိုနေ့ ဘုရားဖူးခရီးစဉ် ဒီဇာတွင် ရပ်၊ ကျောင်းပြန်ရောက် နေ့လည်စာအပြီး Air Con ကားကြီးနဲ့ ၁၅၇ မိုင် ဝေးတဲ့ ဗာရာဏသီကို ခရီးဆက်ခဲ့ကြတော့တယ်။

ချစ်ဆန်းသစ်

ဆရာမကြီး

ဒေါ်ဘိန်းယဉ်

များတံဆိပ်

ငှက်ဗျားဆေး

အမှတ်–၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်ပြို့

တိုင်းရင်းဆေးဝါးဦးစီးမှတ်ပုံတင်အမှတ် – 0610Y008484

www.burmeseclassic.com

www.burmeseclassic.com



စကြာရှင်

ရန်ကြေးရန်စ

ကောင်းသောအရာ

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါ၌ ဝေဠုဝန်ကျောင်းတော်တွင် မြတ်စွာဘုရားရှင် သီတင်းသုံးတော် မူလျက်ရှိစဉ် ညစဉ်ညတိုင်း ရဟန်းတော်တို့အား တရားဓမ္မများ ဟောကြားတော်မူလျက်ရှိရာ တရား ပလ္လင်သို့ မြတ်စွာဘုရား ကြွရောက်တော် မူလာခြင်း မပြုမီ ရဟန်းတော်တို့သည် ကြိုတင်စုဝေးရောက်ရှိနေကြချိန်၌ မြတ်စွာဘုရားနှင့် စပ်၍သော်လည်းကောင်း၊ တရားတော်နှင့် ပါတ်သက်၍ လည်းကောင်း၊ ရဟန်းတို့နှင့် ပတ်သက်၍လည်းကောင်း၊ လူပုဂ္ဂိုလ်တို့နှင့် ပါတ်သက်၍လည်း ကောင်း ပြောဆိုနေတတ်ကြမြဲဖြစ်ရာ ယခုလည်း ဒေဝဒတ်၏အကြောင်းကို ပြောဆိုနေကြကုန်၏။

"ငါရှင်တို့ ဒေဝဒတ်သည် ရက်စက်ကြမ်းကြုတ်လှပေ၏။ အနိုင်အထက် ပြုပါတ်ပေ၏။ သတ္တဝါတို့အပေါ်၌ သနားညှာတာခြင်း အလျဉ်းမရှိသလို့တည်း" "မှန်ပေ၏ ဒေဝဒတ်ကဲ့သို့ ရက်စက်တတ်သူကား လောကတွင် ရှိမည်မထင်ပေ" ဟူ၍ ပြောဆိုလျက်ရှိကြ၏။

ထိုစဉ် ဘုရားရှင် ကြွရောက်တော် မူလာပြီးလျှင် တရားပလ္လင်သို့ တက်တော်မူ၍ "ချစ်သားတို့ ရဟန်းတော်များက ဒေဝဒတ်၏ ရက်စက်အနိုင်ကျင့်မှုများကို ပြောဆိုနေကြကြောင်း လျှောက်ထားကြသောအခါ မြတ်စွာဘုရားရှင်မှ "ချစ်သားတို့ ဒေဝဒတ်မိုက်သည်ကား ယခုဘဝမှာပင် ထိုသို့ ပြုမူခဲ့သည် မဟုတ်၊ အတိတ်ဘဝကလည်း ထိုနည်းတူ ပြုမူခဲ့ပေ၏" ဟု မိန့်ကြားတော်မူရာ ရဟန်းတော်များမှ "ကျေးဇူးတော် ကြီးမားလှပါသော မြတ်စွာဘုရား ဘဝတစ်ပါး ဖုံးလွှမ်းအပ်သော ဒေဝဒတ်၏ အတိတ် ဘဝဇာတ်ကြောင်းကို ဟောကြားတော်မူပါ" ဟု ရိုသေစွာ လျှောက်ထား တောင်းပန်ကြသဖြင့် မြတ်စွာဘုရားရှင်သည် "လဋ္ဌဠိုက" ဇာတ်တော်အား ကောင်းမွန်စွာ ဟောကြားတော်မူ၏။

ရှေးလွန်လေပြီးသောအခါ၌ ဘုရားလောင်းသည် ဆင်အမျိုးဥပြစ်၍ ကြီးစွာသော ကိုယ်ရှိပြီးလျှင် ဆင်ပြောင်ဆယ်စီးမက အားမာန်ကြီးလှ ပေ၏။ ကောင်းမြတ်သော အင်္ဂါရုပ်တို့နှင့် ပြည့်စုံပြီးလျှင် ကျက်သရေမင်္ဂလာ ရှိလှပေ၏။ ရွှစ်သောင်းသော ဆင်အပေါင်းတို့ ခြံရံ ခစားလျက် ဟိမဝန္တာတောင်တွင် အေးချမ်းစွာ နေထိုင်ကျက်စားလျက် ရှိပေ၏။

ဆင်တို့သည် ခန္ဓာကိုယ်ကြီးမားလှသည်ဖြစ်ရာ ဆင်တစ်ကောင်၏ အစားစားနှုန်းသည် များပြားသော ပမာဏအတိုင်း အရှည်ရှိ၏။ ဟိမဝန္တာတောကြီးသည် ဝါးရုံများ၊ သစ်ပင်များ နေပြောက်မထိုး ထူထပ်သိပ်သည်းစွာ ပေါက်ရောက်နေသည်ဖြစ်၍ ဆင်တို့အစာရေစာ ပေါများလှသည်မှာ မှန်လည်း ဆင်အကောင်ရေ ကျမ်းများသောအခါ၌ တစ်နေရာလျှင် ၁၅ ရက် ၂၀ ခန့် စားကျက်ဖြစ်စေပြီး အခြားတစ်နေရာသို့ ပြောင်းရွှေ့ကျက်သို့ဖြင့် ဟိမဝန္တာတစ်ခွင် လုံး

www.burmeseclassic.com

www.burmeseclassic.com

နေထိုင်လျက်ရှိ၏။

တစ်နေ့သော နံနက်အခါတွင် ဘုရားလောင်းဆင်မင်းသည် ဆင်အားလုံးတို့အား စုဝေးစေပြီးလျှင် "ငါ၏ ပရိတ်သတ် အပေါင်းတို့ ယနေ့ စားကျက်နေရာသစ်သို့ ပြောင်းရွှေ့ကြမည်ဖြစ်၍ ငါ၏ အနောက်မှသာ ဆင်ငယ်တို့ကို ရှေ့ကထားပြီး ကြီးသောဆင်တို့က နောက်ကလိုက်ကြ။ နေရာသစ်၊ ဒေသသစ်ဖြစ်၍ လမ်းခရီးကို ငါတို့ မကျွမ်းကျင်သေး လူမှုဆိုးနှင့် သားရဲသတ္တဝါတို့၏ ဘေးရန်ကိုလည်း တွေ့နိုင်ပေ၏။ ရွှံ့၊ နွံ၊ ချောက်ကမ္ဘားပျက်တို့သည်လည်း ရှိနိုင်၏။ အဆိပ်ဖြစ်သော အပင်တို့သည်လည်း ရှိရာ၏။ ထို့ကြောင့် ငါ့ကိုကျော်ပြီး သွားကြကုန်လင့်။ ငါ၏ ခြေရာကိုသာ နင်း၍ လိုက်ခဲ့ကြကုန်" ဟု မှာကြားတော်မူပြီးလျှင် ထိုတောအုပ်မှ စတင်ထွက်ခွာခဲ့ကြ၏။

ဆင်ရှစ်သောင်းတို့၏ တောတိုသံနှင့် နှာမှုတ်သံ၊ ကလေးတို့ကိုခေါ်သံ၊ ခွာသံကို အဝေးမှပင် ကြားရပေ၏။ ထိုအခါ ဆင်တို့၏ ရှေ့ရှလာရာ လမ်းတည့်တည့် နံပြည်စုတ်ငှက်မတစ်ကောင်သည် မြေတွင် ကျောက်စရစ်ခဲလေးများဖြင့် အသိုက်အုံဖွဲ့ နေထိုင်လျက်ရှိပြီး အတောင်အလက် မစုံလင်သေးသော ခုမှကျွတ်ခါစ သားငယ်ကလေးတို့လည်း ရှိနေ၏။ ငှက်မသည် ဆင်တို့၏ အသံကို ကြားသောအခါ သစ်ကိုင်းထက်သို့ တက်၍ကြည့်၏။ ဆင်တို့သည် မိမိအသိုက်ရှိရာသို့ နီးတည်လာနေသည်ကို တွေ့မြင်ရ၍ ထိတ်လန့်သွား၏။ မိမိသည် အလွန်နနယ်သေးသော သားငယ်တို့အား နေရာရွှေ့ပြောင်းပေးရန် မဖြစ်နိုင်။ ဆင်တို့ကိုသာ အကျိုးအကြောင်းပြော၍ တောင်းပန်ရပေမည်။ ဤနည်းသာလျှင် ရှိပေ၏ဟု ကြံရွယ်ပြီးလျှင် ဆင်တို့ မိမိအသိုက် အနီးသို့ မရောက်မီမှာပင် ဆင်တို့ထံသို့ ပျံသွား၏။

ရှေ့ဆုံးမှလာသော ဆင်ကြီးသည် ဤဆင်တို့၏ အကြီးအကဲ ဖြစ်ပေလိမ့်မည်ဟု ယူဆပြီး ဆင်မင်း၏ရှေ့၌ အတောင်တို့ကိုဖြန့်၍ ရပ်လိုက်ပြီး "အသင် ဆင်မင်းကြီးအား ကျွန်ုပ်သည် ရှိသေစွာ ရှိခိုးကန်တော့ပါ၏။ အသင် ဆင်မင်းကြီး၏ ရှေ့တည့်တည့်၌ ကျွန်ုပ် သားငယ်တို့ နေထိုင်ရာ အသိုက်ရှိပါ၏။ သားငယ်တို့အား အသက်အန္တရာယ်ဟု ရှိသေစွာ ပြောကြား၏။ ဘုရားလောင်း ဆင်မင်းသည် နံပြည်စုတ်ငှက်ငယ်၏ ဆိုလိုသောသဘောကို သိရှိသည်ဖြစ်၍ "အသင်ချစ်နှမ မစိုးရိမ်လင့် အသင်၏ သားငယ်တို့အား ငါ၏ ဆင်အပေါင်းမှ နင်းချေစေမှု မဖြစ်စေရ။ ငါစောင့်ရှောက်ပါအံ့" ဟု ဆိုပြီးလျှင် ငှက်အသိုက်ပေါ်တွင် အုပ်မိုး၍ ရပ်လိုက်၏။ ထို့နောက် ရှစ်သောင်းသော ဆင်တို့အား "အသင်တို့ ငါ၏ နံဘေးမှသာ ဖြတ်ကျော်သွားကြကုန်လော့" ဟု ပြောကြားလိုက်ရာ ဆင်တို့သည် ဆင်မင်းကြီး၏ စကားအတိုင်း သွားကြကုန်၏။

ဆင်များအားလုံး ကုန်သော အခါမှ "ကဲ··· ချစ်နှမ ငါတို့သွားပါအံ့၊ မကြာခင် ရိုင်းစိုင်းကြမ်းတမ်းသော ဆင်တစ်ကောင်လာလတ္တံ့။ ထိုဆင်အား

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမွန်စွာ တောင်းပန်တော့ ငါသည် အသင်၏ သားငယ်တို့ကို စောင့်ရှောက်ကိုသော်လည်း ငါ၏ ပရိသတ်တို့၌လည်း နို့စို့အရွယ် ဆင်ငယ်ကလေးများ ပါရှိ၍ ၎င်းတို့အား စောင့်ရှောက်ရန် ငါတွင် တာဝန်ရှိ၏။ ငါသွားပါအံ့" ဟုဆို၍ ဘုရားလောင်း ဆင်မင်းသည် ၎င်း၏ ဆင်များနောက်သို့ အပြေးလိုက်သွား၏။

ဘုရားလောင်းဆင်မင်း ထွက်ခွာသွားပြီး မကြာမီ ထိုလမ်းအတိုင်း ရန်းရင်းကြမ်းတမ်းသော ဆင်ကြီးတစ်ကောင် လိုက်လာ၏။ ထိုဆင်ကြီးသည် လမ်းတစ်လျှောက်ရှိ သစ်ပင်ငယ်တို့ကို နှာမောင်းဖြင့်ရိုက်၏။ ဂဲလုံးတို့ကို ကန်ကျောက်၏။ အလိုလိုသာလျှင် ဒေါသထွက်နေပေ၏။ နံပြည်စုတ် ၎ကငယ်သည်လည်း ဘုရားလောင်းဆင်မင်းအား တောင်းပန်သည့်အတိုင်း တောင်းပန်၏။ ထိုအခါ ဆင်ကြီးသည် "အိုငှက်ရပ် အသင်ကဲ့သို့ အင်အားနည်းသူ၏ တောင်းပန်ခြင်းကို ငါက ဘာကြောင့် ထိုက်နာရမည်နည်း။ အသင်၏ သားငယ်တို့ ယခုပင်လျှင် စိစဉ်ကျေစေအံ့" ဟု ကြုံးဝါးပြီးလျှင် အတောင်အလက် မထွက်သေး။ မျက်စေ့ပင် မပွင့်သေးသော ၎ကပေါက်စကလေးများကို ခွေဖြင့်နင်း၍ ခွာဖြင့်ခုတ်၊ စိတ်ထင်တိုင်း ပြုလုပ်ပြီးလျှင် ထိုနေရာမှ ထွက်ခွာ၏။ နံပြည်စုတ် ၎ကမသည်လည်း သားသမီးတော်ဖြင့် ဆင်ကြီးကို ထိုးဆိတ်သော်လည်း မြင့်မိုရ်တောင်ကို ဒီးစေ့နှင့် ပေါက်သည့် သို့သာ ရှိပေ၏။ ဆင်ကြီး၏ အမြီး၊ နှာမောင်းဖျားတွင် အသက်ပါသွားနိုင်သဖြင့် ငိုယို မြည်တမ်းပြီးလျှင် အားမတန် မာန်လျော့လျက် အဝေးသို့ ပုံပြေးထွက်ခဲ့၏။

နံပြည်စုတ်၎ကမသည် အပြစ်မဲ့သော မိမိသားငယ်တို့အား အကြောင်းမဲ့ အနိုင်အထက်ပြုကာ ရက်ရက်စက်စက် နင်းခေသတ်ဖြတ်ခြင်း ခံရသော အဖြစ်တို့ကို မျက်စိထဲမှမထွက် သားသမီးတို့အတွက် ကြေကွဲဝမ်းနည်းမှုတို့ကြောင့် နှလုံးသားတွင် နာကျင်စွာ ခံစားရ၏။ နာကျင်ခြင်းမှ နာကြည်းခြင်း သို့ ပြောင်းလဲသွား၍ နာကြည်းမှုတို့သည် ဒေါသအဖြစ်သို့ ရောက်ရှိကုန်၏။ အသင်နှင့်ငါသည် အင်အားခြင်း မိုးမြေပမာ ကွာခြား၏။ ထို့ကြောင့် ငါသည် အသင့်အား မည်သို့မျှ တုံ့ပြန်တွန်းလှန်နိုင်မည် မဟုတ်ဟု အသင်ထင်မှတ်ထား ရှိ၏။ ထိုသို့ အထင်အမြင် သေးသောကြောင့်ပင် ငါ့အား စော်ကားအနိုင်ကျင့်ခြင်း ဖြစ်ပေသည်။ သင့်အား လက်စားမချေရသရွေ့ "ငါသည်" ကျမ္ဘာကျော်လည်း ဥဒါန်းကျေမည်မဟုတ်၊ ကိုယ်မစွမ်းသော်လည်း ဉာဏ်စွမ်းပေ၏။ ငါ့အပေါ်တင်ရှိသော အပြစ်ကြွေးတို့ကို အသင်သည် အလျင်အမြန်ပင် ပြန်လည်ပေးဆပ်စေအံ့ ဟု ကြုံးဝါး၏။

ဆင်ကြီးသည်ကား နံပြည်စုတ်၎ကငယ်ကလေးများကို သတ်ဖြတ်ပြီး ၎ကမကို ပူဆွေးကြေကွဲစေပြီး အနိုင်ယူလိုက်ရသဖြင့် မာန်တက်လျက်ရှိ၏။ တွေ့သမျှ သစ်ပင်ချုံနွယ်တို့ကို ချိုးခဲလျက်ရှိ၏။ ဤဆင်သည် သင်းကွဲဖြစ်၏။ ဘုရားလောင်းဆင်၏ ဆုံးမခြင်းကို မမှ

www.burmeseclassic.com

www.burmeseclassic.com

ခံသဖြင့် ဆင်အားလုံးမှ ချန်ထားကြခြင်းဖြစ်၏။

နံပြည်စုတ်ငှက်မသည် ကျီးငှက်တို့ထံ သွားရောက်ပြီးလျှင် ရှိသေစွာ ကန်တော့ပြီး "အသင်ကျီးမင်းတို့ ချမ်းသာကြပါ၏လော၊ ကျန်းမာကြပါ၏လော" ဟု ချစ်ဖွယ်သော စကားဖြင့် နှုတ်ခွန်းဆက်သ၏။ ထိုအခါ ကျီးတို့က "ငါတို့သည် ချမ်းသာကြကုန်၏၊ ကျန်းမာကြကုန်၏။ အသင်သည် လိမ္မာရေးခြားရှိစွ၊ ဂါရဝရှိသူတည်း။ အသင်ကော ကျန်းမာပါ၏လော၊ ချမ်းသာပါ၏လော" ဟု ပြန်လည်မေးမြန်းကြရာ နံပြည်စုတ်ငှက်မသည် ငိုကြွေးပြီးလျှင် ဖြစ်ကြောင်းကုန်စင်ကို ပြောပြလေ ကျီးတို့ကလည်း အားပေးစကား ပြောကြပြီးလျှင် "အသင့်ကို... ငါတို့ မည်ကဲ့သို့ ကူညီနိုင်သနည်း။ အသင်လိုအပ်သော အကူအညီကို ပြောပါလော့ ငါတို့အစွမ်းကုန် ကူညီပါအံ့" ဟု ဆိုကြ၏။ "ကောင်းပေပြီ။ အသင်တို့သည် ကိုဆင်၏ မျက်လုံးတို့ကို နှုတ်သီးဖြင့် ကိုဆိတ်ဖောက်ဖျက် ပေးကြပါကုန်လော့"၊ ကောင်းပြီ... ငါတို့ ယခုပင်လျှင်ဤ အမှုကို သွားရောက်ဆောင်ရွက်ပါကုန်အံ့" ဟု ဆိုကြရာ နံပြည်စုတ်ငှက်မသည် ဆင်ကြီးရှိရာ တောအုပ်ကို ညွှန်ပြပြီးလျှင် ယင်မမဲရိုင်းများ နေထိုင်ရာဌာနသို့ ထွက်ခွာသွား၏။

ယင်မမဲရိုင်းတို့ကိုလည်း ကောင်းမွန်စွာ နှုတ်ခွန်းဆက်သပြန်၏။ ထိုအခါ ယင်မမဲရိုင်းတို့သည်လည်း "မည်သည့် အကြောင်းကိစ္စ ရှိသနည်း၊ မည်သို့ ကူညီရမည်နည်း" ဟု ပြော၏။ "ထို့အတွက် မပူလင့် ငါတို့တာဝန်ထားတော့ စိတ်ချ၊ လက်ချနေပါ" ဟူ၍ ယင်မမဲရိုင်းတို့က ပြောကြားကြ၏။ ထိုအခါ နံပြည်စုတ်ငှက်မသည် ထိုနေရာမှ ထွက်ခွာခဲ့ပြန်၏။

တစ်ဖန် ဖားထံသို့ ရောက်ရှိပြီး ချစ်ဖွယ်သော စကားဖြင့် နှုတ်ခွန်းဆက်သပြန်၏။ ဖားသည်လည်း ကျေနပ်နှစ်သက်သည်ဖြစ်၍ "အကူအညီလိုအပ်လျှင် ပြောပါ၊ တတ်နိုင်သော ကိစ္စမှန်သမျှ ကူညီပါမည်" ဟု ပြော၏။ နံပြည်စုတ်ငှက်သည် အကြောင်းစုံကို ပြောပြပြီး ဧကစာရဆင်သည် မျက်စိအနားကို ပိုးလောက်တို့ ထိုးသောအခါ ရေကိုရာလတ္တံ့။ ထိုအခါ သင်ချောက်ကမ္ဘားပျက်တစ်ခု၏ ထိပ်မှနေ၍ ရေတွင်မြူးတူးသော အသံကိုပြုလော့" ဟု ဆိုရာ ကောင်းပေပြီ။ အသင်ပြောသည့်အတိုင်း ငါ၏ အဖော်တို့နှင့် ပြုလုပ်ပါအံ့" ဟု ဂတိပေး၏။

မိတ်ဆွေအားလုံး၏ အကူအညီ ရယူပြီးသောအခါ နံပြည်စုတ်ငှက်မသည် ဧကစာရ(တစ်ဦးတည်းနေသူ) ဆင်ကြီးအား လိုက်လံရှာဖွေ၍ တွေ့ရှိသောအခါ ကျီးတို့ကို အကြောင်းကြား၏။ ကျီးတို့သည်လည်း ရုတ်တရက်အုပ်လိုက်ရောက်ရှိလာကြပြီး ဆင်ကြီး၏ အထက်မှ ပျံဝဲ၍ အော်ဟစ်ကြ၏။ ဆင်ကြီးသည် ဒေါသထွက်ပြီး နာမောင်းဖြင့်ရမ်း၏။ ကျီးတို့သည် ဟို့မှသည်မှ လှည့်ပတ်အော်မြည် ထိုးဆိတ်ကြရာ၊ ဆင်ကြီးသည် အသံကြားရာဘက်သို့ ကိုယ်ကိုလှည့်၍ ကိုက်၏။ ကြာသော

www.burmeseclassic.com

ဆင်ကြီးသည် မောပန်းချိလာ၏။ ထိုအခါ မှ သန်စွမ်းလျင်မြန် ဖျတ်လပ်သော ကိုးတို့က ဆင်ကြီး၏ မျက်စိနှစ်ဖက်ကို ထိုးဆိတ်ချလည်းကောင်း ဖောက်ကြ သည်။ တစ်ခဏနှင့်ပင် ဆင်ကြီး၏ မျက်စိနှစ်လုံး ပေါက်သွားတော့၏။

ထို အခါ ဆင်ကြီးသည် နာကျင်လှသောကြောင့် အော်ဟစ်လျက် ဆောက်တည်ရာမရ နီးတည့်ရာ ပြေး လွှားတော့၏။ အသင့် စောင့်ဆိုင်းနေ သော ယင်မမဲရိုင်းတို့သည်လည်း မျက်စိ ဒဏ်ရာချိုင့်ခွက် အတွင်းသို့ ယင်ဥများ ဥချ၏။ မကြာမီမှာပင် ယင်ဥများမှ ပိုး လောက်တို့ ဖြစ်ကြပြီးလျှင် ကိုက်ခဲကြ ကုန်၏။ ဆင်ကြီးသည် မျက်စိနှစ်ဖက်ကို ရေဆေးရန် ရေရှိမည်ထင်သော အရပ် ကို ဦးတည်ပြေး၏။ ဖားသည်လည်း တောင်ကမ္ဘားထိပ်မှ အသံပြန်ကြကုန်ရာ ဆင်ကြီးသည် ဖားအော်သံ ကြားရာဆီ သို့ တရိုက်ထိုး တက်ပြေးလာလျှင် အသူ တရာနက်သော ချောက်ကမ္ဘားအောက် သို့ ကျရောက်ပြီး သေဆုံးရလေ၏။

နံပြည့်စုတ်ငှက်မသည် ဆင် သေ၏ ကိုယ်ပေါ်၌ လူးလားတုံခေါက် သွားလာလျက် ငါတို့အား မတရားပြု သော ရန်သူအား ငါသည် အင်အား ပင်နည်း သော်လည်း အဆွေခင်ပွန်းဖွဲ့ ခြင်း၌ လိမ္မာသည် ဤအဖြစ်ကြောင့် အောင်နိုင်ခဲ့လေပြီတကား" ဟု ဝမ်း မြောက်စွာ ကြွေးကြော်၏ဟူ၍ ဇာတ် တော်ကို အဆုံးသတ်တော်မူပြီးလျှင် ဘုရားရှင်မှ ဆက်လက်၍...

"ချစ်သားတို့ လောကဌ ရန် ဟူသည်မှာ မရှိစကောင်း မိမိထက် မည်မျှပင် နိမ့်ပါးပါစေ၊ အားနည်းပါစေ၊ ထိုသူသည် ငှဲ့အား အန္တရာယ်မပြုနိုင်၊ ရန်မပြုနိုင်၊ အံ့မတုနိုင်ဟု မထင်မှတ် လင့်။ မိမိတို့၏ အာဏာ၊ ဌေကြေး၊ လုပ်ပိုင်ခွင့်တို့ဖြင့် နွမ်းပါးသူတို့အား မတရားသဖြင့် အနိုင်မယူလင့်၊ ပုထုဇဉ် ဖြစ်သော လူသားတို့သည်လည်းကောင်း၊ သတ္တဝါတို့သ ည်လည်းကောင်း အား မတန် မာန်လျော့၍သာ အနိုင်ယူခြင်း၊ အနိုင်ကျင့်ခြင်းတို့ကို ခံကြရသော်လည်း တစ်နေ့ကို အရှုံးကြွေးကို ပြန်လည်ရယူ ရန် တေးမှတ်ထားကြပြီး အခွင့်သာသည် နှင့် မိမိအား အန္တရာယ်ပြုမည်သာ ဖြစ် ပေ၏။ ရန်သူရှိသူသည် မည်သည့်အခါ မျှ နောက်ကျောမလုံ၊ နောက်ကြောင်း မအေးရ၊ အမြဲတမ်း စိုးရိမ်ကြောင့်ကျနေ ရ၏။ စားမဖြောင့်၊ အိပ်မဖြောင့်၊ သွား မဖြောင့်၊ လာမဖြောင့် ဖြစ်ရပေ၏။ ရန်ကြောင်း၊ ရန်စဟူသည် မီးကြောင်း၊ မီးကျွန်နှင့်တူပြီး၊ တစ်ချိန်တွင် လောင် မြိုက်တတ်ပေ၏။ ချစ်သားတို့ ထိုစဉ်က လိမ္မာသော ဆင်မင်းသည် ယခုအခါ၌ ငါဘုရားဖြစ် လာ၍ ရက်စက်ကြမ်း ကြုတ်သော ဆင်သည်ကား ယခုအခါ ဒေဒဒတ်ဖြစ်ပေ၏" ဟု မိန့်ကြားတော် မူပြီးလျှင် တရားဒေသနာတော်ကို အဆုံးသတ်တော်မူလျှင် ရဟန်းတော်တို့ သည် သာဓုသုံးကြိမ် ခေါ်ဆိုကြပြီးလျှင် ဘုရားရှင်အား ရိုသေစွာ ကန်တော့ကြ ကုန်သတည်း။ ။

စကြာရှင်

(၅၅၀ ဇာတ်တော်များမှ "လဋ္ဌကိက" ဇာတ်တော်အား ပြန်လည်ရေးသား ဖွဲ့စော် တင်ဆက်အပ်ပါသည်)။

www.burmeseclassic.com

www.burmeseclassic.com

အကောင်းနဲ့အဆိုးသိသာရန်

ကျီးနဂိတ်

နန္ဒာဦးကျော်ကျော်

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်နက်နဲသော ဂန္ဓိရ ပညာတွင် ရှေ့ပြေးအတိတ် နိမိတ် တဘောင် စနည်းအစရှိသဖြင့် ကြိုတင် သိနိုင်မှု စွမ်းအားများ ရှိကြပါသည်။

အချို့နိမိတ်များသည် ဖြစ်စဉ် တစ်ခု မဖြစ်ပေါ်မီ လူတို့၏လှုပ်ရှားမှုများ မှလည်းကောင်း၊ ပစ္စည်းအချို့၏ လှုပ်ခတ်မှုများမှလည်းကောင်း၊ တိရစ္ဆာန်တို့၏ ဟန်ပန် အမူအရာများကြောင့်လည်း ကောင်း ညွှန်ဆိုပြသလေ့ ရှိပါသည်။

မိုးကြိုးတော့မည်ဆို လျှင် ပုရွက်ဆိတ်တို့ အစားအစာများ သယ်ပိုးကာ နေရာများသို့ ရွှေ့လျားသိုက်မြုံခြင်းသွားတတ်မှုများကလည်းကောင်း လေကြိုးမိုးကြိုး လေပြင်းမိုးပြင်း တိုက်ခတ်တော့မည်ဆိုလျှင် အမြင့်မားဆုံး သစ်ပင်တို့တွင် စာကလေး စာမူးဒေါင်းများ ရှည်လျားစွာ အသိုက်များ အခိုင်အခန့် ကြိုတင်ပြုတတ် လာတတ်ကြခြင်းတို့သည် ကြိုတင်ဖြစ်ပေါ်လာမည့် နိမိတ်သဘောကို ပြဆိုတတ်ကြခြင်း ဟုဆိုပါသည်။

တိရစ္ဆာန်များထဲမှ လူတို့နှင့် မစိမ်းသော လူတို့ အိမ်ရာ ခြံမြေ အနီးအနားတွင် ကျက်စားတတ်လေ့ ရှိသော ကျီးတို့၏ ပြုတတ်ကြသော နိမိတ် အမူအရာများကြောင့် လူသားတို့ အကျိုးအပြစ် ရရှိခံစားတတ်ရပုံကို လောကီဆိုင်ရာ ကျမ်းများတွင် ဤသို့ တွေ့ရှိရပါသည်။

(၁) ကျီးက မိမိမျက်မှောက် ရှေ့သို့လာပြီး သားစိမ်း ငါးစိမ်းအန် နေတာ မြင်တွေ့ရလျှင် ဥစ္စာရမည်။

(၂) ကျီးက မြေအန်နေတာ တွေ့ရလျှင် မြေ လာဘ်လာဘရမည်။

(၃) ကျီးသည် ထန်းလျက်သော် လည်းကောင်း၊ ထန်းလျက်နှင့်ရောသည့် ထမင်းသော်လည်းကောင်း အန်နေတာ တွေ့ရလျှင် ဥစ္စာရမည်။

(၄) ကျီးသည် နို့ထမင်း၊ နို့ရည်၊ နို့ခဲမ်း၊ သား၊ ငါးတို့အန်နေတာ မြင်တွေ့ရလျှင် မိမိအိမ်က မိန်းမ လာဘ်ရမည်။

(၅) ကျီးသည် သကာအန် လျှင် မိမိအိမ်ကသား၊ မိန်းမ အဆွေခင်ပွန်းတို့ လာဘ်ရမည်။

(၆) ကျီးပါးစပ်မှ ပိုးကောင်အန် နေတာကို မြင်ရလျှင် ဆန်စပါးနှင့် ပတ်သက်၍ လာဘ်ရမည်။

(၇) ကျီးတို့ ချီလာသောမြေ အိမ်ထဲကျလျှင် လယ်ယာ၊ ဥယျာဉ်၊ ခြံမြေ လာဘ်လာဘရမည်။

(၈) ကျီးသည် အိမ်ထဲဝင် လိုက် ထွက်လိုက် ပြုနေလျှင်အိမ်မှ ခရီးသွားသောသူ ရောက်ရှိလာတော့မည်။

(၉) ကျီးကခြေနှင့် မြေကို အရေးအကြောင်း ရေးသားနေတာ မြင်တွေ့ရလျှင် အတတ်ပညာရမည်။

(၁၀) ကျီးက ဖုတ်၊ သဲ၊ မြေစပါး၊ ပန်းတို့ကို ပါးစပ်နှင့်အပြည့် သယ်ယူလာပြီး အသံပြုခဲ့လျှင် ဥစ္စာ လာဘ်ရမည်။

(၁၁) စေးဆိုင်၊ ဆိုင်ခန်း စသည့် မိမိ အရောင်းအဝယ် ပြုနေသော ပစ္စည်းကိုကျီးက ချိုယူသွားတာ မြင်ရ

www.burmeseclassic.com

www.burmeseclassic.com

လျှင် အနာဖြစ်မည်၊ ဘေးဖြစ်မည်။

(၁၂) ကျီးသည် အတောင်နှစ်ဘက်ကို အောက်ကိုချပြီး ကောင်းကင်မှာလည်း လှည့်လည်၍ မြည်တွန်နေတာတွေ့လျှင် ဘေးဖြစ်တတ်သည်။

(၁၃) ကျီးတစ်ကောင်နှင့် တစ်ကောင် ဒေါ့သထွက်ပြီး တစ်ကောင်ပေါ်တစ်ကောင် တက်နေတာ မြင်တွေ့ရလျှင် အနာရောဂါဖြစ်မည်။

(၁၄) ကျီးသည် ကိုယ်မှာ သွေးလူးကာ အိမ်တံခါးဝမှာ မြည်လာလျှင် အိမ်ရှိကလေး မကျန်းမမာဖြစ်နေမှုနှင့် ကြုံကာရောဂါ ပြင်းထန်လာတတ်သည်။

(၁၅) ကျီးသည် ပကတိဒဘောအားဖြင့်လည်းကောင်း မြူး၍ သော်လည်းကောင်း အတောင် နှစ်ဖက်ကို လှုပ်ပြီး မြည်လာလျှင် မကောင်းကျိုးများ ဖြစ်တတ်သည်။

(၁၆) ကျီးသည် သတ္တဝါ အသေကောင်တို့ကိုလည်းကောင်း၊ မြက်ပင်တို့ကိုလည်းကောင်း၊ ကိုက်ချီလာပြီး မကောင်းသည့်အသံနှင့် မြည်လာလျှင် မီးဘေးသင့်တတ်သည်။

(၁၇) ကျီးသည် အိမ်ခေါင်မိုးထက်မှာ ခြေနှင့် ရေးခြစ်နေတာတွေ့ရလျှင် သူ့မယားအကျင့် ဖောက်ပြားတော့မည့် နိမိတ်ဖြစ်သည်။

(၁၈) ညနေဆည်းဆာအခါတွင် ကျီးကအထက်ကောင်းကင်ကနေပြီး အော်မြည်နေလျှင် ဘေးဖြစ်မည်။

နန္ဒာ ဦးကျော်

Dear Marry Fashion House

No. 56, Aung Mingalar Street,
Tamwe Township, Yangon.

09 5136230, 09 5036602
09 5172150, 09 250504361

http://www.facebook.com/dearmarrymyanmar

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ဖော်ပြအမှတ်တရ

ထီးပေါက်လိုလျှင် အဝိဇ္ဇာနှဝင်

ဦးအောင်ဇေယျာကျော်

ကျော်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဆရာကြီး ဂန္ဓာရီနှင့် ရွှေတိဂုံရင်ပြင်ပေါ်ရှိ ဝိဇ္ဇာတန်ဆောင်းအတွင်း ဆုံတွေ့မိကြရာ ထိုအကြောင်းနှင့်ပတ်သတ်၍ မေးမြန်းခဲ့လေ၏။

"ဆရာကြီးခင်ဗျာ၊ အခုအခါမှာ ခုနစ်ရက်သားသမီး အပေါင်းဟာ မိမိရဲ့ဘဝ အဆင့်မြင့်မြင့်နေထိုင်နိုင်ရေးအတွက် ထီဆုကြီးများ ပေါက်ချင်နေကြပါတယ်။ အဲဒီလိုထီဆုကြီးများ ပေါက်စေဖို့အတွက် ထီကံပွင့်စေနိုင်တဲ့ ဂါထာမန္တန်များရှိရင် ပြောကြားပေးပါဦး"

"ထီကံပွင့်စေနိုင်ဖို့အတွက် ဂါထာမန္တန်တွေရှိပါတယ်။ ပထမဦးဆုံး ပြောပြရင် ကောဏ္ဍာဓေနမထေရ် ဂါထာတော်အကြောင်းကိုပြောရမှာပဲ။ မြတ်စွာဘုရား လက်ထက်တော်က အရှင်ကောဏ္ဍာဓေနမထေရ်မြတ်ဟာ စာရေးတံမဲနို့က်တိုင်း အမြဲမပေါက်လေ့ရှိပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်က အရှင်ကောဏ္ဍာဓေနမထေရ်ကို တာဒဂ်ဘွဲ့ ချီးမြှင့်တော်မူခဲ့ပါတယ်။ အခုခေတ် ခုနစ်ရက်သားသမီးတို့ဟာ အဲဒီကောဏ္ဍာဓေနဂါထာကို ရွတ်ဆိုပွားများ ပုတီးစိပ်ကြရင် ထီကံပွင့်နိုင်ပါတယ်။ အခု**ကြာ** ဒီဂါထာကို အောင်ဆုမန် ထီပေါက် ဂါထာလို့လည်း ခေါ်ကြပါတယ်။ အင်မတန် အကျိုးထူးစေတဲ့ ဂါထာတော်ဖြစ်ပါတယ်"

"ရွတ်ဆိုပုံရွတ်ဆို နည်းလေးပြောကြားပါဦး ဆရာကြီး"

"ခုနစ်ရက်သားသမီး အပေါင်းတို့ဟာ မိမိတို့နေ့နံအလိုက် ဘွဲ့တော်အမည်ရှိတဲ့ စေတီဘုရားပုထိုးရုပ်ပွားတော်တွေကို သွားရောက်ပြီး မိမိတို့နေ့နံ ဂြိုဟ်သက်အလိုက် ပုတီးစိပ်ကြရပါမယ်"

ရှင်းအောင်ပြောပြမယ်၊ ဥပမာ ဗုဒ္ဓဟူးသားသမီးဖွားပါတော့ ဗုဒ္ဓနံ ရွှေတိဂုံဘုရားကို သွားပြီး ဗုဒ္ဓဟူးနံ ဂြိုဟ်သက် ၁၇ ပတ်တိတိစိပ်ရမည်။ အနည်းဆုံး အဓိဋ္ဌာန်ရက် ၁၇ ရက်ဝင်ရမယ်။

နေ့စဉ် ပုတီးမစိပ်ခင် မြတ်စွာဘုရားရှင်ကို သပြေပန်း၊ ခရေညွှန့်တို့ကပ်လှူပူဇော်ရမယ်။ နံနက် သို့မဟုတ် ညနေ မိမိနှစ်သက်ရာအချိန်မှာ နံနက်၊ ညနေဆိုရင် ညနေအချိန်မှန်မှန် ပုတီးစိပ်ရမယ်။

တနင်္ဂနွေ သားသမီးဆိုရင် တနင်္ဂနွေနံဘွဲ့တော်အမည်ရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ သို့မဟုတ် စေတီတော်ရှေ့မှာထိုင်ပြီး အဲဒီဂါထာကို ရွတ်ဆိုတီးစိပ်ရမယ်။ တနင်္ဂနွေဂြိုဟ် သက်ဖြစ်အတိုင်း နေ့စဉ် ပုတီးပတ်ရေ ၆ ပတ်တိတိ စိပ်ရမယ်။ အနည်းဆုံး ၆ ရက် အဓိဋ္ဌာန်ဝင် ပုတီးစိပ်ရမယ်။

ပုတီးမစိပ်ခင် မြတ်စွာဘုရားရှင်ကို ကံကော်ညွှန့်၊ ခရေညွှန့်တို့ ကပ်လှူပူဇော်ရမယ်။

တနလာ်သားသမီးဆိုရင် တနလာ်နံဘွဲ့တော် အမည်ရှိတဲ့ ဘုရားများမှာ သွားပြီး ပုတီးစိပ်ရမယ်။

ဥပမာ-ကျိုက်ကွာဆံ ဘုရားဟာ တနလာ်နံ ဘုရားဖြစ်တယ်။ အဲဒီဘုရားမှာ တနလာ်ဂြိုဟ်သက်

www.burmeseclassic.com

www.burmeseclassic.com

၁၅နှစ်အတိုင်း နေ့စဉ် ပုတီးပတ်ရေ ၁၅ ပတ်တိတိစိပ်ရမယ်။ အနည်းဆုံး ၁၅ ရက် အဓိဋ္ဌာန်ဝင်ရမည်။

ပုတီးမစိပ်ခင် မြတ်စွာဘုရား ရှင်ကို မြေစာညွှန့်၊ သပြေပန်းတို့ကို ကပ်လှူပူဇော်ရမယ်။

အင်္ဂါသားသမီးဆိုရင် အင်္ဂါနံ့ ဘွဲ့တော်အမည်ရှိတဲ့ ဘုရားမှာသွား ရောက်ပြီး ပုတီးစိပ်ရမယ်။ ဥပမာ အင်္ဂါနံ့ဘုရားဖြစ်တဲ့ ဆူးလေဘုရားမှာ အင်္ဂါဂြိုဟ်သက် ၈ နှစ်အတိုင်း နေ့စဉ် ပုတီးပတ်ရေ ၈ ပတ်တိတိစိပ်ရမယ်။ အနည်းဆုံး ၈ ရက်အဓိဋ္ဌာန်ဝင်ရမယ်။

ပုတီးမစိပ်ခင် မြတ်စွာဘုရား ရှင်ကို မြေစာညွှန့်၊ ခရေညွှန့်တို့ ကပ်လှူ ပူဇော်ရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကြာသာပတေး သားသမီး ဆိုရင် ကြာသပတေးနံ့ဘွဲ့တော် အမည်ရှိ တဲ့ ဘုရားမှာသွားရောက်ပြီး ပုတီးစိပ် ရမယ်။ ဥပမာ-ကြာသာပတေးနံ့ ဘုရားဖြစ်တဲ့ ဗိုလ်တထောင်ဘုရားမှာ ပုတီးစိပ်နိုင်တယ်။ အဲဒီဘုရားမှာ ကြာသပတေးဂြိုဟ်သက် ၁၉ နှစ် အတိုင်း နေ့စဉ်ပုတီးပတ်ရေ ၁၉ ပတ် တိတိစိပ်ရမယ်။ အနည်းဆုံး ၁၉ ရက် အဓိဋ္ဌာန်ဝင်ရမယ်။

ပုတီးမစိပ်ခင် မြတ်စွာဘုရား ရှင်ကို သရက်ညွှန့်၊ ဒေါနပန်းတို့ကို ကပ်လှူပူဇော်ရမယ်။

သောကြာသားသမီးဆိုရင် သောကြာနံ့ဘွဲ့တော်အမည်ရှိတဲ့ ဘုရား မှာသွားရောက်ပြီး ပုတီးစိပ်ရမယ်။ သို့မဟုတ် ရုပ်ပွားတော်ရှေ့မှာ ပုံတော်ရှေ့မှာ စိပ်နိုင်တယ်။ သောကြာ ဂြိုဟ်သက် ၂၁ နှစ်အတိုင်း နေ့စဉ် ပုတီးပတ်ရေ ၂၁ ပတ်တိတိစိပ်ရမယ်။ အနည်းဆုံး ၂၁ ရက်အဓိဋ္ဌာန်ဝင်ရ မယ်။ ပုတီးမစိပ်ခင် မြတ်စွာဘုရားရှင် ကို အုန်းညှာ်၊ ဒေါနပန်းတို့ကိုကပ်လှူ ပူဇော်ရမယ်.

စနေသားသမီးဆိုရင် စနေနံ့ ဘွဲ့တော်အမည်ရှိတဲ့ ဘုရား သို့မဟုတ် ရုပ်ပွားတော် သို့မဟုတ် ပုံတော်ရှေ့မှာ ပုတီးစိပ်ရမယ်။ စနေဂြိုဟ်သက် ၁၀ နှစ်အတိုင်း နေ့စဉ်ပုတီးပတ်ရေ ၁၀ ရက် အဓိဋ္ဌာန်ဝင်ရမယ်။

ပုတီးမစိပ်ခင် မြတ်စွာဘုရား ရှင်ကို အုန်းညှာ်၊ သပြေညှာ်တို့ ကပ်လှူ ပူဇော်ရမယ်။

အဲဒီပုတီးစိပ် အဓိဋ္ဌာန် ဝင်ကြတဲ့အခါ ခုနစ်ရက်သားသမီး အပေါင်းတို့က အနည်းဆုံး ငါးပါးသီလ ကို ဆောက်တည် စောင့်ဇဒိန်းကြရ မယ်။

အဲဒီနောက် အဓိဋ္ဌာန်ရက် ပြီးတဲ့အချိန်တိုင်း ဒါနတစ်ခုခု ပြုပေး ရပါမယ်။

နည်းသည်၊ များသည်မရှိ။ စေတနာသဒ္ဓါတရား ထက်ထက်သန် သန်နဲ့ ဒါနတစ်ခုခုပြုပေးရမယ်။ အဲဒီ ဟာ ထီက်ပွင့်စေနိုင်တဲ့ အဓိဋ္ဌာန်ပဲ"

ဆရာကြီးဂန္ဓာရီမှ ဆက်လက် ၍ ကောဏ္ဍာဓနဂါထာတော်ကြီးကို ရွတ်ဆိုပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

- တေရဲ့ ဘိကွေ မမ
သာဝကာနဲ့ ဘိကျွန် ပထမ
သတဲ့။
- ဂဇာန္တာနဲ့ ယဒိဒံ
ကောဏ္ဍာဓေနော၊ သီယံ
သိဂ္ဂါတု မေနံ။
- တေန သစ္စဝဇ္ဇေန၊ စံ
မေ ဟောတု။

ဂါထာတစ်ပုဒ်လုံး မှပုတီး
တစ်လုံးချရမယ်"

"ဟုတ်ကဲ့ပါ . . . ဆရာကြီး။
နောက်ထပ် ထိုက်ပွင့်စေနိုင်တဲ့ ဂါထာ
တော်များရှိသေးရင် ပြောပြပါဦး"

"ဣန္ဒာပူရဏ လိုတရဂါထာ
တော်ကို ရွတ်ဆိုရင်လည်း ထိုက်ပွင့်
စေနိုင်ပါတယ်"

"မိန့်ကြားပါဦး ဆရာကြီး"

"ဒီဂါထာဟာ ထိုက်လည်း
ပွင့်စေနိုင်သလို အင်မတန်မှလည်း
ကောင်းကျိုးမဂ်လာ တိုးပွားစေတဲ့ဂါ
ထာပါ။ ဒီဂါထာနဲ့ အဓိဋ္ဌာန်ဝင်လိုသူ
ဟိုဒီဆိုဟာ ရက်ပေါင်း ၃၀ တစ်လတိတိ
အဓိဋ္ဌာန် ဝင်ရပါမယ်"

"သိပါရစေဦး ဆရာကြီး"

"မိမိနေအိမ် ဘုရားစင်ရှေ့မှာ
ဖြစ်စေ၊ ဘုန်ခိုးကြီးဘုရား တစ်ဆူဆူမှာ
ဖြစ်စေ အဓိဋ္ဌာန်ဝင်နိုင်ပါတယ်။
နေ့စဉ် အဲဒီကာဏ္ဍာဣဏ္ဍာပူရဏာ
လိုတရဂါထာတော်ကို ပုတီး (၉) ပတ်
တိတိ မပျက်မကွက်စိပ်ရပါမယ်။ နံနက်
ညနေကြိုက်တဲ့ အချိန်မှာ နံနက်ဆိုရင်
နေစဉ်နံနက်၊ ညနေဆိုရင် နေစဉ် ညနေ
အချိန်မှန်မှန် စိပ်ရမယ်။ ပုတီးမစိပ်
ခင်မှာ မြတ်စွာဘုရားရှင်ကို သစ္စသီး
တစ်မျိုးမျိုးနဲ့ နေစဉ်ကပ် လှူပူဇော်
ရပါမယ်"

ဆရာကြီးကမ္ဗာရီမှ ဣဏ္ဍာပူရ
ဏာ လိုတရဂါထာတော်ကို ရွတ်ဆို
ပြလေ၏။

- ဣဏ္ဍာယော သာသပဂေဟေ
စကိမဏ္ဍော ဣဏ္ဍာတော
စိတော။
- စဏ္ဍဝါဇဒ္ဓိ သကလံ အတ္ထ
ဘာဝနေ ဆာဒယိ။

(ပုတီးတစ်လုံးချပါ)

- စံ ဣဏ္ဍာယ သမ္ဘန္နံ
လောကေစေဋ္ဌံ နမာ မယံ။
တေန သစ္စေ ဝဇေန၊
ဣဏ္ဍာပူရေတု မေသဓိ။

(ပုတီးတစ်လုံးချပါ)

ထို့နောက် ဆရာကြီးကမ္ဗာရီမှ
ဆက်၍ . . .

"အဲဒီ အဓိဋ္ဌာန်အတိုင်း ပုတီး
စိပ်တဲ့ပုဂ္ဂိုလ်ဟာ ငါးပါးသီလကို ဆောက်
တည်စောင့်ထိန်းရမယ်၊ ပုတီးစိပ်ပြီး
တဲ့အခါတိုင်း ထိုက်ပွင့်စေကြောင်း ဆု
တောင်းရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အဲဒီလို အဓိဋ္ဌာန်ဝင်ပုတီးစိပ်
ခဲ့ကြလို့ ထိုက်ပွင့်သွားခဲ့ကြတဲ့ ပုဂ္ဂိုလ်
ပေါင်းလည်း မနည်းတော့ပါဘူး။ ယုံယုံ
ကြည်ကြည် လေးလေးစားစား သဒ္ဓါ
တရား ထက်ထက်သန်သန်နဲ့ လုပ်
ဆောင်ကြရင်ဖြင့် သူတို့လိုပဲ ဓိဓိတို့
လည်း ထိုက်ပွင့်နိုင်ကြမှာ မလွဲပါဘူး"

×××

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်ုပ်ရရာလိုတရဂါထာတော်
ကြီး၏အနက်အဓိပ္ပါယ်"

ရှေ့ဘုန်းတော်သခင် မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အလိုတော်မူသည်ရှိသော် မုန်ညှင်းစေ့ အတွင်း၌ ဟိုမှသည်မှ. ပရိကွရာလွယ် လျက် စက်ကြီသွားတော်မူနိုင်၏။

အလိုတော်မူသည်ရှိသော် အလုံးစုံသော လေးကျွန်းမြင့်မိုရ် စကြာ ဝဋ္ဌာကြီးကိုသော် မိမိခန္ဓာကိုယ် အတ္တ ဘောဖြင့် ဖုံးလွှမ်းထားတော်မူနိုင်၏။

ဤသို့ အလိုတော်နှင့် ပြည့်စုံ တော်မူသော တစ်လောကလုံးတွင် အမြင့်မြတ်ဆုံး အသာဆုံး ဖြစ်တော် မူသော မြတ်စွာဘုရားကို ဘုရားတပည့် တော်သည် မြတ်မြတ်နိုးနိုး လွန်အား ကိုးစွာရှိခိုးပါ၏။

ဤကောင်းမူရှိန်စော် အာန ဘော်ကြောင့်သော်၎င်း၊ မှန်ကန်စွာ ဆိုရသော ဤသစ္စာစကားကြောင့်၎င်း၊ အခါခပ်သိမ်း ဘုရားတပည့်တော်၏ အလိုတော်ဆန္ဒဟူသမျှသည် ပြည့်စုံ ရပါစေသတည်း။

ဦးအောင်ဇေယျကျော်

Emily
Floral Service
Ei Myat Chit Kyaw
: 09-5036602, 09-5172150
: www.facebook.com/EmilyFloralServiceandgift
: No.301/9, Padauk Street, Yuzana Plaza, Mingalar Taung Nyunt Tsp, Yangon.

www.burmeseclassic.com

www.burmeseclassic.com

မီးကွင်းစေတီတော်

စိမ်းရွက်လွှာ

မန်ကျည်းနှစ် စေတီတော်ပုံ



စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

"မီးအညွန့်...ကျိုးသွားပြီ တဲ့ဟော့။ မီးကို လူကနိုင်သွားပြီတဲ့။ ရွာသားတွေ အရမ်းမကြောက်ကြပါနဲ့ ဗျို့"

ရွာကနီဗွာန်ဆောကြီး ဦးဘအေးတစ်ယောက် ရွာအရှေ့ပိုင်းဘက်ကို အော်ဟစ်သတိပေးရင်း ပြေးလွှားနေပါတယ်။ ရွာအနောက်ခြမ်း တစ်ခုလုံး ပြာကျသွားပြီဖြစ်ပါတယ်။ အိမ်ခြေတစ်ရာ့နှစ်ဆယ်ရှိတဲ့ ဒီ "တမာပင်စု" ကျေးရွာကလေး မိနစ်နှစ်ဆယ်အတွင်း ကမ္ဘာပျက်သွားသလိုပါပဲ။

"ဟုတ်တယ် မီးညွန့်တွေ ဒီဘက်ကူးမလာတော့ဘူး။ မီးသတ်ကားတွေလည်း ရောက်လာပြီတဲ့။ အမယ်လေး ဒါပေမဲ့ ဒေါ်ခင်တင့်မီးထဲ ပါသွားသတဲ့။ ဖြစ်မှ ဖြစ်ရလေ အရီးလေးရဲ့။ ဟီး...ဟီး...ဟီး"

နေ့လည် တစ်နာရီလောက်ရှိတဲ့ "တပေါင်းလကြီးမှာ" မီးဘေးသင့်တာဆိုတော့ ဘယ်သူမှအနားမကပ်နိုင်ကြပါဘူး။ ဒီတမာပင်စုရွာကြီးမှာ မြည့်စုံသူတွေများပါတယ်။ ရွာအနောက်ခြမ်းကတော့ လက်လုပ်လက်စားတွေရှိပါတယ်။ မခင်ကြွယ်တို့ အိမ်ကစလောင်တာသာ သိရပြီးဘာကြောင့်မှန်းမသိရသေးပါဘူး။

"မခင်ကြွယ်တို့ အိမ်မီးလောင်နေပြီတဲ့။ မီးက ခေါင်မိုးအထိတက်စွဲနေပြီတဲ့။ ရွာသားတွေ ပြေးကြ၊ တနိုင်သယ်ကြ။ အဖို့တန် တာယူကြ" လို့ ထမီစွန်တောင်ဆွဲပြီး အရီးငွေကျော့အော်ဟစ်တာကြောင့် သူမတို့မိသားစုလဲ တန်ဖိုးရှိပစ္စည်းတွေထုတ်ပိုးပြီး ထော်လာဂျီပေါ် တင်ပြေးကြရပါတယ်။

ရွာထဲကသန့်စွမ်းတဲ့ လူငယ်နဲ့ ယောကျ်ားကြီးတွေ အပြေးတပိုင်း မီးသတ်ကြပေမယ့် မီးအရှိန်ကမြင့်မသတ်ရတာဆိုတော့ ဘယ်လိုမှမနိုင်ကြပါဘူး။ မခင်ကြွယ်အိမ်က တဲသာသာကလေးပါ။ ဒါပေမဲ့ နံဘေးကသွပ်မိုးအိမ်ကြီးကို ကူးစက်ချိန်မှာတော့ ဘယ်လိုမှမနိုင့်တော့တာပါ။

အဲဒီလိုနဲ့ တစ်အိမ်ပြီးတစ်အိမ်မီးကူးစက်လောင်လိုက်တာ ရွာအနောက်ခြမ်းတစ်ပိုင်းလုံး တက်တက်ပြောင်ခဲ့ပါတယ်။ ရွာအလယ်ပိုင်းက ဦးတင့်မော်တို့ အိမ်အရောက်မှာတော့ မီးတောက်ကြီးက ရုတ်တရက်လေပြင်းတိုက်လာပြီး ညာဘက်အိမ်ငယ်ကလေး သာကူးစက်ရင်း အရှိန်သေသွားခဲ့တာပါ။

တကယ်ဆိုရင် မီးလောင်မယ့်ဆဲဆဲကြီးပါ။ လေပြင်းကြီးက မီးညွန့်ကို တစ်ဖက်အိမ်ကို ကွေ့ချချိုးသတ်သလို ရှိခဲ့တာကို ဘယ်သူမှစဉ်းစားလို့မရခဲ့ကြပါဘူး။

အဲဒီအိမ်ထဲမှာ သက်ရှိတစ်ယောက်မှမရှိကြပါဘူး။ ခွေး၊ ဝက်ကြက်၊ ဘဲ တွေကအစ ထွက်ပြေးကုန်ကြပါပြီ။ ဒါပေမဲ့ နတ်ဒေဝတာတွေ ငြိမ်းသတ်လိုက်သလို မီးလမ်းကြောင်းပြောင်းပြီးတော့ မီးညွန့်ကျိုးသွားပါတယ်။ ကွက်တိပဲ မီးသတ်ကားတွေလဲ ဆယ်မိုင်လောက်ဝေးတဲ့ ပြုံးကနေ

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာပြီး သက်စွန့်စံဖျား ငြိမ်းနိုင်ခဲ့ ကြပါပြီ။

အခန်း (၂)

အိမ်ခြေငါးဆယ့်ခြောက်လုံး မီးထဲပါသွားတဲ့အတွက် ကယ်ဆယ်ရေး အဖွဲ့ပေါင်းစုံက အစားအစာ၊ ဆေးဝါး၊ အဝတ်အထည်မှအစ အိမ်ထောင်ပရိ ဘောဂ အိမ်ဆောက်ပစ္စည်းတွေ လာရောက်ပံ့ပိုးကြပါတယ်။ မီးစလောင် ခြင်းကတော့ မခင်ကြွယ်တစ်ယောက် ရွာမှာမီးပိတ်ထားပေမယ့် အဲဒီချိန်မှာ ဘဲဥ ခိုးဝှက်ကြော်မိရာမှ ဒယ်အိုးထဲမီးထ တောက်ပြီးမီး စလောင်ခဲ့တာပါ။

"ကျွန်မကို သတ်ပစ်လိုက် ကြပါတော့။ ကျွန်မ ကိုယ်ဝန်ရှိစ၊ အစား သောက်ဖျက်ပြီး ဘဲဥကြော်နဲ့ ထမင်းပူ စားချင်စိတ်ပေါက်တာနဲ့ မီးပိတ်ထားတဲ့ အမိန့်ကို ဆန့်ကျင်ပြီး မြန်မြန်ကျက် အောင် မီးပြင်းပြင်းထိုးပြီးတော့ အဟင့် ဟင့် ဟင့် ဟင့်"

ဒါပေမယ့် ရဲအရာရှိတွေက သူမကို ဥပဒေအရ မြို့တော်ကိုဖမ်းဆီး ခေါ်ဆောင်သွားခဲ့ပါတယ်။ သူခင်ပွန်းသည် ကတော့ အရက်သမားကြီးပါ။ ဘုစု ခရုက လေးငါးခြောက်ယောက်ကျန်ခဲ့ တယ်ပေါ။

"ကိုတင့်မော်ဦးတို့ အိမ်ရောက် မှ မီးညွှန့်ကျိုးသွားတာ ထူးဆန်းနေ တယ်ဗျ။ ဥပမာ ခင်ဗျာတို့အိမ်မှာ မီးကွင်းဂမုန်းပင်တွေ ဘာတွေများစိုက် ထားသလားဗျာ"

မစိုက်မိပါဘူး ကိုဝင်းသိန်း ရယ်။ အဲ . . . တစ်ခုပဲရှိတယ်ဗျာ။ ကျွန်တော်လဲ အဲဒါကြောင့်လိုပဲ ယူဆထား တယ်။ တပ်အပ်တော့မသေချာဘူးပေါ့ ဗျာ။ ဒါပေမဲ့ အဲဒီဘုရားစေတီပုံတော်ရဲ့ သိဒ္ဓိအစွမ်းပဲထင်တာပဲဗျ။ ကျွန်တော် မန်ကျည်းပင်အနှစ်သားက ကျိုက်ထီးရိုး စေတီပုံတော်နဲ့တူနေလို့ ကျွန်တော်တို့ မိသားစု ဘုရားစင်ပေါ် တင်ကိုးကွယ်ခဲ့ တာကြာပြီဗျ"

"ဟ . . . ဟုတ်ပြီလား။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက မို့လား။ ကျွန်တော်တို့ မှတ်မိသွားပြီဗျို့။ အဲဒီ မန်ကျည်းနှစ်သား စေတီပုံကြောင့် ပဲလို့ ကျွန်တော်တို့ ယူဆတယ်ဗျာ။ နော့် . . ."

အဲဒီတုန်းက ဦးတင်မော်ဦး တို့ ဒီလောက်ထိ စီးပွားဥစ္စာလည်း မပြည့်စုံသေးပါဘူး။ တစ်နေ့မှာ ထင်း အတွက် ခြံထောင့်က မန်ကျည်းပင် အိုကြီးကို ခုတ်လဲကြတယ်။ သူ့သားသုံး ယောက်နဲ့တူတူပေါ့။ အရင်းကကပ်လဲကြ တာပါ။

အဲဒီသစ်ပင်လဲပြိုသွားလို့ ပင်စည်ကိုမြင်ရတဲ့ အခါမှာ သူတို့အံ့သြ မယုံနိုင်အောင် ရှိသွားကြတာပါ။ အညာ ဒေသရဲ့ မန်ကျည်းပင်တွေမှာ နှစ်တွေ ကြာတဲ့ပေါ်မူတည်ပြီး "အနှစ်" ရှိတတ် ကြပါတယ်။ ဖြူဖွေးနေတဲ့ မန်ကျည်းသား ရဲ့ အလယ်ဗဟိုတိုင်းမှာ "အညိုရင့်" ရောင် "အနှစ်" ရှိကြပါတယ်။

ပုံစံမျိုးစုံနှင့်ပါ။ ဒီဇိုင်းပုံစံမျိုးစုံ ရှိတတ်ပါတယ်။ ဒါပေမဲ့ သူတို့လှန်လိုက် တဲ့ မန်ကျည်းပင်အိုကြီး ရဲ့ "အနှစ်"

www.burmeseclassic.com

www.burmeseclassic.com

ကတော့ အဲ့ဩဖွယ်ရာ ကျိုက်ထီးရိုးစေတီပုံစံနဲ့ တူညီနေခဲ့ပါတယ်။ ဒါကြောင့် မန်ကျည်းနစ်သားက ကျိုက်ထီးရိုးစေတီပုံ နဲ့တူနေတာမို့လို့ "မြင့်မြတ်တဲ့သစ်ပင်" ဆိုပြီး လဲ့မိတာကို နောင်တရကြရှာပါ တယ်။ ရွာသားတွေကလည်း လာပြီး ကြည့်ရှုကြတာပေါ့။

"ငါတို့ပူတော်ပါရစေ။ ထပ်ပိုင်းကျ ဖြတ်ပေးကြပါဦး"

"ဟုတ်တယ်။ တစ်ထွာလောက် အကွာလောက် ထပ်ဖြတ်ကြည့်ပါဦး။ မန်ကျည်းနစ်က ရှည်ဦးမှာမို့လား"

"ကျုပ်လည် ပူတော်ချင်တယ်။ ကိုင်း . . . လွန်ဖြတ်ကြရအောင်" မူလအရင်းဘက်ကနေ တစ်တောင်အကွာကနေ လူငယ်တွေလွန်နဲ့ ထပ်ဖြတ်ကြပါတယ်။ ဒါပေမဲ့ ပေါ်လာတဲ့မန်ကျည်းနစ်က ကျိုက်ထီးရိုးစေတီ မပါပါဘူး။ ပလွင့်တော်နဲ့ ကျောက်တုံးကြီးပဲ ပါပါတယ်။

"နောက်တစ်ရစ် ထပ်ဖြတ်ကြည့်ပါဦးလား"

မန်ကျည်းပင်ကြီးကသာ အတုံးအတစ်ဖြစ်သွားတယ်။ ကျောက်တုံးတော်ကြီးပေါ်မှာ စေတီတော်မပါတော့ဘူး။ လူတွေက ဝမ်းနည်းကြတာပေါ့။

"ကျုပ်ရောဂါက ဆေးမတိုးတော့ပါဘူး ငါ့တူကြီးရယ်။ အဘိုးစိန်မသေခင် မင်းအပိုင်းကြီးကနေ လက်နှစ်လုံးစာလောက် ပါးပါးလေးဖြတ်ပေးပါလားကွာ။ အဘိုးစိန်ကြည်ညိုလွန်းလို့ပါကွာ"

"ကဲ . . . ဒီတွက်စိတ်မပူနဲ့ အဘိုးစိန် မသေခင်ပူတော်ရမယ်။ ကဲ ကဲ သားကြီးရေ လွှဲပါးပါး ထပ်ပိုင်းပေးလိုက်စမ်းပါဦး"

အဲဒီအပိုင်းမှာလဲ စေတီတော်မပါဘူးပဲ။ တစ်ရစ်ချင်း၊ တစ်လွှာချင်း လွှာလိုက်တာ လက်နှစ်သစ်ထုအထူပဲ ကျန်ပါတော့တယ်။

"အမလေး အသက်ကိုးဆယ်ခြောက်နှစ်ရောက်မှ ဘုရားကွယ်လေခြင်း ငါ့တူကြီးရယ်။ ကျုပ်... အကုသိုလ်ကံကြီးလို့ ထင်ပါရဲ့" ပုဆိုးစကိုဆွဲပြီး ငိုခြင်း ချတာမို့ . . .

"ဟ . . . ဦးသားရေ၊ အမြစ်ဖက်ပိုင်းမှာ စေတီရော ကျောက်တုံးအမြစ်ဆုံပိုင်းကို တစ်ထွာလောက် ကပ်ဖြတ်ပြပေမယ့် အချပ်လိုက်မရခင် နစ်ခြမ်းကွဲသွား ပြန်ပါရော။ အဘိုးစိန် ငိုပြန်တာပါပဲ။ ဒါပေမဲ့ အဲဒီနစ်ခြမ်းကို ပြန်ဆက်ပြီး အနေတော် သဲကွင်းထဲသွင်းပြီး ပူတော်ထားပါတယ်။ အဘိုးစိန်အိမ်ကရွာရဲ့ အရှေ့ဖျား အစွန်ဆုံးမှာ ခုထိ ကိုးကွယ်တုန်းပေါ့။

"ခုပဲကြည့်လေဗျာ။ ခင်ဗျားအိမ်ကနေ အဘိုးစိန်သား အိမ်အထိ မီးလောင်သွပ်ပြား မကျဘူးလေဗျာ။ အရှေ့ခြမ်းကို ကျော်ကျော်ပြီး ရွာပြင်ထိ မီးသွပ်ပြားတွေ လွင့်ကုန်တာကရော ထူးဆန်းတယ်နော်"

"အဲဒါကြတော့လည်း ဟုတ်ပြန်တာပဲဗျာ"

အခန်း(၃)

ရွာသူ၊ ရွာသားတွေ အားလုံး

www.burmeseclassic.com

www.burmeseclassic.com

က မန်ကျည်းနှစ် စေတီကို ဦးကွင်းတယ်လို့ ယူဆကြပါတယ်။ ဦးတင်မော်ဦးတို့ မိသားစုလည်း မန်ကျည်းနှစ် စေတီကို ဆွမ်းအမြဲကပ်၊ ပန်းဆီမီး ပူဇော်ရင်း ထီဆုတွေပေါက်၊ လယ်ယာမြေတွေ အထွက်တိုး နည်းမျိုးစုံ စီးပွားတက်လာတာများ ခုဆို "လယ်ယာဆယ့်ခြောက်" လည်ထွန်စက်ကြီးတွေ၊ စပါးခွဲစက်တွေနဲ့ ရွာရဲ့ မျက်နှာဖုန်း သူဌေးတစ်ဦး ဖြစ်နေခဲ့ပါပြီ။

သူ ဘာကြောင့် ချမ်းသာ၊ ချမ်းသာ ခုချိန်မှာတော့ မန်ကျည်းနှစ် စေတီ တော်ကြောင့်လို့ ယူဆကြပါတယ်။ ခုမှ မန်ကျည်းနှစ်သားရဲ့ မိခြေစဆံခေါင်းလောက် အကာလေးတွေ တစ်ရွာလုံးခဲ့ရွဲပြီး ပူဇော်နေကြပါတယ်။ မီးဘေးကြောင့် တက်တက်ပြောင် ပြာပုံဘဝကို ရောက်ခဲ့ဖူးတာမို့ ရွာသားတွေသေအောင် ကြောက်နေကြပါပြီ။

မခင်ကြွယ်လည်း ထောင်ကျသွားရပါတယ်။ ဦးတင်မော်ဦးတို့ မိသားစု မှာလည်း ဘုရားကို "အနေကဇာ" တင်ပွဲ ဘုရားကိုးဆူကပ် အလှူပွဲလုပ်ဖို့ ပြင်ဆင် နေကြပါပြီ။ ဘာကြောင့်ပဲဖြစ်ဖြစ် ရတောင့်ရခဲ မန်ကျည်းနှစ် စေတီတော် ကို သူတို့မိသားစုနဲ့ ရွာသားတွေကတော့ "မီးကွင်းစေတီ" လို့ မှတ်ယူ ပူဇော်နေကြပါပြီ။ ကျွန်တော်ထီးရိုးစေတီ ပုံတော်ကို ကြည့်ညှိမဆုံး နေတိုင်းပန်းတွေ တစ်ရွာလုံး လာလာလှူကြတာများ ကြိတ်ကြိတ်တိုးပေါ့။

အဘစိန်ရဲ့ သားများမှာလည်း ခုဆိုရင် ကြွယ်ဝချမ်းသာနေဆဲပါ။ ဘုရားဖူးသူ၊ ပန်း ဆီမီးလှူသူတွေနဲ့ စည်ကားနေတုန်းပါပဲ။

စိပ်းရွက်လွှာ

www.burmeseclassic.com

www.burmeseclassic.com



JJJ

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

(၁)

ခုလို ဆောင်းရာသီ နှင်းငွေ့တဝေဝေနဲ့ အချိန်ဆို ကိုဖိုးခွေးတို့ ဆိုက်ကားသမားတွေ အလုပ်ဖြစ်တဲ့ အချိန်ပဲ။ သူများတွေ ချမ်းချမ်းစီးစီးနဲ့ ကွေးလို့ကောင်းနေတဲ့ အချိန်မှာ ကိုဖိုးခွေး တစ်ယောက်ကတော့ မအိပ်နိုင်ဘူး။ မနက်လေးနာရီလောက်ထ ညထဲက လာပို့ထားတဲ့ ကုန်စိမ်းတွေကို ဆိုက်ကားပေါ်တင်ပြီး ဒီကနေ ငါးမိုင်ကျော်ကွာဝေးတဲ့ မြို့ပေါ်ဘူတာကို သွားပို့ပေးရတယ်။ မနက်ခြောက်နာရီခွဲဆိုက်တဲ့ ရထားပေါ် ကုန်စိမ်းတင် မီအောင်ပေါ့။

တစ်ပတ်ကို သုံးလေးရက်လောက် သွား၊ သွားပို့ရတယ်။ မိန်းမဖြစ်တဲ့ အေးခင်က ရာသီပေါ် သီးနှံလေးတွေကို ဈေးထဲမှာ ဆိုင်ခုံလေးနဲ့ရောင်းတယ်။ ကိုဖိုးခွေးကတော့ ဆိုက်ကားနင်းတယ်ဆို ဒီဝင်ငွေလေးနဲ့ သားသမီးသုံးယောက် ဆောက္ခမကြီးနဲ့ ကိုဖိုးခွေးတို့ လင်မယားနဲ့ စုစုပေါင်း ခြောက်ယောက်ရဲ့ စားဝတ်နေရေးကို ဖြည့်စွမ်းဖို့ အနိုင်နိုင်ပါ။ မိန်းမလုပ်သူ အေးခင်ရဲ့ ကုန်စိမ်းဒိုင်တွေနဲ့ ဆက်မိပြီး ခုလို မနက်စောစောဘူတာကို ကုန်စိမ်းပို့ရတော့ ငွေလေးလည်း ပို့ရှင်တာပေါ့။

×××

(၂)

မနက်ဆို ရင် အဝေးပြေးလမ်းမကြီးတစ်လျှောက် ဆိုက်ကားကို ဖြည်းဖြည်းနဲ့မှန်မှန် နင်းသွားရတာ ကိုဖိုးခွေးအတွက်တော့ ကျွန်းမာရေးလေ့ကျင့်ခန်း တစ်ခုလိုပါပဲ။ ကုန်စိမ်းပို့တဲ့ အခြားဆိုက်ကားတွေလည်း ရှိပါတယ်။ မြို့ပေါ်ဘူတာကို ရထားစီးဖို့သွားတဲ့ ခရီးသည်တွေလည်းရှိတယ်။ လမ်းမကြီးတစ်လျှောက်တော့ ဆိုက်ကားဘဲလ်သံတွေနဲ့ ဆူညံလို့ပေါ့။ ဆိုက်ကားသမားတွေ တစ်ယောက်နဲ့တစ်ယောက် စကြ၊ နောက်ကြနဲ့ အေးရချမ်းရမှန်းတောင် မသိကြဘူး။ ကိုဖိုးခွေးကတော့ ဆိုက်ကားနင်းရင်း သီချင်းတကြော်ကြော် အော်ဆိုသွားလေ့ရှိတယ်။ လမ်းတစ်လျှောက် တော့ ရွာတန်းတွေက - ဆက်နေတာပဲ။ မြို့နားနီးလာတော့မှ ရွာစဉ်ပြတ်သွားပြီး လယ်ကွင်း၊ လယ်ကွက်တွေပဲ များတော့တယ်။ မြို့ထဲကနေ မြို့ပြင်ကို ထမင်းလျှောက်ထွက်လာတဲ့သူတွေ၊ အပြေးလေ့ကျင့်တဲ့သူတွေ၊ စက်ဘီးစီးတဲ့သူတွေတော့ အမြဲတွေ့ရတယ်။

ကိုဖိုးခွေးကတော့ ရထားဆိုက်လို့ ကုန်စိမ်းတင်ပြီးရင် အပြန်လူစောင့်ပြီးမှ ပြန်တာပဲ။ ခါလီပြန်ရတဲ့နေ့တွေလည်း ရှိပါတယ်။ များသောအားဖြင့်တော့ ကိုဖိုးခွေးက လူရတာပဲ။ ကိုဖိုးခွေးက လူကတော့လူအေး။ ဒါပေမဲ့ နည်းနည်းပေတေတယ်။ လောဘကလည်း ကြီးတယ်။ အိမ်ပြန်ရောက်ရင်လည်း မနားဘူး။ တန်းပြီးတော့ ဂိတ်ထိုးတာပဲ။ ဒီမြို့မှာတော့ ကိုဖိုးခွေးက နာမည်ကြီး စီးပွားရေး သောင်းကျန်းတယ်ဆိုပြီးတော့ပေါ့။

ဆိုက်ကားသမားတွေထဲမှာတော့ သူက ငွေရအောင် အရှာနိုင်ဆုံးပဲ။ ဆိုက်ကားနင်းပြီး သူဌေးမဖြစ်မှန်းတော့ ကိုဖိုးခွေးလည်း သိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့လည်း ဆိုက်ကားနင်းတဲ့ အလုပ်က လူပျိုထဲက လုပ်လာတာ။ အေးခင်နဲ့ အိမ်ထောင်ကျပြီး ကလေးသုံးယောက်ရတဲ့အထိလည်း ဆိုက်ကားနင်းတဲ့အလုပ်ပဲ၊ တခြားလည်း ကိုဖိုးခွေးလုပ်မှ မလုပ်တတ်တာ။ ဒီတော့လည်း ကိုယ်လုပ်တတ်တဲ့ အလုပ်နဲ့ပဲ ဝင်ငွေများများရအောင် ရှာရတော့တာပေါ့။ ခုဆို ဒီဆိုက်ကားလေးက ကိုယ်ပိုင်ဖြစ်နေပြီ။ တခြားအုံနာဆီက ယူနင်းတဲ့ သူတွေထက် ကိုဖိုးခွေးက တစ်ပန်းသာတာပေါ့။ ပြီးတော့ ကိုဖိုးခွေးက စည်းစနည်လည်း ရှိတယ်။ ဆိုက်ကားကို ကိုင်တာ၊ တွယ်တာ၊ နင်းတာ မကြမ်းတမ်းဘူး။ သူ့ ဆိုက်ကားလေးကို အမြဲသနေတာပဲ။

"ကိုယ့်ကို ထမင်းကျွေးတဲ့ အလုပ်ကို ရိသေရမယ်" လို့လည်း သူက အမြဲပြောတတ်တယ်။

×××

(၃)

ဒါပေမဲ့ နေ့တစ်နေ့ပေါ့။ အဲဒီနေ့ တစ်နေ့ကစပြီး ကိုဖိုးခွေးဆိုက်ကားမနင်းတော့တာ ခုထက်ထိတိုင်အောင်ပါပဲ။ ရှိတဲ့ ဆိုက်ကားလေးကိုတောင် ရောင်းပစ်လိုက်ပြီ။

အဲဒီနေ့ကတော့...

"ကိုဖိုးခွေး... ကိုဖိုးခွေး ထတော့လေ၊ ရှင်ကုန်စိမ်း သွားပို့ရဦးမယ်"

ဇနီးသည် အေးခင်အသံကြောင့် ကိုဖိုးခွေး အိပ်ရာထဲမှ လူးလဲထလိုက်သည်။ ပြီးလျှင် မျက်နာသစ်ပြီး အေးခင်ထည့်ပေးထားတဲ့ ထမင်းကြမ်းနဲ့ ငါးခြောက်ဖုတ်ကိုစား ရေနွေးကြမ်းတစ်ခွက်၊ နှစ်ခွက် ထိုင်သောက်ပြီး တဘက်လေး ပခုံးပေါ်တင်ကာ ထွက်လာခဲ့သည်။

ကိုဖိုးခွေးအိမ်က စထွက်ပြီး အဝေးပြေးလမ်းမကြီးပေါ် ရောက်တဲ့ အထိ လူသံသူသံ မကြားရဘဲ တိတ်ဆိတ်နေ၏။ ဒီနေ့မှ နင်းတွေကလည်း ပိတ်နေအောင်ကျနေ၍ ဆိုက်ကားကို သတိထားပြီး နင်းရသည်။ ဒါတောင်မှ လပြည့်ရက်မို့ ကောင်းကင်က လင်းရှင်းနေ၏။ အေးလိုက်တာလည်း ခိုက်ခိုက်တုန်လို့။ ကိုဖိုးခွေးလည်း ခေါင်းစွပ်ကလေးကို နားရွက် နားထိ ဆွဲချပြီး အချမ်းသက်သာအောင် ဆိုက်ကားကို အရှိန်မြင့် နင်းလိုက် သည်။

ခုချိန်ထိ ဖြတ်သွားဖြတ်လာ ကားလည်းမရှိ။ တခြား မိမိလိုပဲ ကုန်စိမ်းပို့တဲ့ ဆိုက်ကားတွေလဲ မတွေ့ရ။ အရင် နေ့တွေကဆို ကိုဖိုးခွေး လမ်းမကြီးပေါ် ရောက်တာနှင့် နံနက်လေးနာရီခွဲထွက်သည့် ကားကြီးတစ်စင်း နှစ်စင်းလာပြီ။ ခုတော့ ခိုတောင်၊ ငှက်သိုက်ရွာတွေ ကျော်လာပြီးသည် အထိလည်း ကားစောင့်သည့် ခရီးသည်တွေလည်း တစ်ယောက်တစ်လေမှ မတွေ့ရ။ လရောင် ဆမ်းသည့် လမ်းမကြီးပေါ်တွင် ကိုဖိုးခွေး ဆိုက်ကားတစ်စီးပဲ ရှိသည်ထင်၏။ အေးခင်တော့ နာရီမှားပြီး နှိုးလိုက်ပြီလား မသိ။

ထိုစဉ် "ဒေါင်...ဒေါင်... ဒေါင်" ကြို့ကုန်းရွာ ဘုန်းကြီးကျောင်းရှေ့

www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီးကျောင်းတိုက်နား အရောက်မှာ ဆိုက်ကားကို ဆင်းတွန်းလိုက်သည်။ ဒီကုန်းတံတားကလေးက အနည်းငယ် မတ်သည်။ ပစ္စည်းဝိတ် အလေးချိန်နှင့် ဆို နင်းတက်ဖို့မလွယ်လှ။

×××

(၅)

ကုန်းတံတားလေးလွန်ပြီး ဆိုက်ကားပေါ် ပြန်နင်းတက်ဖို့ အလုပ်မှာ ကိုဖိုးခွေး ယာဘက်ခြမ်းက ကုက္ကိုပင်ကြီး အောက်မှာ ဆိုင်ကယ်တစ်စီးနှင့် လူတစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။ ထိုလူက ကိုယ်ကိုကိုင်းပြီး ဆိုင်ကယ်ကို ဟိုနှိက်၊ ဒီနှိက် လုပ်နေ၏။ ကိုဖိုးခွေးလည်း ခရီးသွားတစ်ယောက်ထင်တယ်။ ဆိုင်ကယ်ပျက်လို့ များလားလို့တွေးပြီး ဆိုက်ကားကို လမ်းဘေးတွန်းရပ်လိုက်သည်။ ပြီးလျှင်...

"ဗျို့... နောင်ကြီး ဘာဖြစ်လို့လဲဗျ။ ဆိုင်ကယ်ပျက်လို့လား" မေးရင်းနဲ့ ကိုဖိုးခွေး ထိုလူဆီး လျှောက်လာ

အရောက်၌ သုံးနာရီ အုန်းမောင်းခေါက်သံ ကြားလိုက်ရသည်။ သေချာပါပြီ။ ဒီအတိုင်းဆိုရင်တော့ အချိန်မှားလာပေပြီပဲ။

"အေးလေ ဘာဖြစ်လဲ ဖြည်းဖြည်းနင်းပြီး မြို့ထဲအဝင် ပတောက်ချောင်ရွာက ကိုကြည်ဝင်းတို့ လက်ဖက်ရည်ဆိုင်မှာ ခဏဝင်ထိုင်နေလိုက်တာပေါ့"

×××

(၄)

ဒီလိုနဲ့ တွေးလိုက်၊ နင်းထိုက် နင်းလာရင်း အထွက်တိုး စခန်းနား နီးလာ၏။ အထွက်တိုး စခန်းကျော်ပြီး ရေနားတွင်တော့ သရဲခြောက်သည်ဟု နာမည်ကြီးသော ဆေတွင်းခုနစ်လုံးများ ရောက်လာ၏။ သရောင်အောက်မှာ ရေတွင်းပျက်ခုနစ်လုံးက မည်းမည်းကြီး တန်းစီလို့ ဒီနေရာက လူပြောသူပြောနှင့် ကွင်းထီးပဲ ရှိသည့်နေရာ ဟိုအရင်မှာ အပြာ ခါးပိုက်နှိက်တွေပေါ့။ လူသတ်မှုတွေ ဘာတွေတောင် ဖြစ်ခဲ့ဖူးသည်ဆို၏။

ခုတော့ ဒီလိုကိစ္စမျိုးတွေလည်း မရှိတော့ပါဘူး။ တစ်ပြို့နှင့်တစ်ပြို့၊ တစ်ရွာနှင့်တစ်ရွာ အေးအေးချမ်းချမ်း သွားလာနေနိုင်ကြသည့်အချိန် ဖြစ်နေပေပြီ။

တစ်ဆွေ၊ သရဲဆိုတာကတော့ ယုံတမ်းပုံပြင်တွေလို ကိုဖိုးခွေးတို့ ကြားဖူးနေကြပါပဲ။ ကိုဖိုးခွေးကတော့ ဒါမျိုးတွေ ကြုံလည်းမကြုံဖူးဘူး။ ဒီလမ်း ဒီခရီးတွေက သွားလာနေကြဆိုတာ ရှင်းရှင်းပြောရရင် ဒါမျိုးတွေလည်း ကိုဖိုးခွေး အယုံအကြည်မရှိဘူး။

တွေးရင်းနဲ့ သတိရတာနဲ့ သီချင်းတစ်ပုဒ် အော်ဆိုလိုက်ပြီး ဆိုက်ကားကို ခပ်သွက်သွက်လေး နင်းလိုက်၏။ ရေနွားမှာ ပတောက်ချောင်ရွာကို မီးရောင်မှုန်ပျပျနဲ့ လှမ်းမြင်နေရပြီ။ နင်းရင်းနှင့် နဖူးမှာ ချွေးပင်စိုလာသည်။ ပါလာသည့် တဘက်လေးနှင့် မျက်နှာကို တစ်ချက်ပွတ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။

"ဟုတ်တယ်"

ဆိုင်ကယ်ကို ကြည့်နေသော ထိုလူက ကိုဖိုးခွေးဘက် လှည့်မကြည့် ဘဲ ပြန်ဖြေ၏။ လူကတော့ စောစောက လိုပဲ ကုန်းကုန်းကွကွနှင့် ဆိုင်ကယ်ကို စမ်းသပ်နေသည်။ ကိုဖိုးခွေးလည်း သူ နားရပ်ပြီး သူလိုပဲ ဆိုင်ကယ်ကို ဟိုကိုင် ဒီကိုင် ကိုင်ကြည့်ရင်း...

"ဘယ်လိုဖြစ်တာလဲဗျ ကျွပ် ဘာကူညီရမလဲ"

ခုချိန်ထိ ဟိုလူက ကိုဖိုးခွေး ဘက် လှည့်မကြည့်တဲ့ ဆိုင်ကယ်ကိုသာ ဖွင့်လိုက်၊ နှိုက်လိုက်နှင့် အလုပ်ရှုပ်နေ သည်။ သူပုံက အကူအညီ မလိုတာ လား။ ကိုဖိုးခွေးကိုပဲ စကားပြန်မပြော အားတာလားမသိ။ ဦးထုပ်ကို ခပ်စိုက် စိုက်ဆောင်းပြီး သူလုပ်စရာရှိတာသာ ဆက်လုပ်နေ၏။ ကိုဖိုးခွေးကဆက်ပြီး

"နေဦးဗျ . . . ခင်ဗျားနဲ့နဲ့ မှောင်နေမှာပေါ့။ ကျွပ်ဆိုက်ကားမီးနဲ့ ထိုးပေးထားမယ်"ဟုဆိုကာ ဆိုက်ကား ကို မီးဖွင့်ပြီး ဆိုင်ကယ်တည့်တည့် ရွှေ့ ပေးလိုက်သည်။

ထိုစဉ် ဆောင်းလေအေးက ခပ်ပြင်းပြင်းတစ်ချက် ဝှေ့ယမ်းတိုက်ခတ် လိုက်သဖြင့် ကိုဖိုးခွေးတို့အပေါ် အုပ်မိုး ထားသော ကုက္ကိုပင်ကြီးက တရဲရဲနှင့် ယိမ်းထိုးလှုပ်ရှားသွားသည်။ ကိုဖိုးခွေး လည်း ရိုးတွင်းချဉ်ဆီထဲထိ စိမ့်အေးသွား ကာ လည်ပင်းမှာ ပတ်ထားတဲ့ တဘက် လေးကို ဆွဲစေ့လိုက်ရင်းက . . .

"ဒီနေ့ . . . တော်တော်အေး တယ်ဗျနော်။ ဒါနဲ့ . . . ခင်ဗျားဘယ်ကို သွားမှာလဲဗျ"

ကိုဖိုးခွေး အမေးစကားအဆုံး မှာ ဟိုလူက ကျောခိုင်းလျက်မှ မတ် တတ် ထရပ်လိုက်၏။ ပြီးလျှင် . . . အညောင်း အညှာဆန့်သလို လက်တွေ ကို လွှဲခရမ်းပြီး . . .

"ကျွပ်က ကျောင်းကုန်းကို အလုပ်ကိစ္စရှိလို့သွားတာ ခုတ္တပြီဘက်ပြန် မလို့"ဟု အေးတိအေးစက်နှင့် တစ်လုံး ချင်း ပြန်ဖြေ၏။ ဒါနဲ့ . . . ကိုဖိုးခွေးက လှည်း . . .

"အေးဗျာ . . . ကျွပ်လည်း အချိန်မှားပြီး စောထွက်လာမိကာဗျာ။ ကုန်စိမ်းတွေ ဘူတာပို့ဖို့လေ။ ဒါနဲ့ . . . ခင်ဗျားဆိုင်ကယ် နှိုးကြည့် ပါဦးဗျ ကောင်းပြီလား လို့" ဆို့လိုက်တော့မှ ထိုလူက . . .

"ဆိုင်ကယ်က မကောင်းဘူးဗျ ဒီမှာကြည့်ပါလား"

ကိုဖိုးခွေး သူညွှန်ပြတဲ့ နေရာ ကို ကြည့်လိုက်တော့ ဆိုင်ကယ်ခေါင်း ပိုင်း တစ်ခုလုံး ကြေမွနေတာ တွေ့ရ ၏။

အဲဒီတော့မှ ကိုဖိုးခွေးလည်း အံ့သြသွားပြီး . . .

"ဟာ . . . ခင်ဗျားဆိုင်ကယ် ခေါင်းပိုင်းက ကြေနေတာပဲ ဘာနဲ့တိုက် ထားတာလဲဗျ ဘယ်လိုဖြစ်တာလဲ"

"ဟုတ်တယ် ဒီသစ်ပင်နဲ့ တိုက်မိတာလေ"

ပြောရင်းနှင့် ထိုလူက ကိုဖိုး ခွေးဘက် လှည့်လာ၏။ ခေါင်းကိုငဲ့ကာ

www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်းထားခဲ့ကာ ပတောက်ချောင်ရွာထိရောက်အောင် တောက်လျှောက်ပြေးလာမိသည်။ ပါးစပ်မှလည်း သွေးရူးသွေးတန်းနှင့် သရဲ... သရဲ အော်ဟစ်လာ၏။

လမ်းဆုံမှ ကိုကြည်ဝင်းတို့ လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ ဆိုင်တံခါးတင်ချပ် ဟနေတာကို အတင်းတွန်းဖွင့်ပြီး ဝင်လိုက်၏။ ပါးစပ်မှတော့ သရဲ သရဲဟု အဆက်မပြတ် ခေါ်နေမိဆဲ

×××

(၆)

ဒီလိုနဲ့ပဲ ကိုဖိုးခွေးတစ်ယောက် ဆိုက်ကားနင်းတဲ့ အလုပ်ကို စွန့်လွှတ်လိုက်တာ ဒီနေ့ထိတိုင်ပါပဲ။ ရှိတဲ့ဆိုက်ကားလေးပါ ရောင်းစစ်လိုက်တာ။ နောက်မှ ပြန်ကြားရတာက အဲဒီနေ့က ကိုကြည်ဝင်းတို့ လင်မယားက ကိုဖိုးခွေးကို အတော်နာနပ် ယူရတယ်ဆိုပဲ။ ဆိုက်ကားကိုလည်း သူတို့ပဲ ဘူတာကို ကုန်စိမ်းထုပ်တွေ သွားပို့ပေးလိုက်ရ

ဒီတော့မှ ဆိုက်ကားမီး အလင်းရောင်နဲ့ ကိုဖိုးခွေး တွေ့လိုက်ရတာက ခေါင်းတစ်ခု ထုံး မွစာကြဲပြီး ဦးနှောက်တွေထည်း ထွက်နေ၏။ မျက်နှာကထည်း ရွှေနှင့် နောက် ပြားကပ်နေပြီး မျက်လုံးတစ်လုံး က ရှေ့သို့ထွက်ကျနေကာ သွေးများက လည်း ယိုစီးနေ၏။ မျက်နှာတစ်ခုလုံး ရုပ်ပျက်ဆင်းပျက်နှင့် ကြောက်စရာ ကောင်းလှသည်။

ကိုဖိုးခွေးလည်း လန့်ပြီး နောက်ကို ခြေလှမ်းဆုတ်ကာ...

"ခင်ဗျား... ခင်ဗျား"

"ဟုတ်တယ် လွန်ခဲ့တဲ့ နှစ်လ အဲဒီတုန်း ထဲက ကျုပ်က ဒီနေရာမှာ သေသွားခဲ့ တာဗျ"

"ဟင်... ဒါဆို... ဒါဆို အမလေး သရဲ... သရဲ လုပ်ကြပါဦး ဗျို့"

ကိုဖိုးခွေးလည်း ကြောက်လန့် တကြားနှင့် အော်ဟစ်ပြီး ပြေးမိပြေးရာ ပြေးလေတော့သည်။ ဆိုက်ကားကိုလည်း ငဲ့ထားဆဲ။ ထိုလူနှင့် အနီးကပ်လိုက်မှ ကိုဖိုးခွေးစိတ်ထဲ မလုံမလဲ ဖြစ်သွားမိ၏။ ထိုအချိန်မှာပဲ ဘုရားကြီးကျောင်းဝင်း ဘက်က ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ခွေး အူသံကြောင့် ကြက်သီးတစ်ချက် ဖြန်း ခနဲ ထသွား၏။

"ဟို... ဘယ်တုန်းကလဲ ခင်ဗျားရော ဘာဖြစ်သွားသေးလဲဗျ"

"ကျုပ်ခေါင်းမှာ ဒဏ်ရာရသွား တာပေါ့။ လွန်ခဲ့တဲ့ နှစ်လလောက်က ဟေ့"

"ဟင်... ဘယ်လို"

သူစကားကြောင့် ကိုဖိုးခွေး ကြောင်အအ ဖြစ်သွားသည်။

"ဟုတ်တယ် လွန်ခဲ့တဲ့ နှစ်လ လောက်က ကျောင်းကုန်းဘက်က အပြန်မှာ ဆိုင်ကယ်နဲ့ ဒီကကွက်လပ်ကြီး ခဲ့ ဝင်တိုက်မိပြီး ကျုပ်ခေါင်းတစ်ခုလုံး ထည်း ကြေမွသွားတာဗျ။ ဒီမှာကြည့်ပါဦး"

ပြောပြောဆိုဆို ထိုလူက သူ့ခေါင်းမှ ဦးထုပ်ကို ချွတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကိုကြည်ဝင်းကတော့...

"ခင်ဗျားဗျာ ဒီသုံးပင်ကွေ့ အကြောင်း မကြားဖူးဘူးလား။ အဲဒီ ဂွမ်းကလာတဲ့သူ အဲဒီမှာ ဆိုင်ကယ် အက်စီးဒင့် ဖြစ်ပြီး သေသွားထဲက မကျွတ်မလွတ်ဘဲ ခြောက်လိုက်တာဗျာ။ ကျပ်တို့ရွာက လူတွေတောင် ညမိုးချုပ်ရင် ဘုရားကြီးကျောင်းတိုက်လွန်ပြီး မသွားရဲကြဘူးဗျ။ ခင်ဗျားကို ခြောက်လှန့်ရံတင် လှည့်ဖြီးလိုက်လို့ တော်တော့တယ်။ တစ္ဆေသရဲကိုမှ သွားပြီး စကားပြောမိတာလို့ အချိန်မတော် တစ်ယောက်ထဲဗျာ"ဟု ကရုဏာဒေါသနှင့် အပြစ်တင်စကား ပြောတော့သည်။

ကိုဖိုးခွေးကလည်း အသံသဲ့သဲ့နှင့်...

"ကျုပ်လည်း ဒီသတင်းကြားဖူးပါတယ်ဗျာ။ ဒါပေမဲ့လည်း နဲနဲကြာပြီဆိုတော့ မေ့နေတယ်ဗျ။ ပြီးတော့ ကျုပ်က ဒါမျိုးတွေ ရှိတယ်ဆိုတာ အစကတော့ မယုံဘူးပေါ့ဗျာ။ အရင်နေ့တွေကတော့ ဒီနားရောက်ရင် မိုးလဲလင်းလုပြီ။ တခြား ဆိုက်ကားအဖော်တွေလည်း ပါတာကိုးဗျ။ ဒီနေ့မှ အချိန်ကလည်း မှားလာ ကျုပ်ကလည်း တိုစ်ယောက်ထဲနဲ့ ကျုပ်မှာ သူမျက်နှာကြီးကို မျက်လုံးထဲက မထွက်ဘူး။ ပြောရင်းနဲ့တောင် ကျောချမ်းတယ်ဗျာ တကယ်ပါ"

"ဟုတ်တယ် ဖိုးခွေးရ၊ ကိုတစ်လောက အဲဒီပုံစံကြီးနဲ့ ညဘက်ကြီး ကားတစ်စင်းကို ထွက်တားတယ်တဲ့။ ကားသမားလည်း လန့်ပြီးမောင်းလိုက်တာ ကံကောင်းလို့ မမှောက်တယ်"

ကိုကြည်ဝင်း စကားတွေ နား ထောင်ပြီး ကိုဖိုးခွေးစိတ်ကို ခုန်းခုန်းချ လိုက်ပြီး ပြောလိုက်တာကတော့...

"တော်ပြီ... ကျုပ်ဘယ်တော့မှ ဆိုက်ကားမနင်းတော့ဘူးဗျာ"ဟူ၏။

လင်းပြည့်မောင်(မြန်မာစာ)

ဆုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓိဗေဒင် လက္ခဏာသုတေသီ

ဘရေးဆရာ – ဒေါ်အောင်ဘုန်းမြင့် (ကချင်ခမြ)
ကဒေလာင်ခွဲ – ကာလီခါစ်ဖို (မြန်မာပြည်)

- ယခုကဲ့ ဓာတ်ဖိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရွေးဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဟုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ ဒေါင်မင်္ဂလာလမ်း၊ ကျောက်မြောင်း တာမွေပြိုနယ်။ ဖုန်း - ၀၁-၅၄၀၇၂၈၊ ၀၉-၃၁၀၂၂၈၁၆

www.burmeseclassic.com

www.burmeseclassic.com



ဒ-သ-နဲ-သော

မကျေနပ်ရင် ရှာပြန်

စောစန္ဒီဆွေ(ဗီဆွီလာ)

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

သိန်ကုန်းရွာကလေးသည် မိတ္ထီလာမြို့မှ မိုင်သုံးဆယ်ခန့် ကွာဝေးကာ မိတ္ထီလာ ကျောက်ပန်းတောင်းကားလမ်းမှနေ၍ သိန်ကုန်းရွာသို့ ရောက်ရှိရန် ချောင်းကြီးနှစ်ချောင်း၊ တောင်ကုန်းလေးကုန်းကို ကျော်ဖြတ်ရလေသည်။ ရွာမှာ အိမ်ခြေငါးရာခန့်ရှိ၍ လယ်ယာစိုက်ပျိုးခြင်း၊ နွားများမွေးမြူခြင်းတို့ဖြင့် လုပ်ကိုင် အသက်မွေးကြသည်။ ထိုရွာမှာ အောင်ဖြိုးဦးခေါ် တုတ်ပေါ်ကို ဦးသိန်း၊ ဒေါ်မြတို့က မွေးဖွားခဲ့သည်။ တုတ်ပေါ်တွင် မွေချင်းအစ်မတစ်ယောက် ညီမတစ်ယောက်တို့ရှိသည်။ အစ်မဖြစ်သူ ခင်ကြည်က မိတ္ထီလာမှာနေ၏ ဈေးကြီးထဲတွင် ကုန်ခြောက်ဆိုင်ရောင်းကာ ညီမဖြစ်သူက နေပြည်တော်တွင် သူမ ယောကျ်ားဖြစ်သူနှင့် ပရဲအလုပ်လုပ်ကြ၏။

တုတ်ပေါ်အမေနှင့် အဖေက ရွာတွင် လယ်ကွက်လေး နှစ်ကွက်ရှိရာ ပဲစင်းငုံနှင့် ပြောင်းစိုက်ကြ၏။ တုတ်ပေါ်မှာ ငယ်ရွယ်စဉ်ကတည်းက အသားမဲမဲ ဝတုတ်တုတ် အပြထဟားဟား ရယ်နေတတ်၍ ဖအေ၊ မအေမှ တုတ်ပေါ်ဟု ခေါ်ကြ၍ တစ်ရွာလုံး တုတ်ပေါ်နှုတ်ကျိုး နေတော့သည်။ သူနာမည်က ဒေါ်ခင်မြိုးဦး...

အောင်ဖြိုးဦးခေါ် တုတ်ပေါ် ရွာကျောင်းက လေးတန်းအောင်လျှင် မိတ္ထီလာမြို့ပေါ်ရှိ အစ်မထံသွားရောက်ကာ ကျောင်းဆက်နေသည်။ ခြောက်တန်းအရောက် မပျော်၍ ရွာပြန်သည်။ ရွာတွင် သုံးနှစ်ကြာ စစ်ထဲဝင်သွားသော သူငယ်ချင်းဖြင့် လိုက်သွားပြီး ခြေလျင်တပ်ကို ဝင်သွားသည်။ စစ်တပ်ထဲတွင် ငါးနှစ်ကြာခဲ့ပြီး ရေတွန်းတစ်နေရာတွင် လက်မောင်း၌ ကျည်ရှပ်ထိမှန်ခဲ့၍ ရှမ်းပြည်နယ်ဘက်မှ မင်္ဂလာခုံဆေးရုံ တက်ရ၏။

နေးရဲ့ကဆင်းလျှင် တပ်က ထွက်သလား၊ ပြေးသလား မသိရ ရွာကို ပြန်ရောက်လာသည်။ သူရောက်၍ မကြာခင် ဖခင်ဆုံးသွားသည်။ မိခင်အိုနှင့် ရှိသည့် ယာလေးကို စိုက်ပျိုးစားကြသည်။ မြို့က အစ်မက ရံဖန်ရံခါ ထောက်ပံ့ပေးလေသည်။ တုတ်ပေါ်ရွာရောက်၍ တစ်နှစ်ပြည့်တွင် ငယ်သူငယ်ချင်းဖြစ်သူ "မိခိုင်" နှင့် ချစ်ကြိုက်ကြ၍ မိဘတို့က ပေးစားလိုက်ရသည်။ တုတ်ပေါ်တို့ထက် စာလျှင် မိခိုင်တို့က နွားလေးကောင်၊ ယာလေးကွက်ရှိ၏။ အစဦး တုတ်ပေါ် တစ်ယောက် ယောကျ်မ၏ လယ်ယာကို ကူ၊ နွားများ ကျောင်းပေး အဆင်ပြေနေ၏။ ကလေးနှစ်ယောက်ရတော့ ဇာတိပြပြီ။ အလုပ်ကို သိပ်စိတ်မဝင်စား၊ အမေကဆုံးပြန်၊ မိတ္ထီလာက အစ်မ ရွာကိုလာရောက် မအေကို သင်္ဂြိုလ်ပေးသည်။

သူ အစ်မခင်ကြည်က သူ မောင်ယောကျ်မအိမ်မှာ အဆင်မပြေမှန်း သိတော့ မိတ္ထီလာကို လာခဲ့ဖို့ အလုပ်ရှာပေးမယ့်အကြောင်း ပြောခဲ့သည်။ ယောကျ်မအိမ်မှာ ထိုင်စားရတာ အဆင်မပြေ မယားက ပူညံပူညံမို့ အစ်မဆီသွား အလုပ်ရှာရန် ဆုံးဖြတ်ကာ အဝတ်တစ်ထုည၊ ကိုယ်တစ်ခုဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ရွာက ထွက်ခဲ့လေသည်။

အစ်မခင်ကြည် ယောက်ျား သည် ချည်စက်လုပ်သားကြီး တစ်ဦးဖြစ်၏။ အစ်မတွင် ကလေးနှစ်ယောက်ရှိရာ အကြီးဆုံးသမီးက ၁၂ နှစ် မအေနှင့် ဈေးကူရောင်း၏။ အငယ်ယောက်ျားလေး က ခြောက်တန်းရောက်ပြီဖြစ်၏။ အစ်မ ခင်ကြည်က ဈေးကြီးထဲတွင် ကုန် ခြောက် ဆိုင်ဖွင့်ထား၍ စားဝတ်နေရေး အဆင်ပြေသည်။ သူ့အစ်မ ခင်ကြည်တွင် ဆိုင်ကယ်နှစ်စီး ရှိ၍ တစ်စီးအား တုတ်ပေါ အငှားလိုက်ရန် စီစဉ်ပေးသည်။ သူ့အစ်မ ဈေးသွားက အကြိုအပို့လည်း လုပ်ရသည်။

အောင်ဖြိုးဦးခေါ် တုတ်ပေါ တစ်ယောက် အစ်မအိမ်ကိုရောက်၍ ခြောက်လခန့် ကြာခဲ့လေပြီ။ အစ်မ သူငယ်ချင်း မိစံဆိုသူနှင့် ခင်မင်ရင်းနှီး ခဲ့ရသည်။ မိစံက မိတ္တီလာ အနီးတစ်ဝိုက် မှ ရွာများဖြစ်သော သဲတော၊ ဝမ်းတွင်း၊ လျော်ပင် စသည့်ရွာများမှလည်းကောင်း၊ ကျောက်ပန်းတောင်းဘက် သွားလမ်းဘေး ရှိ ရွာလေးများမှသော်လည်းကောင်း၊ ကြက်သွန်နီ၊ ငရုပ်၊ ထန်းလျက်၊ ငရုပ်သီး ခြောက် စသည့်ကုန်များကို ရွာကားများ ဖြင့်သော်လည်းကောင်း၊ သူကိုယ်တိုင် ဆိုင်ကယ်ဖြင့်လည်းကောင်း ပွဲရုံများ၊ ဈေးဆိုင်များ၊ သူ့အစ်မ ခင်ကြည်ဆိုင်ကို လည်းကောင်း၊ ရောင်းချခြင်းပြုလုပ်ရာ မိစံနှင့် ခင်မင်ရင်းနှီး ကျွမ်းဝင်ခဲ့သည်။

မိစံတွင် အဆုတ်ရောဂါဖြင့် အိပ်ရာမှ မထနိုင်ရှာသော စစ်ထွက် ယောက်ျားတစ်ဦးနှင့် သမီးကြီး ၁၄ နှစ် နှင့် သားလေးနှစ်ယောက်ရှိသည်။ သမီး လေးက ဖအေရောဂါသည်ကို ပြုစုချက် ပြုတ် မိစံက တစ်နေကုန် ရွာနီး၊ ရွာဝေး ရွာစဉ်တွေကို တုတ်ပေါ်ဖြင့် နံနက်ဝေလီ ဝေလင်း ထသွားရ၏။ ရွာမှ ကုန်များကို ကားဖြင့် တင်တန်တင်၊ သူတို့နှစ်ဦး ဆိုင်ကယ်ဖြင့် သယ်တန်သယ် နေ့စဉ် ပြုလုပ်ကြရ၏။ ရက်လကြာ၍ တစ်ဦးနှင့် တစ်ဦး ရင်းနှီးလွန်းလာကြတော့သည်။ ငြိစွန်း၍ နေကြပြီး တစ်ခါတစ်ရံ ညအိပ် ညနေထိ ဖောက်ပြန်ကြတော့သည်။

တစ်နေ့ တုတ်ပေါ
အား မခိုင်က နင်တို့က
ဘယ်လိုလဲ။ ရော့လှချည်
လား မေးတော့ . . .
ဘာဖြစ်လဲဟ ငါတို့ က
စီးပွားရေး လုပ်နေကြ
တာ၊ မင်း မကျေနပ်ရင်
ရွာပြန်တဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com

မိစ်က ၄၅ နှစ် တုတ်ပေါက ၄၂ ရှိကြပြီဖြစ်၏။ မိစ်မှာ အသားညိုညို ထောင်ထောင်မောင်းမောင်း ဆိုင်ကယ် အမြဲစီးနေရ၏။ စီးပွားရေး လုပ်နေရတော့ ပြေးကာလွှားကာပို့ ထဘီဝတ်ချိန်မရှိ၊ တခြားမဟုတ်ပါ တလွဲမထင်ပါနှင့် ဘောင်းဘီရှည်ထည်လဲ ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီ စုပ်ရှပ်ရောင်စုံ စသည်တို့ဖြင့် ဆိုင်ကယ်စီးက သင့်တော်အောင် ဝတ်ရလို့ပင် ခေတ်ဆန်းလွန်း၏။ ရဲတင်း သွက်လက်ကာ အကြောက်အလန့်ကင်းသည်။

တုတ်ပေါ(ခေါ်) အောင်ဖြူဦး ရွာမှ မိတ္ထီလာရောက်သည်မှာ ဆယ်လ ရှိပြီဖြစ်သည်။ ရွာမှာနေသော သူဇနီး မိခိုင် ရောက်လာသည်။ မိစ်နှင့် တုတ်ပေါတို့၏ ရဲတင်းပွင့်လင်း လှစွာသော ဆက်ဆံရေးကို သုံးလေးရက်ကြာတော့ မြင်တွေ့ရတော့သည်။ နံနက်အလင်း မလာမီ မောင်ရီဝိုးတဝါး ဝေလီဝေလင်းတွင် မိစ်ဆိုင်ကယ်ဖြင့် ရောက်လာပြီး ခေါ်လျှင် နှစ်ယောက်သား သွားလေ့ရှိပြီး မိစ်က ရဲတင်းစွာပင် မိခိုင်ရှေ့ တုတ်ပေါ ခါးကိုဖက်ကာ စီးလေ့ရှိသည်။ သူတို့ အပြုအမူကို သဘောမတွေ့သူကို "ရွာသူမ" ဆိုပြီး မထီလေးစား ပမာမခန့် လုပ်သည်ထင်သည်။

တစ်နေ့ တုတ်ပေါအား မခိုင်က နင်တို့က ဘယ်လိုလဲ။ ရောလုချည်လား မေးတော့... ဘာဖြစ်လဲဟ ငါတို့က စီးပွားရေး လုပ်နေကြတာ၊ မင်းမကျေနပ်ရင် ရွာပြန်တဲ့။ သူအစ်မခင်ကြည် စေးကပြန်လာလို့ ပြောတော့လည်း ငါတစ်လနှစ်သောင်း ပို့ပေးမယ် ညည်းရွာပြန် မိစ်က ညည်းယောက်ျားကို ဆိုင်ကယ်ခ တစ်နေ့သုံးထောင် ပေးနေတာတဲ့ မိခိုင် ဝမ်းနည်းစိတ်၊ မခံချင်စိတ်တို့နှင့် ကလေးနှစ်ယောက်ခေါ်ကာ ရွာပြန်သွားရသည်။ မခိုင်တစ်ယောက် တုတ်ပေါကို အရမ်းစိတ်နာကြည်း သွားလေပြီ။ မခိုင်နားဝယ် မကျေနပ်က ရွာပြန်ဆိုတဲ့အသံ ပဲ့တင်ထပ်ပြီး နေလေသည်။ မိစ်နှင့် တုတ်ပေါတို့ ရွာတွေက စေးဝယ်၊ စေးရောင်းက ပြန်လာတော့ ည ၇ နာရီ၊ ၈ နာရီ ရှိတတ်သည်။ ပြန်လာလျှင်လည်း တုတ်ပေါက မိစ်ကို အိမ်တိုင်ရာရောက် လိုက်ပို့နေကြဖြစ်သည်။

ညစဉ် ချောင်းတဟွတ်ဟွတ် ဆိုး၊ တီဘီရောဂါတွေ ထနေတဲ့ ယောကျ်ားရေမှာ မိစ်က ကိုအောင်.. ရေသောက်ဦးမလား၊ နားပါဦးနှင့် ဂရုစိုက်လိုက်ရတာ လွန်နေသည်။ တစ်ရက်မဟုတ်တော့ ရက်များစွာ လူမမာမှာ စိတ်မသက်သာဖွယ် အပြုအမူတွေကို မြင်တွေ့နေရလေတော့ သူ ဒေါသကို ကြိတ်မိုက်နေသူ မိစ်ယောကျ်ား ထွန်းဆောင်ပင်...

တစ်နေ့သည် သူတို့နှစ်ယောက် ပြန်လာသည်။ မိစ်အသံ ကိုအောင် ထမင်းစားပြီးမှ သွားပါလား။ ဘာချက်လို့ လဲဟ၊ ဟင်းကောင်းမုစားမှာ မိစ်က ကောင်းအောင် လုပ်ပေးမှာပေါ့တဲ့။ အိမ်ရာက ထထိုင်နေတဲ့ ထွန်းဆောင်တစ်ယောက် သူတို့ကို မကျေမနပ် ကြည့်ခန တယ်။ မယားက သူရှာဖွေ ကျွေးနေလေဘဲ

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမပြောချင်၊ သူ့ကောင် တုတ်ပေါက
လည်း လင်ကြီးငုတ်တုတ်ထားပြီး သူ့
မယားနှင့် ညုနေကြ၊ သမီးပျိုလေးကို
သူတို့မို့ အားမနာ၊ သမီးလေးကို ကြည့်
လိုက်တော့ မျက်နှာငယ်လေးနှင့် သမီး
လေးမှာတော့ အိမ်ရှေ့လာတဲ့ ဈေးသည်
တွေဆီက အကျွေးလေးတွေဝယ် အပျို
အရွယ်လေးတန်မဲ့ ဖအေနှင့် မောင်လေး
နှစ်ယောက်ကို တတ်သမျှ ချက်ပြုတ်
ကျွေးရ၊ ဖအေရောဂါသည်ကို ပြုစုရ၊
ဆေးတိုက်ရ၊ သမီးလေးရဲ့ ဇီးကွက်
လောက် မျက်နှာလေးကိုကြည့်ပြီး
ရင်ထဲလိုက်ဖို ဆူဝေနာကျင်လာတော့
သည်။

မိစံ . . . ဆေးပါလားလို့
ထွန်းဆောင် မေးလိုက်တယ်။ မိစံက
ဒီနေ့နောက်ကျနေလို့ မနက်ဖြန်မှရမယ်။
ဆေးမရှိရင် ရောဂါကမဖြစ်လို့ ဒေါသကို
မထိန်းနိုင်တော့ပေ။ ဒီကြား မိစံအပြော
က ငါ့မှာလည်း ငွေရှာရတာကတစ်မျိုး
ဆရာဂါသည် ဒုက္ခိတကတစ်မျိုး သေရင်
လည်း သေကြတော့ ဆိုလိုက်လျှင်
ထွန်းဆောင် မတ်တပ်ရပ်လိုက်တယ်။
သူ့ရှေ့မှာ ရပ်နေတဲ့ မိစံကို လှမ်းရိုက်ဖို့
လက်ဖြင့် ရွယ်လိုက်တဲ့အခါ မိစံဘေးမှာ
ရပ်နေသော တုတ်ပေါ၏ ကြီးမားသော
ခန္ဓာကိုယ်၊ တုတ်ခိုင်သော လက်မောင်း
ကြီးများနှင့် ထွန်းဆောင်ရင်ဘတ်ကို
အားဖြင့် စောင့်တွန်းလိုက်လေလျှင် နဂို
ကတည်းက အားမရှိ ယဲ့ယဲ့လေးသာရှိ
သော ထွန်းဆောင်မှာ နောက်သို့လဲကြ
ကာ အိမ်နံရံ သစ်သားတန်းနှင့်
နောက်စေ့ကို ရိုက်မိပြီး သွေးများ
ဦးခေါင်းနောက်မှ ဝတ်ထားသော အင်္ကျီ
ပေါ်သို့စီးကြကာ ပက်လက်လှန်လဲကြ
သတိလစ်သွားတော့သည်။ ကလေးများရဲ့
ကျယ်လောင်စွာအော်ဟစ် ငိုလိုက်သံ၊
အိမ်နီးနားချင်းတို့ ပြေးလာသံတွေကြား
တော့ တုတ်ပေါဆိုင်ကယ်စီးကာ အစ်မ
အိမ်သို့ ပြေးလေတော့သည်။

နံနက်စောစောတွင် ထွန်း
ဆောင်ဆုံးလေသည်။ တုတ်ပေါခေါ်
အောင်ဖြိုးဦးအား မယားခိုးမှု၊ သူတစ်ပါး
မယားနှင့် ဖောက်ပြန်မှု၊ ပိုင်နက်ကျူးလွန်
မှု၊ အမှုပေါင်းများစွာနှင့် ရင်ဆိုင်ရကာ
တရားဥပဒေ၏ အပြစ်ပေးခြင်းကို ခံရ
တော့သည်။ ကာမေသုမိစ္ဆာဆရာကံ၏
အကျိုးပေးအပြင် ပါဏာတိပါတာကံ့က
ပါ ကပ်ပါသွားလေပြီ။ ဒု·သ·နှ·သော
အဖြစ်က နောက်လာမယ့် ဘဝတွေထက်
ယခုချက်ခြင်း အကျိုးပေးပါတော့
သတည်း။

စောစန္ဒီဆွေ(မိတ္တီလာ)

ပဲခူးမြို့
ဖြန့်ချိရေး
သဇင်စာပေ
ပဲခူးမြို့

www.burmeseclassic.com

www.burmeseclassic.com


မြေတစ်ကောင်
အင်္ဂြိုး
ဂီဝအောင်

၂၃၄

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

အခုတလော မြွေတစ်ကောင်ကို မကြာခဏ တွေ့တွေ့နေရသဖြင့် ကိုမှန်ကြီးမှာ ထူးခြားနေမှန်း သတိပြုလိုက်မိ၏။

ပထမတစ်ခါမှာ ည ၈ နာရီကျော်ကျော်လောက် မိတ်ဆွေနှင့် လက်ဖက်ရည်ဆိုင်က အပြန် အိမ်မရောက်မီ လမ်းကြားတွင် မြွေတစ်ကောင် သူ့ရှေ့က ဖြတ်သွားသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

ထိုနေရာ ထိုလမ်းကြားတွင် ဘေးတစ်ဖက်တစ်ချက်မှ ပိတောက်ပင်၊ သနပ်ပင်နှင့် ကုက္ကိုပင်များ ပေါက်ရောက်နေသဖြင့် အကိုင်းအခက်နှင့် အရွက်တွေ အုပ်မိုး၍ နေလေရကား ညဘက်မှောင်ရိပ်တွေ ဆက်၍နေ၏။

သို့သော် ထိုလမ်းဘေးရှိ ခြံမှာ ဆရာဝန်ကြီးတစ်ဦး၏ ခြံဖြစ်သည်။ သူက လမ်းကြားထဲ ညဘက်မှောင်ရိပ်ကျတတ်သည့်နှင့် မီးချောင်း တစ်ချောင်း တပ်ဆင်ပေးထားသည်။

ထိုမီးချောင်း မီးအလင်းရောင်က လမ်းကြားတစ်နံတစ်လျား မှောင်ရိပ်တွေကို ဖယ်ရှားကာ လင်းထိန်၍နေစေ၏။

ထိုမီးအလင်းရောင်ကြောင့် သာလျှင် ဦးမှန်ကြီးမှာ သူ့ရှေ့က ဖြတ်သွားသောမြွေကို တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

အိမ်ရောက်လျှင် ဇနီးနှင့် ကလေးသုံးယောက်တို့မှာ ဗီစီဒီကြည့်နေကြ၍ ဦးမှန်ကြီးမှာ မြွေအကြောင်း စကားမစပ်မိတော့ပေ။

သို့သော် ဗီစီဒီဝင်ကြည့်နေရင်း အသိစိတ်က ဗီစီဒီအချစ်ဇာတ်လမ်းမှာ မျောပါမသွားဘဲ သူတွေ့မြင်ခဲ့ရသော မြွေကိုပြန်၍ မြင်ယောင်နေသည်။

မြွေက လက်မောင်းလုံးလောက်တော့ မကြီးပါ။ ရှည်တော့ရှည်သည်။ ညဘက်ဆိုတော့ မြွေဆိုးလား၊ မြွေကောင်းလား ခွဲခြားမသိလိုက်ရပေ။

မြွေကောင်းဟု ဖော်ပြလိုက်ရပေမယ့် မြွေကောင်းရယ်ဟူ၍ကား မရှိပါပေ။ မြွေမှန်သမျှ ရေမြွေကလွဲ၍ အဆိပ်ရှိသော မြွေများသာဖြစ်သည်။ သည်တော့ မြွေများမှာလည်း သူတို့၏ အသက်အန္တရာယ်ကို ထိပါးလားမည်ဆိုလျှင် ထိုအဆိပ်များပါရှိသော အစွယ်များနှင့် ပစ်ပေါက်ကြမည်မှာ သေချာ၏။

ပထမအကြိမ် မြွေတစ်ကောင်တွေ့ပြီးနောက် သီတင်းတစ်ပတ်အကြာတွင် ဦးမှန်ကြီး မြွေတစ်ကောင်နှင့် တွေ့လာရပြန်သည်။ သည်တစ်ခါမှာ ကတော့ ဦးမှန်ကြီးသည် လက်ဖက်ရည်ဆိုင်က ပြန်လာသည်မဟုတ်။ အလုပ်ကိစ္စတစ်ခု လုပ်ကိုင်ဆောင်ရွက်ပြီး အိမ်ပြန်လာခြင်းဖြစ်သည်။

ညဘက် ဘတ်စ်ကားတွေက မိမိစီးရမည့် လိုင်းဘတ်စ်ကားတွေ ပြတ်နေခိုက် ကြုံသည်နှင့် အိမ်သို့ ည ၉ နာရီလောက်မှရောက်၏။ အိမ်အဝင်မြောင်းတံတား၌ မြွေက ရတ်တရက်

www.burmeseclassic.com

www.burmeseclassic.com

ထွက်လာခြင်းဖြစ်သည်။

ထိုမြွေကို ဦးမှန်ကြီးကကြို၍ တွေ့လိုက်ရသဖြင့် တော်သေးသည်။

×××

သည်တစ်ကြိမ်တွင်ကား ဦးမှန်ကြီးက ဇနီးသည်မရှေတင်ကို ပြောဖြစ်ခဲ့လေသည်။

"ဒီရက်ထဲ ငါမြွေတွေတာ နှစ်ကြိမ်ရှိပြီ၊ မြွေတွေ့ရင် လာဘ် ကောင်းတယ်လို့ ပြောနေကြပေမယ့် ငါ့ကျတော့ မြွေတွေပေမယ့် လာဘ် ကောင်းလုတယ် မဟုတ်ပါဘူးကွာ"

သည်ညကတော့ ဦးမှန်ကြီးမှာ ညစာထမင်းမစားရသေး၍ ဇနီးသည်မရှေတင့်ချက်သော ထမင်းဟင်းကို စားနေရင်း ပြောနေဖြစ်ခြင်းဖြစ်သည်။

မရှေတင်က ညစာကို စောစောလေးကပဲ သားသမီးများနှင့် စားထားပြီးဖြစ်၍ ထမင်းစားပွဲဘေးမှာ ထိုင်နေသည်။ လိုအပ်သော ထမင်းဖြစ်စေ၊ ဟင်းဖြစ်စေ ထည့်ပေးနေသည်။

"ရှင်ကလည်း မိုးတွင်းကြီး မြွေတွေ့ရတယ်လို့၊ မြွေတွေဟာ မူးသောအားဖြင့် မိုးတွင်းဘက် ထုတ်ခဲ့ပါတယ်၊ နွေဘက်မှာတော့ ထွက်ကြပါတယ်။"

"အေး ဟုတ်သားပဲ၊ မင်းပြောမှပဲ ငါလည်း သတိပြုမိတော့တယ်"

သည်တွင် သူတို့မ တစ်ယောက်ပိုးထိဖူးခဲ့သည့် အဖြစ်ကို ဦးမှန်ကြီးတွေးလာမိလေသည်။ ထိုစဉ်က နွေဘက်ဖြစ်သည်။

သူတို့မ ပိုးထိစဉ်ကတော့မှာ ဆိုတော့ . . . မြွေဆိပ်ဖြေဆေးထိုးရန် ဆေးရုံသို့ အချိန်မီမရောက်ခဲ့၍ သူတို့မမှာ အသက်ထက်ဆုံး ရုန်းခဲ့ရလေသည်။

ဦးမှန်ကြီး ထမင်းစားပြီး ရေနွေးကြမ်းသောက်နေသည်အထိ မရှေတင်က ဦးမှန်ကြီး စားထားပြီးသော ထမင်းပွဲကို ပြန်မသိမ်းသေးဘဲ ငေးငိုင်နေသဖြင့် ဦးမှန်ကြီးကပင် . .

"ဟဲ့ . . . ရှေတင် ဘာငိုင်နေ

www.burmeseclassic.com

www.burmeseclassic.com

တာလဲ ထမင်းပွဲ သိမ်းတော့ လေ" ပြောလိုက်သည်။

"ရှင်မြွေတွေ့တွေ့နေတယ် ဆိုတဲ့အကြောင်း စဉ်းစားနေတာပါ"

"မင်းကလည်း လာဘ်ကောင်းတယ်၊ ထီထိုးဖို့ ပြောမလို့ လား"

"အဲ့ဒါ ပြောတာမဟုတ်ပါဘူး"

မရွှေတင်က သူမပြောမည့် စကားကို ရုတ်ခြည်းမပြောသေး၍ ဦးမှန်ကြီးမှာ ပို၍သိချင်လာ၏။

"ဒါဖြင့် မင်းက ဘာပြောမှာတုန်း"

စိတ်မရှည်တော့ဘဲ ဖြတ်မေးလိုက်လေသည်။

သည်တော့မှ မရွှေတင်က

"ဟိုတစ်လောက တော်ဘာထုပ်ခဲ့သလဲဆိုတာ တော်ပြန်သတိရသေးလား" မေးလေ၏။

ဦးမှန်ကြီးက တစ်ချက်ပြုံးပြီးလေသည်။

ပြီးတော့...

"မင်းကလည်း ပဟေဠိလုပ်မနေစမ်းပါနဲ့ကွာ ပြောမှာသာ ပြောစမ်းပါ၊ လူတိုင်းလူတိုင်း ကိုယ့်ဘာတွေ လုပ်ခဲ့တယ်ဆိုတာ သတိရလာလည်း ရှိသလို မေ့ကုန်တာတွေလည်း ရှိတာပေါ့။ အေး နည်းနည်းအစ ဖော်ပေးမယ် ဆိုရင်တော့ စဉ်းစားလို့ ရချင်လည်း ရမှာပေါ့" ပြောလိုက်လေသည်။

"တော်ကလည်း ခုမှလာပြီး လူနဲ့ကြီးလုပ်နေပြန်ပါပြီ၊ အခု ကျုပ်တို့ ပြောနေတာက မြွေအကြောင်းလေ၊ ကျုပ်မေးတာလည်း မြွေနဲ့ပတ်သတ်တာပဲ မေးတော့မှာပေါ့"

ဤသို့ ပြောလိုက်တော့မှ ဦးမှန်ကြီးသည်လည်း မကြာမီသေးသော ရက်ပိုင်းအတွင်းက မြွေတစ်ကောင်နှင့် ပတ်သတ်သော အကြောင်းကို သတိရလာမိလေတော့၏။

ထိုနေ့က သူသည် မိတ်ဆွေတစ်ယောက်မွေးနေ့ပွဲသို့ သွားရောက်ရာမှ ပြန်လာခဲ့လေသည်။ မိမိအိမ်နှင့် ဝေးကွာလှသည် မဟုတ်၍ ဘတ်စ်ကားစီးစရာမလို ဆိုက်ကားကို လည်း သူမစီး။

ရပ်ကွက်အတွင်း လမ်းများကိုသာ ဖြတ်လမ်းသဘောထား၍ လမ်းလျှောက် ပြန်လာခဲ့လေသည်။

မိမိတို့ လမ်းထိပ်သို့ ရောက်လျှင်ကား လူတစ်စုသည် ဦးစိန်ခင်ဆိုသူ၏ အိမ်ခြံဝိုင်းအရှေ့မှာ ရုံးစုရုံးစုနှင့် လှုပ်လှုပ်ရှားရှားဖြစ်၍ နေသည်ကို ဦးမှန်ကြီးတွေ့လိုက်ရလေသည်။

ဦးခင်စိန်ဆိုသူ၏ အိမ်မှာ လူမနေဘဲ သော့ခတ်ထားသော အိမ်ဖြစ်သည်။ ယခင်က အိမ်ငှားတင်ထားသော်လည်း ယခုတော့ အိမ်ပြင်မလိုလို ရောင်းတော့မလိုလို အခြေအနေမျိုး ရှိသည်။

ယခုလောလောဆယ်မှာ အိမ်ကို သော့ခတ်ထားသည်။ ခြံတံခါးကိုတော့ သော့ခတ်ထားလည်း စည်းရိုးကလုံသည်မဟုတ်ပေ။

"ဘာဖြစ်လို့လဲ၊ ဘာကြည့်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဦးမှန်ကြီးက မေးလိုက်လျှင်ကား အမျိုးသမီးတစ်ဦးက ဦးမှန်ကြီးကို ဦးစိန်ခင်ခြံထဲက သရက်ပင်နှစ်ပင်ကြားတွင် မြွေနှစ်ကောင် မိတ်လိုက်နေသည့်အကြောင်း လက်ညှိုးညွှန်၍ ပြောပြလေသည်။

သည်တော့ ဦးမှန်ကြီးက "ဟုတ်လား...သွားကြည့်ဦးမှပဲ"

ပြောပြီး ဦးခင်စိန်၏ အိမ်ခြံဝိုင်းအတွင်းသို့ ဝင်လာခဲ့လေသည်။ အိမ်ခြံဝိုင်းထဲသို့ လူရွယ်သုံးယောက်လောက် မဝံ့မရဲ ရပ်ကြည့်နေ၏။

ဦးမှန်ကြီးသည်ကား မြွေပါသော ထန်းတပင်သားတစ်ယောက် ဖြစ်လေရကား မြွေကို ကြောက်လှသည်မဟုတ်ပေ။

ထို့ကြောင့်ရော့တိုး၍ ကြည့်လေရာ မြွေနှစ်ကောင်မှာ သရက်ပင်နှစ်ပင်ကြားတွင် မိတ်လိုက်နေသည့် မြင်ကွင်းကို တွေ့လိုက်ရလေသည်။

သည်တော့လည်း ဦးမှန်ကြီးသည် ယဲ့စိတ်တွေ ပြန်ဝင်လာ၏။ မြွေနှစ်ကောင် သူတို့သဘာဝအတိုင်း မိတ်လိုက်နေသည်ကိုပဲ အခွင့်အလမ်းတစ်ခုပဲ တွေးကာ တုတ်ချောင်းရှာပြီး ဦးမှန်ကြီးသည် မြွေနှစ်ကောင် အနီးသို့ လျှောက်သွား၏။

ကြည့်နေသူထဲက အမျိုးသမီးတစ်ယောက်က...

"သွားမသတ်ပါနဲ့ ကိုယ့်ကိုရန်ရှာတာမှ မဟုတ်တာပဲ"

ပြောနေသေးသည်။ ဦးမှန်ကြီးက ထိုအမျိုးသမီး လှမ်းပြောနေသည်ကို ဂရုမစိုက်ဘဲ မြွေနှစ်ကောင်စလုံး၏ ခေါင်းပိုင်းကို နှစ်တစ်လက်မသစ်သား ချောင်းတုတ်နှင့် အမိအရရိုက်ချလိုက်၏။

မြွေဖိစ်ကောင်၏ ခေါင်းမှာကား တိုက်ဂိုက်ထိသွား၏။ ကျန်မြွေတစ်ကောင်၏ ခေါင်းကိုကား မထိပေ။ ထို့ကြောင့် ထိမြွေက လှစ်ခနဲချွေတာအတွင်းသို့ တိုးဝင်သွားလေသည်။

ဦးမှန်ကြီးမှာကား ထိထားသော မြွေကိုသာ အသေရိုက်နေရသဖြင့် လွတ်သွားသော မြွေနောက်မလိုက်နိုင်တော့ပေ။ သည်တော့မှ လူရွယ်များရော ကလေးနှင့် အမျိုးသမီး ၃၊ ၄ ယောက် မြွေသေကိုလာကြည့်ကြ၏။

မြွေမှာ အဝါရောင်အကွက်များနှင့် လင်းမြွေစပ်ဖြစ်နိုင်သည်။ အတုတ်မှာ ချဉ်ဝါးလုံးတစ်လုံးလောက် ရှိသည်။ အရှည်က လူတစ်ရပ်နီးပါးရှည်၏။

ထိုမြွေကို ဦးမှန်ကြီးက...

"မဆိုးပါဘူး ချက်စားရမယ်"

ပြောပြီး ခေါင်းပိုင်းမှ ပိန်ကြီးနှင့် ချည်ကာ ဆွဲယူလာခဲ့လေသည်။ စောစောက ရံုးစုရံုးစုလုပ်နေသူများ တစ်ယောက်တစ်မျိုးပြော၍ ကျန်ခဲ့လေတော့၏။

ထိုအကြောင်း တွေးလိုက်မိသဖြင့် ဦးမှန်ကြီးက ဇနီးမရွှေတင်အား

"ငါ မြွေတစ်ကောင်ရိုက်ယူလာပြီး ချက်စားတာကို မင်းပြောနေတာမဟုတ်လား" မေးလိုက်သည်။

"ဟုတ်တယ်လေ တော့်ကို

www.burmeseclassic.com

www.burmeseclassic.com

ထွက်ပြေးသွားတဲ့မြွေက မှတ်မိလို့ ကလဲ့စားချေဖို့ အလစ်ချောင်းနေတာ ဖြစ်မှာပေါ့"

ဦးမှန်ကြီးမှာ လန့်၍သွား၏။ မရွေတင်ပြောသည်မှာ မဖြစ်နိုင်ဟု လည်း မပြောနိုင်ရှိသည် မဟုတ်ပါ လား။

"သတိလည်းထားဦး ကိုမှန်ကြီးရေ၊ ရှင် ကံမြင့်နေလို့ခံသာတာ"

ဦးမှန်ကြီးမှာ ဘာမျှမပြောသာတော့ပေ။

မနှပါသည်။ ဦးမှန်ကြီးမှာ ကံနိမ့်ပြီထင်၏။ ထိုညကပင် လက်ဖက်ရည်ဆိုင်အပြန် လမ်းကြားဌ ပိုးထိပါလေတော့၏။ လမ်းကြားတွင် လူတွေ အမြဲမပြတ် ဖြတ်သွားဖြတ်လာလာ ထုပ်နေသဖြင့် ဦးမှန်ကြီး ပိုးထိပြီး ထဲကျနေသည်ကို ချက်ချင်းသိကြ၏။

တော်သေးသည်၊ မြွေဆိပ် ဆုတ်နိုင်စွမ်းသော မြန်မာတိုင်းရင်း သားတော် ဦးနီတာထံသို့ မရွေတင်က ပို့ပေး၏။ ဦးနီတာက ချက်ချင်း

မြွေဆိပ်များကို ထုတ်ပေးလိုက်သေသည်။ ဦးမှန်ကြီး၏ ခြေမျက်စိအထက် အပေါက်နှစ်ပေါက်မှ မြွေဆိပ်မည်းမည်း သွေးညစ်တွေ ထွက်သွားလျှင်ကား ဦးမှန်ကြီးမှာ မူလပကတိအတိုင်း လန်းဆန်း၍လာလေသည်။

မရွေတင်က ဦးနီတာကို အကြောင်းစုံပြောထား၍ ဦးနီတာက ဦးမှန်ကြီးအား . . .

"ခင်ဗျား အရင်ဆုံးလုပ်ရမှာက အဲဒီမြွေကို တောင်းပန်ဖို့နဲ့ မေတ္တာပို့ပေးဖို့ပါပဲ"

စကားကို အလေးအနက်ထား၍ ပြောလိုက်လေရာ ဦးမှန်ကြီးကလည်း ထိုစကားကို လေးလေးနက်နက် ခံယူလိုက်ရပါတော့၏။

ဇီဝအောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှာတစ်ခါ

ဇော်မင်းဦး

[illegible]

၂၄၀

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

အချိန် ကာလအားဖြင့် မြို့တိုသူ အစိုးရအုပ်ချုပ်နေသည့် ခေတ်နောင်ပိုင်း ကာလဖြစ်သည်။

ကျွန်တော်တို့ မိသားစုသည် တံသာဝတီခရိုင်ရှိ ရွာသစ်ကြီးရွာတွင် နေထိုင်သောအချိန်ဖြစ်သည်။ ထိုစဉ်က ကျွန်တော်၏ အသက်မှာ ၁၀ နှစ်ရှိသည်။ ကျွန်တော်၏ မိဘများသည် လယ်ယာ ငန်းပင် လုပ်ကိုင်ကြသည်။ မိသားစုတွင် အစ်ကိုကြီးနှစ်ယောက်နှင့် အစ်မကြီးတို့သည် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး ကျွန်တော်နှင့် အသက် ၁၀နှစ်ရှိ ကျွန်တော့်ညီ မောင်ထွေးတို့သည် ဦးလေးတော်သူ၏ ငါးရာပါသမ္မာန်တွင် သမ္မန်ခတ်လိုက်ကြသည်။ ငယ်ရွယ်သူများ ဖြစ်ကြသော ကျွန်တော်နှင့် မောင်ထွေးတို့မှာ တစ်ရွာဝင်၊ တစ်ရွာထွက်နှင့် ခရီးသွား လည်ပတ်ရ၍ သမ္မန်လိုက်ရသည်ကို နှစ်သက်ကြလေသည်။

ဦးသုခသည် ရွာမှကုန်သည်များဆောင်ပေးသော ဘဲဥ၊ ငါးခြောက်၊ ကျွန်ခြောက်များကို ချောင်းရိုးအတိုင်း ကြိုး ဆယ်ရွာ၊ ကတ္တပ္ပန ဒီးဖြူးပင် စသည့် ရွာများကို ဖြတ်ကျော်လှော်ခတ်လာ၍ ရန်ကုန် မြို့ ပုဇွန်တောင်ဆိပ်ကမ်းတွင် ဆိုက်ကပ်ပေးရသည်။

ကုန်သည်များက သမ္မန်ရန်ကုန်ပြန်ရောက်သည့် နေ့ရက်ဆောက်မှ ကုန်းလမ်းခရီးဖြင့် ရောက်လာကြ၍ သူတို့ ကုန်များကို လာယူကြသည်။ ဦးလေးဖြစ်သူ ဦးသုခကလည်း ကျွန်တော်တို့အား ရေကြောင်းခရီးသွား ပညာကို သင်ကြားပေးခြင်း၊ ပုံပြင် နိပါတ်တို့ကို ပြောကြားခြင်းတို့ကြောင့် ဦးလေးသုခနှင့် သမ္မန်လိုက်ရသည်ကို လွန်စွာပျော်ရွှင်ကြသည်။

တစ်နေ့သ၌ ကျွန်တော်တို့သည် ကုန်သည်ဦးကုလား၏ ဘဲဥများကို သမ္မာန်တွင်တင်ဆောင်၍ ရန်ကုန်မြို့သို့ ရောက်သောအခါ ပုဇွန်တောင်ဆိပ်ကမ်းအနီး ထင်းပုံဆိပ် ယခု(သီတာသဘော်ဆိပ်) တွင် ဆိုက်ကပ်၍ ကုန်သည်ဦးကုလား လာမည့်ရက်ကို စောင့်မျှော်နေကြသည်။ ထင်းပုံဆိပ်ကမ်းဖြစ်သဖြင့် ကနစိုထင်းများ သယ်ဆောင်လာသော တုံကင်းကြီးများဘေးတွင် ကပ်၍ သမ္မန်ဆိုက်ကပ်ထားရလေသည်။

ကိစ္စပြီး၍ ကျွန်တော်တို့သုံးယောက် ဝမ်းမြောက်ဝမ်းသာစွာနှင့် ညအခါသမ္မန်လှော်ခတ်ပြီး ရွာသို့ ပြန်လာခဲ့ကြသည်။ တစ်ရွာပြီး တစ်ရွာ ကျော်ဖြတ်၍ ရွာရောက်ချင်စောနှင့် အားသွန်ခွန်စိုက် ခတ်လာခဲ့ကြသည်။ ယင်းခရီး တစ်နေရာ အရောက် မြစ်ကမ်းနှင့်မလှမ်းမကမ်းတွင် ပွဲက တဲသောပွဲခင်းကြီးတစ်ခုအရောက် တွေ့လိုက်ကြရသည်။ ပွဲခင်းတွေ့သည်နှင့် မောင်ထွေးက...

"အစ်ကို ကျွန်တော်တို့ပွဲကြည့် ရအောင် ဟိုမှာပွဲကနေတယ်"

"ဟာ... မင်းကလည်း လုပ်ပြန်ပြီ၊ ဒီမှာ မင်းအမှုအတွက် ငွေကုန်လို့ စိတ်ညစ်နေကြရတဲ့အထဲ"

ကျွန်တော်သည် အလိုက်မသိသော ညီငယ်ကိုဟန့်လိုက်၏။

တဖြည်းဖြည်းလှော်ရင်း ပွဲခင်းနှင့်နီးလာသည်။ ထိုသို့ နီးလာသောအခါ ဦးလေးဦးသုခသည် ပတ်ဝန်းကျင်အနီးအဝေးကို လေ့လာကြည့်ရှုနေသည်။

"ဦးလေး ဘာကြည့်နေတာလဲ"

www.burmeseclassic.com

ကျွန်တော်က ဦးလေး၏ ပတ်ဝန်းကျင်အကဲခတ်နေပုံကို သိချင်နေ၍ မေးလိုက်သည်။

"တို့လမ်းများမှားလာသလား လို့ကွ၊ လမ်းမမှားပါဘူး၊ ဟိုရှေ့က မင်းရွာ ကဘုရား အနောက်ဘက်က ဗန်ဒေးရွာ လေ"

ထိုသို့ ပြောပြီး ဦးလေးဦးသုခက သမ္မန်ကို ဆက်၍လော်ခတ်နေလေ၏။

သို့နှင့်ပင် ပွဲကနေသော ပွဲခင်းနှင့် အနီးဆုံးကမ်းစပ်သို့ ရောက်သောအခါ ဦးလေးဦးသုခက သမ္မန်ကို ရပ်ပြီး ထိုးဝါးစိုက်ခိုင်းသည်။

ကျွန်တော်ကသိချင်၍

"ဦးလေးပွဲကြည့်မလို့လား"

"ပွဲမကြည့်ပါဘူးကွာ၊ မုန့်ပဲသရေစာ သွားစားရအောင်ပါ"

တူအရီးသုံးယောက် ပွဲခင်းဆီသို့ လျှောက်လာခဲ့ကြသည်။ ပွဲခင်းတွင် ဝတ်ကောင်းစားလှများ ဝတ်၍ သွားလာနေသူ ပွဲကြည့်နေသူ၊ ကလေးသူငယ်များနှင့် စည်ကားနေသည်။ ပွဲခင်းသို့ ရောက်သောအခါ မုန့်ဆီကြော် ငါးကျပ်ဖိုးဝယ်သည်။ မုန့်ဆီကြော်ဝယ်ရင်း စကားကြောရှည်သော ဦးလေးဦးသုခက သူသည် ရွာသစ်ကြီးကဖြစ် ကြောင်းနှင့် ခရီးသွားရင်း တူဖြစ်သူအမူဖြစ်၍ ရန်ကုန်မြို့တွင် အချိန် အတော်ကြာ ငွေကုန်လူပန်း ခဲ့ရကြောင်း ယခုအမူပြီးမှ ရွာသို့ပြန်ခဲ့ရပုံ တို့ကို မမေးဘဲနှင့် စီကာပတ်ကုံး ပြောပြနေ၏။ ဦးလေး ဦးသုခစကားဆုံးသွားသော အခါ မုန့်ဆီကြော်ရောင်းနေသော ဖြူဖြူခန့်ခန့် အမျိုးသမီးသည် သနားသွားသလား မသိ၊ မုန့်ဆီကြော်နှင့် မုန့်ဆီကြော်ထည့်ထားသော ကြေးလင်ပန်းကိုပါ ယူသွားရန် ပေးလေသည်။

ကျွန်တော်တို့လည်း ကျေးဇူးတင်ကြောင်းပြောကြားပြီး သမ္မန်သို့ ပြန်လာကြသည်။ သုံးယောက်သား မုန့်ဆီကြော်အဝစားပြီး ရွာသို့ လော်ခတ်လာခဲ့ကြလေသည်။

×××

ရွာသစ်ကြီးရွာသို့ နံနက်ငါးနာရီလောက်တွင် သမ္မန်ဆိုက်ကပ်လေသည်။ တောသဘာဝအတိုင်း နံနက်စောစော လယ်ယာ လုပ်ငန်းခွင်ဆင်းရန် အိမ်မှ ထွက်လာကြသော ရွာသူရွာသားများထဲမှ ရင်းနှီးသော မိတ်ဆွေ အပေါင်းအသင်းတို့က မောင်ထွေးအမူသတင်း မေးမြန်းရန် လိုက်လာကြသည်။ မောင်ထွေးပြန်ပါလာသဖြင့်လည်း အံ့သြနေကြသည်။ အိမ်ရောက်သောအခါ အမေသည် မောင်ထွေးကို ဖက်၍...

"သားလူလေး မင်းပြန်လာနိုင်တာ အမေဝမ်းသာလိုက်တာ သားရယ်"

အမေသည် ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျနေသည်။ အဖေသည် သတင်းလာမေးသော ရွာမှ မိတ်ဆွေများအား နေရာထိုင်ခင်းပေးနှုတ်ဆက်ဖိတ်ခေါ်ရင်းနှင့် ...

"ဟဲ့ ထွေးခင်... မင်းသားပြန်လာပြီပဲ။ ငိုမနေနဲ့တော့၊ ဒီနေ့တို့အိမ်မင်္ဂလာနေ့၊ ညည်သည်တွေ ညည့်ခံဖို့သာလုပ်တော့"

အဖေ့စကားကြောင့် ဦးသုခသည်...

"မထွေးခင် ထွေထွေထူးထူးလုပ်မနေနဲ့ ရေနွေးအိုးသာတည်။ မုန့်ဆီကြော် ဝယ်လာတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောရင်း မုန့်ဆီကြော်ထင်ပန်းကို အမေ့အား ပေးလိုက်သည်။

အမေသည် ကြွေးလင်ပန်းကို မီးဖိုချောင်သို့ ယူသွားသည်။ ကျွန်တော်တို့လည်း အမေ့ကို ကူညီရန် အမေ့နောက်မှ လိုက်သွားသည်။ အမေနှင့် ကျွန်တော် ကြွေးလင်ပန်းထဲမှ မုန့်ဆီကြော်များကို ပန်းကန်ပြားထဲသို့ ခွဲထည့်ကြသည်။ ထိုစို့ ခွဲထည့်နေရင်းမှပင် ကျွန်တော်သည် ကြွေးလင်ပန်းကို သေသေချာချာ ကြည့်မိသည်။ ကြွေးလင်ပန်းမှာ အချင်းတောင်ဆုပ်ခန့် ရှိပြီး အလယ်တွင် အပြိုးပြန့်ထနေသော ဖေါင်းရုပ်ပုံဖောင်းကြွရုပ်လုံးအပြည့် ဖော်ထားသည်။ ထင်ပန်းနှုတ်ခမ်းတစ်လျှောက်တွင် ထိုးဒယား ပန်းခက်များနှင့် လှပစွာ ပုံဖော်ထား၏။ ကျွန်တော်သည် တစ်ခါမှ မြင်ဖူးသည့် လှပသောကြွေးလင်ပန်းကို အာရုံစိုက်နေမိသည်။

"ဟဲ့သား . . . ည့်သည်တွေအတွက် မုန့်သွားချပေးတော့လေ"

အမေပြောမှ ကျွန်တော်သည် မုန့်ဆီကြော် ထည့်ထားသော ပန်းကန်ပြားကို ယူ၍ သွားရောက် ည့်ခံသည်။

အမှုကိစ္စအကြောင်း ပြောကြရင်းနှင့်ပင် ရွာမည့်သည်ရော အိမ်သားများပါ မုန့်ဆီကြော်စားကြသည်။ ထိုနေ့တစ်နေလုံး သတင်းလာမေးသည့် ည့်သည်များကို မုန့်ဆီကြော်နှင့် ည့်ခံနိုင်ခဲ့လေသည်။

ရွာသို့ပြန်ရောက်ပြီး လေးငါးဆယ်ရက်အတွင်း အနီးအနားရွာများမှ သတင်းလာမေးသည့် ရင်းနှီးသောမိတ်ဆွေများကိုလည်း ထမင်းကျွေးခြင်း၊ မုန့်ဆီကြော်နှင့် ည့်ခံခြင်းဖြင့် ည့်ဝတ်ပြုစုရလေသည်။

သို့နှင့်ပင် အချိန်ကာလအားဖြင့် တစ်လကျော်ကျော်ကြာသွား၏။ ယင်းအချိန်တွင် လယ်ယာများ ရိတ်သိမ်းချိန်ဖြစ်၍ ဦးလေးဦးသုခသည် သမ္မန်နှင့် နဝလီလိုက်ခြင်းကို ခေတ္တရပ်ပြီး သူ၏လယ်ကို ဦးစီးဦးဆောင်ပြု၍ ရိတ်သိမ်းနေရသည်။ ကျွန်တော်တို့လည်း မိမိ၏လယ်ကို ကြိုးစား၍ ရိတ်သိမ်းနေရသည်။ စပါးရိတ်သွားသည့် နံနက်တိုင်း ကြွေးလင်ပန်းမှ မုန့်ဆီကြော် ယူစားကြသည်။ ကြွေးလင်ပန်းထဲမှ မုန့်ဆီကြော်သည် နည်းသွားလိုက် ပြန်ပြည့်လာလိုက်ဖြစ်နေသည်ဟု ကျွန်တော် ထင်မိသည်။ သို့သော် အမှတ်တမဲ့နှင့် လယ်လုပ်ငန်းအရေးကြီးနေပြီဖို့ သိပ်မစဉ်းစားမတွေးတာတဲ့ နေခဲ့သည်။

တစ်နေ့ ကျွန်တော် စပါးရိတ်နေစဉ် မင်းရွာမှ အသိမိတ်ဆွေဖြစ်သူ ကိုလှဆောင်သည် သူ့အဖော်တစ်ယောက်နှင့် ကျွန်တော် စပါးရိတ်နေသည့် လယ်ကွက်နားမှ ဖြတ်လျှောက်လာသည်ကို တွေ့၍ ကျွန်တော်က . . .

"ဟေ့ ကိုလှဆောင် . . . ဘယ်သွားမလို့လဲ"

ဟု မေးလိုက်သည်။ ကိုလှဆောင်က . . .

"မင်းတို့ရွာဘက် နွားလာဝယ်တာ။ ခါနဲ့ မင်းညီအမှုဖြစ်တယ် ကြားရတယ်။ အခု ဘယ်လိုအမှုအပြီးသတ်သွားလဲ"

"တရားသေထွတ်လိုက်လို့ အမှုပြီးသွားပါပြီ"

"အေးကွာ . . . ထောင်တန်းမကျလို့ တော်သေးတာပေါ့။ ဘယ်တုန်းက ရွာပြန်လာကြသလဲ"

"မင်းတို့ရွာနဲ့ ဗန်မွေးရွာကြား

www.burmeseclassic.com

www.burmeseclassic.com

မှာ ပွဲကတဲ့ညကပဲ။ တစ်လကျော်
ကျော် ရှိသွားပြီ"

ကျွန်တော့်စကားကြောင့် ကို
လှဆောင် အံ့သြသွားပြီး...

"ဟ...ပွဲ ဘယ်ရှာမှာမှ မက
ပါဘူး။ ပွဲကရင် တို့သိမှာပေါ့"

သူစကားကြောင့် ကျွန်တော်
အစဉ်းစားရ ခက်သွားသည်။ သူနှင့်
အဖော်ပါလာသူကလည်း...

"ကျွန်တော်လည်း ဗန့်ဗွေးရွာ
သား။ ပွဲအင်မတန် ကြိုက်တဲ့လူပါ။ ပွဲ
ကတယ်၊ ပွဲစျေးဖြစ်တယ်ဆိုတာ မကြား
မိဘူး"

ကျွန်တော် သူတို့ကို ဆက်မ
ငြင်းနိုင်တော့ဘဲ နှုတ်ဆိတ်နေလိုက်ရ
သည်။ သို့နှင့်ပင် သူတို့လည်း နွားဝယ်
ရန် ထွက်သွားကြသည်။

ထိုနေ့နံနက်စာ လယ်ထဲတွင်
စားပြီးနောက် ကျွန်တော် အေးအေး
ဆေးဆေး စဉ်းစားကြည့်မိသည်။
ကျွန်တော်တို့ ဝယ်လာသော မုန့်ဆီကြော်
သည် အလွန်ဆုံးရှုံးမှု အချုပ် အစိတ်
သုံးဆယ်ခန့်ရှိမည်။ ကျွန်တော်တို့ စား
လာသည်နှင့် ညှဉ်ခဲကျွေးမွေးခဲ့သည်မှာ
အချုပ်သုံးဆယ်မကတော့။ အနည်းဆုံး
တစ်ယောက်တစ်ချပ်တော့ စားကြသည်။
ထိုသို့ စားသောက်လာသော်လည်း ယခု
ထက်တိုင် မုန့်ဆီကြော်က ရှိနေသေး
သည်။ ထူးဆန်းသောအခြေအနေကို
တွေးမိလာသော ကျွန်တော်သည် အိမ်
သားများအား ပြောပြရန် ရွာသို့ ပြန်
လာခဲ့သည်။

ကျွန်တော် အိမ်ရှေ့နား
ရောက်တော့ အမေသည် ကျွန်တော်နှင့်
မျက်နှာချင်းဆိုင်ဘက်မှ အိမ်သို့လာနေ
သည်ကို တွေ့ရသည်။ လက်ထဲတွင်
ကြေးလင်ပန်းကို ကိုင်ထား၏။

"အမေ...ဘယ်က ပြန်လာ
တာလဲ"

"ဟဲ့...နင်တို့ဝယ်လာတဲ့
မုန့်ဆီကြော်တွေ ရက်ကြာနေလို့ ငါ
ချောင်းထဲ သွားသွန်ပစ်လိုက်ပြီ"

"ဟာ...အမေကလည်း"

ကျွန်တော် ထိုစကားသာ
ပြောနိုင်သည်။ ရိုးသားသော အတွေး
အခေါ်ရှိသည့် အမေ့ကို အပြစ်မတင်
တော့ပါ။

သို့သော် အဖေနှင့်ဦးသုခအား
ကြေးလင်ပန်းမှ မုန့်ဆီကြော် ပွားပွား
လာကြောင်း ပြောပြရာ သူတို့လည်း
စဉ်းစားမိပြီး ကျွန်တော့်စကားကို အံ့သြ
လက်ခံကြ၏။ တစ်သက်လုံးစားရသည့်
မုန့်ဆီကြော် တစ်သက်လုံး ရောင်းစား
တောင် မကုန်နိုင်သည့်အဖြစ်ကို သိရှိ
သဘောပေါက်လာကြသည်။ အချို့လူကြီး
များက ကျွန်တော်တို့တွေ့ခဲ့သော ပွဲခင်း
သည် နာနာဘာဝများ ဖန်ဆင်းသော ပွဲ
ဟု ပြောကြသည်။ အချို့နာနာဘာဝ
ကတဲ့ပွဲဟု ပြောကြသည်။ ရွာထဲမှ
အသက်အကြီးဆုံး ဦးဒန်းလှကမူ တစ်
နှစ်မှာ တစ်ခါ ကပွဲလုပ်ကြသည့် နတ်
ပွဲ နတ်တွေကတဲ့ပွဲဟု ပြောကြားသည်။
မည်သို့ပင်ဖြစ်စေ အသက်တစ်ရာ
အနှစ်သုံးရာနေလို့ မကြုံဖူးသည့် ဖြစ်ရပ်
ဆန်းကို ကြုံတွေ့ခဲ့ကြရသည်။ ကျွန်တော်
တို့မိသားစုလည်း ၎င်းကြေးလင်ပန်းကြီး
ကို အသုံးမချတော့ဘဲ အဝတ်အိတ်နှင့်
ထည့်ပြီး အိမ်ထုပ်တန်းတွင် ကြိုးချည်
၍ အမှတ်တရ သိမ်းဆည်းထားလိုက်
ပါတော့သည်။

ဇော်မင်းဦး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့ကြုံမှ

ရက်သွားသော နတ်ဟောင်နှမ

ဦးလူလင်း

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ဖြစ်၏။ မြစ်သားမြို့တွင် ဦးကောင်းလုံဆိုသော သစ်တော အမှုထမ်းကြီး တစ်ဦး ရှိသည်။ အသက်(၆၀)ကျော် အရွယ်ရှိပြီး သူသည် အသက်(၂၀) ကျော်အရွယ်ကတည်းက သစ်တော ဝါးတောထဲတွင် နေလာရာ အခု လေးဆယ်ကျော်၌ တော အတွေ့အကြုံ ရှိသူ ဖြစ်လေသည်။

တောတက်သူ၊ တောသွားသူ တို့ရှိလျှင် ဦးကောင်းလုံသည် ဆင်ခြင် စောင့်ထိန်းစရာများကို မှာလေ့ရှိသည်။

"တောထဲမှာ တောစောင့်နတ်၊ တောင် စောင့်နတ်တွေ ရှိတယ်နော်၊ စကား အပြောအဆို ဆင်ခြင်ကြ၊ မလေးမစား မပြောမိစေနဲ့၊ မုဆဲနဲ့ ညစ်ညစ်ပတ်ပတ် မတိုင်းထွာကြနဲ့"

"ဆဲတာ ဆိုတာလုပ်လို့ တောထဲကနတ်တွေက ဒုက္ခပေးတာ အဘတွေ့ဖူးလို့လား"

ကျွန်တော်က အစိုးရအလုပ်ဖြင့် မြို့မှ ရောက်လာသူ ဖြစ်သောကြောင့် ထိုသို့ မေးလိုက်မိလေသည်။

"ဆရာလေးက မြို့သားဆိုတော့ မသိဘူးထင်ပါ့၊ တောထဲရောက်ရင် တော သဘာဝ နားလည်ရတယ်၊ ဒလေ့ကို လိုက်နာရတယ်။ အဘကသာကသစ်တောမှာ တာဝန် ကျတုန်းက အကြောင်းပြောပြဦးမယ်"

ကျွန်တော်နှင့်အတူ ကျောင်း ဆရာလုပ်သော ကိုမောင်ကြွေကလည်း စိတ်ဝင်စားသွားသည်။ ထင်းခုတ်မည့်သူ များကလည်း လှည်းဖြင့် ထွက်ခွာသွားကြ ပြီ ဖြစ်လေသည်။

အိမ်ရှေ့ကွပ်ပျစ်တွင် ရေနွေး တစ်အိုးဖြင့် အရိပ်အာဝသ ကောင်းလှ သော အိမ်ပေါ်သို့ အုပ်ကျနေသည့် မန်ကျည်းရိပ်တွင် ထိုင်နေကြ၏။ ဤရွာ သားများသည် သစ်ပို့ပေါ်လှသောကြောင့် နွေရက်တွင် တာတက်၍ ထင်းခုတ်ကြ သည်။ ထင်ကို စီးပွားဖြစ်ခုတ်၍ ရောင်း ကြသူများ ရှိသလို တစ်မိုးစာ ခုတ်ကြသူ များလည်းရှိလေသည်။

ကျွန်တော်က စကားစလိုက်၍

"တောစောင့်နတ်တွေက အမျိုးမျိုးရှိတယ်၊ တို့နေတဲ့ ကသစ်တောက နတ်မောင်နမ စောင့်တာကွ"

ဟု စကားစလိုက်သည်။

"တောင်စောင့်နတ် နတ်မောင်နမဆိုတော့ ဆဲတာဆိုတာ မကြိုက်ဘူး၊ ပြီးတော့ သမီးရည်းစား လင်မယားတောထဲမှာ လင်စုံမယားဘက် အိပ်တာ မကြိုက်ဘူး"

"ဗျာ...ဟုတ်လား၊ ဒါဆိုအဲဒီ ကညင်တောမှာ ခွဲအိပ်ကြရမှာပေါ့"

ကိုမောင်ကြွေက မန်ကျည်း ရွက်သုပ်ကို ခပ်စားရင်း ပြောလိုက်သည်။

"ကိုယ့်ရွာ ကိုယ့်အိမ်မှာတော့ ဘယ်လိုနေနေပေါ့၊ သူတို့တောထဲရောက် လာကြရင်တော့ စကားတည်တည်တန့် တန့်ပြော၊ ခွဲအိပ် ဒါကို အနီးနားက ရွာတွေကတော့ ရိုးနေပါပြီ၊ အဲ တစ်နေ့ တော့ မန္တလေးက ငှဲမိတ်ဆွေ ကိုမောင်ကြီး သားနဲ့သီးက လာလည်တယ်၊ သူတို့လည်း တောထဲလိုက်လာတာပေါ့၊ ခုမင်းတို့ ပြောသလို ငါကလည်း တော

www.burmeseclassic.com

www.burmeseclassic.com

ဥပဒေ၊ တောစည်းကမ်းတွေ ပြောပြတာ
ပေါ့။ ကိုမောင်ကြီးသား ဝင်းထိန်က
ရယ်တယ်။ ဒီတော့ ငါစိတ်ထဲ ထင့်သွား
တယ်၊ အထပ်ထပ်မှာ လိုက်တယ်"

"မနက်ထမင်းစားချိန်လောက်
က တောထဲက သစ်မွှေးရေတံခွန်သွား
လိုက်ကြဟာ ညနေစောင်းမှ ပြန်လာ
တယ်၊ ဝင်းထိန်မျက်နှာကြည့်ရတာ
တစ်မျိုးပဲ၊ နီသလိုလိုဖြစ်နေတယ်။
ဒီတော့ ငါက သူတို့လင်မယား တောထဲ
စကားများလာသလားလို့ ထင်တာပေါ့၊
ဘယ်ဟုတ်မလဲကွာ မောင်ရီပျိုးစမှာ
ဝင်းထိန် ဝုန်းခနဲ ထခုန်တယ်"

"ဘာဖြစ်တာလဲ အဘ"

"ဟာ...ဘယ်ပြောကောင်းမလဲ
သူလက်တွေကလည်း တုန်ပြီး တော
စောင့် နတ်ဝင်တာကိုး။ ပါးစပ်က ဟင်း
ငါလုပ်ရရင် အကုန်သေတော့မယ်၊ ငါ
ဆည့်သည်မို့လို့ အသေမလုပ်တာ၊ နင်တို့
ဘာအောက်မေ့သလဲလို့ ပြောတယ်၊
ဒီတော့မှ ငါက 'တောင်းပန်ရတာပေါ့၊
လူငယ်တွေမို့ အမှားအယွင်းရှိရင်
သည်းခံပါလို့ ပြောရတယ်။ ဒီတော့မှ
ဝင်နေတဲ့တောစောင့်နတ်က သူတို့
လင်မယားတောထဲမှာ မဖွယ်မရာ
တွေပြောဘယ်၊ ငါတို့က မောင်နှမနေတာ၊
နားရှက်တယ် ဟင်းဆိုပြီး အိမ်ထဲ
ထွက်လာတယ်၊ ဒါနဲ့ ငါလည်း
တောင်းပန်ရတာပေါ့၊ အထပ်ထပ်
တောင်းပန်မှ ထွက်သွားတယ်"

ကျွန်တော်နှင့်ကိုမောင်ကြွေ
တို့မှာ တောတွင်းမှ အတွေ့အကြုံကို
နားထောင်နေကြသည်။ ရေနွေးတစ်ခွက်
ကို ငဲ့သောက်ကာ စကားဆက်ပြောသည်။

"နတ်က ထွက်သွားတော့
ဝင်းထိန်က ရုတ်တရက် ကိုယ်ပူပြီး
ဖျားကျန်ခဲ့တယ်။ လူမှန်းသူမှန်းမသိဘူး။
ကယောင်ကတမ်းတွေပြောတယ်၊ ငါက
တော့ ဒင်း ဒုက္ခများပြီလို့ ထင်မိတယ်။
ဒါနဲ့ သိတဲ့ကျွမ်းတဲ့ သူမေးပြီး ကွမ်းယာ၊
ငါးကြော်နဲ့ သစ်သီးများထည့်ကာ
တောင်စောင့်နတ် မောင်နမ ရုပ်တုရှိတဲ့
နတ်ကွန်းမှာသွားကန်တော့ တောင်းပန်
တယ်။ ဒီ တော့မှ ဝင်းထိန်ရဲ့ ကိုယ်ပူ
ကျသွားတယ်။ သူတို့လင်မယားလည်း
ကြာကြာမနေပါဘူး။ မန္တလေး ပြန်
ပြေးတာပဲ"

"ဒါ အဘက အတွေ့အကြုံ
ရှိတာကို။ အခု လူငယ်တွေ ပြောကြရင်
ဝင်းထိန်လို နေမှာပဲ"

ကျွန်တော်က ဝေဖန်ပြောဆို
လိုက်သည်။

"ဟုတ်တယ်၊ ကိုယ်တွေ့ကြုံ
မှ ယုံရသည် ဆိုသလိုပေါ့။ ဘဝမှာ
အတွေ့အကြုံကဲ သိပ်ပြီးတော့ အရေး
ကြီးတယ်"

ဟု ကိုမောင်ကြွေက ထောက်
ခံလိုက်တော့သည်။ ကျွန်တော်တို့သည်
ကိုယ့်အတွေ့နှင့်ကိုယ် ငြိမ်နေမိကြ၏။

ဦးလူလင်း

www.burmeseclassic.com

www.burmeseclassic.com

ပဟုသုတရစေဖို့

စုန်းမကြီး

ဆရာဝင်း(သာကိန့်မယ်)

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉၃ နှစ်မြှုပ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ရဲ့ ဂန္ဓီရဆိုင်ရာ ဆောင်းပါးများကို ဖတ်ရှုကြတဲ့ ပုဂ္ဂိုလ်များထဲမှ ဝေဖန်သံအမျိုးမျိုး ကြားရပါတယ်။ သဘောကျ နှစ်သက်တဲ့သူတွေက များပါတယ်။ တချို့က ကျွန်တော့် ဆောင်းပါးတွေကို ဖြတ်ပြီးသိမ်းထားတဲ့အကြောင်း ကျွန်တော် စာဆက်ပြီး မရေးမှာ စိုးရိမ်တဲ့အကြောင်း။ တချို့ကလည်း နတ်ကြီးတွေ ပရလောကက ပုဂ္ဂိုလ်တွေနဲ့ ဆက်သွယ်စကားပြောနိုင်တာ ဘယ်လိုကျင့်ကြံ အားထုတ်ရသလည်း မေးသူတွေလည်း ရှိပါတယ်။ တချို့ကလည်း ကျွန်တော့် ဆောင်းပါးတွေဟာ စိတ်ကူးယဉ်ပြီး ရေးတာနေမှာပါလို့ ထင်သူလည်းရှိပါတယ်။ တစ်ဦးကတော့ ရက်စွဲအချိန် အတိအကျ ဖော်ပြတော့ ဖြစ်နိုင်ဘူးလို့ ထင်သူလည်း ရှိပါတယ်။ အဲဒါကြောင့် ရက်စွဲအတိအကျ မဖော်ပြနိုင် အကြံပေးသူလည်း ရှိပါတယ်။ အခုလို စေတနာနဲ့ ထောက်ပြသူတွေကို ကျေးဇူး တင်ကြောင်း ပြောလိုပါတယ်။

ကျွန်တော် ဒီဆောင်းပါးတွေ ရေးနေတာဟာ ငွေကြေးအတွက်လည်း မဟုတ်ပါဘူး။ နာမည်ကြီးချင် ထင်ပေါ်ချင်လို့လည်း မဟုတ်ပါဘူး။ စာရေးဝါသနာပါလို့ မရေးရလျှင် မနေနိုင်လို့ ရေးနေတာလည်း မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ တွေ့ရှိချက်တွေကို စာဖတ်သူတွေ သိရှိပြီး ဆောင်သင့်တာဆောင်၊ ရှောင်သင့်တာရှောင်ရန်နှင့် ဗဟုသုတ မျှဝေပေးလိုတဲ့ ဆန္ဒက အဓိကပါပဲ။ စာပေစိစစ်ရေးအဖွဲ့ ရှိစဉ်တုန်းက စာပေစိစစ်ရေးအဖွဲ့က လက်မခံတဲ့အတွက် မဂ္ဂဇင်းတွေမှာ မပါခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော့် ဆောင်းပါးတွေကို ကွန်ပျူတာ ရိုက်၊ မိတ္တူကူးပြီး ဝါသနာပါတဲ့ ကျွန်တော့် မိတ်ဆွေတွေကို အခမဲ့ ဝေငှပေးပါတယ်။ အဝေးမြို့ကမိတ်ဆွေတွေကိုလည်း စာတိုက်ကပို့ပေးပါတယ်။ အဲဒီလို ဝေငှ တာလည်း သုံးနှစ်လောက်ရှိပါပြီ။

ကျွန်တော်ရေးတဲ့ ဆောင်းပါးတွေဟာ စိတ်ကူးယဉ်ရေးဖွဲ့တာ တစ်ပုဒ်မှ မပါပါဘူး။ သက်ဆိုင်ရာနတ်တွေ၊ ဝိဇ္ဇာတွေ တန်ခိုးရှင်ကြီးတွေကို မေးမြန်းပြီးမှ ရေးသားတာပါ။ အဲဒီလို ရေးရာမှာလည်း တတ်နိုင်သမျှ မှန်ကန်စေရန် အကြိမ်ကြိမ်မေးမြန်း စိစစ်ပြီးမှ ရေးတာပါ။ ရေးတဲ့အကြောင်းအရာက လက်ဆုပ်လက်ကိုင်သက်သေ အထောက်အထား မပြနိုင်ဘဲ ကိုယ်နဲ့သူနဲ့ ပရလောကက ပုဂ္ဂိုလ်တော်သာ သိနိုင်တဲ့ ကိစ္စတွေကို ရေးရတော့ ပိုပြီးမှန်ကန်ဖို့ လိုတယ်လို့ ယူဆပါတယ်။ ကျွန်တော် ရေးတဲ့ ဆောင်းပါးတွေကို ကျွန်တော့်ကဲ့သို့ ပရလောကမှ ပုဂ္ဂိုလ်တွေနဲ့ ပြောဆိုဆွေးနွေးနိုင်သူ ရှိလျှင် မိုကောင်းမှာပဲလို့ ကျွန်တော်စိတ်ထဲ ဖြစ်မိပေါ်မိပါတယ်။ ကျွန်တော်ပြောတာ မှန်၊ မမှန် အထောက်အကူရအောင်လို့ပါ။

ကျွန်တော် မနက်လမ်း လျှောက် လက်ဖက်ရည်သောက်ပြီး ပြန်လာလျှင် ဘုရားခန်း သန့်ရှင်းရေး လုပ်ပါတယ်။ ပန်းတွေ၊ သစ်သီးတွေ လဲသင့်တာလဲပါတယ်။ သန့်ရှင်းရေး ပြုလုပ်တဲ့အခါ ဆံပင်ခြည်ထွေးတွေ မကြာခဏ

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရပါတယ်။ ကျွန်တော့် မြေးတွေရဲ့ ဆံပင်တွေလည်း မဟုတ်ပါဘူး။ ဆံပင်က အဖြူနဲ့ အနက်နဲ့ ရောနေတဲ့ ခပ်ကြမ်းကြမ်းညစ်ညစ် ဆံခြည်ထွေးတွေလည်း တွေ့ရပါတယ်။ တစ်မနက်ကို သုံးလေးခု အမြဲတွေ့ရပါတယ်။

ဒါတွေက ကျွန်တော့်ကို တိုက်ခိုက်လိုတဲ့ စုန်းပညာသည်တွေရဲ့ ဆံခြည်ထွေးတွေမှန်း သိလာရပါတယ်။ ဒါက . . . လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းကပါ။ အဲဒီ ဆံခြည်ထွေးပိုင်ရှင် စုန်းပညာသည်တွေကို ခေါ်လိုက်တော့ ရောက်လာပါတယ်။ သူတို့ကို စပြီးတိုက်ခိုက်ခွင့် ပေးသော်လည်း သူတို့က ကျွန်တော့်ကို ဘာမျှထိခိုက်အောင် မလုပ်နိုင်ကြပါဘူး။ ကျွန်တော်ကပဲ သူတို့ရဲ့ ပညာတွေကို သိမ်းလိုက်ရပါတယ်။ တစ်ခုတစ်စ မြန်မာနိုင်ငံထဲက ပညာသည်ဘွဲ့အပြင် ထိုင်း၊ အိန္ဒိယ နိုင်ငံဘက်က စုန်းပညာရှင်တွေပါ တွေ့လာရ ပါတယ်။ ထိုင်းဘက်က ပညာရှင်တွေက ပိုပြီး အဆင့်မြင့်ပါတယ်။ အမျိုးသားစုန်း ပညာရှင် တချို့လည်း ပါလာပါတယ်။

အဲဒီလို ကျွန်တော့်ကို တိုက်ခိုက်ဖို့ ကြိုးစားကြတဲ့ စုန်းပညာရှင်တွေနဲ့ တစ်လတစ်ခါ နှစ်လတစ်ခါ ရှင်းပစ်ခဲ့ရာမှာ လွန်ခဲ့တဲ့နှစ်က စုန်းပညာရှင် သားအမိနဲ့ ပြိုင်ရတာက စိတ်ဝင်စားဖို့ကောင်းပါတယ်။ လွန်ခဲ့တဲ့နှစ် တစ်မနက်မှာ ကျွန်တော့်ကို ပြုစားချင်လို့ ဆံခြည်ထွေးတွေ လွှတ်ထားတဲ့ စုန်းပညာသည်တွေကို ခေါ်လိုက်တော့ စုန်းပညာသည် ၁၅ ဦးလောက် ရောက်လာပါတယ်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့် ဥပဓိရုပ်ကောင်းတဲ့ အသက် ၅၀ ကျော်အရွယ် စိန်နားကပ်ကြီးနဲ့ အမျိုးသမီးကြီးလည်း ပါလာပါတယ်။ ကျွန်တော်က "ညည်းတို့အထဲက စုန်းပရိယာမှာ အမြင့်ဆုံး ပညာရှင်က ဘယ်သူလဲ၊ သူနဲ့ပဲတိုက်မယ် ကျွန်တဲ့သူတွေနဲ့ မတိုက်လိုဘူး" ပြောတော့ စိန်နားကပ်ကြီးနဲ့ အမျိုးသမီးကြီးက သူနဲ့တိုက်မည် ပြောပါတယ်။ ကျွန်တော်က "ညည်းက ဘယ်မြို့ကလဲ နည်းနည်းပြောပါဦး" ဆိုတော့ မန္တလေးကဖြစ်တဲ့အကြောင်း၊ သူတွင် သမီးအပျိုနှစ်ယောက်ရှိကြောင်း၊ သူခင်ဗျန်းက နေပြည်တော်တွင် အစိုးရအရာရှိကြီးဖြစ်ကြောင်း၊ သူတွင် သုံးထပ်တိုက်နှင့် ကားနှစ်စီးရှိကြောင်း ပြောပါတယ်။ "ကဲ ကောင်းပြီ၊ ဒီလိုဆိုလျှင် ညည်းကို ဦးစားပေးမယ်။ ညည်းက အရင်စတိုက်ပါ" ပြောတော့ သူက အပြာရောင်ခြောက်ထောင့်ကြယ်တွေလွှတ်ပြီး တိုက်တယ်။ ကျွန်တော့် အိမ်ည့ေခန်းမှာဖြစ်တော့ သူနဲ့ကျွန်တော်နဲ့က ၇ ပေလောက် ပဲကွာမယ်။ အဲဒီ . . . ခြောက်ထောင့်ကြယ်သုံးလုံးက ကျွန်တော့်နားရောက်တော့ သူခန္ဓာကိုယ်မှာ မီးတွေလောင်သွားတာ မြင်ရပါတယ်။ တကယ်လို့ အဲဒီခြောက်ထောင့်ကြယ် ကျွန်တော့်ကို ထိမှန်လျှင် ကျွန်တော်လည်း မီးလောင်ကျွမ်းသွားနိုင်တယ်လို့ ထင်ပါတယ်။ ကျွန်တော် တစ်ခါမှ မကြဲဘူးတော့ အတိအကျတော့ မသိပါဘူး။ နံဘေးကရပ်ကြည့်နေကြတဲ့ စုန်းပညာသည်တွေ

www.burmeseclassic.com

www.burmeseclassic.com

ထည်း ကြောက်လန့်ကုန်ကြပါတယ်။ ဒီမီးလောင်တာက သူရဲ့ မူလခန္ဓာကိုယ် သေသွားတာ မဟုတ်ပါဘူး။ စုန်းပညာ ဆိုင်ရာ နာမ်ခန္ဓာနဲ့ အစွမ်းသတ္တိတွေ ပျက်စီးသွားတာပါ။ ကျန်တဲ့ စုန်းပညာ သည်တွေက ကျွန်တော့်ကို တောင်းပန် ကန်တော့်ပြီး ပြန်သွားကြပါတယ်။

၁၀ မိနစ်လောက်နေတော့ အသက် ၂၅ နှစ်အရွယ် စုန်းပညာသည် ကလေးမလေး ၂ ယောက် ကျွန်တော့် ရှေ့ ရောက်လာပါတယ်။ သူတို့က မန္တလေးက သူအမေရှုံးပြီး ပြန်လာလို့ ချက်ချင်းဆိုသလို ရောက်လာတာပါ။ သူတို့အမေက မွေးရာပါ သန္ဓေစုန်းပါ။ သူတို့ ညီအစ်မနှစ်ယောက်က သူတို့ အမေက ပညာသင်ပေးထားသူတွေပါ။ တစ်ယောက်က ခရမ်းရောင်အင်္ကျီ ဝတ်ထားပြီး တစ်ယောက်က အဖြူရောင်နဲ့ ပါ။ ရုပ်ကလေးတွေကလည်း ကြည့် ကောင်းပါတယ်။ နှစ်ယောက်စလုံး စိတ် ကိုနေပုံ၊ ဒေါသထွက်နေပုံ ရပါတယ်။ ကျွန်တော်က ညည်းတို့ ဦးနဲ့မတိုက်ချင်

နဲ့။ ညည်းတို့အမေတောင် ရှုံးသွားသေး တာလို့ပြောတော့ ပြောမရပါဘူး။ ဒါနဲ့ ကျွန်တော်က "ညည်းတို့ ဦးကိုအရင် တိုက်" ပြောတော့ တစ်ယောက်က အဝါရောင် မီးလုံးတွေလွှတ်ပြီး တိုက် တယ်။ ကျွန်တစ်ယောက်က ခရမ်းရောင် မီးကွင်းတွေလွှတ်ပြီး တိုက်ပါတယ်။ ကျွန်တော့် အနီးရောက်တော့ အဲဒီမီးလုံး မီးကွင်းတွေအားလုံး သူတို့ဆီပြန်သွားပြီး သူတို့ကို မီးလောင်ကျမ်းတော့တာပါပဲ။ သူတို့ရဲ့ ပညာတွေ ဆုံးရှုံးပျက်စီးသွားတဲ့ သဘောပါပဲ။ လူတွေက ဘာမှမဖြစ်ပါ ဘူး။

ကျွန်တော် နေ့စဉ်ဘုရားခန်း သန့်ရှင်းရေးလုပ်တော့ ဆံချည်မျှင်၊ ဆံ ချည်ထွေးတွေတွာ တစ်ရက်သုံးလေးခု တွေ့မြဲပါပဲ။ ကျွန်တော့်ကို သူတို့နဲ့တွေ့ဆုံဖို့ မအားတာနဲ့ မတွေ့ဖြစ်တာ နှစ်လခန့်ရှိ ပါပြီ။ ၁၃-၁၀-၂၀၁၃ ရက်နေ့ မနက် ၈ နာရီမှာ ကျွန်တော် ဘုရားရှိခိုး ပုတီး စိပ်ပြီးတော့ ကျွန်တော့်ဆီ ဆံပင်ချည် ထွေးတွေ ပို့လွှတ်ထားတဲ့ မုန်းပညာသည်

တွေကို ခေါ်လိုက်ပါတယ်။ စုန်းပညာရှင် အမျိုးသမီး ၅၀ လောက် ရောက်လာပါ တယ်။

ကျွန်မ ။ ။ ညည်းတို့ ပညာသည်တွေထဲ က အဆင့်အမြင့်ဆုံး ပညာသည်က ဘယ်သူလဲ။

စုန်းပညာရှင် ။ ။ အရပ်ထောင်ထောင် မောင်းမောင်း။ အသားညိုညို၊ မျက်လုံး မျက်ကွင်းကောင်းကောင်း အသက် ၅၀ ကျော်အရွယ် အမျိုးသမီးကြီးက "ကျွန်မပါပဲ၊ ရှင်နဲ့တိုက်ချင်လို့ လာတာပါ"

ကျွန်မ ။ ။ ကျွန်တော်နဲ့ ရန်ငြိုးရှိလို့ တိုက်ချင်တာလား။

စုန်းပညာရှင် ။ ။ မဟုတ်ပါဘူး။ ပညာ ပြိုင်ချင်လို့ပါ။

ကျွန်မ ။ ။ ခင်ဗျားရဲ့ စုန်းပညာအဆင့် ဘယ်လောက်ရှိလဲ။

စုန်းပညာရှင် ။ ။ စုန်း ကဝေ၊ ဇော်ဂနီ၊ ဇော်ဂနက်၊ မောက်လုံး။

www.burmeseclassic.com

www.burmeseclassic.com

မောက်ပြားဆိုပြီး ရှိရာမှာ ကျွန်မက အဲဒီထက် လေးဆင့် ပိုမြင့်ပါတယ်။

ကျွန်ုပ် ။ ။ ခင်ဗျားက ဘယ်မြို့ကလဲ။

စုန်းပညာရှင် ။ ။ ပခုက္ကူခရိုင်ထဲက မြို့တစ်မြို့ကပါ။

ကျွန်ုပ် ။ ။ အလုပ်အကိုင်က ဘာလုပ်ကိုင်ပါသလဲ။

စုန်းပညာရှင် ။ ။ တောင်သူလည်း လုပ်ပါတယ်။ ကုန်စုံဆိုင်လေးလည်း ဖွင့်ထားပါတယ်။

ကျွန်ုပ် ။ ။ ရှေးတုန်းက အဲဒီနယ်ဘက်က ပညာသည်တွေ ကောင်းကင်မှာ လင်းတလိုပဲပြီး မန္တလေး မဟာမြတ်မုနိဘုရားသွားဖူးတဲ့ စုန်းပညာရှင်တွေရှိတယ် ကြားဖူးပါဝယ်။ အဲဒါ ဟုတ်ပါသလား။

စုန်းပညာရှင် ။ ။ ဟုတ်ပါတယ်။ ကျွန်မကိုယ်တိုင် ကောင်းကင်ပျံနိုင်ပါတယ်။

ကျွန်ုပ် ။ ။ (ကျွန်တော် တော်တော်အံ့အား သင့်သွားပါတယ်) ကျွန်တော် ခင်ဗျားပညာကို လေးစားပါတယ်။ ခင်ဗျားလို ပညာရှင်အဆင့် ဘယ်လောက်များ ရှိပါသလဲ။

စုန်းပညာရှင် ။ ။ ကောင်းကင်ပျံနိုင်တဲ့ ပညာရှင် သုံးဦးရှိပါတယ်။

ကျွန်ုပ် ။ ။ ဒီစုန်းပညာနဲ့ အခြားသူတွေကို ဘယ်နယောက် ပြုစားဖူးပါသလဲ။

စုန်းပညာရှင် ။ ။ ကျွန်မတစ်ယောက်မှ မပြုစားဖူးပါဘူး။ ကျွန်မဒီပညာကို အသုံးပြုပြီး သူတစ်ပါးကို ဒုက္ခမပေးပါဘူးလို့ ဘုရားမှာ သစ္စာပြုထားပါတယ်။

ကျွန်ုပ် ။ ။ ကျွန်တော် ခင်ဗျားကို ပိုပြီး လေးစားသွားပါပြီ။ ဒီပညာက မွေးရာပါ တတ်လာတာလား။ ဒီပညာတတ်မှန်း ဘယ်တုန်းက စသိတာလဲ။

စုန်းပညာရှင် ။ ။ အသက် ၁၄ နှစ် လောက်က စပြီးသိတာပါပဲ။ အသက် ၁၄ နှစ်မှာ ဖိုက်ထဲကနာလာပြီး အော့အန်တော့ သွားရည်တွေက အလင်း ရောင်ထွက်နေတာတွေ့ရတယ်။ အဲဒီကတည်းက စသိတာပါ။ လူအများက စုန်းမီးတောက်တယ်လို့ နားလည် ကြပါတယ်။ ဒီသွားရည်တွေကို လူမမြင်အောင် အဝတ်နဲ့ ဖုံးအုပ်ပစ်ရပါတယ်။

ကျွန်ုပ် ။ ။ ကောင်းကင်ပျံနိုင်တဲ့ စုန်းပညာသည်တွေက ထမီခြုံလိုက်ရုံနဲ့ ကောင်းကင်မှာ လင်းတကဲ့သို့ ပျံနိုင် တယ်။ အဲဒီလင်းတလို ငှက်အသွင်ပြောင်းပြီး ပျံနိုင်တာလား။

စုန်းပညာရှင် ။ ။ လင်းတကဲ့သို့ အတောင်ပံနဲ့ ပျံတာမဟုတ်ပါဘူး။ ကောင်းကင်ပျံတော့မည်ဆိုရင် ပထမ

www.burmeseclassic.com

www.burmeseclassic.com

ခြေထောက် နှစ်ချောင်းကို ဘေးဖက်ကား ရပ်လိုက်ရပါတယ်။ လက်နှစ်ဖက်ကိုလည်း ဘေးဘက်ဆန့်တန်းလိုက်ရပါ တယ်။ ပြီးတော့ နလုံးအိမ်အတွင်း စိတ် ကို ပို့ပြီး ကောင်းကင်ပျံဖို့ အာရုံပြုရပါတယ်။ အဲဒီနည်းနဲ့ ကောင်းကင် ပျံနိုင်ပါတယ်။

ကျွန်ုပ် ။ ။ တစ်နာရီ ဘယ်နှစ်မိုင်နှုန်းလောက် ပျံသန်းနိုင်ပါသလဲ။ လူတွေကရော မမြင်ဘူးလား။

စုန်းပညာရှင် ။ ။ တစ်နာရီမိုင် ၉၀ လောက်အထိ ပျံနိုင်ပါတယ်။ မူလရုပ် ခန္ဓာကိုယ်နဲ့ ပျံသန်းတာပါ။ နာမ်ရုပ်နဲ့ ပျံတာ မဟုတ်ပါဘူး။ နေ့ခင်းမပျံဘဲ ညမှာပဲ လူမမြင်အောင် ပျံတာပါ။

ကျွန်ုပ် ။ ။ ခင်ဗျားကိုယ်တိုင် ကောင်းကင်ပျံဖူးပါသလား။

စုန်းပညာရှင် ။ ။ ပျံဖူးပါတယ်။ သုံးကြိမ် ပျံဖူးပါတယ်။

ကျွန်ုပ် ။ ။ ကောင်းကင်ပျံပြီး ဘယ်ကို သွားတာလဲ။

စုန်းပညာရှင် ။ ။ တစ်ကြိမ်က အိမ်က နွားတစ်ကောင် နွားကျောင်းရာက ပျောက်သွားလို့ ညမှာ ကောင်းကင်က လိုက်ရှာတာပါ။ တွေ့ရပါတယ်။

ကျွန်ုပ် ။ ။ ညမှာ ခင်ဗျားမျက်လုံးက အမှောင်ထဲမှာ မြင်ရပါသလား။

စုန်းပညာရှင် ။ ။ မြင်ရပါတယ်။ ကြောင်တွေ၊ ခွေးတွေလို ညမှာ ထင်ထင်ရှားရှား မြင်ရပါတယ်။

ကျွန်ုပ် ။ ။ နောက်နှစ်ခေါက်က ဘယ်ကိုသွားတာလဲ။

စုန်းပညာရှင် ။ ။ တစ်ခေါက်က ကလေးမြို့ကို ပွဲသွားကြည့်တာပါ။ ရန်ကုန်က အဆိုတော်တွေ ပါတယ်ဆိုလို့ သွားကြည့်တာပါ။ နောက်တစ်ခေါက်က ချောင်းထဲ ရေနစ်တဲ့ကလေး မျောပါသွားတာ ရှာမရ လို့ လိုက်ရှာတာပါ။ တွေ့ရပါတယ်။

ကျွန်ုပ် ။ ။ ကောင်းကင်ကနေ မြေပြင် ပြန်ဆင်းတော့ ဘယ်လို ဆင်းသလဲ။

စုန်းပညာရှင် ။ ။ ဒီလိုပဲ စိတ်ကဆင်းချင် လို့ရိုလျှင် ဆင်းလို့ရပါတယ်။ မြေပြင်ပေါ် ရောက်လျှင် ရေတစ်ခွက်ကို သောက်လိုက်ရပါတယ်။ ဒါမှ အေးအေးဆေးဆေး တည်ငြိမ်သွားပါတယ်။

ကျွန်ုပ် ။ ။ ညည်းမှာ မိသားစုရှိလား။ ခင်ပွန်းကရော ဒီပညာတတ်တာ မသိဘူးလား။

စုန်းပညာရှင် ။ ။ ခင်ပွန်းနဲ့ ကလေးသုံးယောက် ရှိပါတယ်။ ဘယ်သူမှ ကျွန်မ ပညာတတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

လက်ဖဝါးက ပရလောက
က နတ်တွေ၊ သတ္တဝါတွေ
အားနည်းနေလျှင် လက်
ဖဝါးပြလိုက်ရုံနဲ့ အားဆေး
အဖြစ် ကုလို့ရပါတယ်။
ဒါကလည်း အဘကို
အဆင့်မြင့် တန်ခိုးရှင်ကြီး
တွေက သိခွင့်တင်ပေးထား
လို့ပါ။ ဘဘရဲ့ မူလ
အရည်အချင်းကြောင့် ဖြစ်
တာမဟုတ်ပါဘူး။ ဘဘက
ဘာကျင့် စဉ် မူလည်း
မကျင့်ပါဘူး။

အဲဒီလို ပြောလိုက်တော့
သူတို့အားလုံးက ဘဘ ကျွန်မတို့ မှားပါ
တယ်။ ခွင့်လွှတ်ပါ တောင်းပန်ပါတယ်
ဘဘလို့ ကန်တော့ပြီး ပြန်သွားကြပါ
တယ်။

သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ

ဆရာဝင်း(သာကီနွယ်)

ဘဲ အခြားဘက် လှည့်ပြီး
ပြပါတယ်။ သူတို့အလွန်
တုန်လှုပ်ချောက်ချား သွား
ကြပါတယ်။ တကယ်တော့
ကျွန်တော်က လက်ဖဝါး
ထဲမှာ ဘာမှမြင်ရတာ
မဟုတ်ပါဘူး။ ကျွန်တော့်
အတွေ့အကြုံအရ ညာ
ဘက် လက်ဖဝါးကို ရန်သူ
ကို ပြလိုက်တော့ မီးတွေ
လောင်တာ မြင်ရပါတယ်။
လက်ဖဝါးထဲက အပူရှိန်
တွေ လွှတ်တယ်ထင်ပါ
တယ်။ အဲဒါကို သူတို့က
မြင်ရပုံရပါတယ်။ ဒီညာ
ဘက်က အဲဒီလိုရန်သူကို
တိုက်ခိုက်မီးရှို့နိုင်ရုံ မက
ဘူး။ ပရလောကမှ ပုဂ္ဂိုလ်
သတ္တဝါတွေ၊ ဝိဇ္ဇာတွေ၊
နတ်တွေပါ နေထိုင်
မကောင်းလျှင် ဆေးကုလို့
ရပါတယ်။ ဒီဘယ်ဘက်

မသိပါဘူး။ အခြားအလား
တူ ပညာသည်တွေကလည်း
ကျွန်မ ပညာတတ်မှန်း
မသိပါဘူး။

ကျွန်ုပ် ။ ။ အေး . . . ညည်းဆီက
ဗဟုသုတတွေရလို့ ကျေးဇူး
တင်ပါတယ်။ ညည်းတို့
အားလုံးကို ဘဘရဲ့ ပညာ
အစွမ်းကို ပြောပါမယ်။
ညည်းတို့တွင် မကဘူး။
ဘဘဆီ မကြာခဏ ပညာ
လာစမ်းတဲ့ စုန်းပညာရှင်
တွေရှိတယ်။ ဟောဒီ ဘဘ
ရဲ့ ညာဖက်လက်ဖဝါးမှာ
ပရလောကက ရန်သူနတ်
တွေ အောက်လမ်းနတ်တွေ၊
မိစ္ဆာနတ်ကြီးတွေ ပရ
လောကမှ သတ္တဝါ မျိုးစုံကို
မီးရှို့သတ် လို့ရတယ်။
ဟောဒီမှာ ကြည့်ဆိုပြီး
ညာဘက်လက်ဖဝါးကို စုန်း
ပညာသည်တွေဘက် မပြ

www.burmeseclassic.com

www.burmeseclassic.com

သင့်ကျန်းမာရေး

အမျိုးသမီးရေးရာ

ဒေါက်တာလွင်သန့်(ဆေး-၂)

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

နှစ်စဉ်မတ်လ (၈)ရက် နေ့ဟာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဖြစ်တယ်။ (၂၀၁၆) ခုနှစ် မတ် (၈) ရက် အမျိုးသမီးများနေ့ ဆောင်ပုဒ်က "ကျွန်မ တန်းတူ ကမ္ဘာတစ်ဝန်း (၂၀၃၀) ရည်ကာမှန်း"ဖြစ်တယ်။

အမျိုးသမီးတွေဟာ အမျိုးသားတွေထက် စာရင်းတစ်ခုအနေနဲ့ ထားတတ်ကြတယ်။ ဥပမာ ဆော်ဒီအာရေဗျ နိုင်ငံမှာအမျိုးသမီးများ မဲပေးခွင့် ရှိတာ (၂) နှစ်ကျော်လောက်ပဲရှိသေးတယ်။ အမျိုးသမီးများ ယာဉ်မောင်းရ၊ စျေးဝယ်၊ စျေးမရောင်းရ၊ စူပါမားကတ် (Super Market) တွေမှာ အရောင်းဝန်ထမ်းလုပ်ရင် တောင် တစ်ကိုယ်လုံးအမည်းရောင် ဖုံးထားရပြန်တယ်။ မျက်နှာကိုကာ ပဝါအမည်းတပ်ထားရပြန်တယ်။

အီရန်နိုင်ငံမှာ အမျိုးသမီးများ၊ အမျိုးသားနဲ့ တန်းတူ အားကစား၊ ဘောလုံးပြိုင်ပွဲတွေ မကြည့်ရ၊ အီရန် အမျိုးသမီး ဘောလုံးအသင်းဆိုရင် ခေါင်းဆောင်း၊ မျက်နှာဖုံးပတ်ခြုံပြီးမှ ပြိုင်ခွင့်ပြုထားတယ်။ ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က လက်မခံတော့၊ နိုင်ငံတကာ ပြိုင်ပွဲကနေ နှုတ်ထွက်သွားကြတယ်။

ဆီးရီးယား ပြည်တွင်းစစ်ဖြစ်တော့ "ဓားစာခံ"ဖြစ်ရတာ ကလေးတွေနဲ့ အမျိုးသမီးတွေပါပဲ။ လင်ယောကျ်ားမောင်ဖွားတွေက စစ်တိုက်နေတဲ့အချိန်၊ ယင်းတို့ဟာ နယ်စပ်ကိုဖြတ်ကျော်လို့ ဥရောပတစ်လွှား နိုင်ငံရေးခိုလှုံခွင့် တောင်းခဲ့ကြတယ်။ ဥရောပနိုင်ငံသား (Isis)မှာ အမျိုးသမီးတွေကို လိင်ကုန်ကူးခြင်း၊ အမျိုးသမီးအသေခံ ဗုံးခွဲသမားတွေ ဖြစ်အောင် ဇွတ်အတင်းပို့နေတယ်။

တရုတ်နိုင်ငံမှာ မိသားစုတစ်စု၊ ကလေးတစ်ယောက်နှုန်း သတ်မှတ်ကာလက မိသားစုတိုင်း ယောကျ်ားလေး လိုချင်ကြတယ်။ အမျိုးသမီးကိုယ်ဝန်လွယ်ထားရင် ဖျက်ချခွင့်ပြုထားတယ်။ ယခုအခါမှာ "သတို့သမီး"ရှားပါးမှုဒဏ်ခံစားနေရပြီး၊ အိမ်နီးချင်းနိုင်ငံများမှ အမျိုးသမီးများကို ကြိုက်စေးပေး ပေါင်းသင်းကာ၊ ကလေးယူတဲ့စနစ်ကြောင့်၊ အမျိုးသမီးများ" ရောင်းကုန်"တစ်ခုလို အသုံးချခံနေရတယ်။

"အမျိုးသမီးနှင့် အမျိုးသားတန်းတူအခွင့်အရေး ထားပါတယ်ဆိုတဲ့ အမေရိကန်နိုင်ငံမှာ "အမျိုးသမီးကာကွယ်ရေးဝန်ကြီးတို့၊ အမျိုးသမီးသမ္မတတို့မပေါ်သေးဘူး။ (၂၀၁၇) ခုနှစ် ရွေးကောက်ပွဲမှာ "ဟီလာရီကလင်တန်" သာ သမ္မတဖြစ်ရင်ဖြစ်၊ အမျိုးသားနှင့် အမျိုးသမီးတန်းတူ အခွင့်အရေးရှိလာပြီဆိုနိုင်မယ်။ ဂျာမနီဝန်ကြီးချုပ်ဟာဘဲ၊ ဘရာဇီးသမ္မတ "ရူးဆက်"၊ ထိုင်ဝမ်သမ္မတ၊ တောင်ကိုရီးယားသမ္မတ "ပတ်ကျင်ဟွာ"၊ မြန်မာနိုင်ငံမှ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့လို လက်ချီးရေတွက်လို့ရတဲ့ အမျိုးသမီးခန့်အပ်ထားတဲ့ နိုင်ငံများလောက်ပဲ တွေ့နေရသေးတယ်။

အမျိုးသမီးတွေမှာ ကျန်းမာရေးပြဿနာများလည်း ရှိတတ်ပါတယ်။ အသက် (၁၁) နှစ်၊ (၁၂) နှစ် ခမျာတာလာတာကစလို့ လစဉ်ရာသီသွေးလာကာ အပျိုကြီးဖားဖားဖြစ်ရင်ပဲ၊ ဟိုနေရာမသွား၊ သည်နေရာမသွားရ၊ သည်နေရာမသွားရ ချုပ်ချယ်မှုများရှိလာတယ်။ ပါကစ္စတန်၊ အာဖဂန်နစ္စတန် အချို့ဒေသတွေမှာ အမျိုးသမီးပညာသင်ကြားရေး အကန့်အသတ်ခံရတယ်။ ကြီးလာလို့ အိမ်ထောင်ပြုတဲ့အခါ သားဖွားမီးယပ်ရောဂါရလို့၊ အသက် (၄၅) နှစ်၊ (၅၀) နှစ်လောက်ထိ ရာသီမဆုံးမချင်း လစဉ်ဒုက္ခ ခံစားရပါတယ်။

ဆယ်ကျော်သက်ဘဝ ကျန်းမာရေးမြှင့်တင်ဖို့နဲ့ အံပျိုစင်ဘဝထိန်းသိမ်းကြရပြန်တယ်။ ယဉ်ကျေးမှု၊ ဇလေထုံးစံများထိန်းသိမ်းကြရတယ်။ သူငယ်ချင်းမိတ်ဆွေများ ရွေးချယ်ပေါင်းသင်းလို့

www.burmeseclassic.com

www.burmeseclassic.com

လူမှုအသင်းအဖွဲ့တွေ၊ အားကစားမှာ ပါလာကြတယ်။ ကျန်းမာရေးနဲ့ ပြည့်စုံဖို့ နေ့စဉ်နံနက်ရီဝင်းမှ တစ်နာရီအားကစား ရွရွပြေပြေခြင်း၊ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်းတို့ဆောင်ရွက်နိုင်တယ်။

မျိုးဆက်ပွား ကျန်းမာရေးနဲ့ ပတ်သက်ပြီး ငယ်ရွယ်တဲ့မိန်းကလေးငယ်များ၊ လမ်းမှားမလိုက်ရဖို့ စိတ်ပိုင်း ရုပ်ပိုင်းအခြေခံကောင်းများ ပေးထားဖို့ လိုတယ်။ မိဘဆင်းရဲနွမ်းပါးခြင်း၊ မှားယွင်းတဲ့ခံယူမှုရှိခြင်းကြောင့် လိင်အကြမ်းဖက်မှုခံကြရတယ်။ အချို့ကိုယ့်ကိုယ်ကို မထိန်းသိမ်းတတ်လို့ စော်ကားခံရကာ လမ်းမှားရောက်ပြီးမကောင်းတဲ့ အသက်မွေးဝမ်းကြောင်းထဲမှာ ဘဝပျက်နှစ်မွန်းသေဆုံးကြရတယ်။

ကျား နဲ့ မမှာ မသဘာဝ ကျန်းမာရေး ဗဟုသုတရှိဖို့ မိခင်တွေ၊ ဆရာမတွေ သင်ကြားပေးကြရမယ်။ မိုးဆက်ပွားကျန်းမာရေးနဲ့ ပတ်သက်ပြီး သစ္စာမဖေတာလာတာကအစ၊ မိန်းကလေးခန္ဓာကိုယ်လုံခြုံအောင် ဝတ်စားဖို့ ကျန်းမာရေးအသိရှိဖို့ အထိသင်ကြားပြသနမှုနာပေးသင့်တယ်။ ကျန်းမာရေးဆောင်းအောင် ကိုယ့်ကိုယ်ကိုစောင့်ရှောက်ဖို့လိုတယ်။ ရောဂါပိုးများဝင်ရောက်မှုနည်းပါးစေရမယ်။

ဆယ်ကျော်သက် သမီးငယ်များရဲ့ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများကို သေချာရှင်းပြကြဖို့လိုအပ်သလို၊ ပညာတတ်မြောက်အောင် သင်ယူကြဖို့ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုရရှိဖို့အထိသင်ပေးရမယ်။ အမျိုးသမီးတွေ "ပြည့်တန်ဆာ" ရပ်ဝန်းထဲ ရောက်သွားကြရတဲ့ အဓိကအကြောင်းရင်းမှာ အသက်မွေးဝမ်းကျောင်း ပညာတစ်ခုခု မတတ်မြောက်လို့ပဲဖြစ်တယ်။ မိခင်လောင်းဘဝမှာ မိသားစုကျန်းမာရေး၊ ကလေးပြုစုပျိုးထောင်ရေး၊ ကိုယ်ဝန်သည် ကျန်းမာရေးတို့အတွက် ဒေသန္တရဆေးခန်းများချိတ်ဆက်ရမယ်။ "မလိုလားတဲ့ ကိုယ်ဝန် (unwanted pregency) မဖြစ်ရအောင် သားသမီးယူတာကအစ၊ စနစ်တကျရှိသင့်တယ်။ သားဆက်ခြား စီမံကိန်းအရ သန္ဓေတားဆေးစားခြင်း ထိခြင်းများရှိလာနိုင်တယ်။

အမျိုးသမီးများ လိင်းဆက်ဆံရာမှ ရောဂါပိုးမကူးစက်အောင် အိပ်ခ်ျအိုင်ဗို့၊ အသည်းရောင်ဘီနှင့်စီ ရောဂါဆစ်ဖလစ်၊ ဂနိုးဝုန်ကာ ရောဂါများ အကြောင်းသိထားဖို့ ပညာပေးကြမယ်။ ရုတ်တရက် ကိုယ်ဝန်တားဆေး (Easy Two) သောက်နည်းနဲ့ ကွန်ဒုံးအစွပ် (Codom) သုံးနည်းများ ပြပေးရမယ်။ အိမ်ထောင်သည်ဘဝမှာ "မိသားစုအသိုက်အမြုံလေး" မယူက်မီးရအောင် အတတ်နိုင်ဆုံးထားရမယ်။ အချို့အိမ်ထောင်ပြု ကံကောင်းကြပေမယ့် အချို့ဆင်းရဲဒဏ်မခံနိုင်လို့ မိသားစုဘဝဆုံးရှုံးကြရတယ်။

အမျိုးသားနှင့် အမျိုးသမီး အခြေအနေပေးပုံချင်း မတူကြပါ။ "ယောကျ်ားအတွက် ထောင်အပြင် တန်းမရှိ" ဆိုပေမယ့်၊ အမျိုးသမီးများအတွက် "လူမှောင်ခိုရောင်းစားခံရမှု၊ တရုတ်မယားအဖြစ် ရောင်းစားခံရမှုများ၊ ပြည့်တန်ဆာ လိင်လုပ်သားဘဝများအထိ နစ်မွန်းသွားနိုင်တယ်။ (၂၀၃၀) ပြည့်နှစ်မှာ ကျား၊ မတန်းတူဖြစ်လာစေဖို့၊ အမျိုးသမီးတွေ၊ အမျိုးသားတွေနဲ့ တန်းတူပညာသင်ကြရမယ်။ အသက်မွေးဝမ်းကျောင်း (စက်ရုံ၊ ဇာတိ၊ ပန်းထိုး) တတ်မြောက်ရမယ်။ ဘာသာရေးအဆုံးအမရှိကြရမယ်။

ဒေါက်တာလွင်သန့်

www.burmeseclassic.com

www.burmeseclassic.com



မှတ်တာပိတု

အငပုရဲကျေးရွာ

ဆောင်းဟေမာန်(မြတ်ကြေးမုံ)

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

အဖေရေ...

အဖေတို့ကိုခင်ပွန်းကြီးဆယ်ပါးဘုရားရှိခိုး ဂါထာတော် ဒီလိုပါပဲ အနက်ဖွင့်ဆိုထားတယ်အဖေ။

ဝိတု - စားဝတ်နေရေး လိုလေသေးမရှိအောင် စီမံဆောင်ရွက် ပညာပေးသည့် ပုဂ္ဂိုလ်လို့ ရေးကဗိဆရာအရှင်မြတ်တို့က စာပေကျမ်းဂန်မှာ မှတ်တမ်းတင်ခဲ့ကြတယ်အဖေ။

အဖေဟာ အမေ့ဝမ်းကြာတိုက်မှာ ပဋိသန္ဓေတည်ပြီ ဆိုထဲက မိသားစုရဲ့ တာဝန်ကျေစွာ ဖြေရှင်းဆောင်ရွက်ခဲ့တယ်။

အဖေက သားတွေသမီးတွေအားလုံးပညာအမွေ၊ ဥစ္စာအမွေ၊ ဓမ္မအမွေရတနာတွေကို အတုမြင် အတတ်သင်စေဖို့ ဦးဆောင်လမ်းညွှန်ပြတဲ့ မိုးရွှဲတန်ဆောင်ပါ။

အဖေ့ရဲ့ ဆုံးမခြင်းဟာ သားသမီးတွေကို သူတော်ကောင်းဖြစ်ထာအောင် သူယုတ်မာကို မတွန့်ဆုတ်ဘဲ ရှောင်ခဲ့ရဲအောင် သာဓကဆောင်ပြီး ပြောပြခဲ့တယ်။

ဇာတ်နိပါတ်တော်က မိဘနှစ်ပါးအား ကလန်ကဆန် နွှတ်လန်ထိုးတတ်သော ဒေဝဒတ်အကြောင်း၊ ယုတ်မာကောက်ကျစ် နိမ့်ကျသော စိတ်ထားရှိသူ၊ စိစဉ်မာနမိန်းမယုတ်အကြောင်း။ ပေးကမ်းစွန့်ကြဲရာမှ ဝေဿန္တရာ အနာထပိဏ် ဝိသာခါတို့ အကြောင်း။ မိဘနှစ်ပါးကို အရိုအသေ အလုပ်အကျွေးပြုစုသော သုဝဏ္ဏသာမ မင်းသားလေးအကြောင်း။ စိတ်ကောင်း ပညာရှိသည့်အဟော်သစာ စသော ပုဂ္ဂိုလ်ကျော်များ အကြောင်းကိုအခါ အားလျော်စွာ ညအိပ်ချဝင်ခါနီးပြောဆို ဆုံးမလေ့ရှိပါတယ်။

ဒီလိုကောင်းမြတ်တဲ့ မှတ်သားဖွယ်ရာ ဥပမာပုံဆောင်ပြီး သူတော်ကောင်းစိတ်ဓာတ်မျိုး ထားတတ်လာပါပြီအဖေ။

မိဘတိုင်း သားသမီးများနဲ့ အတူနေပြီး လည်ချင်ဖက်ကာ အသက်တစ်ရာစေ့ နေကြရသည်ပဲဆိုပါစေ။ ရောင့်ရဲတင်းတိမ်ကျေနပ်ခြင်း၊ အားရဝမ်းသာခြင်းဆိုတာတော့ ဘယ်မိဘမှရှိရိုးထုံးစံမရှိပါဘူးအဖေ။

ဒါတွေကြောင့် ကဝိအကျော်ပညာရှိဆရာတော်တွေက "ရင်သွေးဟူက ရွှမဝတည့် မိဘတံထွာသားတကာနှင့် တစ်ရာသက်ကဲ လည်ချင်းတွဲလည်း ရောင့်ရဲမထင် စုံမက်ကြလျက်လို့ စပ်ဆိုရေးသားခဲ့ကြပါတယ် အဖေ။

ဟိုးအဝေးမှာ သက်ရှိထင်ရှားရှိနေဆဲဖြစ်တဲ့ သားရဲ့အဖေကဒီလိုပြောပြပါသေးတယ်။ မိဘများဟာ သားသမီးတို့အပေါ်မှာ ရိုးတွင်းခြင်ဆီထိုအောင် ဖောက်ထွက်ပြီးချစ်ကြတာတဲ့။ အဖေပြောတဲ့စကား သားနားထဲမှာ ယနေ့ထိတိုင် တသသစွဲမက် ကြားယောင်နေဆဲပါ အဖေ။

အဇာတသတ်မင်းသားလေး အပေါ် ဖခင်ဗိမ္ဗိသာရမင်း ချစ်မေတ္တာစေတနာကြီးမားစွာထားရှိပုံ ဝတ္ထုပုံပမာပြောပြတာတွေ ယနေ့တိုင် မေ့မျောက်မရနိုင်အောင် ကြာမြင့်ယောင်ဆဲ ရှိနေပါသေးတယ် အဖေ။

ဒီလိုကွယ် သားလေး ဝေဒေဟီဆိုတဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့ မိဖုရားခေါင်မှာ အဇာတသတ်မင်းသားကိုယ်ဝန်သန္ဓေစဉ်က ဗိမ္ဗိသာရမင်းကြီးရဲ့ လက်မောင်းသွေးကို ဖောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ပြင်းပြစွာ သောက်လိုတဲ့ ချဉ်ခြင်း စွဲမက်ခဲ့တယ်။ ဒီအကြောင်း မင်းကြီးကြားသိတော်မူသောအခါ မမြင်ရသေးတဲ့ သားပေါ် ချစ်ခြင်းဆိုတဲ့ မေတ္တာတရားကြောင့် မင်းကြီးကိုယ်တော်တိုင် လက်မောင်းကို ဓားနဲ့ဖောက်ပြီး မိဖုရားကြီးကို တိုက်ကျွေးခဲ့တယ်။

ဆန်းကြယ်တဲ့ ချဉ်ခြင်းနိမိတ်ကို ဝေဒပညာရှိ ပုရောဟိတ်တို့အား မေးမြန်းဆန်းစစ်ကြည့်တော့ ဝေဒေဟီမိဖုရားကြီးဝမ်းမှာ သန္ဓေတည်နေတဲ့ သားဟာ ဖခမည်းတော်ရဲ့ ထီးနန်းလုယူပြီး လုပ်ကြံသတ်ဖြတ်မယ့် သားတော်တဲ့လေ။

ဒီတော့ ဝေဒေဟီမိဖုရားကြီးက...

"အလို...ဖြစ်မှဖြစ်ရလေဆိုပြီးတော့ ဝေဒပညာရှိ ပုရောဟိတ်စကားကို ကြားသိလိုက်တာနဲ့ နည်းမျိုးစုံနဲ့ အတွင်းမှာရှိဘဲ့ ကလေးပျက်သေဆုံးအောင် ကြံစည်ဆောင်ရွက်ပါတော့တယ်"

သားရေ...ဖခင်ရဲ့မေတ္တာစေတနာ ကြီးမားပုံကတော့ ဒီအကြောင်းစုံကို ဗိမ္မိသာရမင်း သိတော်မူတော့ မိဖုရားခေါင်ကြီး ခေါ်ပြီး ဘာအတွက်ကြောင့် သန္ဓေသားကို သတ်ဖြတ်ဖျက်ဆီးဖို့ ကြံစည်ရသလဲ။

ငါရဲ့ရင်သွေး ငါရဲ့သားတော် အမှန်တကယ် ရန်သူဖြစ်၍ ငါ့ကို သတ်ချင်သတ်ပါစေ၊ သတ္တဝါမှန်သမျှ ရုပ်နာမ်ဆိုတော့ ဇာတိအကြောင်းခံလာသူတိုင်း သေချိန်တန် အမှန်သေကြရမှာချည်းပဲ။ ဒီနေ့ကစပြီးတော့ မကြံစည်ကောင်းတာကို မကြံစည်ပါနဲ့တော့။ သားတော်လေးကို လုံးဝမသတ်ရက်ပါဘူး။ အမိန့်စကားချမှတ်လိုက်တယ်။

မိဖုရားခေါင်ကြီးရယ် ငါရဲ့သား ငါရဲ့ရင်သွေးဟာ ငါ့ရန်သူဖြစ်၍ ငါ့ကို သတ်လိုက သတ်ပါစေ။ သားရဲ့ မျက်နှာကို မြင်ရပါလျှင် ငါ သေပျော်ပါပြီလို့ ပြောဆိုပြီး သန္ဓေသားကိုယ်ဝန်ဖျက်ချခြင်းကို တားမြစ်ခဲ့တာဟာ ဖခင်တစ်ယောက်ရဲ့ သားပေါ်ထားတဲ့ အကြင်နာမေတ္တာတရားပဲပေါ့ သားရေ။

သားရေ... မိဘဆိုတာ သားသမီးနဲ့ရင်ဆိုင်လာရင် အရှုံးပေးခြင်းဟာ ဗြဟ္မစိုရ်တရားလက်ကိုင်ထားလို့ပေါ့။ အဖေတို့ကလည်း သားသမီးအတွက်ဆို အသက်ပေးပြီး အဆုံးရှုံးခံလာတာ ဘဝပေါင်းများစွာ ရှိခဲ့မှာပါ သားရယ်လို့ အဖေပြောပြတာတွေ ကြားမြင်ယောင်နေဆဲပါ အဖေ။

အဇာတသတ်မင်းသား ယုတ်မာပက်စက်ပုံကတော့ သူ အရွယ်ရောက်ကြီးပြင်းလာတဲ့အခါ ဒေဝဒတ်ကို ဆရာတင်ပြီး လူပေါင်းများလေတာကြောင့် ဆရာ့စကား နားယောင်မှားပြီး ဖခင်ကို ဇထောင်၊ ခြေဖဝါး ဓားနဲ့ခွဲ၊ ဆားနယ် သိပ်ပြီး ရက်စက်စွာ သတ်ခဲ့ပုံကတော့ အံ့ဩြဖွထိတ်လန့် ကြောက်စရာကြီးပါ။

အဲ...ခမည်းတော် နတ်ရွာစံ ကံတော်ကုန်တဲ့နေ့မှာပဲ အဇာတသတ်မှာ သားတစ်ယောက် ဖွားမြင်လေရဲ့။ ဒီတော့မှ အဇာတသတ်ဟာ သားအပေါ် ချစ်တဲ့စိတ်တွေ ရိုးတွင်းခြင်ဆီထိအောင် တုန်လှုပ်သွားစေခဲ့တယ်။ ဒီချိန်မှာ အဇာတသတ် နောင်တတရားရပြီပေါ့ သားရယ်။

ငါ့ကို ဖွားမြင်ခဲ့တဲ့ ငါရဲ့ဖခင်သည်လည်း ဤသို့ချစ်မှာပဲ ဆိုတဲ့ သတိသံဝေဂရပြီး ခမည်းတော်ကို ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းထောင်က လွှတ်စေသတည်း လို့ အမိန့်ချတော်မူခဲ့ပေမယ့် အခါက နောင်းလင့်သွားခဲ့ပြီ သားရယ်။

ခမည်းတော် နတ်ရွာစံ ကံတော်ကုန်ကြောင်းသိရတော့ ငိုပွဲဆင် လွမ်းပွဲဝင်ကာ မိခင်ကြီး အနားကပ်ပြီး မယ်မယ်ဘုရား သားရဲ့ခမည်းတော်ဟာ သားကို မွေးဖွားစဉ်ကာလ မြတ်မြတ် နိုးနိုး ချစ်ပါရဲ့လား လို့ ငိုကြွေးပြီး မေးမြန်းတယ်ဆိုရင်ပဲ။

ဟယ်...သားမိုက် လူဆိုး အမောင် ဘယ်လိုပြောလိုက်တာလဲ။ သားလေးမွေးကင်းစအရွယ်အချိန်ခါ ဝါဂွမ်းဖက်ရမ်းမီးနေနန်းမှာ ပင်ပန်းစွာ စောင့်တော်မူတယ်။ သား ဟိုငယ်စဉ် တောင်ကျေးကလေးဘဝ လက်မမှာ ခူနာပေါက်တော့ သားရဲ့လက်မလေးကို အာခံတွင်းထဲ ငုံပြီး မဟာဿနပလ္လင် ထက်က တရားဆုံးဖြတ်ရှာတယ် သားရယ်။

သားရဲ့ဖခမည်းတော်ဟာ သားလေးရဲ့အပေါ် အဘယ်မျှထိတိုင်အောင် ချစ်သလဲဆို ပြောမဆုံးနိုင်ပေါင် ဟောသုံးထောင်ပါ သားရယ်။ အပြောကြီး တယ် မထင်ပါနဲ့ သားရယ်။ သားမောင် ငိုနေတဲ့အခါ အနာမှာ ပြည်ပေါက်ပြီး ပါးစပ်မှ ထွေးအန်ပစ်ရင် သားမောင် လန့်နိုးပြီး ငိုမှာစိုးရိမ်တာကြောင့် လက်ကို ဆွဲမထုတ်ဘဲ အာခံတွင်းမှတစ်ဆင့် ဝမ်းကြာတိုက်အတွင်း မျိုချလေရဲ့ သားတော်မောင်။

ဟဲ့...သားမိုက်...အမောင်ရဲ့ ခမည်းတော်ဟာ သားမောင်အပေါ် မေတ္တာစေတနာအပြည့်အဝနဲ့ ရိုးတွင်း ချဉ်ဆီထိတိုင် ချစ်တော်မူခဲ့တယ်။ အဲဒီလို ပြောပြတော့ နောင်တ၊ တစ်ဖန် ပူပန်ကာ ပြင်းထန်စွာ ငိုကြွေးလို့ ခမည်းတော်ရဲ့ ချစ်ခြင်းမေတ္တာကို နားလည်ကာ ဈာပနကိစ္စ ပြီးဆုံးအောင် ဆောင်ရွက်တော့တယ်။

သားရေ...အဖေ ထပ်ပြီး ပြောရဦးမယ်။ လောကဓမ္မတာဆိုရိုးစကားအရ ဘယ်မိဖမဆို တောင်းဆိုးပလုံးဆိုးတာ ပစ်ရိုးထုံးစံ ရှိတယ်။ သားသမီးတွေ ဘယ်လောက်ပဲဆိုးနေပါစေ ပစ်ရိုးထုံးစံမရှိခဲ့ကြဘူး သားရယ်...တဲ့။

အဖေရယ် အိပ်ရာဝင်ညချိန် အဖေ ဆုံးမပြောပြတာ မှတ်မိနေဆဲပါ။ သာဝတ္ထိပြည်က တစ်ဆယ့်ရှစ်ကုဋေ ကြွယ်ဝချမ်းသာတဲ့ သူဌေးသားလေးတစ်ယောက်ရဲ့အကြောင်းလေ။ မိဘတွေရဲ့ အချစ်ခဲ့အသည်းလေးဆိုတော့ ချစ်မေတ္တာသံမှိုစွဲပြီး သားကလေးနဲ့ မခွဲနိုင်တာကြောင့် သာဝါဘုရားရဲ့သာသနာမှာ မြတ်ရဟန်း ဆင်မြန်းလိုပါရန် အနူးအညွှတ်တောင်းပန်သော်လည်း ခွင့်မပြုခဲ့ကြဘူး။ သားကို ဘယ်လောက်ထိ ချစ်သလဲဆိုတာ ကြည့်စမ်းပါဦး။ သားလေးတစ်ယောက်တည်းဆိုတော့ အစစအရာရာ အလိုလိုက် အကြိုက်ပေး ကာမဂုဏ် အာရုံကြောမှာ အတွေ့ထုံးတွေနဲ့ မေ့မူးအောင်ထားခဲ့တာ အဲဒါချစ်လို့တဲ့။ ဒါပေမဲ့ သားကလေးက လက်မခံ ရဟန်းဝတ်ဖို့ အရေးသာ တွင်တွင် တောင်းဆိုနေတယ်တဲ့။

သားရယ် မျက်ရည်ရစ်ဝဲစိုရွဲ့စွာနဲ့ ဖခင်သူဌေးကြီးက ရဟန်းဘဝဆိုတာ ကြီးလေးတဲ့တာဝန်ပါ။ တင်းကြပ်တဲ့ စည်းကမ်း၊ ဥပဒေဘောင်ကလည်းရှိ၊ နောက်ပြီး ဆင်းရဲနွမ်းပါးမျက်နှာမွဲနဲ့ အသက်မွေးရတယ်။ ဒီလိုချော့မော့

www.burmeseclassic.com

www.burmeseclassic.com

ဖျောင်းဖျလေတယ်။

ဒါပေမဲ့ သားက ရဟန်းဘဝ မြတ်နိုးသည့်စိတ် ပြင်းပြစွာ ဆန္ဒဖြစ်နေတော့ မိဘတွေ စဉ်းစားဖို့ဖြစ်လာတော့တယ်။ ဘယ်လိုစဉ်းစားကြသလဲဆိုတော့။

ဒီလိုပါ။ သင်္ကန်း ဝတ်ခွင့်မပေးဘူးဆိုရင် သားလေး သေသွားနိုင်တယ်။ ရဟန်းပြန်ခွင့်ပေးလိုက်မယ်ဆိုရင် ရှင်ကွဲ ကွဲကြရုံပဲရှိမယ်။ အသက်ရှင်နေသရွေ့ ပြန်ဆုံနိုင်ခွင့်ရမယ်။

ဒီဇာတ်ကြောင်းကို ကြည့်ရင်း အမိ အဖတို့ရဲ့ ချစ်မေတ္တာ မြင်းသာတဲ့ ပြကွက်တစ်ခုမို့ သားနားလည် သဘောပေါက်ပါတယ် အဖေ။

ဩော်...အဖေရယ်။

သားမောင်စာပေလောကထဲကို ၁၉၉၀ ခုနှစ်မတိုင်ခင်တည်းက ရောက်ရှိလာတဲ့သူဆိုတော့ အဖေရဲ့ မေတ္တာတရားကို ပိုပြီးနားလည်ခွင့်ရခဲ့တယ် အဖေ။ ရာဇပြုဟ်က သိဂီလ အကြောင်း လေ့လာခွင့်ရခဲ့တော့ အဖေရဲ့ မေတ္တာကြီးမားပုံကောင်းကောင်းကြီး သား နားလည်သဘောပေါက်ခဲ့ရတယ် အဖေ။

သိဂီလမျိုးရိုးက သူဌေးသူကြွယ်မျိုးဆိုတော့ ဖခင်သူဌေးကြီးက သားငယ် သိဂီလကို ရွှေပုံ ငွေပုံမှာပဲ ထားတယ်။ လောကီဥစ္စာရတနာ၏ အပြစ်ကို သိရ၍ သားဖြစ်သူကို လောကုတ္တရာရတနာပဲ မြတ်နိုးရယူစေချင်တယ်။ ဒါနဲ့ ဖခင်ကြီးက သားကို ချော့မော့စွာ ဆုံးမလမ်းညွှန်တော်မူတယ်။ ဘဝနောင်ရေး စိတ်အေးရအောင် လောကုတ္တရာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါလို့ ဆုံးမတဲ့အခါတိုင်း အကြောင်းအကျိုး အကောင်းအဆိုး သိလေတော့ အမေရေ လောကုတ္တရာ ရတနာဆိုတာ ဥစ္စာကန်ခန်းအကျိုးနွမ်းပါတယ်လို့ ပြောဆိုပြီး အတင်းငြင်းတော့တာပဲ။

ဒီလိုနေထိုင်ရင်း ဗြုန်းဆို မိခင်က ဆုံး၊ ဖခင်မှာ သားတွက် ရတက်မအေး။ သောကဖိစီးပြီး သေခါနီးမှာတမ်းလေး ပေးထားခဲ့တယ်။

"ချစ်သား...အဖေ သေပြီး နောက် ရတနာသုံးပါးကို မကိုးကွယ်မဆည်းကပ်ချင်နေပါ။ နံနက်စောစော အရဏ်တက်လာပြီဆိုရင် အရပ် ခြောက်မျက်နှာကို ရှိခိုးပါ။ အဖေ နောက်ဆုံးမှာထားခဲ့မယ်လို့ မဝိတဝီ ပြောဆိုရင်း မေးရိုက်ပြီး သေလွန်သွားလေရှာတယ်။

ဒီအခါ သားဖြစ်သူ သိဂီလက ငါ့မှာ အားကိုးအားထားစရာ မိဘဆိုတာလည်း မရှိတော့ဘူး၊ နားထင်ပါးထင်ပူကာ တစ်ကိုယ်လုံး တုန်လှုပ်ကာ ကြောက်လန့်သွားလေရဲ့။ သေခါနီးမှာတဲ့ စကားကို လူသားတွေ တန်ဖိုးထားလိုက်နာတတ်ကြတယ်။ ဒီတော့ အဖေမှာတဲ့စကား ငါ အသက်ထက်ဆုံးလိုက်နာမယ်။ ယုံကြည်မယ်လို့ ပြောဆိုကာ နံနက်စောစော အိပ်ရာမှ ထကာ အဖေလုပ်သူမှာခဲ့အတိုင်း အရပ် ၆ မျက်နှာကို ရှိခိုးလို့နေတယ်။

ဒီအချိန် မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ကြီးထဲ ဆွမ်းခံလျှောက်ကြွတော်မူချိန် သိဂီလအိမ်ရှေ့ရောက်တော့ မြတ်စွာဘုရားရှင်မြင်တော်မူတော့ "ဟဲ့ ချစ်သား သိဂီလ...သင် ဘာတွေလုပ်နေတာလဲလို့ မေးမြန်းတော်မူသောအခါ အရပ် ၆ မျက်နှာကို ရှိခိုးနေကြောင်း ဖြေလျှောက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်မှ ဘာကြောင့် ရှိခိုးနေရတာလဲဆိုတော့ သိဂီလမှ "မြတ်စွာဘုရား...ကျွန်ုပ်ရဲ့ဖခင် သေခါနီးမှာထား ခဲ့လို့ အရပ် ၆ မျက်နှာဆိုတာ ဘာကို ပြောဆိုမှန်းမသိပါ ဘုရား" "ဒါဆို ငါ ပြောပြမယ်။ သင် နားထောင်နိုင်မလား" "အကျွန်ုပ်ကို ပြောမှာသာ ပြောပါ။ အကျွန်ုပ် နားထောင်ပါ့မယ်"

"ချစ်သား...သိဂီလ...

၁။ မိဘဆိုတာ အရှေ့အရပ်မျက်နှာ။

၂။ ဆရာသမားဆိုတာ တောင်အရပ် မျက်နှာ၊ ၃။ သားမယားဆိုတာ အနောက် အရပ်မျက်နှာ ၄။ မိတ်ဆွေဆိုတာ မြောက်အရပ်မျက်နှာ ၅။ အရိယာသူတော်ကောင်းဆိုတာ အထက်အရပ်မျက်နှာ၊ ၆။ ကျေးကျွန်ဆိုတာ အောက်အရပ်မျက်နှာ။ ဒီအရပ်မျက်နှာကို ရည်ရွယ်ပြီး သင့်ဖခင်က ရှိခိုးပါလို့ မှာကြားခဲ့ခြင်းပဲဖြစ်တယ်။

သင်ဟာ သင့်ဖခင်ရဲ့စကားကို ထိုက်နာမယ်ဆိုရင် အဲဒီအရပ် ၆ မျက်နှာကို နေ့စဉ်ရှိခိုးလို့သာနေပါလို့ မျက်စိလည်လမ်းမှားနေတဲ့ သိဂီလကို လမ်းမှန်သို့ရောက်အောင် လမ်းညွှန်ပြ တော်မူပြီး ပြုတွင်းဆက်၍ ဆွမ်းခံကြွ တော်မူလေသည်။

ဒီသိဂီလသတို့သားဟာ ဘုရားမြတ်စွာ တရားဓမ္မသံကို ကြားနာ ရပြီး သရဏဂုံတည်ပြီး ကိုးကွယ်ရာ ဟူ၍ အသိအမှတ်ပြုကာ ကုဋေလေးဆယ် သော ဥစ္စာပစ္စည်းတို့အား မြတ်စွာဘုရား၏ သာသနာတော်တွင် လှူဒါန်းတော်မူ ခဲ့တယ်။

သိဂီလဟာ သေလွန်ပြီး နောက် နတ်ရွာသုဂတိသို့ ရောက်ရ တယ် သားရေ။ မိဘတွေရဲ့ မေတ္တာ စေတနာဟာ လက်ရှိဘဝအတွင်းမှာ တင်မက အနာဂတ်ဘဝတိုင် အမြော် အမြင်ကြီးမားကြောင်း သား သိခဲ့ရပါပြီ အဖေ။

သိဂီလရဲ့ဖခင်သာ မဟုတ်။ မိဖတိုင်း သားသမီးများကို ခွဲခွာသွားကြ သော်လည်း သားသမီးများအပေါ် ချစ် မြတ်နိုးခြင်း အားမရနိုင်၊ မလွှဲသာ မရောင် သာ သားသမီးနောင်ကြိုးကို မြတ် တောက်ကြရတယ်။ အဲဒါ အမိအစရဲ့ မေတ္တာစေတနာပဲ။

အဖေဟာ သားတွေ သမီး တွေ လိမ္မာရေးခြားရှိလာအောင်၊ ထူ တစ်လုံး သူတစ်လုံးဖြစ်လာအောင်၊ ပညာတတ်ကြီးဖြစ်လာအောင် နောင် ကြီးမှ လွတ်မြောက်အောင် ဘဝသံသရာ တစ်လွှားမှာ လူစွမ်းကောင်းကြီး ဖြစ် လာအောင် သူတော်ကောင်းတရားနဲ့ ပျော်မွေ့လမ်းဆောင် ညွှန်ပြပေးခဲ့သူ ကြောင့် စာပေကလောင်ရှင်မို့ သား အားရဝမ်းသာ ကြည်နူးမဆုံးပါပဲ အဖေ ရယ်။

အဝေးရောက် အဖေရဲ့ သား ကြီး။

ဆောင်းဟေမာန်
(မြတ်ကြေးမုံ)

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်မြောက်

www.burmeseclassic.com

www.burmeseclassic.com

(၁)

တစ်နေ့သဘ္ဓ ကျွန်ုပ်သည် "မင်တိုမင်ရှင်" ဟိုတယ်၌ ဟင်နန်နစီ နှစ်ပက်နှင့်အတူ ညစာစားသုံးလျက်ရှိနေစဉ် ကျွန်ုပ်၏မိတ်ဆွေ ရောဘတ် ထွန်းအောင် ရောက်ရှိ၍လာကာ ...

"အိုင်ဆေးရေ ... ခင်ဗျား အတွက် အလုပ်ကောင်းဗျ။ ဒီအလုပ်က ခင်ဗျားနဲ့ အသင့်တော်ဆုံးပဲဗျာ။ ကျုပ် ခင်ဗျားအိမ်တောင် ရောက်ခဲ့သေးတယ်။ ရော့ဗျာ ဟောဒီသတင်းစာမှာပါတဲ့ ကြော်ငြာကို ဖတ်ကြည့်ဗျာ"

ဟု ပြောလိုက်ရင်း ကျွန်ုပ်လက်ထဲသို့ ဟံသာဝတီသတင်းစာကို လှမ်းထည့်လိုက်လေသည်။ ထိုအခါ ကျွန်ုပ်က-

"ဘာများလဲ ရောဘတ်ရဲ့"

"ဖတ်သာကြည့်ပေတော့ဗျာ"

ထို့ကြောင့် ကျွန်ုပ်သည် သူထောက်ပြလိုက်သည့် သတင်းစာပါ ကြော်ငြာအား ဖတ်ကြည့်လိုက်ရလေတော့သည်။

"အလိုရှိသည်"

ဒေါက်တာဘွဲ့ရရှိထားသည့် ရက္ခဗေဒပညာရှင်တစ်ဦး အလိုရှိပါသည်။ လစာငွေမှာ လုံလောက်ကောင်းမွန်သည်။ ခရီးသွားလာနိုင်သူ စွန့်စားရာဖွေသုတေသနပြုလိုသူအား ဦးစားပေးရွေးချယ်မည်။

စိတ်ပါဝင်စားသူ များးလာရောက်တွေ့ဆုံ ဆွေးနွေးနိုင်ပါသည်။

ဒေါက်တာမြမင်း
ရက္ခဗေဒပါရဂူဘွဲ့ရ
စထရင်းဟိုတယ်
၇နှင့်၈ခန်းပြီး

ဘယ်နယ့်လဲ အိုင်ဆေးရေ ခင်ဗျားနဲ့ကိုက်ညီတယ် မဟုတ်လားဗျ။

ကျွန်ုပ်က ကပိုတန်စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာရှိုက်လိုက်၏။

ပြီးမှ ...

"အင်း ဆိုးပါတယ်ဗျာ ... ကျုပ်လဲ မိန်းမကသေး၊ လက်ရှိအလုပ်ကပြုတ်နဲ့ဆိုတော့ စိတ်လေလွင့်နေတဲ့အချိန်ဆိုတော့ကာ "

"ဒါဆိုလည်း သွားတွေ့လိုက်လေဗျာ"

"ဒီကပြီးတာနဲ့ ကျုပ်သွားလိုက်ပါ့မယ်ဗျာ ... သိုင်းကျူးဗျာ ရောဘတ်"

"ဟော်လူ ဒါတွေမလိုပါဘူးဗျာ။ ကဲ ... ကျုပ်လဲ ကလပ်ကိုလစ်လိုက်ဦးမယ်ဗျာ"

"ဟုတ်ပြီဗျာ"

ကျွန်ုပ်သည် စားသောက်ခြင်းကို လက်စသပ်လိုက်ပြီးလျှင် ကမ်းနားလမ်းတွင် တည်ရှိသည့် စထရင်းဟိုတယ်သို့ လျှောက်လာခဲ့လေတော့သည်။

(၂)

ဒေါက်တာမြမင်းမှာ အသက်အရွယ် ငါးဆယ်ခန့်ရှိကာ လွန်စွာဉာဏ်ရှိကောင်းလှသူဖြစ်ပေသည်။ သူသည်သက္ကလပ်ဘောင်ဘီရည် ဂါဝန်ညွှေးအောင်နှင့် ဟာဃေးရွှမ်အကျီအဖြူ ထက်တိုကို စောင်ဆင်ခြေထားသည်။ သူတစ်ယောက်ထွေထွေ သောအခြင်းအရာဖြင့် ...

"အလုပ်လာလျှောက်တာထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ကဲ့ ဒေါက်တာ။ ကျုပ် ဒေါက်တာမျိုးမင်းပါ ရက္ခဗေဒဌာနမှာ ပါမောက္ခအဖြစ် ထမ်းဆောင်ခဲ့ဘူးပါတယ်။

သူသည် ကျွန်ုပ်အားအကဲ ခတ်သလိုဖြင့် တစ်ချက်ဝေ့၍ ကြည့်လိုက်ရာက ...

"ဟုတ်ပြီ ... အရည်အချင်းကတော့ ပြည့်ဝပါပြီဗျာ။ ဒါနဲ့ ဒေါက်တာမြန်မာနိုင်ငံ တစ်ဝှမ်းလုံးမှာရှိတဲ့ သစ်ပင်တွေအကြောင်းကို တော်တော်နှံ့နှံ့စပ်စပ်ကော သိရဲ့လားဗျ"

"လုံလုံလောက်လောက် သုသေတနပြုခဲ့ဖူးပါတယ် ခင်ဗျာ။ လိုအပ်ရင် အထောက်အထားတွေ ပြဖို့လဲအဆင်သင့်ရှိပါတယ်။"

"နိုး ... နိုး ... ဒေါက်တာ ကျုပ်ကြည့်ဖို့ လိုမယ်မထင်ပါဘူး။ ဒေါက်တာရဲ့ သက္ခာတရားကို ကျုပ်ယုံကြည်ပြီးသားပါ။ သဒ္ဓါနီကာယ် ရူပနိကယ် လို့ရှိထားလေတော့"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ကျုပ်မှာ ရက္ခဗေဒဥယျာဉ်ကြီး တစ်ခုရှိတယ်ဗျ။ အမျိုးမျိုးအဖုံဖုံတွေ ကျုပ်စမ်းသပ် သုတေသနပြုနေခဲ့တာဗျ ဒေါက်တာရဲ့"

"ဟုတ်ကဲ့"

ကျွန်ုပ်က သူပြောသမျှတွေအား အသာတကြည် နားထောင်နေလိုက်၏။ ဘာမျှတော့ပြန်မပြော။ ဒေါက်တာမြမင်းကဆက်၍...

"ခင်ဗျားက ကျုပ်ရဲ့သုတေသနလုပ်ငန်းတွေမှာ ဝင်ပြီးအကူအညီပေးရမှာပဲဗျ"

"ဒါဆို ကျုပ်ကိုရွေးလိုက်ပြီပေါ့"

"မှန်ပါတယ် ဒေါက်တာမျိုးမင်း"

"ကျုပ်လိုချင်တဲ့ အရည်အသွေးတွေ ခင်ဗျားမှာရှိနေမှန်း ကျုပ်သိတယ်ဗျာ။ ဒါကြောင့်ပါ... အဲဒီတော့ခင်ဗျား ကျုပ်ရှိနေတဲ့နေရာကို ကမ်းမင်းန်ဆန်းဒေးမှာ လိုက်လာခဲ့ပေတော့ဗျာ။ ကျုပ်လူတွေကိုကြိုဆိုဖို့ လွှတ်ထားလိုက်ပါ့မယ်"

"ဘယ်ကိုလာခဲ့ရမှာလဲ ခင်ဗျ"

"မြိတ်"

"သြော် ... ဟုတ်ကဲ့"

"အဲဒီမှာ ကျုပ်လူတစ်ယောက်မော်တော်ဘုတ်နီနီလေးနဲ့ ဆိပ်ကမ်းမှာစောင့်နေလိမ့်မယ်ဗျာ။ ခင်ဗျားရောက်လာမှာပေါ့။ ဒါဆိုရင် ကျုပ်ရှိတဲ့ ကျွန်းလေးကို ခင်ဗျားရောက်လာမှာပေါ့ဗျာ။ မှတ်မိတယ်နော် ဒေါက်တာ"

"ဟုတ်ကဲ့ ဒေါက်တာမြမင်း"

"ကျုပ်ခင်ဗျားကို လစာတစ်ထောင်တိတိပေးပါ့မယ်... ရော့ ဟောဒီမှာ ငါးရာကြိုယူထားနှင့် ပြီးလိုအပ်တာတွေဝယ်ပေါ့ဗျာ"

"ကောင်းပါပြီ ဒေါက်တာ။ ဒါဆိုကျုပ်ကို ခွင့်ပြုပါဦးခင်ဗျ"

"ကောင်းပါပြီဗျား"

ကျွန်ုပ်သည် စထရင်းဟိုတယ်ထဲမှ သွက်လက်သောခြေလှမ်းများဖြင့် ထွက်လာခဲ့တော့သည်။ ကျွန်ုပ်၏ဘဝတစ်သက်လာခဲ့တော့တွင် လျှောက်ခဲ့သည့် အလုပ်များထဲတွင် ယခုအလုပ်လောက်အလွယ်တကူ ရရှိခဲ့ခြင်းမရှိခဲ့ပါချေ။ ယခုတော့ ဒေါက်တာမြမင်းဆိုသော

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ကြီးက ကျွန်ုပ်အား အလွယ်တကူ ပင် လစာကောင်းသည့် အလုပ်တစ်ခုကို ပေးအပ်ခဲ့ပြီ မဟုတ်ပါလား။

ကျွန်ုပ်၏ ကုသိုလ်ကံတွေ ကောင်းလို့ နေလေသလား။

(၃)

မော်တော်ဘုတ် နီနီရဲရဲလေး သည်ပင်လယ်ပြင်ထက်မှ ရေလိုင်းများကို ထိုးခွဲကာ တရိပ်ရိပ်ဖြင့် ပြေးလွှားလျက်ရှိ နေလေ၏။ ကျွန်ုပ်၏ မျက်နှာအားလုံး ဆက်အေးမြသော လေများက တဟူးဟူး ဖြင့် တိုးလျက်ရှိလေသည်။ ကျွန်ုပ်ဆီပင် တွေမှာလေတွင် တလွင့်လွင့်နှင့်။

ကျွန်ုပ်ကို ခေါ်ဆောင်လာသည့် မော်တော်ဘုတ် မောင်းနှင်လာသူမှာ အသက်သုံးဆယ်ခန့်ရှိကာ မျက်နှာတစ်ခုလုံး အမာရွတ်တွေ ဗလပွနှင့်ဖြစ်၏။ သူ၏ရုပ်သွင်မှာ ကြမ်းတမ်းခက်ထန်လွန်းထုပေသည်။ သူသည်အပိုစကားတွေ မပြောဘဲ ငြိမ်သက်လျက်ရှိ၏။ ကျွန်ုပ်က-

"ကျွန်းကို ဘယ်တော့လောက် မှ ရောက်မှာလဲဗျ ဗိတ်ဆွေ"

"ရေခိုင် လေးဆယ်လောက် ကွာလှမ်းတော့ ညနေစောင်းလောက်ဆို ရင် ရောက်နိုင်ပါတယ်"

"ဩော်"

ကျွန်ုပ်ဆက်၍ မမေးတော့ဘဲ ပင်လယ်ပြင်ကြီးကို ငေးမောကြည့်ကာ လိုက်လာခဲ့တော့သည်။ သို့နှင့် အချိန်သုံး နာရီခန့် ကြာမြင့်ခဲ့သည်တွင် ရုတ်ဆိတ်တွင် ညီညီညွတ်ညွတ်နှင့် ကျွန်းငယ်လေး တစ်ခုကို လှမ်းမြင်တွေ့လိုက်ရသည်။ သူက ...

"ရောက်တော့မယ်ဗျာ။ ဟောဟိုက မြင်နေရတဲ့ ကျွန်းလေးပဲ"

"အတော်သာယာတာပါလားဗျာ"

သူ့စကားပြန်မပြောတော့ဘဲ ဆယ်မိနစ်ခန့် အကြာတွင် ကျွန်းကလေးသို့ ဆိုက်ရောက်လာခဲ့တော့သည်။ ကျွန်ုပ်က ခရီးဆောင်အိတ်ကြီးကိုလွယ်ကာဆင်းလိုက်သည်။

ကျွန်းပေါ်တွင် တိုက်တာ အဆောက်အဦးများ ဆောက်လုပ်ထား သည်ကိုလှမ်းမြင်ရ၏။ ဒေါက်တာမြမင်း၏ ဂေဟာပင်ဖြစ်ပေသည်။ ထိုသူကရော့မှ ဦးဆောင်ကာ ကျွန်ုပ်အားခေါ်ခဲ့သွားသည်။ ကျွန်းကလေးပေါ်ဝယ် ကျောက်ဆောင်များ သဲဆူးကြိုးများ အခိုင်အမာကာရံထား သည့် အဆောက်အဦးများရှေ့သို့ ရောက်ရှိလာကြသည်။ အလွန်ပင်မြင့်မားလှသော သံတံခါးကြီးကို ပိတ်ချိတ်ထား၏။ လူသူ အရောက်အပေါက် နည်းပါးလှသော သည်လိုနေရာမျိုးမှာ အဘယ်ကြောင့် သည်လောက်ကြီး လုံလုံခြုံခြုံ လုပ်ဆောင် ထားသလဲဆိုတာကို ကျွန်ုပ်စဉ်းစားလို့ မရပါခြေ။

"တံခါးဖွင့်စမ်းပေ့ ဗလကြီး။ ဒီမှာ ဒေါက်တာမြမင်းကြိုခိုင်းတဲ့ ပုဂ္ဂိုလ် ပါလာပြီ"

ကျွန်ုပ်အား ခေါ်ဆောင်လာ သည့် သူက လှမ်းအော်ပြုလိုက်သည်တွင် တံခါးကြီး ဖွင့်ခံလိုက်သွားသည်။ တံခါးနံဘေး တွင် အလွန်ထွားကြိုင်းလှသည့် လူတစ် ယောက် မားမားကြီးရပ်ကာ ကျွန်ုပ်အား

www.burmeseclassic.com

www.burmeseclassic.com

စိမ်းစိမ်းကြီး ကြည့်ရှုနေလေသည်။ ကျွန်ုပ်အနည်းငယ် ထိတ်ရွံ့သွားမိရသည်။ ကျွန်ုပ်တို့ မြေနီလမ်းလေးအတိုင်း နှစ်ထပ်တိုက်ကြီးရှိရာသို့ လျှောက်လာခဲ့သည်တွင် ဘေးနှစ်ဖက်တွင် သစ်ပင်များကို ကျွန်ုပ်လှမ်းမြင်တွေ့ရ၏။ သစ်ပင်များမှာ ပုံစံအမျိုးမျိုးနှင့် ရှိကြ၏။ ကျွန်ုပ်မြင်တွေ့ဖူးသည့် အပင်တွေနှင့်မတူ။ သစ်ပင်များ၏ အရောင်အသွေးတွေက အမျိုးမျိုး တချို့က ဖြူလျော်လျော်၊ တချို့က သွေးကဲ့သို့ နီရဲရဲ၊ တချို့က နက်ပြောင်ပြောင်။ သစ်ပင်တို့မှထွက်လာသည့်အနွယ်များက သက်ရှိသတ္တဝါတစ်ကောင်လို လူးလွန့်လွန့်နှင့်ရှိလေရာ အသည်းယားဖွယ်ရာကောင်းနေလေ၏။ ထိုသစ်ပင်များကို ကျော်လွန်ပြီးသည်တွင် နှစ်ထပ်အဆောက်အဦကြီးရှေ့သို့ ရောက်ရှိလာ၏။ ကျွန်ုပ်တို့ ရောက်သည်နှင့် သံဘာဂျာတံခါးပေါက် ပွင့်ရှသွားသည်။ ပုပုလုံးလုံး လူတစ်ယောက်က ဖွင့်ပေးလိုက်ခြင်းဖြစ်၏။ ဒီမှာရှိသည့်လူများမှာ သာမန်လူနှင့် မတူဘဲ တစ်ဖုံထူးခြားနေကြသည်ကို ကျွန်ုပ် သတိထားမိလိုက်သည်။ ကြည့်ရသည်မှာ တစ်စုံတစ်ရာကိုကြောက်ရွံ့နေကြပုံမျိုး ရှိ၏။ အသွင်သဏ္ဌာန်တွေကလည်း အေးတိအေးစက်။ ပြုံးခြင်းရယ်ခြင်းတွေ မရှိကြ။

အတော်ပင် ကျယ်လှသော အောက်ထပ်ကို ဖြတ်လျှောက်လာခဲ့ကြပြီး လှလှပပ ပြင်ဆင်ထားသော ဧည့်ခန်းတစ်ခုထဲသို့ ရောက်လာသည်။

"ဒီမှာစောင့်နေပါ။ ကျုပ် ... ဆရာကြီးကို သွားသတင်းပို့လိုက်ပါ့မယ်"

"ကောင်းပါပြီ"

မျက်နှာအမာရွတ်နှင့် လူ ကျွန်ုပ်ကိုထားခဲ့ကာ ထွက်ရှသွား၏။ ကျွန်ုပ် ဧည့်ခန်းရှိ ကြိုးကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး ကျယ်ဝန်လှသည့်အခန်းကို ငေ့ဝှကြည့်မိလိုက်၏။

"ဟင် ..."

စားပွဲပေါ်တွင် အလှသဘော တင်ထားသည့် ကြွေပန်းအိုးထဲမှ နှစ်ပေခန့်မြင့်သည့်အပင်လေးကို ကြည့်ကာ ကျွန်ုပ် အံ့အားသင့်သွားခြင်းဖြစ်၏။ ထို အပင်ကလေး၏ အရွက်များမှာ လူတစ်ယောက်၏ မျက်လုံးသဏ္ဌာန်ရှိကာ ပူးကပ်လိုက် ခွာသွားလိုက်ဖြင့် မှော်ချည်ဖွင့်ချည်။ ထိုစဉ်မှာပင် ...

"ဘယ်နယ့်လဲ မိတ်ဆွေကြီးရဲ့ သိပ်အံ့သြနေလား။ အဲဒီအပင်က ကျုပ်စမ်းသပ်သုတေသနလုပ်ထားတဲ့ "ယက္ခမျက်လုံး" ဆိုတဲ့ အပင်ဗျ။ ဒီအပင်က သူမြင်တွေ့သမျှတွေကို ပြောပြနိုင်တယ်လေ"

"ဗျာ ..."

ဒေါက်တာမြတ်မင်းမှာ ရှေ့ကိုင်းမျက်မှန်လေးကို တပ်ကာဖြင့် ရောက်လာပြီး ပြောလိုက်ခြင်းပင်။

"အဆန်းပါလား ဒေါက်တာရဲ့"

"နောက် ... ဒီထက်ဆန်းပြားတာတွေ တွေ့ကြုံရဦးမှာဗျ။ ကဲပါလေ ထားပါတော့။ ခင်ဗျားလည်း ပင်ပန်းလာတယ်ဆိုတော့ စားရင်းသောက်ရင်း စကားပြောကြတာပေါ့ဗျာ။ ကြွပါ ... ဒေါက်တာမျိုးမင်း။ ကျုပ်တို့ ထမင်းစား ခန်းကို သွားကြတာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ခင်ဗျ"

ကျွန်ုပ် သူ့နောက်မှလိုက်လာခဲ့ရသည်။ သူ၏ထမင်းစားခန်းထဲတွင် ထိုင်ဝိုကြသည်တွင် သူ၏ မဟော်ဂနီရောင် ဘဲဥပုံစားပွဲဝိုင်းကြီးပေါ်တွင်တင်ထားသည့် ဆင်စွယ်နှစ်ခုတွင်တပ်ဆင်ထားသော ငွေမောင်းလေးအား တီးခတ်လိုက်လေသည်။

ကျွန်ုပ် မြင်တွေ့ရသမျှ အထူးအဆန်းတွေချည်းပင်။ ကျွန်ုပ်မှာ သီးခြားကမ္ဘာလေးတစ်ခုသို့ ရောက်နေသည်လားမသိ။ မြင်ရ၊ တွေ့ရ၊ ကြားရတာတွေက ကျွန်ုပ်အတွက် ပဟေဠိတစ်ပုဒ် တစ်ခုနယ်ပင်။

ဒေါက်တာမြမင်း တီးခတ်လိုက်သော ငွေမောင်သံကြောင့်ဖြစ်မည်ထင်သည်။ ထမင်းစားခန်းထဲသို့ မိန်းကလေးတစ်ဦး ဝင်ရောက်လာ၏။ ကျွန်ုပ် ဖျတ်ခနဲ လှမ်း၍အကြည့်လိုက်တွင် သူမကလည်း အကြည့်လိုက်နှင့် ဆုံဆည်း၍သွားကြ၏။ မိန်းကလေးမှာ မျက်နှာအလှရော ကိုယ်လုံးအလှပါရှိသူလေး ဖြစ်၏။ အသားအရောကလည်း ဝင်းဝါနုအိ၍နေလေသည်။ သူမက နိုင်လွန်အကျိုး အဝါရောင်လက်ပြတ်နှင့် ဘရိုကိတ်ညှပ်ရင့်ရင့် အရောင်ခလေးကို ဝတ်ဆင်၍ထားသည်။ သူမ ရောက်လာသည်တွင် ဒေါက်တာမြမင်းက ...

"မသူဇာ ဟောဒါက ကျုပ်တို့နဲ့ အတူနေမယ့် ဒေါက်တာမျိုးမင်းတဲ့"

"ဟုတ်ကဲ့ရှင့် ဆရာကြီး"

သူမက မျက်ဝန်းကျယ်ကြီးများထဲမှ ရွှန်းလဲ့သောမျက်လုံးများဖြင့် ကျွန်ုပ်အား ကြည့်လိုက်လေသည်။ ကျွန်ုပ်၏ စိတ်ထဲဝယ် သည်လိုချောမောလှပသည့် မိန်းမပျိုလေးတစ်ယောက်က အဘယ်ကြောင့် သည်လိုနေရာမျိုးတွင် ရောက်နေရသလဲဆိုတာကို စဉ်းစားနေမိလေသည်။

"မသူဇာ၊ ကျုပ်တို့စားသောက်ဖို့ ပြင်ဆင်ပါ"

"ဟုတ်ကဲ့ ဆရာကြီး"

သူမသည် စားစရာများကို ပြင်ဆင်လျက်ရှိရာမှ ကျုပ်အား တစ်စုံတစ်ရာ ပြောချင်နေဟန်မျိုး လှမ်းလှမ်းကြည့်နေသည်ကို ကျွန်ုပ် သတိပြုမိလိုက်၏။ သို့ရာတွင် ဒေါက်တာမြမင်း၏ရှေ့မှောက်တွင်ဖြစ်သောကြောင့် အခွင့်ကမသာပါချေ။ ကျွန်ုပ်တို့နှစ်ယောက် စားသောက်ပြီးကြသည်တွင် မသူဇာက သိမ်းဆည်းလျက်ရှိ၏။

"စာကြည့်ခန်းကို သွားကြမယ်ဗျာ"

"ဟုတ်ကဲ့ပါ"

အပေါ်ထပ်တွင်ရှိသော ဒေါက်တာမြမင်း၏ စာကြည့်ခန်းထဲသို့ ရောက်လာခဲ့ကြ၏။ စာကြည့်ခန်းထဲဝယ် ဆေးပညာစာအုပ်များ၊ ရုက္ခဗေဒဆိုင်ရာစာအုပ်များကို မတ်တပ်ဗီဒိုကြီးများထဲတွင် လှမ်းမြင်တွေ့ရ၏။ သူသည် ဆေးတံကို မီးညှိ၍ဖွာလိုက်ပြီးနောက် ..

"ဒေါက်တာမျိုးမင်း"

"ခင်ဗျာ ..."

"ဘယ်နယ်လဲ ခင်ဗျားအတွက် ပဟေဠိတွေချည်း ဖြစ်မနေဘူးလား။ အင်းဆိပ်လေ နောက်တော့လည်း ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com

ရေလည်သွားမှာပေါ့။ ကဲဗျာ ... ဒီနေ့တော့ ဒီလောက်နဲ့တော်ကြစို့ရဲ့။ အပေါ်ထပ်မှာ ခင်ဗျားအတွက် အခန်းစီစဉ်ထားတယ်ဗျာ။ မောင်လည်း မောင်ပြီ။ မနက်မှတွေ့ကြတာပေါ့"

"ကောင်းပါပြီ ခင်ဗျာ"

ထို့နောက်တော့ ကျွန်ုပ်သည် အဆောက်အဦကြီးအပေါ်ထပ်ရှိ ကျွန်ုပ်၏ အခန်းကျယ်ကြီးထဲသို့ ရောက်ရှိလာခဲ့ရပါတော့သတည်း။

(၄)

စိတ်မောလူမောဖြင့် ကျွန်ုပ် အိပ်ပျော်၍သွားခဲ့လေသည်ကြောင့် နောက်နေ့မနက် ရှစ်နာရီထိုးတော့မှပင် နိုးလာလေတော့သည်။ ကျွန်ုပ် အိပ်ရာမှ ထကာ ကိုယ်လက်သန့်စင်လိုက်ပြီး နောက် အခန်းအပြင်သို့ထွက်ရန် တံခါးကို ဆွဲဖွင့်၍ထွက်လိုက်၏။ သို့ပေမယ့် တံခါးက မဖွင့်။ ထိုစဉ် အခန်းဆီသို့ လျှောက်လာသံကြားရပြီးနောက် ...

"သော့ခတ်ထားတာရှင့်"

ဟူသော ချိုမြသောအသံနှင့် အတူ ကျော့ရှင်းလှပသော မသူဇာ ရောက်ရှိလာလေသည်။ သူမ၏ လက်တစ်ဖက်ပေါ်ဝယ် စားစရာများတင်ထားသည့် ငွေလင်ဗန်းလေးကို ယူဆောင်၍ လာသည်။ သူမက သော့ဖွင့်လိုက်ပြီး အခန်းတွင်းသို့ ဝင်ရောက်လာသည်။

"ဒေါက်တာလည်း ကျွန်မတို့လို ရက္ခဂေဟာရဲ့အကျင့်သား ဖြစ်သွားပြီလေ"

"ဗျာ ..."

"အံ့သြသွားလား ဒေါက်တာ၊ နောက်မှ ကျွန်မပြောပြမယ်။ အဆောပြေစားလိုက်ပါဦးရှင့်"

ငွေလင်ဗန်းလေးပေါ်ဝယ် ကော်ဖီတစ်ခွက်နှင့် ကိတ်မုန့်ချပ်များကို ယူဆောင်လာခြင်းဖြစ်၏။ ကျွန်ုပ်က ယူ၍ စားသောက်ငါက်ကာ ...

"ကျေးဇူးတင်ပါတယ် မသူဇာ၊ ခါနဲ့ မသူဇာက ဒီကိုတာလို့ရောက်နေတာလဲ"

"ပြောပါ့မယ် ဒေါက်တာ၊ တကယ်တော့ သူ ကျွန်မကို ညာပြီးခေါ်လာခဲ့တာရှင့်"

"ဘယ်လို မသူဇာ"

ကျွန်ုပ် သူမအား စူးစိုက်၍ ကြည့်မိလိုက်သည်။ သူမ၏မျက်နှာလေးမှာ အနည်းငယ်နွမ်းလျနေသလိုလို။

"ကျွန်မက အငြိမ့်မင်းသမီးလုပ်သူတေပါ။ အဲဒါ သူက ကျွန်မကို ရုပ်ရှင်မင်းသမီးတင်မယ်၊ ကားရိုက်မယ်ပြောပြီး ဒီကိုလိမ်ခေါ်လာခဲ့တာပဲ။ ကျွန်မ၊ ရောက်နေတာ တစ်လကျော်လောက်ရှိပြီရှင့်။ တကယ်တော့ သူဟာ တော်တော်ကြောက်စရာကောင်းတဲ့လူပဲ အစ်ကိုရယ်...

"ပြောပါဦး မသူဇာ"

"ဒီ...ဒေါက်တာ မြမင်းဆိုတဲ့ သူဟာ ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့သူပဲ.. ပန်းပင်တွေရဲ့ ပင်ကိုယ်အလှတွေကို ဖျက်ဆီးပစ်နေသလိုမျိုး သူဆီရောက်လာတဲ့ သူတွေကိုလည်း တစ်နည်းနည်းနဲ့ ရုပ်ဖျက်ပစ်တယ်။ သူက သမျှးတကာလုပနေတာကို မကျစိမ့်တဲ့လူလေ။ ရှင့်တို့ ကျွန်မတို့ကိုလဲ သူ တစ်နေ့မှာ ရုပ်ဖျက်

www.burmeseclassic.com

www.burmeseclassic.com

အစ်ကို့ကို ရန်ရှာလိမ့်မယ် ထင်တယ်"

"မပူပါနဲ့ သူဇာရယ်။ သူလည်း လက်နှစ်ဖက်နဲ့ ကျွမ်းလည်း လက်နှစ်ဖက်နဲ့ပါ။ လာမယ့်ဘေး ပြေးတွေ့လိုက်တာ အကောင်းဆုံးပေါ့။ သွားမယ် သူဇာနော်"

"ဟုတ်ကဲ့ ... အစ်ကို"

မသူဇာ ငေးမောလျက်သား ဖြင့်ကျန်ရစ်ခဲ့သည်။ ကျွန်ုပ်က ဒေါက်တာမြမင်း ထွက်သွားရာနောက်သို့ အမောတကော ပြေးလိုက်လာခဲ့ရတော့သည်။

ရှေ့တွင် ...

(၅)

"လာ ... ဒေါက်တာ၊ ကျွမ်းစမ်းသပ်ထားတာတွေ ကြည့်စမ်းပါဦးဗျ။ ဟိုမှာ ... တွေ့လား ဟိုအပင်လေး ဖြစ်နေပုံက နွားဦးခေါင်းဦးကြီးနဲ့ မတူဘူးလားဗျ။ ဟောဟိုကတော့ လူတစ်ယောက်ရဲ့ အဲ ... ဝိန်းမပျိုလေးတစ်ယောက်ရဲ့ မျက်နှာပေးလေဗျာ။ ဘယ်နယ်လဲ တွေ့တယ်မဟုတ်လား။ ဒီအပင်ကဲတော့

အစ်ကို စီစဉ်မှာပါ။ တိတ်တော့နော်"

သူမသည် ကျွန်ုပ်၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်ရင်း ...

"သူဇာ အစ်ကို့ကို မြင်မြင်ချင်း အားကိုးမိပါတယ် အစ်ကို။ ပြီးတော့လဲ"

ထိုစဉ် အခန်းဝမှ ချောင်းဟန့်သံ ထွက်ပေါ်လာသည့်ကြောင့် ကျွန်ုပ်တို့ နှစ်ယောက်မှာ ဖျက်ခနဲ လူချင်းခွဲလိုက်ကြ၏။ ကပြာကယာဖြင့် ကျွန်ုပ်ကြည့်လိုက်တော့ သူ ... ဒေါက်တာ မြမင်းပါတည်း။ သူက မလွဲမသွေ ကျွန်ုပ်တို့နှစ်ယောက်၏ အဖြစ်အား မြင်တွေ့သွားမည် ဖြစ်သည်။

သူသည် ကျွန်ုပ်အား မချိမချဉ် မျက်နှာထားဖြင့် တစ်ချက်လှမ်း၍ ကြည့်လိုက်ရာက ...

"ကျွမ်းနဲ့လိုက်ခဲ့ပါ ဒေါက်တာမျိုးမင်း" ဟု ဆိုကာ လှည့်ထွက်သွားလေသည်။ မသူဇာက ကျွန်ုပ်အား စိုးရိမ်သောမျက်ဝန်းလေးများဖြင့် ကြည့်လိုက်ရင်း

"ဒီအရူးကြီး ကျွန်မတို့ နှစ်ယောက်ကို တွေ့သွားမှာပဲ အစ်ကို။ သူ

ပစ်မှာ အမှန်ပဲရှင့်"

"ဟာ ... မသူဇာရယ်၊ ဒီလောက်လဲ ကြောက်မနေစမ်းပါနဲ့ဗျာ၊ သူလုပ်ချင်သလို လုပ်လို့ရမတဲ့လား ဗျ ..."

"ကျွန်မတို့က သူ့လက်ခုပ်ထဲက ရေဖြစ်နေပြီလေ။ သွန်လိုသွန် မှောက်လိုမှောက် ခံရတော့မှာ"

အစ်ကို့ကို ခေါ်လာတဲ့ မျက်နှာ အမာရွတ်တွေနဲ့ လူတို့၊ ဗလကြီးတို့ လူပုလေးတို့က သူ့လူတွေ။ ပြီးတော့ တံခါးတွေကလဲ အထပ်ထပ် ကာရံထားတော့ လွတ်လမ်းမမြင်မိဘူး အစ်ကို။ ကျွန်မတို့တော့ ခုကွရောက်ပြီ အစ်ကိုရဲ့ ... ဟင့် ... အင့် ..."

မသူဇာပြောပြီး ငိုနေလေရာ ကျွန်ုပ်မှာ မနေသာတော့ဘဲ သူမ၏ ပြည့်ပြည့်တင်းတင်း ကျောပြင်လေးကို လက်ဖြင့် ပွတ်သပ်ပေးကာ နှစ်သိမ့်လိုက်ရသည်။

"အစ်ကိုတစ်ယောက်လုံး ရှိပါသေးတယ် မသူဇာ၊ တွေးပူမနေပါနဲ့ သူ့ထက်ထဲက လွတ်အောင် ရုန်းထွက်ကြဖို့

www.burmeseclassic.com

www.burmeseclassic.com

သစ်ခွနက်ဗျ။ ဒီအပင်ထဲမှာ ကျုပ် အဆိပ်ငွေ့တွေ ထည့်သွင်းထားတာ။ အပွင့်ကိုရှူလိုက်မိတာနဲ့ ကိစ္စချောသွားမှာပဲ။ ဟိုဘက်က ပန်းရံတွေက နွယ်ရှင်တွေလေဗျာ"

သူသည် စိတ်ပါလက်ပါဖြင့် ပြောနေသည်လား၊ ကျွန်ုပ်အား တိုက်စစ်ဆင် ခြောက်လှန့်နေသည်လား မသိ။ သူမျက်လုံးတွေက ဝင်းဝင်းတောက်လို့ နေလေသည်။ ဒေါသကို ချုပ်တီးထားရပုံမို့။ သူသည် မသူဇာနှင့်ပတ်သက်၍ သဝန်တိုနေဟန်ရှိသည်ဟု ကျွန်ုပ် ယူဆလိုက်၏။ သူ၏ပန်းခင်းကို ကြည့်ရ မြင်ရသည်မှာ ကျက်သရေကင်းမဲ့လွန်းလှပေ၏။ ကျွန်ုပ်က ...

"ဒေါက်တာ ဘာရည်ရွယ်ချက်နဲ့ အဲဒီအပင်တွေကို ပြုစုပျိုးထောင်စမ်းသပ်နေတာလဲဗျ"

"ဘာ ..."

သူ ဒေါသကြောင့် ပြူးပြူးပျာပျာ ဖြစ်၍သွား၏။ ပြီးမှ အိန္ဒြေဆောင်လိုက်ရာက ...

"ရည်ရွယ်ချက် ဟုတ်လား ဒေါက်တာ"

ကျွန်ုပ် အသာခေါင်းဆတ်၍ ပြလိုက်၏။ သူက ...

"ကျုပ်က ပါရဂူဘွဲ့ရထားတဲ့သူဗျ။ အလကားလျောက်လုပ်နေရအောင်က အရူးမှ မဟုတ်တာပဲဗျ။ ဟား ... ဟား ... ဟား ... ဟား ... ဒီအပင်တွေဖြစ်လာဖို့ အသက်နဲ့ရင်းပြီး စမ်းသပ်တီထွင်ခဲ့ရတာဗျ။ ခင်ဗျား သဘောပေါက်ရဲ့လား။ နွားဦးခေါင်းပုံဖြစ်လာအောင် တကယ့်နွားဦးခေါင်းကိုယူပြီး ဓာတ်သွင်းပေးခဲ့ရတာ။ မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာပုံ ဖြစ်ပေါ်လာရအောင်လည်း မိန်းကလေးတစ်ယောက်မျက်နှာနဲ့ အဲဒီအပင်လေးကို ဆက်နွယ်ပေးခဲ့ရတာလေ။ ခင်ဗျား ... ကျုပ်လူသုံးယောက်ကို တွေ့တယ်မဟုတ်ဘူး။ သူတို့တစ်တွေဟာ အရင်တုန်းက ခင်ဗျားတို့လို၊ မသူဇာတို့လို ချောချောလေးဗျ။ ကျုပ်ရဲ့ဘီလူးမုန်းဆိုတဲ့ အပင်ကဓာတ်တွေ သူတို့ထဲ သွင်းပေးခဲ့တာကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရတာ ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား"

သူသည် အရူးတစ်ယောက် နှယ် အော်ဟစ်ရယ်မောလျက် ရှိလေ၏။ ထို့နောက် ကျွန်ုပ်အား လက်ညှိုးငေါက်ငေါက်ထိုးကာ ...

"အခု ခင်ဗျားတို့အလှည့်ဗျ။ မသူဇာရော ... ခင်ဗျားကိုပါ ကျုပ် စမ်းသပ်သုတေသန ပြုရမယ်။ မသူဇာနဲ့ တူတဲ့ အပင်လေးတစ်ပင်ကို ကျုပ် ဖန်ဆင်းကြည့်မယ်ဗျာ အရင်ဆုံး။ ပြီးတော့မှ ခင်ဗျားအလှည့်။ ခင်ဗျားမျက်စိရှေ့မှာတင် မသူဇာကိုသတ်ပြီး ကျုပ် လုပ်ပြမယ်ဗျာ"

"ဟာ ... ဟော့လူ ခင်ဗျား အရူးပါလား"

"ဟား ... ဟား ... ဟား ... ဟား ... ပြောချင်သလိုသာ ပြောပေတော့ မိတ်ဆွေရေ ဟား ... ဟား ... ဟား ... ဟား"

ထိုသို့ရှိနေကြစဉ်မှာပင် ကျွန်ုပ်ကန်အော်ဟစ်သံများကို ကြားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com

သည်ကြောင့် ကျွန်ုပ် လှည့်ကြည့်လိုက်မိသည်။

"ဟင် --- သူ"

"အစ်ကို"

မသူဇာအား ဗလကြီးဟုခေါ်သော လူဘီလူးကြီးက ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်လာခြင်းပင်။ ဒေါက်တာမြမင်းက ကျွန်ုပ်တို့နှစ်ယောက်အား ကြည့်လိုက်ရာက ...

"အလွမ်းတွေသယ်နေလိုက်ကြတာဗျာ ... တကယ်ကို ရုပ်ရှင်တွေထဲက မင်းသား။ မင်းသမီးတွေအတိုင်းပဲလား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား"

"အရှုးကြီးလွှတ် ... ကျွန်မကို အခုလွှတ်ပေး။ မင်းသမီးတင်ပေးမယ်ဆိုပြီး လိမ်ညာခေါ်ခဲ့တဲ့ အရှုးကြီး ထွီ"

"ပြောစမ်းပါ မသူဇာရယ် ... အားရအောင် ပြောလိုက်စမ်းပါ။ မင်းငဲ့အကြောင်းကို အခုသိရတော့မှာပါ"

ဒေါက်တာမြမင်းသည် သူ၏ ကုတ်အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကို

ညွှန်ပြရာသို့ကြည့်လိုက်တော့ အမာရွတ်တွေနှင့် လူကြီးရော လူပု [illegible]

"အင့်"

"ဒိုင်း"

"အား"

နှစ်ယောက်သား ကျွန်ုပ်၏ လက်ချက်ဖြင့် ပုံလျက်သား လဲကျသွားကြသည်။ ဒေါက်တာမြမင်း နွယ်ရှင်ပင် တွေရှိရာဘက်သို့ လှစ်ခနဲ ထွက်ပြေးသွား၏။ မသူဇာက ကျွန်ုပ်၏လက်မောင်းတစ်ဖက်အား ဆုပ်ကိုင်ကာ ...

"သတိထားနော် အစ်ကို၊ ဒီလူကြီးက သိပ်ဉာဏ်နီ ဉာဏ်နက်များတာ"

ဟု လှမ်းသတိပေးလိုက်လေသည်။ ဒေါက်တာမြမင်းက နွယ်ရှင်ပင် တစ်ပင်အား ကျွန်ုပ်တို့ထံသို့ လှမ်းပစ်လိုက်ရင်း ...

"ရော့ ... မင်းတို့နှစ်ယောက် အတွက် သေမင်း"

"အား ... "

"အင့် ..."

ကျွန်ုပ်က အရေးကြုံလာပြီဖြစ်သောကြောင့် သူ မောင်းခလုတ်ကို ဖြုတ်မည်အလုပ်တွင် လေထဲတွင်ခုန်ပျံကာ သေနတ်ကိုင်လက်အား လှမ်းကန်လိုက်ခြင်းဖြစ်သည်။ လေထဲတွင် မြောက်တက်သွားသည့် သေနတ်အား ကျွန်ုပ် အမိအရ ရယူကာ မသူဇာအား ဖမ်းချုပ်ထားသည့် လူဘီလူးကြီးအား ထိုးချိန်၍ ပစ်လိုက်သည်။

"ဒိုင်း ..."

"အင့် ..."

"အူး ..."

ဗလကြီး နောက်သို့ လန်လဲကျသွားသည်။ မသူဇာ ကျွန်ုပ်၏အနားသို့ ရောက်ရှိလာ၏။

"အစ်ကို ဟိုမှာ ... ဟိုမှာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ..."

"ဟင် ..."

နွယ်ရှင်ပင်က ရုတ်တရက် ကျွန်ုပ်တို့နှစ်ယောက်အား ရစ်ပတ်လိုက်၏။

တစ်စထက်တစ်စ ညစ်အားက တင်း၍တင်း၍ လာသည်။

"လုပ်ပါဦး အစ်ကိုရဲ့"

မသူဇာအသံကြားရမှ ကျွန်ုပ် သတိတစ်ချက်ဝင်၍သွားကာ လိုရမယ်ရ ယူလာခဲ့သော ဘောင်းဘီအိတ်ထဲမှ ဓားမြောင်လေးကိုထုတ်ယူကာ နွယ်များ အား ဖြတ်တောက်ပစ်လိုက်လေသည်။ နွယ်ရှင်များထံမှ ငြီးသံလိုလို ထွက်ပေါ်၍လာကာ သွေးများပန်း၍ထွက်လာကြ သည်ကို ထူးထူးဆန်းဆန်း တွေ့မြင်လိုက် ကြသည်။

"မယုံနိုင်စရာပါပဲလား အစ်ကို ရယ်။ အသည်းထိတ်စရာကောင်းလိုက် တာ"

မသူဇာက ငြီးငြီးငြူငြူလေး ပြောလိုက်ခြင်းဖြစ်၏။

ကျွန်ုပ်က ကျွန်ုပ်တို့အား တအံ့တသြ ပြူးကြောင်ကာကြည့်လျက် ရှိသည့် ဒေါက်တာမြမင်းအား ...

"ကိုယ်တတ်တဲ့ပညာနဲ့ ပြည် သူလူထုအကျိုးကို မသယ်ပိုးဘဲ ဒုက္ခ တွေပေးနေတဲ့ ပညာတတ်အရူးကြီး ခင်ဗျားသေပေတော့"

သူ ကြောက်လန့်တကြားဖြင့် လက်တားလိုက်သော်လည်း ကျွန်ုပ်က မောင်းခလုတ်ကို နှစ်ချက်ဆင့်၍ ဆွဲချ လိုက်သည်။

"ဒိုင်း"

"ဒိုင်း"

"အား"

သူသည် ကိုယ်တစ်ပတ်လည် ကာ နွယ်ရှင်ရုံများထဲသို့ ထိုးကျသွား လေသည်။ နွယ်ရှင်များက သူ့အား ဒလစပ် ရစ်ပတ်လိုက်ကြသည်ကြောင့် သွေးတွေ မြင်မကောင်းလောက်အောင် ထွက်၍လာကြကာ ဒေါက်တာမြမင်း၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ တစ်ခဏချင်း အတွင်းမှာ ပျောက်ကွယ်၍သွားလေတော့ သည်။

ကျွန်ုပ်က မသူဇာ၏အေးစက် နေသော လက်တစ်ဖက်အား ဒွဲကိုင် လိုက်ရင်း ...

"ပြေးကြစို့ သူဇာရေ၊ ဟောဒီ မရဏပန်းမှော်ရုံ တောထဲက လွတ် မြောက်အောင် ပြေးကြစို့ရဲ့"

ဟုဆိုကာ နှစ်ဦးသား လျင်မြန် စွာဖြင့် ထိုနေရာမှ ပြေးထွက်လာခဲ့ကြပါ တော့သတည်း။

သုဝဏ်ခမ်း

REF: GHOST STORIES မှ MICHEL ELIS ၏ THE PLANT HUNTER ကို မိုးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတော်ကောင်းတရားလက်ကိုင်ထား

Rလောက

ဖြစ်ပြင်မှသူတော်စင်

စက်တင်ဘာလ ၊ ၂၀၁၆ ခုနှစ် ၊ ၁၉ နှစ်ပြည့်

၂၇၅

www.burmeseclassic.com

www.burmeseclassic.com

မြစ်ပြင်မှ သူတော်စင် Rလောက သိဟောင်းကျွမ်းဟောင်း လူငယ်တစ်ဦး ရောက်လာသည်။ သူနှင့် အတူ အသက်ငါးဆယ်ကျော် ပိန်ပိန်ပါးပါး မွန်မွန်ရည်ရည် လူတစ်ယောက်ပါ လာသည်။

"ဩော် . . . မောင်ချစ်ထွန်း ပါလား။ ညည့်သည်ကိုပါ ခေါ်ပါကွယ်။ ထိုင်ကြပါ ထိုင်ကြပါ။ လာရင်းကိစ္စ အကြောင်းထူးရှိရင် လာပြောပါ"

ကျွန်ုပ်အား မောင်ချစ်ထွန်းက ပြုံးရွှင်စွာဖြင့် . . .

"အကြောင်းထူးရယ် မဟုတ်ပါ ဘူးဆရာ။ ဆရာက လူတွေရဲ့ ကုသိုလ်၊ အကုသိုလ်၊ ထူးဆန်းတဲ့ အတွေ့အကြုံ တွေ ရေးသားနေတာ ဖတ်ရကြားရ လို့ပါ"

"မှန်ပါတယ် မောင်ချစ်ထွန်း"

"အဲဒီတော့ ကျွန်တော့် အဖေက သူအနန္တ မလွဲသာ မရှောင်သာ တံငါသည်ဘဝက ကြုံတွေ့ခဲ့ရတဲ့ ထူးထူးဆန်းဆန်း အဖြစ်တစ်ခုကို တင်ပြချင် တယ်ဆိုလို့ ခေါ်လာတာပါ"

ကျွန်ုပ်လည်း အားတက် သရော ဝမ်းမြောက်သွားကာ . . .

"ဩော် ဩော် ဒီလိုကိုး၊ ကျေးဇူးတင်လှပါတယ် ခင်ဗျာ"

"အဖေ့နာမည်က ဦးထွန်း မောင်ပါ ဆရာ"

"ဟုတ်ကဲ့ တွေ့ရတာ အထူး ဝမ်းသာလှပါတယ်။ ဦးထွန်းမောင်ရဲ့ ကြုံတောင့်ကြုံခဲ့ တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ် ဆန်းကလေးပေါ် အခြေခံပြီး သိကြားဖတ် ရှုရသူတွေ အသိတရား ဆင့်ပွားပေါ် ထွန်းလာမယ်ဆိုရင် အကျိုးကြီးမား ပါတယ် ခင်ဗျား။ အမိန့်ရှိပါ"

"ဟုတ်ပါတယ် ဆရာ ဒါကြောင့် ကျွန်တော်ကလည်း ဆရာတို့လို စာပေပြုစုနေတဲ့ ပုဂ္ဂိုလ်မျိုးကို ပြောပြချင်တာပါ"

ကျွန်ုပ်အား သိဟောင်း ကျွမ်းဟောင်း မောင်ချစ်ထွန်း၏ ဖခင်ဖြစ်သူ ဦးထွန်းမောင်က စိတ်ဝင်စားဖွယ် သတိတရားရဖွယ်ဖြစ်ရပ် အတွေ့အကြုံကို ပြောပြလေတော့၏။

×××

ကိုထွန်းမောင်သည် ၊အူပင် မြို့နယ်အတွင်းရှိ ကျွဲတုန်းရွာနှင့် ရွာနီးချုပ်စပ်ဖြစ်သော ကြက်သွန်ကျွန်း ကျေးရွာမှ ပန်းတိမ်သည်သမီး မကြည်နှင့် အကြောင်းဆက် ပေါင်းဖက်လေသည်။

ကိုထွန်းမောင်သည် အိမ်ထောင်သည်ဘဝသို့ ရောက်ရှိလာခဲ့သော်လည်း လယ်ယာကိုင်းကျွန်းလုပ်ကိုင်ရင်း ပင်ပန်းသလောက် အချိန်ကုန်သလောက် စီးပွားဥစ္စာကား မတိုးတက်ရှာပေ။

လင်မယားနှစ်ယောက်စလုံး အိမ်ထောင်တာဝန်ကို ထမ်းရင်းတစ်နေ့လုပ် တစ်နေ့စား ဘဝတွင်ရပ်တည် နေလေသည်။

ကြက်သွန်ကျွန်း ကျေးရွာသား အများစု လယ်ယာကိုင်းကျွန်း အလုပ်ကို ခရီးသွားဟန်လွဲ လုပ်ကြတာ တစ်ဖက် ရေမြေ သဘာဝအတိုင်း ငွေဝင်ကောင်း သည့် တံငါအလုပ်ကိုသာ အားပြုထု

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကြ၏။

ထို့ကြောင့် သူတို့၏ စားဝတ်နေရေးသည် တစ်နေ့ထက် တစ်နေ့ ပြေလည်ကြ၏။ သူတစ်ပါးအသက်ကို မသတ်ဖြတ်ရက်သော ကိုထွန်းမောင်တို့ ဇနီးမောင်နှံသာ ချို့တဲ့နေတော့၏။

ကိုထွန်းမောင်၏ဇနီး မကြည်ကလည်း ခင်ပွန်းသည်အား မြတ်မြတ်ကလေးရသော တံငါအလုပ်ကို လုပ်ကိုင်ဖို့ မတိုက်တွန်းရှာပေ။

သို့နှင့် အချိန်များစွာ ကုန်လွန်ခဲ့ကာမှ ဇနီးသည်တွင် သားကောင်းရတနာ ထွန်းကားမည့် အခြေသို့ ဆိုက်လာ၏။

ရင်သွေးငယ်ကလေး လူဘဝသို့ မရောက်မီ ချို့တဲ့ဆင်းရဲမှုဒဏ်ကို ဖြေသိမ့်နိုင်သော်လည်း မိမိတို့ မိဘနှစ်ပါး နှင့်အတူ ရင်သွေးငယ်အား မချို့တဲ့စေ လိုပေ။

ထို့ကြောင့် ငွေရလွယ်သည့် လူနေမှုတိုးတက်သည့် တံငါးလုပ်ငန်းကို လုပ်လျှင် စီးပွားရေး ဖြောင့်ဖြူးသည်ဟူသော အသိများဖြင့် ရပ်ရွာအလိုက် စရိုက်အတိုင်း ဆောင်ရွက်ကြရန် ဇနီးမောင်နှံတို့ ဆုံးဖြတ်လိုက် ရလေတော့သည်။

×××

လေတစ်စင်းနှင့် ပိုက်တစ်စုံ။

ကိုထွန်းမောင်သည် ပိုက်ချထွက်လေပြီ။

တခြားတခြားသော ရွာသားများ ဥတုသုံးလီရာသီမပြတ် အနည်းအများ ဝင်ငွေဖြောင့်ကြသည်။ ငါးများများ ရကြသည်။ သို့မဟုတ် အသင့်အတင့် လောက်ဟော့ ရကြသည်။

ကိုထွန်းမောင်မှာ ဟင်းစားလောက်ပဲရသည်။

ဥတုသုံးလီရာသီအလိုက် တိုးတက်မှုမရှိ၊ စားရုံးသာဖြစ်သဖြင့် စိတ်ပျက်စပြုလာပြီ၊ ရွာသူရွာသား ငယ်ပေါင်းကြီးဖော်များကလည်း အဖြစ်မရှိလေခြင်းဟုသာ လောင်ပြောသလောကြသည်။

ဇနီးသည် မကြည်ကမူ

"အကုသိုလ် အကျိုးဆက်နည်းတဲ့အတွက် ငါးများကိုယ်တိုင် ပိုက်ထဲမဝင်ဘဲ ရှောင်နေတာ ဖြစ်နိုင်ပါတယ်"

ရယ်ရွှင်ပက်ရွှန်း ပြောကြား၏။

တနေ့သောကာလတွင် ကိုထွန်းမောင်၏ လေပေါ်တွင် မကြည်ပါလာသည်။ ပူဆာလွန်းသဖြင့် လေပေါ်တင်ခဲ့ရ၏။

ရေထဲသို့ မြှုပ်ထားသော ပိုက်ကို ကာလတန်၍ ဆွဲတင်လိုက်သော အခါ မကြုံစဖူးသော ဖြစ်ရပ်တစ်ခုကြုံရ၏။ ပိုက်ထဲတွင် ငါးတန်ကဲ့သို့သော ငါးကြီးတစ်ကောင်။

အမှောင်နှင့် လရောင်ဆမ်းသဖြင့် မှန်ရိုးတိုးအချိန်။ လရောင်ဖြင့် အရောင်တဖျပ်ဖျပ် တောက်ပနေသော ငါးကြီးကို လှေဝမ်းထဲသို့ထည့် အုပ်ဆောင်းဖြင့် အုပ်လိုက်၏။

တအောင့်တွင် တခဏတွင်ပင် မြစ်ပြင်မှ တိုးဝှေ့တိုက်ခတ်လာသော လေအေးတစ်ချက်က ကိုထွန်းမောင်သည် တွေဝေငေးငိုင်နေ၏။ သူ့စိတ်အစဉ်တွင် ထိုငါးကြီးအား ရောင်းချပြီး

www.burmeseclassic.com

www.burmeseclassic.com

အဘိုးအခများစွာရလျှင် ရင်သွေးငယ်အတွက် ဝယ်စရာချမ်းစရာများကို စီစဉ်နေ၏။ ထိုအချိန်တွင်ပင် အိပ်စက်ငိုက်မျဉ်းချင်လာသဖြင့် သမ်းဝေလိုက်မိ၏။ အိပ်ငိုက်လာပြီ။

ငိုက်မျဉ်းခြင်းကို အမှီပြု၍ စိတ်အစဉ်တွင် အိပ်မက်တစ်ခုကို တွေထိခံစားရင်း ဆန်းကြယ်လှပေစွ။

ကိုထွန်းမောင် လှေပေါ်တွင် ယောဂီဝတ်နှင့် တဘက်ပေါင်းထားသော ယောဂီတစ်ဦး၊ ထိုယောဂီကြီးသည် စိပ်ပုတီးကို လွှယ်ထား၏။

"လူကလေး . . . ဘဘဟာ မအူပင်မြို့က ရွှေဘုန်းပွင့်စေတီတော်မြတ်ကို ဘုရားဖူးဖို့လာတာပါကွယ်။ မမျှော်လင့်ဘဲ လူကလေးရဲ့ ပိုက်မှာ တို့မိပြီး အဖမ်းခံရတာပါကွယ်။ မမျှော်လင့်ဘဲ လူကလေးရဲ့ ပိုက်မှာ တို့မိပြီး အဖမ်းခံရတာပါကွယ်၊ ဘုရားဖူးမို့ကိစ္စပြည့်ဝအောင် ဘဘကို ခဏလွှတ်ပေးစေချင်တယ်။ ဘုရားဖူးပြီးလို့ အပြန်မှာ လူကလေးရဲ့ ပိုက်ကွန်ထဲကို ဘဘပြန်ဝင်လာပါ့မယ်"

ကိုထွန်းမောင်သည် ငိုက်မျဉ်းနေစဉ်အတွင်း သူတော်စင်တစ်ဦး၏ ခန္ဓာကိုယ်ကို မျက်ဝါးထင်ထင် မတွေရတော့သော်လည်း ပြောသွားသော စကားအဓိပ္ပာယ်များကို မမေ့နိုင်ပေ။ သို့ရှိနေစဉ် ဇနီးသည်ရှိရာသို့ လှမ်းကြည့်လိုက်၏။ ဇနီးသည်မှာ မျက်စိကို စုံမှိတ်ကာ မတ်မတ်ထိုင်နေရာမှ ကျောဘက်သို့ ယိုင်ထိုးလျက် အိပ်ပျော်နေသလိုတွေရ၏။

ဇနီးသည်က ကိုယ်ကို ပြန်မတ်ရင်း . . .

"အို . . . ကိုထွန်းမောင် ကျွန်မ အိပ်မက်သလို ဖြစ်သွားမယ်"

"ဟုတ်လား အိပ်ပျော်သွားသလား"

"အိပ်ပျော်ဘာလည်းမဟုတ်ဘူး၊ ငိုက်မျဉ်းသွားလိုက်တာ၊ ကိုယ်ကို မနည်းထိန်းလိုက်ရတယ်၊ အိပ်မက်လိုလို ဘာလိုလိုနဲ့ . . ."

"ကဲ . . . ပြောစမ်း ပြောစမ်း၊ ဘာတွေများ အိပ်မက်လိုက်လို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ယောဂီဝတ်ဆင်မြန်းထားတဲ့ သူတော်စင်တစ်ဦးက ပုတီးစလွယ်သိုင်းကြီးနဲ့ ပေါ်လာတယ်။ သူဟစ မအူပင်မြို့က ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးကို ဖူးမျှော်ဖို့ ခရီးထွက်လာရင်း ပိုက်ထဲမှာ တိုးမိတာတဲ့"

"အလို"

ကိုထွန်းမောင်မှာ တိုက်ဆိုင်လွန်းလှသော အဖြစ်နှစ်ခုကြောင့်များစွာ အံ့သြသွားလေသည်။

"ပြီးတော့ကော . . ."

"တကယ်လို့ ဖမ်းချင်တဲ့ ဆန္ဒရှိရင်လည်း ဘုရားဖူးပြီးလို့ အပြန်မှာ ဒီပိုက်ထဲကိုပဲ ပြန်ဝင်လာမယ်ဆိုပဲ၊ ထူးဆန်းလိုက်တာ"

"ဟုတ်ပါရဲ့ကွာ ငါလည်းမေ့ခနဲ ဖြစ်သွားပြီး မင်းနဲ့တစ်ထပ် တည်းတူတဲ့ အိပ်မက်ကို မက်ခဲ့တယ် မကြည်ရဲ့"

"အို . . . ဟုတ်ရဲ့လား"

သူများအသက် သတ်ရန် အလွန်ဝန်လေးလှသော ကိုထွန်းမောင်နှင့် မကြည်တို့ကား ရရှိသော ငါးကြီးနှင့် ဆက်စပ်လျှက်ရှိသော အဖြစ်သနစစုံ

www.burmeseclassic.com

www.burmeseclassic.com

တို့မှာ ဆန်းကြယ်လှသဖြင့် ငါးကြီးကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ကြ လေတော့သည်။

ကိုထွန်းမောင်သည် ငါးကြီးအား လွှတ်ရန်အတွက် အုပ်ဆိုင်းထားသော အုပ်ဆောင်းကို ဖွင့်လှစ်လိုက် ၏။

"ဒီအဖြစ်မျိုးဟာ တော်တော်ကို ထူးဆန်းနေတယ်။ ဒါကြောင့် တစ်ခုခုတော့ အမှတ်အသားလုပ်ရလိမ့်မယ်"

ကိုထွန်းမောင်က လှေဝမ်းထဲပါလာသော ဆောင်းရာဥကို ဆွဲယူလိုက်သည်။ ဇနီးသည်က သတ်ဖြတ်မည်ကို စိုးရိမ်လိုက်လေ၏။ တားမြစ်၏။

"မသတ်ပါဘူးကွာ။ ဘုရားဖူးကပြန်လာရင် တို့ပိုက်ထဲကို ဒီငါးကြီးပြန်မိတာ ဟုတ်၊ မဟုတ် သိရအောင် အမှတ်အသားလုပ်မလို့ပါ"

"အင်း ... ဒါဆို တော်သေးတာပေါ့"

ကိုထွန်းမောင်သည် ငါးကြီး၏ အခြံကို လှေနံပေါ်တင်၍ ထက်လှသော ဓားဖြင့် ခိုင်းလိုက်လေ၏။ ငါး၏ အမြီးမှာ အဝိုင်းကြီးဖြစ်နေတော့သည်။

"ကဲ ... ဘုရားဖူးသွားပေတော့ သူတော်စင်ငါးကြီးရေ"

"သွားပေတော့ အဘရေ"

ရေထဲသို့ချလိုက်သောအခါ မကြာမီ ငါးကြီးမှာ ပျောက်ကွယ်သွားလေတော့၏။ ကိုထွန်းမောင်တို့ဇနီးမောင်နှံမှာ လှေဝမ်းဗလာဖြင့် ရွာသို့ လှော်ခတ်ပြန်လာကြလေ၏။

×××

နေ့စဉ်နေ့တိုင်း ငါးဖမ်းထွက်၏။ နေ့စဉ်နေ့တိုင်း ဟင်းစားလောက်နှင့်သာ ပြန်လာခဲ့ရ၏။

ရက်သတ္တတစ်ပတ်ခန့်ကြာသောနေ့၌ ရေထဲသို့ချထားသောပိုက်ကို ဆွဲဖော်လိုက်ရာ အလွန်လေးလံနေ၏။

လင်မယားနှစ်ယောက်စလုံး ပင် လှော်ပေါ်သို့ ဆွဲတင်ကြ၏။ တဖြည်းဖြည်း လှေအပေါ်သို့ရောက်လာသော အခါ ဇနီးမောင်နှံတို့မှာ ပို၍အံ့သြသွားကြလေသည်။

"အင်း ... မိန်းမရေ၊ ဒါဟာ ငါတို့လွှတ်လိုက်တဲ့ ငါးကြီးပဲဟေ့"

"ဟုတ်တယ် အမြီးဝိုင်းကြီးနဲ့ ကိုထွန်းမောင်ရေ"

"အေးကွာ ... သူတော်စင်တွေဟာ သစ္စာကတိတည်တဲ့နေရာမှာ သာမန်ပုထုဇဉ်တွေနဲ့ မတူပါဘူး"

"လွှတ်လိုက်ပါတော့ရှင်"

"အေး ... မယူချင်ပါဘူး။ လွှတ်ပေးလိုက်ပါ့မယ်"

"ကဲ ... အဘရေ၊ သွားလိုရာသာ သွားပေတော့"

"ကျွန်တော်တို့ရဲ့အများအပြားမျိုးကိုလည်း ခွင့်လွှတ်ပါ အဘ"

ပိုက်တွင်းမှငါးကြီးအား လွှတ်မြောက်ရာသို့ လွှတ်ပေးလိုက်လေသည်။ ငါးကြီးပျောက်ကွယ်သွားသောအခါ ဇနီးမောင်နှံစဉ်ယောက်လည်း လုပ်ငန်းသိမ်း၍ ရွာဆီသို့သာ ပြန်လာခဲ့ကြလေတော့သည်။

×××

ရပ်ရွာဒေသအလျောက် သဘာဝတရားအရ လုပ်ကိုင်စားသောက်ရသော မိရိုးဖလာ တံငါအလုပ်ကို မစွန့်လွှတ်နိုင်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com

သို့အတွက် ကိုထွန်းမောင်တို့ ဇနီးမောင်နှံသည် ငါးရှာဖွေရန် လှေ တစ်စင်းဖြင့် ထွက်ကြရ၏။

အနည်းအကျဉ်းသော ငါးများ သာ ရ၏။ ထိုအခါတွင်လည်း အကျိုး မထူးတော့ဟုယူဆကာ မသတ်ဖြတ်ဘဲ ရေထဲသို့ ပြန်လွှတ်လိုက်ကြတော့၏။

ညဉ့်ပေါင်းများစွာ ကျော်လွန် လာ၏။

တစ်ညကာလတွင်...

ဇနီးမောင်နှံနှစ်ယောက်စလုံး သူတော်စင်ယောဂီကြီးအား အိပ်မက် ပြန်မက်ကြ၏။

အိပ်မက်ထဲတွင် အရပ်တစ်ပါး သို့ ပြောင်းရွှေ့နေထိုင်ကြပါတော့ဟူ၍ အမူအရာဖြင့် ပြလေသည်။ ဤလုပ်ငန်း ကိုလည်း လုံးဝစွန့်လွှတ်ပစ်ရန်လည်း ပြော၏။

ကိုထွန်းမောင်တို့ဇနီးမောင်နှံ သည် တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့စွန့် ခွာရန် လုံးဝအခြေအနေ မရှိပေ။ စိတ် ကူးပင် မထည့်နိုင်ပေ။ နောက်တစ်နေ့ တွင် နှစ်ပေါင်းများစွာ ကွဲကွာနေသော ဆွေမျိုးများ ရောက်လာကြ၏။ ထိုဆွေမျိုး များက တမ်းတမ်းတတ ခုံခုံမင်မင်ဖြင့် ရန်ကုန်သို့လိုက်ပါရန် ခေါ်ဆောင်၍သွား ကြလေသည်။

ကိုထွန်းမောင်တို့ဇနီးမောင်နှံ သည် ထူးဆန်းသောအိပ်မက်နှင့် ထူး ဆန်းတိုက်ဆိုင်သော အဖြစ်အပျက်များ ကို တွေးတောအံ့သြ၍ ရန်ကုန်သို့ လိုက်ပါသွားကြလေသည်။

တောရွာတွင်ကြီးပြင်းပြီး တောသဘာဝစရိုက်အညီ ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ရပ်တည်နေ ထိုင်ခဲ့ကြသော လူသားများအဖို့ ဆွေမျိုး များက ထောက်ပံ့ကူညီကြသော်လည်း မပျော်နိုင်ပါ။

တစ်ဆင့်တက်၍ ရန်ကုန်မြို့ တွင် ရပ်တည်နိုင်ရန် စီးပွားရေးလုပ်ငန်း တစ်ခု လုပ်ချင်ကြသည်။ ဆန္ဒလည်း ပြင်းပြနေသည်။

မကြာမီ ထီသိန်းဆုကြီးပေါက် ၍ သိမ်ကြီးဈေးတွင် ဆိုင်ခန်းတစ်ခု ဝယ်ယူကာ မော်လမြိုင်ကျွန်းမြို့ ထွက် ကုန်များကို စတင်၍ရောင်းချနေထိုင် ကြလေ၏။

ရန်ကုန်မြို့တွင် နှစ်ကာလ ကြာရှည်စွာ နေထိုင်ကြသော်လည်း တောမှာနေစဉ်က မမျှော်လင့် မထင် မှတ်ဘဲ တွေ့သိရသော အိပ်မက်ထဲမှ သူတော်စင်ကြီးကို သတိရနေမိ၏။

ကိုထွန်းမောင် ကားတိုက်မှု မဖြစ်မီညတွင် တစ်ကြိမ်၊ ရပ်ကွက် မီး မလောင်မီညတွင် တစ်ကြိမ်၊ လူလိမ် မခံရမီညတွင် တစ်ကြိမ် အိပ်မက်များ မက်ခဲ့၏။

အကောင်းမှ အဆိုး၊ အဆိုးမှ အကောင်း ဘဝတစ်ဆစ်ချိုး အပြောင်း အလဲများကြုံဆုံ၍ မတင်မကျ စိတ်နှစ်ခွ ဖြင့် ပူပန်လောင်မြိုက်နေသောကာလ တွင် သူတော်စင်ကြီးကို အိပ်မက် မက် ၏။

သူတော်စင်ကြီး၏ အိပ်မက် နိမိတ်ဖြင့် အဖြေမှန်ကိုရ၏။ ရသည့် အဖြေအတိုင်းလည်း တိုးတက်ပြောင်း လဲလေရာ ...

"အင်း... ကိုထွန်းမောင်တို့ အဖြစ်က ဆန်းပါပေ့ဗျာ"

ဟု ကျွန်ုပ်ကိုယ်တိုင် ရေရွှတ် မိလိုက်ရတော့၏။

Rထောက

www.burmeseclassic.com